မုံရွာမြို့

ဖိုးဝန်းတောင်၌ သီတင်း သီလ

သမထ ဝိပဿနာ ဘာဝနာ ယောဂီသူမွန်

ပညဝန် ပဏ္ဍိတ ပရိယတ္တိပဋိဘာန ပရိပုစ္ဆာပဋိဘာန

အဓိဂမပဋိဘာန ပညာနှင့်ပြည့်စုံသော

ဝိပဿနာဓမ္မကထိက

**ဆရာကြီး-ဦးညွန့်**

စီရင် ရေးသား အပ်သော

# ပညာနေတ္တိဝိပဿနာ

## ကျမ်း၏အဖွင့်

## ——ပဋိစ္စသမုပ္ပါဒကျမ်း——

၁၃၂၀-ပြည့်နှစ်၊ သီတင်းကျွတ်လအတွင်း ဒုတိယအကြိမ်
စက်တင်ပုံနှိပ် ပြီးစီးလေသည်။

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၈

၆၄.

မုံရွာမြို့

ဖိုးဝန်းတောင်၌ သီတင်း သီလ

သမထ ဝိပဿနာ ဘာဝနာ ယောဂီသူမွန်

ပညဝန် ပဏ္ဍိတ ပရိယတ္တိပဋိဘာန ပရိပုစ္ဆာပဋိဘာန

အဓိဂမပဋိဘာန ပညာနှင့်ပြည့်စုံသော

ဝိပဿနာဓမ္မကထိက

## ဆရာကြီး-ဦးညွန့်

စီရင် ရေးသား အပ်သော

# ပညာနေတ္တိဝိပဿနာ

## ကျမ်း၏အဖွင့်

# ပဋိစ္စသမုပ္ပါဒကျမ်း

၁၃၂၀-ပြည့်နှစ်၊ သီတင်းကျွတ်လအတွင်း ဒုတိယအကြိမ်

စက်တင်ပုံနှိပ် ပြီးစီးလေသည်။

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

မြန်မာနိုင်ငံတော်
ကောင်းတုံ တရုပ်ကပြားများ
အသင်း ကောင်းမှု
(စာအုပ်ရေ-၁၀၀၀)



ဝိပဿနာ ဓမ္မကထိက

ကျမ်းပြု-ဆရာကြီး-ဦးညွန့်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပဏာမ,ပဋိညာဉ် | .... | ၁ |
| ၂။ | ဘွဲ့တော် ၈-ပါး | .... | ၅ |
| ၃။ | ဘာဝနာအစီအရင်ကိုပြဆိုခြင်း | .... | ၈ |
| ၄။ | သုဂတောဂုဏ်တော်ပွါးများနည်း | .... | ၁၀ |
| ၅။ | သခ်ါရ ၂-ပါးကိုပြဆိုခြင်း | .... | ၁၃ |
| ၆။ | နည်း ၄-ပါးကိုပြဆိုခြင်း | .... | ၁၄ |
| ၇။ | လမ်းခွဲကိုပြဆိုခြင်း | .... | ၂၁ |
| ၈။ | ဥပါဒါနက္ခန္ဓာငါးပါး၏ဖြစ်ကြောင်း | .... | ၂၄ |
| ၉။ | နိရုတ္တိပထ-သဒ္ဒါအကြောင်း | .... | ၂၉ |
| ၁၀။ | အာစယဂါမိ,အပစယဂါမိလမ်း | .... | ၃၉ |
| ၁၁။ | ပဋိစ္စသမုပ္ပါဒ်အင်္ဂါစသည်ကို ပြဆိုခြင်း | .... | ၄၀ |
| ၁၂။ | မရဏ ၂-မျိုးကိုပြဆိုခြင်း | .... | ၄၃ |
| ၁၃။ | ဌိတ တရားကိုပြဆိုခြင်း | .... | ၄၄ |
| ၁၄။ | ပစ္စယပရိဂ္ဂဟဓမ္မဋ္ဌိတိဉာဏ်ကိုပြဆိုခြင်း | .... | ၄၆ |
| ၁၅။ | အဝိဇ္ဇာ,တဏှာအခွဲ | .... | ၄၈ |
| ၁၆။ | သခ်ါရအခွဲ | .... | ၄၉ |
| ၁၇။ | ဝိညာဏ်အခွဲ | .... | ၅၀ |
| ၁၈။ | နာမရူပအခွဲ | .... | ၅၁ |
| ၁၉။ | သဠာယတနအခွဲ | .... | ၅၂ |
| ၂၀။ | ဖဿအခွဲ | .... | ၅၃ |
| ၂၁။ | ဝေဒနာအခွဲ | .... | ၅၃ |
| ၂၂။ | တဏှာအခွဲ | .... | ၅၄ |
| ၂၃။ | ဥပါဒါနအခွဲ | .... | ၅၅ |
| ၂၄။ | ဘဝအခွဲ | .... | ၅၆ |
| ၂၅။ | ဇာတိ ဇရာ မရဏအခွဲ | .... | ၅၇ |
| ၂၆။ | ပဋိစ္စသမုပ္ပန္နလက္ခဏာကိုပြဆိုခြင်း | .... | ၅၈ |
| ၂၇။ | သဠာယတန ပဋိစ္စသမုပ္ပါဒစက် | .... | ၅၉ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၈။ | ပဋိစ္စသမုပ္ပါဒ် နိဿရဏသံသရာ | .... | ၆၁ |
| ၂၉။ | သဥပါဒိသေသ နိဿရဏနိဗ္ဗာန် | .... | ၆၃ |
| ၃၀။ | နိဿရဏသံသရာ၌ နိဗ္ဗာန်ရှိကြောင်း | .... | ၆၄ |
| ၃၁။ | သပ္ပုရိသပုဂ္ဂိုလ်ပုညာဘိသင်္ခါရပြုခြင်း | .... | ၆၈ |
| ၃၂။ | ဣန္ဒြိယဘာဝနာကိုပြဆိုခြင်း | .... | ၇၀ |
| ၃၃။ | ဇာတိ,ဇရာ,ဗျာဓိ,မရဏကို ပြဆိုခြင်း | .... | ၇၉ |
| ၃၄။ | ခန္ဓာ,အာယတန,ဓာတ်တို့ကို ခွဲခြား၍ပြဆိုခြင်း | .... | ၈၇ |
| ၃၅။ | သပ္ပုရိသဒါနကို ပြဆိုခြင်း | .... | ၈၈ |
| ၃၆။ | သပ္ပုရိသဘုံသို့နှင်းမိပုံကို ပြဆိုခြင်း | .... | ၉၀ |
| ၃၇။ | ဇာတိ,ဇရာ,မရဏ ၂-ပါးစီရှိခြင်း | .... | ၉၃ |
| ၃၈။ | တရားတို့ကို ဒွယအားဖြင့်ဟောကြားခြင်း | .... | ၉၈ |
| ၃၉။ | သတိပဋ္ဌာန်ရှုမြင်ပုံကိုပြဆိုခြင်း | .... | ၁၀၀ |
| ၄၀။ | နောမမ္မဝိဟာရီဖြစ်ပုံကိုပြဆိုခြင်း | .... | ၁၀၆ |
| ၄၁။ | လေးပါးသော ရုပ်ကိုပြဆိုခြင်း | .... | ၁၀၇ |
| ၄၂။ | ဒါန,သီလ,နိက္ခမပါရမီကိုပြဆိုခြင်း | .... | ၁၁၃ |
| ၄၃။ | ဘာဝေတဗ္ဗတရားကို ပြဆိုခြင်း | .... | ၁၁၇ |
| ၄၄။ | နိဗ္ဗာန်အမျိုးမျိုးကို ပြဆိုခြင်း | .... | ၁၂၁ |
| ၄၅။ | နိဗ္ဗာန်သို့သွားရာ၌ သဒ္ဓါတရားအရင်းခံပုံ | .... | ၁၂၈ |
| ၄၆။ | ဝိညာဏ်အကြောင်းကို ပြဆိုခြင်း | .... | ၁၃၆ |
| ၄၇။ | ဝိညာဏဋ္ဌိတိ ၇-ပါးကို ပြဆိုခြင်း | .... | ၁၄၄ |
| ၄၈။ | ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန်ကိုပြဆိုခြင်း | .... | ၁၄၆ |
| ၄၉။ | ဝိညာဏ်ကို တွေ့အောင်ရှာသင့်ပုံကို ပြဆိုခြင်း | .... | ၁၅၂ |
| ၅၀။ | ဝိညာဏ်ဒွယဖြစ်ပုံကို ပြဆိုခြင်း | .... | ၁၅၅ |
| ၅၁။ | ရှင်ဥပတိဿ၏ နိဗ္ဗာန်သွားလမ်းစဉ် | .... | ၁၆၅ |
| ၅၂။ | ဝိထိကျပုံကိုပြဆိုခြင်း | .... | ၁၇၀ |
| ၅၃။ | ဝိညာဏ်သုံးပါး၌ မိစ္ဆာဒိဋ္ဌိဖြစ်ပုံ | .... | ၁၇၇ |
| ၅၄။ | ဘုရား,ရဟန္တာတို့၏ ဝိညာဏ်နိဗ္ဗာန်အမြဲရှိပုံ | .... | ၁၈၁ |
| ၅၅။ | ဝိညာဏ်ကိုမယူတတ်၍ မိစ္ဆာဒိဋ္ဌိဖြစ်ပုံ | .... | ၁၈၅ |
| ၅၆။ | ဒိဋ္ဌိကြီး ၃-ပါးကိုပြဆိုခြင်း | .... | ၁၈၈ |
| ၅၇။ | အဘာဗ္ဗစသောပုဂ္ဂိုလ် ၄-ဦးကိုပြဆိုခြင်း | .... | ၁၉၀ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၈။ | ဉာဏ်လေးပါးကိုပြဆိုခြင်း | .... | ၁၉၇ |
| ၅၉။ | သစ္စာလေးပါးကိုအနုစိတ်၍ပြဆိုခြင်း | .... | ၁၉၉ |
| ၆၀။ | ကျမ်းပြီးနိဂုံး | .... | ၂၀၇ |

---

## အမှီပြုကျမ်းများ

ဤယခု "ပညာနေတ္တိဝိပဿနာကျမ်း"၏ အဖွင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒ မည်သောကျမ်း၌ အာဂမ-သာဓက အဖြစ်ဖြင့်ပြဆိုအပ်သော ပါဠိ, အဋ္ဌကထာ, ဋီကာဟူသော ၂၅-ကျမ်းတို့ကို အမှီတံကဲ-သဟဲပြု၍ ရေးသော ကျမ်းဖြစ်ပါသည်၊ ထို ၂၅-ပါးသောကျမ်းတို့၏ အမည်သည် အောက်ပါ အတိုင်း ဖြစ်ပါသည်။

၁။ ပဋ္ဌာန်းပါဠိတော်,
၂။ ဓမ္မသင်္ဂဏီပါဠိတော်,
၃။ ဝိဘင်းပါဠိတော်,
၄။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်,
၅။ မဟာနိဒ္ဒေသပါဠိတော်,
၆။ စူဠနိဒ္ဒေသပါဠိတော်,
၇။ စတုက္ကင်္ဂုတ္တရပါဠိတော်,
၈။ သုတ္တနိပါတ်ပါဠိတော်,
၉။ ဓမ္မပဒပါဠိတော်,
၁၀။ မူလပဏ္ဏာသပါဠိတော်,
၁၁။ ဥပရိပဏ္ဏာသပါဠိတော်,
၁၂။ စူဠဝါပါဠိတော်,
၁၃။ ဝိနည်းမဟာဝါပါဠိတော်,
၁၄။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်,
၁၅။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်,
၁၆။ ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော်,

## အနိုပြုကျမ်းများ

၁၇။ သဥ္စာယတနဝဂ္ဂသံယုတ်ပါဠိတော်,
၁၈။ သုတ်သီလက္ခန်ပါဠိတော်,
၁၉။ သမ္မောဟဝိနောဒနီအဋ္ဌကထာ,
၂၀။ မူလပဏ္ဏာသအဋ္ဌကထာ,
၂၁။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ,
၂၂။ သမ္မောဟဝိနောဒနီဋီကာ,
၂၃။ မူလပဏ္ဏာသဋီကာ,
၂၄။ ရူပသိဒ္ဓိနိရုတ္တိဋီကာ,
၂၅။ ဇိနာလင်္ကာရဋီကာ— ပေါင်း ၂၅-ကျမ်း။

# ပညာနေတ္တိဝိပဿနာကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ ပဏာမ,ပဋိညာဉ်

၁။ ရုမ္ဗုဋ္ဌုံ·မ္ဗုဋ္ဌ-နုမ္ဗုဋ္ဌံ၊ ပုထုပ္ပုထုဇ္ဇနံ တိက္ကံ။
သိရိံ ဓိတိံ အစိန္တေယျံ၊ ဂုရုံ နရိန္ဒ·မရိန္ဒာနံ။

[ဝတ္တဂါထာ။]

၂။ ပညာနေတ္တိံ မုနိံ နတွာ၊ ဓမ္မံ ဉာဏ ဝိပဿနံ။
သံဃံ ဂဏံပိ ဘာသိဿံ၊ ပညာနေတ္တိယ ဝဏ္ဏနံ။

[ပထျာဝတ္တဂါထာ။]

၃။ နုမ္ဗုဋ္ဌုံ·မ္ဗုဋ္ဌ သာဂရေ၊ ကုမ္ဘီလံဝ တိပေဋကေ။
မယံ ဂုရုဋ္ဌ ဝန္ဒိယ၊ ကဿံ ဇမဿ ဝဏ္ဏနံ။

[ဝတ္တဂါထာ။]

၄။ ဂဏာစရိယပါမောက္ခံ၊ ပိဋကတ္တယဓာရိနံ။
နိရုတ္တိနယကောသလ္လံ၊ ဝိနယဓရဆေကတ္တံ။

[ဝတ္တဂါထာ။]

၅။ သီလာစာရ သမာပန္နံ၊ လဇ္ဇိပေသလပါကဋံ။
ဘဒ္ဒန္တပုည မာစေရံ၊ ဝ္ကမိ ဝန္ဒိယ ဘာသိဿံ။
[ဝဏ္ဏဂါထာ။]

၆။ ပုံ ဝုစ္စတိ ပရိသုဒ္ဓံ၊ ညံ ဝ္ကတိ တောသနံ သီလံ။
တေန ဥပေတ မာစေရံ၊ နမဿေယျံ ဝဿသတံ။
[သကာရဝိပုလာဂါထာ။]

၇။ ပါပေတုံ နိဃ နိဗ္ဗာနံ၊ သဝနတ္တာယ သန္တာနံ။
ယထာဉာဏသာမတ္ထိယံ၊ အာဟဉ္ဆံ ဓမ္မဒုန္ဒုဘိံ။
[တကာရဝိပုလာဂါထာ။]

တိဏ္ဏော သော ဘဂဝါ တရဏာတ္တာယ ဓမ္မံ ဒေသေတိ၊ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနတ္တာယ ဓမ္မံ ဒေသေတိ၊ သန္တော သော ဘဂဝါ။ သမထာယ ဓမ္မံ ဒေသေတိ၊ ဒန္တော သော ဘဂဝါ ဒမ္မတ္တာယ ဓမ္မံ ဒေသေတိ။
[မူလပဏ္ဏာသပါဠိတော်။]

၁-၂။ အဟံ၊ အကျွန်ုပ်သည်။ ရုမ္မဋ္ဌ၊ ံမ္မဋ္ဌ-နမ္မဋ္ဌံ၊ သံသရာဝဲ ဩဃထဲ၌ တဝဲလည်လည် အတည်မကျ ဒုက္ခပြင်းစွာ မျောခါပေါ်ခါ နစ်မြုပ်ခါနှင့် အမြဲသာနေရသော။ ပုထု၊ အနန္တသတ္တဝါ များလှစွာသော။ ပုထုဇ္ဇနံ၊ သပ္ပုရိသနယ်မြေသို့ ကူးမြောက်လိုသော ပုထုဇဉ်ပုဂ္ဂိုလ်အပေါင်းကို။ တိဏ္ဏံ၊ ပို့ဆောင်ကယ်တင်၍ ကူးမြောက်စေတော်မူထသော။ သိရိံ၊ ဘုန်းတော် ခြောက်စုံ ကြက်သရေဂုဏ်နှင့်လည်း ပြည့်စုံတော်မူထသော။ ဓိတိံ၊ မေရု ဗဟို တောင်မြင့်မိုရ်သို့ မယိုမယိုင် ခိုင်ခိုင်ခံ့ခံ့ တည်တံ့သော သမာဓိလည်းရှိ တော်မူထသော။ အစိန္တေယျံ၊ ဗြဟ္မာ,နတ်, လူ သုံးဘုံသူတို့ ဉာဏ်ဟူသမျှ ကြံ ယူဆလည်း အနန္တမို့ ကြံမရသဖြင့် မြေမဟိန္ဒ ချိန်မကအောင် အစိန္တေယျ ဂုဏ်တော်နှင့်လည်း ပြည့်စုံထသော။ နရိန္ဒ အမရိန္ဒာနံ၊ မကိုဋ်ဝပ်စင်း သုံးဘုံ တွင်း၌ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏။ ဂုရုဥ္ဆ၊ ကျောက်ထီးတန်၊ အလေး ပြုအပ်သော ဆရာမြတ်သခင် ဘုရားရှင်လည်းဖြစ်ထသော။ ပညာနေတ္တိံ၊ သဗ္ဗညုတ ဉာဏ်အနန္တ သာဂရဖြင့် ပဋ္ဌာနနယ အနန္တနည်းအပေါင်းကို လည်း ကောင်းစွာသိမြင်တော်မူထသော။ မုနိံ စ၊ ဗြဟ္မာတွေရောင် သောင်း ထောင်မက ပြိုင်မရ၍ အနန္တဂုဏ် ဉာဏ်ရောင်ဟုန်နှင့်ပြည့်စုံတော်မူထသော မြတ်စွာဘုရားကိုလည်း။ နတွာ-နမာမိ၊ ဓိပတိဇော ဝိမံသောဖြင့် ကာယော,

ဝစီ မနောချိ၍ သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ဂါရဝညွတ်ကျိုး ဦးနှိမ်မိုး၍ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ဝိပဿနံ၊ ဓာတွာယတန ငါးဝခန္ဓာ လေးသစ္စာကို ဉာဏာစရိယ ဒဿနဖြင့် ပဌမဦးစွာ ရှုမြင်ရာအထူး ဝိပဿနာ ဉာဏ်လျှင် အဦးဖြစ်ထသော။ ဉာဏံ၊ ဖြဟ္မာ, ဇာနေ့, ရဝိန်နေသို့ ရှိန်ဝေ တောက်သည့် သမ္မာဒိဋ္ဌိဉာဏ်၏သိမြင်ရာလည်းဖြစ်ထသော။ ဓမ္မဉ္စ၊မဂ်လေး တန်, ဖိုလ်လေးတန်,နိဗ္ဗာန်,ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသော တရား တော်မြတ်ကိုလည်း။ နတွာ-နမာမိ၊ရှိခိုးပါ၏။နတွာ၊ရှိခိုးပြီး၍။ဂဏံ၊မဂ္ဂဋ္ဌာန် လေးယောက်, ဖလဋ္ဌာန် ခလေးယောက်ဟု ဆိုအပ်သော ရှစ်ယောက် အပေါင်းဖြစ်သော။သံဃံပိ၊ သံဃာတော်မြတ်ကိုလည်း။နတွာ-နမာမိ၊ရှိခိုး ပါ၏။ နတွာ၊ ရှိခိုးပြီး၍။ ပညာနေတ္တိယာ၊ပညာနေတ္တိဝိပဿနာမည်သော ကျမ်း၏။ ဝဏ္ဏနံ၊ အဖွင့်ဖြစ်သောကျမ်းကို။ဘာသိဿံ၊ ဆိုပေအံ့။

၃။ သာဂရေ၊ ပြန့်ပြောကြီးကျယ် မြစ်ပင်လယ်၌။ နမ္မုဇ္ဇ ဥမ္မုဇ္ဇံ၊ပေါ်ခါ ငုတ်ခါ ကူးသန်းခါနှင့် ရေမှာပျော်ပါး၍ နေခြင်းငှာစွမ်းနိုင်သော။ ကုမ္ဘီလံ ဇဝ၊ ရေမှာပျော်လျှင်း မိကျောင်းမင်းကဲ့သို့။ တိပေဋကေ၊ သုတ်,ဝိနည်း, အဘိဓမ္မာဟု ဆိုအပ်သော သုံးဖြာသောပိဋကတ်၌။ နမ္မုဇ္ဇ-ဥမ္မုဇ္ဇံ၊ ပြန်ခါ လှန်ခါ ဉာဏ်ဝေဖြာ၍ ခါခါမွေနှောက် ထက်အောက်ပြန်လှန် အဖန်ဖန်ဖြင့် သင်အံပြသ ပို့ချခြင်းငှာစွမ်းနိုင်သော။ မယှံ၊ အကျွန်ုပ်၏။ ဂုရုဋ္ဌ၊ ကျောက် ထီးတန္တု၊ အလေးဂရု အမြတ်ပြုအပ်သော သက်တော် ၈၄-နှစ်, ဝါတော် ၆၅-ဝါရှိတော်မူသော "ဦးပုညာဘိဓဇ" အမည်ရှိသော ဂိုဏ်းအုပ် ဆရာ တော်မြတ်ဘုရားကိုလည်း။ ဝန္ဒိယ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိယ၊ရှိခိုးပြီး၍။ ဇမသာ ဂန္ထဿ၊ ဤပညာနေတ္တိ ဝိပဿနာမည်သောကျမ်း၏။ ဝဏ္ဏနံ၊ အကျယ်တဝင့် မိပ္ပါယ်ဆင့်၍ အဖွင့်ဖြစ်သောကျမ်းကို။ ကဿံ-ကရိဿာမိ၊ ပြုစီရင်ပေအံ့။

၄-၅။ ဂဏာစရိယပါမောက္ခံ၊ ဂိုဏ်းသံဃာ၏ အကြီးအမှူး ဂိုဏ်းအုပ် ဆရာတော်လည်း ဖြစ်ထသော၊ ပိဋကတ္တယဓာရေန္တံ၊ ပိဋကတ်သုံးပုံ ကျမ်းပေါင်းစုံကို နှုတ်ငုံရွရွ အာဂမဖြင့် ဆောင်စွမ်းနိုင်ထသော။ နိရုတ္တိ နယကောသလ္လံ၊ ဘုရားရွှေနှုတ် မုက္ခပါဌ်ကို ပုဒ်ပါဌ်မြင်သိ နိရုတ္တိနည်း သဒ္ဒါကြီး၌လည်း အလွန်ကျွမ်းကျင် သိမြင်တော်မူထသော။ ဝိနယဓရ ဆေကတ္တံ၊ ဝိနည်းအရာ လွန်လိမ်မာသဖြင့် ဝိနယဓရ နာမဲ့ဘွဲ့ဆို ဝိနည်းဓိုရ် ပုဂ္ဂိုလ်လည်းဖြစ်ထသော။ သီလာစာရသမာပန္နံ၊ စတုပါရိသုဒ္ဓိလေးပါးနှင့်

လည်းပြည့်စုံထသော။ လဇ္ဇီပေသလပါကဋံ၊ သီလကိုချစ်သော လဇ္ဇီပေသလ ပုဂ္ဂိုလ်အပေါင်းတို့တွင် အလွန်ထင်ရှားသော လဇ္ဇီပေသလလည်းဖြစ်တော်မူထသော။ ဘဒ္ဒန္တပုညံ၊ အရှင်ပုညာဘိဓဇအမည်ရှိသော။ အာစေရံ၊ ဆရာတော်မြတ်ကို။ ဝန္ဒိ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိယ၊ ရှိခိုးပြီး၍။ ဣမံ ဂန္ထံ၊ဤပဉ္စာနေတ္တိဝိပဿနာကျမ်း၏ အဖွင့်ဖြစ်သောကျမ်းကို။ ဘာသိဿံ-ဘာသိဿာမိ၊ ဟောဆိုပေအံ့။

၆။ ပရိသုဒ္ဓံ၊ စတုပါရိသုဒ္ဓိသီလ၏ ဖြူစင်ခြင်းအနက်ကို ဟောသော သဒ္ဒါကို။ ပုံ၊ပု-အက္ခရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သီလံ၊သီလကို။ တောသနံ၊ နှစ်သက်မြတ်နိုးခြင်းအနက်ကိုဟောသောသဒ္ဒါကို။ညံဉ္စတိ၊ည-အက္ခရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တေန၊ထိုဆိုအပ်ခဲ့ပြီးသော ဂုဏ်နှစ်ပါးကိုဟောသော ပု-သဒ္ဒါ,ည-သဒ္ဒါနှင့်။ ဥပေတံ၊ပြည့်စုံသော။ အာစေရံ၊ ဆရာတော်မြတ်ဘုရားကို၊ ပဿသတံ၊ကိုးဆယ့်ခြောက်ဖြာ ဝေဒနာရှင်း ဘေးရန်ကင်းသဖြင့် အနှစ်တရာကာလပတ်လုံး။ နမဿေယျံ၊ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးရပါလို၏။

၇။ သန္တာနံ၊ သဒ္ဓါနုသာရီ, ဓမ္မာနုသာရီမည်သော သပ္ပုရိသသူတော်ကောင်းတို့အား။ အနီဃံ၊အို,နာ,သေရေး ဘေးရန်ခပင်း ဆင်းရဲခြင်းဒုက္ခမှ ကင်းဝေးရာဖြစ်သော။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ သဝနတ္ထာယ၊ တရားတော်ကိုကြားနာရခြင်း၏ အကျိုးကြောင့်။ ပါပေတုံ၊ ရောက်စေခြင်းအကျိုးငှာ။ ယထာဉာဏာသာမတ္ထိယံ၊ အကြင်မျှလောက် မိမိဉာဏ်တွင်း နှလုံးသွင်း၍ ပွားခြင်းဘာဝနာ ဝိပဿနာကို စွမ်းနိုင်သည်အားလျော်စွာ။ ဓမ္မဒုန္ဒုဘိံ၊ ပရမတ္ထဓမ္မပဋိစ္စသမုပ္ပါဒ အနတ္တာဝိပဿနာ တရားတည်းဟူသောစည်ကြီးကို။အာဟနိဿံ၊ ဟောခြွေနှုတ်ကပါ၍ ရွှေစည်မြတ်ကို တီးခတ်အလား ရေးသားစီရင်ပေအံ့။

တိဏ္ဏော၊ သံသရာမှ ကူးမြောက်တော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သတ္တေ၊ သတ္တဝါအပေါင်းတို့ကို။ တရဏတ္ထာယ၊ သံသရာမှ ကူးမြောက်စေခြင်းအကျိုးငှာ။ ဓမ္မံ၊တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူ၏။

ပရိနိဗ္ဗုတော၊ ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော ခန္ဓာဘေးမှ ငြိမ်းအေးတော်မူခြင်းကြောင့် ပရိနိဗ္ဗုတဟူသော အမည်ကို ရတော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ပရိနိဗ္ဗာနတ္ထာယ၊ ဥပါဒါနက္ခန္ဓာ ငါးပါးဟူသောဘေးမှ ငြိမ်းအေးစေခြင်းအကျိုးငှာ။ဓမ္မံ၊တရားကို။ဒေသေတိ၊ ဟောတော်မူ၏။

သန္တော၊ ကိလေသာမီး ငြိမ်းအေးကြီး ငြိမ်းပြီးသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ သမထာယ၊ ကိလေသာတည်းဟူသော မီးကို ငြိမ်းအေးစေခြင်းအကျိုးငှါ၊ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတိ၊ ဟောတော်မူ၏။

ဒန္တော၊ ဆုံးမ၍ ယဉ်ကျေးတော်မူပြီးသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဒမ္မတ္ထာယ၊ သူတပါးတို့ကို ဆုံးမ၍ယဉ်ကျေးစေခြင်းအကျိုးငှါ။ ဓမ္မံ၊ တရားတော်ကို၊ ဒေသေတိ၊ ဟောတော်မူ၏။

ဤကား နိဒါန်းပဏာမ,ငြိုညာဥ်ကိုင်ဆိုသော
အခဏ်းတည်း။

---

## ၂။ ဘွဲ့တော် ၈-ပါး

ဤသို့ ဘုရား, တရား, သံဃာတည်းဟူသော ရတနာသုံးပါးနှင့် တကွ မဟာမေရု မြင့်မိုရ်တောင်မက ကတညုတ ကျေးဇူး ကြီးလှ ပေသော ဆရာတော်သခင် အရှင်သူမြတ်အား ရှိခိုးပူဇော် ဖူးမျှော် ကန်တော့ပြီး၍ ရတနာသုံးပါးတို့တွင် ဘုရား၏ဂုဏ်တော်ဟု ဆိုအပ်သော ဤသုဂတော-ဟူသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ရှေးဦးစွာ ပွားများအားထုတ်ရန် ရေးသားဖော်ပြလိုက်ပေအံ့။

နတ်ပြည်ခြောက်ထပ်ကို မိမိတို့အလိုဆန္ဒရှိသမျှ ပြီးစီးပြည့်စုံနိုင်သော မနာပကာရီမည်သော နတ်တို့သည် အဘယ်ကုသိုလ်ကြောင့် ဤအကျိုးကို ရပါသနည်းဟု ရဟန်းတို့လျှောက်ကြားသောအခါ၌ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏၊ "ထိုနတ်တို့သည် ရှေးလူဖြစ်သောအခါ၌ အဋ္ဌင်္ဂသီလဟု ဆိုအပ်သော အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသော သီလကို ကောင်းစွာဆောက်တည်ခဲ့သော ကုသိုလ်၏အကျိုးကြောင့် အလိုဆန္ဒရှိသမျှကို ပေးစွမ်းနိုင်၍ နိမ္မာနရတိနတ်ပြည်၌ဖြစ်ကြလေသည်"ဟု ဟောတော်မူ၏၊ ထိုနတ်တို့သည် ဘုရား၏ဂုဏ်တော်ကို အောက်မေ့ကြကုန်၏၊ အောက်မေ့သည် ရှိသော် သုဂတော- ဂုဏ်တော်ကို အောက်မေ့ကြကုန်၏၊ ထိုသုဂတော-ဟူသော ဂုဏ်တော်သည်လည်း အကျိုးပေးခြင်း ၈-ပါးကို အကြောင်းပြု၍ အမည်နာမဘွဲ့တော်သည်လည်း ၈-ပါးရှိ၏။

ဤ ဘွဲ့တော် ၈-ပါးဟူသော်ကား–ဤဗုဒ္ဓါနုဿတိဟူသော သုဂတော-ဂုဏ်တော်သည် နတ်ပြည်ခြောက်ဘုံ၌ နေသောနတ်တို့သည် အမြဲကိုးကွယ်၍

နေသောဂုဏ်တော်ကြီးပေတည်း၊ ဤသုဂတော ဂုဏ်တော်၏အကျိုးဖလ အာနိသံသကို ဆိုပေအံ့။

၁။ ကြီးမြတ်သော အလုံးစုံသောအလိုဆန္ဒရှိသော အမှုကိစ္စ ဟူသမျှကို ပြီးစီး အောင်မြင်တတ်သည်၏ အဖြစ်ကြောင့် "မဟာဇေယျသိဒ္ဓိ" ဟူသော ဘွဲ့တော်ကို ရတော်မူ၏၊ ခပ်သိမ်းသော အလိုဆန္ဒရှိသမျှကို ပေးစွမ်းနိုင်သော မနာပကာရီမည်သော နတ်တို့၏ ပန်ဆင်သော နတ်ပန်းနှင့်တူသည်၏ အဖြစ်ကြောင့် ဤသုဂတော-ဟူသောဂုဏ်တော်သည် "မဟာဇေယျသိဒ္ဓိ သဗ္ဗကာမဒဒမာလိနီ" ဟူသော အမည်နာမ ဘွဲ့တော်ကို ရတော်မူ၏။

၂။ မာရ်မင်း၏ ရန်သူဟူသမျှကို အစိုးရသော နတ်တို့၏ ပန်ဆင်သော နတ်ပန်းနှင့်တူသည်၏အဖြစ်ကြောင့် ဤသုဂတော-ဟူသောဂုဏ်တော်သည် "မဟာဇေယျသိဒ္ဓိ မာရာဓိပတိမာလိနီ" ဟူသော အမည်နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

၃။ မနာပကာရီ မည်သော နတ်တို့၏ မွှေလျော် မြူးပျော်သော နတ်တို့ ပန်ဆင်သော နတ်ပန်းနှင့်တူသည်၏ အဖြစ်ကြောင့် ဤသုဂတော-ဟူသော ဂုဏ်တော်သည် "မဟာဇေယျသိဒ္ဓိ ရမ္မဏိက မာလိနီ" ဟူသော အမည်နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

၄။ ထိုမနာပကာရီမည်သော နတ်တို့၏ ပန်ဆင်သောပန်းသည် ကောင်းသော စိတ်နှလုံးရှိသော သုမနသူဌေး၏ ပန်ဆင်သော ပန်းနှင့်တူသည်၏ အဖြစ်ကြောင့် ဤ သုဂတော- ဟူသော ဂုဏ်တော်သည် "မဟာဇေယျသိဒ္ဓိ သုမနသေဋ္ဌိ မာလိနီ" ဟူသော အမည်နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

၅။ မနာပကာရီမည်သော နတ်တို့၏ ပန်ဆင်သော ပန်းသည် ရန်သူဟူသမျှကို သည်တိုင်၌ဖွဲ့ချည်၍ထားသကဲ့သို့ ထို့အတူ ခပ်သိမ်းသော ရန်သူဟူသမျှကိုသည်တိုင်၌ ဖွဲ့ချည်၍ထားတတ်သောနတ်တို့၏ပန်ဆင်သောပန်းနှင့် တူသည်၏ အဖြစ်ကြောင့် ဤသုဂတော- ဟူသော ဂုဏ်တော်သည် "မဟာဇေယျသိဒ္ဓိ ဗဇ္ဈရထမ္ဘ မာလိနီ" ဟူသော အမည်နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

၆။ ထိုမနာပကာရီမည်သောနတ်တို့၏ ပန်ဆင်သောပန်းသည် ကြီးမြတ်သော ဘုန်းတန်ခိုးအာနုဘော်နှင့်ပြည့်စုံ၍ ဘုန်းကြက်သရေ ဂုဏ်ကို

ပေးစွမ်းနိုင်သောနတ်တို့၏ ပန်ဆင်သော ပန်းနှင့်တူသည်၏ အဖြစ်ကြောင့် ဤသုဂတော-ဟူသောဂုဏ်တော်သည် ''မဟာဇေယျသိဒ္ဓိ သိရီဒဒ မာလိနီ''ဟူသောအမည်နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

၇။ မနာပကာရီမည်သော နတ်တို့၏ ပန်ဆင်သောပန်းသည် အေးမြချမ်းသာစွာရေနှင့်တူသော ကြက်သရေရှိသော ပန်းကို ပန်ဆင်သည်နှင့်တူသည်၏ အဖြစ်ကြောင့် ဤသုဂတော-ဟူသော ဂုဏ်တော်သည် ''မဟာဇေယျသိဒ္ဓိသြဒကသိရီမာလိနီ''ဟူသောအမည်နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

၈။ တနင်္ဂနွေမည်သော နေမင်းကို ကိုင်စွဲဖမ်းယူခြင်းငှါ စွမ်းနိုင်သော မနာပကာရီမည်သော နတ်တို့၏ ပန်ဆင်သော ပန်းနှင့်တူသည်၏ အဖြစ်ကြောင့် ဤသုဂတော-ဟူသော ဂုဏ်တော်သည် ''မဟာဇေယျ သိဒ္ဓိ ရဝိဂါဟမာလိနီ'' ဟူသော အမည်နာမ ဘွဲ့တော်ကိုလည်း ရတော်မူ၏။

ဤသို့ ဂ-ပါးသော အမည်နာမ ဘွဲ့တော်ကို ရတော်မူသော ဤဗုဒ္ဓါနုဿတိ-ဟူသော သုဂတော-ဂုဏ်တော်ကိုပွားများအားထုတ်သော ယောဂီသူမွန် သပ္ပုရိသအပေါင်း သူတော်ကောင်းတို့၏ လောကီ, လောကုတ္တရာ အကျိုးထူးဖလ အာနိသံသကို ရခြင်းသည်ကား ဂဏန်းသင်္ချာဖြင့် ပြောပြ ရေတွက်၍ မကုန်နိုင်အောင် မဟပ္ဖလ အကျိုးကို ပေးစွမ်းနိုင်ကုန်၏၊ ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၏ ဓဇဂ်သုတ်အရီး၌–

ယဿာ နုဿရ ဏေနာပိ၊အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။
သဗ္ဗုပဒ္ဒဝ ဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ။

ယဿ၊ အကြင်ဗုဒ္ဓါနုဿတိ-ဟူသော သုဂတော ဂုဏ်တော်ကို။ အနုဿရဏေနာပိ၊ အောက်မေ့ပွားများခြင်းကြောင့်လည်း၊ အန္တလိက္ခေပိ၊တည်ရာမရှိ ဟင်းလင်းအပြင် ကောင်းကင်မှာကျ၍ပင် လာသော်လည်း။ ပါဏိနော၊ သုဂတော-ဟူသော ဂုဏ်နှင့်ပြည့်စုံသော သတ္တဝါတို့သည်။ ဘူမိယံဝိယ၊ မြေပြင်၌ကဲ့သို့။သဗ္ဗထာ၊အခါခပ်သိမ်း။ ပတိဋ္ဌံ၊တည်ရာ,မှီရာ, ကိုးကွယ်ရာကို။ အဓိဂစ္ဆန္တိ၊ မုချမလွဲ အမြဲရကြကုန်၏။သဗ္ဗုပဒ္ဒဝဇာလမှာစ၊ အလုံးစုံသော ဘေးရန် ဥပဒ္ဒဝေါ-ဟူသော ပိုက်ကွန်၏ အတွင်းမှဎင်း။ ယက္ခစောရာဒိ

သမ္မာဂါ၏၊ ကိလေး,သားရဲ,ခိုးသူအစရှိသော အသက်၏အန္တရာယ်ဘေးမှငြင်း။ မုတ္တာနံ၊ ဘေးရန်အပေါင်းမှ လွတ်သောသူတို့၏။ဂဏနာ၊ ဂဏန်းသင်္ချာဖြင့် ရေတွက်ခြင်းသည်။ နအတ္ထိ၊ မရှိတော့သည်သာလျှင်တည်း။

ဤကား ဘွဲ့တော် ၈-ပါးကိုပြသော
အခဏ်းတည်း။

## ၄။ ဘာဝနာအစီအရင်ကိုပြဆိုခြင်း

ဤသို့ ဗုဒ္ဓါနုဿတိ-ဟူသော သုဂတော-ဂုဏ်တော်ကိုပွားများ အားထုတ်သော ယောဂီသူမွန် သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည် ဤဗုဒ္ဓါနုဿတိ-ဟူသော သုဂတော-ဂုဏ်တော်ကမ္မဋ္ဌာန်း၌ပွားများအားထုတ်သော ပုဂ္ဂိုလ်၏ အစီအရင်ကား-ဗုဒ္ဓါနုဿတိ-ဟူသော ဤသုဂတော-ဂုဏ်တော်ကို အောက်မေ့ပွားများ၍ ရှေးဦးတည်ကြည်စွာ ထိုင်နေခြင်းသည် ပရိကမ္မဘာဝနာကို အားထုတ်သည်မည်၏၊ ထိုသို့ပွားများအောက်မေ့၍ တည်ကြည်သော သမာဓိသည်လည်း ပရိကမ္မသမာဓိမည်၏၊ ထိုသို့အောက်မေ့ပွားများ၍ ထင်လာသော ဘုရား၏ ပုံသဏ္ဍာန်အာရုံ-ဟူသော နိမိတ်သည် ပရိကမ္မနိမိတ်မည်၏။

ထို့နောင် အကြိမ်ကြိမ်အားထုတ်၍ အောက်မေ့ ပွားများသော်လည်း ပရိကမ္မဘာဝနာသာမည်၏၊ဤသုဂတော-ဟူသော ဂုဏ်တော်၌ အောက်မေ့ ပွားများ၍ တည်ကြည်သော သမာဓိသည်လည်း ပရိကမ္မသမာဓိသာမည်၏၊ ထိုသို့သုဂတော-ဟူသော ဂုဏ်တော်ကို ပွားများအောက်မေ့၍ ဖြစ်ပေါ်လာသော ဓမ္မာရုံ-ဟူသောဗုဒ္ဓ,ဓမ္မဘုရား၏ နိမိတ်သည် အလွန်သန့်ရှင်းစင်ကြယ်သောကြောင့် ထိုနိမိတ်သည် ဥဂ္ဂဟနိမိတ်မည်၏။

[ဤကားပဌမဘာဝနာ။]

တဖန် ဒုတိယ ဥပစာရ ဘာဝနာသို့ ကူးပြောင်းသည်ရှိသော် ထိုသို့ အောက်မေ့ပွားများသော ဗုဒ္ဓါနုဿတိ-ဟူသော သုဂတော-ဂုဏ်တော်သည် ဥပစာရဘာဝနာမည်၏၊ ထိုသို့ဥပစာရ ဘာဝနာ-ဟူသော ဗုဒ္ဓါနုဿတိ-ဟူသော သုဂတော-ဂုဏ်တော်ကို အောက်မေ့ပွားများ အားထုတ်သောအခါ တည်ကြည်သော သမာဓိသည် ဥပစာရသမာဓိမည်၏၊ နိမိတ်သည်ကား ဓမ္မာရုံပရမတ္ထ နာမ်-ဟူသော နိရောဓသစ္စာနိဗ္ဗာန်၌ အမြဲတည်တော်မူသော ပရိနိဗ္ဗုတမည်သော မြတ်စွာဘုရားကို မိမိ၏ အာရုံ၌ ထင်ခြင်းသို့ ရောက်ခြင်းသည် ပဋိဘာဂနိမိတ်မည်၏၊ ထိုသို့ပြဆိုခဲ့ပြီးသော ပဋိဘာဂနိမိတ်ကိုတွေ့မြင်

သည်နှင့်တပြိုင်နက် နိဗ္ဗာန်ကိုအာရုံပြုသည်မည်၏၊ ထို့ကြောင့် သုတ်မဟာဝါ ပါဠိတော်၌ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။

သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံ သော၊သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံ သာ၊ ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ ၊ အာသဝေဟိ ဝိမုစ္စတိ။
[သုတ်မဟာဝါပါဠိတော်။]

**သီလပရိဘာဝိတော**၊ မွေးထုံအပ်သော သီလရှိသော သူသည်၊ သမာဓိ မဟပ္ဖလော၊ ကြီးမြတ်သောသမာဓိကိုရခြင်းအကျိုးရှိသည်၊ ဟောတိ၊ဖြစ်၏။ **မဟာနိသံသော**၊ ကြီးသောအကျိုးအာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။ **သမာဓိပရိဘာဝိတာ**၊ မွေးထုံအပ်သော သမာဓိရှိသော သူသည်။ ပညာ မဟပ္ဖလာ၊ ကြီးမြတ်သောဝိပဿနာသမ္မာဒိဋ္ဌိပညာကို ရခြင်းအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏၊ မဟာနိသံသာ၊ကြီးသောအကျိုးအာနိသင်ရှိသည်၊ဟောတိ၊ ဖြစ်၏၊ ပညာပရိဘာဝိတံ၊ ဝိပဿနာ သမ္မာဒိဋ္ဌိပညာဖြင့် မွေးထုံအပ်သော ပညာရှိသော။ စိတ္တံ၊ ဝိပဿနာ ဉာဏစရိယမည်သော ဉာဏသမ္ပယုတ်စိတ်သည်။ အာသဝေဟိ၊ တဏှာ,ဒိဋ္ဌိ,အဝိဇ္ဇာ တည်းဟူသော အာသဝေါတရား တို့မှ။ ဝိမုစ္စတိ၊ ပုထုဇဉ်တို့၏ ကျင်လည်ရာဖြစ်သော သံသရာမှ လွတ်မြောက် လေ၏။

ထို့ကြောင့် ဤသုဂတော-ဟူသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အဖန်ဖန် အားထုတ်၍ပွားများခြင်းတည်းဟူသောပရိကမ္မဘာဝနာကြောင့် ရအပ်သော ပရိကမ္မသမာဓိ, ပရိကမ္မနိမိတ်တို့သည် ဖြစ်ပေါ်၍လာကုန်၏၊ ထိုသို့ရအပ် သော ပရိကမ္မသမာဓိနှင့် ပရိကမ္မနိမိတ်ကို နောက်သို့မဆုတ်သောသမ္မပ္ပဓါန် တည်းဟူသော ဝီရိယဖြင့် ဥဿာဟကြီးကုတ် အားထုတ်၍ ပွားများသည်ရှိ သော် ဥပစာရဘာဝနာအဖြစ်သို့ရောက်ပြန်၏၊ထိုဥပစာရဘာဝနာ၏ အစွမ်း ကြောင့် ရအပ်သော ဥပစာရသမာဓိ, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်တို့သည် အဆင့်ဆင့်ဖြစ်ပေါ်၍ လာကြကုန်၏၊ ထိုသို့ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ကို ရသောအခါ၌ ဖြစ်ပေါ်လာသောစိတ်ဝိညာဏ်သည် အလွန်ကြည်လင်သော စကြာမင်း၏ ပတ္တမြားရတနာနှင့်တူသော ဘုရား၌ယုံကြည်သော သဒ္ဓါတရား ကိုရ၏၊ ထိုသဒ္ဓါတရားကိုရမှသာလျှင် အထက်၌ပြဆိုလတ္တံ့သော စင်္ကြံ ပြာဟ္မဏပုဏ္ဏားကို မြတ်စွာဘုရား ဟောတော်မူသော လမ်းစဉ်အတိုင်း မသွေမလွဲဘဲလိုက်၍ကျင့်သည်ရှိသော် စိတ်ဝိညာဏ်တော်ကိုဖူးတွေ့ရလတ္တံ့၊ ဤသို့စိတ်ဝိညာဏ်ကို တွေ့မြင်ရသည်ကိုပင် နိရောဓသစ္စာ ပရမတ္ထနိဗ္ဗာန်ကို

မျက်မှောက်ပြုသည်မည်၏ဟု စင်္ကီမြဟ္ဗာဏပုဏ္ဏားအား ဟောကြားသည်ကို နှလုံးထား၍ ဤသို့ဥပစာရဘာဝနာကို အားထုတ်သောအခါ ပဋိဘာဂ နိမိတ်နှင့်တကွ ရအပ်သောသဒ္ဓါတရားသည် သက်တော်ထင်ရှားရှိသောကိုယ် တော်မြတ်ကိုဖူးတွေ့ရသကဲ့သို့ တရားတော်ကိုနာခြင်း,ဆုံးမသည်ကိုနာခံခြင်း, ဆုံးမသည့်အတိုင်းလိုက်နာ၍ ကျင့်ခြင်း၊ ဤသို့စိတ်အာရုံမနေခမှာထင်မြင်၍ နေသောအခါ သုဒဿန စကြာမင်းကြီးသည် ပရိနိဗ္ဗုတဖြစ်သော နိဗ္ဗာန်၌ တည်တော်မူသော မြတ်စွာဘုရားတို့ကို ဖူးတွေ့ရသကဲ့သို့ ဖူးတွေ့ကြရကုန် လတ္တံ့။

ဤသို့ဥပစာရဘာဝနာဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဥပစာရသမာဓိ, ပဋိဘာဂနိမိတ်ကို ရသောအခါ ဤကာမာဝစရမဟာ ကုသိုလ် ဉာဏသမ္ပယုတ်စိတ်သည် ရူပါဝစရပဥ္စမဈာန် အဘိညာဉ်နှင့်အလား တူသော မဟဂ္ဂုတ ပဋိရူပကမည်သော မဟာကုသိုလ်စိတ် ဖြစ်သောအခါ မနာပကာရီမည်သော နတ်တို့ ပန်ဆင်သော ပန်းသည် စိတ်၏အလိုဆန္ဒ ရှိတိုင်း မနောမယအကျိုးကို ပေးစွမ်းနိုင်သောပန်းနှင့်တူသည်၏ အဖြစ် ကြောင့် ဤဖုဒ္ဓါနုဿတိဟူသော သုဂတော-ဂုဏ်တော်သည်လည်းထို့အတူ အင်္ဂါဂ-ပါးနှင့် ပြည့်စုံသော အကျိုးကို ပေးစွမ်းနိုင်သည်ဟု မုချယုံကြည် သက်ဝင်၍ ယောဂီသူမွန် သပ္ပုရိသ သူတော်ကောင်းတို့သည် ထိုသို့ရပြီး သော ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ကို မကွယ်မပျောက်ရ အောင် ကောင်းစွာ ဥဿာဟ ဝီရိယဖြင့် စောင့်ရှောက်ထိန်းသိမ်းကုန်ရာ၏။

ဤကား-ဗုဒ္ဓါနုဿတိဟူသော သုဂတော-ဂုဏ်တော်၌ ပရိကမ္မဘာဝနာ, ပရိကမ္မသမာဓိ,ပရိကမ္မနိမိတ်ဟူသောအစီအရင်ကို ပြသောအခန်းတည်း။

---

## ၄။ သုဂတော-ဂုဏ်တော်ပွားများနည်း

ဤသို့ဤပညာနေတ္တိဝိပဿနာကျမ်း၌လာသော သုဂတော-ဟူသော ဂုဏ် တော်သည် သုနာပရန္တ မြန်မာနိုင်ငံ တိုင်းသားဖြစ်သော ရဟန်းတော် ရှင်အာဒိစ္စရံသီ စီရင်သော''သုဂတမဂ္ဂဒီပနီ''ဟူသောအမည်ဖြင့် ဤဗုဒ္ဓါ နုဿတိ- ဟူသော သုဂတော-ဂုဏ်တော်ကို ရှင်အာဒိစ္စရံသီ မထေရ်သည် ယိုးဒယားပြည်မှ ကူးယူ၍ လာသည်ဆို၏၊ ဤသို့ ဂ-ပါးသောအမည်နာမ ဘွဲ့တံဆိပ်ကိုရသော သုဂတော-ဟူသော ဂုဏ်တော်ကို ပွားများအား ထုတ်၍ ပြုလုပ်ရန် ဂါထာတော်သည်ကား ဤသို့တည်း။

သုဂတော သုဂတဓါနံ၊ သုဂတော သုန္ဒရံပိစ။
နိဗ္ဗာနံ သုဂတော ယာတိ၊ သုဂတော တေ နမော နမော။

ဤကား အားထုတ်ပွားများရန် သုဂတော-ဟူသော ဂုဏ်တော်၏ ပါဠိဂါထာပေတည်း။ ဤပါဠိဂါထာသည် ပါဠိ,အဋ္ဌကထာ,ဋီကာတို့၌ မလာမရှိ၊ ရသေ့ဘဝမှဖြစ်သော သိကြားမင်းပေးသောသုဂတော-ဟူသောဂုဏ်တော်ဟု ရှင်အာဒိစ္စရံသီမထေရ်မြတ်သည် ယိုးဒယားပြည်မှယူခဲ့သော သုဂတမဂ္ဂဒီပနီကျမ်း၌ဆို၏။

သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်။ သုဂတဓါနံ၊ ကောင်းသောနိဗ္ဗာန်သို့ဆောင်တော်မူတတ်၏။ သုဂတော၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းသော။ သုဂတော၊ မြတ်စွာဘုရားသည်။ သုန္ဒရံ၊ ကောင်းမြတ်သော။ နိဗ္ဗာနံပိစ၊ နိဗ္ဗာန်သို့လည်း၊ ယာတိ၊ ကြွသွားတော်မူတတ်၏။ သုဂတော၊ နိဗ္ဗာန်၌ အမြဲနိစ္စ အသခ်တဖြစ်၍ တည်တော်မူသော မြတ်စွာဘုရား။ တေ-တဝ၊ ပဘာဿရ ရောင်စုံကြွ၍ ဝိညာဏဓာတ် နိဗ္ဗာန်မြတ်၌ တည်တော်မူသော ရှင်တော်မြတ်ဘုရားအား၊ နမော၊ ဦးနှိမ် ညွတ်ကျိုး လက်ဆယ်မိုးဖြင့်။ အဟံ၊ အကျွန်ုပ်သည်။ နမော-နမာမိ၊ ရှိခိုးပါ၏။

ဤသုဂတော-ဟူသော ဂုဏ်တော်ကို ပွားများအားထုတ်သော ယောဂီသူမွန် သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည် ဘုရား,တရား, သံဃာ တည်းဟူသော ရတနာသုံးပါးတို့အား ဆွမ်း, ရေချမ်း, ဆီမီး, ပန်းတို့ဖြင့် ပူဇော်ကန်တော့ လှူဒါန်းပြီးမှ မိမိအလိုဆန္ဒ ရှိသမျှကို ဆုတောင်းပတ္ထနာ အဓိဋ္ဌာန်ပြု၍ ပွားများအားထုတ်ရာ၏၊ ပွားများအားထုတ်သောအခါ၌ ဤသုဂတော-ဟူသော ဂုဏ်တော်သည် ပါဠိတပုဒ်ထည်းတွင် သုဂတ-ဂုဏ် ပေါင်းငါးပါးရှိ၏၊ ထို့ကြောင့် သုဂတော-ဂုဏ်တော်ကို ပုတီးစိပ်၍ တပတ်ရလျှင် ငါးပတ်ရပြီ-ဟု မှတ်ရာ၏၊ ထိုကဲ့သို့ ပွားများအားထုတ်၍ ပုတီးပတ်ပေါင်းတရာ့ငါးဆယ့်ခြောက်ပတ်ရလျှင် တရားတော်ဂုဏ် တည်းဟူသော ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကိုစိတ်ကရည်ညွှန်း၍ဘုရား,တရား,သံဃာ-ဟူသော ရတနာသုံးပါးအား ဆွမ်း, ရေချမ်း, ဆီမီး, ပန်းတို့ဖြင့် ပူဇော်ကန်တော့၍ လှူဒါန်းခြင်းဒါနကိုပြုရာ၏၊ ဖြူစင်သန့်ရှင်း စင်ကြယ်သောစိတ်ဖြင့် ငါးပါးသီလကိုဖြစ်စေ,ရှစ်ပါးသီလကိုဖြစ်စေ ကောင်းစွာစောင့်ရှောက်ဆောက်တည်ရာ၏။

ထိုအခါ ပထဝီ, အာပေါ, တေဇော, ဝါယော-ဟူသော ဘူတရုပ်ကို အမြဲမှီ၍နေသော ဝိညာဏဋ္ဌိတိကိုသိစေခြင်းအကျိုးငှါ မြေခေါတ်, ရေခေါတ်, လေခေါတ်, မီးခေါတ်-တည်းဟူသောခေါတ်လေးပါးကို၍သုဂတော-ဟူသော ဂုဏ်တော်ဖြင့် ပွားများအားထုတ်ရာ၏၊ ပွားများအားထုတ်သော အခြင်းအရာကား နှစ်သိန်းလေးသောင်း အထုရှိသော မြေခေါတ်ကိုအာရုံပြု၍ ပုတီးစိပ်သောအခါ ပုတီးပတ်ပေါင်း လေးရာ့လေးဆယ့် ငါးပတ်ပြည့်၍ စေ့လျှင် မြေခေါတ်ကုန်ပြီ-ဟု မှတ်ရာ၏၊ထိုသို့မြေခေါတ်ကုန်သောအခါရှေးကနည်းတူ ကုသိုလ်ဒါနကို ပြုရာ၏။

ထိုနောက်တဖန် ရေခေါတ်သည် လေးသိန်း ရှစ်သောင်း အထုရှိ၏၊ ထိုလေးသိန်းရှစ်သောင်းရှိသော ရေခေါတ်ကို အာရုံပြု၍ ပုတီးစိပ်ရမည်၊ ပုတီးပတ်ပေါင်း ရှစ်ရာ့ကိုးဆယ်ပြည့်၍စေ့လျှင် ရေခေါတ်ကုန်ပြီ-ဟု မှတ်ရာ၏၊ထိုသို့ရေခေါတ်ကုန်သော အခါ၌လည်း ရှေးကနည်းတူ ကုသိုလ်ဒါနကို ပြုရာ၏။

ထို့နောက်တဖန် လေခေါတ်သည် ကိုးသိန်းခြောက်သောင်းအထုရှိ၏၊ ထိုကိုးသိန်းခြောက်သောင်းအထုရှိသော လေခေါတ်ကိုအာရုံပြု၍ ပုတီးစိပ်ရမည်၊ ပုတီးစိပ်သောအခါ ပုတီးပတ်ပေါင်း တထောင့်ခုနစ်ရာ့ ရှစ်ဆယ်ပြည့်၍စေ့လျှင် လေခေါတ်ကုန်ပြီ-ဟု မှတ်ရာ၏၊ရှေးကခေါတ်အတိုင်းကျင့်ရာ၏။

ထို့နောက်တဖန်မီးခေါတ်သည် တသန်းနှင့်ကိုးသိန်းနှစ်သောင်းအထုရှိ၏၊ ထိုတသန်းကိုးသိန်းနှစ်သောင်း အထုရှိသောမီးခေါတ်ကိုအာရုံပြု၍ပုတီးစိပ်ရမည်၊ ပုတီးစိပ်သောအခါ ပုတီးပတ်ပေါင်းသုံးထောင့်ငါးရာ ခြောက်ဆယ်ပြည့်၍စေ့လျှင် မီးခေါတ်ကုန်ပြီ-ဟု မှတ်ရာ၏။

ၤသို့အောက်မေ့ပွားများ အားထုတ်စီးဖြန်း၍ မြေခေါတ်, ရေခေါတ်, လေခေါတ်, မီးခေါတ်-ဟု ဆိုအပ်သော လေးပါးသောမဟာဘူတရုပ-ဟူသော ခေါတ်ကြီးလေးပါး ပြီးဆုံးခြင်းသို့ ရောက်သောအခါ မဟာဒါနကိုပေး၍ မနောမယစိတ်အလိုရှိသမျှ စိတ်ဆန္ဒနှင့်ပြည့်စုံ၍ ဆုတောင်းပတ္ထနာပြု၍ ထိုတောင့်တတိုင်းပြည့်စုံပြီ-ဟု သုဂတမဂ္ဂဒီပနီကျမ်း၌ဆို၏၊ ထိုစကားသည် ယုံကြည်အပ်၏၊ အဘယ့်ကြောင့်နည်းဆိုသော် မြတ်စွာဘုရားသည် အပဒါန်ပါဠိတော်၌ ၤသို့မိန့်တော်မူ၏။

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာန မနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿတိ မာနသံ။
[အပဒါန်ပါဠိတော်။]

ဘာဝနာနှံ၊ လေးဆယ်သော ဘာဝနာတို့တွင်။ အနုတ္တရံ၊ အတုမရှိ အမြတ်ဆုံးဖြစ်သော။ ဣမံဗုဒ္ဓါနုဿတိံ၊ဤဗုဒ္ဓါနုဿတိ-ဟူသော သုဂတော-ဂုဏ်တော်ကို။ဘာဝေဟိ၊ မနေမနား လွန်ကြိုးစား၍ ပွားများအားထုတ်ပါလော့။ဣမံသတိံ၊ ဤဗုဒ္ဓါနုဿတိ-တည်းဟူသော သုဂတော-ဟူသော ဂုဏ်တော်ကို။ဘာဝယိတွာ၊ မနေမနား လွန်ကြိုးစား၍ ပွားများအားထုတ်ခြင်းကြောင့်။ မာနသံ၊မနောမယ စိတ်ဆန္ဒ၏ အလိုရှိသမျှကို။ ပူရယိဿတိ၊ ပြည့်စုံနိုင်လတ္တံ့သောဂုဏ်တော်မြတ်ပါပေတည်း။

ဤသည်ကား ဗုဒ္ဓါနုဿတိ-တည်းဟူသော သုဂတော-ဟူသော
ဂုဏ်တော်၌ ပွားများအားထုတ်သောနည်းလမ်းကို
ပြသော အခဏ်းတည်း။

---

## ၅။ သင်္ဂါရ ၂-ပါးကိုပြဆိုခြင်း

ဤသို့ဗုဒ္ဓါနုဿတိ တည်းဟူသော သုဂတော-ဟူသော ဂုဏ်တော်ကို စီးဖြန်းပွားများ အားထုတ်လျက် သုဒ္ဓဝိပဿနာ ပဋိစ္စသမုပ္ပါဒ-ဟူသော နိဿရဏ သံသရာနှင့် ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာလောကဟု ဆိုအပ်သော သံသရာ၌ ပြုကြ အားထုတ်ကြသော သင်္ဂါရနှစ်ပါး ကုသိုလ်အပြားကို ပြဆိုပေအံ့။

ဤသို့ ဘုရား, တရား, သံဃာဟူသော ရတနာ သုံးပါး၌ ယုံကြည်သော သဒ္ဓါတရားကိုရသော သဒ္ဓါနုသာရီ,ဓမ္မာနုသာရီမည်သော သပ္ပုရိသပုဂ္ဂိုလ် တပါး၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာတည်းဟူသော အနုသယနှင့် အမြဲကိန်း၍ နေသော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တပါး၊ ထိုနှစ်ပါးသောပုဂ္ဂိုလ်တို့တွင် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ပြုအပ်သော အသုဒ္ဓဓမ္မ သင်္ခါရတည်းဟူသော ပုညာဘိသင်္ခါရကို ပြလိုသောကြောင့် ရှင်သာရိပုတ္တရာမထေရ်မြတ်သည် မဟာနိဒ္ဒေသ ပါဠိတော်၌ ဤသို့မိန့်တော်မူ၏။

> နပဏ္ဍိတာ ဥပဓိသုခဿဟေတု ဒါနာနိ ဒဒန္တိ ပုနဗ္ဘဝါယ၊ နပဏ္ဍိတာ ဥပဓိသုခဿဟေတု သီလာနိ ရက္ခန္တိ ပုနဗ္ဘဝါယ၊ နပဏ္ဍိတာ ဥပဓိသုခဿဟေတု ဘာဝေန္တိ ဈာနာနိ ပုနဗ္ဘဝါယ။

နပဏ္ဍိတာ၊ ဝိပဿနာတည်းဟူသော သမ္မာဒိဋ္ဌိပညာ ကင်းသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ ပုနဗ္ဘဝါယ၊ မျက်စိစသော အာယတနပသာဒ၌ အဖန်တလဲလဲ ဘဝသစ်ဟူသော စေတနာကံကို ဖြစ်စေခြင်းအကျိုးငှါ။ ဥပဓိ

သုခဿဟေတု၊ ဇာတိ,ဇရာ, ဗျာဓိ, မရဏတည်းဟူသော ဥပမိ လေးပါးကို သုခချမ်းသာဟု မှတ်ထင်ခြင်း တည်းဟူသော အကြောင်းကြောင့်။ ဒါနာနိ၊ အလှူတို့ကို။ ဒဒန္တိ၊ ပေးလှူကြကုန်၏။ သီလာနိ၊ သီလတို့ကို။ ရက္ခန္တိ၊ စောင့်ကြကုန်၏။ ဈာနာနိ၊ မဟဂ္ဂုတ်ဈာန်တို့ကို။ ဘာဝေန္တိ၊ ပွားများကြကုန်၏။

ဤသို့ ဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့်တကွ အနုသယအားဖြင့် အမြဲကိန်း၍ နေသော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ဒါန, သီလ, ဘာဝနာဟူသော ဈာန်တရားကို အားထုတ်ပွားများကုန်သော်လည်း ဥပမိလေးပါးဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးကိုသာ တောင့်တ၍ တဖန် မျက်စိစသော ပဿာဒ၌ သဉ္ဉာဟူသော စေတနာကမ္မဘဝ၏ ဖြစ်ခြင်းကိုသာ အလိုရှိခြင်းကြောင့် ဒါနပွာရမာသ, သီလပွာရမာသ, ဘာဝနာပရာမာသ ဟူသော ကုသိုလ်မျှသာ ဖြစ်စေနိုင်၏။ အဘယ့်ကြောင့်နည်းဆိုသော် မြတ်စွာဘုရားသည် ခပ်သိမ်းသော ဗုဒ္ဓဝစန စကားတော်ဟူသမျှတို့၌ "န ရူပံ အတ္တတော သမနုပဿတိ"ဟူသောအနတ္တ စကားတော်ကဲ့သို့ ဒွယဒွယအားဖြင့်သာ နှစ်ပါး,နှစ်ပါးထား၍ ဟောတော်မူသည်ကို အဒွယဟူ၍ တခုတည်းပြု၍ အယူဝါဒကိုယူခြင်းကြောင့် ဒါနပွာရ မာသ, သီလပွာရမာသ, ဘာဝနာပရာမာသ ကုသိုလ်မျိုးသာဖြစ်၍ နေကြကုန်၏။

ဤကား သဉ္ဉာ ၂-ပါးကို ပြဆိုသော
အခဏ်းတည်း။

---

## ၆။ နည်း ၄-ပါးကိုပြဆိုခြင်း

ဤသို့ သုဒ္ဓဓမ္မ ပရိယတ္တိသာသနာမှလာသော သုဒ္ဓဓမ္မဟူသော သပ္ပုရိသ မည်သော အရိယာပုဂ္ဂိုလ်တို့ ဟောတော်မူအပ်သော ပဋိဝေဓသာသနာ ဟူသော သုဒ္ဓဓမ္မတရားတော်မြတ်ကို မကြားမနာရသေးသည်၏ အဖြစ် ကြောင့် ထိုဟောတော်မူသော ဒွယ-ဟူသော အတ္တပဋိသန္ဓိဒါကို ဖော်ပြ တတ်သော ဧကတ္တနယ, နာနတ္တနယ, အဗျာပါရနယ, ဧဝံဓမ္မတာနယ ဟူသော ဤနည်းလေးပါးကို မကြား မနာရသည်ဖြစ်၍ မသိမမြင်ခြင်း ကြောင့် ဖြစ်ပေါ်၍လာသော ပရာမာသ ဒိဋ္ဌိသာတည်း၊အဘယ်သို့ပရာမာသ သက္ကာယဒိဋ္ဌိ ဖြစ်ရလေသနည်းဆိုသော် မြတ်စွာဘုရားသည် ရူပံ,ရူပဓမ္မံ, ဝေဒနံ,ဝေဒနာဓမ္မံ, သညံ, သညာဓမ္မံ, သင်္ခါရေ, သင်္ခါရဓမ္မေ, ဝိညာဏံ, ဝိညာဏဓမ္မံ ဟု ဒွယဒွယအားဖြင့် နှစ်ပါးထား၍ ဟောဖော်ပြသ ဆုံးမ

ပါသည်ကို အဒွယဟု တခုတည်းပြု၍ အယူကို ယူခြင်းကြောင့် တူသော သန္တာန်နှစ်ပါးရှိသော ဒွယဟူသော ဧကတ္တနည်း ကွယ်ပျောက်ခြင်းသို့ ရောက်ရလေ၏။

၁။ ထိုဧကတ္တနည်း ဟူသည်ကား–ပရမတ္ထအားဖြင့် တူသော သန္တာန်ရှိသော ပစ္စည်း,ပစ္စယုပ္ပန် ဟူသော တရားတော်မြတ်ကို ဒွယဒွယဟု နှစ်ပါးနှစ်ပါးပြု၍ ဟောတော်မူသောနည်းသည် ဧကတ္တနည်းမည်၏၊ ထိုဧကတ္တနည်း၌ ဧကသဒ္ဒါသည် တခုသောဝတ္တုသန္တာန်နှင့် တခုသော ဝတ္တုသန္တာန်ချင်းချင်းတူသည်ကို ဧကတ္တနည်းဟု ဟောတော်မူ၏။ [အလင်္ကာ၌ သမာနရူပကပဟေဠိ ဟုဆို၏။] ဤသို့ဧကတ္တနည်းကို ဟောတော်မူခြင်းသည် ဒွယဒွယ ဟု နှစ်ပါး,နှစ်ပါးရှိသည်ကို သိစေတော်မူလိုသောကြောင့် ဟောတော်မူ၏။

၂။ နာနတ္တနည်း ဟူသည်ကား– ထိုသို့ဧကတ္တနည်းအားဖြင့် တူသော သန္တာန်ဖြင့် နှစ်ပါးနှစ်ပါး အပြားပင်ရှိသော်လည်း ကြောင့်ကြခြင်း ဗျာပါရမရှိသော အဗျာပါရဖြစ်သော ပရမတ္ထဓမ္မာရုံ, အာရုံခြောက်ပါးလည်း တပါး၊ သတ္တ,ဇီဝရှိသော ဝိညာဏဋ္ဌိတိဟူသော စိတ်ဝိညာဏ်ပရမတ်လည်း တပါး၊ ထိုပရမတ်နှစ်ပါးတို့သည် တူသောသန္တာန်ပင် ရှိသော်လည်း ဘူတရုပ်နှင့် ဥပါဒါရုပ်ဟူသော ရုပ်နှစ်ပါးထူးသကဲ့သို့ ထူးသောနည်းသည် နာနတ္တနည်းမည်၏။

၃။ အဗျာပါရနည်း ဟူသည်ကား– ထိုဧကတ္တနည်း၌ နှစ်ပါး,နှစ်ပါး အားဖြင့် တူသောသန္တာန်ရှိသော်လည်း ဝိညာဏဋ္ဌိတိဟူသော ပရမတ္ထ ဖြစ်သော စိတ်ဝိညာဏ်သာ ဥပါဒ်, ဌီ, ဘင်နှင့်တကွ ကြောင့်ကြခြင်း, အားထုတ်ခြင်း ဗျာပါရရှိ၏၊ တူသောသန္တာန်ရှိသော ဓမ္မာရုံ, အာရုံခြောက်ပါး ဟူသော ပရမတ္ထတရားသည် နိဿတ္တ,နိဇ္ဇီဝဖြစ်၍ ကြောင့်ကြအားထုတ်ခြင်း ဗျာပါရမရှိခြင်းကြောင့် အဗျာပါရနည်းမည်၏။

၄။ ဧဝံဓမ္မတာနည်း ဟူသည်ကား-ဖြစ်ပေါ်၍လာခြင်းသည် ချုပ်ခြင်း ပျက်ခြင်းလျှင် အဆုံးရှိ၏၊ ပဋိစ္စသမုပ္ပါဒ၏ ဖြစ်ပေါ်လာခြင်းသည် ပဋိစ္စ သမုပ္ပန္နဟူသော ချုပ်ပျက်ခြင်းလျှင် အဆုံးရှိ၏၊ ဤသို့ ဖြစ်ခြင်း, ပျက်ခြင်း သဘောသည် ဓမ္မဋ္ဌိတိ,ဓမ္မနိယာမဖြစ်၍ ဧဝံဓမ္မတာနည်းမည်၏။

ဤသို့ဟောတော်မူသော နည်းလေးပါးကို ပုထုဇဉ်ပုဂ္ဂိုလ်တို့ မသိမမြင်အောင် ဖုံးလွှမ်းတတ်သော တရားကား အဘယ်နည်းဆိုသော် အဗျာပါရ

နည်းနှင့်ဝေံဓမ္မတာဟူသော ဤမြတ်သောနည်းနှစ်ပါးကို ကာယဝိညတ်ရုပ်, ဝစီဝိညတ်ရုပ်ဟူသော ဝိညတ်ရုပ်နှစ်ပါးတို့ ဖုံးလွှမ်းခြင်းကြောင့် မသိမမြင်၍ ကွယ်ပျောက်လေ၏၊ ဧကတ္တဟူသောနည်းကိုလည်း ပရမတ္ထအားဖြင့် တူသော သန္တာန်ရှိ၍ ထိုတူသောသန္တာန်ပညတ်ပင်လျှင် ဖုံးကွယ်ခြင်းကြောင့် မသိမမြင်၍ကွယ်ပျောက်လေ၏၊ နာနတ္တဟူသော နည်းကိုလည်း ဧကတ္တနည်း၌ တူသောသန္တာန်ရှိသောပညတ်သည် တခဲနက်ထင်မှတ်သော ဃနတရားဖြင့် ဖုံးလွှမ်း၏၊ စင်စစ်သော်ကား ဃနဟူသည် သက္ကာယဒိဋ္ဌိတည်းဟူသော ဃနတရားသည် တခဲနက်ရှိသောကြောင့် ရူပါရုံ,ဓမ္မာရုံဟူသော တူသောသန္တာန်ကို တခဲနက်ရှိသည်ဟုထင်မှတ်၍ ဖုံးလွှမ်းခြင်းကြောင့် မသိမမြင်၍ ကွယ်ပျောက်ရလေ၏၊ ဤသို့ဟောတော်မူသောနည်းလေးပါးကို မသိမမြင်အောင် ဖုံးလွှမ်း၍ထားခြင်းကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဒွယဟူသော ဗုဒ္ဓဝစနစကားတော်ကို မယူမဆ မသိမမြင်နိုင်၍ အဒွယဟုတခုတည်းယူခြင်းကြောင့် သက္ကာယဒိဋ္ဌိဖြစ်ရလေ၏။

ဤသို့နက်နဲ ခက်ခဲသော အဗျာပါရနည်းနှင့် ဝေံဓမ္မတာဟူသောနည်းကို ဝိညတ်ရုပ်နှစ်ပါးဖြင့် ဖုံးလွှမ်း၏ဆိုသော် အဘယ်သို့ဖုံးလွှမ်းသနည်း၊ ကာယဝိညတ်ဟူသော ကိုယ်ဖြင့် လှုပ်ရှား၍သွားခြင်း,လာခြင်း, စားခြင်း,သောက်ခြင်းသည် ကာယဝိညတ်မည်၏၊ ဝစီဝိညတ်ဟူသော်ကား ပြောခြင်း, ဆိုခြင်းဟူသောအမူအရာသာတည်း၊ ထိုကိုယ်အမူအရာ ,နှုတ်အမူအရာတို့ကိုမြင်၍, ကြား၍ ရူပါရုံ, သဒ္ဒါရုံစသော အာရုံတို့၌ ဥပါဒ်,ဌီ,ဘင်နှင့်တကွ မိန်းမ, ယောကျ်ားစသောသူသည် သတ္တ,ဇီဝရှိ၍ ကြောင့်ကြဗျာပါရရှိသည်ဟုသက္ကာယဒိဋ္ဌိအယူကိုယူ၍ ထိုကာယဝိညတ်ရုပ်,ဝစီဝိညတ်ရုပ်ဟူသော ရုပ်နှစ်ပါးတို့ ဖုံးလွှမ်း၍ မသိမမြင်ခြင်းကြောင့် အဗျာပါရနည်းနှင့် ဝေံဓမ္မတာနည်းနှစ်ပါးကွယ်ပျောက်ရလေ၏၊ စင်စစ်သော်ကား ထိုဝိညတ်ရုပ်နှစ်ပါးဖြင့် ဖုံးလွှမ်း၍ မသိမမြင်ခြင်းသည်လည်း ဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့် အဝိဇ္ဇာ,တဏှာ အမြစ်နှစ်ပါးကြောင့်သာတည်း၊ ဤဝေံဓမ္မတာနည်း၏ ကွယ်ပျောက်ရခြင်းသည်ကား ထိုသို့မြင်သောရူပါရုံ, ကြားသောသဒ္ဒါရုံတို့သည် ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာတို့သည်သာလျှင်တည်း၊ ထိုဥပါဒါနက္ခန္ဓာသည်ပင်လျှင် ဥပါဒါရုပ်ဟု ဆိုအပ်သော ကာယဝိညတ်ရုပ်, ဝစီဝိညတ်ရုပ်မည်၏၊ ထိုပဋိစ္စသမုပ္ပါဒ မည်သော ဝိညတ်ရုပ်နှစ်ပါး၏ ပဋိစ္စသမုပ္ပန္န အနိစ္စဓမ္မ ဖြစ်၍ ချုပ်ပျောက်ခြင်းသို့ရောက်သည်ကို ဝေံဓမ္မတာနည်းဟု ဟောတော်မူ၏၊ ထို့ကြောင့် ထိုဝေံဓမ္မတာနည်းသည် ဝိညတ်ရုပ်နှစ်ပါး ဖုံးလွှမ်းခြင်းကြောင့်

မသိမမြင်၍ ကွယ်ပျောက်ရလေ၏၊ ထို့ကြောင့် ဇိနာလင်္ကာရဋီကာ၌ ဤသို့ မိန့်တော်မူ၏။

> ဝိညတ္တိယာ ပဋိစ္ဆန္နတ္တာ အဗျာပါရနယော စ ဝေဓမ္မတာ နယော စ န ဥပဋ္ဌာတိ၊ သန္တာနေန ပဋိစ္ဆန္နတ္တာ ဧကတ္တနယော န ဥပဋ္ဌာတိ၊ ဃနေန ပဋိစ္ဆန္နတ္တာ နာနတ္တနယော န ဥပဋ္ဌာတိ။
>
> [ဇိနာလင်္ကာရဋီကာ။]

ဝိညတ္တိယာ၊ ကာယဝိညတ်ရုပ်, ဝစီဝိညတ်ရုပ်ဟု ဆိုအပ်သော ဝိညတ်ရုပ် နှစ်ပါးသည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့်။ အဗျာပါရ နယော စ၊ အဗျာပါရနည်းသည်၎င်း။ ဝေဓမ္မတာနယော စ၊ ဝေဓမ္မတာနည်း သည်၎င်း။ နဥပဋ္ဌာတိ၊ မထင်နိုင်။ သန္တာနေန၊ ပရမတ္ထအားဖြင့် တူသော သန္တာန်ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့်။ ဧကတ္တနယော၊ ဧကတ္တနည်းသည်။ နဥပဋ္ဌာတိ၊ မထင်နိုင်။ ဃနေန၊ တူသောသန္တာန်တခဲနက် ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ကြောင့်။ နာနတ္တနယော၊ သည်။ နဥပဋ္ဌာတိ၊ နိုင်။

ဤသို့အဗျာပါရနည်းနှင့် ဝေဓမ္မတာဟူသောနည်းနှစ်ပါးကို ဝိညတ်ရုပ်နှစ် ပါးသည် ဖုံးကွယ်၍နေသောကြောင့် မသိနိုင်, မထင်နိုင်ဟု ဆိုတော်မူ၏၊ ထို့ကြောင့် ဧကတ္တနည်းကို သန္တာန်ဖြင့်ဖုံးကွယ်သောကြောင့်မသိမထင်နိုင်ဟု ဆိုတော်မူ၏၊ နာနတ္တနည်းကို ဃနတည်းဟူသော တခဲနက်ဖြင့် ဖုံးကွယ်၍ မသိမထင်ဟုဆို၏၊ ထိုနည်းလေးပါးတို့တွင် အဗျာပါရနည်းနှင့် ဝေဓမ္မတာ ဟူသော နည်းနှစ်ပါးသည် ပရမတ္ထ ဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒ်, ပဋိစ္စ သမုပ္ပန္နဖြစ်၍ နက်နဲခက်ခဲသိမ်မွေ့သော အတိဂမ္ဘီရ အတိသုခုမဖြစ်၏၊ ထို့ ကြောင့် ဇိနာလင်္ကာရဋီကာ၌ ဤသို့မိန့်တော်မူ၏။

> စိရကာလံ ပန အတ္တဂါဟလောကိယ မဟာဇနာ ဝိညတ္တိယာ ပဋိစ္ဆန္နံ ဝေ ဂမ္ဘီရံ သုခုမံ အဗျာပါရဘာဝဥ္စ ဝေဓမ္မတဥ္စ ယထာဘူတံ အဇာနန္တာ နာနာဝိပ္ပလ္လာသမနုပဝိဋ္ဌာ ပုနပ္ပုနံ ဝိစိန္တာပိ ဓမ္မသဘာဝံ ဇာနိတုမသက္ကောန္တာ ပုနပ္ပုနံ အတ္တဂါဟပတိတာဝ အဟေသုံ။
>
> [ဇိနာလင်္ကာရဋီကာ။]

ပန၊ အထူးကိုဆိုဦးအံ့။ စိရကာလံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ အတ္တဂါဟလောကိယ မဟာဇနာ၊ သက္ကာယဒိဋ္ဌိတည်းဟူသော အတ္တဂါဟ ဒိဋ္ဌိကိုစွဲယူသော လောကီဘုံသား လူအများတို့သည်။ ဝိညတ္တိယာ၊ ကာယ

ဝိညတ်, ဝစီဝိညတ်ဟူသော ဝိညတ်ရုပ်နှစ်ပါးသည်။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းအပ်သော။ ဧဝံ၊ ဤသို့သောအခြင်းအရာအားဖြင့်။ ဂမ္ဘီရံ၊နက်နဲသော။ သုခုမံ၊ သိမ်မွေ့သော။ အဗျာပါရဘာဝဥ္စ၊ အဗျာပါရနည်း၏ အဖြစ်ကိုငှင်း။ ဧဝံဓမ္မတဥ္စ၊ ဧဝံဓမ္မတာ နည်း၏အဖြစ်ကိုငှင်း။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ အဇာနန္တာ၊ မသိနိုင်ကုန်သည်ဖြစ်၍။ နာနာဝိပ္ပလ္လာသံ၊ အထူးထူးသော ဝိပ္ပလ္လာသသို့။ အနုပဝိဋ္ဌာ၊ စုးဝင်၍နေကြကုန်၏၊ ပုနပ္ပုနံ၊အဖန်တလဲလဲ၊ ဝိစိနန္တာပိ၊ ကြံကုန်သော်လည်း။ ဓမ္မသဘာဝံ၊ ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နဖြစ်သော ပရမတ္ထဓမ္မာရုံဟူသော သဘောကို။ ဇာနိတုံ၊ သိခြင်းငှါ။ အသက္ကောန္တာ၊ မစွမ်းနိုင်ကြကုန်သည်ဖြစ်၍။ ပုနပ္ပုနံ၊အဖန်တလဲလဲ။အတ္တဂါဟပတိတာဝ၊ သက္ကာယဒိဋ္ဌိတည်းဟူသော အတ္တဝါဟ ဒိဋ္ဌိအယူသို့ ကျ၍နေကြကုန်သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်၏။

ဤသို့ နက်နဲခက်ခဲသိမ်မွေ့သော အဗျာပါရနည်းနှင့် ဧဝံဓမ္မတာဟူသော နည်းနှစ်ပါးကို လောကီပုထုဇဉ်ပုဂ္ဂိုလ်တို့ သိမြင်ခြင်းငှာ မစွမ်းနိုင်ကုန်၊ အဘယ့်ကြောင့် သိခြင်းငှာ မစွမ်းနိုင်သနည်းဆိုသော် ထိုနည်းနှစ်ပါးကို ဖုံးကွယ်သော ဝိညတ်ရုပ်၏ ဖြစ်ခြင်းသည် နက်နဲသည်၏ အဖြစ်ကြောင့်တည်း၊ အဘယ်မျှလောက် နက်နဲ ခက်ခဲသနည်းဆိုသော် အနိစ္စဓမ္မဟူသည် ဇရာမရဏဟူသော ချုပ်ပျက်ခြင်း အနိစ္စဓမ္မလည်းတပါးရှိ၏၊ ထိုဇရာပဋိစ္စသမုပ္ပါဒအဖြစ်မှ ချုပ်ပျက်သောမရဏဟူသော ပဋိစ္စသမုပ္ပန္န အနိစ္စဓမ္မလည်း တပါးရှိ၏၊ ထိုဇရာမရဏ အနိစ္စဓမ္မနှစ်ပါးပဋိစ္စသမုပ္ပန္နတရား၏ အသိခက်၍ နက်နဲသကဲ့သို့ ထိုကာယဝိညတ်, ဝစီဝိညတ်ရုပ်နှစ်ပါး၏ နက်နဲခြင်းသည်လည်း လွန်စွာနက်နဲသော အတိဂမ္ဘီရဖြစ်၏၊ ဇရာမရဏဟူသော ပဋိစ္စသမုပ္ပါဒ မရဏ,အနိစ္စဓမ္မဟူသည်ကား မျက်စိစသောပသာဒအပေါ်၌ ရူပါရုံစသော အာရုံခြောက်ပါးတို့သည် ပဋိစ္စသမုပ္ပါဒဖြစ်၍ဖြစ်၍ ချုပ်ခါပျက်ခါနေသည်ကို မရဏဟု ဟောတော်မူ၏၊ ထိုမရဏဖြင့် ချုပ်ပြီးပျက်ပြီး၍ မရှိ၍ ဒုက္ခရောက်သည်ကို ပဋိစ္စသမုပ္ပန္န,အနိစ္စဟု ဟောတော်မူ၏၊ ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌ ဤသို့မိန့်တော်မူ၏။

သာ အဋ္ဌရူပါနိ ဝိယ နစိတ္တသမုဋ္ဌာနာ၊ ယထာ ပန အနိစ္စာဒိဘေဒါနံ ဓမ္မာနံ ဇရာမရဏတ္တာ"ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတန္တိ" ဝုတ္တံ၊ ဧဝံ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိညတ္တိတာယ သာပိ စိတ္တသမုဋ္ဌာနာနာမ ဟောတိ။

[အဋ္ဌသာလိနီ အဋ္ဌကထာ။]

သာ၊ ထိုဝိညတ်ရုပ်သည်။ အဌရူပါနိဝိယ၊ မဟာဘုတ်နှင့် တကွသော အဌကလာပ်ရုပ်တို့ကဲ့သို့။စိတ္တသမုဋ္ဌာနာ၊စိတ်ကြောင့်ဖြစ်သော စိတ္တသမုဋ္ဌာနိကရုပ်မျိုးသည်။ န၊ မဟုတ်။ ပန၊ ဥပမာကိုဆိုဦးအံ့။ အနိစ္စာဒိဘေဒနံ၊ အနိစ္စအစရှိကုန်သော အလွန်ထူးကဲသော သဘောရှိကုန်သော။ ဓမ္မာနံ၊ ပဋိစ္စသမုပ္ပန္နဖြစ်သော အနိစ္စတရားတို့၏။ ဇရာမရဏတ္တာ၊ ဇရာမရဏ၏ ပဋိစ္စသမုပ္ပန္နအနိစ္စ၏အဖြစ်ကြောင့်။ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတန္တိ၊ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ-ပဋိစ္စသမုပ္ပန္နံ-ခယဓမ္မံ-ဝယဓမ္မံ-ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ-ဟူ၍။ ဝုတ္တံယထာ၊ဟောတော်မူသကဲ့သို့။ဝေံ၊ဤအတူ။စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့် ဖြစ်ကုန်သော။ရူပါနံ၊ စိတ္တဇရုပ်တို့၏။ဝိညတ္တိတာယ၊ သိစေအပ်သည်၏ အဖြစ်ကြောင့်။သာပိ၊ထိုဝိညတ်ရုပ်သည်လည်း။ စိတ္တသမုဋ္ဌာနာနာမ၊ စိတ္တသမုဋ္ဌာနိကရုပ်မည်သည်။ ဟောတိ၊ဖြစ်၏။

ထို့ကြောင့် ထိုကာယဝိညတ်, ဝစီဝိညတ်ရုပ်သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တူသည်၏ အဖြစ်ကြောင့် ထိုဝိညတ်ရုပ်နှစ်ပါးသည် စိတ္တဇဟူသော အမည်ကိုလည်းရ၏၊ ထိုစိတ္တဇဟူသော အမည်ကိုရသော ဝိညတ်ရုပ်နှစ်ပါးသည် ပရမတ္ထဓမ္မာရုံ ဥပါဒါရုပ်,ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာ မည်သောဝိညတ်ရုပ်ပေတည်း၊ ထိုပိုစ္စသမုပ္ပါဒဟူသော ဝိညတ်ရုပ် နှစ်ပါး၏ ချုပ်ပျက်ခြင်းအနိစ္စဟု ဆိုအပ်သော ပဋိစ္စသမုပ္ပန္နဓမ္မ၏ သဘောသည်၊တထတာ၊မှန်၏၊ အဝိတထတာ၊ မချွတ်မယွင်းမှန်၏။

ဤသို့ မိမိ၏သဘောအတိုင်း မှန်သောအနိစ္စ, မချွတ်မယွင်းသော အနိစ္စသဘောသည် ဧဝံဓမ္မတာသဘောမည်၏၊ ထိုဧဝံဓမ္မတာသဘောသည်ပင်လျှင် ဧဝံဓမ္မတာနည်းမည်၏။

အဗျာပါရနည်းဟူသည်ကား-ထိုပရမတ္ထ ဓမ္မာရုံ ဥပါဒါရုပ် ဟူသော ပဋိစ္စသမုပ္ပါဒ, ဥပါဒါနက္ခန္ဓာမည်သော ကာယဝိညတ်, ဝစီဝိညတ်ဟု ဆိုအပ်သော ဝိညတ်ရုပ်နှစ်ပါးသည် နိဿတ္တ, နိဇ္ဇီဝဖြစ်၍ အကောင်အထည် ဒြဗ်ဝတ္ထုမရှိသည်ဖြစ်၍ ကြောင့်ကြအားထုတ်ခြင်း-ဗျာပါရ မရှိခြင်းကြောင့် အဗျာပါရသဘောမည်၏၊ထိုကြောင့်ကြ အားထုတ်ခြင်းမရှိသော အဗျာပါရ သဘောသည်ပင်လျှင် အဗျာပါရနည်းမည်၏၊ ထို့ကြောင့် ထိုအဗျာပါရ နည်းနှင့် ဧဝံဓမ္မတာဟူသောနည်းနှစ်ပါးသည် အတိဂမ္ဘီရ,အတိသုခုမဖြစ်၍ အလွန်နက်နဲသိမ်မွေ့သည်ဟု ဟောတော်မူ၏။

ဤကား အဗျာပါရနည်းနှင့် ဧဝံဓမ္မတာဟူသောနည်း
နှစ်ပါးကိုပြသောစကားတည်း။

ဃနတ္တနည်းနှင့် နာနတ္တနည်းဟူသည်ကား- ထိုနှစ်ပါးသော နည်းတို့တွင်ဃနတ္တနည်းသည် တူသောသန္တာန်ရှိသော ပရမတ္ထဖြစ်သော စိတ်နှင့်ရုပ်နှစ်ပါးကို တခုတည်းယူ၍ တူသောသန္တာန်ရှိသော သန္တာနပညတ်ဖြင့်ဖုံးလွှမ်းသောကြောင့် ဃနတ္တနည်းသည် ကွယ်ပျောက်ရလေ၏။

နာနတ္တနည်းဟူသည်ကား- ပရမတ္ထဖြစ်သော စိပ်နှင့်ရုပ်နှစ်ပါး၏ တပြိုင်နက် ဖြစ်ပေါ်၍ နေသည်ကို ထို"စိတ်-စိတ်,ရုပ်-ရုပ်"ဟု နှစ်ပါးကွဲပြားထူးခြားနားအောင် မသိမမြင်နိုင်သည်ဖြစ်၍ တပေါင်းတစည်းတည်း, တလုံးတည်း, တခဲနက်အားဖြင့်မြင်၍ ကြား၍ အကောင်အထည်ဒြပ် ဝတ္ထုဟူသောမိန်းမ,ယောကျ်ား ရှိသည်ဟု ယူသောအယူသည် နာနတ္တနည်း ကွယ်ပျောက်လေ၏၊ ထိုသို့နာနတ္တနည်း၏ ကွယ်ပျောက်ရခြင်းသည် တခဲနက်ဟူသော ဃနတရားဖုံးလွှမ်းသောကြောင့်တည်း၊ ထို့ကြောင့် ဇိနာလင်္ကာရဋီကာ၌ ဤသို့မိန့်တော်မူ၏။

> ဒိဋ္ဌိဂတာ ပန အဿုတဝါ ပုထုဇ္ဇနာ စိတ္တသန္တာနံ ဃေနတ္တေန ဂဟေတွာ သဿတံ ဂဏှိံသု၊ ဃနေန ပဋိစ္ဆန္နတ္တာ သရီရေ ပထဝီ ဖဿာဒိဓမ္မသမူဟံ ဝိနိဗ္ဘောဂံ ကာတု မသက္ကောန္တာ ဧကမေဝ အတ္တာတိ ဂဟေတွာ အတ္တဂါဟပတိတာ အဟေသုံ။
>
> [ဇိနာလင်္ကာရဋီကာ။]

ပန၊ ဃနတ္တနည်း, နာနတ္တနည်း၌ ဖုံးလွှမ်းသည်ကို ပြဆိုလိုက်ဦးအံ့။ ဒိဋ္ဌိဂတာ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့်တကွဖြစ်ကုန်သော။ အဿုတဝါ၊ အရိယာဓမ္မ, သပ္ပုရိသဓမ္မဟုဆိုအပ်သော တရားတော်ကိုမကြားမနာရဘူးသေးကုန်သော၊ ပုထုဇ္ဇနာ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ စိတ္တသန္တာနံ၊ တူသောသန္တာန်ရှိသော ပရမတ္ထဖြစ်သော စိတ်ဝိညာဏ်နှစ်ပါးတို့၏။ ဃေနတ္တေန၊ ဓမ္မာရုံဖြစ်သော စိတ်သန္တာန်နှင့် ဝိညာဏဋ္ဌိတိဟူသော စိတ်ဝိညာဏ်၏၊ တူသောသန္တာန်ရှိသော အယူကိုမယူမူ၍ တခုတည်းသောအဖြစ်ဖြင့်။ ဂဟေတွာ၊ တခုတည်းသော အနက်သဘောကိုယူ၍။ သဿတံ၊ သဿတဒိဋ္ဌိအယူကို၊ ဂဏှိံသု၊ ယူကြကုန်၏၊ ဃနေန၊ ပရမတ္ထ ဓမ္မာရုံဖြစ်သော ဥပါဒါရုပ်ဟူသောတခဲနက်သော တူသောသန္တာန်ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ နှစ်ပါးကိုပင် တပါးထင်၍ အမြင်အကြား မျက်စိနား၌ ဖုံးအုပ်၍ထားသည်၏ အဖြစ်ကြောင့်။ သရီရေ၊ ဝိညာဏဋ္ဌိတိ ဟုဆိုအပ်သော သတ္တဝါတို့၏ကိုယ်၌၊ ပထဝီဖဿာဒိဓမ္မသမူဟံ၊ ပထဝီဟူသောဘူတရုပ်နှင့် ဖဿအစရှိသော စေတသိက်ဓမ္မာရုံအပေါင်းကို။

ဝိနိဗ္ဘောဂံ၊ ဝိညာဏဋ္ဌိတိဟူသော ပရမတ်နှင့် ဓမ္မာရုံဖြစ်သော ပရမတ်နှစ်ပါးတို့၏ကွဲပြား ကွေကွင်းခြင်းကို။ ကာတုံ၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့်ပြုခြင်းငှါ။ အသက္ကောန္တာ၊မစွမ်းနိုင်ကြကုန်သည်ဖြစ်၍။ ကေမေဝ၊ တပေါင်းတစည်း တစုတည်းပြု၍။ အတ္တာ၊ ဘူတရုပ်ဝိညာဏ်ရှိသော ကိုယ်တည်း။ ဣတိ၊ ဤသို့သက္ကာယဒိဋ္ဌိအယူကို။ ဂဟေတွာ ယူ၍။ အတ္တဂါဟပတိတာ၊ သက္ကာယဒိဋ္ဌိအယူတည်းဟူသော အတ္တဂါဟဒိဋ္ဌိအယူသို့ကျ၍ နေကြကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

ဤသို့ကေတ္တနည်းနှင့်နာနတ္တနည်းနှစ်ပါးကိုဟောတော်မူခြင်းသည် ဥပါဒ်,ဌီဘင်,နှင့်တကွ သတ္တ,ဇီဝရှိသော ဝိညာဏဋ္ဌိတိဟူသော ပရမတ္ထနှင့် ဥပါဒ်,ဌီ,ဘင်ကင်းသောနိဿတ္တ,နိဇ္ဇီဝဖြစ်သော ဓမ္မာရုံ ပဋိစ္စသမုပ္ပါဒဟူသော ပရမတ္ထတရား၊ ထိုပရမတ်နှစ်ပါးတို့၏ တူသောသန္တာန်ရှိ၍ ကေတ္တနည်းအားဖြင့် ဟောတော်မူခြင်းသည် ဒွယဟူသော ဒေသနာနှစ်ပါးရှိသည်ကို သိစေတော်မူလိုသောကြောင့် ကေတ္တနည်းကို ဟောတော်မူ၏၊ ထိုသို့ဟောတော်မူသော ကေတ္တနည်း၌ တူသောသန္တာန်ဟူသောနှစ်ပါးသော ဒွယတို့၌ မတူကွဲပြား သဘောအားဖြင့် အထူးထူးအပြားပြား သဘောအနက်ရှိသည်ကို သိစေတော်မူလိုသောကြောင့် နာနတ္တနည်းကိုဟောတော်မူ၏။

ဤကား နည်း ၄-ပါးကို ပြဆိုသော
အခဏ်းတည်း။

---

## ၇။ လမ်းခွဲကိုပြဆိုခြင်း

ဤသို့ပဋိဝေဓ သာသနာတည်းဟူသော အနိစ္စဓမ္မ,ဒုက္ခဓမ္မ, အနတ္တဓမ္မဟူသော ဝိပဿနာဉာဏစရိယမည်သော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဤသို့ဟောတော်မူသော နည်းလေးပါးကိုသိ၍ သုတ္တ,ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက,အဗ္ဘုတဓမ္မ, ဝေဒလ္လဟူသော အင်္ဂါကိုးပါးနှင့်ပြည့်စုံသော သုဒ္ဓဓမ္မ ပရိယတ္တိသာသနာတော်၌ ဟောတော်မူသည့်အတိုင်း ပရိယတ္တိဗဟုလ တရားနှင့်မရောမယှက်စေမူ၍ ဖြူလွှင်သန့်ရှင်းစင်ကြယ်သော ဒါန,သီလ,နိက္ခမ စသောပါရမီဆယ်ပါး ကုသလာဘိသင်္ခါရ ကုသိုလ်ကိုသာ နိဗ္ဗာန်သို့ ညွတ်သောစိတ်,ကိုင်းသောစိတ်,ရှိုင်းသောစိတ်ဖြင့်သာ သပ္ပုရိသ သူတော်ကောင်းတို့သည် အားထုတ်၍ပြုကြကုန်၏၊ ထို့ကြောင့် မဟာနိဒ္ဒေသပါဠိတော်၌ ဤသို့မိန့်တော်မူ၏။

ယံကိဉ္စိ တေ ခါတုကံ ကုသလာဘိသင်္ခါရံ အဘိသင်္ခရောန္တာ နဂတိ ဟေတု နဥပပတ္တိဟေတု နပဋိသန္ဓိဟေတု နဘဝဟေတု နသံသာရ ဟေတု နဝဋ္ဋဟေတု၊ သဗ္ဗန္တံ ဝိသံယောဂါဓိပ္ပါယော နိဗ္ဗာနနိန္နော နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရော အဘိသင်္ခရောတိ။

[မဟာနိဒ္ဒေသပါဠိတော်။]

ကုသလာဘိသင်္ခါရံ၊ အဘိသင်္ခါရကုသိုလ်-ဟု ဆိုအပ်သော။ ယံကိဉ္စိ ခါတုကံ၊ အလုံးစုံသော သမ္မာဒိဋ္ဌိ မဂ္ဂင်နှင့်ယှဉ်သော ဓမ္မာရုံ ဓမ္မဓာတ်ဖြစ် သော ကုသိုလ်ကို။ အဘိသင်္ခရောန္တာ၊ အားထုတ်တော်မူကြကုန်သော။ တေ၊ ထိုနည်းလေးပါးကို သိသောသပ္ပုရိသ သူတော်ကောင်းတို့သည်။ ဂတိဟေတု၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ လားရာဖြစ်သော ဂတိ-ဟူသော အကြောင်း ကြောင့်။ နအဘိသင်္ခရောန္တိ၊ မပြုကုန်။ ဥပပတ္တိဟေတု၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော ဥပပတ္တိဘဝ-ဟူသော အကြောင်း ကြောင့်။ နအဘိသင်္ခရောန္တိ၊ မပြုကုန်။ ပဋိသန္ဓိဟေတု၊ ဥပါဒါနက္ခန္ဓာ ငါးပါး၏ ပဋိသန္ဓေ-ဟူသောအကြောင်းကြောင့်။ နအဘိသင်္ခရောန္တိ၊မပြုကုန်။ ဘဝဟေတု၊စေတနာကံ-ဟူသော ဘဝအကြောင်းကြောင့်။နအဘိသင်္ခရောန္တိ၊ မပြုရာကုန်။ သံသာရဟေတု၊ ပဋိစ္စသမုပ္ပါဒမည်သော သံသရာ-ဟူသော အကြောင်းကြောင့်။ နအဘိသင်္ခရောန္တိ၊ မပြုကုန်။ ဝဋ္ဋဟေတု၊ ကမ္မဝဋ်, ကိလေသဝဋ်, ဝိပါကဝဋ်-ဟု ဆိုအပ်သော ဝဋ်သုံးပါး-ဟူသော အကြောင်း ကြောင့်။ နအဘိသင်္ခရောန္တိ၊မပြုကုန်။ တံသဗ္ဗံ၊ ထိုအလုံးစုံသောကုသလာဘိ သင်္ခါရ ကုသိုလ်ဟူသမျှကို။ နိဗ္ဗာနနိန္နော၊ နိဗ္ဗာန်သို့ညွတ်သော စိတ်ရှိသော၊ နိဗ္ဗာနပေါဏော၊ နိဗ္ဗာန်သို့ ကိုင်းသောစိတ်ရှိသော။ နိဗ္ဗာနပဗ္ဘာရော၊ နိဗ္ဗာန်သို့ရှိုင်းသော စိတ်ရှိသော၊ ဝိသံယောဂါဓိပ္ပါယော၊ ပဋိစ္စသမုပ္ပါဒ တည်းဟူသော ဥပါဒါနက္ခန္ဓာသံသရာနှင့် မယှဉ် ကင်းကွာလွတ်မြောက် ခြင်းငှါ အလိုရှိသောသပ္ပုရိသသူတော်ကောင်းသည်။ အဘိသင်္ခရောတိ၊ပြု၏။

ဤသို့မဟာနိဒ္ဒေသ ပါဠိတော်၌ မဟာအဋ္ဌသေနာပတိ ဖြစ်တော်မူသော ရှင်သာရိပုတ္တရာ မိန့်ဆိုတော်မူသည်နှင့်အညီ ပဋိစ္စသမုပ္ပါဒ-ဟူသော ဥပါဒါ နက္ခန္ဓာသံသရာနှင့် သုဒ္ဓဓမ္မ ပဋိစ္စသမုပ္ပါဒနိဿရဏ သံသရာ-ဟူသော လမ်းနှစ်ပါး၏ အခွဲကိုရင်း၊ မိစ္ဆာနိရုတ္တိပထ, မိစ္ဆာအဓိဝစနပထ, မိစ္ဆာ ပညတ္တိပထနှင့်, သမ္မာနိရုတ္တိပထ, သမ္မာအဓိဝစနပထ, သမ္မာပညတ္တိ ပထ-ဟူသော လမ်းနှစ်ပါး၏ အခွဲကိုရင်း ဝိညာဏဋ္ဌိတိ, ဝိညာဏစရိယ,

ဝိညာဏံ မဇ္ဈေ,ဝိညာဏံ အနိဒဿနံ,အနန္တံ သဗ္ဗတောပဘံ,ပကတိပရိသုဒ္ဓ မိဒံစိတ္တံ, ဉာဏစရိယ, အဉာဏစရိယ ဟူသော ပရမတ္ထ ဝိညာဏ်နှင့် ပရမတ္ထဖြစ်သော အာရုံခြောက်ပါး, ဓမ္မာရုံအားဖြင့် ခြောက်ပါး၊ ထို ဓမ္မာရုံ ခြောက်ပါးတို့တွင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-ဟူသော ပရမတ္ထတရားနှင့် ပရမတ္ထဓမ္မာရုံ-ဟူသော လမ်းနှစ်ပါး၏ အခွဲကိုရင်း၊ သပ္ပုရိသပုဂ္ဂိုလ်တို့၏ ကျင်လည်သော ဘဝနှင့် အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့၏ ကျင်လည်သော ဘဝနှစ်ပါး၏ လမ်းခွဲကိုရင်း မိမိအားထုတ်အပ်သော သမာဓိဘာဝနာမယဉာဏ်ဖြင့် သိမြင်သလောက် ရေးသား ဖော်ပြလိုက် ပေအံ့။

> ပစ္စတ္တိကာ ပစ္စတ္တိကာတိ ခေါ ဘိက္ခဝေ ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ၊ဝဓကာ ဝဓကာတိ ခေါ ဘိက္ခဝေ ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ။

ဤသို့ဟောတော်မူသည်နှင့်အညီ ဤပဋိစ္စသမုပ္ပါဒ-ဟူသောဥပါဒါနက္ခန္ဓာ တည်းဟူသော သံသရာကြီး၌ ထိုဥပါဒါနက္ခန္ဓာငါးပါးသည်ပင်လျှင် ရန်သူ မည်၏၊ လူကိုအမြဲသတ်၍ နေသောကြောင့် လူသတ်ယောက်ျားနှင့်လည်း တူ၏-ဟု ဟောတော်မူ၏၊ ထိုဥပါဒါနက္ခန္ဓာငါးပါး-ဟူသည် ပရမတ္ထအား ဖြင့် မရှိသောခန္ဓာပေတည်း၊ မိစ္ဆာအဓိဝစနပထဖြင့် မှည့်ခေါ်၍, မိစ္ဆာ ပညတ်ဖြင့်ပြောဆို၍ကိုယ်ရှိသည်-ဟူသောအတ္တဒိဋ္ဌိစွဲနှင့်သမုဒယောနတ္ထိ-ဟု ဟောတော်မူသည်ကို သမုဒယောအတ္ထိ ဟူသော အယူဝါဒကိုယူ၍, မရှိသည် ကို ရှိသည်ထင်၍ စွဲယူခြင်းသဿတဒိဋ္ဌိ၊ မရှိသည်ကိုရှိသည်-ဟု အယူကိုယူ၍ စွဲကိုင်သော ဝဋ္ဋမှ လွတ်ခြင်းဥစ္ဆေဒဒိဋ္ဌိ၊ ထိုဒိဋ္ဌိနှစ်ပါးကို အမြဲ အစွဲယူ၍ နိစ္စ, သုခ, အတ္တကို အမြဲရှာ၍ နေကြကုန်၏၊ ထိုသို့ရှာဘွေ အားထုတ်သော် လည်း ဥပမိလေးပါးတည်းဟူသော ဇာတိ, ဇရာ, ဗျာဓိ, မရဏ-ဟူသော သံသရာ၏ဘေးကြီးနှင့်သာ အမြဲတွေ့၍ နေကြရကုန်၏၊ ထိုအန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့၏ စွဲယူသော အတ္တဂါဟ, အန္တဂါဟိက, အာသယ, သက္ကာယ- ဟူသော ဒိဋ္ဌိကို ပြတော်မူလို၍ ဤသို့မိန့်တော်မူ၏။

> အတ္တာတိ အတ္တဒိဋ္ဌိ၊ နိရတ္တာတိ ဥစ္ဆေဒဒိဋ္ဌိ၊ အတ္တာတိ ဂဟိတံ နတ္ထိ၊ နိရတ္တာတိ မုဥ္စိတဗ္ဗံ နတ္ထိ၊ ယဿ နတ္ထိ ဂဟိတံ၊ တဿ နတ္ထိ မုဥ္စိတဗ္ဗံ၊ ယဿ နတ္ထိ မုဥ္စိတဗ္ဗံ၊ တဿ နတ္ထိ ဂဟိတံ။

[စူဠနိဒ္ဒေသပါဠိတော်။]

အတ္တာတိ၊ အတ္တ-ဟူသည်ကား။ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိတည်း။ နိရတ္တာတိ၊ နိရတ္တ-ဟူသည်ကား။ ဥစ္ဆေဒဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတည်း။ အတ္တာတိ၊ အတ္တ-ဟူသည်ကား။ နတ္ထိ၊ မရှိသောဝတ္ထုကို။ ဂဟိတံ၊ ရှိသည်ထင်၍ စွဲကိုင်ခြင်းတည်း။ နိရတ္တာတိ၊ နိရတ္တဟူသည်ကား။ နတ္ထိ၊ မရှိသောဝတ္ထုကို။ မုဉ္စိတဗ္ဗံ၊ ရှိသည်ထင်၍ လွှတ်ခြင်းတည်း။ယဿ၊ အကြင်သူအား။ နတ္ထိ၊ မရှိသောဝတ္ထုကို။ ဂဟိတံ၊ စွဲကိုင်ခြင်းတည်း။ တဿ၊ ထိုပုဂ္ဂိုလ်အား။ နတ္ထိ၊မရှိသောဝတ္ထုကို။ မုဉ္စိတဗ္ဗံ၊ ရှိသည်ထင်၍ လွှတ်ခြင်းတည်း။ ယဿ၊ အကြင်သူအား။ နတ္ထိ၊ မရှိသောဝတ္ထုကို။ မုဉ္စိတဗ္ဗံ၊ ရှိသည်ထင်၍ လွှတ်ခြင်းတည်း။ တဿ၊ ထိုသူအား၊ နတ္ထိ၊ မရှိသောဝတ္ထုကို။ဂဟိတံ၊ ရှိသည်ထင်၍ စွဲကိုင်ခြင်းတည်း။

ဤကား လမ်းခွဲကိုပြဆိုသောအခဏ်းတည်း။

---

## ဂ။ ဥပါဒါနက္ခန္ဓာငါးပါး၏ဖြစ်ကြောင်း

ဤပဋိစ္စသမုပ္ပါဒ တည်းဟူသော ဥပါဒါနက္ခန္ဓာ ဟူသော သံသရာ၌ ကျင်လည်ကုန်သော အန္ဓပုထုဇဉ် သတ္တဝါတို့သည် ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိနှင့်တကွ အလုံးစုံသော ဒိဋ္ဌိဟူသမျှတို့သည် ဥပါဒ်,ဋ္ဌီ,ဘင် အထည်ဒြပ်ဝတ္ထုမရှိသော နိဿတ္တ,နိဇ္ဇီဝဖြစ်သော အာရုံခြောက်ပါးဟူသော ဓမ္မရုံကြီးကို သတ္တ,ဇီဝ, ဥပါဒ်, ဋ္ဌီ, ဘင်ရှိသော စိတ်ဝိညာဏ်ဟု အထင်အမှတ်ထား၍ ယောကျ်ား,မိန်းမရှိသည်ဟု ယူသောအယူသည် မိစ္ဆာအယူမည်၏၊ ဤဥပါဒါနက္ခန္ဓာငါးပါးတို့သည် အဘယ်သမုဒယ, အဘယ်ပစ္စယကြောင့် ဖြစ်ပေါ်လာသနည်းဆိုသော် အဝိဇ္ဇာ,တဏှာ, ကံ ဟုဆိုအပ်သော သုံးပါးသော သမုဒယကြောင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဖြစ်ပေါ်၍ လာကြကုန်၏။ ရူပုပါဒါနက္ခန္ဓာသည် ဘူတရုပ်ဟူသော အာဟာရကြောင့် ဖြစ်၏၊ ဝေဒနုပါဒါနက္ခန္ဓာ, သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဤဥပါဒါနက္ခန္ဓာသုံးပါးသည် ဖဿ ဟူသောအကြောင်းကြောင့်ဖြစ်၏၊ ဝိညာဏုပါဒါနက္ခန္ဓာသည် နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဖြစ်၏၊ဤသို့ပဋိစ္စသမုပ္ပါဒ ဟူသော အကြောင်းကို သိမ်းဆည်းသောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်မည်၏၊ တဖန် မြတ်စွာဘုရားသည် ဤပဋိစ္စသမုပ္ပါဒ တည်းဟူသော ဥပါဒါနက္ခန္ဓာငါးပါး၏ အမြစ်မူလကား ဆန္ဒရာဂဟု ဟောတော်မူ၏၊ ထိုဆန္ဒရာဂသည် ဥပါဒါန်လေးပါးနှင့်တကွ ဖြစ်၏၊ ဆန္ဒရာဂ ဟူသည်လည်း ဆန္ဒစေတသိက်နှင့်တကွဖြစ်သော လောဘတရားပေတည်း။

ထို ဥပါဒါနက္ခန္ဓာငါးပါးသည် ပရမတ္ထအားဖြင့် မရှိသော မိစ္ဆာပညတ် မျှသာတည်း၊ ထိုမရှိသော ဓမ္မာရုံ မိစ္ဆာပညတ်ကို အန္ဓပုထုဇဉ် ပုဂ္ဂိုလ် တို့သည် သမုဒယ ပဋိစ္စသမုပ္ပါဒကို အရှိပြု၍ သာယာနှစ်သက်ခြင်းသည် သဿတဒိဋ္ဌိမည်၏၊ မသာ မယာ,မနှစ်သက်ခြင်းသည် ဥစ္ဆေဒဒိဋ္ဌိ မည်၏၊ ထို့ကြောင့် သက္ကာယဒိဋ္ဌိနှင့်တကွ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့၏ ကျင်လည်ရာဖြစ်သော ပဋိစ္စသမုပ္ပါဒ ဟူသော ဓမ္မာရုံ ဓမ္မနိယာမ တရားကြီး သည် ဥပါဒ်, ဌီ, ဘင်ကင်း၍ တစုံတခု ဘာမျှမရှိသောကြောင့် နိဿတ္တ, နိဇ္ဇီဝဖြစ်သော ဓမ္မာရုံကြီးသက်သက်သာတည်း၊ ထိုမရှိသော ဥပါဒါနက္ခန္ဓာ ငါးပါးကြီးကို သတ္တ,ဇီဝရှိသည်ဟု မိစ္ဆာအယူကို ယူ၍ တဆယ့်တပါးသော အဓိဝစနဟူသော အမည်ဖြင့် ခေါ်ဝေါ် သုံးစွဲပြောဆို၍ နေကြကုန်၏၊ ''သမုဒယောနတ္ထိ''ဟု ဟောတော်မူသည်နှင့်အညီ သတ္တ, ဇီဝ-အကောင် အထည်ဒြပ်မရှိသော သမုဒယ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်၍ လာသော ဥပါဒါနက္ခန္ဓာငါးပါးကို တဆယ့်တပါးသော အဓိဝစနပထ အမည်တို့ဖြင့် ခေါ်ဝေါ်သုံးစွဲပြောဆို၍ နေကြကုန်၏။

အမည် တဆယ့်တပါး ဟူသည်ကား—

၁။ အတိတ်ကာလကို စွဲ၍ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါး၌ ဝိစိကိစ္ဆာ လည်း ငါးပါးဖြစ်၏။

၂။ အနာဂတ်ကာလကို စွဲ၍ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါး၌ ဝိစိ ကိစ္ဆာလည်း ငါးပါးဖြစ်၏။

၃။ ပစ္စုပ္ပန်ကာလကို စွဲ၍ဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါး၌ ဝိစိ ကိစ္ဆာလည်း ငါးပါးဖြစ်၏။

၄။ အဇ္ဈတ္တာယတန ဟူသော အဇ္ဈတ္တသန္တာန်ကိုစွဲ၍ ဥပါဒါနက္ခန္ဓာ ငါးပါးဖြစ်၏။

၅။ ဗာဟိရာယတန ဟူသော ဗဟိဒ္ဓသန္တာန်ကိုစွဲ၍ ဥပါဒါနက္ခန္ဓာ ငါးပါးဖြစ်၏။

၆။ ရုန့်ရင်းကြမ်းတန်းသော ဩဠာရိကရုပ်ကိုစွဲ၍ ဥပါဒါနက္ခန္ဓာငါးပါး ဖြစ်၏။

၇။ သိမ်မွေ့နူးညံ့သော သုခုမရုပ်ကိုစွဲ၍ ဥပါဒါနက္ခန္ဓာငါးပါးဖြစ်၏။

၈။ ယုတ်ညံ့သော ဟီနရုပ်ကိုစွဲ၍ ဥပါဒါနက္ခန္ဓာငါးပါးဖြစ်၏။
၉။ မြတ်သောပဏီတရုပ်ကိုစွဲ၍ ဥပါဒါနက္ခန္ဓာငါးပါးဖြစ်၏။
၁၀။ ဝေးသော ဒူရေရုပ်ကိုစွဲ၍ ဥပါဒါနက္ခန္ဓာငါးပါးဖြစ်၏။
၁၁။ နီးသော သန္တိကေရုပ်ကိုစွဲ၍ ဥပါဒါနက္ခန္ဓာငါးပါးဖြစ်၏။

ဤသို့လျှင် တဆယ့်တပါးသော အမည်တို့ဖြင့် ခေါ်ဝေါ်သုံးစွဲ၍ နေကြကုန်၏၊ ဤသို့မြတ်စွာဘုရားသည် ဥပရိပဏ္ဏာသပါဠိတော်၌ ဤသို့ဟောတော်မူ၏။

၁။ ဣမေ ခေါ ဘိက္ခု ပဉ္စုပါဒါနက္ခန္ဓာ၊ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။

၂။ ဣမေ ပန ဘန္တေ ပဉ္စုပါဒါ နက္ခန္ဓာ ကိံမူလကာ၊ဣမေ ခေါဘိက္ခု ပဉ္စုပါဒါနက္ခန္ဓာ ဆန္ဒမူလကာ။

၃။ တံယေဝ နု ခေါ ဘန္တေ ဥပါဒါနံ တေပဉ္စုပါဒါနက္ခန္ဓာ၊ ဥဒါဟု အညတ္တ ပဉ္စဟုပါဒါနက္ခန္ဓေဟိ ဥပါဒါနံ၊ န ခေါ ဘိက္ခု တံယေဝ ဥပါဒါနံ တေပဉ္စုပါဒါနက္ခန္ဓာ၊နာပိ အညတ္တ ပဉ္စဟု ပါဒါနက္ခန္ဓေဟိ ဥပါဒါနံ၊ ယော ခေါ ဘိက္ခု ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂေါ၊ တံ တတ္ထ ဥပါဒါနံ။

၄။ သိယာ ပန ဘန္တေ ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂဝေမတ္တတာ၊ သိယာ ဘိက္ခူတိ ဘဂဝါ အဝေါစ၊ဣဓ ဘိက္ခု ဧကစ္စဿ ဧဝံ ရူပေါ သိယံ အနာဂတမဒ္ဓါနံ၊ ဧဝံ ဝေဒနော သိယံ အနာဂတမဒ္ဓါနံ ဧဝံ သညော သိယံ အနာဂတမဒ္ဓါနံ၊ ဧဝံ သင်္ခါရော သိယံ အနာဂတမဒ္ဓါနံ၊ ဧဝံ ဝိညာဏော သိယံ အနာဂတမဒ္ဓါနံ၊ တတ္ထ နန္ဒိံ သမန္နေတိ။

၅။ ကိတ္တာဝတာ ပန ဘန္တေ ခန္ဓာနံ ခန္ဓာဓိဝစနံ ဟောတိ၊ ယံကိဉ္စိရူပံ ယာကာစိဝေဒနာ ယာကာစိသညာ ယေကေစိသင်္ခါရာ ယံကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေသန္တိကေဝါ အယံ ရူပက္ခန္ဓော၊ အယံ ဝေဒနက္ခန္ဓော၊ အယံ သညက္ခန္ဓော၊ အယံ သင်္ခါရက္ခန္ဓော၊ အယံ ဝိညာဏက္ခန္ဓော၊ ဧတ္တာဝတာ ခေါ ဘိက္ခု ခန္ဓာနံ ခန္ဓာဓိဝစနံ ဟောတိ။

၆။ ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော ရူပက္ခန္ဓဿ ပညာပနာယ၊ ဝေဒနက္ခန္ဓဿ ပညာပနာယ၊ သညက္ခန္ဓဿ ပညာပနာယ၊ သင်္ခါရက္ခန္ဓဿ ပညာပနာယ ဝိညာဏက္ခန္ဓဿ ပညာပနာယ၊ စတ္တာရော ခေါ ဘိက္ခု မဟာဘူတာ ဟေတု-စတ္တာရော မဟာဘူတာ ပစ္စယော ရူပက္ခန္ဓဿ ပညာပနာယ၊ဖဿော ဟေတု-ဖဿော ပစ္စယော ဝေဒနက္ခန္ဓဿ ပညာပနာယ၊သညက္ခန္ဓဿ ပညာပနာယ၊ သင်္ခါရက္ခန္ဓဿ ပညာပနာယ၊ နာမရူပံ ဟေတု-နာမရူပံ ပစ္စယော ဝိညာဏက္ခန္ဓဿ ပညာပနာယ။

[ဥပရိပဏ္ဏာသပါဠိတော်။]

၁။ ဘိက္ခု၊ ချစ်သားရဟန်း။ ပဥ္စုပါဒါနက္ခန္ဓာ၊ ဥပါနက္ခန္ဓာငါးပါးတို့သည်။ ဣမေခေါ၊ ဤသည်တို့ပင်တည်း။ သေယျထိဒံ၊ ပဥ္စုပါဒါနက္ခန္ဓာငါးပါးတို့ဟူသည် အဘယ်သည်တို့နည်း။ ရူပုပါဒါနက္ခန္ဓော၊ ရူပုပါဒါနက္ခန္ဓာ ၎င်း။ ဝေဒနုပါဒါနက္ခန္ဓော၊ ဝေဒနုပါဒါနက္ခန္ဓာ၎င်း။ သညုပါဒါနက္ခန္ဓော၊ သညုပါဒါနက္ခန္ဓာ၎င်း။ သင်္ခါရုပါဒါနက္ခန္ဓော၊ သင်္ခါရုပါဒါနက္ခန္ဓာ၎င်း။ ဝိညာဏုပါဒါနက္ခန္ဓော၊ ဝိညာဏုပါဒါနက္ခန္ဓာ၎င်း။

၂။ ဘန္တေ၊မြတ်စွာဘုရား။ ဣမေပနပဥ္စုပါဒါနက္ခန္ဓာ၊ဤဥပါဒါနက္ခန္ဓာငါးပါးတို့သည်။ ကိံ မူလကာ၊ အဘယ်တရားလျှင် အကြောင်းရင်းရှိကုန်သနည်း။ ဘိက္ခု၊ ချစ်သားရဟန်း။ ဣမေခေါပဥ္စုပါဒါနက္ခန္ဓာ၊ ဤဥပါဒါနက္ခန္ဓာငါးပါးတို့သည်။ ဆန္ဒမူလကာ၊ဆန္ဒရာဂလျှင်အကြောင်းရင်းရှိကုန်၏။

၃။ ဘန္တေ၊ မြတ်စွာဘုရား။ တေ ပဥ္စုပါဒါနက္ခန္ဓာ၊ ထိုဥပါဒါနက္ခန္ဓာငါးပါးတို့သည်။ တံယေဝ နုခေါ ဥပါဒါနံ၊ ထိုဥပါဒါန်ပင်ဖြစ်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်။အညတြ၊တပါးသောအရပ်၌။ ပဥ္စဟိ၊ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေဟိ၊ ဥပါဒါနက္ခန္ဓာတို့မှ။ ဥပါဒါနံ၊ ဥပါဒါန်သည်။ ဟောတိ နုခေါ၊ ဖြစ်သလော။ ဘိက္ခု၊ချစ်သားရဟန်း၊တေပဥ္စုပါဒါနက္ခန္ဓာ၊တို့သည်။ တံယေဝဥပါဒါနံ၊ ထိုဥပါဒါန်သည်။ နခေါ၊မဟုတ်။ အညတြ၊ တပါးသောအရပ်၌၊ပဥ္စဟိ၊ ကုန်သော။ ဥပါဒါနက္ခန္ဓေဟိ၊ တို့မှ။ဥပါဒါနံ၊သည်။ နာပိဟောတိ၊မဖြစ်။ဘိက္ခု၊ရဟန်း။ပဥ္စသု ဥပါဒါနက္ခန္ဓေသု၊ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌။ ယောခေါဆန္ဒရာဂေါ၊ အကြင်ဆန္ဒရာဂသည်။ ဟောတိ၊၏။ တတ္ထ၊ ထိုဥပါဒါနက္ခန္ဓာငါးပါး၌။ တံဥပါဒါနံ၊သည်။ ဟောတိ၊၏။

၄။ ဘန္တေ၊ မြတ်စွာဘုရား။ ပဥ္စသုဥပါဒါနက္ခန္ဓေသု၊ တို့၌။ ဆန္ဒရာဂဝေမတ္တာ၊ ဆန္ဒရာဂလျှင် အပိုင်းအခြားရှိသည်။ သိယာပန၊ ဖြစ်လည်းဖြစ်ရာ

သလော။ ဘိက္ခု၊ရဟန်း။ သိယာ၊ဖြစ်၏။ဍာတိ၊ဤသို့။ဘာဂဝါ၊သည်။အဝေါစ၊မိန့်တော်မူ၏။ ဘိက္ခု၊ရဟန်း။ဣဓ၊ဤသာသနာတော်၌။ ကေစ္စဿ၊အချို့သော ရဟန်းအား။ ဝေံ၊ဤသို့ပွားများခြင်းသည်။ ဟောတိ၊၏။ဝေံ၊သို့။ရူပေါ၊သည်။ အနာဂတမဒ္ဓါနံ၊၌။ သိယံ၊လတ္တံ့။ ဝေံ၊သို့။ ဝေဒနော၊သည်။ အနာဂတမဒ္ဓါနံ၊၌။ သိယံ၊လတ္တံ့။ ဝေံ၊သို့။ သညော၊သည်။ အနာဂတမဒ္ဓါနံ၊၌။ သိယံ၊လတ္တံ့။ ဝေံ၊ သို့။ သင်္ခါရော၊ သည်။ အနာဂတမဒ္ဓါနံ၊ ၌။ သိယံ၊ လတ္တံ့။ ဝေံ၊ သို့။ ဝိညာဏော၊ သည်။ အနာဂတမဒ္ဓါနံ၊ ၌။ သိယံ၊ လတ္တံ့။ တတ္ထ၊ ထိုဥပါဒါနက္ခန္ဓာငါးပါး၌။ နန္ဒိံ၊ နှစ်သက်ခြင်း နန္ဒီရာဂသို့။ သမန္နေတိ၊ အစဉ်လိုက်၍ ဖြစ်၏။ ဘိက္ခု၊ ရဟန်း။ ဝေံခေါ၊ ဤသို့လျှင်။ ပဉ္စသုဥပါဒါနက္ခန္ဓေသု၊ တို့၌။ ဆန္ဒရာဂဝေမတ္တာ၊ ဆန္ဒရာဂလျှင်အပိုင်းအခြားရှိသည်။ သိယာ၊၏။

၅။ ဘန္တေ၊ မြတ်စွာဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှလောက်သော အတိုင်းရှည်ဖြင့်။ ခန္ဓာနံ၊ဥပါဒါနက္ခန္ဓာငါးပါးတို့၏။ ခန္ဓာဓိဝစနံ၊ခန္ဓာဟူသော အမည်သည်။ ဟောတိ၊ဖြစ်သနည်း။ ယံကိဉ္စိ၊အလုံးစုံသော။ ရူပံ၊ သည်ဒုင်း။ ယာကာစိ၊ အလုံးစုံသော။ဝေဒနာ၊ သည်ဒုင်း။ ယာကာစိ၊ သော။ သညာ၊ သည်ဒုင်း။ ယေကေစိ၊အလုံးစုံကုန်သော။ သင်္ခါရာ၊ တို့သည်ဒုင်း။ ယံကိဉ္စိ၊ သော။ဝိညာဏံ၊သည်ဒုင်း။အတီတာနာဂတပစ္စုပ္ပန္နံ၊အတိတ်ဟူသောအမည်, အနာဂတ်ဟူသောအမည်, ပစ္စုပ္ပန်ဟူသောအမည်ကိုရ၏။ အဇ္ဈတ္တံဝါ၊မည် ၏။ ဗဟိဒ္ဓံဝါ၊ မည်၏။ ဩဠာရိကံဝါ၊ဩဠာရိကလည်းမည်၏။ သုခုမံဝါ၊ လည်းမည်၏။ ဟီနံဝါ၊ ၏။ပဏီတံဝါ၊လည်းမည်၏။ ယံဒူရေဝါ၊အကြင်ဒူရေ လည်းမည်၏။ယံသန္တိကေဝါ၊အကြင်သန္တိကေလည်းမည်၏။အယံ၊ဤတဆယ့် တပါးသောအမည်သည်။ ရူပက္ခန္ဓော၊မည်၏။ အယံ၊သည်။ ဝေဒနက္ခန္ဓော၊ မည်၏။ အယံ၊သည်။ သညက္ခန္ဓော၊မည်၏။ အယံ၊သည်။ သင်္ခါရက္ခန္ဓော၊ မည်၏။ အယံ၊သည်။ဝိညာဏက္ခန္ဓော၊ မည်၏။ဘိက္ခု၊ရဟန်း။ ဧတ္တာဝတာ၊ ဤမျှလောက်သော အတိုင်းအရှည်ဖြင့်၊ ခန္ဓာနံ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့၏။ ခန္ဓာဓိဝစနံ၊ ခန္ဓာဟူသောမည်သည်။ ဟောတိ၊ဖြစ်၏။

၆။ ဘန္တေ၊ မြတ်စွာဘုရား။ ရူပက္ခန္ဓဿ၊ ကို။ ပညာပနာယ၊ ငှာ။ ဝေဒနက္ခန္ဓဿ၊ကို။သညက္ခန္ဓဿ၊ကို။ သင်္ခါရက္ခန္ဓဿ၊ကို။ ဝိညာဏက္ခန္ဓဿ၊ ကို။ ပညာပနာယ၊ငှာ။ ဟေတု၊ဟိတ်အကြောင်းကား။ ကောနုခေါ၊အဘယ် နည်း။ ပစ္စယော၊ပစ္စည်းဟူသော အကြောင်းကား။ ကော၊ အဘယ်နည်း။ ဘိက္ခု၊ရဟန်း။ ရူပက္ခန္ဓဿ၊ကို။ပညာပနာယ၊သိစေခြင်းငှာ။ စတ္တာရောခေါ မဟာဘူတာ၊ လေးပါးသော မဟာဘုတ်တို့သည်။ ဟေတု၊ ဟိတ်မည်၏။

စတ္တာရောမဟာဘူတာ၊ တို့သည်။ ပစ္စယော၊ပစ္စည်းမည်၏။ ဖဿော၊သည်။ ဝေဒနက္ခန္ဓဿ၊ ကို။သညက္ခန္ဓဿ၊ ကို။ သင်္ခါရက္ခန္ဓဿ၊ကို။ ပစ္စယော၊ ပစ္စည်းမည်၏။ သိစေခြင်းငှါ။ ဟေတု၊ဟိတ်မည်၏။ ပစ္စယော၊ပစ္စည်းမည်၏။နာမရူပံ၊ သည်။ ဝိညာဏက္ခန္ဓဿ၊ ကို။ ပညာပနာယ၊ ငှါ။ ဟေတု၊ ဟိတ်မည်၏။ ပစ္စယော၊ ပစ္စည်းမည်၏။

ဤသို့ဟောတော်မူသမျှ အလုံးစုံသည် ပဋိစ္စသမုပ္ပါဒဟူသော သံသရာနယ်ကြီး၌ ဥပါဒါနက္ခန္ဓာငါးပါးသာလျှင် အုပ်စိုးကြီးကဲ၍နေ၏။ ထိုဥပါဒါနက္ခန္ဓာငါးပါးတို့တွင် ဥပါဒါရုပ်သက်သက် ပရမတ္ထ ဓမ္မာရုံဖြစ်သော ခန္ဓာငါးပါးသည် ဘုရား,ရဟန္တာတို့၌ဖြစ်သော ခန္ဓာငါးပါးတည်း၊ဒိဋ္ဌိ,ဝိစိကိစ္ဆာကိုပယ်ခွာသော သပ္ပုရိသပုဂ္ဂိုလ်တို့၌ဖြစ်သော ဥပါဒါနက္ခန္ဓာလည်းတပါး, ဒိဋ္ဌိဝိစိကိစ္ဆာနှင့်တကွဖြစ်သော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၌ဖြစ်သော ဥပါဒါနက္ခန္ဓာလည်းတပါး၊ အဝိဇ္ဇာ,တဏှာ, ကံဟူသော-အကြောင်းသုံးပါးသည် ဥပါဒါနက္ခန္ဓာငါးပါးလုံး၌ဖြစ်၏၊ ဘူတရုပ်လေးပါးသည် ဓမ္မာရုံဥပါဒါရုပ်ကိုဖြစ်စေ၏၊ ဖဿဟူသော ဓမ္မာရုံသည် ဝေဒနာ,သညာ, သင်္ခါရာဟူသော နာမ်ဓမ္မာရုံ ခန္ဓာသုံးပါးကို ဖြစ်စေ၏၊ နာမ်ရုပ်နှစ်ပါးသည် ဓမ္မာရုံ ဝိညာဏက္ခန္ဓာကို ဖြစ်စေ၏၊ ဤသို့သက်သက်အားဖြင့် ပရမတ္ထဓမ္မာရုံဖြစ်သော ခန္ဓာငါးပါးသည် ဘုရား,ရဟန္တာပုဂ္ဂိုလ်တို့၌ဖြစ်သောခန္ဓာငါးပါးတည်း။

ဤကား ဥပါဒါနက္ခန္ဓာငါးပါး၏ ဖြစ်ကြောင်းကို
ပြသောအခဏ်းတည်း။

---

## ၉။ နိရုတ္တိပထ-သဒ္ဒါအကြောင်း

ဤပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာငါးပါးသည် ပညတ်မျှသာရှိ၏၊ "သမုဒယောနတ္ထိ"ဟု ဟောတော်မူသည်နှင့်အညီ ထိုတဆယ့်တပါးသော အမည်ပညတ်တို့သည် ဥပါဒါနက္ခန္ဓာငါးပါး၏ အမည်တည်း၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟူသော ကာလသည်လည်း မရှိသော ကာလသုံးပါးတည်း၊ ဥပမာ အဘယ်ကဲ့သို့နည်း၊ အမြို့မ၏သားသည် ရှေ့ကဆယ်နှစ်ရှိခဲ့ပြီ၊ နောင်လည်း ဆယ်နှစ်နေလတ္တံ့၊ ယခုလည်း ဖြစ်ဆဲ၊ ဤသို့ ဆိုသကဲ့သို့ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဟူသော ကာလသုံးပါးရှိသော ဥပါဒါနက္ခန္ဓာဟု ပြောဆိုသော်လည်း မရှိသောဝတ္ထုမျှသာဖြစ်၏၊ အဇ္ဈတ္တဟူ၍၎င်း,ဗဟိဒ္ဓဟူ၍၎င်း, ဩဠာရိကဟူ၍၎င်း, သုခုမဟူ၍၎င်း, အတွင်း, အပြင်,ကြမ်းတန်းခြင်း,

သိမ်မွေ့ခြင်း, ယုတ်ခြင်း, မြတ်ခြင်းမရှိ၊ ဝေးသည်, နီးသည်လည်းမရှိ၊ ထိုသို့သော ဥပါဒါနက္ခန္ဓာငါးပါးကို မရှိသောဝတ္ထုဖြင့် ခေါ်ဝေါ်သုံးစွဲပြောဆို၍ ရှိသကဲ့သို့ဖြစ်နေကြလေ၏၊ ထိုပဋိစ္စသမုပ္ပါဒဓမ္မာရုံ ပညတ်ဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါးကို အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အကြင် မျှလောက်သော ကာလပတ်လုံး ပဋိစ္စသမုပ္ပန္န, နိရောဓဓမ္မ, ချုပ်ပျက်ခြင်းဟု ဆိုအပ်သော အနိစ္စဓမ္မသို့မရောက်ကုန်သေး၊ ထိုမျှလောက်ကာလပတ်လုံး နိစ္စ,သုခ,သုဘဟူ၍ ထင်မှား၍နေကြကုန်၏၊ ထိုအခါပဋိစ္စသမုပ္ပန္နဟူသော အနိစ္စဓမ္မပျက်ခြင်းသို့ ရောက်သည်ရှိသော် သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသဟူသော ဒုက္ခမီးတို့သည် အမြဲလောင်၍နေကြကုန်၏၊ ထို့ကြောင့် ထိုဥပါဒါနက္ခန္ဓာ တည်းဟူသော ပဋိစ္စသမုပ္ပန္နဖြစ်သော အနိစ္စဓမ္မဘေးကြီးကို မြင်တော်မူသောကြောင့် ဤသို့မိန့်ဆိုတော်မူ၏။

ဩသာနေတွေဝ ဗျာရုဒ္ဓေ၊ ဒိသွာ မေ အရတိ အဟု။
အထေတ္ထ သလ္လ မဒ္ဒက္ခိံ၊ ဒုဒ္ဒသံ ဟဒယံသိတံ။
[မဟာနိဒ္ဒေသပါဠိတော်။]

ဩသာနေတွေဝ၊ အဆုံးပဋိစ္စသမုပ္ပန္န ဒုက္ခနှင့်တွေ့၍ နေကြကုန်သော၊ ဗျာရုဒ္ဓေ၊ ဆန့်ကျင်၍နေသော သတ္တဝါတို့ကို။ ဒိသွာ၊ မြင်ခြင်းကြောင့်။ မေ၊ ငါဘုရား၏။ အရတိ၊ ငြီးငွေ့ခြင်းသည်။ အဟု၊ ဖြစ်ပါပြီ။ တွေ၊ ဤပုထုဇဉ်ပုဂ္ဂိုလ်အပေါင်း၌။ ဟဒယံသိတံ၊ နှလုံးသားကို မှီတွယ်၍နေသော။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲသော။ အတ္တိသလ္လံ၊ ထင်ရှားရှိသော ဒိဋ္ဌိ,ဝိစိကိစ္ဆာတည်းဟူသော မြှားကြီးကို။ အဒက္ခိံ၊ ငါဘုရားမြင်တော်မူပြီ။

ဤသို့ ပဋိစ္စသမုပ္ပါဒဟူသော သံသရာကြီးထဲ၌ ဥပါဒါနက္ခန္ဓာဟူသော ဘေးကို အကြီးဆုံးထား၍ ဟောတော်မူ၏၊ ထိုသံသရာကြီး၌ အန္ဓပုထုဇဉ်တို့သည် မိစ္ဆာနိရုတ္တိပထ, မိစ္ဆာအဓိဝစနပထ, မိစ္ဆာပညတ္တိပထ ဟူသော မိစ္ဆာပထသုံးပါးဖြင့် ခေါ်ဝေါ်သုံးစွဲပြောဆို၍ အဟေတုကဝါဒဒိဋ္ဌိ,အကြိယဝါဒဒိဋ္ဌိ, နတ္ထိကဝါဒဒိဋ္ဌိ အယူကို ယူကြကုန်၏၊ ထိုဒိဋ္ဌိသုံးပါးကို မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၌ ဤသို့ဖွင့်တော်မူ၏။

ဣမာသု ပန တီသု နတ္ထိကဒိဋ္ဌိ ဝိပါကံ ပဋိဗာဟတိ၊ အကြိယဒိဋ္ဌိ ကမ္မံ ပဋိဗာဟတိ၊အဟေတုကဒိဋ္ဌိ ဥဘယမ္ပိ ပဋိဗာဟတိ။ [အထက်သို့ ကျမှ အနက်ပေးလတ္တံ့။]

ထိုဒိဋ္ဌိ သုံးပါးကို အဘယ်တိုင်းပြည် သားတို့သည် ယူကြကုန်သနည်း၊ ဥက္ကလာမည်သော ဇနပုဒ်၌နေကုန်သော ဝဿလူမျိုး, ဘညလူမျိုးတို့သည် ထိုသုံးပါးသော ဒိဋ္ဌိအယူကိုယူ၍ ဥပါဒါနက္ခန္ဓာငါးပါးကို မိစ္ဆာပထ သုံးပါးဖြင့် ခေါ်ဝေါ်သုံးစွဲ၍ အမြဲနေကြကုန်၏၊ နတ္ထိကဒိဋ္ဌိဟူသည် ကံ၏ အကျိုးတရားကို တားမြစ်၏၊ အကြိယ ဒိဋ္ဌိဟူသည် အကြောင်းဖြစ်သောကံကို တားမြစ်၏၊ အဟေတုက ဒိဋ္ဌိသည် အကြောင်းအကျိုးနှစ်ပါးကို တားမြစ်၏၊ ထို့ကြောင့် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ ဤသို့ မိန့်တော်မူ၏။

ယေပိ တေ ဘိက္ခဝေ အဟေသုံ ဥက္ကလာ ဝဿဘညာ ဒွေပိ ဇနာ အဟေတုကဝါဒါ အကြိယဝါဒါ နတ္ထိကဝါဒါ၊ တေပိ မေ တယော နိရုတ္တိပထေ အဓိဝစနပထေ ပညတ္တိပထေ နဂရဟိတဗ္ဗံ၊ နပဋိက္ကောသိတဗ္ဗံ အမညိံသု၊ တံ ကိဿ ဟေတု၊ နိန္ဒာဗျာရောသ ဥပါရမ္ဘဘယာ။

[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ အဟေတုကဝါဒါ၊ အဟေတုကဝါဒအယူကို ယူကြကုန်သော။ အကြိယဝါဒါ၊ အကြိယဝါဒအယူကို ယူကြကုန်သော။ နတ္ထိကဝါဒါ၊ နတ္ထိကအယူကိုယူကြကုန်သော။ ဥက္ကလာ၊ ဥက္ကလာဇနပုဒ်၌ နေကြကုန်သော။ ဝဿဘညာ၊ ဝဿလူမျိုး,ဘညလူမျိုး ဖြစ်ကုန်သော။ ယေပိတေ ဒွေပိဇနာ၊ အကြင်နှစ်ဦးသောလူတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ တေပိ၊ ထိုနှစ်ဦးသော လူတို့သည်လည်း။ ဣမေတယောနိရုတ္တိပထေ၊ ဤသုံးပါးသောနိရုတ္တိပထတို့ကိုငင်း။ဣမေတယောအဓိဝစနပထေ၊ဤသုံးပါးသော အဓိဝစနပထတို့ကိုငင်း။ဣမေတယောပညတ္တိပထေ၊ ဤသုံးပါးသော ပညတ္တိပထတို့ကိုငင်း။ နဂရဟိတဗ္ဗံအမညိံသု၊ မကဲ့ရဲ့ကောင်းဟု မှတ်ထင်၍ နေကြကုန်၏။ နပဋိက္ကောသိတဗ္ဗံအမညိံသု၊ မတားမြစ်ကောင်းဟု မှတ်ထင်၍ နေကြကုန်၏။ တံ၊ ထိုသို့အောက်မေ့ခြင်းသည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်းဟူမူကား။ နိန္ဒာဗျာရောသဥပါရမ္ဘဘယာ၊ကဲ့ရဲ့ပြစ်တင် ချုပ်ချယ်မည်ကို ကြောက်သောကြောင့်တည်း။

ထိုဥက္ကလာမည်သော ဇနပုဒ်သားတို့သည် အမရာဝိက္ခေပိက ဒိဋ္ဌိအယူကို လည်းယူကြကုန်၏၊ ထိုမိစ္ဆာဒိဋ္ဌိ အယူရှိသော သူတို့၏ ခေါ်ဝေါ် သုံးစွဲ၍ ပြောဆိုသော ပထဟူသမျှသည် မိစ္ဆာပထသာဖြစ်၏၊ သမ္မာပထသုံးပါး

မဖြစ်နိုင်၊ နတ္ထိကဝါဒဒိဋ္ဌိသည် ကုသိုလ်ကံ,အကုသိုလ်ကံ၏ အကျိုးဝိပါက်ကို ပယ်၏၊အကြိယဝါဒဒိဋ္ဌိသည် အကြောင်းဖြစ်သော ကုသိုလ်ကံ,အကုသိုလ်ကံ နှစ်ပါးကိုပယ်၏၊ အဟေတုကဝါဒ ဒိဋ္ဌိသည် ကုသိုလ်ကံ, အကုသိုလ်ကံကို လည်းပယ်၏၊ထိုကံ၏အကျိုး ဝိပါက်ကိုလည်းပယ်၏။

ဤသို့မြတ်စွာဘုရားသည် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူသည်ကို ရှင်ဗုဒ္ဓဃောသထေရ်သည် သမ္မာနိရုတ္တိပထ, သမ္မာအဓိဝစနပထ, သမ္မာပညတ္တိပထ-ဟူသော သမ္မာပထသုံးပါးကိုသာလျှင် အလိုတော်ရှိ၏၊ မိစ္ဆာနိရုတ္တိပထမျိုးကိုအလိုတော်မရှိ၊သမ္မာနိရုတ္တိပထဟူသည်ကားနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ကိုသက်ဝင်နိုင်သော ဝိစယဟာရနေတ္တိနည်းဖြင့် ဟောတော်မူအပ်သော သဒ္ဒါကျမ်းပင်တည်း၊ ထိုသဒ္ဒါကျမ်းဟူသည် "အတ္တော‌အက္ခရသညာတော"ဟူသောစကားတော်ဖြင့် မြတ်စွာဘုရားသခင်စကားတော်၏ အနက်အတ္ထဖြစ်သော ဒိဋ္ဌဓမ္မအနက်, သမ္ပရာယိကအနက်ဟူသော အတ္ထအနက်ကို သာလျှင် ဗိနဝစနယုတ္တံ ဟူသောစကားတော်နှင့်အညီ ကောင်းမွန် ပျောက်ပတ်စွာ မှတ်ရာ,သင်ရာ၏ ဟု-ဟောတော်မူ၏၊ မြတ်စွာဘုရား၏ ဝစနမည်သောစကားတော်ကား နာမဝစနတော် တဆယ့်လေးပါး, သွာချာတဟုဆိုအပ်သောအာချာတ်ဝစနမည်သော စကားတော်ကိုးဆယ့်ခြောက်ပါး၊ဤသို့မြတ်စွာဘုရား၏ ဗိနဝစနမည်သော စကားတော်သည် တရာ့တဆယ်အပြားရှိ၏၊ ထိုတရာ့တဆယ်အပြားရှိသော မြတ်စွာဘုရား၏ ဗိနဝစနမည်သောစကားတော်သည်သာလျှင် အနက်အတ္ထနှစ်ပါးနှင့်ပြည့်စုံ၍ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ကိုရနိုင်၏၊ သဒ္ဒါဟူသည် ပစ္စုပ္ပန်ဖြစ်အံ့၊ သဒ္ဒါရုံမျှသာတည်း၊ အတိတ်ဖြစ်အံ့၊ ဓမ္မာရုံ ပရမတ္ထတရားတည်း၊ ထိုသဒ္ဒါသည် သဒ္ဒါရုံ, ဓမ္မာရုံ မျိုးဖြစ်နိုင်၍ နိဿတ္တ,နိဇ္ဇီဝသဘောရှိ၏၊ သောတပသာဒကား သောတာယတန အဇ္ဈတ္တာယတနတည်း၊ သဒ္ဒါရုံကား သဒ္ဒါယတန ဗာဟိရာ ယတနတည်း၊ ထိုသဒ္ဒါရုံသည် သောတပသာဒသို့ ထိရောက်သည်ကို သဒ္ဒါဆို၏၊ ထိုနှစ်ပါးတို့တွင် သောတာပသာဒသည် ဓမ္မာရုံ မည်သတည်း၊ ထိုသောတပသာဒ ဓမ္မာရုံဟူသော အဇ္ဈတ္တကို အန္တ, အန္တတ္တဟုဆို၏၊ သဒ္ဒါရုံဟူသော ဗာဟိရကို ဗာဟျ,ဗာဟျတ္တဆို၏၊ မြတ်စွာဘုရား၏ အတ္ထဟူသောအနက်ကား ဓမ္မာရုံပရမတ္ထ တရားသာတည်း၊ ထိုမြတ်စွာဘုရား၏ အတ္ထအနက်တော်သည် သတ္တ,ဇီဝမှ ဆိတ်သောကြောင့် သုညတ္ထ အနက်ရှိ၏၊ နက်နဲသောကြောင့် ဂမ္ဘီရတ္ထအနက်ရှိ၏၊ ဥပါဒါနက္ခန္ဓာလောကမှ လွတ်သောကြောင့် လောကုတ္တရမည်၏၊ထို့ကြောင့် နိရုတ္တညူဖြစ်တော်မူသောရှေး

ဆရာတို့သည် ''သတ္တိမုချေန ကာရကံ၊ ဒဗ္ဗံ ဥာနုပစာရေန''ဟု မိန့်တော်မူ၏၊ ဥပါဒ်,ဋ္ဌီ,ဘင် ရှိသော ဝိညာဏဋ္ဌိတိ သတ္တာဝါသမည်သော ဘူတရုပ်လေးပါးနှင့်ဝိညာဏ်သည် သတ္တမည်၏၊ထိုသတ္တမည်သောဘူတရုပ်ကိုစွဲမှီ၍ဖြစ်သော စက္ခုပသာဒ, ရူပါရုံ,သောတပသာဒ, သဒ္ဒါရုံစသော ဥပါဒါ ရုပ်တို့သည် သတ္တရှိသောကြောင့် သတ္တိမည်၏၊ ထိုသတ္တိပင်လျှင် ဗာဟိရဖြစ်၍ ဗာဟျတ္တ မည်၏၊ ထိုဗာဟျတ္တ ဟူသောသတ္တိသည် ကာရကမည်၏-ဟုဆို၏၊ ထိုသတ္တိ၏ ဖြစ်ရာဖြစ်သောဘူတရုပ်ခန္ဓာသည် ဥာနုပစာရအားဖြင့် ကာရကမည်သေး၏-ဟု ဖွင့်ပြတော်မူ၏။

ထို့ကြောင့် ရှင်ဗုဒ္ဓပိယမထေရ်သည် ဤသို့ဟောတော်မူ၏၊ မြတ်စွာဘုရား၏အလိုတော်ဖြစ်သော သမ္မာနိရုတ္တိပဋိဟူသောသဒ္ဒါ၏ ဖြစ်ခြင်းသည်ရှေးဖြစ်သော ဘုရားလောင်း သူတော်ကောင်းတို့သည် မိစ္ဆာအယူဝါဒနှင့်မရောမပြွမ်းစေ၍ နိယတ္တ, နိဇ္ဇီဝဖြစ်သော သဒ္ဒါရုံသဒ္ဒါကိုသာလျှင် ဟောတော်မူကြကုန်၏၊ သတ္တ,ဇီဝရှိသော အကောင်အထည် ဒြပ်ရှိသောဝတ္ထုကို သမ္မာနိရုတ္တိပဋိ၌ ဟောတော်မမူ၊ ဗာဟိရာယတနဖြစ်သော ဗာဟျတ္တ အနက်ကိုသာလျှင် သဒ္ဒါသည် ဟောအပ်၏၊ ထို့ကြောင့် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၌–

> တယောမေ နိရုတ္တိပထာ၊ အဓိဝစနပထာ၊ ပညတ္တိပထာ၊ အသံ-ကိဏ္ဏာ အသံကိဏ္ဏပုဗ္ဗာ အသံကိယန္တိ၊အသံကိယိဿန္တိ၊ အပဋိကု-ဋ္ဌာ၊ သမဏေဟိ ဗြာဟ္မဏေဟိ ဝိညူဟိ။

နိရုတ္တိပထာ၊ ၎င်း။ အဓိဝစနပထာ၊ ၎င်း။ ပညတ္တိပထာ၊ ၎င်း။ ဣမေ တယော၊ ဤသုံးပါးသောပထတို့ကို။ ဝိညူဟိ၊ပညာရှိကုန်သော။သမဏေဟိ၊ ရဟန်းတို့သည်၎င်း။ ဗြာဟ္မဏေဟိ၊ ပုဏ္ဏားတို့သည်၎င်း။ အသံကိဏ္ဏာ၊မပယ်ကြကုန်၊ အသံကိဏ္ဏပုဗ္ဗာ၊ ရှေးကလည်းမပယ်ကုန်၊ အသံကိယန္တိ၊ယခုလည်း မပယ်ကုန်၊ အသံကိယိဿန္တိ၊နောင်လည်း မပယ်ကုန်လတ္တံ့၊ အပဋိကုဋ္ဌာ၊ မစက်ဆုပ်အပ်ကုန်။

ဤသို့ရှေးပညာရှိ သူတော်ကောင်းတို့သည် သမ္မာနိရုတ္တိပဋိဖြင့် ခေါ်ဝေါ်သုံးစွဲပြောဆိုကြသော်လည်း ဝိညာဏဋ္ဌိတိဟု ဆိုအပ်သော ဘူတရုပ်ပရမတ္တတရားတည်းဟူသော အတ္တကို မထိ မခိုက်စေဘဲ သဒ္ဒါရုံနှင့် ဓမ္မာရုံသက်သက်သာလျှင် ခေါ်ဝေါ်သုံးစွဲတော်မူကြကုန်၏။ ထိုကြောင့် ရှင်ဗုဒ္ဓပိယမထေရ်သည် ဤသို့မိန့်တော်မူ၏။

ဝိကပ္ပဗုဒ္ဓိ ဂဟိတာကာရေယေဝ ဟိ သဒ္ဒေနာဘိဓိယတေ၊ နတု ဝတ္ထုသဘာဝေါ။

[ရူပသိဒ္ဓိ။]

ဟိ၊ ရှေးသူတော်ကောင်းတို့၏ သမ္မာနိရုတ္တိပထကို ပြဆိုလိုက်ဦးအံ့။ ဝိကပ္ပဗုဒ္ဓိ ဂဟိတာကာရေ ယေဝ၊ ရှေးဘုရားလောင်း စသော သပ္ပုရိသ သူတော်ကောင်းတို့သည် အထူးကြံဆ၍ အသိဝိပဿနာဉာဏ်ဖြင့် ယူအပ်သော နိဿတ္တ,နိဇ္ဇီဝ ဖြစ်၍ ပြတတ်သောသူ မရှိဟူသော အာကာရ ဓမ္မာရုံ အနက်ကိုသာလျှင်။ သဒ္ဒေန၊ သမ္မာနိရုတ္တိပထ ဟူသော သဒ္ဒါသည်။ အဘိဓိယတေ၊ ဟောအပ်၏။ တု၊ သမ္မာနိရုတ္တိပထသဒ္ဒါ မဟောသည်ကို ပြဆိုလိုက်ဦးအံ့၊ ဝတ္ထုသဘာဝေါ၊ ဥပါဒ်,ဌီ,ဘင် နှင့်တကွ အထည် ဒြဗ်ဝတ္ထု သဘော၏ ရှိသောအဖြစ်ကို။ သဒ္ဒေန၊ သမ္မာနိရုတ္တိပထ ဟူသော သဒ္ဒါသည်။ နအဘိဓိယတေ၊ မဟောအပ်။

ဤသို့လျှင် ရှေးဖြစ်သော သပ္ပုရိသ သူတော်ကောင်းတို့သည် သမ္မာနိရုတ္တိပထသဒ္ဒါဖြင့် ခေါ်ဝေါ် သုံးစွဲကြကုန်၏၊ အဘယ်သို့ ခေါ်ဝေါ်သုံးစွဲကြကုန်သနည်းဆိုသော် ဥပမာကား ပုရိသော ဟူသော သဒ္ဒါ၌ ပုရိသ-သိ, ဟူ၍ မြတ်စွာဘုရား၏ ဝစနစကားတော်ဖြင့်,ဗာဟျတ္ထ ဓမ္မာရုံဖြစ်သော သိ, ဝစန၏ အနက်သည် နိဿတ္တ,နိဇ္ဇီဝဖြစ်၍ ဥပါဒ်,ဌီ,ဘင် ဟူသော အထည် ဒြဗ်ဝတ္ထုမရှိသော ဓမ္မာရုံ သမ္မာအဓိဝစနပထ, သမ္မာပညတ္တိပထ ဖြစ်သော "ယောကျ်ားသည်" ဟူသော ဗာဟတ္ထအနက်ကို ဟော၏၊ ထိုကြောင့် မြတ်စွာဘုရား၏ ဝစနစကားတော် ဟူသမျှသည် ဓမ္မာရုံပရမတ္ထ ဖြစ်သော တရားတော်ကိုသာ ဟော၏၊ ထိုကြောင့် ဝိပဿနာ ဉာဏစရိယ မည်သော သမ္မာဒိဋ္ဌိဉာဏ်ရှိသော ရဟန်း,ပုဏ္ဏား,ဟူသော သပ္ပုရိသ သူတော်ကောင်းတို့သည် ကြံဆ၍ အသိဉာဏ်ဖြင့် အမည်ဟူသော အဓိဝစနပထ, သိစေကြောင်းဖြစ်သော ပညတ္တိပထဖြင့် ခေါ်ဝေါ်သုံးစွဲသော သမ္မာနိရုတ္တိပထ ဟူသော သဒ္ဒါ၏ဖြစ်ခြင်းသည်သာလျှင် ကြိယာ ကာရကမည်၏ ဟုပြတော်မူလိုသော ရှင်ဗုဒ္ဓပိယမထေရ်သည် ဤသို့မိန့်တော်မူ၏။

တသ္မာ ဗုဒ္ဓိပရိကပ္ပိတပညတ္တိဝသေနာပိ သဒ္ဒပဝတ္တိ ဟောတီတိ အသတော သံယောဂါဒိဿာပိ ဟောတေဝ ဇနနာဒိကြိယာယ ကတ္တုကာရကတာတိ။

[ ရူပသိဒ္ဓိ။]

တသ္မာ၊ ထိုကြောင့်။ ဗုဒ္ဓိပရိကပ္ပိတ ပညတ္တိဝသေနာပိ၊ သမ္မာဒိဋ္ဌိဉာဏ စရိယနှင့်ပြည့်စုံကုန်သော ရဟန်းပုဏ္ဏားဟူသော သပ္ပုရိသတို့၏ အသိဉာဏ်ဖြင့် ကြံဆ၍ သိစေကြောင်းဖြစ်သော ပညတ်၏အစွမ်းဖြင့်လည်း။သဒ္ဒပဝတ္တိ၊ သမ္မာနိရုတ္တိပဋိသမ္ဘိဒါ၏ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သံယောဂါဒိဿ၊ ဝိညာဏဋ္ဌိတိ ဟူသော အတ္ထနှင့် ယှဉ်ခြင်းအစ ရှိသည်၏။အသတောပိ၊မရှိသော်လည်း။ဇနနာဒိကြိယာယ၊ဖြစ်ခြင်းအမှုအရာ စသောကြိယာဓမ္မာရုံ၏။ ကတ္တုကာရကတာ၊ကတ္တုကာရက၏အဖြစ်သည်။ ဟောတေဝ၊ ဖြစ်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဤသို့ ဟောတော်မူသော သမ္မာပဋိသံဘိဒါကို မယူမူ၍ မိစ္ဆာပဋိသံဘိဒါဖြင့် ခေါ်ဝေါ်သုံးစွဲပြောဆိုသည်ရှိသော် ဥက္ကလာမည်သော ဇနပုဒ်၌ နေကုန်သော ဝဿလူမျိုး, ဘညလူမျိုး နှစ်ဦးတို့သည် အဟေတုကဝါဒ, အကြိယဝါဒ,နတ္ထိကဝါဒ တည်းဟူသော ဒိဋ္ဌိအယူကိုယူ၍ မိစ္ဆာပဋိ သံဘိဒါဖြင့် ခေါ်ဝေါ်သုံးစွဲပြောဆို၍ နေကြကုန်၏၊ထိုသူတို့သည် အဘယ်သူတို့ပြောဟောသောကြောင့် ဤသံဘိဒါသော ဒိဋ္ဌိဖြစ်ရလေသနည်း၊ နှစ်ကျိပ်တဦးသော ဘုရားလောင်းတို့တွင် တဆယ့်ကိုးယောက် မြောက်သော ဘုရားသည် သဒ္ဒါကျမ်းနှင့်တကွ ကမ္မဝိဘင်္ဂကို ဟောပြော၏၊ ထိုဗြာဟ္မဏပုဏ္ဏားမှ ဖြစ်သော ဘုရားလောင်းတို့သည် ဒိဋ္ဌိ,ဝိစိကိစ္ဆာကို မပယ်နိုင်သေး၍အန္ဓပုထုဇဉ် တိဟိတ်သာဖြစ်၏၊ မိမိတို့ရသော ဈာန်သမာပတ်ကို ဝင်စား၍ မိစ္ဆာဒိဋ္ဌိ အယူကိုယူ၍ ပြောဟော၏၊ ထိုဗြာဟ္မဏပုဏ္ဏား ဘုရားလောင်းတို့သည် သပ္ပုရိသပုဂ္ဂိုလ်တို့၏ နိဿရဏ သံသရာအစဖြစ်သော ပုဗ္ဗကိုလည်း မသိ၊ နိဿရဏ သံသရာ၏ အဆုံးဖြစ်သော ကောဋိကိုလည်း မသိ၊ ထိုသို့မသိသောကြောင့် ပြောဟောသမျှသော သဒ္ဒါကျမ်း အစရှိသည်တို့သည် မြတ်စွာဘုရား၏ ပရိယတ်, ပဋိပတ်, ပဋိဝေဓဟူသော သာသနာတော်ကြီး၏ အမျက် အဆစ်အဖုသာဖြစ်၏။ ထိုကြောင့် ထိုကျမ်းတို့သည် နိယျာနိကမည်၏၊ထိုဘုရားလောင်းတို့သည်အဘယ်ကို အားကိုးထား၍ ပြောဟောသနည်းဆိုသော် ပဋိစ္စသမုပ္ပါဒမည်သော ဥပါဒါနက္ခန္ဓာငါးပါး ဟူသော လောကကို အားကိုးအားထားပြု၍ ပြောဟောကြကုန်၏၊ ထိုသူတို့နှင့် ဟိတ်ချင်းတူကုန်သော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား ဟောအပ်သော တရားတော်ကို ကြောလှည့်၍နေကုန်၏၊ ထိုဗြာဟ္မဏ ဘုရားလောင်းတို့ဟောသောဗာဟိရက တရားကိုသာ မျက်နှာလှည့်၍ နေကြကုန်လတ္တံ့ဟု နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ ဟောတော်မူ၏။

ထို့ကြောင့် ထိုဗြာဟ္မဏ ဘုရားယောင်တို့ဟောသောကျမ်း၏ အားကိုးအားထားကို ပြလိုသောကြောင့် ရှင်ဗုဒ္ဓပိယမထေရ်သည်''လောကာသင်္ကေတ သိဒ္ဓေါ်ဟိ'' အစရှိသောစကားကို မိန့်တော်မူ၏၊ ထိုဘုရားယောင်တို့ဟောသောကျမ်းကား—

လောကောပစာရ ဒြဟ္မဏ သိဒ္ဓ်ီး။
ဖတ်ပုံ....လိုကိုပကျာရဒ်-ဂြဟ္မဏ-သျိမ်ရမိး။

လောကောပစာရဒ်။ ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာ ဟူသော လောက၌ ခေါ်ဝေါ်သုံးစွဲသည်အားလျော်စွာ။ ဂြဟ္မဏာသိဒ္ဓ်ိ။ သဒ္ဒါ၏ ပြီးခြင်းကို။ ဝဝဒိတ်ဗျး၊ သိအပ်၏။

ထိုဗြာဟ္မဏပုဏ္ဏား ဘုရားယောင်တို့သည် ဥပါဒါနက္ခန္ဓာ လောကကိုလည်းမသိကုန်၊ ထို့ကြောင့် ထိုသူတို့ ပြောဟောသော သဒ္ဒါသည် မိစ္ဆာနိရုတ္တိပထ သဒ္ဒါသာဖြစ်၏၊ မြတ်စွာဘုရား၏သားတော် သံဃာဖြစ်တော်မူသော ရှင်မဟာကစ္စည်းမထေရ်သည် ထိုဘုရားယောင်တို့၏ တပည့်လည်းမဟုတ်၊ ထိုဘုရားယောင်တို့၏ ဝါဒအယူနှင့် တူသည်လည်းမဟုတ်၊ ထို့ကြောင့် ရှင်မဟာကစ္စည်းမထေရ်သည် ထိုသူတို့၏ကျမ်းကို အမှီတံကဲ သဟဲပြု၍ရေးသော သဒ္ဒါကျမ်းမဟုတ်ဟူ၍ သိရာ၏၊ အကယ်၍ ဆိုငြားအံ့၊ ''ပရသမညာ ပယောဂေ'' ဟူသောစကားသည် မှီ၍ တံကဲပြုသည် မဟုတ်လောဆိုငြားအံ့၊ ဤသို့တပါးသော သက္ကဋကျမ်းမှလာသော အမည်သည် အတ္တပဋိသန္ဓိဒါကိုပြသော ''အတ္တော အက္ခရသညာတော'' ဟူသော စကားနှင့်လည်း ညီစေရမည်၊''ဇိနဝစန ယုတ္တံဟိ''ဟူသောစကားနှင့်လည်း ညီစေရမည်၊ ဤကဲ့သို့ မြတ်စွာဘုရား၏ စကားတော်ဝစနနှင့် ညီမျှတာများတွေ့ခဲ့ပါလျှင် ယူဉ်ပါလေဟု မိန့်တော်မူသော စကားသည် မညီသဖြင့် မယူဉ်လေနှင့်ဆိုသောစကားနှင့် တူ၏။

ထိုဥပါဒါနက္ခန္ဓာလောက၌ ခေါ်ဝေါ်သုံးစွဲသော စကားသည် နိဿတ္တ, နိဇ္ဇီဝဖြစ်သော သဒ္ဒါရုံ ဓမ္မာရုံတို့ သတ္တ, ဇီဝနှင့်တကွ အကောင်အထည်ရှိသော မိစ္ဆာနိရုတ္တိပထကိုပြလို၍ ဤသို့မိန့်တော်မူ၏။

လောကသင်္ကေတ သိဒ္ဓေါ ဟိ သဒ္ဒပ္ပယောဂေါ၊ အဝိဇ္ဇာမာနံပိ ဟိ လောကော သဒ္ဒါဘိဓေယျတာယ ဝိဇ္ဇမာနံ ဝိယ ဂဟေတွာ ဝေါဟရတိ။

ဟိ၊ မိစ္ဆာနိရုတ္တိပထကို အကျယ်ချဲ့၍ပြဦးအံ့၊ သဒ္ဒပ္ပယောဂေါ၊မိစ္ဆာသဒ္ဒါ၏ အားကိုးသော သာဓကပြယုဂ်သည်။ လောကသင်္ကေတ သိဒ္ဓေါ၊ ဥပါဒါနက္ခန္ဓာလောက၏ အမှတ်သင်္ကေတအားဖြင့်ပြီး၏၊ ဟိ၊ ထိုစကားကို ထင်စွာပြလိုက်ဦးအံ့။ အဝိဇ္ဇမာနံပိ၊ဥပါဒ်, ဋ္ဌီ,ဘင်ဟူသောသတ္တ,ဇီဝ အကောင်မရှိသည်ကိုလည်း။ လောကော၊ဥပါဒါနက္ခန္ဓာဟူသော လောကသည်။ သဒ္ဒါဘိဓေယျတာယ၊ မိစ္ဆာနိရုတ္တိပထသဒ္ဒါသည် ဟောအပ်သည်၏အဖြစ်ကြောင့်။ ဝိဇ္ဇမာနံဝိယ၊ဥပါဒ်,ဋ္ဌီ,ဘင်နှင့်တကွ သတ္တ,ဇီဝဟူသော အထည်ဒြပ် ဝတ္ထုရှိသကဲ့သို့။ ဂဟေတွာ၊၍။ ဝေါဟရတိ၊ခေါ်ဝေါ်သုံးစွဲပြောဆို၍ နေကြလေ၏။

အညထာ သုတမယညာဏေနာပိ ပစ္စက္ခေန ဝိယ ဝတ္ထုသဘာဝသစ္စိကရဏပ္ပသင်္ဂါစ မုသာဝါဒ ကုဒိဋ္ဌိဝါဒါဒီနံ သဘာဝပ္ပသင်္ဂါစ သိယာ။

[ရူပသိဒ္ဓိ။]

အညထာ၊ သမ္မာနိရုတ္တိပထမှတပါး မိစ္ဆာနိရုတ္တိပထ သဒ္ဒါဖြင့်ယူသည်ရှိသော်၊ သုတမယညာဏေနာပိ၊ သုတမယဉာဏ်ဖြင့်လည်း။ ပစ္စက္ခေနဝိယ၊ မျက်မှောက်၌မြင်ရ,ကြားရဘိသကဲ့သို့၊ဝတ္ထုသဘာဝသစ္စိကရဏပ္ပသင်္ဂါစ၊ ဥပါဒ်, ဋ္ဌီ,ဘင်နှင့်တကွ ဝတ္ထုသဘာဝကိုမျက်မှောက်ပြုခြင်း၏ လျှဉ်းပါးခြင်းသည်လည်း။ သိယာ၊ ဖြစ်ရာ၏။ မုသာဝါဒ ကုဒိဋ္ဌိဝါဒါဒီနံ၊ ချွတ်ယွင်းသောစကားကို ပြောဆို၍ စက်ဆုပ်အပ်သော မိစ္ဆာဒိဋ္ဌိအယူကို ယူလေ့ရှိသောသူတို့၏။ သဘာဝပ္ပသင်္ဂါစ၊ ပရမတ်,ပညတ်သဘောကိုမသိ၍ လျှဉ်းပါးခြင်းသည်လည်း။ သိယာ၊ ဖြစ်ရာ၏။

ဤသို့ ရှင်ဗုဒ္ဓပိယမထေရ်၏စကားတော်သည် ဝိပဿနာဉာဏ စရိယမည်သော သမ္မာဒိဋ္ဌိဉာဏ်ကို မရသေးသော သုတမယဉာဏ်ရှိသော ပုဂ္ဂိုလ်သည် ဝိညာဏဋ္ဌိတိနှင့် တကွဖြစ်သော မဟာဘုတ်ဟူသော အဒိဋ္ဌရုပ်, အသုတရုပ်, အမုတရုပ်, အဝိညာတရုပ်ဟူသော လေးပါးသော မမြင်အပ်, မကြားအပ်သော ရုပ်,ဝိညာဏ်ကို မျက်မှောက်ထင်ထင် မျက်စိဖြင့် မြင်ခြင်း နားဖြင့်ကြားသကဲ့သို့ ငါမြင်သောမိန်းမသည် မျက်စိဖြင့်မြင်သော မိန်းမမဟုတ်လေသလောဟူသော အမေးပုစ္ဆာသည် ဖြစ်ရာ၏၊ ဤကား သုတမယပညာရှိသောပုဂ္ဂိုလ်၏ လျှဉ်းပါးသော ပသင်္ဂတည်း။

ဒိဋ္ဌိ,ဝိစိကိစ္ဆာအမြဲရှိသော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည်ဓမ္မာရုံပရမတ်ဖြစ်ပုံကိုလည်းမသိ၊ ဓမ္မာရုံပညတ်ဖြစ်ပုံကိုလည်းမသိ၊ ဤသို့ ပညတ်,ပရမတ်နှစ်ပါးကို မသိခြင်းကြောင့် အမြဲဒိဋ္ဌိဖြင့် စူးဝင်၍နေသဖြင့် ဤသာသနာတော်တွင်း

၌ ဘုရားတည်းဟူသော နေမင်းထွက်လာ၍ မျက်စိအမြင်ရှိသောသူသည် နေတည်းဟူသောအရောင်နှင့်တွေ့၍ မိမိ၏ဘေးရန်ခပ်သိမ်းကို မြင်ကြရကုန်သကဲ့သို့ငှါ၊ ပကတိကပင် မျက်စိအလင်းကို မရသောသူသည် နေထွက်၍ပေါ်လာသော်လည်း မိမိ၏ဘေးရန်ခပ်သိမ်းကို မမြင်သကဲ့သို့ငှါ၊ ထို့အတူ မြတ်စွာဘုရားသည် ပရမတ်,ပညတ် နှစ်ပါးဖြင့်ဟောအပ်သော ဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒ်ကို မသိမမြင်သောသူတို့၏ လျဉ်းပါးခြင်းသည် သဘာဝပသင်မည်၏၊ ဤသို့ဗြာဟ္မဏ ပုဏ္ဏားမှဖြစ်သော ဘုရားလောင်းတို့သည် သမ္မာပထ သပ္ပုရိသပုဂ္ဂိုလ်တို့ သွားသောလမ်းကို သွားခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ မိစ္ဆာပထ လမ်းသုံးပါးဖြင့်သာ အမြဲသွားလာ၍ မိစ္ဆာနိရုတ္တိပထ, မိစ္ဆာအဓိဝစနပထ,မိစ္ဆာပညတ္တိပထတို့ကို ခေါ်ဝေါ်သုံးစွဲပြောဆို၍ အဟေတုကဝါဒ,အကြိယဝါဒ,နတ္ထိကဝါဒ ဟူသော သုံးပါးသော ဒိဋ္ဌိအယူကိုသာ ပြောဆိုလေ့ရှိကြကုန်၏။

ထိုဘုရားလောင်းတို့ ဟောသောကျမ်းသည်လည်း သဒ္ဒါကျမ်းမည်၏၊ မြတ်စွာဘုရား၏ တပည့်ဖြစ်သော ရှင်မဟာကစ္စည်းမထေရ် ဟောသောကျမ်းသည်လည်း သဒ္ဒါကျမ်းမည်၏၊ ဤသို့နှစ်ပါးသော သဒ္ဒါကျမ်းတို့သည် အမည်အားဖြင့်တူသော်လည်း အလက်ာ၌ သမာနရူပါပဟေဠိမျိုးသာဖြစ်ရာ၏၊ အဘယ်ကဲ့သို့ ပဟေဠိဖြစ်သနည်းဆိုသော် မြတ်စွာဘုရားသည် မိထွေးတော် ဂေါတမီအား ပုညံဟူသော ပုညာဘိသင်္ခါရ ကုသိုလ်သည် သပ္ပုရိသပုဂ္ဂိုလ်တို့ပြုအပ်သော ပုည ကုသိုလ်နှင့် ပုထုဇဉ် ပုဂ္ဂိုလ်တို့ပြုအပ်သော ပုညကုသိုလ်နှစ်ပါးကို သမာနရူပါ ပဟေဠိပြု၍ဟောတော်မူ၏၊ ထိုသို့ဟောတော်မူသော နှစ်ပါးသောပုညတို့တွင် သပ္ပုရိသပုဂ္ဂိုလ်၏ ပုညသည် သံသရာမှ ထွက်မြောက်ရာဖြစ်သောကြောင့် အပစယပုည ကုသိုလ်မည်၏၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ပုညကုသိုလ်သည် အာစယပုညကုသိုလ်မည်၏၊ ဤသို့ပုညနှစ်ပါး ကုသိုလ်အားဖြင့် ပြားသကဲ့သို့ ဤသဒ္ဒါကျမ်း နှစ်ပါးတွင် ရှင်မဟာကစ္စည်း ဟောအပ်သော သဒ္ဒါကျမ်းသည် သံသရာဟူသော ဝဋ်ဒုက္ခမှ လွတ်မြောက်ရာဖြစ်သောကြောင့် အပစယဂါမိ သဒ္ဒါမည်၏။ ဗြာဟ္မဏပုဏ္ဏားမှဖြစ်သော ဘုရားလောင်းတို့ ဟောပြောသော သဒ္ဒါကျမ်းသည် ပဋိစ္စသမုပ္ပါဒ်ဟူသော ဥပါဒါနက္ခန္ဓာ၌ ကျင်လည်ပြေးသွားရာဖြစ်သောကြောင့် အာစယဂါမိသဒ္ဒါမည်၏၊ ဤကား ဇိနဝစန နိရုတ္တိသဒ္ဒါနှင့် ဗာဟိရကသဒ္ဒါနှစ်ပါးအခွဲတည်း။

ဤကား နိရုတ္တိပထ-သဒ္ဒါအကြောင်းကို ပြဆိုသောအခဏ်းတည်း။

## ၁၀။ အာစယဂါမိ, အပစယဂါမိလမ်း

ဤသို့ ပဋိစ္စသမုပ္ပါဒဟူသောသံသရာ၌ အပစယဂါမိလမ်း,အာစယဂါမိလမ်း ဤသို့လမ်းနှစ်ပါးရှိ၏၊ ထိုလမ်းနှစ်ပါးတို့တွင် အပစယဂါမိဟူသောလမ်းသည် နိဿရဏသံသရာ၌ မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားသောလမ်းတည်း၊ အာစယဂါမိဟူသောလမ်းသည် ဥပါဒါနက္ခန္ဓာဟူသော လောကသို့ သွားသောလမ်းတည်း၊ ထိုကြောင့် မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။

အညာ ဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာနဂါမိနီ။
ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေကမနုဗြူဟယေ။
[ဓမ္မပဒပါဠိတော်။]

လာဘူပနိသာ၊ လာဘ်ကိုမှီသောတရားတို့သည်။ အညာဟိ၊ နိဗ္ဗာန်မှ တပါးဖြစ်သော တရားတို့သည်သာလျှင်တည်း။ နိဗ္ဗာနဂါမိနီ၊ နိဗ္ဗာန်သို့သွားသော တရားတို့သည်။ အညာ၊ လာဘ်ကိုမှီသော တရားမှတပါး ဖြစ်သော တရားတို့သည်သာလျှင်တည်း။ ဧဝံ၊ ဤသို့။ ဧတံ၊ ဤတရားနှစ်ပါးကို။ အဘိညာယ၊ သိ၍။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာဝကော၊ တပည့်ဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ သက္ကာရံ၊ ပူဇော်သက္ကာရကို။ နာဘိနန္ဒေယျ၊ မနှစ်သက်ရာ။ ဝိဝေကံ၊ ဆိတ်ငြိမ်ရာကို။ အနုဗြူဟယေ၊ ပွါးရာ၏။

န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊ဓမ္မော ပါပေတိ သုဂ္ဂတိံ။
[ဓမ္မပဒပါဠိတော်။]

ဓမ္မောစ၊ သူတော်ကောင်းတို့၏ တရားသည်၎င်း။ အဓမ္မောစ၊ မသူတော်တို့၏ တရားသည်၎င်း။ ဥဘော၊ နှစ်ပါးသောတရားတို့သည်။ သမဝိပါကိနော၊ တူမျှသော အကျိုးရှိကုန်သည်။ နဟိဟောန္တိ၊ မဖြစ်ကုန်။ ဓမ္မော၊ သူတော်ကောင်းတို့၏တရားသည်။ သုဂ္ဂတိံ၊ သုဂတိဟူသော လူ့ပြည်, နတ်ပြည်သို့။ ပါပေတိ၊ ရောက်စေ၏။ အဓမ္မော၊ မသူတော်တို့၏ တရားသည်။ နိရယံ၊ ငရဲသို့။ နေတိ၊ ဆောင်တတ်၏။

ဤယခုပြဆိုလတ္တံ့သော ပညာနေတ္တိ ဝိပဿနာကျမ်းတွင် ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နမည်သော သံသရာကြီး၌ ဒွယ-ဒွယအားဖြင့် နှစ်ပါးနှစ်ပါးထား၍ မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုသို့ ဟောသောဒေသနာတော်ကို

မဟာသမုဒ္ဒရာကို ယုန်သူငယ် ထောက်လှန်းသကဲ့သို့ မြတ်စွာဘုရား၏ သဗ္ဗညုတ ရွှေဉာဏ်တော်တည်းဟူသော ဉာဏသာဂရဖြင့် ဟောတော်မူအပ်သော အနန္တနယ သာဂရတည်းဟူသော ပဋ္ဌာန်းကျမ်းကြီးဖြင့် ထုတ်ဖော်ညွှန်ပြအပ်သော မဟာသံသာရသာဂရ တည်းဟူသော ပဋိစ္စသမုပ္ပါဒ သံသရာမှ လွှန်မြောက်၍ နိဗ္ဗာန်သို့သွားလာရာဖြစ်သော သံသရာလမ်းခွဲကို သမ္မာသမာဓိ, သုတမယဉာဏ်, ဘာဝနာမယဉာဏ်ဖြင့် အကျဉ်းသခ်ေပရေးသားပေအံ့။

သံသရာဟူသည် အဘယ်နည်းဆိုသော် ခန္ဓာ, ဓာတ်,အာယတန,သစ္စာတို့ဖြင့် ဖွဲ့၍ ဟောအပ်သော ဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နတရားသည် သံသရာမည်၏။

ခန္ဓဘေဒေါဝမရဏံ၊ ဇာတိ တပ္ပါတုဘာဝတာ။
ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာနံစ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။ ။
[သမ္မောဟဝိနောဒနီအဋ္ဌကထာ။]

ခန္ဓဘေဒေါ၊ ဥပါဒါနက္ခန္ဓာတို့၏ (နိရောဓဓမ္မအားဖြင့်) ပျက်စီးခြင်းသည်သာလျှင်။ မရဏံ၊ (ပဋိစ္စသမုပ္ပါဒ) မရဏမည်၏။ တပ္ပါတုဘာဝတာ၊ ထိုဥပါဒါနက္ခန္ဓာတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည်။ဇာတိ၊(ဓမ္မာရုံ)ဇာတိမည်၏။ ပဋိပါဋိ၊ အစဉ်အတိုင်း။ ခန္ဓာနဉ္စ၊ ဥပါဒါနက္ခန္ဓာတို့၏၎င်း။ ဓာတုအာယတနာနဉ္စ၊ ဓမ္မာရုံဖြစ်သောဓာတ်,အာယတနတို့၏၎င်း။ အဗ္ဗောစ္ဆိန္နံ၊ (စက္ခုစသော အာယတနတို့၌) မပြတ်သည်ဖြစ်၍။ ဝတ္တမာနာ၊ (ပဋိစ္စသမုပ္ပါဒ)ဖြစ်၍နေသည်ကို။ သံသာရောတိ၊ သံသရာဟူ၍။ပဝုစ္စတိ၊ဆိုအပ်၏။

ဤကား အာစယဂါမိ,အပစယဂါမိလမ်းကို
ပြဆိုသော အခဏ်းတည်း။

## ၁၁။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါစသည်ကိုပြဆိုခြင်း

ဤသို့ သံသရာဆိုသည်ကားပရမတ္ထဓမ္မာရုံ ပဋိစ္စသမုပ္ပါဒကို သံသရာဟု ဟောတော်မူ၏၊ ထိုပဋိစ္စသမုပ္ပါဒဟူသော သံသရာသည်—

၁။ အင်္ဂါအားဖြင့် တဆယ့်နှစ်ပါးရှိ၏။
၂။ အခြင်းအရာအားဖြင့် နှစ်ဆယ်ရှိ၏။
၃။ အလွှာအားဖြင့် လေးလွှာရှိ၏။

၄။ အစပ်အားဖြင့်သုံးပါးရှိ၏။
၅။ အခွန့်အားဖြင့် သုံးပါးရှိ၏။
၆။ ဝဋ်အားဖြင့် သုံးပါးရှိ၏။
၇။ မူလအားဖြင့် နှစ်ပါးရှိ၏။

ထိုတရားတို့တွင် —

၁။ အင်္ဂါအားဖြင့် တဆယ့်နှစ်ပါး ဟူသည်ကား အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ, နာမရူပ,သဠာယတန,ဖဿ, ဝေဒနာ,တဏှာ, ဥပါဒါန, ဘဝ, ဇာတိ, ဇရာမရဏ၊ ဤတဆယ့်နှစ်ပါးသည် ပဋိစ္စသမုပ္ပါဒ အင်္ဂါမည်၏၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဟူသော ဤတရားတို့ကို ပဋိစ္စသမုပ္ပါဒအင်္ဂါသို့သွင်း၍ မရေတွက်အပ်ကုန်၊ ထိုသောကပရိဒေဝ စသည်ကား ပဋိစ္စသမုပ္ပါဒ သံသရာ၌ ကျင်လည်သော ပုထုဇဉ်တို့၌ ဖြစ်ပေါ်၍ လာသော ဒုက္ခဟူသော အကျိုးဆက်ကို ပြသောစကားတော်တည်း။

၂။ အဝိဇ္ဇာ,သင်္ခါရ, တဏှာ,ဥပါဒါန,ဘဝဟူသော ဟေတုအကြောင်း ငါးပါးသည် အတိတ်အခွန့်ကာလ၌လည်းဖြစ်၏၊ ပစ္စုပ္ပန် အခွန့်ကာလ၌လည်းဖြစ်၏၊ ထိုသို့ဖြစ်သောကြောင့် အတိတ်အကြောင်းငါးပါး, ပစ္စုပ္ပန်အကြောင်းငါးပါး၊ ဤသို့အကြောင်း ဟေတုဆယ်ပါးဖြစ်၏၊ ဝိညာဏ, နာမရူပ, သဠာယတန, ဖဿ, ဝေဒနာဟူသော, ပရမတ္ထဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒငါးပါးသည် အကျိုးဖလငါးပါးမည်၏၊ ထိုအကျိုးဖလငါးပါးသည် ပစ္စုပ္ပန် အခွန့်ကာလ၌လည်း ဖြစ်၏၊ အနာဂတ် အခွန့်ကာလ၌လည်း အကျိုးဖလငါးပါးဖြစ်၏၊ ထို့ကြောင့် အကျိုးဖလ ဆယ်ပါးဖြစ်၏၊ ထိုကြောင့် အကြောင်းဟေတု ဆယ်ပါး, အကျိုးဖလလည်း ဆယ်ပါး၊ဤသို့ အားဖြင့် နှစ်ဆယ်ဖြစ်၏၊ ထိုအကြောင်းအကျိုး ဟေတုဖလ နှစ်ဆယ်သည် ပင်လျှင် အခြင်းအရာ နှစ်ဆယ်မည်၏။

၃။ ထိုဟေတုမည်သော အတိတ်အကြောင်း ငါးပါးကို တလွှာဆို၏၊ ပစ္စုပ္ပန်အကျိုးဖလ ငါးပါးကိုလည်း တလွှာဆို၏၊ ပစ္စုပ္ပန်ဟေတုအကြောင်း ငါးပါးကိုလည်း တလွှာဆို၏၊ အနာဂတ်အကျိုးဖလ ငါးပါးကိုလည်း တလွှာဆို၏၊ ဤသို့ အလွှာအားဖြင့် လေးလွှာဖြစ်သတည်း။

၄။ အတိတ်အခွန့်အကြောင်း ဟေတု ငါးပါး၏အဆုံးဖြစ်သော သင်္ခါရနှင့် ပစ္စုပ္ပန်အခွန့်အကျိုးဖလ ငါးပါး၏အစဖြစ်သော ဝိညာဏ်၏ အကြားသည် တစပ်မည်၏၊ ပစ္စုပ္ပန်အခွန့် အကျိုးဖလငါးပါး၏ အဆုံးဖြစ်သော

ဝေဒနာနှင့် ပစ္စုပ္ပန်အဓွန့်အကြောင်း ဟေတု ငါးပါး၏ အစဖြစ်သော တဏှာ၏အကြားသည် တစပ်မည်၏၊ ပစ္စုပ္ပန်အဓွန့်အကြောင်း ဟေတု ငါးပါး၏ အဆုံးဖြစ်သော သင်္ခါရနှင့် အနာဂတ်အဓွန့်အကျိုးဖလ ငါးပါး၏ အစဖြစ်သော ဝိညာဏ်၏အကြားသည် တစပ်မည်၏၊ ဤသို့လျှင် တိသန္ဓိ အစပ်သုံးပါးမည်၏။

၅။ အဓွန့်သုံးပါး ဟူသည်ကား အတိတ်ကာလ အဓွန့်တပါး,ပစ္စုပ္ပန် ကာလ အဓွန့်တပါး, အနာဂတ်ကာလ အဓွန့်တပါး၊ ဤသို့ အဓွန့်ဟူသော ကာလသုံးပါး ဖြစ်သတည်း။

၆။ ဝဋ်သုံးပါး ဟူသည်ကား အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဟူသော ဤသုံးပါးသော ပဋိစ္စသမုပ္ပါဒ်သည် ကိလေသဝဋ်မည်၏၊ ကမ္မဘဝနှင့် သင်္ခါရ ဟူသော စေတနာကံသည် ကမ္မဝဋ်မည်၏၊ ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာ ဟူသော အကျိုးဖလငါးပါးသည် ဝိပါကဝဋ်မည်၏၊ သင်္ခါရ စေတနာကံနှင့် ကမ္မဘဝဟူသော စေတနာကံ၊ ထိုကံနှစ်ပါးတို့တွင် အတိတ် အကြောင်းဖြစ်သော စေတနာသည် သင်္ခါရစေတနာ ကံမည်၏၊ ပစ္စုပ္ပန် အကြောင်းဖြစ်သော စေတနာသည် ကမ္မဘဝမည်၏။ ထိုကမ္မဘဝသည် ကမ္မဝဋ်လည်းမည်၏၊ အကျိုးဖလငါးပါးသည် ဝိပါကဝဋ်မည်၏။

> ပဋိစ္စသမုပ္ပါဒ်ဟူသောဘဝသည် ဘဝါသဝမည်၏၊ဘဝေါဃလည်း မည်၏၊ ဘဝယောဂလည်းမည်၏၊ ဘဝရာဂါနုသယလည်း မည်၏၊ ထိုဘဝဟူသော အမည်သည် လောဘဟူသော ဓမ္မာရုံစေတသိက်၏ အမည်သာတည်း၊ ထိုဘဝဟူသော လောဘဓမ္မာရုံသည် မာနနှင့်ယှဉ် သော လောဘဟူသောဘဝတပါး, ဒိဋ္ဌိနှင့်ယှဉ်သော လောဘ ဟူ သော ဘဝတပါး၊ ဤသို့ ဘဝနှစ်ပါးအပြားရှိ၏၊ ထိုဘဝနှစ်ပါးတို့တွင် ပုထုဇဉ်ပုဂ္ဂိုလ်တို့ ကျင်လည်သောဘဝသည် ဒိဋ္ဌိနှင့်ယှဉ်သော ဘဝါ သဝ,ဘဝေါဃ, ဘဝယောဂ,ဘဝရာဂါနုသယမည်သော ဘဝ၌ ကျင် လည်၍ စက္ခုစသော အာယတနဟူသော အကြည်ဓာတ်မှန်ပေါ်တွင် ဖြစ်၍နေကြကုန်၏၊ သပ္ပုရိသပုဂ္ဂိုလ်တို့သည်ကား မာနနှင့်ယှဉ်သော လောဘဟူသောဘဝ၌သာ ကျင်လည်ကြကုန်၏။

ဘဝဟူသည် လောဘဟူသော ဓမ္မာရုံစေတသိက်တည်း၊နိဿတ္တ, နိဇ္ဇီဝသဘောရှိ၏၊ စက္ခုစသော အာယတနခြောက်ပါးတွင် ကျင်

လည်း၍ဖြစ်၏၊ ထိုဘဝသည် ပဋိစ္စသမုပ္ပါဒ်ဖြစ်၍ အာသဝဟူသော အမည်, ဩဃဟူသော အမည်, ယောဂဟူသော အမည်, အနုသယ ဟူသောအမည်တို့ဖြင့် ဟောတော်မူ၏။

၇။ မူလနှစ်ပါးဟူသည်ကား အဝိဇ္ဇာနှင့်တဏှာ ဟူသောအကြောင်း နှစ်ပါးသည် အမြစ်မူလနှစ်ပါးမည်၏။

ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်ဟူသော သံသရာစက်၌ အင်္ဂါတဆယ့်နှစ်ပါး, အခြင်းအရာနှစ်ဆယ်, အလွှာလေးလွှာ, အစပ်သုံးပါး, အဝ္ဂန့်သုံးပါး,ဝဋ် သုံးပါး, မူလနှစ်ပါးအားဖြင့် ဝေဘန်၍ ဆင်ခြင်ရာ၏။

ဤကား ပဋိစ္စသမုပ္ပါဒ်အင်္ဂါစသည်ကို
ပြဆိုသောအခန်းတည်း။

## ၁၂။ မရဏာနှစ်မျိုးကိုပြဆိုခြင်း

ထိုပဋိစ္စသမုပ္ပါဒ်ဖြစ်သော ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ ဟူသော အကျိုးဖလငါးပါးတို့၏ ဖြစ်ဆဲကာလကို ဇာတိဟုဟောတော်မူ၏၊ အို၍ပျက်ဆဲအခါကို မရဏာဟုဟောတော်မူ၏၊ ပဋိစ္စသမုပ္ပါဒ မရဏာအနိစ္စ နှင့် ပဋိစ္စသမုပ္ပန္နဟူသောအနိစ္စ၊ ထိုအနိစ္စနှစ်ပါးသည် အဘယ်သို့သဘော အားဖြင့် ခြားနားသနည်းဆိုသော် မရဏာအနိစ္စဖြစ်၍ အဘန်တလဲလဲ သေ သည်ကား မျက်စိစသော အကြည်ဓာတ်မှန်ပေါ်တွင် ပျက်၍ပျက်၍နေသည် ကို မရဏာအနိစ္စဆို၏၊ ထိုမရဏာအနိစ္စဖြစ်၍ မရှိသောကြောင့် ဒုက္ခဖြစ်သော အနိစ္စသည် ပဋိစ္စသမုပ္ပန္န အနိစ္စမည်၏၊ ထိုကြောင့် "ပဋိစ္စသမုပ္ပန္နံ ဒုက္ခံ ဝုတ္တံ မယာ"ဟု ဟောတော်မူ၏၊ ထိုမရဏာသည်—

၁။ ပဋိစ္စသမုပ္ပါဒ်ဖြစ်သော ဇာတိ,ဇရာ,မရဏာ-

၂။ ဝိညာဏဋ္ဌိတိဟူသော ဘူတရုပ်လေးပါးနှင့် တကွဖြစ်သော စိတ် ဝိညာဏ်၏ မရဏာ၊

ဤသို့ မရဏာနှစ်ပါးအပြားရှိ၏၊ထိုနှစ်ပါးတို့တွင်—

၁။ ပဋိစ္စသမုပ္ပါဒ်ဖြစ်သောမရဏာသည်နိဿတ္တ,နိဇ္ဇီဝ ဥပါဒ်,ဋ္ဌီ,ဘင် ကင်း သော ပရမတ္ထ ဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒ အာယတနဟူသော မျက်စိ အစရှိသော ခြောက်ပါးသော အကြည်ဓာတ်မှန်ပေါ်တွင် ချုပ်၍ချုပ်၍ ပဋိစ္စသမုပ္ပန္နဖြစ်၍နေသည်ကို မရဏာ သေခြင်းဟု ဟောတော်မူ၏၊ ထိုပဋိစ္စ

သမုပ္ပန္နမရဏဟူသော သေခြင်းကင်းသည်ကိုသာလျှင် အမတ သေခြင်းကင်းသော နိဗ္ဗာန်ဟု ဟောတော်မူ၏။

၂။ ထိုဝိညာဏဋ္ဌိတိနှင့်တကွ သတ္တာဝါသဘုံကိုးဝ၌နေသောသတ္တဝါတို့၏ သေခြင်းကား တဘဝတွင် ဥပါဒ်,ဋ္ဌိ,ဘင်အားဖြင့် မရဏာသန္တတိအားဖြင့် တကြိမ်သာစုတိကျ၍သေခြင်းကို မရဏသေခြင်းဆို၏၊ ထိုဝိညာဏဋ္ဌိတိ၏ သေခြင်းမရဏကို အမတနိဗ္ဗာန်ဟု ဟောတော်မမူ၊ ထိုဝိညာဏဋ္ဌိတိဟူသော တရားသည်ပရမတ္ထအားဖြင့်ထင်ရှားသော"နိရောဓေ အတ္တိ"ဟူသောတရားတည်း၊ ထိုဝိညာဏဋ္ဌိတိ၏ ဇာတိ,ဇရာ,မရဏကို ဆုတောင်း၍ မရကောင်းသောတရားတည်း၊ ဤသို့လျှင် မရဏနှစ်ပါး-ဒွယအားဖြင့် ခြားနားကွဲပြားသတည်း။

ဤကား မရဏနှစ်မျိုးကိုပြဆိုသောအခဏ်းတည်း။

---

## ၁၃။ ဋ္ဌိတတရားကိုပြဆိုခြင်း

ပဋိစ္စသမုပ္ပါဒဟူသည် အဘယ်သို့ သဘောရှိသနည်းဆိုသော် ထိုပဋိစ္စသမုပ္ပါဒသဘောကို ပြတော်မူလိုသော မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။

> ဥပ္ပါဒါ ဝါ တထာဂတာနံ အနုပ္ပါဒါဝါ တထာဂတာနံ ဋ္ဌိတာဝ သာဓာတု၊ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ ဣဒပ္ပစ္စယတာ တံ တထာဂတော အဘိသမ္ဗုဇ္ဈတိ အဘိသမေတိ၊ အဘိသမ္ဗုဇ္ဈိတွာ အဘိသမေတွာ အစိက္ခတိ ဒေသေတိ ပညာပေတိ ပဋ္ဌပေတိ ဝိဘဇတိ ဝိဝရတိ ဥတ္တာနီကရောတိ ပဿထာတိစာဟ။

တထာဂတာနံ၊ မြတ်စွာဘုရားတို့အား။ ဥပ္ပါဒါဝါ၊ ပွင့်တော်မူသော်ငင်း။ တထာဂတာနံ၊ မြတ်စွာတို့အား။ အနုပ္ပါဒါဝါ၊ မပွင့်သော်ငင်း။ သာဓာတု၊ ထိုပရမတ္ထဖြစ်သော ဓမ္မာရုံဓမ္မဓာတ်ကြီးသည်။ ဋ္ဌိတာဝ၊ ဋ္ဌိတကိုးပါးဟူသော အမည်ဖြင့် အမြဲတည်၍နေသော တရားသည်သာလျှင်တည်း။ ဓမ္မဋ္ဌိတတာ၊ ဓမ္မာရုံဖြစ်၍တည်၏။ ဓမ္မနိယာမတာ၊ဓမ္မာရုံဖြစ်၍ အမြဲတည်၏။ ဣဒပ္ပစ္စယတာ၊ အကြောင်းကြောင့် အကျိုးဖြစ်၍နေသောတရားတည်း။ တံ၊ ထိုပဋိစ္စသမုပ္ပါဒတရားကို။ တထာဂတော၊ မြတ်စွာဘုရားသည်။ အဘိသမ္ဗုဇ္ဈတိ၊ သိတော်မူ၏။ အဘိသမေတိ၊ငြိမ်းစေတော်မူ၏။ အဘိသမ္ဗုဇ္ဈိတွာ၊ သိတော်မူ၍။ အဘိသမေတွာ၊ငြိမ်းစေတော်မူ၍။အာစိက္ခတိ၊ကြားတော်မူ၏။ ဒေသေတိ၊ ဟောတော်မူ၏။ ပညာပေတိ၊သိစေတော်မူ၏။ ပဋ္ဌပေတိ၊ ရွတ်ဆိုစေ၏။

ဝိဘဇတိ၊ဝေဘန်တော်မူ၏။ဝိဝရတိ၊ဖွင့်ပြတော်မူ၏၊ ဥတ္တာနီကရောတိ၊ ပေါ်လွင်အောင်ပြုတော်မူ၏။ ပဿထ၊ရှုကြကုန်လော။ ဣတိစ၊ ဤသို့လည်း။ အဟ၊ဟောတော်မူ၏။

ဣတိ ခေါ ဘိက္ခဝေ ယာ တတြ တထတာ အဝိတထတာ
အနညထတာ ဣဒပ္ပစ္စယတာ အယံ ဝုစ္စတိ ပဋိစ္စသမုပ္ပါဒေါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣတိခေါ၊ ဤသို့လျှင်။ ယာ၊ အကြင်ပရမတ္ထဖြစ်သော ဓမ္မာရုံ ဋ္ဌိတတရားကြီးသည်။တတြ၊ထိုပဋိစ္စသမုပ္ပါဒမည်သော သံသရာ၌။ တထတာ၊မှန်သောအဖြစ်ကိုင်း။ အဝိတထတာ၊မချွတ်ယွင်းသောအဖြစ်ကိုင်း။ အနညထတာ၊ ဖြစ်ခြင်းမှတပါး မပြောင်း မရွေ့ခြင်းကိုင်း။ ဣဒပ္ပစ္စယတာ၊ အကြောင်းကြောင့် အကျိုးဖြစ်၍ နေသော တရားကိုင်း။ အယံ၊ ဤအလုံးစုံသောတရားကို။ ပဋိစ္စသမုပ္ပါဒေါ၊ ပဋိစ္စသမုပ္ပါဒဟူ၍။ ဝုစ္စတိ၊ ဟောတော်မူ၏။

[နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။]

ဤပဋိစ္စသမုပ္ပါဒဟူသော သံသရာကြီးသည်—

၁။ ဘုံသုံးပါး၌ ဘုရားပွင့်သော်ငင်း, မပွင့်သော်ငင်း ဋ္ဌိတကိုးပါးဟူသောအမည်နှင့်တကွ ပရမတ္ထဓမ္မာရုံအားဖြင့် အမြဲတည်သော တရားတည်း။
၂။ ဓမ္မာရုံ၏အဖြစ်ဖြင့် အမြဲတည်ခြင်းကြောင့် "ဓမ္မနိယာမ"မည်သော တရားတည်း။
၃။ အဝိဇ္ဇာအစရှိသော အကြောင်းဖြစ်သည်ရှိသော် အကျိုးတရားတို့၏ ဖြစ်ခြင်းမြဲသောကြောင့် "ဣဒပ္ပစ္စယတာ"မည်၏။
၄။ ထိုအကြောင်းဖြစ်သည်ရှိသော် ထိုအကျိုးဖလ၏ ဖြစ်ခြင်း မှန်သောကြောင့်"တထတာ"မည်၏။
၅။ မချွတ်မယွင်းမှန်သောကြောင့် "အဝိတထတာ"မည်၏။
၆။ ပဋိစ္စသမုပ္ပါဒဟူသည် ဖြစ်သောအခိုက်အတံ့ကာလကို ဟော၏၊ ထိုသို့ဖြစ်သော အခိုက်အတံ့ကာလမှတပါး ပျက်သော ကာလကို မဟောသောကြောင့် "အနညထတာ"ဟု ဟောတော်မူ၏။

ပျက်သောကာလသို့ ပြောင်းသွားသည်ကို အညထတာဟု ပဋိစ္စသမုပ္ပန္နကိုဟော၏၊အနညထတာဟူသည် ပဋိစ္စသမုပ္ပါဒ၏အမည်တည်း၊ အညထတာဟူသည် ပဋိစ္စသမုပ္ပန္န၏အမည်တည်း၊ ဋ္ဌိတကိုးပါးဟူသော အမည်ကိုရသော

ပဋိစ္စသမုပ္ပါဒတရားသည် ပျက်ခြင်းအညထဘာဟူသော တပါးသို့ ရောက်သည်ကို သင်္ခတဟူ၍၎င်း, ပဋိစ္စသမုပ္ပန္နဟူ၍၎င်း ဟောတော်မူ၏၊ထို့ကြောင့် ဥဒါန်းပါဠိတော်၌ ဤသို့မိန့်တော်မူ၏။

> တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ကတမာနိ တီဏိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ၊ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ သင်္ခတဿ သင်္ခတလက္ခဏာနိ။

ဘိက္ခဝေ၊ ရဟန်းတို့။ သင်္ခတဿ၊ သင်္ခတတရား၏။ လက္ခဏာနိ၊ မှတ်ကြောင်းဖြစ်သော လက္ခဏာတို့သည်။ ဣမာနိတီဏိ၊ ဤသုံးပါးတို့တည်း။ ကတမာနိတီဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား။ ဥပ္ပါဒေါ၊ ဥပ္ပါဒဖြစ်ခြင်းသည်။ ပညာယတိ၊ ထင်ရှား၏၊ ဝယော၊ပျက်ခြင်း နိရောဓဓမ္မသည်။ ပညာယတိ၊ထင်ရှား၏။ဌိတဿ၊ ဥပ္ပါဒစသော ဌိတကိုးပါး၏။ အညထတ္တံ၊ ပဋိစ္စသမုပ္ပန္နဟုဆိုအပ်သော တပါးသို့ဖြစ်ခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သင်္ခတဿ၊သင်္ခတတရား၏။ သင်္ခတလက္ခဏာနိ၊သင်္ခတလက္ခဏာတို့သည်။ ဣမာနိတီဏိ၊ ဤသုံးပါးတို့တည်း။

ဤကား ဌိတတရားကို ပြဆိုသောအခဏ်းတည်း။

---

## ၁၄။ ပစ္စယပရိဂ္ဂဟာဓမ္မဋ္ဌိတိဉာဏ်ကိုပြဆိုခြင်း

ဤသို့သင်္ခတတရားသည် ဓမ္မာရုံ အနိစ္စဓမ္မ ပဋိစ္စသမုပ္ပန္နမည်၏၊ ဤအနညထတာ- အညထတာ ဟူသောစကား, ဝိပရိဏာမ ဟူသော စကားတို့သည် ပဋိစ္စသမုပ္ပါဒ၏ ပဋိစ္စသမုပ္ပန္န အနိစ္စဓမ္မမျိုး၌သာလျှင် ဟောတော်မူ၏၊ ဝိညာဏဋ္ဌိတိ၏ အနိစ္စကို အညထတာဟူ၍၎င်း, ဝိပရိဏာမဟူ၍၎င်း ဟောတော်မမူ၊ ဤပဋိစ္စသမုပ္ပါဒ၏သဘောကား အဝိဇ္ဇာ, သင်္ခါရ,တဏှာ, ဥပါဒါန, ဘဝ ဟူသော အကြောင်းဟေတုဖြစ်သည်ရှိသော် အကျိုးဖလဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ဓမ္မာရုံတို့၏ဖြစ်ခြင်းသည် မှချကေန်မှန်သောကြောင့် တထတာဟု ဟောတော်မူ၏၊ မချွတ်မယွင်း အမြဲအမှန် ဖြစ်ခြင်းကြောင့် အဝိတထတာဟု ဟောတော်မူ၏၊ ဤသို့အကြောင်း ဟေတုဖြစ်သည်ရှိသော် အကျိုးဖလ ငါးပါးတရားတို့သည် အမြဲဖြစ်ခြင်းကြောင့် ဣဒပ္ပစ္စယတာဟု ဟောတော်မူ၏၊ ဤစိတ်, စေတသိက်, ဥပါဒါရုပ်, နိဗ္ဗာန်ဟူသော ဓမ္မာရုံ ပရမတ္ထ တရားလေးပါး

ပစ္စယတရားတို့သည် ပဋိစ္စသမုပ္ပါဒမည်ကုန်၏၊ ထိုပဋိစ္စသမုပ္ပါဒ တရားတို့ကို သာ ခန္ဓာဖွဲ့၍ ဓာတ်ဖွဲ့၍ အာယတနဖွဲ့၍ သစ္စာဖွဲ့၍ ဟောတော်မူ၏၊ ဝိညာ ဏဋ္ဌိတိဟူသော ဝိညာဏစရိယ တရားတို့ကို ဥပါဒါနက္ခန္ဓာစသည်ဖွဲ့၍ မဟောအပ်၊ မြတ်စွာဘုရားသည် ဟောတော်မမူ၊ ထိုပဋိစ္စ သမုပ္ပါဒတရား ကို ဌိတိကိုးပါးနှင့်တကွ ပဋိစ္စသမုပ္ပန္နမည်သော အနိစ္စဓမ္မကို ပွားများအား ထုတ်သော သပ္ပုရိသပုဂ္ဂိုလ်သည် ဓမ္မဋ္ဌိတိ ဟူသော ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ရ၏၊ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဤသို့မိန့်တော်မူ၏။

> ကထံ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ၊ အဝိဇ္ဇာသင်္ခါရာနံ ဥပ္ပါဒဋ္ဌိတိစ ပဝတ္တဋ္ဌိတိစ နိမိတ္တဋ္ဌိတိစ အာယူဟနဋ္ဌိတိစ သညော-ဂဋ္ဌိတိစ ပလိဗောဓဋ္ဌိတိစ သမုဒယဋ္ဌိတိစ ဟေတုဋ္ဌိတိစ ပစ္စယဋ္ဌိတိစ ဣမေဟိ နဝဟာကာရေဟိ အဝိဇ္ဇာပစ္စယော၊သင်္ခါရာပစ္စယသမုပ္ပန္နာ၊ ဥဘောပေတေဓမ္မာ ပစ္စယသမုပ္ပန္နာတိ ပစ္စယ ပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ။
>
> [ပဋိသမ္ဘိဒါမဂ်ပါဠိတော်။]

ပစ္စယပရိဂ္ဂဟေ၊ အကြောင်းကိုသိမ်းဆည်းရာ၌။ ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်သည်။ ကထံဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ အဝိဇ္ဇာသင်္ခါရာနံ၊ အဝိဇ္ဇာ, သင်္ခါရဟူသော ပဋိစ္စသမုပ္ပါဒ တရားတို့၏။ ဥပ္ပါဒဋ္ဌိတိစ၊ ဖြစ်ခြင်း၏တည်ရာငှင်း။ ပဝတ္တဋ္ဌိတိစ၊ ဖြစ်ခြင်း၏တည်ရာငှင်း။ နိမိတ္တဋ္ဌိတိစ၊ အကြောင်း၏တည်ရာငှင်း။အယူဟနဋ္ဌိတိစ၊ အားထုတ်သကဲ့သို့ တည်ရာငှင်း။ သညောဂဋ္ဌိတိစ၊ ဖွဲ့ချည်သကဲ့သို့တည်ရာငှင်း။ ပလိဗောဓဋ္ဌိတိစ၊ ကြောင့်ကြသကဲ့သို့တည်ရာငှင်း။ သမုဒယဋ္ဌိတိစ၊ အကြောင်းဖြစ်၍တည်ရာငှင်း။ ဟေတုဋ္ဌိတိစ၊ အကြောင်းဖြစ်၍တည်ရာငှင်း။ ပစ္စယဋ္ဌိတိစ၊ အကြောင်းဖြစ်၍တည်ရာငှင်း။ နဝဟိ၊ ကိုးပါးကုန်သော။ ဣမေဟိအာကာရေဟိ၊ ဤဒေသနာတော်၏ အခြင်းအရာတို့ဖြင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပစ္စယော၊ ပစ္စယမည်၏။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ပစ္စယသမုပ္ပန္နာ၊ ပစ္စယသမုပ္ပန္န ဟူသော အနိစ္စဓမ္မမည်ကုန်၏။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ထိုအဝိဇ္ဇာပစ္စယ, သင်္ခါရပစ္စယ တရားတို့သည်။ ပစ္စယသမုပ္ပန္နာ၊ ပစ္စယသမုပ္ပန္နဟူသော, အနိစ္စဓမ္မဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်းကို သိမ်းဆည်းရာ၌။ ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိ ဉာဏ်မည်၏။

ဤသို့အဝိဇ္ဇာ, သင်္ခါရစသော တဆဲ့နှစ်ပါးသော ပဋိစ္စသမုပ္ပါဒတရားတို့၏ ဖြစ်ခိုက်အခါကာလသည် ဥပ္ပါဒဋ္ဌိတိမည်၏၊ ပဝတ္တဋ္ဌိတိမည်၏၊ နိမိတ္တဋ္ဌိတိမည်၏၊ အာယူဟနဋ္ဌိတိမည်၏၊ သညောဂဋ္ဌိတိမည်၏၊ ပလိဗောဓဋ္ဌိတိမည်၏၊ သမုဒယဋ္ဌိတိမည်၏၊ ဟေတုဋ္ဌိတိမည်၏၊ ပစ္စယဋ္ဌိတိမည်၏၊ ဤသို့အဝိဇ္ဇာအစရှိသော ပဋိစ္စသမုပ္ပါဒ တပါးတပါး၌ ဋ္ဌိတိကိုးပါးကိုးပါးစီရှိ၏၊ ထို ပဋိစ္စသမုပ္ပါဒတရား၌ ဋ္ဌိတိကိုးပါးစီရှိသကဲ့သို့ပဋိစ္စသမုပ္ပန္န တရားသည်လည်း အညထတာ ဟူသော ပဋိစ္စသမုပ္ပန္နဖြစ်သော သင်္ခတ တရားတို့သည်လည်း ဖြစ်ကုန်၏၊ ဥပ္ပါဒဋ္ဌိတိဟူသော ပဋိစ္စသမုပ္ပါဒအဖြစ်မှ အညထတာဟူသောသဘောဖြင့် ပျက်ခြင်းဟုဆိုအပ်သော တပါးသောအဖြစ်သို့ ရောက်ခြင်းသည် ပဋိစ္စသမုပ္ပန္နမည်၏၊ ထို့အတူ ပဝတ္တဋ္ဌိတိစသည်ကိုလည်း အညထတာသဘောဖြစ်၍ ပဋိစ္စသမုပ္ပန္နကို ထုတ်ဆောင်အပ်၏၊ ပဋိစ္စသမုပ္ပန္န ဟူ၍၎င်း, ပစ္စယသမုပ္ပန္န ဟူ၍၎င်း, ဥပ္ပန္န ဟူ၍၎င်း, ပဝတ္တသမုပ္ပန္န ဟူ၍၎င်း, နိမိတ္တသမုပ္ပန္န ဟူ၍၎င်း,အာယူဟနသမုပ္ပန္န ဟူ၍၎င်း,သညောဂသမုပ္ပန္န ဟူ၍၎င်း,ပလိဗောဓသမုပ္ပန္န ဟူ၍၎င်း,သမုဒယသမုပ္ပန္န ဟူ၍၎င်း,ဟေတုသမုပ္ပန္န ဟူ၍၎င်း ဤပြဆိုခဲ့သောအမည်တို့သည် အနိစ္စဓမ္မ၏ အမည်တို့သာတည်း။ ဤကား အညထတာဟူသော ပဋိစ္စသမုပ္ပန္န၏ တပါးသို့ပြောင်းရွှေ့ပုံကို ပြသော စကားတည်း။

ဤကား ပစ္စယပရိဂ္ဂဟဓမ္မဋ္ဌိတိဉာဏ်ကိုပြဆိုသောအခန်းတည်း။

---

## ၁၅။ အဝိဇ္ဇာ,တဏှာအခွဲ

ဤပရမတ္ထဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒဟု ဆိုအပ်သော စိတ်,စေတသိက်,နိဗ္ဗာန်ဟူသော ဤတရားတို့သည်နာမ်မည်ကုန်၏၊ ဥပါဒါရုပ်ဟူသော ဓမ္မာရုံ ပရမတ္ထဖြစ်သောတရားတို့သည်ရူပါရုံဟူသော ပဋိစ္စသမုပ္ပါဒမည်၏၊ ထိုအဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ,နာမရူပ,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ, ဥပါဒါန,ဘဝ,ဇာတိ,ဇရာမရဏ ဟူသော တဆယ့်နှစ်ပါးသောပဋိစ္စသမုပ္ပါဒ တရား၌ တရားကိုယ်အရကို ပြဆိုဦးအံ့။

အဝိဇ္ဇာသည်မောဟမည်၏၊ထိုမောဟသည်လည်း ဝိစိကိစ္ဆာနှင့်ယှဉ်သော မောဟတပါး, ဥဒ္ဓစ္စနှင့်ယှဉ်သော မောဟတပါး ဤသို့လျှင် မောဟနှစ်ပါး ရှိသောကြောင့် အဝိဇ္ဇာလည်း နှစ်ပါးအပြားရှိ၏၊ ထိုသို့ သဘောရှိသော မောဟနှစ်ပါးကို မောဟဟုဆိုအပ်၏။

တဏှာသည် လောဘမည်၏၊ ထိုလောဘသည်လည်း ဒိဋ္ဌိနှင့်ယှဉ်သော လောဘတပါး,မာနနှင့်ယှဉ်သော လောဘတပါး, ဤသို့လျှင်လောဘ နှစ်ပါး ရှိခြင်းကြောင့် တဏှာလည်း နှစ်ပါးအပြားရှိ၏၊ ထိုသို့သဘောရှိသော လောဘနှစ်ပါးကို လောဘဟုဆိုအပ်၏။

ပဋိစ္စသမုပ္ပါဒ သံသရာနယ်တွင်းမှာ ဥဒ္ဓစ္စ-ဝိစိကိစ္ဆာဟူသော မောဟ, မာန- ဒိဋ္ဌိဟူသော လောဘ၊ဤ တရားတို့ကို အကုန်မပယ်နိုင်ကြကုန်၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ပါးသည် အနုသယဖြစ်၍ အမြဲကိန်း၏၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဒါန,သီလ,ဘာဝနာကို အားထုတ်သောအခါ၌ ဝိက္ခမ္ဘနသတ္တိဖြင့် ဥဒ္ဓစ္စနှင့်မာနဟူသော မောဟ, လောဘကိုသာပယ်နိုင်၏၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုမပယ်နိုင်၊ ထိုသို့ ဥဒ္ဓစ္စနှင့်မာနကိုပယ်သော မောဟ, လောဘကိုပင် အမောဟ,အလောဘပြု၍ ပုထုဇဉ်တိဟိတ်သည် ဉာဏသမ္ပယုတ်နှင့်ယှဉ်၏၊ ပုထုဇဉ်တိဟိတ်၏ ဉာဏသမ္ပယုတ်သည် သမ္မာဒိဋ္ဌိမဂ္ဂင်မမည်၊ သပ္ပုရိသပုဂ္ဂိုလ်ဖြစ်အံ့၊ တဒင်္ဂပဟာနသတ္တိဖြင့် မဟာကုသိုလ် ဉာဏသမ္ပယုတ်နှင့် ယှဉ်သော အမောဟ,အလောဘသည် ဝိစိကိစ္ဆာနှင့်ဒိဋ္ဌိကို ပယ်၏၊ ဥဒ္ဓစ္စနှင့်မာနကိုမပယ်နိုင်သေး၍ ကြွင်းကျန်သေး၏၊ ထိုသို့သဘောရှိသော အလောဘ,အဒေါသ,အမောဟကို သပ္ပုရိသ တိဟိတ်ဆို၏၊ ဤသို့လျှင် သပ္ပုရိသတိဟိတ်နှင့် ပုထုဇဉ်တိဟိတ်နှစ်ပါးခြားနား၏၊ ဤသို့အဝိဇ္ဇာ, တဏှာဟူသော အမြစ်မူလနှစ်ပါးသည် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်၏ အမြစ်မူလ နှစ်ပါး, သပ္ပုရိသပုဂ္ဂိုလ်၏အမြစ်မူလနှစ်ပါး၊ ထိုနှစ်ပါးတို့သည်လည်း မတူကွဲပြားထူးခြားကြ၏။

ဤကား အဝိဇ္ဇာ,တဏှာအခွဲကို ပြဆိုသော အခန်းတည်း။

---

## ၁၆။ သင်္ဂါရအခွဲ

သင်္ဂါရဟူသည်ကား—

၁။ ပုညာဘိသင်္ခါရ,

၂။ အပုညာဘိသင်္ခါရ,

၃။ အာနေဉ္ဇာဘိသင်္ခါရ—

ဟူ၍ သုံးပါးအပြားရှိ၏။

၁။ မဟာကုသိုလ်စိတ် ရှစ်ခု, ရူပကုသိုလ်စိတ်ငါးခု ပေါင်းတဆယ့်သုံးပါးသည် ပုညာဘိသင်္ခါရ ကုသိုလ်မည်၏။

၂။ အပုညာဘိသင်္ခါရ ဟူသည်ကား အကုသိုလ်စိတ် တဆယ့်နှစ်ခုသည် အပုညာဘိသင်္ခါရ အကုသိုလ်မည်၏။

၃။ အာနေဉ္ဇာဘိသင်္ခါရ ဟူသည်ကား အရူပကုသိုလ်စိတ် လေးခုသည် အာနေဉ္ဇာဘိသင်္ခါရကုသိုလ်မည်၏။

သင်္ခါရဟူသည်ကား ထိုကုသိုလ်,အကုသိုလ်စိတ်၌ရှိသော စေတနာသည် သင်္ခါရမည်၏၊ ထိုစေတနာသည် ကံမည်၏၊ ထိုသင်္ခါရစေတနာ ကံတို့တွင် အာစယဂါမိ ကုသိုလ်စေတနာကံ, အပစယဂါမိ ကုသိုလ် စေတနာကံ၊ ဤနှစ်ပါးတို့တွင် ဒိဋ္ဌိ,ဝိစိကိစ္ဆာကို မပယ်သေးသော ပုထုဇဉ်၏ ကုသိုလ် ဝိပ္ပယုတ်, သမ္ပယုတ်စိတ်သည် အာစယဂါမိ ကုသိုလ်ကံမည်၏၊ သံပ္ပုရိသ ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်သည် ဝိပဿနာ ဉာဏစရိယ သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်သော အပစယဂါမိ ကုသိုလ်မည်၏။

ဤကား သင်္ခါရအခွဲကို ပြဆိုသော အခန်းတည်း။

## ၁၇။ ဝိညာဏအခွဲ

ဝိညာဏ ဟူသည်ကား ဓမ္မရုံဖြစ်သောစိတ် ဝိညာဉ်သည် ဝိညာဏဋ္ဌိတိ စိတ်ဝိညာဉ် ပြားသလောက် အပြားရှိ၏၊ ထိုကြောင့် ဓမ္မာရုံဖြစ်သော စိတ်ဝိညာဉ် ရှစ်ဆယ့်ကိုးပါး၊ အကျယ်တရာ့နှစ်ဆယ့်တပါး အပြားရှိ၏၊ ဝိညာဏဋ္ဌိတိကိုစွဲ၍ ဖြစ်သောဓမ္မာရုံ ဖြစ်သော စိတ်ဝိညာဉ်သည်ရှိ၏၊ ထို ဓမ္မာရုံဖြစ်သော စိတ်ဝိညာဉ်သည် အဝိဇ္ဇာ,တဏှာ,ကံ,နာမရူပ ဟူသော အကြောင်းလေးပါးကြောင့်ဖြစ်၍ သပ္ပစ္စယ စိတ်ဝိညာဉ်မည်၏၊ထိုသပ္ပစ္စယ ပဋိစ္စသမုပ္ပါဒမည်သော ဝိညာဏပစ္စယာ ဟူသော စိတ်ဝိညာဉ်သည် ဝိညာဏဋ္ဌိတိမည်သော စိတ်ဝိညာဉ်နှင့် ရောယှက်၍“ဝိညာဏံ အတ္တတော သမနုပဿတိ”ဟူသော သက္ကာယဒိဋ္ဌိဖြစ်တတ်၏၊ထိုဝိညာဉ်နှစ်ပါးကို မသိ ခြင်းကြောင့် သာတိရဟန်းနှင့် ဗက-ပြဟ္မာတို့မိစ္ဆာဒိဋ္ဌိဖြစ်ရလေ၏၊ ဝိညာဏ ဋ္ဌိတိ ဝိညာဉ်ကား ဝိညာဏစရိယ ဟူ၍၎င်း, ဝိညာဏံ မဇ္ဈေဟူ၍၎င်း, ဝိညာဏံ အနိဒဿနံ၊အနန္တံ သဗ္ဗတောပဘံ ဟူ၍၎င်း,ပကတိပရိသုဒ္ဓမိဒံစိတ္တံ ဟူ၍၎င်း, ဉာဏစရိယ-အဉာဏစရိယဟူ၍၎င်း၊ ဤသို့ဝိညာဏဋ္ဌိတိဝိညာဉ်ကို ဟောတော်မူ၏၊ ထိုဝိညာဏဋ္ဌိတိ၏ စိတ်ဝိညာဉ်ကို ပဋိစ္စသမုပ္ပါဒ၌ ထည့် သွင်း၍ မဟောအပ်၊ ပဋိစ္စသမုပ္ပါဒထဲသို့ မပါမဝင်သော စိတ်ဝိညာဉ် တည်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ မသိမမြင်နိုင်သော စိတ်ဝိညာဉ်တည်း၊ထို့ကြောင့် ထိုစိတ်ဝိညာဉ်သည် ဒိဋ္ဌိနှစ်ပါးမှ ကင်း၏၊ သန့်ရှင်း စင်ကြယ်၏၊ နူးညံ့ သိမ်မွေ့၏။

ဤကား ဝိညာဏအခွဲကို ပြဆိုသော အခန်းတည်း။

## ၁၈။ နာမရူပအခွဲ

နာမရူပံ ဟူသည်ကား ဓမ္မာရုံပရမတ္ထ ဖြစ်သော စိတ်ဝိညာဏ်နှင့် စေတသိက်ငါးဆယ့်နှစ်ပါးသည် နာမ်မည်၏၊နိဗ္ဗာန်သည်လည်း နာမ်မည်၏၊ ထိုနာမ်တရားကိုမသိလျှင် သဿတဒိဋ္ဌိ ဖြစ်၏ဟု ဟောတော်မူ၏၊ ဝိညာဏ ဋ္ဌိတိကို နာမ်ဟု ဟောတော်မမူ၊ ဝိညာဏဋ္ဌိတိသည် နာမ်မည်ငြားအံ့၊ဒိဋ္ဌိနှင့် ယှဉ်သော ဝိညာဏ်ဖြစ်ရာ၏၊ ထိုကြောင့် နာမ်ဟူသော အမည်ကို မရအပ်၊ ပဋိစ္စသမုပ္ပန္နမည်သော အနိစ္စဓမ္မကိုလည်း "အရူပိနောဓမ္မာ" ဟု ဟောတော်မူ၏၊ နာမ်ဟု ဆိုလို၏။

ရူပံ ဟူသည်ကား အာရုံခြောက်ပါး၌ ပါဝင်သော ဥပါဒါရုပ် ဟူသမျှ အလုံးစုံသည် ပဋိစ္စသမုပ္ပါဒ ရူပုပါဒါ နက္ခန္ဓာမည်၏၊ ထိုအာရုံခြောက်ပါး တို့သည် ပရမတ္ထဖြစ်သော ရုပ်တို့သာတည်း၊ ရူပါရုံစသော အာရုံငါးပါး သည် ပစ္စုပ္ပန်၌သာဖြစ်၏၊ထိုငါးပါးသောအာရုံတို့သည်အတိတ်နှင့်အနာဂတ် ဖြစ်လျှင် ဓမ္မာရုံမည်၏၊ ဘူတရုပ် လေးပါးသည် ဝိညာဏဋ္ဌိတို့၏ မှီရာတည်ရာ တည်း၊ ထိုဝိညာဏဋ္ဌိတိနှင့် တွဲမှီ၍နေသော ပဉ္စဝေါကာရ နှစ်ဆယ့် ခြောက်ဘုံ၌ ဖြစ်သောအခါ ဥပါဒ်,ဋ္ဌီ, ဘင်ရှိ၏၊ ဘူတရုပ်လေးပါး ဟူသော ရုပ်၏ အသက်ကား စိတ်ဝိညာဏ်၏အသက် တဆယ့်ခုနစ်ပါးရှိ၏၊ ခဏ၏ အသက်အားဖြင့် ငါးဆယ့်တချက်ခန့်ကာလ အသက်ရှိ၏၊ ထိုဝိညာဏ်နှင့် ရုပ်တွဲမှီ၍ နေသောဘုံ၌ ဥပါဒ်,ဋ္ဌီ,ဘင်ရှိ၏၊ မတွဲမှီသော အသညသတ်ဘုံ အရူပဘုံတို့၌ ဥပါဒ်,ဋ္ဌီ,ဘင်မရှိ၊ နိဗ္ဗာန်၌ ဥပါဒ်,ဋ္ဌီ,ဘင်မရှိ၊အာရုံခြောက်ပါး တို့၌လည်း ပရမတ်သာမည်၍ ဥပါဒ်,ဋ္ဌီ,ဘင်မရှိ၊ အသညသတ်နှင့် အရူပဘုံ၌ ပရမတ္ထတရားမှန်၏၊ သတ္တ, ဇီဝရှိ၏၊ ဥပါဒ်, ဋ္ဌီ, ဘင်မရှိ၊ အာရုံငါးပါး, ခြောက်ပါး ဓမ္မာရုံတရားတို့သည် ပရမတ္ထမှန်၏၊ နိဿတ္တ,နိဇ္ဇီဝဖြစ်၏၊ဥပါဒ်, ဋ္ဌီ,ဘင်မရှိ၊ ပညတ်နှင့်နိဗ္ဗာန်သည် ဓမ္မာရုံပရမတ္ထ နာမ်တရားကား မှန်၏၊ နိဿတ္တ,နိဇ္ဇီဝဖြစ်၏၊ ဥပါဒ်,ဋ္ဌီ,ဘင်မရှိ၊ ထိုအာရုံခြောက်ပါးဟူသော ဓမ္မာရုံ ကို ပထသုံးပါးဖြင့်တင်၍ ဟောတော်မူ၏၊ နိရုတ္တိပထ ဟူသည် အသံသဒ္ဒါရုံ မည်၏၊ အဓိဝစနပထ ဟူသည် အမည်နာမ မည်၏၊ ပညတ္တိပထ ဟူသည် သိစေခြင်းတည်း။

ဤကား နာမရူပ အခွဲကိုပြဆိုသောအခဏ်းတည်း။

## ၁၉။ သဠာယတနအခွဲ

၁။ သဠာယတန ဟူသည်ကား မျက်စိကိုပင် စက္ခုပသာဒ ဟူ၍၎င်း, စက္ခုဒွါရ ဟူ၍၎င်း, စက္ခုဝတ္ထု ဟူ၍၎င်း, စက္ခာယတန ဟူ၍၎င်း, စက္ခုန္ဒြေ ဟူ၍၎င်း ဟောတော်မူ၏။

၂။ ထို့အတူ နားကိုပင်သောတပသာဒဟူ၍၎င်း,သောတဒွါရဟူ၍၎င်း, သောတဝတ္ထုဟူ၍၎င်း, သောတာယတနဟူ၍၎င်း, သောတိန္ဒြေဟူ၍၎င်း ဟောတော်မူ၏။

၃။ နှာခေါင်းကိုပင် ဃာနပသာဒဟူ၍၎င်း,ဃာနဒွါရဟူ၍၎င်း, ဃာနဝတ္ထုဟူ၍၎င်း, ဃာနာယတနဟူ၍၎င်း, ဃာနိန္ဒြေဟူ၍၎င်း ဟောတော်မူ၏။

၄။ လျှာကိုပင် ဇိဝှါပသာဒဟူ၍၎င်း, ဇိဝှါဒွါရဟူ၍၎င်း, ဇိဝှါဝတ္ထုဟူ၍၎င်း, ဇိဝှါယတနဟူ၍၎င်း, ဇိဝှိန္ဒြေဟူ၍၎င်း ဟောတော်မူ၏။

၅။ ကိုယ်ကိုပင် ကာယပသာဒဟူ၍၎င်း, ကာယဒွါရဟူ၍၎င်း, ကာယဝတ္ထုဟူ၍၎င်း,ကာယာယတနဟူ၍၎င်း, ကာယိန္ဒြေဟူ၍၎င်း ဟောတော်မူ၏။

၆။ မနောကိုပင် မနောဟူ၍၎င်း, မနောဒွါရဟူ၍၎င်း ဟဒယဝတ္ထုဟူ၍၎င်း, မနာယတနဟူ၍၎င်း မနိန္ဒြေဟူ၍၎င်း ဟောတော်မူ၏။

ထိုခြောက်ပါးသော အာယတနတို့တွင် မနမည်သောမနောဒွါရဟူသည် အဘယ်ကိုဆိုသနည်းဆိုသော် ဘဝင်္ဂပစ္စေဒမည်သော ဘဝင်စိတ် တဆယ့်ကိုးပါးနှင့်ပြိုင်၍ ဥပါဒ်အားဖြင့် ဖြစ်ပေါ်လာသော ကမ္မဇ ဟဒယဝတ္ထုရုပ်သည် မနမည်၏၊ မနောဒွါရဟူ၍၎င်း, ဟဒယဝတ္ထုဟူ၍၎င်း, မနာယတနဟူ၍၎င်း, မနိန္ဒြေဟူ၍၎င်း ပရမတ္ထ ဓမ္မာရုံဖြစ်သော မနကို ဟောတော်မူ၏။

ဤနေရာမှာ မနသဒ္ဒါ ရုပ်ကိုဟော၏၊ စိတ်ကိုမဟောနိုင်၊ ဝတ္ထုပုရေဇာတနိဿယပစ္စည်းသည် ရုပ်ပစ္စည်းဖြစ်သောကြောင့်တည်း၊ အကယ်၍ဘဝင်စိတ်ကို မနောဒွါရယူသော် ဘဝင်စိတ်သည် ပစ္စည်းဖြစ်၍ ဝိညာဏ စရိယတရားသည် ပစ္စည်းဖြစ်ရာ၏၊ ဘဝင်ဟူသော ဝိညာဏစရိယသည် ပစ္စည်းမဖြစ်နိုင်ရာ၊ မရဏာသန္နအခါ စုတိစိတ်မှနောက်သို့ပြန်၍ရေသော် တဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်ဥပါဒ်ပြိုင်၍ ဖြစ်သော ကမ္မဇ ဟဒယဝတ္ထုရုပ်

သည်သာ စုတိစိတ်၏ဝတ္ထုပုရေဇာတနိဿယပစ္စည်း တပ်နိုင်၏၊ ထိုတဆယ့်ခုနစ်ချက်မြောက်သောစိတ်သည် နိဿယပစ္စည်းမတပ်နိုင်၊ ထို့ကြောင့် ဘဝင်စိတ်ကို မနောဒွါရမယူရာ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းဟူသောစိတ်နှစ်ပါးတို့သည် မနောဒွါရမည်သော ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ နိဿယပစ္စည်းတပ်၏၊ ဤသဠာယတန အခွဲသည် ကျယ်လွန်း၏၊ အထက်၌ ခွဲ၍ ပြလတ္တံ့။

ဤကား သဠာယတနအခွဲကိုပြဆိုသောအခဏ်းတည်း။

---

## ၂၀။ ဖဿအခွဲ

ဖဿဟူသည်ကား ဓမ္မာရုံပရမတ္ထဖြစ်သော ပဋိစ္စသမုပ္ပါဒ တရားတည်း၊ ထိုဖဿသည် ဒွိဠ္ဌ၏တည်းနိရာ အိမ်ဟုဟောတော်မူ၏၊ ထိုဖဿသည် စက္ခုစသော အာယတနတို့ ပေါင်းဆုံမိသည်ရှိသော် မှားသောမိစ္ဆာဒိဋ္ဌိတို့နှင့်တွေ့အောင် စောင့်၍နေ၏၊ ရုပ်ကိုဓမ္မာရုံမှန်းသိသော ဝိဘူတပဋိညာဉ်ကို ရသောသပ္ပုရိသပုဂ္ဂိုလ်တို့၌ ဖဿဟူသော ပဋိစ္စသမုပ္ပါဒမဖြစ်ဟု "မဟာနိဒ္ဒေသပါဠိတော်"မှာ ဟောတော်မူ၏၊ ထိုဖဿသည် ခြောက်ပါး အပြားရှိ၏၊ ခြောက်ပါးဟူသော်ကား စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿဟူ၍ ခြောက်ပါးအပြားရှိ၏။

ဤကား ဖဿအခွဲကိုပြဆိုသောအခဏ်းတည်း။

---

## ၂၁။ ဝေဒနာအခွဲ

ဝေဒနာဟူသည်ကား ဓမ္မာရုံပရမတ္ထဖြစ်သော ပဋိစ္စသမုပ္ပါဒ မည်သောတရားတည်း၊ ထိုဝေဒနာသည်လည်း ခြောက်ပါးအပြားရှိ၏၊ ခြောက်ပါးဟူသော်ကား စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာ ဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနောသမ္ဖဿဇာဝေဒနာဟူ၍ ဝေဒနာခြောက်ပါးအပြားရှိ၏၊ သုခဝေဒနာ, သောမနဿဝေဒနာ, ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာဟူ၍လည်း ငါးပါးအပြားရှိ၏၊ထိုဝေဒနာကိုအထက်၌ကျမှ အကျယ်ပြဆိုပေအံ့။

ဤကား ဝေဒနာအခွဲကိုပြဆိုသောအခဏ်းတည်း။

## ၂၂။ တဏှာအခွဲ

တဏှာဟူသည်ကား ထိုတဏှာသည် တရားကိုယ်အားဖြင့် လောဘစေတသိက် ဓမ္မာရုံပရမတ္ထဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားမည်၏၊ ထိုတဏှာသည် အကျဉ်းအားဖြင့် ခြောက်ပါး အပြားရှိ၏၊ အကျယ်အားဖြင့် တရာ့ရှစ်ပါးရှိ၏၊ ခြောက်ပါးဟူသော်ကား ရူပတဏှာ,သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖေါဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာဟူ၍ ခြောက်ပါး အပြားရှိ၏၊ ထိုတဏှာခြောက်ပါးတို့တွင် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံဟူသော ကာမဂုဏ်ငါးပါးကို တဏှာဟူ၍ဟောသည်ရှိသော် ယုံကြည်သည်ဖြစ်၍ ဝန်ခံနိုင်၏၊ ဓမ္မာရုံကို တဏှာဟု ဟောသည်ရှိသော် မယုံကြည်နိုင်၊ ဝန်လည်းမခံနိုင်၊ ဓမ္မာရုံတဏှာဖြစ်ပုံကား ကာမဂုဏ်ငါးပါး ဟူသော အာရုံငါးပါးသည် ပစ္စုပ္ပန်ကာလ၌သာလျှင် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ ဟူသောအမည်ကိုရ၏၊ ထိုအာရုံငါးပါးတို့သည် ပဋိစ္စသမုပ္ပန္နဖြစ်၍ နိရောဓဓမ္မအားဖြင့် ချုပ်ပြီးသည်ရှိသော် အတိတ်ဓမ္မာရုံမည်၏၊ ထိုလွန်ပြီးသော အတိတ်ကာမဂုဏ် ဓမ္မာရုံကိုစွဲ၍ဖြစ်သော တဏှာကို ဓမ္မတဏှာဟု ဟောတော်မူ၏၊ ထိုတဏှာသည် လောဘ၏ အမည်သာတည်း၊ထိုလောဘသည်လည်း ဒိဋ္ဌိလောဘ,မာနလောဘဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုဒိဋ္ဌိနှင့်မာနသည်လည်း အမြဲကိန်းသော အနုသယတရားတည်း။

ဒိဋ္ဌိဟူသောအယူသည် ဒဿနေနပဟာတဗ္ဗဖြစ်၍ တရားတော်ကို ကြားနာရမှ ပယ်နိုင်သောတရားတည်း၊ မာနဟူသော လောဘကိုဘာဝနာဖြင့် ပယ်နိုင်၏၊ပယ်နိုင်၏ဆိုသော်လည်း အရဟတ္တမဂ်သမ္မာဒိဋ္ဌိဉာဏ် ဘာဝနာမှသာလျှင် အကြွင်းမရှိပယ်နိုင်၏၊ တရားတော်ကို မကြားမနာရသေးသော ပုထုဇဉ်တို့သည် ဒိဋ္ဌိကိုလုံးလုံးမပယ်နိုင်၊ ထို့ကြောင့် ဒိဋ္ဌာနုသယ အမြဲကိန်း၍နေ၏၊ နာမရူပ ပရိစ္ဆေဒဉာဏ်၌ ဓမ္မဋ္ဌိတိဟုဆိုအပ်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို ဘာဝနာမယဉာဏ်ဖြင့် သိစေခြင်းငှာ တဏှာဟူသော ပဋိစ္စသမုပ္ပါဒ်ကို အကျယ်ချဲ့၍ ပြဆိုလိုက်ပေအံ့၊ တဏှာအစစ် တရာ့ရှစ်ဟူသော်ကား–

တဏှာသုံးတန်၊ အရင်းခံ၊ အာ-ကာ-သံ-နှင့်ရှာ။
တဏှာညွန်နှစ်၊ တရာ့ရှစ်၊ ဖြစ်၏ဘာဝနာ။

တဏှာသုံးတန်ဟူသည်ကား ကာမတဏှာ, ရူပတဏှာ, အရူပတဏှာဟူ၍ တဏှာသုံးပါးဖြစ်၏။

"အာ" ဟူသည်ကား အာရုံခြောက်ပါးကိုဆို၏။

"ကာ" ဟူသည်ကား အတိတ်,အနာဂတ်,ပစ္စုပ္ပန် ဟူသော ကာလ သုံးပါးကိုဆို၏။

"သံ" ဟူသည်ကား အဗ္ဗျတ္တသင်္ကေတ,ဗဟိဒ္ဓသင်္ကေတ ဟူသော သင်္ကေတ နှစ်ပါးကိုဆို၏။

ဤသို့လျှင် တဏှာတရား၃ရှစ်ကိုရှာရာ၏၊ သုံးသါးတရပ်, ခြောက်ပါးတ ရပ်,သုံးပါးတရပ်,နှစ်ပါးတရပ်၊ဤသို့စဉ်၍ ဘာဝနာမယဉာဏ်ဖြင့် ပွားများ အားထုတ်၍ရှာရာ၏။

တဏှာသုံးပါးကို အာရုံခြောက်ပါးဖြင့် ပွားသည်ရှိသော် တဆယ့်ရှစ်ပါး အပြားရှိ၏၊ ထိုအာရုံပေါင်း တဆယ့်ရှစ်ပါးကို အတိတ်,အနာဂတ်,ပစ္စုပ္ပန် ဟူသော ကာလသုံးပါးဖြင့် ပွားပြန်သည်ရှိသော် ငါးဆယ့်လေးပါး အပြား ရှိ၏၊ ထိုငါးဆယ့်လေးပါးသော အခါကာလပေါင်းကို အဗ္ဗျတ္တသင်္ကေတ, ဗဟိဒ္ဓသင်္ကေတဟူသော သင်္ကေတနှစ်ပါးဖြင့် ပွားပြန်သည်ရှိသော် တဏှာ ပေါင်းတရာ့ရှစ်ဖြစ်၏၊ ထိုတရာ့ရှစ်ပါးသော တဏှာတို့တွင် ကာမဂုဏ် ဟူသော အာရုံငါးပါးသည် ရုပ်မည်၏၊ ဓမ္မာရုံမည်သောစိတ်, စေတသိက် သည် နာမ်မည်၏၊ ထိုနာမ်နှင့်ရုပ်သည် ပဋိစ္စသမုပ္ပါဒမည်၏၊ ထို့ကြောင့် "ပဋိသမ္ဘိဒါမဂ်၌" ထိုပဋိစ္စသမုပ္ပါဒကို ဌိတိကိုးပါးဖြင့် ဟောတော်မူ၏။

> နာမရူပဥပ္ပါဒေါ နာမရူပနိမိတ္တာ နာမရူပပဝတ္တာ နာမရူပ အာယူဟနာ နာမရူပသညောဂေါ နာမရူပပလိဗောဓာ နာမရူပ သမုဒယာ နာမရူပဟေတု နာမရူပပစ္စယာ ဝိညာဏံပစ္စယော၊ နာမရူပါ ပစ္စယသမုပ္ပန္နာ၊ ဥဘောပေတေ ဓမ္မာ ပစ္စယသမုပ္ပန္နာတိ ပစ္စယ ပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ။

ဤသို့တဏှာမှပေါက်ပွားသော နာမ်နှင့်ရုပ်ကို ဌိတိကိုးပါးဖြင့် နာမရူပ ပရိစ္ဆေဒတည်းဟူသော ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဓမ္မဋ္ဌိတိဉာဏ်ကို ရှုဆင်ခြင် အပ်၏။

ဤကားတဏှာအခွဲကို ပြဆိုသော အခဏ်းတည်း။

## ၂၃။ ဥပါဒါနအခွဲ

ဥပါဒါန်ဟူသည်ကား ထိုဥပါဒါန် တရားသည် တရားကိုယ်အားဖြင့် လောဘနှင့်ဒိဋ္ဌိ ဤနှစ်ပါးသည် ဥပါဒါန်မည်၏၊ ထိုဥပါဒါန်သည် လေးပါး အပြားရှိ၏၊ လေးပါးဟူသော်ကား ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတု ပါဒါန်, အတ္တဝါဒုပါဒါန်၊ ဤသို့လျှင်လေးပါးအပြားရှိ၏၊ ထိုလေးပါးသော ဥပါဒါနဟူသော ပဋိစ္စသမုပ္ပါဒတရားသည် ဝိညာဏ်,နာမ်ရုပ်,သဠာယတ

န,ဖဿ, ဝေဒနာ ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးကိုလည်း ဖြစ်စေတတ်၏၊ အလေ့အကျင့် ဝတဟုဆိုအပ်သော ပါသဏ္ဍာအယူအကျင့်မျိုးသည် သီလဗ္ဗတုပါဒါန်မည်၏၊ သက္ကာယဟု ဆိုအပ်သော အတ္တကိုစွဲ၍ဖြစ်သော အယူသည် အတ္တဝါဒုပါဒါန်မည်၏၊ အဟေတုက, အကြိယ, နတ္ထိကဝါဒ အယူမျိုးသည် ဒိဋ္ဌုပါဒါန်မည်၏၊ သုံးပါးလုံးပေါင်းသည်ရှိသော် ဒိဋ္ဌိတပါးသာဖြစ်၏။

ဤကားဥပါဒါနအခွဲကို ပြဆိုသောအခန်းတည်း။

---

## ၂၄။ ဘဝအခွဲ

ဘဝဟူသည်ကား ကမ္မဘဝ,ဥပပတ္တိဘဝဟူ၍ နှစ်ပါးအပြားရှိ၏၊ ပစ္စုပ္ပန်အကြောင်း ငါးပါး၌ရှိသော စေတနာသည် ကမ္မဘဝမည်၏၊ ထိုပစ္စုပ္ပန်အကြောင်းငါးပါး၌ရှိသော စေတနာဟူသော ကမ္မဘဝ၏ အကျိုးဖြစ်သော ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာ ဟူသောအကျိုးတရားသည် ဥပပတ္တိဘဝမည်၏၊ဤသို့ဒိဋ္ဌဟူသော ဘဝ၌သာ ကျင်လည်ကုန်၏ဟု ဆိုသော် အဘယ်မည်သောအရပ်၌ ဖြစ်သည်ကို ဘဝဟုဟောပါသနည်းဆိုသော် စက္ခုစသော အာယတနငါးပါး၌ လည်သည်ရှိသော် ပစ္စုပ္ပန် အခွန့်ကာလ၌သာ လည်နိုင်၏၊ ထိုသို့ပစ္စုပ္ပန်ဖြစ်၍လည်သောအခါ အာရုံငါးပါး ကာမဂုဏ် တရားတို့၌ နှစ်သက်သော နန္ဒီရာဂ တဏှာသည် ဖြစ်ပေါ်လာ၏၊ ထိုသို့နှစ်သက်ခြင်း နန္ဒီရာဂတဏှာ ဖြစ်ပေါ်၍လာသည်ရှိသော် နောင်အနာဂတ် အခွန့်ဟု ဆိုအပ်သောကာလ၌ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော ဝိပါကဝဋ် မည်သော ဥပပတ္တိဘဝသစ်သည် တဘန်ဖြစ်လတ္တံ့ဟု ဟောတော်မူ၏၊ ပစ္စုပ္ပန် အကြောင်းငါးပါးကြောင့် အနာဂတ်အခွန့်၌ အကျိုးဖလငါးပါး ဖြစ်၏ဟုဟောတော်မူ၏၊ ထိုကြောင့် "မူလပဏ္ဏာသပါဠိတော်၌" ဤသို့ မိန့်တော်မူ၏။

> ကထံ ပနာဝုသော အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ဟောတီတိ။ အဝိဇ္ဇာနီဝရဏာနံ ခေါ အာဝုသော သတ္တာနံ တဏှာသံယော-ဇနာနံ တတြတတြာဘိနန္ဒနာ ဧဝံ အာယတိံ ပုနဗ္ဘဝါဘိ နိဗ္ဗတ္တိ ဟောတိ။

အာဝုသော၊ ငါ့ရှင်သာရိပုတ္တရာ။ အာယတိံ၊ နောင်အနာဂတ်အခွန့်၌။ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ၊ တဘန်သဝသစ်၌ ဖြစ်ခြင်းသည်။ ကထံဟောတိ၊အဘယ်သို့ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးလေ၏။

အာဂုသော၊ ငါ့ရှင်ကောဋ္ဌိက။ အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာနီဝရဏ ရှိကုန်သော။ တဏှာ သံယောဇနာနံ၊ တဏှာ သံယောဇဉ်ရှိကုန်သော။ သတ္တာနံ၊သတ္တဝါတို့အား။ဧဝံ၊ စင်စစ်။ တတြတတြ၊ထိုထိုအာရုံ ကာမဂုဏ် ငါးပါး၌။အဘိနန္ဒနာ၊အလွန်နှစ်သက်သော နန္ဒီရာဂတဏှာသည်။ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့မျက်စိစသော ပသာဒအပေါ်မှာ ဖြစ်လာသည်ရှိသော်။ အာယတိံ၊ နောင်အနာဂတ်အခွန့်၌။ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ၊ တဘန်ဘဝသစ်၌ ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။

ဘဝဟူသည် လောဘ၏အမည်တည်း၊ ထိုဘဝ ဟူသော လောဘသည် အာသဝလည်းမည်၏၊ ဩဃလည်းမည်၏၊ ယောဂလည်းမည်၏၊ အနုသယ လည်းမည်၏၊''ဘဝနိရောဓော နိဗ္ဗာနံ''ဟူ၍ဟောတော်မူ၏၊ မာန လောဘ, ဒိဋ္ဌိ လောဘ ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးသော ဘဝတို့တွင် သပ္ပုရိသ ပုဂ္ဂိုလ်တို့သည် မာနဘဝ၌ ကျင်လည်ကြကုန်၏၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဘဝ၌ ကျင်လည်ကြကုန်၏။

ဤကား ဘဝအခွဲကို ပြဆိုသောအခဏ်းတည်း။

---

## ၂၅။ ဇာတိဇရာမရဏအခွဲ

ဇာတိ ဟူသည်ကား ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ မျက်စိ စသော ခြောက်ဒွါရ၌ဖြစ်ပေါ်လာသော ပဋိစ္စသမုပ္ပါဒ ဖြစ်ခိုက်အခါကို ဇာတိဟု ဟောတော်မူ၏၊ ထိုဥပါဒါနက္ခန္ဓာငါးပါးတို့၏ ဖြစ်ပြီး၍ တည်ဆဲအခိုက် သည် ဇရာမည်၏၊ ပျက်ချုပ်၍ ပဋိစ္စသမုပ္ပန္န အနိစ္စဓမ္မဖြစ်သည်ကို မရဏဟု ဟောတော်မူ၏။ ထို ဇာတိ, ဇရာ, မရဏတို့သည် တရားကိုယ် အထူးမရှိ၊ ဝိညာဏ်,နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အကျိုးဖလဖြစ် သောပဋိစ္စသမုပ္ပါဒတရားတို့၏ ဖြစ်စကိုဇာတိ, ဖြစ်ဆဲအခိုက်ကိုဇရာ, ဖြစ်ပြီး ၍ ပျက်ချုပ်၍ သွားသည်ကို မရဏဟု ဟောတော်မူ၏၊ မြတ်စွာဘုရားသည် ကာမုပမိ,ခန္ဓုပမိ,ကိလေသုပမိ,အဘိသင်္ခါရုပမိ ဟူသော ဥပမိလေးပါးကို ဇာတိ,ဇရာ,မရဏ ဟု ဟောတော်မူ၏။

သတ္တဝါတို့သည် ဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့်တကွ စုဝင်၍စွဲလမ်းသော ကာမဂုဏ် ဖြင့် ပူပန်သော ကိလေသာနှင့်တကွ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် မျက်စိ, နား စသည်တို့၌ ဖြစ်ပျက်၍နေသည်ကို ဇာတိ,ဇရာ,မရဏဟု ဟောတော် မူ၏၊ ထို ဇာတိ,ဇရာ,မရဏသည် ဝိညာဏဋ္ဌိတိ ခုနစ်ပါး၌လည်း ဥပါဒ်,ဋ္ဌီ,

ဘင်အားဖြင့် ပရမတ္ထ ဖြစ်သော ဘူတရုပ်,ဝိညာဏ်တို့၏ ဇာတိ,ဇရာ,မရဏာ လည်းရှိ၏။ ထိုဝိညာဏဒွိတိ၏ ဇာတိ,ဇရာ,မရဏာကို ပဋိစ္စသမုပ္ပါဒဟု ဟော တော်မမူ။

ဤကား ဇာတိဇရာမရဏာ အခွဲကိုပြဆိုသောအခဏ်းတည်း။

## ၂၆။ ပဋိစ္စသမုပ္ပန္နလက္ခဏာကိုပြဆိုခြင်း

ပဋိစ္စသမုပ္ပန္နဟူသော အနိစ္စဓမ္မကို ပြဆိုပေအံ့။ ပဋိစ္စသမုပ္ပါဒ ဟူသော အကြောင်းဖလ ငါးပါးဟူသော ဥပါဒါနက္ခန္ဓာငါးပါးတို့သည် အတိတ်ကာလ၌ နိရောဓဓမ္မဖြစ်၍ ချုပ်ပြီးပြီ၊ အနာဂတ်ကာလ၌လည်း နိရောဓဓမ္မဖြစ်၍ ချုပ် ကုန်လတ္တံ့၊ ယခုပစ္စုပ္ပန်ကာလ၌လည်း နိရောဓဓမ္မဖြစ်၍ ချုပ်ဆဲ ဖြစ်ကုန် ၏၊ ထို ချုပ်ပျောက်၍နေသော နိရောဓ ဓမ္မပင်လျှင် ပဋိစ္စသမုပ္ပန္နမည်၏၊ ထိုပဋိစ္စသမုပ္ပန္န၏ မှတ်ကြောင်းလက္ခဏာသည် သုံးပါးရှိ၏၊ သုံးပါးဟူသော ကား—

၁။ ဥပ္ပါဒဟူသော ဖြစ်ပေါ်လာခြင်း အင်္ဂါတပါး,

၂။ ဝယဟူသော ပျက်ခြင်းအင်္ဂါတပါး,

၃။ ဌိတဿ အညထတ္တံ ဟူသော ပဋိစ္စသမုပ္ပါဒဋ္ဌိတ ကိုးပါး၏ ဖြစ်ပြီး၍ ပျက်ခြင်းဟူသော တပါးသို့ပြောင်းရွှေ့ခြင်းသည်လည်း အင်္ဂါ တပါး—

ဤသုံးပါးသော အင်္ဂါလက္ခဏာသည် ပဋိစ္စသမုပ္ပန္နမည်၏၊ ထိုကြောင့် ဤသို့ဟောတော်မူ၏။

> ဧဝံ ပုဋ္ဌော တွံ အာနန္ဒ ဧဝံ ပုဋ္ဌော ဗျာကရေယျာသိ၊ ယံခေါ အာနန္ဒ ရူပံ ယာဝေဒနာ ယာသညာ ယေသင်္ခါရာ ယံဝိညာဏံ အတီတံ နိရုဒ္ဓံ ဝိပရိဏတံ၊ တဿ ဥပ္ပါဒေါ ပညာယိတ္ထ၊ ဝယော ပညာယိတ္ထ၊ ဌိတဿ အညထတ္တံ ပညာယိတ္ထ။

အာနန္ဒ၊ အာနန္ဒာ။ ဧဝံ၊ ဤသို့။ ပုဋ္ဌော၊ မေးလာသည်ဖြစ်အံ့။တွံ၊သင်ချစ် သားသည်။ ဧဝံပုဋ္ဌော၊ ဤသို့မေးလာသည်ရှိသော်။ ဗျာကရေယျာသိ၊ ဖြေဆို လေလော့။အာနန္ဒ၊အာနန္ဒာ၊ယံခေါရူပံ၊အကြင် ရူပုပါဒါနက္ခန္ဓာသည်၎င်း။ ယာဝေဒနာ၊အကြင် ဝေဒနုပါဒါနက္ခန္ဓာ သည်၎င်း။ယာသညာ၊အကြင်သညု ပါဒါနက္ခန္ဓာသည်၎င်း။ယေသင်္ခါရာ၊အကြင်သင်္ခါရုပါဒါနက္ခန္ဓာတို့သည်၎င်း။ ယံဝိညာဏံ၊ အကြင် ဝိညာဏု ပါဒါနက္ခန္ဓာသည်၎င်း။ အတီတံ၊ လွန်လေပြီ။

နိရုဒ္ဓံ၊ချုပ်ပြီးပြီ။ဝိပရိဏာတံ၊ဖေါက်ပြန်၍ ပျက်ပြီးပြီ။တဿ၊ထိုဥပါဒါနက္ခန္ဓာငါးပါး၏။ ဥပ္ပါဒေါ၊ ပဋိစ္စသမုပ္ပါဒ ဟူသော ဥပ္ပါဒဋ္ဌီတိ၏ ဖြစ်ပေါ်လာခြင်းသည်။ ပညာယိတ္ထ၊ ထင်ရှားဖြစ်ပြီ။ ဝယော၊ ပျက်ခြင်းနိရောဓမ္မ အနိစ္စဓမ္မသည်။ ပညာယိတ္ထ၊ ထင်ရှားဖြစ်ပြီ။ ဌိတဿ၊ ဥပ္ပါဒဟူသော ဖြစ်ခြင်းဌိတိ၏။ အညထတ္တံ၊ အဖြစ်မှတပါး ပျက်ခြင်းသို့ရောက်သောအဖြစ်သည်။ပညာယိတ္ထ၊ ထင်ရှားဖြစ်ပြီ။

အဇာတံ အပါတုဘူတံ တဿ ဥပ္ပဒေါ ပညာယိဿတိ၊ ဝယော ပညာယိဿတိ၊ ဌိတဿ အညထတ္တံ ပညာယိဿတိ။

အဇာတံ၊ မဖြစ်သေးသော။ အပါတုဘူတံ၊ ထင်ရှားမဖြစ်သေးသော။

ဇာတံ ပါတုဘူတံ တဿ ဥပ္ပါဒေါ ပညာယတိ၊ဝယောပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။

ဇာတံ၊ ဖြစ်ဆဲဖြစ်၍နေသော။ ပါတုဘူတံ၊ ထင်ရှားဖြစ်၍ နေသော။ [ရှေ့ကို အနက်တူတူ။]

[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။]

ထိုဥပါဒါနက္ခန္ဓာငါးပါးဟူသော အကျိုးဖလ ပဋိစ္စသမုပ္ပါဒတရားတို့၏ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဟူသော ကာလသုံးပါး၌ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတ္တံ့ ဖြစ်သော ပဋိစ္စသမုပ္ပန္နတရားတို့ကိုဝေဘန်၍ ဟောတော်မူ၏။

ဤကား ပဋိစ္စသမုပ္ပန္နလက္ခဏာကို
ပြသောအခဏ်းတည်း။

---

## ၂၇။ သဠာယတနပဋိစ္စသမုပ္ပါဒစက်

သဠာယတနပစ္စယာ ဟူသော ပဋိစ္စသမုပ္ပါဒစက်ကို ဖွင့်၍ ပြဦးအံ့၊ ဤပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာသံသရာ၌ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်ဘို့၏ ကျင်လည်ရာကား အာသဝလေးပါး,ဩဃလေးပါး, ယောဂလေးပါး, ဂန္ထလေးပါး, ဥပါဒါန်လေးပါး, နီဝရဏခြောက်ပါး, အနုသယ ခုနစ်ပါး, ကိလေသာဆယ်ပါး, သံယောဇဉ်ဆယ်ပါး၊ ဤကိုးပါးသော အဖွဲ့တို့ဖြင့် ဖွဲ့ချည်၍နေကြကုန်သော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် သဠာယတနပစ္စယာ ဟူသော ပဋိစ္စသမုပ္ပါဒစက်သို့ လည်သည်ရှိသော် အနိဋ္ဌာရုံဖြစ်သော ဇာတိ, ဇရာ,ဗျာဓိ,မရဏာတည်းဟူသော ဥပဓိလေးပါး၌သာ အမြဲလည်၍နေသဖြင့်

အဟိတ်အကုသလ ဝိပါက်စိတ်ဟူသော ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်, သောတဝိညာဏ်,ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်,ကာယဝိညာဏ် တို့ဖြင့်သာ လျှင် အမြဲလည်၍ နေရကုန်၏။

ထိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ယောနိသောမနသိကာရဖြစ်သော နှစ်သက် မြတ်နိုးအပ်သော ဣဋ္ဌာရုံအာရုံမျိုးကို အဘယ်ခါမှ မရနိုင်၊ ဥပမိလေးပါး၌ သာ အမြဲနစ်မြုပ်၍နေကြကုန်၏၊ ထိုသူတို့၌ ဖဿပညတ်, ဝေဒနာပညတ်, သညာပညတ်,ဝိတက္ကပညတ်နှင့်တကွ တဏှာ,မာန,ဒိဋ္ဌိဟု ဆိုအပ်သောပပဉ္စ တရားသုံးပါးဖြင့် ဖွဲ့ချည်အပ်သော မိစ္ဆာနိရုတ္တိပထ, မိစ္ဆာအဓိဝစနပထ, မိစ္ဆာပညတ္တိပထ ဟူသော သုံးပါးသော မိစ္ဆာပထတို့ဖြင့် အမြဲခေါ်ဝေါ် သုံးစွဲ၍နေကြကုန်၏၊ ထိုကြောင့် မြတ်စွာဘုရားသည် ထိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ် တို့ကို ရည်တော်မူ၍ ဤသို့ဟောတော်မူ၏။

> တတ္ထ ကတမာ ဆ ဂေဟသိတာ ဥပေက္ခာ၊ စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ ဥပေက္ခာ ဗာလဿ မူဠှဿ မန္ဒဿ ပုထုဇ္ဇနဿ အနောဓိဇိနဿ အဝိပါက ဇိနဿ အနာဒီနဝဒဿာဝိနော အသုတဝတော ပုထုဇ္ဇနဿ၊ ယာဧဝရူပါ ဥပေက္ခာ ရူပံ သာ နာတိဝတ္တတိ၊ တသ္မာ သာယံ ဥပေက္ခာ ဂေဟသိတာတိ ဝုစ္စတိ။
>
> [ဥပရိပဏ္ဏာသပါဠိတော်။]

တတ္ထ၊ ထိုအာယတနစက်လည်ရာ၌။ ဂေဟသိတာ၊အန္ဓပုထုဇဉ်တည်းဟူ သော လူကိုမှီ၍ဖြစ်ကုန်သော။ဆ၊ခြောက်ပါးကုန်သော။ဥပေက္ခာ၊ဥပေက္ခာ တို့သည်။ ကတမာ၊အဘယ်သည်တို့နည်းဟူမူကား။ စက္ခုနာ၊ စက္ခုဝိညာဏ် ဖြင့်။ ရူပံ၊ရူပါရုံကို။ ဒိသွာ၊မြင်သည်ရှိသော်။ ဗာလဿ၊ မိုက်သော။ မူဠှဿ၊ တွေဝေသော။ မန္ဒဿ၊နုံ့သောပညာရှိသော။ ပုထုဇ္ဇနဿ၊ များသောကိလေ သာရှိသော။ အနောဓိဇိနဿ၊ ဥပမိလေးပါးကို မအောင်နိုင်သော။ အဝိ ပါကဇိနဿ၊ အဟိတ်ကုသလ ဝိပါက်ကိုမအောင်နိုင်သေးသော။ အနာဒီနဝ ဒဿာဝိနော၊သံသရာ၏အပြစ်ကို မမြင်သေးသော။အသုတဝတော၊သူတော် ကောင်းတို့၏တရားကို မနာရသေးသော။ ပုထုဇ္ဇနဿ၊ အန္ဓပုထုဇဉ်ပုဂ္ဂိုလ် အား။ ဥပေက္ခာ၊ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ ယာသာဥပေက္ခာ၊အကြင်ဥပေက္ခာသည်။ရူပံ၊ ရူပါရုံကို။ နာတိဝတ္တတိ၊လွန်၍မဖြစ်နိုင်။ တသ္မာ၊ထိုကြောင့်။ သာယံဥပေက္ခာ၊

ထိုဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်ကို။ ဂေဟာသိတာတိ၊ အန္တပုထုဇဉ် တည်းဟူသော လူကိုမှီ၍ဖြစ်သော ဥပေက္ခာဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဤကား သဠာယတနပဋိစ္စသမုပ္ပါဒစက်ကို
ပြဆိုသောအခဏ်းတည်း။

## ၂၈။ ပဋိစ္စသမုပ္ပါဒနိဿရဏသံသရာ

သုဒ္ဓဓမ္မသမုပ္ပါဒံ၊ သုဒ္ဓသင်္ခါရ သန္တတိံ။
ပဿန္တဿ ယထာဘူတံ၊ န ဘယံ ဟောတိ ဂါမဏိ။

ဤသို့ "ဂါမဏိသံယုတ်,သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်"လာသည်နှင့် အညီ—

၁။ သုဒ္ဓဓမ္မ ပဋိစ္စသမုပ္ပါဒ နိဿရဏသံသရာ,

၂။ ပုဗ္ဗ ဟူသောဓမ္မဋ္ဌိတိဉာဏ်ရှိသော သံသရာ,

၃။ သပ္ပုရိသဘုံသို့ နင်းမိသော သဒ္ဓါနုသာရီ မည်သော သပ္ပုရိသ ပုဂ္ဂိုလ်နှင့်တကွ သေက္ခ ပုဂ္ဂိုလ်ခုနစ်ပါးတို့၏ နေရာဖြစ်သောသံသရာ,

၄။ အနမတ, နမတ, အမတ မည်သော ဥပါဒါနက္ခန္ဓာငါးပါးတို့၏ ဇာတိ,ဇရာ,မရဏဟူသော ပဋိသန္ဓေနေခြင်း,အိုခြင်း,သေခြင်းမျိုးဖြင့် ပြီးဆုံးခြင်းသို့ ရောက်ခြင်းကြောင့် နောင်တဘန် သေခြင်းမရှိသော အမတမည်သော နိဗ္ဗာန်ကို သိမြင်ခြင်းငှါ စွမ်းနိုင်သောသမ္မာ ဒိဋ္ဌိ မဂ္ဂင်ရှိသော သံသရာ,

၅။ သဉပါဒိသေသ နိဗ္ဗာန်ရှိသော သံသရာ—

ဤသို့သံသရာဟူသော ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္န နှစ်ပါးနှင့်တကွ မြတ်စွာဘုရားရှေ့ဉာဏ်တော်မှသာလျှင် ပိုင်းခြားဝေဘန်၍ သိမြင်တော်မူ သော တရားတော်မြတ်ကို သမုဒြာဝယ် ယုန်သူငယ်ထောက်သကဲ့သို့ ပဋိစ္စ သမုပ္ပါဒ ဟူသောအမည်နှင့် ဤကျမ်းကို အကျဉ်းသခ်ေပစကားဖြင့် ရေသား လိုက်ပေအံ့။

သံသရာဟူသည် ပဋိစ္စသမုပ္ပါဒတည်းဟူသော ဥပါဒါနက္ခန္ဓာငါးပါး, ဓာတ်တဆယ့်ရှစ်ပါး,အာယတန တဆယ့်နှစ်ပါး,သစ္စာလေးပါး၊ ဤတရား တို့သည် သံသရာ ဟူသော အမည်နှင့် ဖြစ်၍နေသော ပရမတ္ထ ဓမ္မာရုံဟူ သောသံသရာကြီးတည်း၊ ထိုသံသရာသည် နှစ်ပါးအပြားရှိ၏၊ နှစ်ပါး ဟူသော်ကား—

၁။ သုဒ္ဓဓမ္မပဋိစ္စသမုပ္ပါဒ သံသရာတပါး,
၂။ အသုဒ္ဓဓမ္မ ပဋိစ္စသမုပ္ပါဒသံသရာတပါး-
ဤသို့လည်း သံသရာသည် နှစ်ပါးအပြားရှိ၏။
၁။ သပ္ပုရိသပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ် ခုနစ်ပါးတို့၏ ကျင်လည်ရာဖြစ်သော နိယျရဏသံသရာတပါး,
၂။ ဝိစိကိစ္ဆာ,ဒိဋ္ဌိ ဟူသော အဝိဇ္ဇာတဏှာအမြစ်ရှိသော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ကျင်လည်ရာဖြစ်သော အသုဒ္ဓဓမ္မ ဟူသော သံသရာတပါး-
ဤသို့လည်း သံသရာသည် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးသော သံသရာတို့တွင် သဒ္ဓါနုသာရီမည်သော သပ္ပုရိသပုဂ္ဂိုလ်တို့သည် ဝိစိကိစ္ဆာတည်းဟူသောမောဟအဝိဇ္ဇာ,ဒိဋ္ဌိတည်းဟူသော လောဘတဏှာ၊ ထိုအဝိဇ္ဇာ,တဏှာဟူသော အမြစ်မူလနှစ်ပါးကို ဝိပဿနာ ဉာဏစရိယတည်းဟူသော မဟာကုသိုလ် ဉာဏသမ္ပယုတ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် သမုစ္ဆေဒ မဂ်၏ အစိတ်အဘို့ဖြစ်သော တဒင်္ဂပဟာန သတ္တိဖြင့် ပယ်ခွါ၍ သပ္ပုရိသဘုံသို့ နင်းမိကြသော သဒ္ဓါနုသာရီမည်သော သပ္ပုရိသပုဂ္ဂိုလ်တို့၏ ကျင်လည်ရာဖြစ်သော သံသရာသည် နိယျရဏသံသရာမည်၏။

ထိုနိယျရဏမည်သော သံသရာသည် သပ္ပုရိသပုဂ္ဂိုလ်တို့၏ ရှေးဦးစွာဝင်ရောက်သောကြောင့် ပုဗ္ဗသံသရာမည်၏၊ ထိုပုဗ္ဗဟူသော အမည်သည် ဓမ္မဋ္ဌိတိဉာဏ်၏ အမည်တည်း၊ ထိုဓမ္မဋ္ဌိတိဟူသော အမည်သည် သဉပါဒိသေသနိဗ္ဗာန်၏အမည်သာတည်း၊ထို့ကြောင့်"နိဒါနဝဂ္ဂသံယုတ်ပါဠိတော်"၌ "ပုဗ္ဗေဓမ္မဋ္ဌိတိဉာဏံ"ဟု ဟောတော်မူ၏၊ထိုသပ္ပုရိသပုဂ္ဂိုလ်တို့၌ ဥဒ္ဓစ္စနှင့် မာနဟူသော အဝိဇ္ဇာတဏှာကြွင်းကျန်သေးသောကြောင့်သဉပါဒိသေသဟု ဟောတော်မူ၏၊ ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သံသရာမှ လွန်မြောက်သော နိဗ္ဗာန်ကို အနုပါဒိသေသ နိဗ္ဗာန်ဟူ၍ငင်း, ကောဋိနိဗ္ဗာန်ဟူ၍ငင်း, ပစ္ဆာနိဗ္ဗာန်ဟူ၍ငင်း, သမ္ပရာယိကနိဗ္ဗာန်ဟူ၍ငင်း, ဒုက္ခဿန္တနိဗ္ဗာန်ဟူ၍ငင်း ဟောတော်မူ၏၊ထိုနိဗ္ဗာန်သည် သစ္စာအားဖြင့် နိရောဓသစ္စာမည်၏၊ ဤသို့နိယျရဏရှိသော ပဋိစ္စသမုပ္ပါဒသံသရာ၌ ပုဗ္ဗဟူသော နိဗ္ဗာန်ကိုငင်း, အဆုံးဖြစ်သော သံသရာမှလွန်မြောက်သော ကောဋိဟူသော နိဗ္ဗာန်ကိုငင်း, ထိုနိဗ္ဗာန်နှစ်ပါးကို သဒ္ဓါနုသာရီမည်သော ပုဂ္ဂိုလ်တို့သည်သာလျှင် သိအပ်ကုန်၏၊ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မသိအပ်, မသိနိုင်ဟု"နိဒါနဝဂ္ဂသံယုတ်ပါဠိတော်"၌ ဟောတော်မူ၏။

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။

[နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ အနမတဂ္ဂေါ၊ မသေရာ နိဗ္ဗာန်တည်းဟူသော ဓမ္မဋ္ဌိတိဉာဏ်ရှိသော။ အယံသံသာရော၊ ဤနိဿရဏာမည်သော သံသရာကို။ ပုဗ္ဗကောဋိ၊ပုဗ္ဗေဓမ္မဋ္ဌိတိနိဗ္ဗာန်နှင့် ပစ္ဆာနိဗ္ဗာနေဟူသော နိဗ္ဗာန်နှစ်ပါးကို။ အဝိဇ္ဇာနီဝရဏာနံ၊ ဝိစိကိစ္ဆာဟူသော အဝိဇ္ဇာနီဝရဏ ရှိကုန်သော။ တဏှာသံယောဇနာနံ၊ ဒိဋ္ဌိတည်းဟူသော တဏှာသံယောဇဉ် ရှိကုန်သော။ သန္ဓာဝတံ၊ ဉစ္ဆေဒဒိဋ္ဌိဖြင့် ရှေ့သို့ပြေး၍ နေကုန်သော။ သံသရတံ၊ သဿတဒိဋ္ဌိဖြင့် နောက်သို့ဆုတ်၍ နေကုန်သော။ သတ္တာနံ၊ အန္ဓပုထုဇဉ်ဖြစ်သော သတ္တဝါတို့အား။ နပညာယတိ၊ မသိအပ်။

ဤကား ပဋိစ္စသမုပ္ပါဒနိဿရဏာသံသရာကို
ပြဆိုသောအခန်းတည်း။

---

## ၂၉။ သဥပါဒိသေသနိဿရဏာနိဗ္ဗာန်

ဤသို့ပဋိစ္စသမုပ္ပါဒမည်သော နိဿရဏာသံသရာ၌ ပုဗ္ဗဟူသော စကားသည် ပုဗ္ဗေဓမ္မဋ္ဌိတိဟူသော သဥပါဒိသေသ နိဗ္ဗာန်ကိုပြ၏၊ကောဋိဟူသော စကားဖြင့် ပစ္ဆာနိဗ္ဗာနေဟူသော အနုပါဒိသေသ နိဗ္ဗာန်ကိုပြ၏၊ထိုနိဗ္ဗာန်နှစ်ပါးကို ပြဆိုသော နိဿရဏာသံသရာကို ဒိဋ္ဌိ,ဝိစိကိစ္ဆာ တည်းဟူသော အဝိဇ္ဇာ နီဝရဏ, တဏှာတည်းဟူသော သံယောဇဉ်ရှိသော အန္ဓပုထုဇဉ် သတ္တဝါတို့သည် မသိမမြင်အပ်ကုန်ဟု ဟောတော်မူ၏။

သံသရာ၏ အစ-အဆုံးဆိုသည်ကား သပ္ပုရိသပုဂ္ဂိုလ်ကိုရည်၍ဟောတော်မူ၏၊ထိုသပ္ပုရိသပုဂ္ဂိုလ်သည် နိဿရဏာ သံသရာ ပုဗ္ဗဟူသောအစနိဗ္ဗာန်ရှိ၏၊ ကောဋိဟူသော အဆုံးနိဗ္ဗာန်ရှိ၏၊ ထိုပုဗ္ဗ,ကောဋိဟူသော အစ-အဆုံးဟု ဆိုအပ်သော နိဗ္ဗာန်နှစ်ပါးကို အန္ဓပုထုဇဉ်ဖြစ်သော သတ္တဝါတို့ မသိမမြင်အပ်ဟု ဟောတော်မူ၏၊ ဤပဋိစ္စသမုပ္ပါဒဟူသော သံသရာ၌ နိဿရဏာမည်သော သဥပါဒိသေသ နိဗ္ဗာန်ရှိကြောင်းကို ဝဇိရာဘိက္ခုနီမသည် မာရ်နတ်ကိုဟော၏။

အတ္ထိနိဿရဏံလောကေ၊ ပညာယ မေ သုဖုသိတံ၊
ပမတ္တဗန္ဓု ပါပိမ၊ န တွံ ဇာနာသိ တံ ပဒံ။
[သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။]

လောကေ၊ ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာလောက၌။ နိဿရဏံ၊ ထွက်မြောက်ရာဖြစ်သောသံသရာသည်။ အတ္ထိ၊ ရှိ၏။ ပညာယ၊ ဝိပဿနာ ဉာဏစရိယဟူသော သမ္မာဒိဋ္ဌိဉာဏ်ဖြင့်။ မေ၊ ငါသည်။ သုဖုသိတံ၊ ကောင်းစွာတွေ့အပ်၏။ ပမတ္တဗန္ဓု၊ မေ့လျော့ခြင်း တရားသာလျှင် အဆွေခင်ပွန်းရှိ သော၊ ပါပိမ၊ မာရ်နတ်။ တွံ၊ သင်မာရ်နတ်သည်။ တံပဒံ၊ ထိုနိဿရဏ နိဗ္ဗာန်ကို။ နဇာနာသိ၊ မသိ။

ဤကား သဥပါဒိသေသ နိဿရဏနိဗ္ဗာန်ကို
ပြဆိုသောအခဏ်းတည်း။

---

## ၃၀။ နိဿရဏသံသရာ၌ နိဗ္ဗာန်ရှိကြောင်း

ဤပဋိစ္စသမုပ္ပါဒဟူသော သံသရာ၌ ပုဗ္ဗမည်သော နိဿရဏနိဗ္ဗာန်၌ သပ္ပုရိသပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ်ခုနစ်ပါးတို့၏ လူချမ်းသာ,နတ်ချမ်းသာကို ခံစားသော သဥပါဒိသေသ မည်သောနိဗ္ဗာန်သည်ရှိ၏ ဟု ဟောတော်မူ၏၊ မြတ်စွာဘုရားသည် ထိုနိဿရဏနိဗ္ဗာန်ကို ပြလိုသောကြောင့်“ဥဒါန်းပါဠိ တော်”၌လည်း ဟောတော်မူ၏။

> ချစ်သားရဟန်းတို့ အနုပါဒိသေသ နိဗ္ဗာန်တည်းဟူသော ထင်ရှားရှိသော ပရမတ္ထနိဗ္ဗာန်ဟုဆိုအပ်သော အဇာတနိဗ္ဗာန်,အဘူတ နိဗ္ဗာန်,အကတနိဗ္ဗာန်,အသင်္ခတနိဗ္ဗာန်ကို ရှေးဦးစွာ ငါဘုရားဟော တော်မူရခြင်း၏ အကြောင်းကား ပဋိစ္စသမုပ္ပါဒ ဟူသော သံသရာ၌ နိဿရဏ မည်သော သဥပါဒိသေသ နိဗ္ဗာန်ရှိကြောင်းကို သိစေ တော်မူလိုသည်ဖြစ်၍ ထို အဇာတ,အဘူတ, အကတ, အသင်္ခတ ဟူသော လေးပါးအပြားရှိသော နိဗ္ဗာန်ကို ဟောတော်မူရ၏။

ထိုပဋိစ္စသမုပ္ပါဒဟူသော သံသရာ၌ နိဿရဏ နိဗ္ဗာန်ဟူသည် အဘယ် နည်းဆိုသော် ပဋိစ္စသမုပ္ပန္နဟူသော အနိစ္စဓမ္မသည် ဖြစ်စေအပ်ပြုစေအပ် သော ဇာတဒုက္ခ,ဘူတဒုက္ခ,ကတဒုက္ခ,သင်္ခတဒုက္ခ ဟူသော ဤပဋိစ္စသမုပ္ပန္န ဒုက္ခကြီးလေးပါးကို သိသောဉာဏ်သည် ပုဗ္ဗေဓမ္မဋ္ဌိတိဉာဏ်မည်၏၊ ထို

ဓမ္မဋ္ဌိတိဉာဏ်သည်ပင်လျှင် နိဿရဏနိဗ္ဗာန်မည်၏၊ထို့ကြောင့် ထို ဇာတ, ဘူတ, ကတ, သင်္ခတ ဟူသော စကားတော်သည် နိဿရဏနိဗ္ဗာန်ကို သိကြောင်းဖြစ်သောကြောင့် ဇာတ, ဘူတ, ကတ, သင်္ခတဟူသော လေးပါး သောတရားကို နိဿရဏနိဗ္ဗာန်ဟု ဟောတော်မူ၏။

ဤအဇာတ,အဘူတ, အကတ,အသင်္ခတ ဟူသော လေးပါးသော နိဗ္ဗာန် ကြီးသည်ကား ပဋိစ္စသမုပ္ပန္နဟူသော အနိစ္စဓမ္မ၏ ဖြစ်စေအပ်သောကြောင့် ဇာတ, ဘူတမည်၏၊ ပြုစေအပ်သောကြောင့် ကတ,သင်္ခတမည်၏၊ ထိုဇာတ, ဘူတ, ကတ,သင်္ခတ တရားတို့မှ လွတ်မြောက် ထွက်မြောက်သော နိဗ္ဗာန်ကို အဇာတနိဗ္ဗာန်, အဘူတနိဗ္ဗာန်, အကတနိဗ္ဗာန်, အသင်္ခတနိဗ္ဗာန် ဟု ဟော တော်မူ၏၊ ထို့ကြောင့် ''ဥဒါန်းပါဠိတော်''၌ ဤသို့မိန့်တော်၏။

> အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နော စေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နယိဓ ဘိက္ခဝေ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ။
>
> [ဥဒါန်းပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ အဇာတမည်သော နိဗ္ဗာန်သည်ငင်း။ အဘူတံ၊ အဘူတမည်သော နိဗ္ဗာန်သည်ငင်း။ အကတံ၊ အကတမည်သော နိဗ္ဗာန်သည်ငင်း။'အသင်္ခတံ၊ အသင်္ခတမည်သော နိဗ္ဗာန်သည်ငင်း။ အတ္ထိ၊ ရှိ ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ အဇာတမည်သော နိဗ္ဗာန်သည်ငင်း။ အဘူတံ၊ သည်ငင်း။ အကတံ၊ သည်ငင်း။ အသင်္ခတံ၊ သည်ငင်း။ နောစေအ ဘဝိဿ၊ အကယ်၍မဟောသည်ဖြစ်အံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါ ဘုရား၏ သာသနာတော်၌။ ဇာတဿ၊ ဇာတ တရား၏။ ဘူတဿ၊ ဘူတ တ ရား၏။ ကတဿ၊ ကတ တရား၏။ သင်္ခတဿ၊ သင်္ခတ တရား၏။ နိဿရဏံ၊ ထွက်မြောက်ရာဖြစ်သော နိဿရဏ နိဗ္ဗာန်ကို။ နပညာယတိ၊ ထင်ရှားရှိသည် ကို မသိနိုင်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာစခေါ၊ အကြင်ကြောင့်သာလျှင်။ အဇာတံ၊ အဇာတမည်သော နိဗ္ဗာန်ကိုငင်း။ အဘူတံ၊ အဘူတမည်သော နိဗ္ဗာန်ကိုငင်း။ အကတံ၊ အကတမည်သော နိဗ္ဗာန်ကိုငင်း။ အသင်္ခတံ၊ အသင်္ခတမည်သော

နိဗ္ဗာန်ကိုငင်း။ အဘာဝိဿ၊ ဟောသည်ဖြစ်ရာ၏။ တဿ၊ ထို့ကြောင့်။ ဇာတဿ၊ ဇာတမည်သောတရား၏။ ဘူတဿ၊ ဘူတမည်သောတရား၏။ ကတဿ၊ ကတမည်သောတရား၏။ သင်္ခတဿ၊ သင်္ခတမည်သောတရား၏။ နိဿရဏံ၊ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်သည်။ ပညာယတိ၊ ထင်ရှားရှိသည်ဟုသိရာ၏။

ဤသို့ ပဋိစ္စသမုပ္ပါဒဟူသော သံသရာလောက၌ နိဿရဏမည်သော နိရောဓသစ္စာ နိဗ္ဗာန်ရှိကြောင်းကို ပြတော်မူ၏၊ ထို နိဿရဏမည်သော နိရောဓသစ္စာဟူသည် အဘယ်တရားတို့ ချုပ်ငြိမ်းသောကြောင့် နိရောဓသစ္စာမည်ပါသနည်း ဟု ဆိုသော် ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာငါးပါး၏ ချုပ်ပျက်၍ အဘန်တလဲလဲ နေခြင်းသည် ပဋိစ္စသမုပ္ပန္န နိရောဓဓမ္မ မည်၏၊ ထိုပဋိစ္စသမုပ္ပန္န နိရောဓဓမ္မ၏ နောင်တဘန်မဖြစ်မူ၍ အကြွင်းမဲ့ချုပ်ငြိမ်းသည်ကို နိရောဓသစ္စာဟူ၍ငင်း, သေခြင်းကင်းရာ အမတဟူ၍ငင်း ဟောတော်မူ၏၊ ထိုနိရောဓသစ္စာဟူသော နိဗ္ဗာန်ကို"ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်" ၌ ဤသို့ဟောတော်မူ၏။

> ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ ခေါ အာနန္ဒ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ၊ တဿ နိရောဓော နိရောဓောတိ ဝုစ္စတိ။

အာနန္ဒ၊ အာနန္ဒာ။ ရူပံ၊ ရူပုပါဒါနက္ခန္ဓာသည်ငင်း။ ဝေဒနာ၊ ဝေဒနုပါဒါနက္ခန္ဓာသည်ငင်း။ သညာ၊ သညုပါဒါနက္ခန္ဓာသည်ငင်း။ သင်္ခါရာ၊ သင်္ခါရုပါဒါနက္ခန္ဓာတို့သည်ငင်း။ ဝိညာဏံ၊ဝိညာဏုပါဒါနက္ခန္ဓာသည်ငင်း။ အနိစ္စံ၊ အနိစ္စမည်၏။ သင်္ခတံ၊ သင်္ခတဓမ္မမည်၏၊ ပဋိစ္စသမုပ္ပန္နံ၊ ပဋိစ္စသမုပ္ပန္န မည်၏။ ခယဓမ္မံ၊ ကုန်တတ်သော ဓမ္မာရုံတည်း။ ဝယဓမ္မံ၊ ပျက်တတ်သော ဓမ္မာရုံတည်း။ ဝိရာဂဓမ္မံ၊ ကွေကွင်းတတ်သော ဓမ္မာရုံတည်း။ နိရောဓဓမ္မံ၊ ချုပ်ပျောတ်တတ်သော ဓမ္မာရုံတည်း။ တဿ၊ထိုချုပ်ပျောက်တတ်သော နိရောဓ ဓမ္မဟူသော ဓမ္မာရုံ၏။ နိရောဓော၊ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကို။ နိရောဓောတိ၊ နိရောဓသစ္စာမည်သော နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထို့ကြောင့် နိဗ္ဗာန်ဟူသောအမတ အမရဏမည်သောတရားသည် ပဋိစ္စသမုပ္ပါဒဟူသောဥပါဒါနက္ခန္ဓာငါးပါး၏အကြွင်းမဲ့ချုပ်ငြိမ်းခြင်းကိုသာလျှင် သေခြင်းကင်းသော အမတနိဗ္ဗာန်ဟု ဟောတော်မူ၏၊ ဝိညာဏဋ္ဌိတိဟူသော ဝိညာဏစရိယ၏ မရဏာသန္နဝီထိဖြင့် စုတိဖြစ်၍ ချုပ်၍ ပရိနိဗ္ဗာန်ပြု

သည်ကို အမတ အမရဏနိဗ္ဗာန်ဟု ဟောတော်မမူ၊ ပဋိစ္စသမုပ္ပါဒ ဟူသော ခန္ဓာ,အာယတန, ဓာတ်,သစ္စာတို့မှလွန်မြောက်၍ တဘန် ဘဝေါ ဟူသော ပဋိစ္စသမုပ္ပါဒ၏အမည်ဖြင့် ဘဝတခုပြန်၍ မဖြစ်ခြင်းသည်သာ အနုပါဒိသေသ နိဗ္ဗာန်မည်၏၊ ထိုအနုပါဒိသေသ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

"ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်"၌ လာသော နိရောဓသစ္စာမည်သောနိဗ္ဗာန် သည် ပရမတ္ထဓမ္မာရုံနာမ်မည်သောနိဗ္ဗာန်တည်း၊နိဿတ္တ,နိဇ္ဇီဝသဘောရှိ၏၊ "မူလပဏ္ဏာသပါဠိတော်"တွင်ဗြဟ္မနိမန္တနသုတ်၌ ဗကဗြဟ္မာအား ဟော သော နိဗ္ဗာန်သည် ဘုရားရဟန္တာတို့၏ လောကုတ္တရာအရဟတ္တဖိုလ်ဟူသော ဝိညာဏ်တော်ကိုနိဗ္ဗာန်ဟု ဟောတော်မူခြင်းဖြစ်၏၊၎င်းနိဗ္ဗာန်ကားအာရမ္မဏိ ကဖြစ်သော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ဟူသော နိဗ္ဗာန်တည်း၊ ထိုနိဗ္ဗာန်သည် သန္တိ သုခ ငြိမ်သက်သော ချမ်းသာရှိ၏၊ ထိုနှစ်ပါးသော နိဗ္ဗာန်တို့သည် ပရမတ္ထ အားဖြင့် ထင်ရှားရှိသော နိဗ္ဗာန်တို့သာတည်း၊ ထို့ကြောင့် "မူလပဏ္ဏာသ ပါဠိတော်" ၌ ၎င်းသို့မိန့်တော်မူ၏။

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။
[မူလပဏ္ဏာသပါဠိတော်။]

တတ္ထ ဝိညာဏန္တိ ဝိဇာနိတဗ္ဗံ၊ အနိဒဿနန္တိ စက္ခုဝိညာဏဿ အနုပဂမနတော အနိဒဿနံနာမ၊ပဒဒွယေနာပိ နိဗ္ဗာနမေဝ ဝုတ္တံ၊ အနန္တန္တိ တယိဒံ ဥပ္ပါဒ ဝယ အန္တရဟိတတ္တာ အနန္တံနာမ၊ သဗ္ဗ- တော ပဘန္တိ သဗ္ဗသော ပဘာသမ္ပန္နံ၊ နိဗ္ဗာနတော ဟိ အညော ဓမ္မော ပဘာတရော ဝါ ဇောတိမန္တတရော ဝါ ပရိသုဒ္ဓဘရော ဝါ ပဏ္ဍရတရော ဝါ နတ္ထိ။
[မူလပဏ္ဏာသအဋ္ဌကထာ။]

တတ္ထ၊ ထိုဗြဟ္မနိမန္တနသုတ်၌။ဝိညာဏန္တိ၊ ဝိညာဏံဟူသည်ကား။ဝိဇာနိ တဗ္ဗံ၊ သိခြင်းလက္ခဏာရှိ၏။ အနိဒဿနန္တိ၊ အနိဒဿနံဟူသည်ကား။စက္ခု ဝိညာဏဿ၊ စက္ခုဝိညာဏ်၏။ အနုပဂမနတော၊ ကပ်၍မရောက်အပ်သော ကြောင့်။အနိဒဿနံနာမ၊ အနိဒဿနမည်၏။ ပဒဒွယေနာပိ၊ နှစ်ပါးသော ပုဒ်ဖြင့်လည်း။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ ဝုတ္တံ၊ ဆိုအပ်၏။ အနန္တန္တိ၊ အနန္တံဟူသည်ကား။တယိဒံ-တံဣဒံ၊ ထိုအနန္တမည်သော နိဗ္ဗာန်သည်။ဥပ္ပါဒ ဝယ အန္တရဟိတတ္တာ၊ဖြစ်ခြင်းပျက်ခြင်းဟူသော အယုတ်တရား အဆုံးတရား မှ ကင်းသည်၏အဖြစ်ကြောင့်။ အနန္တံနာမ၊အနန္တမည်၏။ သဗ္ဗတောပဘန္တိ၊

သဗ္ဗတောပဘံဟူသည်ကား။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပဘာသမ္ပန္နံ၊ အရောင်နှင့်ပြည့်စုံ၏။ ဟိ သစ္စံ၊ မှန်၏။ နိဗ္ဗာနတော၊ နိဗ္ဗာန်မှ။ အညော၊ တပါးသော။ ပဘာတရောဝါ၊ တောက်ပသည်လည်းဖြစ်သော။ ဇောတိမန္တ တရောဝါ၊ ထွန်းလင်းသည်လည်းဖြစ်သော။ ပရိသုဒ္ဓတရောဝါ၊ စင်ကြယ်သည် လည်းဖြစ်သော။ ပဏ္ဍုရတရောဝါ၊ ဖြူစင်သည်လည်းဖြစ်သော။ဓမ္မော၊ဓမ္မာရုံ တရားမည်သည်။ နတ္ထိ၊မရှိ။

ဤသို့ဝိညာဏစရိယမည်သော လောကုတ္တရာ အရဟတ္တ ဖိုလ်ဟူသော ဘုရားရဟန္တာတို့၏ စိတ်ဝိညာဏ်တော်သည် ပရမတ္ထဓမ္မာရုံ နာမ်ဟူသော နိဗ္ဗာန်လျှင် အာရုံရှိ၏၊ နိဗ္ဗာန်သည်လည်း ထိုဝိညာဏ်လျှင် တည်ရာရှိ၏၊ ထို ဝိညာဏ်သည် ဥပါဒ်, ဌီ,ဘင်ရှိသော နိရောဓမည်၏၊ ထိုနိရောဓကိုပင်“နိရော ဓော အတ္တိ” ဟုဟောတော်မူ၏၊ ဓမ္မာရုံဖြစ်သော နာမ်နိဗ္ဗာန်သည် နိရောဓ ဓမ္မ ပဋိစ္စသမုပ္ပန္နတရား၏ ချုပ်ရာဖြစ်သောကြောင့် နိရောဓ မည်၏၊ ဤသို့ ဝိညာဏ်တော်နိရောဓ, ဓမ္မာရုံနိဗ္ဗာန်နိရောဓ အားဖြင့် နိရောဓနှစ်ပါး ပြိုင်၍နိရောဓသစ္စာနိဗ္ဗာန်မည်၏၊ အရောင်တကာ့အရောင် အလင်းတကာ့ အလင်းတို့တွင် နိဗ္ဗာန်မည်သော စိတ်ဝိညာဏ်တော်နှင့်တူသော အရောင် အလင်းဟူ၍ မရှိဟုဟောတော်မူ၏။

ဤကား နိဿရဏသံသရာ၌နိဗ္ဗာန်ရှိကြောင်းကို
ပြဆိုသောအခဏ်းတည်း။

---

## ၃၁—သပ္ပုရိသပုဂ္ဂိုလ်ပညာဘိသင်္ခါရပြုခြင်း

ဤသို့သပ္ပုရိသတုံ့သို့ နင်းမိကြသော သဒ္ဓါနုသာရီမည်သော သပ္ပုရိသ ပုဂ္ဂိုလ်တို့သည် ပြဆိုခဲ့သောနိဿရဏသံသရာ၌နိရောဓသစ္စာဟူသောနိဗ္ဗာန် ကို ညွတ်သောစိတ်, ကိုင်းသောစိတ်, ရှိုင်းသောစိတ်နှင့်တကွ ဘာဝေတဗ္ဗ ဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်ကိုရှေ့ထား၍ ဒါန, သီလ, နိက္ခမဟူသော ပါရမီ ဆယ်ပါးကို အားထုတ်၍ ပြုကြကုန်၏၊ ထိုသို့ပြုကြသော ဘာဝေတဗ္ဗကုသိုလ် တို့တွင် မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ်လေးခုသည် အလောဘ,အဒေါသ, အမောဟဟူသော ဟိတ်သုံးပါးနှင့် ယှဉ်ခြင်းကြောင့် တိဟိတ်ကုသိုလ် မည်၏၊ ထိုတိဟိတ်ကုသိုလ်သည်လည်း ပုထုဇဉ်တိဟိတ်ကုသိုလ်, သပ္ပုရိသ တိဟိတ်ကုသိုလ်ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ပုထုဇဉ်၏ တိဟိတ်သည် ဒိဋ္ဌိ,ဝိစိကိစ္ဆာရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော မိစ္ဆာ

တိဟိတ်တည်း၊ သပ္ပုရိသပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော တိဟိတ်သည် သမ္မာ တိဟိတ်တည်း။

ပုထုဇဉ်ပုဂ္ဂိုလ်ပြုအပ်သောမဟာကုသိုလ်ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ် စိတ်၌ စေတသိက်သုံးဆယ့်ရှစ်ပါးယှဉ်၏၊ထိုသုံးဆယ့်ရှစ်ပါး အလုံးစုံတို့သည် မိစ္ဆာနှင့်သာယှဉ်ကုန်၏၊ ထိုပုထုဇဉ်တို့ပြုအပ်သော ကုသိုလ်သည် မဂ်,ဖိုလ်ကို တောင့်တ၍ မရဟုဟောတော်မူ၏၊ သပ္ပုရိသပုဂ္ဂိုလ်တို့ ပြုအပ်သောမဟာ ကုသိုလ်ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်စိတ်၌ စေတသိက်သုံးဆယ့်ရှစ်ပါးယှဉ် ၏၊ထိုသုံးဆယ့်ရှစ်ပါးအလုံးစုံတို့သည် သမ္မာဒိဋ္ဌိနှင့်သာ ယှဉ်၍ပြုကြကုန်၏၊ ထိုသပ္ပုရိသပုဂ္ဂိုလ်တို့ပြုသော ဒါန, သီလ, နိက္ခမဟူသော ကုသိုလ်သည်သာ လျှင် လူချမ်းသာ, နတ်ချမ်းသာ, မဂ်,ဖိုလ်,နိဗ္ဗာန်ကို ပေးစွမ်းနိုင်သော ပါရမီကုသိုလ်မည်၏။

ထိုသပ္ပုရိသပုဂ္ဂိုလ်တို့ ပွားများအပ်သော ဘာဝေတဗ္ဗတရားဟူသည် ကား သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး,မဂ္ဂင်ရှစ်ပါး, ဤသုံးဆယ့်ခုနစ်ပါး သော တရားတို့သည် ဗောဓိပက္ခိယတရားမည်ကုန်၏၊ ထိုသုံးဆယ့်ခုနစ်ပါး သော ဗောဓိပက္ခိယတရားတို့သည် သပ္ပုရိသပုဂ္ဂိုလ်တို့၏ ဘာဝေတဗ္ဗတရား မည်ကုန်၏၊ ဤသို့တိဟေတုက သပ္ပုရိသပုဂ္ဂိုလ်တို့သည် သမ္မာဒိဋ္ဌိတည်းဟူ သော မဂ္ဂင်ကို ရှေ့ထား၍ တဒင်္ဂမည်သော ပဟာနမဂ်ဖြင့် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဟု ဆိုအပ်သော ဒါန, သီလ, နိက္ခမပါရမီကို ပြုကြကုန်၏၊ ထိုသပ္ပုရိသပုဂ္ဂိုလ်တို့ ပြုအပ်သော ကုသိုလ်သည် အပါယ် တံခါးပိတ်၍ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်သည်တိုင်အောင် လူနတ်တို့၏ စည်းစိမ် ချမ်းသာကိုပေး၍ အဆုံးဘဝ၌ နိဗ္ဗာန်သို့ကြွသွားကြကုန်၏၊ ထို့ကြောင့် ဤပါရမီ ကုသိုလ်မျိုးသည်သာလျှင် လူချမ်းသာ, နတ်ချမ်းသာနှင့် တကွ တောင့်တတိုင်းအလိုဆန္ဒရှိသော မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရခြင်းငှါ စွမ်းနိုင်၏ဟု ပြလိုသော မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏။

> ယေ ဟိ ကေစိ ဘူမိဇ သမဏာဝါ ဗြာဟ္မဏာဝါ သမ္မာဒိဋ္ဌိ- နော သမ္မာသင်္ကပ္ပါ သမ္မာဝါစာ သမ္မာကမ္မန္တာ သမ္မာအာဇီဝါ သမ္မာဝါယာမာ သမ္မာသတိနော သမ္မာသမာဓိနော၊တေ အာသဉ္စေ ပိ ကရိတွာ ဗြဟ္မစရိယံ စရန္တိ၊ဘဗ္ဗာ ဖလဿ အဓိဂမာယ၊တံ ကိဿ ဟေတု ယောနိသော ဘူမိဇ ဘဗ္ဗာ ဖလဿ အဓိဂမာယ။

[ဥပရိပဏ္ဏာသပါဠိတော်။]

ဘူမိ၈၊ ဘူမိ၈။ ဟိသစ္စံ၊ မှန်၏။ယေကေစိ၊အလုံးစုံကုန်သော။သမဏာဝါ၊ တို့သည်ဖူင်း။ ဗြာဟ္မဏာဝါ၊ တို့သည်ဖူင်း။ သမ္မာဒိဋ္ဌိနော၊ သမ္မာဒိဋ္ဌိအယူရှိကုန်၏။ သမ္မာသင်္ကပ္ပါ၊ ကောင်းသောအကြံရှိကုန်၏။ သမ္မာဝါစာ၊ ကောင်းသော စကားကိုဆိုကုန်၏။ သမ္မာကမ္မန္တာ၊ ကောင်းသောအမှုကို ပြုကုန်၏။ သမ္မာအာဇီဝါ၊ ကောင်းသော အသက်မွေးခြင်းရှိကုန်၏။ သမ္မာဝါယာမာ၊ ကောင်းသောလုံ့လရှိကုန်၏။ သမ္မာသတိနော၊ကောင်းသောသတိရှိကုန်၏။ သမ္မာသမာဓိနော၊ ကောင်းသောသမာဓိရှိကုန်၏။တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ အာသံ၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို တောင့်တခြင်းကို။ ကရိတ္တာပိ၊ ပြု၍လည်း။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စေစရန္တိ၊ အကယ်၍ ကျင့်ကုန်ငြားအံ့။ ဖလဿ၊ သောတာပတ္တိဖိုလ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ ဘဗ္ဗာ၊ ထိုက်ကုန်၏။ ဘူမိ၈၊ ဘူမိ၈။ တံ၊ ထိုသို့ထိုက်ခြင်းသည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်းဟူမူကား။ ယောနိသော၊ ယောနိသော မနသိကာရ ရှိခြင်းကြောင့်။ ဖလဿ၊ သောတာပတ္တိဖိုလ်ကို၊ အဓိဂမာယ၊ ရခြင်းငှာ၊ ဘဗ္ဗာ၊ထိုက်ကုန်၏။

ဤသို့လျှင် နိဿရဏသံသရာ၌ သပ္ပုရိသဘုံသို့နင်းမိကြသော သူတော်ကောင်းတို့သည် ဝိပဿနာဉာဏစရိယတည်းဟူသော သမ္မာဒိဋ္ဌိဉာဏ်ဖြင့်ဒါန, သီလ, နိက္ခမဟူသော ပါရမီဆယ်ပါး ကုသိုလ်ဘုရားကို ကောင်းစွာပြု၍ မဂ်,ဖိုလ်,နိဗ္ဗာန်ကို တောင့်တအားထုတ်၍ နေကြကုန်၏။

ဤကား နိဿရဏသံသရာ၌ သပ္ပုရိသပုဂ္ဂိုလ်တို့
ပညာဘိသင်္ခါရကိုပြုသောအခဏ်းတည်း။

---

## ၃၂။ ဓမ္မဋ္ဌိယဘာဝနာကိုပြဆိုခြင်း

ထို သပ္ပုရိသ ပုဂ္ဂိုလ်တို့သည် နိဿရဏ သံသရာ ဟု ဆိုအပ်သော ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ ဟူသော အကျိုးဖလငါးပါး ပဋိစ္စသမုပ္ပါဒ်တရား၌ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန ဟု ဆိုအပ်သော ခြောက်ပါးသော အာယတနတို့၌ သံသရာစက်လည်သည်ရှိသော် သမ္မာနိရုတ္တိပထ, သမ္မာအဓိဝစနပထ,သမ္မာပညတ္တိပထတို့ဖြင့် ဒိဋ္ဌ,ဝိစိကိစ္ဆာနှင့်ယှဉ်သော ဥပါဒါနက္ခန္ဓာကို မထိမရောက်စေဘဲ သက်သက်သောစိတ်ဝိညာဏ်ဥပေက္ခာတို့ဖြင့် သံသရာတည်းဟူသော အာယတနစက်၏ ထွက်မြောက်ရာကို မှီသော နေက္ခမသိတဘာဝနာဖြင့် စက္ခုစသော အာယတနခြောက်ပါး၌ ကျင်လည်တော်မူကြကုန်၏၊ ထိုသို့ ကျင်လည်တော်မူသည်၏အဖြစ်ကို ဤသို့ဟောတော်မူ၏။

တတ္ထ ကတမာ ဆ နေက္ခမသိတာ ဥပေက္ခာ၊ ရူပါနံ တွေဝ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမံ ဝိရာဂံ နိရောဓံ ပုဗ္ဗေ စေဝ ရူပါ ဧတရဟိစ၊ သဗ္ဗေတေ ရူပါ အနိစ္စာ ဒုက္ခာ ဝိပရိဏာမာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ဥပ္ပဇ္ဇတိ ဥပေက္ခာ၊ယာ ဧဝရူပါ ဥပေက္ခာ၊ ရူပံ သာ နာတိဝတ္တတိ၊ တသ္မာ သာယံဥပေက္ခာ နေက္ခမ-သိတာတိ ဝုစ္စတိ။

[ဥပရိပဏ္ဏာသ ပါဠိတော်။]

တတ္ထ၊ ထို သပ္ပုရိသပုဂ္ဂိုလ်တို့၏ အာယတနစက် လည်ရာ၌။ နေက္ခမ သိတာ၊ထွက်မြောက်ရာကို မှီ.ကုန်သော။ဆ၊ခြောက်ပါးကုန်သော။ဥပေက္ခာ၊ ဥပေက္ခာတို့သည်။ ကတမာ၊ အဘယ်သည်တို့နည်းဟူမူကား။ ရူပါနံ တွေဝ၊ ရူပါရုံတို့၏သာလျှင်။ အနိစ္စတံ၊ အနိစ္စဓမ္မဖြစ်၍မမြဲသည်၏အဖြစ်ကို။ ဝိဒိတွာ၊ သိ၍။ ဝိပရိဏာမံ၊ ဖေါက်ပြန်သည်ကိုငင်း။ ဝိရာဂံ၊ ကွေကွင်းသည်ကိုငင်း။ နိရောဓံ၊ နိရောဓ ဓမ္မဖြစ်၍ချုပ်ပျောက်သည်ကိုငင်း။ ဝိဒိတွာ၊သိ၍။ ပုဗ္ဗေစေဝ၊ ရှေး၌ငင်း။ ဧတရဟိစ၊ ယခုပစ္စုပ္ပန်၌ငင်း။ ရူပါ၊ ရူပါရုံတို့ငင်း။ တေသဗ္ဗေ၊ ထိုအလုံးစုံကုန်သော။ ရူပါ၊ ရူပါရုံတို့သည်။ အနိစ္စာ၊ အနိစ္စဓမ္မမည်ကုန်၏။ ဒုက္ခာ၊ ဒုက္ခဓမ္မမည်ကုန်၏။ဝိပရိဏာမဓမ္မာ၊ ဝိပရိဏာမဓမ္မမည်ကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ ဧတံ၊ ထိုရူပါရုံကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မပ္ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတော၊ မြင်သောသူအား။ ဥပေက္ခာ၊ ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝရူပါ၊ ဤသို့ သဘောရှိသော။ ယာသာဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ ရူပံ၊ ရူပါရုံကို။ နာတိဝတ္တတိ၊ လွန်၍မဖြစ်။ တသ္မာ၊ ထိုကြောင့်။ သာအယံ ဥပေက္ခာ၊ ထို ဥပေက္ခာကို။ နေက္ခမသိတာတိ၊ နေက္ခမသိတ ဥပေက္ခာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ နိဿရဏာသံသရာ၌ သပ္ပုရိသပုဂ္ဂိုလ်တို့၏ ထွက်မြောက်ရာကို မှီသော စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ် ဟူသော စင်ကြယ်သန့်ရှင်းသော ဥပေက္ခာသဟဂုတ် စိတ်ဝိညာဏ်တို့သည် ရူပါရုံစသည်ကို ဒဿနစသည့် ကိစ္စတပ်၍ ထိုမြင်သော ရူပါရုံကိုပင်လျှင် အနိစ္စဓမ္မ,ဒုက္ခဓမ္မ,ဝိပရိဏာမဓမ္မ အားဖြင့် ရှုမြင်နိုင်သော ဝိပဿနာ ဉာဏစရိယ သမ္မာဒိဋ္ဌိဉာဏ်သည် နေက္ခမသိတ ဥပေက္ခာမည်၏၊ ထို ဥပေက္ခာ သဟဂုတ်စိတ်တို့သည် အဟိတ်ကုသလ ဝိပါက်တို့သည်သာလျှင် တည်း။

တနေ့သ၌ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ ချစ်သားရဟန်းတို့ သပ္ပုရိသသူတော်ကောင်းတို့အား ဘုရားစသော အရိယာပုဂ္ဂိုလ်တို့သည် နှစ်သက် မြတ်နိုးအပ်သော အတုမရှိသော ဉာဏ်ဗြိယ အနုတ္တရ ဘာဝနာကို ဟောပြပေအံ့၊အနုတ္တရ ဉာဏ်ဗြိယဘာဝနာမည်သည်အဘယ်တရားကိုဆိုသနည်း၊ ဤသို့မေးသည်ရှိသော် သုဒ္ဓဓမ္မ ပဋိစ္စသမုပ္ပါဒဟူသော နိဿရဏ သံသရာ၌ ကျင်လည်ကုန်သော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည် စက္ခု စသော အာယတနခြောက်ပါးသာလျှင် သံသရာဟူသော စက်လည်စရာရှိ၏၊ ထိုလည်သော သံသရာစက်ဟူသည်ကား ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ သည်ပင်လျှင် ပဋိစ္စသမုပ္ပါဒ သံသရာစက်မည်၏။

ဤပဋိစ္စသမုပ္ပါဒ မည်သော သံသရာစက်၌ စက္ခုပသာဒ ရုပ်သည် စက္ခုန္ဒြေမည်၏၊ သောတပသာဒရုပ်သည် သောတိန္ဒြေမည်၏၊ ဃာနပသာဒ ရုပ်သည် ဃာနိန္ဒြေမည်၏၊ ဇိဝှါပသာဒရုပ်သည် ဇိဝှိန္ဒြေမည်၏၊ကာယပသာဒ ရုပ်သည် ကာယိန္ဒြေမည်၏၊ မနောဟုဆိုအပ်သော ဟဒယဝတ္ထုရုပ်သည် မနိန္ဒြေမည်၏၊ ထိုဣန္ဒြေခြောက်ပါးပေါ်၌ ရောက်လာသော ရူပါရုံစသော အာရုံခြောက်ပါးကို ဝိပဿနာ ဉာဏစရိယမည်သော သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် မြင်ရသော သပ္ပုရိသပုဂ္ဂိုလ်တို့သည် ဝိညာဏဋ္ဌိတိ ဝိညာဏ စရိယဟူသော ပရမတ္ထတရားနှင့် ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္န ဟူသော ပရမတ္ထဓမ္မာရုံကို သမ္မာနိရုတ္တိပထ,သမ္မာအဓိဝစနပထ,သမ္မာပညတ္တိပထ တို့ဖြင့် ဒွယအားဖြင့် နှစ်ပါးခွဲ၍ရှုမြင်ကြကုန်၏။

ထိုပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာငါးပါး၌ အဝိဇ္ဇာအစရှိသော တဆယ့်နှစ်ပါးသော ပဋိစ္စသမုပ္ပါဒ တရားတို့သည် သမုဒယဓမ္မ ဓမ္မာရုံဖြစ်၍ နိဿတ္တ, နိဇ္ဇီဝအားဖြင့် အတ္တ, ဇီဝမှ ဆိတ်၏၊ သုညတရားကြီးပေတည်း၊ ထိုတရားသည် မရှိသော တရားလောဟုဆိုသော် ရှိသော တရားပေတည်း၊ အဘယ်တရားရှိသနည်းဟုဆိုသော် ဒုက္ခအစုရှိသော တရားပေတည်း၊ ထိုဒုက္ခကိုဘယ်သူဖြစ်စေသနည်း၊ ဘယ်သူ ပြုသနည်းဆိုသော် ပဋိစ္စသမုပ္ပန္နတရားသည် ဒုက္ခကိုဖြစ်စေ၏၊ ဒုက္ခကိုပြု၏၊ ထိုကြောင့် ထိုပဋိစ္စသမုပ္ပန္န တရားသည် ဘူတဟူသောအမည်, ဇာတဟူသောအမည်, ကတဟူသောအမည်, သင်္ခတ ဟူသောအမည်အားဖြင့် လေးပါးသောအမည်ကိုရ၏၊ ထိုဘူတ, ဇာတ, ကတ, သင်္ခတ ဟူသော လေးပါးသောတရားတို့သည်လည်း ပဋိစ္စသမုပ္ပန္န၏ ဖြစ်ခြင်း,ပြုခြင်း ကြိယာဖြစ်သောကြောင့် အနိစ္စဓမ္မ,ဒုက္ခဓမ္မကိုဟောပြန်၏၊

ထို ပဋိစ္စသမုပ္ပါဒဟူသော သမုဒယဓမ္မဖြစ်၍ ဌီတိကိုးပါး တရားတို့သည် အဘယ်ကဲ့သို့ဖြစ်၍ အဘယ်ကဲ့သို့ဌီတအားဖြင့် တည်သနည်းဆိုသော် ဒုက္ခတရားတခုသာလျှင် ဖြစ်ခြင်း,တည်ခြင်း, ချုပ်ပျက်ခြင်းရှိ၏၊ ဤပဋိစ္စသမုပ္ပါဒတရားပေါင်း၌ ဖြစ်ခြင်း, တည်ခြင်း, ပျက်ခြင်းရှိ၏၊ ဒုက္ခတရားမှတပါး ဖြစ်စရာ, တည်စရာ, ပျက်စရာတရားမရှိ၊ ထိုဒုက္ခကိုပင် အဘိညာ ပရိညေယျ ဒုက္ခသစ္စာ ဟူ၍၎င်း အဘိညာ ပဟာတဗ္ဗအားဖြင့် ပယ်အပ်သော သမုဒသစ္စာဟူ၍၎င်း ဟောတော်မူ၏၊ထို့ကြောင့်''ပဋိစ္စသမုပ္ပါဒ ဝိဘင်းပါဠိတော်''၌ ဤသို့ဟောတော်မူ၏။

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဧဝံ၊ ဤသို့ပြဆိုခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ တရားအပေါင်းသည်။ ကေဝလဿ၊ အလုံးစုံသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဒုက္ခအစု၏။ သမုဒယော၊ ဖြစ်ခြင်းသမုဒယဌီတိသည်။ ဟောတိ၊ ဖြစ်၏။

ထိုပဋိစ္စသမုပ္ပါဒဟူသော ဌီတိတရားသည် ဝိညာဏဋ္ဌီတိ ဟူသော စိတ်ဝိညာဏ်၏ဥပါဒ်,ဌီ,ဘင်မျိုးမဟုတ်၊ ဥပါဒ်,ဌီ,ဘင် ကင်းသောဓမ္မာရုံ၏ ဌီတိသဘောတည်း၊ ဝိညာဏဋ္ဌီတိနှင့် ပဋိစ္စသမုပ္ပါဒဟူသော ဌီတိ၊ ထိုဌီတိနှစ်ပါးသည် အသံသဒ္ဒါဗျဉ္ဇနအားဖြင့်တူ၏၊ သဘောအနက်အတွက်ကား မတူကွဲပြားခြားနား၏၊ ပဋိစ္စသမုပ္ပါဒဟူသော ဌီတိသည် ဒုက္ခ၏ တည်ရာကိုဟော၏၊ ဝိညာဏဋ္ဌီတိဟူသည်ကား ထင်ရှားရှိသော နိရောဓ၏ တည်ရာ ဟူ၍၎င်း, သဗ္ဗညုတရွှေဉာဏ်တော်၏ တည်ရာဟူ၍၎င်း ဟော၏၊ ထိုဌီတိတရားနှစ်ပါး မကွဲပြားလျှင် ဒုက္ခသစ္စာဉာဏ်ကိုသိမြင်ခြင်းငှါ ဉာဏ်မှာ အလွန်ရှုပ်ထွေးတတ်၏၊ ထို့ကြောင့် ''သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်''၌ ဤသို့ဟောတော်မူ၏။

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ၊
နညတြ ဒုက္ခာ သမ္ဘောတိ၊ နညာ ဒုက္ခာ နိရုဇ္ဈတိ။

ဟိ၊ ထိုပဋိစ္စသမုပ္ပါဒဌီတိကိုအကျယ်ချဲ့၍ထင်စွာပြလိုက်ဦးအံ့။ ဒုက္ခမေဝ၊ ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာဒုက္ခသည်သာလျှင်။ သမ္ဘောတိ၊ သမုဒယအားဖြင့် ဖြစ်စရာရှိ၏၊ ဒုက္ခံ၊ ဒုက္ခသည်။ တိဋ္ဌတိ၊ ဌီတိကိုးပါးဖြင့် တည်၏။ ဒုက္ခံ၊ သည်။ ဝေတိစ၊ နိရောဓ ဓမ္မ ပဋိစ္စ သမုပ္ပန္နအားဖြင့် ချုပ်လည်း ချုပ်၏။ ဒုက္ခာ၊ ပဋိစ္စသမုပ္ပါဒ-ဥပါဒါနက္ခန္ဓာ ဟူသောဒုက္ခကို။ အညတြ၊

ကြဉ်ထား၍။ နသမ္ဘောတိ၊ ငှိတိအားဖြင့် ဖြစ်စရာမရှိ၊ ဒုက္ခာ၊ ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာဟူသော ဒုက္ခမှ။အညာ၊ တပါးသော တရားသည်။ နနိရုဇ္ဈတိ၊ နိရောဓ ဓမ္မအားဖြင့် ချုပ်ပျက်စရာမရှိ။

ဤသို့ပြဆိုခြင်းသည် ပဋိစ္စသမုပ္ပါဒ ဟူသော ငှိတိကိုးပါး ဒုက္ခတရားသည်''ငှိတဿ အညထတာ''ဟူသောစကားတော်ဖြင့် ပဋိစ္စသမုပ္ပန္န နိရောဓ ဓမ္မ အနိစ္စဓမ္မဖြစ်၍ အမြဲဒုက္ခတရားကြီးချုပ်ပျက်၍နေသည်ကို ပြဆိုသော စကားတည်း။

> ကထဥ္စာနန္ဒ အရိယဿ ဝိနယေ အနုတ္တရာ ဣန္ဒြိယဘာဝနာ ဟောတိ၊ ဣဓာနန္ဒ ဘိက္ခုနော စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ မနာပံ၊ ဥပ္ပဇ္ဇတိ အမနာပံ၊ ဥပ္ပဇ္ဇတိ မနာပါမနာပံ၊ သော ဧဝံ ပဇာနာတိ ''ဥပ္ပန္နံ ခေါ မေ ဣဒံ မနာပံ၊ ဥပ္ပန္နံ အမနာပံ၊ ဥပ္ပန္နံ မနာပါမနာပံ၊ တဥ္စခေါ သင်္ခတံ ဩဠာရိကံ ပဋိစ္စသမုပ္ပန္နံ၊ ဧတံသန္တံ၊ ဧတံပဏီတံ ယဒိဒံ ဥပေက္ခာတိ''၊ တဿ တံ ဥပ္ပန္နံ မနာပံ၊ ဥပ္ပန္နံ အမနာပံ၊ ဥပ္ပန္နံ မနာပါမနာပံ၊နိရုဇ္ဈတိ ဥပေက္ခာ သဏ္ဌာတိ၊အယံ ဝုစ္စတာနန္ဒ အရိယဿ ဝိနယေ အနုတ္တရာ ဣန္ဒြိယဘာဝနာ စက္ခုဝိညေယျေသု ရူပေသု။

အာနန္ဒ၊ အာနန္ဒာ။ အရိယဿ၊ သပ္ပုရိသအရိယာ သူတော်ကောင်း၏။ ဝိနယေ၊ အဆုံးအမ၌။ အနုတ္တရာ၊ အတုမရှိသော။ ဣန္ဒြိယဘာဝနာ၊ ဣန္ဒြိယ ဘာဝနာသည်။ ကထဥ္စဟောတိ၊ အဘယ်သို့ဖြစ်သနည်း။

အာနန္ဒ၊ အာနန္ဒာ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခုနော၊ သပ္ပုရိသ ရဟန်းအား။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ ရူပါရုံကို။ဒိသွာ၊ မြင်သည်ရှိသော်။ မနာပံ၊ နှစ်သက်ခြင်းသောမနဿဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ အမနာပံ၊ မနှစ်သက်ခြင်း ဒေါမနဿဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ မနာပါမနာပံ၊ နှစ်သက်ခြင်း, မနှစ်သက်ခြင်းဟူသော ဥပေက္ခာ ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သောဘိက္ခု၊ ထိုသပ္ပုရိသ ရဟန်းသည်။ ဧဝံ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ မေ၊ ငါ့အား။ ဣဒံမနာပံ၊ဤနှစ်သက်ခြင်းသောမနဿ ဝေဒနာသည်။ ဥပ္ပန္နံခေါ၊ ဖြစ်၏။ အမနာပံ၊ မနှစ်သက်ခြင်းဒေါမနဿဝေဒနာသည်။ဥပ္ပန္နံ၊ ဖြစ်၏။မနာပါမနာပံ၊နှစ်သက်ခြင်း,မနှစ်သက်ခြင်းဟု ဆိုအပ်သော ဥပေက္ခာ ဝေဒနာသည်။ဥပ္ပန္နံ၊၏။တဥ္စခေါ၊ထိုသုံးပါးသောဝေဒနာသည်။သင်္ခတံ၊သင်္ခတ တရားမည်၏။ဩဠာရိကံ၊ရုန့်ရင်း၏၊ပဋိစ္စသမုပ္ပန္နံ၊ ပဋိစ္စသမုပ္ပန္နမည်၏။ဧတံ၊

ဤပဋိစ္စသမုပ္ပန္နတရားသည်။ သန္တံ၊ ငြိမ်သက်၏။ဧတံ၊ ဤပဋိစ္စသမုပ္ပန္နတရားသည်။ ပဏီတံ၊ မြတ်၏။ ယဒိဒံ-ယံဣဒံဥပေက္ခာ၊ အကြင်ဥပေက္ခာသည်သာလျှင်။ သဏ္ဌာတိ၊ ကြွင်းကျန်၍တည်၏။ ဣတိ၊ ဤသို့။ပဇာနာတိ၊ သိ၏။တဿ၊ ထိုရဟန်းအား။ တံမနာပံ၊ ထိုနှစ်သက်ခြင်းသည်။ ဥပ္ပန္နံ၊ ဖြစ်၏။တံအမနာပံ၊ ထိုမနှစ်သက်ခြင်းသည်။ ဥပ္ပန္နံ၊ ဖြစ်၏။ တံမနာပါမနာပံ၊ ထိုနှစ်သက်ခြင်း, မနှစ်သက်ခြင်းသည်၊ ဥပ္ပန္နံ၊ဖြစ်၏။ တံ၊ ထိုဖြစ်ပေါ်လာသော ဝေဒနာသုံးပါးသည်။ နိရုဇ္ဈတိ၊ နိရောဓဓမ္မ ပဋိစ္စသမုပ္ပန္နဖြစ်၍ ချုပ်ပျောက်၍သွားလေ၏။ ဥပေက္ခာ၊ ဝိညာဏစရိယ မည်သော ဥပေက္ခာသည်သာလျှင်။ သဏ္ဌာတိ၊ ကြွင်းကျန်၍ တည်ရစ်လေ၏။ ဣတိ၊ ဤသို့။ သော၊ ထိုသပ္ပုရိသရဟန်းသည်။ ပဇာနာတိ၊သိ၏။

အာနန္ဒ၊ အာနန္ဒာ။ အရိယဿ၊ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဝိနယေ၊ အဆုံးအမတော်၌။ စက္ခုဝိညေယျေသု၊ စက္ခုဝိညာဏ်ဖြင့်သိအပ်ကုန်သော။ ရူပေသု၊ ရူပါရုံတို့၌။ အနုတ္တရာ၊ အတုမရှိသော။ အယံဣန္ဒြိယဘာဝနာ၊ ဤဣန္ဒြိယဘာဝနာခြောက်ပါးကို။ ဝုစ္စတိ၊ ဆိုအပ်၏။

[ဤ အလုံးစုံသော ဣန္ဒြိယဘာဝနာတို့သည် ဥပရိပဏ္ဏာသပါဠိတော်၌ လာ၏။]

ဤသို့ မြတ်စွာဘုရားသည် အတုမရှိသော ဤဣန္ဒြိယဘာဝနာကို ဟောတော်မူ၏၊ ထိုသို့ဟောတော်မူသော ဣန္ဒြိယဘာဝနာတော်သည် သုဒ္ဓဓမ္မ ပဋိစ္စသမုပ္ပါဒ နိဿရဏသံသရာ၌ ကျင်လည်ကုန်သော သဒ္ဓါနုသာရီမည်သော သပ္ပုရိသပုဂ္ဂိုလ်တို့သည် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အကျိုးဖလဖြစ်သော ပဋိစ္စသမုပ္ပါဒ နိဿရဏ သံသရာ၌ အာယတန တဆယ့်နှစ်ပါးဟူသောစက်၌ လည်သည်ရှိသော် ဓမ္မာရုံပရမတ်ဖြစ်သော ပဋိစ္စသမုပ္ပါဒတရားတို့သည် ပဋိစ္စသမုပ္ပန္နဟူသော အနိစ္စဓမ္မဖြစ်၍ ချုပ်ပျက်၍ သွားကြကုန်သည်ရှိသော် စိတ်ဝိညာဏ်ဟူသော ဥပေက္ခာမျှသာ ကြွင်းကျန်၍ "နိရောဓောအတ္ထိ"ဟု ဟောတော်မူသည်နှင့် အညီ ပရမတ္ထအားဖြင့် ဥပေက္ခာဟူသော စိတ်ဝိညာဏ်သည်သာလျှင် ပရိသုဒ္ဓ ပရိယောဒါတဖြစ်၍ စင်ကြယ်သန့်ရှင်းဖြူစင်စွာဖြစ်၍ တည်ရစ်လေ၏။

ထိုအနုတ္တရ ဣန္ဒြိယဘာဝနာ၌ ဤ"တဉ္စခေါ သန္တံ၊ ဧတံ ပဏီတံ၊ ယဒိဒံ ဥပေက္ခာ"ဟူသော ... ဝိညာဏစရိယဟုဆိုအပ်သော နှစ်ပါးသော တရားတို့၏ လမ်းခွဲကိုပြသော

စကားတော်ပေတည်း၊ဤဒွယဟူသော နှစ်ပါးသောတရားတို့၏ လမ်းခွဲကို မသိမမြင်လျှင် သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ ဟူသော ဝေဒနာသုံးပါးတို့၌ "ရုပ်အတ္တတော"ကဲ့သို့ "ဝေဒနံအတ္တတော" ဟူသော ဥစ္ဆေဒဒိဋ္ဌိအယူသည်ဖြစ်ရာ၏၊ထိုအနုတ္တရဇ္ဈာနိယဘာဝနာကြီးသည် ဝိပဿနာဉာဏစရိယမည်သော သမ္မာဒိဋ္ဌိဉာဏ်ကို ရသော သပ္ပုရိသပုဂ္ဂိုလ်တို့ ရှုဆင်ခြင်သော ဘာဝနာတရားကြီးပေတည်း၊ ထို သပ္ပုရိသပုဂ္ဂိုလ်တို့သည် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ပဋိစ္စသမုပ္ပါဒ အာတနငြောက်ပါးတည်းဟူသော သံသရာစက်လည်သော်လည်း မိစ္ဆာနိရုတ္တိပထ, မိစ္ဆာအဓိဝစနပထ, မိစ္ဆာပညတ္တိပထဟူသော မိစ္ဆာပထသုံးပါးကိုမကပ် မယှဉ် မရောပြွမ်းစေမူ၍သာ ပရမတ္ထတရား သက်သက်သာ့လျှင် စက္ခုစသောဋ္ဌာနငြောက်ပါးလည်စေတော်မူကြကုန်၏။

စက္ခုဉ္စာဝုသော ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ န ဖဿော၊ သော ဝတာ ဝုသော စက္ခုသ္မိံ အသတိ ရူပေ အသတိ စက္ခုဝိညာဏေ အသတိ ဖဿပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ ဖဿပညတ္တိယာ အသတိ ဝေဒနာ ပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ ဝေဒနာ ပညတ္တိယာ အသတိ သညာ ပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ သညာ-ပညတ္တိယာ အသတိ ဝိတက္ကပညတ္တိံ ပညာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ ဝိတက္ကပညတ္တိယာ အသတိ ပပဉ္စသညာ သင်္ခါ သမုဒါစရ-ဏပညတ္တိံ ပညာပေဿတီဘိ နေတံ ဌာနံ ဝိဇ္ဇတိ။

[မူလပဏ္ဏာသပါဠိတော်။]

ရူပေ ဝိဘူတေ ဖဿော နဟောတိ။

[မဟာနိဒ္ဒေသပါဠိတော်။]

အာဝုသော၊ ငါ့ရှင်တို့။ စက္ခုဉ္စ၊စက္ခုပသာဒကိုငင်း။ ပဋိစ္စ၊ စွဲ၍။ရူပေစ၊ ရူပါရုံတို့ကိုငင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ် စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ သုံးပါးအပေါင်းတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိသော်လည်း။ ဖဿော၊ဖဿဟူသော မိစ္ဆာပညတ်သည်။ နဟောတိ၊ မဖြစ်။ ရူပေ၊ ရုပ်ကို။ ဝိဘူတေ၊ အနိစ္စဓမ္မဟုထင်သည်ရှိသော်။ ဖဿော၊ ဖဿ ဟူသော မိစ္ဆာပညတ်သည်။ နဟောတိ၊ မဖြစ်။ အာဝုသော၊ ငါ့ရှင်တို့။ ဝတ၊ စင်စစ်။ သော၊ ထိုသပ္ပုရိသရဟန်းသည်။ စက္ခုသ္မိံ၊ စက္ခုပသာဒသည်။ အသတိ၊ ဆန္ဒရာဂနှင့် မဖွဲ့ချည်သည်ရှိသော်။ ရူပေ၊ ရူပါရုံသည်။ အသတိ၊ မဖွဲ့ချည်

သည်ရှိသော်။စက္ခုဝိညာဏော၊စက္ခုဝိညာဏ်သည်။ အသတိ၊မဖွဲ့ချည်သည်ရှိသော်။ဖဿပစ္စယာ၊ ဖဿဟူသောမိစ္ဆာ ပြတ်ခြင်းကို။ ပညာပေဿတိ၊ သိစေလတ္တံ့။ ဣတိဧတံဌာနံ၊ ထိုသို့သော အကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ ဖဿပစ္စယာ၊ မိစ္ဆာဖဿပြတ်ခြင်းသည်။ အသတိ၊ မရှိသည်ရှိသော်။ ဝေဒနာပစ္စယ်၊ မိစ္ဆာဝေဒနာဖြင့်ပြတ်ခြင်းကို။ ပညာပေဿတိ၊ သိစေလတ္တံ့။ဣတိဧတံဌာနံ၊သည်။နဝိဇ္ဇတိ၊ မရှိ။ဝေဒနာပစ္စယာ၊ မိစ္ဆာဝေဒနာဖြင့် ပြတ်ခြင်းသည်။ အသတိ၊မရှိသည်ရှိသော်။ သညာပစ္စယ်၊မိစ္ဆာသညာဖြင့် ပြတ်ခြင်းကို။ ပညာပေဿတိ၊ သိစေလတ္တံ့။ ဣတိဧတံဌာနံ၊ သည်။ နဝိဇ္ဇတိ၊မရှိ။ သညာပစ္စယာ၊ မိစ္ဆာသညာဖြင့်ပြတ်ခြင်းသည်။ အသတိ၊ သော်။ ဝိတက္ကပစ္စယ်၊ မိစ္ဆာဝိတက်ဖြင့် ပြတ်ခြင်းကို။ ပညာပေဿတိ၊ သိစေလတ္တံ့။ ဣတိဧတံဌာနံ၊ သည်။ နဝိဇ္ဇတိ၊ မရှိ။ ဝိတက္က ပစ္စယာ၊ မိစ္ဆာဝိတက်ဖြင့် ပြတ်ခြင်းသည်။ အသတိ၊ သော်။ ပပဉ္စသညာ၊ တဏှာ, မာန,ဒိဋ္ဌိဖြင့်မှည့်ဆိုအပ်သော အဓိဝစနထဟု ဆိုအပ်သော။ သခ်ါ၊ ပြောဆိုခြင်းနိရုတ္တိပထဖြင့်။ သမုဒါစရဏပစ္စယ်၊ ခေါ်ဝေါ်ခြင်း ပြတ်ကို။ ပညာပေဿတိ၊ သိစေလတ္တံ့။ ဣတိဧတံဌာနံ၊ သည်။ နဝိဇ္ဇတိ၊ မရှိ။

ဤသို့နိဿရဏ သံသရာ၌ သပ္ပုရိသသူတော်ကောင်းတို့သည် အမြဲခေါ်ဝေါ်သုံးစွဲ၍နေသော မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်,မနောဟူသော ခြောက်ပါးသော အာယတနတို့၌ သမ္မာပထ သုံးပါးဖြင့်သာလျှင် ဓမ္မာရုံ ပရမတ္ထဖြစ်သော သုဒ္ဓဓမ္မ ပဋိစ္စသမုပ္ပါဒမည်သော နိဿရဏ သံသရာ၌ ကျင်လည်၍နေတော်မူကြကုန်၏၊ ဤသို့ မြတ်စွာဘုရားသည် ရှင်အာနန္ဒာအား ဤမဓုပိဏ္ဍိကသုတ်ကို ဟောတော်မူ၏၊ ထိုဟောတော်မူအပ်သော တရားတော်၏အလိုကား စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်စိတ်, ဤသို့သုံးပါး ပေါင်းဆုံမိ၍ တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားသုံးပါးဖြင့် မဖွဲ့ချည်မိသည်ရှိသော် ဖဿဟူ၍ငင်း, ဝေဒနာဟူ၍ငင်း, သညာဟူ၍ငင်း,ဝိတက်ဟူ၍ငင်း ခေါ်ဝေါ်သုံးစွဲ၍ အမြဲပြောဆိုခြင်းမိစ္ဆာ ပြတ်တို့သည် မဖြစ်ပေါ်လာကြကုန်၊ ထိုသို့မိစ္ဆာပြတ် မဖြစ်ပေါ်လာသည်ရှိသော် သောမနဿ, ဒေါမနဿ, ဥပေက္ခာ ဟူသော ဝိညာဏဋ္ဌိတိ ဝိညာဏစရိယ တရားတို့သာလျှင် နိရောဓဖြစ်၍ စင်ကြယ်သန့်ရှင်းဖြူစင်စွာ ကြွင်းကျန်ရစ်လေ၏၊ ဓမ္မာရုံပဋိစ္စသမုပ္ပါဒဖြစ်သော ဝေဒနာ, သညာ, ဝိတက်နှင့်တကွ ပပဉ္စတရားတို့သည် မဖြစ်ကုန်၊ ထို့ကြောင့် ဣန္ဒြိယဘာဝနာကို အနုတ္တရဘာဝနာဟု ဟောတော်မူ၏။

''ချစ်သားအာနန္ဒာ ဤအနုတ္တရမည်သော ဈာန္ဒြိယဘာဝနာတရားကို တော သို့ကပ်၍၎င်း, သစ်ပင်ရင်းသို့ကပ်၍၎င်း, ဆိတ်ငြိမ်ရာသို့ကပ်၍၎င်း ပွားများ အားထုတ်ရ၏၊ ဤအနုတ္တရအတုမရှိသော ဈာန္ဒြိယ ဘာဝနာသည် ပုထုဇဉ် အဖြစ်မှ တိဟိတ်သပ္ပုရိသဘုံသို့ နင်းမိသော ဘာဝနာတည်း၊ သေခါနီးကျ နောက်ကာလ၌ နောင်တ ပူပန် မရှိစေနှင့်''ဟု တိုက်တွန်း နှိုးဆော်တော် မူ၏။

> ဣတိခေါ အာနန္ဒ ဒေသိတာ မယာ အရိယဿ ဝိနယေအနုတ္တရာ ဣန္ဒြိယဘာဝနာ၊ ယံခေါ အာနန္ဒ သတ္ထာရာ ကရဏီယံ သာဝကာ- နံ ဟိတေသိနာ အနုကမ္ပကေန အနုကမ္ပံ ဥပါဒါယ၊ ကတံ ဝေါ တံ မယာ၊ တောနိ အာနန္ဒ ရုက္ခမူလာနိ၊ တောနိ သုညာဂါရာနိ၊ ဈာ- ယထာနန္ဒ၊ မာပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီ။
>
> [ဥပရိပဏ္ဏာသပါဠိတော်။]

အာနန္ဒ၊ အာနန္ဒာ။ ဣတိခေါ၊ ဤသို့လျှင်။ မယာ၊ ငါဘုရားသည်၊ အရိ ယဿ၊ အရိယာ၏။ ဝိနယေ၊အဆုံးအမ၌။ အနုတ္တရာ၊ အတုမရှိသော၊ ဣန္ဒြိယ ဘာဝနာ၊ ဣန္ဒြိယဘာဝနာကို။ ဒေသိတာ၊ ဟောအပ်ပြီ။အာနန္ဒ၊ အာနန္ဒာ။ သာဝကာနံ၊ တပည့်သားတို့အား။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါ ယ၊ စွဲ၍။ ဟိတေသိနာ၊ အကျိုးစီးပွားကို ရှာမှီးလေ့ရှိသော။ အနုကမ္ပကေန၊ သနားခြင်းရှိသော။ သတ္ထာရာ၊ သင်တို့ဆရာငါဘုရားသည်။ ယံခေါ၊ အကြင် ဣန္ဒြိယဘာဝနာကို။ကရဏီယံ၊ ပြုအပ်၏။ မယာ၊ ငါဘုရားသည်။ ဝေါ၊ သင် ချစ်သားတို့အား။ တံ၊ ထိုဣန္ဒြိယ ဘာဝနာကို။ ကတံ၊ ပြုအပ်၏။ အာနန္ဒ၊ အာနန္ဒာ။ တောနိ၊ ဤဣန္ဒြိယဘာဝနာတို့ကို။ ရုက္ခမူလာနိ၊ သစ်ပင်သို့ကပ်၍ ရှုအပ်ကုန်၏။ သုညာဂါရာနိ၊ ဆိတ်ငြိမ်ရာသို့ကပ်၍ ရှုအပ်ကုန်၏။ အာနန္ဒ၊ အနန္ဒာ။ ဈာယထ၊ အကုသိုလ်ကိုဖုတ်မြှိက်လိုက်ကြကုန်လော။ မာပမာဒတ္ထ၊ မေ့မေ့လျော့လျော့မနေကြကုန်လင့်။ ပစ္ဆာ၊ သေခါနီးကျ နောက်ကာလ၌။ ဝိပ္ပဋိသာရိနော၊ နှလုံးမသာမယာရှိကြကုန်သည်။ မာအဟုဝတ္ထ၊ မဖြစ်ကြကုန် လင့်။ အယံ၊ ဤသည်လျှင်။ ဝေါ၊ သင်ချစ်သားတို့အား။ အမှာကံ၊ ငါဘုရား တို့၏။ အနုသာသနီ၊ အဆုံးအမတော်တည်း။

ဤကား ဣန္ဒြိယ ဘာဝနာကိုပြဆိုသော
အခဏ်းတည်း

## ၃၃။ ဇာတိ, ဇရာ, ဗျာဓိ, မရဏကိုပြဆိုခြင်း

ဤပဋိစ္စသမုပ္ပါဒမည်သော သံသရာကြီး၌ သင်ချစ်သားတို့၏ ရန်သူဖြစ်သော ဘေးကြီးလေးပါးရှိ၏၊ အဘယ်မည်သော ဘေးတို့ပါနည်းဆိုသော် ဇာတိလည်းဘေးတပါး,ဇရာလည်းဘေးတပါး,ဗျာဓိလည်းဘေးတပါး,မရဏလည်းဘေးတပါး၊ဤဘေးကြီးလေးပါးသည် ပုထုဇဉ်သတ္တဝါတို့ကို မဟာမြိုင်တောကြီးနှင့်တူသော စက္ကြုစသော အာယတန တဆယ့်နှစ်ပါးတည်းဟူသော တော၌နေ၍ သတ္တဝါတို့ကို အမြဲနှိပ်စက်၍နေကြကုန်၏၊ ထို့ကြောင့်''ပဋိသမ္ဘိဒါမဂ်ပါဠိတော်''၌ ဤသို့မိန့်တော်မူ၏။

> ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊
> ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊
> ယံ ပိစ္ဆံ န လဗ္ဘတိ၊ တံပိ ဒုက္ခံ၊သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

ဇာတိပိ၊ ဇာတိသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာပိ၊ အိုခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ ဖျားနာခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ မရဏမ္ပိ၊ သေခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်သောသူတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ အပ္ပိယေဟိ၊ မချစ်မနှစ်သက်သောသူတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွနေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ယံပိ၊ အကြင်ဝတ္ထုကိုလည်း။ ဣစ္ဆံ၊ အလိုရှိ၏။ တံ၊ ထိုအလိုရှိသောဝတ္ထုကို။ နလဗ္ဘတိ၊ မရ။ တံပိ၊ ထိုသို့ မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ (ဣစ္ဆံ၊ အလိုရှိသော။ ယံ၊ အကြင်ဝတ္ထုကို။ နလဗ္ဘတိ၊ မရ။ တမ္ပိ၊ ထိုသို့မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။)သံခိတ္တေန၊ ဒုက္ခဟူသမျှကို ပေါင်း၍ချုံးလိုက်သည်ရှိသော်။ ပဉ္စုပါဒါနက္ခန္ဓာပိ၊ ဉပါဒါနက္ခန္ဓာငါးပါးတို့သည်သာလျှင်၊ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အကျိုးဖလဝိပါကဝဋ် ဖြစ်သော ပဋိစ္စ သမုပ္ပါဒဟူသော သံသရာကြီး၌ ဉပါဒါနက္ခန္ဓာငါးပါးတို့သည် မိစ္ဆာနိရုတ္တိပထ, မိစ္ဆာအဓိဝစနပထ, မိစ္ဆာပညတ္တိပထ ဟူသော သုံးပါးသောမိစ္ဆာပထတို့ဖြင့် ရောယှက်၍ ဤကားမယား,ဤကားသားသမီး, ဤကား ကျွဲ,နွား,ဆင်,မြင်း, ဤကား ရွှေ,ငွေ,ရတနာ,ဥစ္စာ, ဤသို့အစရှိသော ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗါရုံ,ဓမ္မာရုံ ဟူသမျှတို့သည် မိစ္ဆာပညတ်နှင့်ပေါင်း၍ သတ္တဝါတို့သည် ထိုအာရုံခြောက်ပါးကိုပင် သတ္တ, ဇီဝ,သရီရ ဟူသောမိန်းမ,ယောကျာ်း ဉပါဒ်,ဋ္ဌီ,ဘင် ရှိသောအကောင်အထည်,

ဒြဗ် ရှိသည်ဟုစွဲယူ၍ ထိုဥပါဒါနက္ခန္ဓာငါးပါး၏ ဖြစ်စအခါသည် ဇာတိမည်၏၊ ဖြစ်ပြီးသည်ရှိသော် အိုခြင်းသည် ဇရာမည်၏၊ ဖြစ်ပြီး၍ ဖျားနာခြင်းသည် ဗျာဓိမည်၏၊ပျက်ချုပ်၍သွားခြင်းသည် မရဏမည်၏၊ဤသို့ အဇ္ဈတ္တာယတန ခြောက်ပါးဟူသော သဿတဒိဋ္ဌိဖြင့် ဖွဲ့ချည်၍နေသော မျက်စိဟူသော စက္ခုန္ဒြေအပေါ်၌ ဗဟိဒ္ဓါယတန ဟူသော ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့သည် ဥစ္ဆေဒဒိဋ္ဌိဖြင့် ဖွဲ့ချည်၍ ဇာတိ,ဇရာ,ဗျာဓိ,မရဏ တည်းဟူသော ဘေးကြီးလေးပါးတို့ဖြင့် အန္ဓပုထုဇဉ်သတ္တဝါတို့ကို အမြဲနှိပ်စက်၍နေကြကုန်၏၊ ထိုကြောင့် မြတ်စွာဘုရားသည်"မူလပဏ္ဏာသပါဠိတော်"၌ ဤသို့မိန့်တော်မူ၏။

> ကိဉ္စ ဘိက္ခဝေ ဇာတိဓမ္မံ ဝဒေထ၊ ဇရာဓမ္မံ ဝဒေထ၊ ဗျာဓိဓမ္မံ ဝဒေထ၊ မရဏဓမ္မံ ဝဒေထ၊ ပုတ္တဘရိယံ ဘိက္ခဝေ ဒါသီ ဒါသံ အဇေဠကံ ကုက္ကုဋသုကရံ ဟတ္ထိဂဝဿ ဝလာဟကံ ဇာတရူပ ရဇတံ ဇာတိဓမ္မံ ဇရာဓမ္မံ ဗျာဓိဓမ္မံ မရဏဓမ္မံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အဘယ်တရားကိုလည်း။ ဇာတိဓမ္မံ၊ ဓမ္မာရုံ ဇာတိဟူ၍။ ဝဒေထ၊ ဆိုကုန်သနည်း။ ဇရာဓမ္မံ၊ ဓမ္မာရုံ ဇရာဟူ၍။ ဝဒေထ၊ ဆိုကုန်သနည်း။ ဗျာဓိဓမ္မံ၊ ဓမ္မာရုံဗျာဓိဟူ၍။ ဝဒေထ၊ ဆိုကုန်သနည်း။ မရဏဓမ္မံ၊ ဓမ္မာရုံမရဏဟူ၍။ ဝဒေထ၊ ဆိုကုန်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုတ္တဘရိယံ၊ သားမယားသည်၎င်း။ ဒါသီဒါသံ၊ ကျွန်မိန်းမ, ကျွန်ယောကျ်ားသည်၎င်း။ အဇေဠကံ၊ ဆိတ်မြန်မာ, ဆိတ်ကုလား သည်၎င်း။ ကုက္ကုဋသုကရံ၊ ကြက်,ဝက် သည်၎င်း။ ဟတ္ထိဂဝဿ ဝလာဟကံ၊ ဆင်, နွား, မြင်း,သည်၎င်း။ ဇာတရူပရဇတံ၊ ရွှေ,ငွေ သည်၎င်း။ဇာတိဓမ္မံ၊ ဓမ္မာရုံ ဇာတိမည်၏။ ဇရာဓမ္မံ၊ ဓမ္မာရုံဇရာမည်၏။ ဗျာဓိဓမ္မံ၊ ဓမ္မာရုံဗျာဓိ မည်၏။ မရဏဓမ္မံ၊ ဓမ္မာရုံမရဏမည်၏။

> ဇာတိဓမ္မာ ဇရာဓမ္မာ ဗျာဓိဓမ္မာ မရဏဓမ္မာ ဟေတေ ဘိက္ခဝေ ဥပဓယော၊ ဧတ္ထာယံ ဂဓိတော မုစ္ဆိတော အဇ္ဈောပန္နော၊အတ္တနာ ဇာတိ ဓမ္မော ဇရာဓမ္မော ဗျာဓိဓမ္မော မရဏဓမ္မော သမာနော ဇာတိဓမ္မံယေဝ ဇရာဓမ္မံယေဝ ဗျာဓိဓမ္မံယေဝ မရဏဓမ္မံယေဝ ပရိယေသတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟိသစ္စံ၊မှန်၏။ ဧတေဥပဓယော၊ ဤဥပဓိလေးပါး တရားတို့သည်။ ဇာတိဓမ္မာ၊ ဓမ္မာရုံဇာတိမည်ကုန်၏။ ဇရာဓမ္မာ၊ဓမ္မာရုံဇရာမည်ကုန်၏။ ဗျာဓိဓမ္မာ၊ ဓမ္မာရုံဗျာဓိမည်ကုန်၏။ မရဏဓမ္မာ၊ ဓမ္မာရုံ

မရဏမည်ကုန်၏။ ဧတ္ထ၊ ဤ ဥပမိလေးပါးတည်းဟူသော ဇာတိ,ဇရာ,ဗျာဓိ, မရဏဟူသော ဘေးကြီးလေးပါး၏ အတွင်း၌။ အယံ၊ ဤအန္ဓပုထုဇဉ် ပုဂ္ဂိုလ်အပေါင်းသည်။ ဂမိတော၊ နှစ်မြုပ်၍နေ၏၊ မုစ္ဆိတော၊ တွေဝေမေ့ လျော့၍နေ၏။ အဇ္ဈောပန္နော၊ သက်ဝင်၍နေ၏။ အတ္တနာ၊ သတ္တဝါတို့သည် မိမိတို့ ကိုယ်တိုင်ပင်လျှင်။ ဇာတိဓမ္မော၊ ဇာတိဓမ္မသည်ဌင်း။ ဇရာဓမ္မော၊ ဇရာဓမ္မသည်ဌင်း၊ ဗျာဓိဓမ္မော၊ ဗျာဓိဓမ္မသည်ဌင်း။ မရဏဓမ္မော၊ မရဏ ဓမ္မသည်ဌင်း။ သမာနော၊ ကိုယ်တွေ့ဖြစ်၍ နေပါလျက်နှင့်။ ဇာတိဓမ္မံယေဝ၊ ဓမ္မာရုံဖြစ်သောဇာတိဓမ္မကိုသာလျှင်။ပရိယေသတိ၊ရှာမှီးအားထုတ်၍နေ၏။ ဇရာဓမ္မံယေဝ၊ ဓမ္မာရုံဖြစ်သော ဇရာဓမ္မကိုသာလျှင်။ပရိယေသတိ၊ ၏။ ဗျာဓိ ဓမ္မံယေဝ၊ ဓမ္မာရုံဖြစ်သော ဗျာဓိဓမ္မကိုသာလျှင် ပရိယေသတိ၊၏။ မရဏဓမ္မံ ယေဝ၊ ဓမ္မာရုံဖြစ်သော မရဏဓမ္မကိုသာလျှင်။ ပရိယေသတိ၊၏။

ဣဓေကစ္စော ဧဝံဟောတိ၊ အတ္တနာ ဇာတိဓမ္မော ဇရာဓမ္မော ဗျာဓိဓမ္မော မရဏဓမ္မော သမာနော ဇာတိဓမ္မေ ဇရာဓမ္မေ ဗျာဓိ ဓမ္မေ မရဏဓမ္မေ အာဒီနဝံ ဝိဒိတွာ အဇာတိံ အဇရံ အဗျာဓိံ အမတံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ။

ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သောသပ္ပုရိသပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့နှလုံးသွင်းခြင်းသည်။ဟောတိ၊ ဖြစ်၏။ အတ္တနာ၊ မိမိကိုယ်တိုင်ပင် လျှင်။ ဇာတိဓမ္မော၊ ဓမ္မာရုံဖြစ်သော ဇာတိဓမ္မသည်။ သမာနော၊ ကိုယ်တွေ့ ဖြစ်၍နေခဲ့ပြီ။ ဇရာဓမ္မော၊ ဓမ္မာရုံဖြစ်သော ဇရာဓမ္မသည်။ သမာနော၊ ကိုယ်တွေ့ဖြစ်၍နေခဲ့ပြီ။ဗျာဓိဓမ္မော၊ဓမ္မာရုံဖြစ်သောဗျာဓိဓမ္မသည်။သမာနော၊ ကိုယ်တွေ့ဖြစ်၍ နေခဲ့ပြီ။ မရဏဓမ္မော၊ ဓမ္မာရုံဖြစ်သော မရဏဓမ္မသည်။ သမာနော၊ ကိုယ်တွေ့ဖြစ်၍နေခဲ့ပြီ။ ဧဝံ၊ ဤသို့နှလုံးသွင်း၍။ ဇာတိဓမ္မေ၊ဓမ္မာ ရုံဖြစ်သော ဇာတိဓမ္မ၌။ ဇရာဓမ္မေ၊ ဓမ္မာရုံဖြစ်သော ဇရာဓမ္မ၌။ ဗျာဓိဓမ္မေ၊ ဓမ္မာရုံဖြစ်သောဗျာဓိဓမ္မ၌။ မရဏဓမ္မေ၊ဓမ္မာရုံဖြစ်သော မရဏဓမ္မ၌။အာဒီ နဝံ၊ အနိစ္စဓမ္မ,ဒုက္ခဓမ္မ, အနတ္တဓမ္မဟူသော ပဋိစ္စသမုပ္ပါဒသံသရာ၏အပြစ် ကို။ ဝိဒိတွာ၊ သိ၍။ အဇာတိံ၊ ဥပါဒါနက္ခန္ဓာ ငါးပါး၏ ပဋိသန္ဓေ မနေရာ ဖြစ်သော။ အဇရံ၊ မအိုရာဖြစ်သော။ အဗျာဓိံ၊ မနာရာဖြစ်သော။ အမတံ၊ မသေရာဖြစ်သော။အနုတ္တရံ၊အတုမရှိသည်ဖြစ်၍ မြတ်ထသော။ယောဂက္ခေမံ၊ ယောဂလေးပါးတည်းဟူသော ဘေးမရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကိုသာလျှင်။ ပရိယေသတိ၊ အားထုတ်ပွားများ ရှာမှီးတောင့်တ၍နေ၏။

[ဤကား မူလပဏ္ဏာသပါဠိတော်။]

ဤသို့ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့ မမြင်နိုင် မသိနိုင်သော ဘေးကြီးလေးပါး တည်းဟူသော ဇာတိဓမ္မ, ဇရာဓမ္မ, ဗျာဓိဓမ္မ, မရဏဓမ္မ ဟူသော ဓမ္မာရုံ တရားကြီးသည် ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး၌ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မနောဟု ဆိုအပ်သော ခြောက်ပါးသော အာယတနစက်ဖြင့် သဿတဒိဋ္ဌိနှင့်တကွ အမြဲလည်၍နေရကုန်၏၊ ထိုစွဲဝင်၍ နေသော ဒိဋ္ဌိနှစ်ပါးတို့ဖြင့် မြတ်စွာဘုရား၏ တရားတော်ကို ခုခံ၍နေခြင်း ကြောင့် သတ္တဝါတို့သည် ချမ်းသာသုခကို မရနိုင်ကြကုန်၊ အဘယ်သို့ခုခံ၍ နေကြပါသနည်းဆိုသော် ဓမ္မာရုံနှင့်တကွ အာရုံခြောက်ပါးတို့သည် ဥစ္ဆေဒ ဒိဋ္ဌိအဖြစ်ဖြင့်ခုခံ၏၊စက္ခုပသာဒစသော ခြောက်ပါးသော ပသာဒဝတ္ထုရုပ်တို့ သည် သဿတဒိဋ္ဌိ အဖြစ်ဖြင့် ခုခံ၍နေကြကုန်၏၊ ထို့ကြောင့် "စူဠနိဒ္ဒေသ ပါဠိတော်"၌ ဤသို့ဟောတော်မူ၏။

> နာမံ ဧကော အန္တော၊ ရူပံ ဒုတိယော အန္တော၊ ဝိညာဏံ မဇ္ဈေ၊ ဆ အဇ္ဈတ္တာယတနံ ဧကော အန္တော၊ ဆ ဗာဟိရာယတနံ ဒုတိယော အန္တော၊ ဝိညာဏံ မဇ္ဈေ။

ဤစိတ်, စေတသိက်, ဓမ္မာရုံနာမ်တရားတို့၌ သဿတဒိဋ္ဌိရှေ့ပြေး၏၊ ဓမ္မာရုံဟူသော ဥပါဒါရုပ်ဟူသမျှတို့၌ ဥစ္ဆေဒဒိဋ္ဌိရှေ့ပြေး၏၊ ဤသို့နှစ်ပါး သော ဒိဋ္ဌိတရားကိုရှေ့ထား၍ ဇာတိ, ဇရာ, ဗျာဓိ, မရဏ ကို ဒုက္ခဘေးကြီး ဟု ဟောသော်လည်း နိစ္စ, သုခ, အတ္တ,ဇီဝထင်၍ အမြဲလျှင် ထိုဇာတိ,ဇရာ, ဗျာဓိ, မရဏ တည်းဟူသော ဘေးကို တောင့်တရှာမှီး၍ နေကြကုန်၏၊ ထိုဇာတိ, ဇရာ, ဗျာဓိ, မရဏ ဟူသော ဘေးကြီးလေးပါး၏ အာဒီနဝ အပြစ်ကိုမြင်၍ သဒ္ဒါနုသာရီမည်သော သပ္ပုရိသပုဂ္ဂိုလ် အပေါင်းတို့သည် ထိုဇာတိ, ဇရာ, ဗျာဓိ, မရဏဟူသော ဘေးကြီးလေးပါး၏ ကင်းလွတ်ရာ ဖြစ်သော အဇာတိ, အဇရာ,အဗျာဓိ,အမရဏမည်သော မြတ်သောနိဗ္ဗာန် ကိုသာလျှင် အမြဲတောင့်တ ရှာမှီး၍နေကြကုန်၏၊ ထိုသပ္ပုရိသ ပုဂ္ဂိုလ်တို့ကို ရည်သန်တော်မူ၍ ဘုရားစသော အရိယာပုဂ္ဂိုလ်တို့၏ အဆုံးအမဖြစ်သော အတုမရှိသော အနုတ္တရ ဣန္ဒြိယဘာဝနာကို ဟောတော်မူ၏။

> သော ဝေံ ပဇာနာတိ၊ ဥပ္ပန္နံ ခေါ မေ ဣဒံ မနာပံ၊ ဥပ္ပန္နံ အမနာပံ၊ ဥပ္ပန္နံ မနာပါမနာပံ၊ တဉ္စ ခေါ သင်္ခတံ ဩဠာရိကံ ပဋိစ္စ သမုပ္ပန္နံ ဧတံ သန္တံ ဧတံ ပဏီတံ ယဒိဒံ ဥပေက္ခာတိ။
>
> [ဥပရိပဏ္ဏာသ ပါဠိတော်။]

သော၊ ထိုသပ္ပုရိသပုဂ္ဂိုလ်သည်။စေ၀ံ၊ဤသို့။ပဇာနာတိ၊သိ၏။မေ၀ါ၊ငါ၏။ အဒုက္ခမသုခံ၊ ဤသို့နှစ်သက်ခြင်း သောမနဿဝေဒနာသည်။ ဥပ္ပန္နံခေါ၊ ဖြစ် သည်သာလျှင်တည်း။ အမနာပံ၊ မနှစ်သက်ခြင်း ဒေါမနဿ ဝေဒနာသည် ဥပ္ပန္နံ၊ ဖြစ်၏။ မနာပါမနာပံ၊ နှစ်သက်ခြင်း,မနှစ်သက်ခြင်းဟု ဆိုအပ်သော ဥပေက္ခာဝေဒနာသည်။ ဥပ္ပန္နံ၊ ဖြစ်၏။ တဉ္စခေါ၊ ထိုသောမနဿ, ဒေါမ နဿ, ဥပေက္ခာဟူသော ဝေဒနာသုံးပါးသည်လည်း။ သင်္ခတံ၊ သင်္ခတတရား သာတည်း။ ဩဠာရိကံ၊ ရုန့်ရင်း၏။ပဋိစ္စသမုပ္ပန္နံ၊ ဖြစ်ပြီးသော ပဋိစ္စသမုပ္ပါ ဒသည် ပျက်ခြင်း ပဋိစ္စသမုပ္ပန္နသို့ ရောက်ခြင်းတည်း၊ စေတံ၊ ဤသင်္ခတပဋိစ္စ သမုပ္ပန္နဟူသောတရားသည်။ သန္တံ၊ ငြိမ်သက်၏။ စေတံ၊ဤတရားသည်။ ပဏီ တံ၊ မြတ်၏။ ယဒိဒံ- ယံဣဒံ၊ အကြင်ဝိညာဏ်သည်။ ဥပေက္ခာ၊ ဥပေက္ခာ သာတည်း။ ဣတိ၊ ဤသို့သော ထိုသပ္ပုရိသပုဂ္ဂိုလ်သည်။ ပဇာနာတိ၊ သိ၏။

ဤသို့နိဿရဏသံသရာ၌ ကျင်လည်၍နေကြကုန်သော သပ္ပုရိသပုဂ္ဂိုလ် တို့သည် သမ္မာသတိဟူသောမဂ္ဂင်ဖြင့် ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ပွား များအောက်မေ့၍ ဆင်ခြင်ကြကုန်၏၊ အဘယ်သို့ ပွားများအောက်မေ့၍ ဆင်ခြင်ကြကုန်သနည်း၊ ဤဝေဒနာမည်သည် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဟူ၍ ဤသို့ ဝေဒနာအပြားသုံးပါးရှိ၏၊ ထိုဝေဒနာသုံးပါး တို့သည် ဖြစ်ဆဲအခိုက်အခါကာလသည် ပဋိစ္စသမုပ္ပါဒ မည်၏၊ ဖြစ်ပြီး၍ ချုပ်ပျက်၍သွားခြင်းသည် ပဋိစ္စသမုပ္ပန္နမည်၏၊ ထိုပဋိစ္စသမုပ္ပန္န တရားကို နာမ်ဓမ္မာရုံတရားဟု "ဓမ္မသင်္ဂဏီ ပါဠိတော်"၌—

ယေဝါ ပန တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူ- ပိနော ဓမ္မာ—

ဟု ဟောတော်မူ၏။

ထိုဝေဒနာသုံးပါးတို့တွင် သုခဝေဒနာ တည်သောအခိုက်သည် သုခမည် ၏၊ ချုပ်ပျက်သောအခိုက်သည် ဒုက္ခမည်၏၊ ဒုက္ခဝေဒနာ တည်သောအခိုက် ဒုက္ခမည်၏၊ ချုပ်ပျက်သော အခိုက်သည် သုခမည်၏။ ဥပေက္ခာဝေဒနာ သိသောအခိုက်သည် သုခမည်၏။ မသိသောအခိုက်သည် ဒုက္ခမည်၏၊ သုခ ဝေဒနာ၌ ရာဂါနုသယစွဲမှီ၏၊ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယစွဲမှီ၏၊ ဥပေက္ခာ ဝေဒနာ၌ အဝိဇ္ဇာနုသယစွဲမှီ၏၊ အဘို့အားဖြင့် ဝေဘန်သည်ရှိသော် သုခ ဝေဒနာသည် ဒုက္ခဖြစ်ခြင်းအဘို့ရှိ၏၊ ဒုက္ခဝေဒနာသည် သုခဝေဒနာလျှင် ဖြစ်ခြင်းအဘို့ရှိ၏၊ ဥပေက္ခာဝေဒနာသည် အဝိဇ္ဇာဖြစ်ခြင်းလျှင် အဘို့ရှိ၏၊ အဝိဇ္ဇာဖြစ်ခြင်းသည် ဝိဇ္ဇာဖြစ်ခြင်းလျှင် အဘို့ရှိ၏၊ဝိဇ္ဇာဖြစ်ခြင်းသည် ဝိမုတ္တိ

ဟူသောအရဟတ္တဖိုလ်ဖြစ်ခြင်းလျှင် အဘို့ရှိ၏၊ဝိမုတ္တိဟူသော အရဟတ္တဖိုလ်ဖြစ်ခြင်းသည် နိဗ္ဗာန်ကိုအာရုံ ပြုသောအားဖြင့် ရောက်ခြင်းအဘို့ရှိ၏၊ ဤသို့ပြဆိုသောစကားတို့တွင် အဝိဇ္ဇာသည် မောဟမည်၏၊ ဝိဇ္ဇာသည် အမောဟဟူသော ပညိန္ဒြေမည်၏၊ သုံးပါးသောဝေဒနာ,သုံးပါးသောအနုသယတို့သည် ဓမ္မာရုံပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နမည်ကုန်၏၊ သောမနဿ, ဒေါမနဿ, ဥပေက္ခာဟူသောစိတ်ဝိညာဏ်သည် ဝိညာဏဋ္ဌိတိ တရားမည်မည်၏၊ ထိုဝိညာဏဋ္ဌိတိမည်သော စိတ်ဝိညာဏ်ဥပေက္ခာတို့သည် စင်ကြယ်သန့်ရှင်း ဖြူစင်သောသဘောရှိ၏၊ နူးညံ့သိမ်မွေ့၏၊ ခံ့၏၊ ပြိုးပြိုးပြက်သောအရောင်လည်းရှိ၏၊ ထို့ကြောင့် ဝိညာဏဋ္ဌိတိနယ်ရှိသော စိတ်ဝိညာဏ်ဥပေက္ခာကိုရည်၍ "ဥပရိပဏ္ဏာသပါဠိတော်"၌—

အထာပရံ ဝိညာဏံယေဝ အဝသိဿတိ ပရိသုဒ္ဓံ ပရိယောဒါတံ-
ဟူ၍၎င်း,

အထာပရံ ဥပေက္ခာယေဝ အဝသိဿတိ ပရိသုဒ္ဓါ ပရိယော-
ဒါတာ မုဒုစ ကမ္မညာစ ပဘဿရာစ—
ဟူ၍၎င်း မိန့်တော်မူ၏။

ဤသို့ သန့်ရှင်းစင်ကြယ် ဖြူစင်တောက်ပသော အရောင်ရှိသော ဝိညာဏဋ္ဌိတိမည်သော စိတ်ဝိညာဏ် ပရမတ္ထတရားကို အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့၏ ဉာဏ်ဖြင့် ပိုင်းခြား ဝေဘန်၍ သိခြင်းငှါ မစွမ်းနိုင်၊ အဘယ်ကြောင့် မစွမ်းနိုင်သနည်း၊ မြတ်စွာဘုရားသည် ပရမတ္ထတရားကို ဓမ္မာရုံနှင့်တကွနှစ်ပါးပြား၍ ဒွယအားဖြင့် ဟောတော်မူသည်ကို အဒွယဟု တခုတည်းပြု၍ သဿတ, ဥစ္ဆေဒအယူကိုယူခြင်းကြောင့် ပိုင်းခြားဝေဘန်၍ ယထာဘူတ ဟုတ်တိုင်းမှန်စွာ မသိရလေသတည်း၊ထိုဓမ္မာရုံဖြစ်သော စိတ်,စေတသိက်,ရုပ် ဟူသော ပရမတ္ထတရား သုံးပါးကိုပင် ရူပက္ခန္ဓာဟူ၍၎င်း, ဝေဒနက္ခန္ဓာဟူ၍ ၎င်း, သညာက္ခန္ဓာဟူ၍၎င်း, သင်္ခါရက္ခန္ဓာ ဟူ၍၎င်း, ဝိညာဏက္ခန္ဓာဟူ၍၎င်း ဤသို့ခန္ဓာအားဖြင့် ငါးပါးရှိ၏၊ ထိုခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာသည် ရုပ်မည်၏၊ ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ် ဟူသောခန္ဓာလေးပါးသည် နာမ်မည်၏၊ သဠာယတနဟူ၍၎င်း, ဖဿဟူ၍၎င်း, ဝေဒနာဟူ၍၎င်း, သညာဟူ၍၎င်း, ဇာတိဟူ၍၎င်း, ဇရာဟူ၍၎င်း, ဗျာဓိဟူ၍၎င်း, မရဏ ဟူ၍၎င်း ဟောတော်မူသော ပဋိစ္စသမုပ္ပါဒဖြစ်သော အကျိုးဖလတရားတို့သည်ဓမ္မာရုံဖြစ်သော တရားတို့သာလျှင်တည်း။

ထိုဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒဟူသော အကျိုးဖလတို့ကို ဥပါဒါနက္ခန္ဓာ,အာယတန,ဓာတ်, သစ္စာ ဖွဲ့၍ဟောတော်မူ၏၊ ဇာတိ, ဇရာ, ဗျာဓိ,

မရဏ ဟူသော တရားလေးပါးတို့၌ ဇာတိ,ဇာတိဓမ္မ,ဇရာ, ဇရာဓမ္မ,ဗျာဓိ, ဗျာဓိဓမ္မ,မရဏ,မရဏဓမ္မ ဟူ၍ဝိညာဏဋ္ဌိတိ၏ ဇာတိ, ဇရာ,ဗျာဓိ, မရဏ နှင့် ဓမ္မာရုံပဋိစ္စသမုပ္ပါဒဖြစ်သော ဇာတိဓမ္မ,ဇရာဓမ္မ, ဗျာဓိဓမ္မ, မရဏဓမ္မ ကိုခွဲဝေ၍ ဟောတော်မူ၏၊ ထိုနှစ်ပါးတို့တွင် ပဋိစ္စသမုပ္ပါဒ ဖြစ်သော ဇာတိဓမ္မ,ဇရာဓမ္မ,ဗျာဓိဓမ္မ,မရဏဓမ္မ ဟူသော လေးပါးသောတရားတို့သည် ကာမုပမိ,ခန္ဓုပမိ, ကိလေသုပမိ, အဘိသင်္ခါရုပမိ ဟူသော လေးပါးသော ဥပမိတရားတို့၏ဖြစ်ခြင်း,ပျက်ခြင်းကို ဟောတော်မူ၏၊ ထိုအန္ဓပုထုဇဉ်တို့သည် ထိုဥပမိလေးပါးတို့၏ ဖြစ်ပျက်ခြင်းဟု ဆိုအပ်သော ဇာတိဓမ္မ,ဇရာဓမ္မ,ဗျာဓိ ဓမ္မ,မရဏဓမ္မတရားတို့၌ အမြဲနစ်မြုပ်၍နေကြကုန်၏ဟု ဟောတော်မူ၏။

ဇာတိ ဇရာ ဗျာဓိ မရဏဓမ္မာ ဟောတေ ဘိက္ခဝေ ဥပဓယော၊
ဧတ္ထာယံဂဓိတော မုစ္ဆိတော အဇ္ဈောပန္နော။

[မူလပဏ္ဏာသပါဠိတော်။]

"ချစ်သားရဟန်းတို့····ထိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ဤမျှလောက် ပြင်း စွာပူပန်သော ဘေးဒုက္ခကြီးသည် ဥပမာဆိုသည်ရှိသော် လောဟကုမ္ဘီ ငရဲနီလျှံဝင်း ငရဲတွင်း၌ နစ်မြုပ်၍နေသောသူကဲ့သို့ ထိုဥပမိလေးပါးတို့၏ ဖြစ်ပျက်၍နေသော ဇာတိဓမ္မ,ဇရာဓမ္မ,ဗျာဓိဓမ္မ, မရဏဓမ္မ ဟူသော ဘေး ကြီး၌ အမြဲနစ်မြုပ်၍နေပါလျက်နှင့် ထိုဥပမိ လေးပါးနှင့် ဇာတိ,ဇရာ,ဗျာဓိ, မရဏကိုပင် သုခအစဉ် ချမ်းသာထင်၍ တောင့်တရှာမှီး၍ အမြဲနေကြကုန် ၏" ဟု ဟောတော်မူ၏။

ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားကို မေးလျှောက်ကြကုန်၏။ "ဘုန်းတော် ကြီးသောမြတ်စွာဘုရား····ဤမျှ ဤ၍ မရေတွက်နိုင်အောင် ကြီးစွာသော ဘေးရှိသော ဤဥပမိလေးပါးနှင့် ဇာတိ,ဇရာ, ဗျာဓိ, မရဏ ဟူသော ဘေးကို ထိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အဘယ်ကြောင့် တောင့်တ ရှာမှီး၍ နေကြပါသနည်း မြတ်စွာဘုရား"ဟု မေးလျှောက်ကြကုန်၏။

"ချစ်သားရဟန်းတို့····ထိုအန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့မည်သည်ကား အား ကြီးသော ဆန္ဒရာဂရှိကုန်၏၊ ထိုသို့ဆန္ဒရာဂဖြစ်ခြင်းကြောင့် အလွန်ကြီးစွာ သော ဘေးကိုလည်း မမြင်၊ ဘေးကိုလည်းမသိ၊အလွန်အေးမြချမ်းသာ သုခ ထင်၍ သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ အယူဝါဒနှစ်ပါးဖြင့် စူးဝင်၍ အမြဲစွဲယူ၍ တောင့်တရှာမှီး၍ နေကြကုန်၏"ဟု ဟောတော်မူ၏၊ထိုကြောင့်"သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်"၌-

အဃာဿ မူလံ ဆန္ဒော၊ ဆန္ဒဿ မူလံ အဃံ–
ဟု ဟောတော်မူ၏။

အဃဿ၊ ဆင်းရဲခြင်း၏။ မူလံ၊ အကြောင်းရင်းကား။ ဆန္ဒော၊ ဆန္ဒရာဂသာတည်း။ ဆန္ဒဿ၊ ဆန္ဒရာဂဖြစ်ခြင်း၏။မူလံ၊ အကြောင်းရင်းကား။အဃံ၊ အဃမည်သောတရားသာလျှင်တည်း။

ဤဆန္ဒရာဂဟူသောသဘောသည် ဥပမာဆိုသည်ရှိသော် ကလေးသူငယ်တို့၏သဘောသည် ရဲရဲတောက်လောင်သော သံတွေခဲမီးကို မြင်သည်ရှိသော် ဝါဝါဝင်းဝင်း အရောင်အဆင်းကိုမြင်သဖြင့် အလွန်ချမ်းသာသုခနှင့် ပြည့်စုံလိမ့်မည်ဟု အထင်မှတ်၍မြစွာကိုင်စွဲ တောင့်တရှာမှီးသော ကလေးသူငယ်၏စိတ်နှင့် ဆန္ဒရာဂသည်တူ၏၊ထိုသံတွေခဲမီးကို မြစွာကိုင်မိ၍မလွှတ်လိုဘဲနှင့် ပြင်းစွာငိုကြွေးသော အခါကဲ့သို့ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဆန္ဒရာဂဖြင့် တောင့်တရှာမှီး၍ ဖြစ်ပေါ်လာသော ဥပါဒါနက္ခန္ဓာတည်းဟူသော သံတွေခဲမီးကို ကိုင်၍ ဇာတိဓမ္မ,ဇရာဓမ္မ,ဗျာဓိဓမ္မ,မရဏဓမ္မ ဟူသောလေးပါးသော ဘေးကြီးနှင့်တွေ့၍ ငိုကြွေး၍နေရကုန်၏၊ ထိုကြောင့်-

ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂဝေမတ္တာ၊တံ တတ္ထ ဥပါဒါနံ။
[ဥပရိပဏ္ဏာသပါဠိတော်။]

ဘိက္ခု၊ ချစ်သားရဟန်း။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာငါးပါးတို့၌။ ဆန္ဒရာဂဝေမတ္တာ၊ ဆန္ဒရာဂလျှင် အပိုင်းအခြားရှိ၏။ တတ္ထ၊ ထိုဥပါဒါနက္ခန္ဓာငါးပါး၌။ တံ၊ ထိုဆန္ဒရာဂသည်။ ဥပါဒါနံ၊ မြဲစွာစွဲလမ်းခြင်းသာတည်း။

ဤသို့ပဋိစ္စသမုပ္ပါဒဖြစ်သော ဥပါဒါနက္ခန္ဓာ တည်းဟူသော ဇာတိ,ဇရာ,ဗျာဓိ,မရဏ ဟူသောဘေးကို အားကြီးသော ဆန္ဒရာဂဖြင့် မြဲစွာကိုင်စွဲ၍ တောင့်တရှာမှီး၍နေကြကုန်၏ ဟုဟောတော်မူ၏၊ ဤသည်ကား အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့သည် သောမနဿစိတ်နှင့် သောမနဿ ဝေဒနာ, ဒေါမနဿစိတ်နှင့် ဒေါမနဿဝေဒနာ, ဥပေက္ခာသဟဂုတ်စိတ်နှင့်ဥပေက္ခာဝေဒနာ ဟူသော ဒွယဟူသော တရားတော်ကို အဒွယဟူ၍ ပဋိစ္စသမုပ္ပန္နဝေဒနာကို မသိခြင်းကြောင့် အားကြီးသော ဆန္ဒရာဂဖြစ်၍ ဇာတိ,ဇရာ,ဗျာဓိ,မရဏ ဟူသော ပဋိစ္စသမုပ္ပန္နဘေးကိုသာလျှင် မြဲစွာကိုင်စွဲ၍ တောင့်တ ရှာမှီး၍နေကြကုန်၏ ဟု ဟောတော်မူ၏။

ဤကား ပဋိစ္စသမုပ္ပါဒ ပရမတ္ထဓမ္မာရုံဖြစ်သော
ဇာတိ,ဇရာ,ဗျာဓိ,မရဏကို ပြဆိုသောအခန်းတည်း။

## ၃၄။ ခန္ဓာ, အာယတန, ဓာတ်တို့ကို ခွဲခြား၍ပြဆိုခြင်း

ယခုအခါ၌ ဝိညာဏဋ္ဌိတိ၏ ခန္ဓာ,အာယတန,ဓာတ်တို့ကို ပြဆိုပေအံ့။

ဤဝိညာဏဋ္ဌိတိဟူသောစကားတော်သည်၎င်း,"ပကတိ ပရိသုဒ္ဓမိဒံ စိတ္တံ" ဟူသော စကားတော်သည်၎င်း,"ဝိညာဏစရိယံ၊ ဝိညာဏံမဇ္ဈေ၊ ဝိညာဏံ အနိဒဿနံ၊ အနန္တံသဗ္ဗတောပဘံ" ဟူသောစကားတော်သည်၎င်း,"အထာ ပရံ ဝိညာဏံ ယေဝ အဝသိဿတိ" ဟူသောစကားတော်သည်၎င်း၊ ဤသို့ ဟောတော်မူသမျှေစကားတော်သည် ဥပါဒ်,ဋ္ဌီ,ဘင်ရှိသော နိရောဓဖြစ်သော ·စိတ်ဝိညာဏ်ကိုပြသော စကားတော်တို့သာတည်း၊ ထိုစိတ်ဝိညာဏ်သည် သန့်ရှင်း စင်ကြယ်၏၊ ဖြူစင်၏ ဟု ဟောတော်မူ၏၊ ဤစိတ် ဝိညာဏ်သည် ပရမတ္ထ ဖြစ်သော ပရိညေယျ တရားသာလျှင်တည်း၊ ဤစိတ်ဝိညာဏ်ကို ပဋိစ္စသမုပ္ပါဒဟူသော ဓမ္မာရုံ၏အဖြစ်ဖြင့် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ဖွဲ့၍ ဟောတော်မမူ၊ တပါးသော ပစ္စယုပ္ပန် ပရမတ္ထအားဖြင့် အနိစ္စ,ဒုက္ခ, အနတ္တ, အသုဘဟု ဟောတော်မူ၏၊ ပစ္စယဖြစ်သောဓမ္မာရုံ၏ အဖြစ်ဖြင့် ဝိညာဏဋ္ဌိတိကို အနိစ္စဓမ္မ,ဒုက္ခဓမ္မ,အနတ္တဓမ္မ,အသုဘဓမ္မ ဟူ၍ ဟောတော် မမူ၊ ထို့ကြောင့်"မဟာနိဒ္ဒေသပါဠိတော်"၌ ဤသို့ဟောတော်မူ၏။

> ပုရိမာနံ ပုရိမာနံ ခန္ဓာနံ ဓာတူနံ အာယတနာနံ ဝိပရိဏာမညထာ ဘာဝေါ မစ္ဆိမာ ခန္ဓာစ ဓာတုယောစ အာယတနာနိစ ပဝတ္တန္တီတိ ဝိနာဘာဝံ။

ဤသို့ပဟေဠိအားဖြင့် ဟောတော်မူသည်ကား ဒွယဟူသောတရားတော်၏ အတ္ထတော်ကိုသိစေဘို့ အကျိုးငှါဟောတော်မူ၏၊ ဤစကားတော်တွင် ဝတ္ထု၊ ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော ခန္ဓာ,ဓာတ်,အာယတနတို့ကို ပစ္ဆိမာ ပစ္ဆိမာဟု ဥပါဒ်,ဋ္ဌီ,ဘင်ဖြင့် ပျက်ချုပ်၍ ဝိနာဘာဝ, အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘကို ဟောတော်မူ၏၊ ထို့ကြောင့် မြတ်စွာဘုရာ၏တရားတော်၌ ခန္ဓာ အားဖြင့်နှစ်ပါး,ဓာတ်အားဖြင့်နှစ်ပါး,အာယတနအားဖြင့်နှစ်ပါး,ဤသို့ ဒွယ ဒွယအားဖြင့် ဟောတော်မူ၏၊ ထိုဝိညာဏဋ္ဌိတိ ဟူသော ပစ္ဆိမဖြစ်သော ဥပါဒ်,ဋ္ဌီ,ဘင်ရှိသော ခန္ဓာ,အာယတန,ဓာတ်တရားတို့ကိုပရိညေယျဉာဏ်အား ဖြင့် သာလျှင် အနိစ္စ,ဒုက္ခ,အနတ္တ, အသုဘကို ရှုဆင်ခြင်အပ်၏၊ ထိုဒုက္ခသည် ကာယိကဒုက္ခမည်၏၊ ထိုကာယိကဒုက္ခကို ဘုရား ရဟန္တာ အရှင်မြတ်တို့ ပင်လျှင် တွေ့ကြုံတော်မူရသေး၏၊ တွေ့ကြုံသည်ရှိသော် ထိုဒုက္ခကို သည်းခံတော်

မူကြကုန်၏၊ ပဋိစ္စသမုပ္ပါဒဟူသော ဓမ္မာရုံဖြစ်သော စေတသိက ဒုက္ခကိုမူကား အကြွင်းမဲ့ ပယ်ချုပ်တော်မူကြကုန်၏။

ဤကား ခန္ဓာ,အာယတန,ဓာတ်တို့ကိုခွဲခြား၍ ပြဆိုသော အခဏ်းတည်း။

## ၃၅။ သပ္ပုရိသဒါနကို ပြဆိုခြင်း

ဤသို့ပဋိစ္စသမုပ္ပါဒ တည်းဟူသော သံသရာ၌ ကျင်လည်ခြင်းသည် နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ပုထုဇဉ်၏ အဖြစ်ဖြင့် ကျင်လည်သော သံသရာ တပါး,သပ္ပုရိသသေက္ခ၏ အဖြစ်ဖြင့် ကျင်လည်သော သံသရာတပါး၊ ဤသို့ နှစ်ပါးအပြားရှိ၏၊ ထိုသံသရာ၏ အမြစ်မူလဟူသော အဝိဇ္ဇာတဏှာသည် အသံ သဒ္ဒါ အမည်အားဖြင့်တူ၏၊ အဖြစ်သဘော ဂုဏ်အားဖြင့် မတူကွဲပြား ခြားနားခြင်းရှိ၏၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ ကျင်လည်သော သံသရာသည် ဒိဋ္ဌိ,ဝိစိ ကိစ္ဆာ,တဏှာ,အဝိဇ္ဇာဖြင့် ကျင်လည်၏၊ သပ္ပုရိသ သေက္ခပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိ,ဝိစိကိစ္ဆာကိုကြဉ်၍ ဥဒ္ဓစ္စ,မာန,တဏှာ, အဝိဇ္ဇာဖြင့် ကျင်လည်၏၊ ထို သပ္ပုရိသ သေက္ခပုဂ္ဂိုလ်တို့ ကျင်လည်သော သံသရာကို သုဒ္ဓဓမ္မသင်္ဂြိုဟ် ပဋိစ္စသမုပ္ပါဒ ဟူသော နိယျာနိက သံသရာဟု ဟောတော်မူ၏၊ ထိုပဋိစ္စ သမုပ္ပါဒဟူသော သံသရာ၌ကျင်လည်ကြသော နှစ်ပါးသော ပုဂ္ဂိုလ်တို့တွင် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အမြဲလျှင် ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာ၏ ဖြစ်ပျက်ခြင်းတည်းဟူသော ဇာတိ,ဇရာ,ဗျာဓိ,မရဏ ကိုသာ တောင့်တ၍ ဒါန, သီလ, ဘာဝနာကို ပရာမာသ,ဝတဟူသော မိစ္ဆာ၏ အစွမ်းဖြင့် အား ထုတ်၍ နေကြကုန်၏၊နိယျာနိကသံသရာ၌ ကျင်လည်ကြသော သပ္ပုရိသပုဂ္ဂိုလ် တို့သည်ကား ပါရံ ဟူသောနိဗ္ဗာန်ကို ညွတ်ခြင်း, ကိုင်းခြင်း, ရှိုင်းခြင်းကိုပြု၍ ဒါနအံစုလေးပါး, သီလအစုလေးပါး, နိက္ခမအစုလေးပါး ဤသို့သမ္မာဒိဋ္ဌိ မဂ္ဂင်ကိုရှေ့ထား၍ ကောင်းစွာ အားထုတ်တော်မူကြကုန်၏၊ အဘယ်ကဲ့သို့ အားထုတ်တော် မူကြကုန်သနည်း။

> ကထဉ္စ ဘိက္ခဝေ သပ္ပုရိသော သပ္ပုရိသဒါနံ ဒေတိ၊ဣဓ ဘိက္ခဝေ သပ္ပုရိသော သက္ကစ္စံ ဒါနံ ဒေတိ၊ သဟတ္ထာ ဒါနံ ဒေတိ၊ စိတ္တိံကတွာ ဒါနံ ဒေတိ၊ အနပဝိဋ္ဌံ ဒါနံ ဒေတိ၊ အာဂမနဒိဋ္ဌိကော ဒါနံ ဒေတိ၊ ဧဝံ ခေါ ဘိက္ခဝေ သပ္ပုရိသော သပ္ပုရိသဒါနံ ဒေတိ။
>
> [ဥပရိပဏ္ဏာသ ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။သပ္ပုရိသော၊ သူတော်ကောင်းသည်။ သပ္ပုရိသဒါနံ၊ သပ္ပုရိသဒါနကို။ ကထဉ္စဒေတိ၊ အဘယ်သို့ပြု၍ ပေးလှူကြပါသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ဣဓ၊ ဤသာသနာတော်၌၊ သပ္ပုရိသော၊ သူတော်ကောင်းသည်။ သက္ကစ္စံ၊ကိုယ်လက်အင်္ဂါ ရိုသေစွာပြု၍၊ ဒါနံ၊အလှူကို။ဒေတိ၊ ပေးလှူ၏။ သဟတ္ထာ၊ကိုယ်တိုင်လက်ရောက်။ ဒါနံ၊အလှူကို။ဒေတိ၊ပေးလှူ၏။ စိတ္တိံကတွာ၊ အထူးသဖြင့် သဒ္ဓါကြည်ညိုရိုသေခြင်းကိုပြု၍။ ဒါနံ၊ အလှူကို။ အနုပဝိဋ္ဌံ၊ သံသရာတွင်းသို့ မပြေးမဝင်စေမူ၍။ ဒါနံ၊အလှူကို။ ဒေတိ၊ပေးလှူ၏။အာဂမနဒိဋ္ဌိကော၊လာခြင်းကောင်းသော ဘုရားလောင်းတို့ကဲ့သို့ ဖြောင့်မှန်သော သမ္မာဒိဋ္ဌိအယူကိုယူ၍။ ဒါနံ၊အလှူကို။ဒေတိ၊ ပေးလှူ၏။ ဘိက္ခုဝေ၊ ရဟန်းတို့။ ဧဝံခေါ၊ဤသို့လျှင်။သပ္ပုရိသော၊သူတော်ကောင်းသည်။ သပ္ပုရိသဒါနံ၊ သပ္ပုရိသဒါနကို။ဒေတိ၊ပေးလှူ၏။

ဤသို့လျှင် သပ္ပုရိသမည်သော သူတော်ကောင်းတို့သည် နိဿရဏ သံသရာ၌ကျင်လည်၍ ကုသလာဘိပုညာသင်္ခါရမည်သော ကုသိုလ်မျိုးကို အားထုတ်တော်မူကြကုန်၏၊ ထိုကုသလာဘိပုညာသင်္ခါရကုသိုလ်မျိုးကို အားထုတ်၍ပြုသည်ရှိသော် သပ္ပုရိသသူတော်ကောင်းတို့၏ အစဉ်အတိုင်းပြုအပ်သော ငါးပါးအပြားရှိသော သပ္ပုရိသဒါနကို အမြဲအားထုတ်၍ ပြုကြကုန်၏၊ ထို့ကြောင့် "မဟာနိဒ္ဒေသပါဠိတော်"၌ ကုသလာဘိသင်္ခါရ မည်သော ကုသိုလ်မျိုးကိုဟောတော်မူ၏။

> ဣဓေကစ္စော ဒါနံ ဒေန္တော သီလံ သမာဒိယန္တော ဥပေါသထကမ္မံ ကရောန္တော ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌပေန္တော ပရိဝေဏံ သမဇ္ဇန္တော စေတိယံ ဝန္ဒန္တော စေတိယေ ဂန္ဓမာလံ အာရောပေန္တော စေတိယံ ပဒက္ခိဏံ ကရောန္တော နိဗ္ဗာနနိန္နော နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရော ကုသလာဘိသင်္ခါရံ အဘိသင်္ခရောန္တိ။
>
> [မဟာနိဒ္ဒေသပါဠိတော်-အထက်သို့ကျမှအနက်ပေးလတ္တံ့။]

ဤနိဿရဏ သံသရာ၌ကျင်လည်ကုန်သော သပ္ပုရိသ သူတော်ကောင်းတို့သည် ဝိပဿနာ ဉာဏစရိယတည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ကိုရှေ့ထား၍ နိဗ္ဗာန်ကိုညွတ်သောစိတ်,ကိုင်းသောစိတ်,ရှိုင်းသောစိတ်ဖြင့် ကောင်းစွာဒါန, သီလ,နိက္ခမတည်းဟူသော ကုသလာဘိသင်္ခါရဟူသောပါရမီ ကုသိုလ်ကိုပြုကြကုန်၏၊ ထိုသို့သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေ့ထား၍ပြုသောဒါန, သီလ,နိက္ခမ ဟူသော ကုသိုလ်သည်သာလျှင် လူ့ချမ်းသာ,နတ်ချမ်းသာနှင့်တကွ မဂ်,ဖိုလ်, နိဗ္ဗာန်ကိုပေးခြင်းငှာစွမ်းနိုင်၏ဟု ဟောတော်မူ၏။

တေ အာသဝေ ပဟာယ ကရိတွာ ဖြဟ္မစရိယံ စရန္တိ၊ ဘဗ္ဗာ ဖလဿ အဓိဂမာယ။

[ဥပရိပဏ္ဏာသပါဠိတော်။]

ထို့ကြောင့် သပ္ပုရိသသူတော်ကောင်းတို့သည် ဝိပဿနာဉာဏစရိယ တည်းဟူသော သမ္မာဒိဋ္ဌိကိုရှေ့ထား၍ သပ္ပုရိသဒါနငါးပါးကို ပြုကြကုန်၏၊ ထိုသပ္ပုရိသသူတော်ကောင်းတို့သည်သပ္ပုရိသဒါနငါးပါးကိုပြု၍ လူမင်း,နတ်မင်းတို့၏စည်းစိမ်ချမ်းသာကိုလည်း ပေးစွမ်းနိုင်၏ဟု ဟောတော်မူ၏။

ဝေ သပ္ပုရိသဒါနံ ဒတွာ ကာယဿ ဘေဒါ ပရမ္မရဏာ သပ္ပုရိ- သာနံ ဂတိ၊ တတ္ထ ဥပ္ပဇ္ဇတိ၊ ကာ ဘိက္ခဝေ သပ္ပုရိသာနံ ဂတိ၊ ဒေဝမ- ဟတ္တတာ ဝါ မနုဿ မဟတ္တတာ ဝါ။

[ဥပရိပဏ္ဏာသပါဠိတော်]

ဝေ၊ဤသို့။ သပ္ပုရိသဒါနံ၊သပ္ပုရိသဒါနကို။ ဒတွာ၊ပေးလှူ၍။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ပျက်သည်မှ။ ပရမ္မရဏာ၊သေသည်မှနောက်၌။သပ္ပုရိ သာနံ၊ သူတော်ကောင်းတို့၏။ ဂတိ၊လားရာသည်။ အတ္ထိ၊ရှိ၏။ တတ္ထ၊ ထို အရပ်၌။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဘိက္ခဝေ၊ရဟန်းတို့။သပ္ပုရိသာနံ၊သူတော်ကောင်း တို့၏။ ဂတိ၊လားရာအရပ်သည်။ ကာ၊အဘယ်အရပ်ပေနည်း။ ဒေဝမဟတ္တ တာဝါ၊ တန်ခိုးကြီးသောနတ်၏အဖြစ်သည်၎င်း။မနုဿမဟတ္တတာဝါ၊ တန်ခိုး ကြီးသောလူ၏အဖြစ်သည်၎င်း။ ဣတိ၊ဤသည်လျှင်။ဂတိ၊လားရာအရပ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။

ဤကား သပ္ပုရိသဒါနကိုပြဆိုသော
အခဏ်းတည်း။

---

## ၃၆။ သပ္ပုရိသဘုံသို့နင်းမိပုံကိုပြဆိုခြင်း

ဤသို့လူမင်း,နတ်မင်းတို့၏စည်းစိမ်ချမ်းသာနှင့်ပြည့်စုံ၍မဂ်,ဖိုလ်, နိဗ္ဗာန်ကို ရခြင်းငှာစွမ်းနိုင်သော သပ္ပုရိသဟူသည် အဘယ်တရားနှင့် ပြည့်စုံခြင်းကြောင့် သပ္ပုရိသမည်သနည်း။

သပ္ပုရိသဟူသည် ယုံကြည်သောသဒ္ဓါတရားရှိ၏။

အဘယ်ကိုယုံကြည်သနည်း။

ဤပဋိစ္စသမုပ္ပါဒမည်သော ဝိညာဏ်သည် အကြောင်းတရားကိုစွဲ၍ ဖြစ်သည်ဟု ယုံကြည်၏။

ထိုပဋိစ္စသမုပ္ပါဒဖြစ်သော ဝိညာဏ်သည် သုခဟူသော သာယာခြင်း အဿာဒရှိ၏၊ အနိစ္စဓမ္မ,ဒုက္ခဓမ္မ, ဝိပရိဏာမဓမ္မဟု ဆိုအပ်သော ပဋိစ္စ သမုပ္ပန္နတည်းဟူသော အာဒီနဝ အပြစ်ရှိသည်ဟု ယုံကြည်၏၊ ထိုဝိညာဏ်၌ တောင့်တ၍ ရှာမှီး၍နေသော ဆန္ဒရာဂကို ပယ်စွန့်ခြင်းသည် နိဿရဏ ထွက်မြောက်ရာဟု ယုံကြည်၏၊ဤသို့ယုံကြည်သောသဒ္ဓါတရားကိုရမှသပ္ပုရိသ ဘုံသို့ နင်းဝင်မိလေ၏၊ ထိုကြောင့် ဝိညာဏ်ကို ပြလိုသောကြောင့် ဤသို့ ဟောတော်မူ၏။

> ဝိညာဏံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ဝိညာဏေ အဿာဒေါ၊ ယံ ဝိညာဏံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ အယံ ဝိညာဏေ အာဒီနဝေါ၊ ယော ဝိညာဏေ ဆန္ဒရာဂ ဝိနယော ဆန္ဒ ရာဂပ္ပဟာနံ၊ ဣဒံ ဝိညာဏေ နိဿရဏံ။
>
> [ဥပရိပဏ္ဏာသပါဠိတော်။]

ဝိညာဏံ၊ ဝိညာဏ်ကို။ ပဋိစ္စ၊ ၍။ သုခံ၊ချမ်းသာသည်၎င်း။ သောမနဿံ၊ ဝမ်းမြောက်ခြင်းသည်၎င်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသည်လျှင်။ဝိညာဏေ၊ ၌။ အဿာဒေါ၊ သာယာခြင်းတည်း။ ယံဝိညာဏံ၊ အကြင် ဝိညာဏ်သည်။ အနိစ္စံ၊ မမြဲ။ဒုက္ခံ၊ဆင်းရဲ၏။ဝိပရိဏာမ ဓမ္မံ၊ ဖေါက်ပြန်သော သဘောရှိ၏။ အယံ၊ ဤသည်လျှင်။ ဝိညာဏေ၊၌။ အာဒီနဝေါ၊ အပြစ်တည်း။ ဝိညာဏေ၊ ၌။ ယောဆန္ဒရာဂဝိနယော၊ အကြင်ဆန္ဒရာဂကို ပယ်ဖျောက်ခြင်းသည်၎င်း။ ယံ ဆန္ဒရာဂပ္ပဟာနံ၊ အကြင်ဆန္ဒရာဂကိုပယ်စွန့်ခြင်းသည်၎င်း။ ဣဒံ၊ဤသည် လျှင်။ ဝိညာဏေ၊ ၌၊ နိဿရဏံ၊ ထွက်မြောက်ရာတည်း။

ဤသို့ သပ္ပုရိသနယ်မြေသို့ ဆင်းလိုသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ပဋိစ္စ သမုပ္ပါဒ,ပဋိစ္စသမုပ္ပန္န ဖြစ်ကုန်သော ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာဟူသော အကျိုးဖလ တရားတို့၌ အဿာဒဟူသော သုခ သောမနဿ ဖြစ်သည်ကို ယုံကြည်ခြင်း,အာဒီနဝ ဟူသော အပြစ်ကို ယုံကြည် ခြင်း, နိဿရဏ ဟူသော ထွက်မြောက်ရာကို ယုံကြည်ခြင်း ဤသို့ယုံကြည် သော သဒ္ဓါတရားရှိသော သူသည် သဒ္ဓါနုသာရီ ပုဂ္ဂိုလ်မည်၏၊ ထိုသဒ္ဓါ နုသာရီမည်သော ပုဂ္ဂိုလ်မှသာလျှင် ပုထုဇဉ်ဘုံကို လွန်မြောက်၍ သပ္ပုရိသ ဘုံသို့ သက်ဝင်၍ ရောက်နိုင်သည်ဟု ဟောတော်မူ၏။

> ယော ဘိက္ခဝေ ဣမေ ဓမ္မေ သဒ္ဒဟတိ အဓိမုစ္စတိ၊ အယံဝုစ္စတိ သဒ္ဓါနုသာရီ၊ဩက္ကန္တော သမ္မတ္တနိယာမံ၊သပ္ပုရိသဘူမိံ ဩက္ကန္တော၊ ဝီတိဝတ္တော ပုထုဇ္ဇနဘူမိံ၊အဘဗ္ဗော တံ ကမ္မံ ကာတုံ၊ယံ ကမ္မံ ကတွာ

နိရယံဝါ တိရစ္ဆာနယောနိံဝါ ပေတ္တိ ဝိသယံဝါ ဥပ္ပဇ္ဇေယျ၊
အဘဗ္ဗောစ တာဝ ကာလံ ကာတုံ- ယာဝ န သောတာပတ္တိဖလံ
သစ္ဆိကရောတိ။

[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သဒ္ဓါနုသာရီပုဂ္ဂိုလ်သည်။ ဧဝမေ ဓမ္မေ၊ ဤအနိစ္စ, ဒုက္ခတည်းဟူသော သံသရာ၏ အပြစ်တို့ကို။ သဒ္ဒဟတိ၊ ယုံကြည်၏။ အဓိမုစ္စတိ၊ လွန်မြောက်နိုင်၏။ အယံ၊ ဤသူကို။ သဒ္ဓါနုသာရီ၊ ဤ။ ဝုစ္စတိ၊၏။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမဉာဏ်သို့။ ဩက္ကန္တော၊သက်ဝင်နိုင်သော သဒ္ဓါနုသာရီပုဂ္ဂိုလ်သည်။ သပ္ပုရိသဘူမိံ၊ သပ္ပုရိသ နယ်မြေသို့။ ဩက္ကန္တော၊ သက်ဝင်နိုင်၏။ သော၊ ထိုသဒ္ဓါနုသာရီမည်သော ပုဂ္ဂိုလ်သည်။ ပုထုဇ္ဇနဘူမိံ၊ ပုထုဇဉ်တို့၏နယ်မြေကို။ ဝီတိဝတ္တော၊ လွန်မြောက်ပြီ။ သော၊ ထိုသဒ္ဓါနုသာရီပုဂ္ဂိုလ်သည်။ ယံကမ္မံ၊ အကြင်အနန္တရိယ ကံငါးပါးနှင့် မိစ္ဆာဒိဋ္ဌိ တည်းဟူသော ခြောက်ပါးသောကံကို။ ကတွာ၊ ပြုခြင်းကြောင့်။ နိရယံဝါ၊ ငရဲသို့ငှင်း။ တိရစ္ဆာနယောနိံဝါ၊ တိရစ္ဆာန်ဘုံသို့ငှင်း။ ပေတ္တိ ဝိသယံဝါ၊ ပြိတ္တာဘုံသို့ငှင်း။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏။ တံကမ္မံ၊ ထိုခြောက်ပါး သော ကံကို။ ကာတုံ၊ ပြုခြင်းငှါ။ အဘဗ္ဗော၊ မထိုက်တော့ပြီ။ ယာဝ၊အကြင် မျှလောက်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို။ နသစ္ဆိကရောတိ၊ မျက်မှောက်မပြုရသေး။ တာဝကာလံ၊ ထိုမျှလောက် ကာလပတ်လုံး။ တံကမ္မံ၊ ထိုခြောက်ပါးသော ကံကို။ ကာတုံ၊ ပြုခြင်းငှါ။အဘဗ္ဗောစ၊ မထိုက် တော့သည်သာလျှင်တည်း။

ဤသို့ သဒ္ဓါနုသာရီဟူသော ပုဂ္ဂိုလ်၏အဖြစ်ဖြင့် **သ**ပ္ပုရိသနယ်မြေသို့ နင်းမိသော ပုဂ္ဂိုလ်တို့သည် ပုထုဇဉ်တို့၏နယ်မြေကို လွန်မြောက်သည်ဖြစ်၍ အပါယ်လေးဘုံသို့ ကျင်လည်ရသော ဒုက္ခဘေးကြီးမှလည်း ကင်းလွတ်ဝေး လေ၏၊ ထိုကြောင့်မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏။

သဟာဝဿ ဒဿန သမ္ပဒါယ၊
တယဿုဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံဝါပိ ယဒတ္ထိ ကိဉ္စိ၊
စတူဟာပါယေဟိစ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗကာတုံ။

[သုတ္တနိပါတ်ပါဠိတော်။]

အဿ၊ ထိုသဒ္ဓါနုသာရီပုဂ္ဂိုလ်အား။ ဒဿနသမ္ပဒါယ၊ သမ္မာဒိဋ္ဌိဉာဏ် အမြင်ကိုရ၍ ပြည့်စုံသည်နှင့်။ သဟာဝ၊ တကွသာလျှင်။ သက္ကာယဒိဋ္ဌိဝိစိ ကိစ္ဆိတဉ္စ၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာသည်၎င်း၊ သီလဗ္ဗတံဝါပိ၊ သီလဗ္ဗတ သည်၎င်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။ ဓမ္မာ၊ ဓမ္မာရုံတို့ကို။ ဇဟိတာ၊ စွန့်အပ်ကုန်သည်။ အဿုဘာဝန္တိ၊ ဖြစ်ကုန်၏။ ယံ၊အကြင်ကံသည်။ ကိဉ္စိ၊ စိုးစဉ်းမျှ။ ယဒိအတ္ထိ၊အကယ်၍ကြွင်းကျန်၍ရှိသည်ဖြစ်အံ့။ စတူဟာပါ ယေဟိစ၊ လေးပါးသောအပါယ်တို့မှလည်း။ ဝိပ္ပမုတ္တော၊ ကင်းလွတ်၏။ဆ ခြောက်ပါးကုန်သော။ အဘိဌာနာနိ၊ အဘိဌာနဟု ဆိုအပ်သော မိစ္ဆာဒိဋ္ဌိ၊ ကံနှင့် ပဉ္စာနန္တရိယ ကံတို့ကို။ ကာတုံ၊ ပြုခြင်းငှါ။ သော၊ ထိုသဒ္ဓါနုသာရီ ပုဂ္ဂိုလ်သည်။ အဘဗ္ဗော၊ မထိုက်။

ဤသို့သဒ္ဓါနုသာရီ ပုဂ္ဂိုလ်သည် အပါယ်တံခါးပိတ်၍ နိဿရဏ သံသရာ၌သာကျင်လည်၍ အကြင်မျှလောက် ကမ္ဘာများစွာကာလပတ်လုံး သောတာပတ္တိဖိုလ်ဟူသော သမုစ္ဆေဒပဟာန်ကို မရသေး၊ ထိုမျှလောက် ကာလပတ်လုံး အပါယ်သို့မလားမရောက်ရဘဲနှင့်လူ့ချမ်းသာ,နတ်ချမ်းသာ ကိုသာ ခံစား စံစား၍ နေရလေ၏၊ ထိုမျှလောက်သော ကာလပတ်လုံး နိဿရဏသံသရာ၌ ဥပဓိလေးပါး၏ ဖြစ်ပျက်၍နေသော ဇာတိ,ဇရာ,ဗျာဓိ, မရဏဟူသော ဘေးကြီးလေးပါး၏ ကင်းဝေးရာဖြစ်သော အဇာတိနိဗ္ဗာန်, အဇရာနိဗ္ဗာန်, အဗျာဓိနိဗ္ဗာန်, အမရဏနိဗ္ဗာန်ကိုသာ ညွှတ်သောစိတ်, ကိုင်းသောစိတ်,ရှိုင်းသောစိတ်ဖြင့် ကုသလာဘိ သင်္ခါရ ကုသိုလ်ပါရမီကိုသာ အားထုတ်၍ ပြု၍နေကြကုန်၏။

ဤသည်ကား နိဿရဏ သံသရာ၌ ပုထုဇဉ်ဘဝမှလွတ်၍
သဒ္ဓါနုသာရီမည်သော ပုဂ္ဂိုလ်၏ ဒ,ဖြစ်ဖြင့်
သပ္ပုရိသဘုံသို့ နင်းမိပုံကိုပြဆိုသောအခဏ်းတည်း။

---

## ဇာတိ,ဇရာ,မရဏ ၂-ပါးစီရှိခြင်း

ဤသို့ ဓမ္မသင်္ဂဏီ ဝိဘင်း၌ဟောတော်မူသော ဇာတိ, ဇရာ, မရဏသည် ဝိညာဏဋ္ဌိတိ၏ ဇာတိ,ဇရာ,မရဏနှင့် ပဋိစ္စသမုပ္ပါဒ ဇာတိ,ဇရာ,မရဏကို နှစ်ပါးတွဲ၍ ပစ္စုပ္ပန်၌ တပြိုင်နက် ဖြစ်သည်ကို ဟောသော စကားတည်း၊ ထို့ကြောင့် ဇာတိ,ဇရာ,မရဏသည် နှစ်ပါးစီအပြားရှိ၏၊ထို ပဋိစ္စသမုပ္ပါဒ ဖြစ်သော ဇာတိ,ဇရာ,မရဏသည် စက္ခုပသာဒ, ရူပါရုံစသော ဓမ္မာရုံ

အာယတန တဆယ့်နှစ်ပါး, ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ "ပုရိမာ"ဟူသော ပုရေဇာတပစ္စည်းတပ်၍ ဖြစ်ပျက်သေဆုံး၍ နေသော ဇာတိ,ဇရာ, မရဏကိုဟော၏၊ ထိုပဋိစ္စသမုပ္ပါဒဟူသော ဇာတိ,ဇရာ,မရဏသည် အနိစ္စဓမ္မမည်၏၊ ဒုက္ခဓမ္မမည်၏၊ အနတ္တဓမ္မမည်၏၊ အသုဘဓမ္မမည်၏၊ နိရောဓဓမ္မမည်၏၊ ဇာတ,ဘူတ,ကတ,သင်္ခတဟူသော ပဋိစ္စသမုပ္ပန္နလည်း မည်၏၊ နာနာဘာဝ, ဝိပရိဏာမ, အညထာဘာဝဟူသော အနိစ္စဓမ္မလည်းမည်၏၊ ထိုဇာတိ, ဇရာ, မရဏသည် ဥပါဒါနက္ခန္ဓာ၏ ချုပ်ပျက်ခြင်းကို ဟောသောကြောင့် အဘိညာပရိညေယျ ဒုက္ခသစ္စာလည်းမည်၏။

ဝိညာဏဋ္ဌိတိ၏ ဖြစ်ပျက်ခြင်း ဇာတိ,ဇရာ,မရဏဟူသည်ကား "ပစ္ဆိမာ" ဟူ၍ ဟောအပ်သော ပစ္စယုပ္ပန်ဖြစ်သော စိတ်ဝိညာဏ် အာယတနတို့၏ ဖြစ်ခြင်း,ပျက်ခြင်းကိုဟော၏၊ ထိုဝိညာဏဋ္ဌိတိ၏ ဇာတိ, ဇရာ, မရဏသည် နိရောဓဖြစ်၍ အနိစ္စ,ဒုက္ခ, အနတ္တတရားမျှသာတည်း၊ အသဿတအနိစ္စ, အဓူဝအနိစ္စ, ဝိနာဘာဝအနိစ္စ တရားမျှသာတည်း၊ထိုဝိညာဏဋ္ဌိတိ၏ ဇာတိ, ဇရာ, မရဏသည် တဘဝတွင် ဥပါဒ်,ဋ္ဌီဘင်အားဖြင့် ပဋိသန္ဓေ ဝီထိတကြိမ်, မရဏသန္ဓ ဝီထိတကြိမ်အားဖြင့် တဘဝတွင်တကြိမ်စီသာ ဖြစ်ရိုးထုံးစံရှိ၏၊ ဇရာဟူသည် ဇာတိနှင့် မရဏအကြားတွင် ဌီကာလသည် ဇရာမည်၏၊ ထိုတရားတို့သည် ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် နိရောဓ, အနိစ္စ, ဒုက္ခ, အနတ္တတရားမျှသာတည်း ထိုတရားတို့သည် ပရိညေယျတရား မည်ကုန်၏၊ "ပစ္ဆိမာ" ဟူသည်ကား ဥပါဒ်,ဋ္ဌီ, ဘင်အားဖြင့် ရှေးဦးစွာ ဖြစ်ပြီးသည်ကို နောက် ပစ္ဆိမာဟု ဆို၏၊ထိုပစ္ဆိမာဟူသော စိတ်ဝိညာဏ်ဖြစ်ပြီးမှ နောက်မှဖြစ်ပေါ်လာသော ဓမ္မာရုံ အာယတနကို ရှေ့ပုရိမာဟု ဆို၏၊ ပစ္ဆိမာကား ပစ္စယုပ္ပန်၊ ပုရိမာကား ပစ္စည်း၊ ပစ္ဆိမာကား ပရိညေယျ တရားတည်း၊ ပုရိမာကား အဘိညာပရိညေယျ ဒုက္ခသစ္စာတရားတည်း။

ထိုဝိညာဏဋ္ဌိတိ၏ ဇာတိ, ဇရာ, မရဏတရားတို့၏ ဖြစ်ခိုက်အခါနှင့် တွေ့ကြုံ၍ တပြိုင်နက် ပစ္စုပ္ပန်ကာလ၌ ဖြစ်သော ဇာတိ, ဇရာ, မရဏဟူ၍ ဒွယ ဒွယအားဖြင့် နှစ်ထပ် နှစ်ထပ်ပြု၍ ဟောတော်မူ၏၊ ထိုနှစ်ထပ်သော ဇာတိ,ဇရာ,မရဏတို့တွင် ဤအန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ဥပမိလေးပါးနှင့် တကွဖြစ်သော ဥပါဒါနက္ခန္ဓာ ပဋိစ္စသမုပ္ပါဒဟူသော ဇာတိ, ဇရာ,မရဏကိုသာမြင်၍ ကာယိကဒုက္ခနှင့်တကွ စေတသိက ဖြစ်သော ဥပါဒါနက္ခန္ဓာ ဒုက္ခတို့သည် အမြဲဘိစီး နှိပ်စက်၍ နေကြကုန်၏၊ ထိုဒုက္ခ၌သာလျှင် အမြဲနှစ်မွန်း၍နေကြကုန်၏၊ ထိုဒုက္ခသည် အဘိညာပရိညေယျ ဒုက္ခသစ္စာမည်သော

ဒုက္ခကြီးတည်း၊ ထိုအဘိညာပရိညေယျဖြစ်သော ဇာတိ, ဇရာ, မရဏနှင့် ဝိညာဏဋ္ဌိတိဟူသော ပရိညေယျဖြစ်သော ဇာတိ,ဇရာ,မရဏဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးသော တရားတို့တွင် အဘိညာပရိညေယျ မည်သော ဥပါဒါနက္ခန္ဓာဟူသော ဇာတိ, ဇရာ, မရဏ ပဋိစ္စသမုပ္ပါဒ တရားသည် ဓမ္မဋ္ဌိတိ ဓမ္မနိယာမဖြစ်၍ စက္ခုစသောအာယတန တဆယ့်နှစ်ပါး ဖြစ်တိုင်း ဖြစ်တိုင်းဖြစ်၍နေသော ဓမ္မာရုံတရားကြီးပေတည်း၊ ကာလအားဖြင့် စက္ခု ပသာဒ,ရူပါရုံတို့ဖြစ်သော အခါကာလကိုမှတ်အပ်၏၊ နိရောဓဓမ္မ ပဋိစ္စ သမုပ္ပန္နဟူသော အနိစ္စ ဓမ္မလျှင် အပိုင်း အခြားရှိ၏၊ ဥပါဒ်, ဌီ,ဘင်ကင်း သော နိဿတ္တ, နိဇ္ဇီဝ သဘောရှိ၏။

ဝိညာဏဋ္ဌိတိ ဟူသော ပရိညေယျဖြစ်သော ဇာတိ,ဇရာ, မရဏ ဟူသည် ကား တဘဝတွင် ပဋိသန္ဓေအခါ,စုတိအခါ တကြိမ်သာဖြစ်၏။ ဥပါဒ်,ဌီ,ဘင် နှင့်တကွ သတ္တ,ဇီဝ,သရီရ ရှိသောတရားပေတည်း၊ ပဋိစ္စသမုပ္ပါဒဟူသော သံသရာမှ လွတ်သောတရားတည်း၊ ထိုဝိညာဏဋ္ဌိတိကိုပင် "ဝိညာဏံ အနိ ဒဿနံ"ဟု ဟောတော်မူ၏၊ ဤသတ္တ,ဇီဝ,သရီရ ဟူသော ဝိညာဏဋ္ဌိတိကို ၎င်း၊ ဇာတိ, ဇရာ,မရဏ ကို၎င်း၊ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့ မသိမမြင်အပ်၊ ဥပါဒ်,ဌီ,ဘင်လည်းမရှိ၊ သတ္တ,ဇီဝလည်းမရှိသောနိဿတ္တ,နိဇ္ဇီဝကို သတ္တ,ဇီဝ မှတ်ထင်၍ သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိဖြစ်၍နေကြကုန်၏၊ ထိုဝိညာဋ္ဌိတိ ဟူသော ဇာတိ,ဇရာ,မရဏ တရားတို့သည် တဘဝတွင်ကာယိက ဒုက္ခ၏အဖြစ်ဖြင့် စုတိ၍ဖြစ်သောအခါ အာယတန ဥပါဒါနက္ခန္ဓာဟူသောသေခြင်း မရဏနှင့် ဝိညာဏဋ္ဌိတိ၏ သေခြင်းမရဏနှစ်ပါးတွေ့ဆိုင်၍နေသောအခါ အဝိဇ္ဇာရဲမီး သည် ရင်ဝကို ထိုးလာ၍ ပူလောင်ဘိကဲ့သို့ ဥပါဒါနက္ခန္ဓာ တည်းဟူသော မရဏမီးသည် ထိုအန္ဓပုထုဇဉ် ပုဂ္ဂိုလ်ကို လောင်ကျွမ်းလေ၏။

ထိုမရဏ နှစ်ပါးတို့တွင် ဝိညာဏဋ္ဌိတိဟူသော မရဏသည် သတ္တဝါတို့ ကိုလောင်တတ်သောမီးမရှိ၊ အဘယ်ကြောင့်နည်းဆိုသော် ထိုဝိညာဏဋ္ဌိတိ ဟူသော မရဏသည် ဝိညာဏစရိယဖြစ်သောကြောင့်တည်း၊ ထို့သို့ပင် ငရဲမီး မကအောင်ပူပြင်းသော ဇာတိဓမ္မ, ဇရာဓမ္မ,မရဏဓမ္မ ဖြစ်သော်လည်း ထို အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ထိုမိမိတို့မသိမမြင်သော ဝိညာဏဋ္ဌိတိ ဟူသော မရဏနှင့်တွေ့ဆုံ၍ ပူလောင်သော ဥပါဒါနက္ခန္ဓာဖြစ်သော ဇာတိ,ဇရာ, မရဏကိုလည်း ဘေးကြီးဟုမထင်၍ အမြဲနိစ္စ အာယတနနှင့် တကွဖြစ်၍ နေသော ဇာတိ,ဇရာ,မရဏကိုလည်း မသိမမြင်သောကြောင့် ဘေးဟုမထင်

အလွန်ချမ်းသာသုခထင်၍ ထိုဥပမိလေးပါးနှင့်တကွဖြစ်သောဥပါဒါနက္ခန္ဓာ ဇာတိ,ဇရာ,မရဏဟူသော ပဋိစ္စသမုပ္ပန္နတရားတို့ကိုသာ အမြဲရှာမှီးတောင့် တ၍နေကြကုန်၏၊ ထို့ကြောင့် ဇာတိ,ဇရာ,မရဏကို ဘေးကြီးဟု သံသရာ၏ အာဒီနဝအပြစ်ကို မြင်စေခြင်းငှာ "ဓမ္မသင်္ဂဏိ" ဟောတော်မူ၏။

ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဥ္ဇာတိ ဩက္ကန္တိ အဘိ နိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတာဝုသော ဇာတိ။

အာဝုသော၊ ငါ့ရှင် ကောဋ္ဌိက။ ယာ၊အကြင်ဇာတိသည်။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှိ တမှိ သတ္တနိကာယေ၊ ထိုထိုသတ္တဝါ အပေါင်း၌။ ဇာတိ၊ပဋိသန္ဓေနေခြင်း။သဥ္ဇာတိ၊ကောင်းစွာပဋိသန္ဓေနေခြင်း။ ဩက္ကန္တိ၊ သက်ရောက်လာခြင်း။ အဘိနိဗ္ဗတ္တိ၊ တဘန်ဘဝသစ်၌ဖြစ်ခြင်း။ ခန္ဓာနံ၊ခန္ဓာငါးပါးတို့၏။ ပါတုဘာဝေါ၊ ထင်ရှားဖြစ်ခြင်း။ အာယတနာနံ၊ အာယတနခြောက်ပါးတို့ကို ။ပဋိလာဘော၊ ရခြင်း။အယံ၊ဤသို့ပြဆိုသည်ကို။ ဇာတိ၊ ဇာတိဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တာနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတာဝုသော ဇရာ။

အာဝုသော၊ ငါ့ရှင်ကောဋ္ဌိက။ ယာ၊ အကြင်ဇရာသည်။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှိတမှိ သတ္တနိကာယေ၊ ထိုထိုသတ္တဝါအပေါင်း၌။ ဇရာ၊ အိုမင်းခြင်း။ ဇီရဏတာ၊ ဆွေးမြေ့သောအားဖြင့် ဖြစ်ခြင်း။ ခဏ္ဍိစ္စံ၊ သွားကျိုးခြင်း။ ပါလိစ္စံ၊ ပါးရေတွန့်ခြင်း။ ဝလိတ္တစတာ၊ အသားအရေ တွန့်သောအဖြစ်။ အာယုနော၊ အသက်၏။ သံဟာနိ၊ ဆုတ်ယုတ်ခြင်း။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ပရိပါကော၊ ရင့်ခြင်း။ အယံ၊ ဤသို့ဖြစ်ခြင်းကို။ ဇရာ၊ ဇရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ယံ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ ဝစနတာ ဘေဒေါ ကဋ္ဌေဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ၊ ဣဒံ ဝုစ္စတာဝုသော မရဏံ။

အာဝုသော၊ ငါ့ရှင်ကောဋ္ဌိက။ယံ၊ အကြင်သေခြင်း မရဏသည်။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။တမှာ တမှာ သတ္တနိကာယာ၊ ထိုထို

သတ္တဝါအပေါင်းမှ။ စုတိ၊ စုတေခြင်း။ စဝနတာ၊ ရွေ့လျောခြင်း။ ဘေဒေါ၊ ပျက်စီးခြင်း။ ကဠေဝရဿ၊ အကောင်ပုပ်ကို။ နိက္ခေပေါ၊ ပစ်ချခြင်း။ဇီဝိတိန္ဒြိယဿ၊ဇီဝိတိန္ဒြေ၏။ ဥပစ္ဆေဒေါ၊ ပြတ်ခြင်း။ ဣဒံ၊ဤသို့ဆိုအပ်ခဲ့ပြီးသည်ကို။ မရဏံ၊ သေခြင်းမရဏာဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဤသို့မြတ်စွာဘုရားဟောတော်မူသမျှ တရားတော်တို့သည် နှစ်ပါးနှစ်ပါးအားဖြင့် ဒွယ-ဒွယပြု၍ ဟောတော်မူ၏၊ ထိုသို့ဒွယ-ဒွယအားဖြင့် ဟောသော်လည်း အဒွယပြု၍ယူခြင်းကြောင့် ဓမ္မာရုံ ပရမတ္ထတရားသည် ဥပါဒါနက္ခန္ဓာဖြစ်ရ၏၊ ထို့ကြောင့် "ပဋိသမ္ဘိဒါမဂ်ပါဠိတော်"၌ သက္ကာယဒိဋ္ဌိ ဖြစ်သည်ကို ပြလိုသောကြောင့် ဤသို့မိန့်တော်မူ၏။

ရူပံ အတ္တတော သမနုပဿတိ။ ။ရူပံ၊ရူပါရုံကို။ အတ္တတော၊ ဝိညာဏဋ္ဌိတိ ရုပ်ဟူ၍။ သမနုပဿတိ၊ရှု၏။

ထိုရူပါရုံကို ရှုသကဲ့သို့ ဇာတိ, ဇရာ, မရဏာကိုလည်းရှုပြန်၏။

ဇာတိံ အတ္တတော သမနုပဿတိ၊ ဇရံ အတ္တတော သမနုပဿတိ၊ မရဏံ အတ္တတော သမနုပဿတိ။

ယံရူပံ သောအဟံ၊ ယော အဟံ တံ ရူပန္တိ၊ ရူပဥ္စ အတ္တဥ္စ အဒွယံ သမနုပဿတိ၊ သေယျထာပိ တေလပဒီပဿ ဈာယတော ယာအစ္စိ သောဝဏ္ဏော၊ ယောဝဏ္ဏော၊ သာအစ္စိ အစ္စိဥ္စ ဝဏ္ဏဥ္စ အဒွယံသမနုပဿတိ။

ဇာတိံ၊ ဇာတိကို။ အတ္တတော၊အတ္တအားဖြင့်။ သမနုပဿတိ၊ရှု၏။ ဇရံ၊ ဇရာကို။ အတ္တတော၊ အတ္တအားဖြင့်။ သမနုပဿတိ၊ရှု၏။ မရဏံ၊မရဏာကို။ အတ္တတော၊ အတ္တအားဖြင့်။သမနုပဿတိ၊ရှု၏။

ယံရူပံ၊အကြင်ရူပါရုံသည်။ သောအဟံ၊ထိုငါတည်း။ ယောအဟံ၊အကြင်ငါသည်။ တံရူပံ၊ ထိုရူပါရုံသာတည်း။ ဣတိ၊ ဤသို့။ ရူပဥ္စ၊ ရူပါရုံကိုငှ်း။ အတ္တဥ္စ၊ဝိညာဏဋ္ဌိတိဟူသောအတ္တကိုငှ်း။ အဒွယံ၊ တခုတည်းပြု၍။ သမနုပဿတိ၊ရှု၏။ တေလပဒီပဿ၊ ဆီမီးစာမှဖြစ်သော။ဈာယတော၊မီးတောက်၏။ယာအစ္စိ၊ အကြင်မီးတောက်သည်။ သောဝဏ္ဏော၊ ထိုမီးရောင်တည်း။ ယောဝဏ္ဏော၊ အကြင်မီးရောင်သည်။ သာအစ္စိ၊ထိုမီးတောက်တည်း။ အစ္စိဥ္စ၊ မီးတောက်ကိုငှ်း၊ဝဏ္ဏဥ္စ၊ မီးရောင်ကိုငှ်း။ အဒွယံ၊ တခုတည်းပြု၍။ သမနုပဿတိ သေယျထာပိ၊ ရှုသကဲ့သို့တည်း။

ဤကား ဇာတိ,ဇရာ,မရဏာ ၂-ပါးစီရှိခြင်းကို
ပြဆိုသောအခဏ်းတည်း။

---

## ၃၀။ တရားတို့ကို ဒွယအားဖြင့်ဟောကြားခြင်း

ဤသို့ ဇာတိ, ဇရာ, ဗျာဓိ, မရဏာဟူသော ဥပဓိလေးပါးဟု ဆိုအပ်သော ဘေးကြီးကိုကူးမြောက်ခြင်းငှါ စွမ်းနိုင်သော ဝိပဿနာ ဉာဏစရိယတည်းဟူသော သမ္မာဒိဋ္ဌိဉာဏ်ကို သိစေခြင်းအကျိုးငှာ မြတ်စွာဘုရားသည် တရားတော်ကို ဒွယ-ဒွယအားဖြင့် နှစ်ပါး နှစ်ပါးပြု၍ ဟောတော်မူအပ်သောတရားတော်ကား–သုတ္တံ, ဂေယျံ, ဝေယျာ ကရဏံ, ဂါထံ, ဥဒါနံ, ဣတိဝုတ္တကံ, ဇာတကံ,အဗ္ဘုတဓမ္မံ, ဝေဒလ္လံ၊ဤသို့အင်္ဂါကိုးပါးနှင့် ပြည့်စုံသောတရားတော်ဟူသမျှကိုအတ္ထအားဖြင့် ဒွယ-ဒွယအနက်ရှိသော စကားတော်ကိုသာ ဟောတော်မူ၏၊ ဒွယရှိသော အတ္ထကိုသာ ငါဘုရားအလိုရှိ၏ဟု ဟောတော်မူ၏၊ ထို့ကြောင့် "ဓမ္မပဒပါဠိတော်၌" ဤသို့ မိန့်တော်မူ၏။

ဒွေ့ ဓမ္မေစ ယောအတ္တော၊ ယော စတ္တော သမ္ပရာယိကော။
အတ္ထာဘိ သမယာ ဓီရော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။

ဤသို့မြတ်စွာဘုရားသည် ဝိညာဏဋ္ဌိတိ ပရမတ်နှင့် ဓမ္မာရုံပရမတ်နှစ်ပါးကိုဎင်း,သဥပါဒိသေသ နိဗ္ဗာန်နှင့် အနုပါဒိသေသ နှစ်ပါးကိုဎင်း ဒွယပြု၍ ဟောတော်မူ၏၊ထိုနိဗ္ဗာန်နှစ်ပါး ဟူသော အနက်ရှိသောတရားကား ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ဤတရားတို့သည် ဒွယ-ဒွယဟူသောအနက်ကို ဟောသောတရားတို့ပေတည်း၊ ထို့ကြောင့် ရှင်အဿဇိသည် ရှင်ဥပတိဿကို တရားဟောသောအခါ ရှင်ဥပတိဿ ပရိဗိုဇ်က ရှင်အဿဇိရဟန်းကို တောင်းပန်၏၊ "အရှင်ဘုရား····နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ ဒွယရှိသော မြတ်စွာဘုရား၏အတ္ထကိုသာ အလိုရှိပါ၏၊ ထိုဒွယအနက်ရှိသော တရားတော်ကို ဟောတော်မူပါဘုရား"ဟု တောင်းပန်လေ၏။

အပ္ပံဝါ ဗဟုံဝါ ဘာသဿု၊ အတ္တံယေဝ မေ ဗြူဟိ။
အတ္တေနေဝ မေ အတ္တော၊ ကိံ ကာဟိသိ ဗျဥ္ဇနံ ဗဟုံ။
[ဝိနည်းမဟာဝါ ပါဠိတော်။]

ဤသို့ရှေးအရိယာသူတော်ကောင်းတို့သည်လည်း မြတ်စွာဘုရား၏ ဟောတော်မူအပ်သော တရားတော်ကို ဒွယဟူသောအနက်ကို အာရုံပြု၍ ဟောတော်မူကြကုန်၏၊ ဤသို့ သုတ္တံ, ဂေယျံ, ဝေယျာကရဏံစသော အင်္ဂါကိုးပါးနှင့်ပြည့်စုံသော မြတ်စွာဘုရား၏စကားတော်သည် ဒွယ-ဒွယ ဟူ၍သာ

အလုံးစုံသောတရားတော်ကို ဟောတော်မူ၏၊ ထိုသို့ပင် ဟောသော်လည်း အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏အလုံးစုံသောတရားကို အဒွယ တခုတည်း အယူကိုယူ၍ သုဒ္ဓဓမ္မပရိယတ္တိသည် နောင်အခါ အသုဒ္ဓဓမ္မ ပရိယတ္တိဖြစ်လိမ့်မည်ဟု "နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌" "ပရိယတ္တိ ဗဟုလော နော ဓမ္မဝိဟာရီ"ဟု ဟောတော်မူ၏။

ထိုသို့ သုဒ္ဓဓမ္မ,အသုဒ္ဓဓမ္မနှစ်ပါးတို့တွင် အသုဒ္ဓဓမ္မဟုဆိုအပ်သော ပရိယတ္တိဗဟုလတရားသည် ငါဘုရား၏ ဓမ္မဝိဟာရ ပရိယတ္တိသာသနာ မဟုတ်ဟု ပယ်တော်မူ၏၊ ထိုသို့ပရိယတ္တိ ဗဟုလ ဖြစ်ခြင်းသည်လည်း ဒွယ ဟူသော အနက်ရှိသောတရားကို အဒွယဟုတခုတည်းပြု၍ ယူခြင်းကြောင့် ပရိယတ္တိ ဗဟုလဖြစ်ရလေ၏၊ ဒွယ, အတ္ထ-အနက်သဘောရှိသော မြတ်စွာဘုရား၏ စကားတော်သည် ဂမ္ဘီရတ္ထ နက်နဲသောသဘောရှိ၏၊ သုညတတ္တ, ပရမတ္ထ ဓမ္မာရုံ ဖြစ်၍ သတ္တ, ဇီဝမှ ဆိတ်သောကြောင့် နိဿတ္တ,နိဇ္ဇီဝ မည်၏၊ လောကုတ္တရ ဥပါဒါနက္ခန္ဓာဟူသောလောကမှ လွန်မြောက်ရာ ဖြစ်သော ကြောင့် လောကုတ္တရမည်၏၊ ဤသို့နက်နဲခြင်းတည်းဟူသော ဂုဏ်နှင့်ပြည့်စုံ သောတရားတော်မြတ်ကြီးသည် အဘယ်ကြောင့် အဂမ္ဘီရတ္ထ, အသုည တတ္တ, လောကိယတရားဖြစ်၍ ဗဟုလ ဖြစ်ရပါသနည်း ဆိုသော် သုဒ္ဓဓမ္မ ဖြစ်သောမြတ်စွာဘုရား၏ သာသနာတော်နှင့်စပ်ယှဉ်၍ ဖြစ်ပေါ်လာသော သာသန ဗာဟိရက ဖြစ်သော ပြာဟ္မဏ လူမျိုးမှဖြစ်သော နှစ်ကျိပ် တယောက်သော ဘုရားယောင်- ဘုရားတုတို့သည် ပေါ်ပေါက်လာ၍ တကျိပ်ကိုးယောက် မြောက်သော ဘုရားယောင်- ဘုရားတုသည် မိမိတို့၏ ပြာဟ္မဏဘာသာဖြင့် "ဗျာကရုဏ်းကျမ်း" နှင့်တကွ "ကမ္မဝိဘင်" ကိုဟော ပြော၍နေ၏၊ ထိုသူတို့ပြုသောကျမ်းကို"နိဃဏ္ဍုကျမ်း"ဆို၏။

ထိုနိဃဏ္ဍုဟူသောပုဒ်၌ ဃဏ္ဍုသဒ္ဒါ-အဖုအဆစ် အမျက်ကိုဟော၏၊ နိ ဟူသော ဥပသာရပုဒ်သည် ထိုဃဏ္ဍုသဒ္ဒါအနက်နောက်သို့ လိုက်၍ဟော၏၊ ထို့ကြောင့် မြတ်စွာဘုရား၏ ဟောတော်မူအပ်သော သုဒ္ဓဓမ္မ ပရိယတ္တိ သာသနာကြီးသည် အသုဒ္ဓဓမ္မ ပရိယတ္တိ ဗဟုလ ဟူသော အဆစ်အဖု အမျက်တွေပေါ်ပေါက်၍ လာရခြင်းသည် နိဃဏ္ဍုကျမ်းဟူသော အမည်တို့ ဖြင့်ဗာဟိရကဖြစ်သောဘုရားတို့သည် ဥက္ကလာ ဇနပုဒ်တိုင်းဖြစ်သော ဝဿ လူမျိုး,ဘညလူမျိုးတို့ကို ဟောပြော၍ ထိုဥက္ကလာဇနပုဒ် တိုင်းသားတို့သည် အဟေတုက ဒိဋ္ဌိ,အကြိယ ဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ ဟူသော ဒိဋ္ဌိကြီးသုံးပါးနှင့်တကွ

အာသယဒိဋ္ဌိ, အန္တဂ္ဂါဟိကဒိဋ္ဌိ, သက္ကာယဒိဋ္ဌိဟုဆိုအပ်သော ခြောက်ဆယ့်နှစ်ပါးသောဒိဋ္ဌိတို့သည် ဖြစ်ကြကုန်၏။

ထိုဘုရားယောင်တို့သည်လည်း အဘိညာဉ် သမာပတ်ရှစ်ပါးကို ရသောပုဂ္ဂိုလ်တို့ပေတည်း၊ ထိုဘုရားယောင်တို့သည် ဥပါဒါနက္ခန္ဓာဟူသောပဋိစ္စသမုပ္ပါဒ လောက၏ ဘေးရန်ကို မမြင်ကုန်၊ ထိုဥပါဒါနက္ခန္ဓာ လောကကို နိစ္စ, သုခ, အတ္တဟု စွဲယူသော အယူနှင့်တကွ လောကကို အကြီးအမှူး ဥက္ကဋ္ဌအမြတ်ထား၍—

လောကောပစာရ ဒြဟာဏာ သိဒ္ဓေါး။

ဟု ဗျာကရဏ သုတ်ကိုတည်၍ ဟောပြောလေ၏၊ ထိုကျမ်းမျိုးကို မြတ်စွာဘုရားသည် "သုဒ္ဓဓမ္မပရိယတ္တိ ဗဟုလော နော ဓမ္မဝိဟာရီ"ဟု ဟောတော်မူ၏၊ မြတ်စွာဘုရား၏ အလိုတော်ကျဖြစ်သော ဒွယ,အတ္ထ အနက်သဘောကို ပေါ်နိုင်သော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ကို ပေးစွမ်းနိုင်သော နိရုတ္တိသဒ္ဒါကား ရဟန္တာအရှင်မြတ် ဖြစ်တော်မူသော ရှင်မဟာကစ္စည်းမထေရ်သည်"ဇိနဝစနယုတ္တံဟိ"သုတ်ကို ဦးစွာအလေးဂရုပြု၍ စီရင်တော်မူ၏။

ထိုရှင်မဟာကစ္စည်းမထေရ်သည် မြတ်စွာဘုရား၏ ရွှေမျက်နှာတော်ကို သာ ကြည့်၍ စီရင်တော်မူ၏၊ မိစ္ဆာဒိဋ္ဌိတို့၏ ဘာသာဖြစ်သော နိယဏ္ဍုကျမ်းကို အမှီပြု၍ စီရင်တော်မူသည်မဟုတ်၊ အဘယ့်ကြောင့် နည်းဆိုသော် မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ ဤနှစ်ပါးတို့သည် အချင်းချင်းဘယ်အခါမှ မရောပြွမ်းနိုင်ကုန်၊ ပဟောဠိ အလင်္ကာအားဖြင့် သာလျှင် အသံ သဒ္ဒါတူ၏၊ အတ္ထသည်ကား မတူနိုင်၊ ထိုဘုရားယောင်တို့ဟောသော အဟေတုကဒိဋ္ဌိ,အကြိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိကိုယူသော ဥက္ကလာဇနပုဒ် တိုင်းသားတို့၏ အကြောင်းကို "ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်"တွင် ဟောတော်မူ၏၊ ထိုဘုရားယောင်တို့၏ အကြောင်းကို "ဥပရိပဏ္ဏာသ ကမ္မဝိဘင်သုတ်"၌ ဟောတော်မူ၏။

ဤကား တရားတို့ကိုဒွယအားဖြင့်ဟောကြားခြင်းကို
ပြဆိုသောအခဏ်းတည်း။

---

## ၃၉။ သတိပဋ္ဌာန်ရှုမြင်ပုံကိုပြဆိုခြင်း

သာတိရဟန်း၏မှားသော အယူဝါဒ၌ဖြစ်သော စိတ်ဝိညာဏ်ကို"သတိပဋ္ဌာန်ဝိဘင်းပါဠိတော်၌"စိတ္တာနုပဿနာရှုမြင်ပုံနှင့်တကွ ခွဲခြားစိတ်ဖြာ၍ ပြဆိုလိုက်ပေအံ့။

ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ ပဉ္စဝိညာဏ်၏အာရုံငါးပါး, ပသာဒရုပ်ငါးပါး, သုခုမရုပ်တဆယ့်ခြောက်ပါး၊ ဤကားရုပ်ဓမ္မာရုံတည်း၊ စိတ်တရာ့ နှစ်ဆယ့်တပါး, စေတသိက် ငါးဆယ့်နှစ်ပါး, နိဗ္ဗာန်တပါး-ဤ တရားတို့သည်နာမ်ဓမ္မာရုံတို့တည်း၊ဤတရားအလုံးစုံတို့သည် ပရမတ္ထတရား မည်ကုန်၏၊ ပညတ်တရားသည်လည်း၊ဓမ္မာရုံမည်၏၊ နိဗ္ဗာန်ဟူသော ဓမ္မာရုံ ပရမတ်ကိုကြဉ်၍ ကြွင်းသော အာရုံခြောက်ပါးတို့သည် ပဋိစ္စသမုပ္ပါဒ,ပဋိစ္စ သမုပ္ပန္နမည်ကုန်၏၊ ထိုပဋိစ္စ သမုပ္ပါဒမည်သော အာရုံခြောက်ပါးတရား ကိုပင်လျှင် ဥပါဒါနက္ခန္ဓာ ငါးပါးဖွဲ့၍ ဟောတော်မူ၏၊အာယတန တဆယ့် နှစ်ပါးဖွဲ့၍ ဟောတော်မူ၏၊ ဓာတ်တဆယ့်ရှစ်ပါးဖွဲ့၍ ဟောတော်မူ၏၊ သစ္စာလေးပါးဖွဲ့၍ ဟောတော်မူ၏၊ ထိုအာရုံခြောက်ပါး တရားကိုပင်လျှင် သမုဒယဓမ္မ,နိရောဓ ဓမ္မဟူ၍ဟောတော်မူ၏၊ သမ္မာဒိဋ္ဌိအယူ၌ ၎င်းတရားကို "သမုဒယောနတ္ထိ"ဟု ဟောတော်မူ၏၊ဘယ်တရားမရှိသောကြောင့် ထိုအာရုံ ခြောက်ပါးတရားတို့ကို"နတ္ထိ"ဟုဟောတော်မူပါသနည်း ဆိုသော် သတ္တ,ဇီဝ, အတ္တ မရှိ၊ ဥပါဒ်,ဋ္ဌီ, ဘင်ဟူသော အကောင်အထည်ဒြပ် မရှိသောကြောင့် "သမုဒယောနတ္ထိ"ဟု ဟောတော်မူ၏။

ထိုအာရုံခြောက်ပါး ပဋိစ္စသမုပ္ပါဒတရားအပေါင်းကိုပင်လျှင် အဇ္ဈတ္တ, ဗဟိဒ္ဓဟူ၍၎င်း, ရုပ်နာမ်နှစ်ပါး ဟူ၍၎င်း, အတိတ် အနာဂတ်ဟူ၍၎င်း၊ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးဦးစီး၍ ဟောတော်မူ၏၊ ဤအာရုံခြောက် ပါးဟူသော ဓမ္မာရုံကိုရည်၍ "ဓမ္မံ ပဿန္တော မံ ပဿတိ"ဟု ဟောတော် မူ၏၊ နာမ်ဓမ္မာရုံအရာ၌ "ကေပ္ပါဒါနိရောဓာစ၊ ကောလမ္ဗဏာ ဝတ္ထုကာ" ဟူသော အဋ္ဌကထာစကားသည် နာမ်ဓမ္မာရုံဖြစ်သော စိတ်,စေတသိက်တို့၏ ဋ္ဌီတိကိုးပါးဟူသောဥပ္ပါဒဖြစ်သော သမုဒယဓမ္မ,နိရောဓ ဓမ္မ,ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နဖြစ်ပုံကို ပြဆိုသော စကားတည်း၊ ပဋိဝေဓဟူသော ဝိပဿနာ ဉာဏ်ဖြင့် ဤအဓိပ္ပါယ်ကို မယူသည်ရှိသော် ပကတိပရိသုဒ္ဓဖြစ်သော ဥပါဒ်, ဋ္ဌီ, ဘင်နှင့်တကွသောစိတ်ဝိညာဏ်သည် ဓမ္မာရုံအဖြစ်သို့ရောက်၍"ဝိညာဏံ အတ္တတော သမနုပဿတိ"ဟူသော အတ္တဒိဋ္ဌိအဖြစ်သို့ ရောက်ရာ၏၊ဤအရာ မှာ သုဒ္ဓဓမ္မ ပရိယတ္တိကိုကောင်းစွာ ဆင်ခြင်၍ ယောနိသောကို ရှေ့ထား၍ ကြံရာ၏။

ပဋိစ္စ သမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာ,အာယတန, ဓာတ်, သစ္စာတို့မှ လွတ်သော မြတ်စွာဘုရား၏ ရှေ့ဉာဏ်တော်မှသာလျှင် သိမြင်သော အရာဖြစ် သော ဘူတရုပ်လေးပါးနှင့်တကွဖြစ်သော ပရမတ္ထဖြစ်သော စိတ်ဝိညာဏ်

ကား ပရိညေယျတရားမည်၏၊ထိုပရမတ္ထဖြစ်သော စိတ်ဝိညာဏ်ကိုပင်လျှင် "ဝိညာဏံအနိဒဿနံအနန္တံသဗ္ဗတောပဘံဟူ၍၎င်း,ဝိညာဏံမဇ္ဈေဟူ၍၎င်း, ပကတိပရိသုဒ္ဓမိဒံစိတ္တံဟူ၍၎င်း,အညာဏစရိယ-ဉာဏစရိယ-ဝိညာဏစရိယ" ဟူ၍၎င်း ဟောတော်မူသော အပြားအားဖြင့် တရာ့နှစ်ဆယ့် တပါးသော စိတ်ဝိညာဏ်သည် ဥပါဒ်,ဌီ, ဘင်ရှိသော ဝိညာဏဋ္ဌိတိမည်၏၊ ဤပရမတ္ထ တရားကား မြတ်စွာဘုရား၏ ရွှေဉာဏ်တော်၏ အရာတည်း၊ သာဝကတို့၏ ဉာဏ်၏ အရာမဟုတ် ဟု ဟောတော်မူ၏။

ဤပရမတ္ထပကတိ သက်သက်ဖြစ်သော မုဒု ကမ္ဗည ပဘဿရ ဖြစ်သော စိတ်ဝိညာဏ်ကို ပဋိစ္စသမုပ္ပါဒ်ဖြစ်သော ခန္ဓာ, အာယတန, ဓာတ်,သစ္စာ ဖွဲ့၍ ဟောတော်မမူ၊ ပရိညေယျတရားသာလျှင်တည်း၊ အနိစ္စ, ဒုက္ခ,အနတ္တ ဟူ၍ကား ရှုအပ်၏။

၁။ ပဋိစ္စသမုပ္ပါဒ ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးသည် အဘိညာ ပရိညေယျ ဒုက္ခသစ္စာမည်၏။

၂။ အဝိဇ္ဇာနှင့်တဏှာသည် အဘိညာပဟာတဗ္ဗ သမုဒယ သစ္စာမည်၏။

၃။ မဂ္ဂင်ရှစ်ပါးဟူသော စေတသိက် ဓမ္မာရုံသည် ဘာဝေတဗ္ဗမဂ္ဂသစ္စာ မည်၏။

၄။ ဓမ္မာရုံပရမတ္ထဖြစ်သော နာမ်မည်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

အတ္တဖြစ်သော ပရမတ္ထ ပကတိသက်သက် ပဘဿရမည်သော စိတ် ဝိညာဏ်သည် သိခြင်းလက္ခဏာရှိ၏၊ ဘယ်ကိုသိသနည်း ဆိုသော်–

> သုခမ္ပိ ဝိဇာနာတိ၊ ဒုက္ခမ္ပိ ဝိဇာနာတိ၊ အဒုက္ခမသုခမ္ပိ ဝိဇာနာတိ။

ဟု ဟောတော်မူ၏၊ ထိုသိခြင်းလက္ခဏာရှိသော ပရမတ္ထစိတ်ဝိညာဏ် သည် အတ္တမည်၏၊ ထိုအတ္တဖြစ်သော ပရမတ္ထစိတ်ဝိညာဏ်ကို ဓမ္မာရုံမိစ္ဆာ ပညတ်ထဲသို့သွင်း၍ ငါချမ်းသာသည်ကို ငါသိ၏၊ ငါဆင်းရဲသည်ကို ငါသိ၏၊ ငါလျစ်လျူရှုသည်ကို ငါသိ၏၊ ဤသို့သတိပဋ္ဌာန်ပဇာနာတိ-မျိုးယူ၍ ရှုလျှင် အတ္တဒိဋ္ဌိ အယူဝါဒဖြစ်၏၊ ထိုကြောင့် သတိပဋ္ဌာန်ဝိဘင်းပါဠိတော်၌ ဟော တော်မူသော ပဇာနာတိ-ဟူသော အဓိပ္ပါယ်သည် အလွန်နက်နဲ၏၊ ဤသတိ ပဋ္ဌာန်ဝိဘင်း ပါဠိတော်၌လာသော စိတ္တာနုပဿနာ သတိပဋ္ဌာန်သည် ပရမတ္ထဖြစ်သော ဓမ္မာရုံတရားတို့သာလျှင်တည်း၊ နိယျတ္တ, နိဇ္ဇီဝတရားမျိုး သာတည်း။

၁။ ပဋိစ္စသမုပ္ပါဒနှင့် ပဋိစ္စသမုပ္ပန္နတရားနှစ်ပါးကိုမြင်အောင်ရှုရာ၏။
၂။ သင်္ခါရနှင့် သင်္ခတ တရားနှစ်ပါးကို မြင်အောင်ရှုရာ၏။
၃။ သမုဒယဓမ္မနှင့် နိရောဓ ဓမ္မဟူသောတရားနှစ်ပါးကို မြင်အောင် ရှုရာ၏။
၄။ ဟေတုသမုပ္ပါဒနှင့် ဟေတု သမုပ္ပန္နကိုင်း,
၅။ ပစ္စယ သမုပ္ပါဒနှင့် ပစ္စယသမုပ္ပန္နကိုင်း—

ယုဂနဒ္ဓအားဖြင့် အစုံ,အစုံမြင်အောင် ရှုရာ၏၊မြတ်စွာဘုရားသည် ဒွယ-ဒွယ အားဖြင့် နှစ်ပါး နှစ်ပါးထား၍ ဟောတော်မူသည်ကို ကောင်းကောင်း ကြီးသတိပြုရာ၏၊ ပရမတ္ထဖြစ်သော စိတ်ဝိညာဏ်နှင့် အနတ္တ ပရမတ္ထ ဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ်ကို ဒွယ-ဒွယပြု၍ ဟောတော်မူ၏၊ ဤသတိ ပဋ္ဌာန်ဝိဘင်း ပါဠိတော်၌ ပရမတ္ထ ဓမ္မာရုံ စိတ်ဝိညာဏ်၏ အနုပဿနာ ရှုပုံကို ဟောတော်မူ၏။

> ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံဝါစိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာ-ဂံဝါစိတ္တံ ဝီတရာဂံစိတ္တန္တိ ပဇာနာတိ၊ သဒေါသံဝါစိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ၊ ဝီတဒေါသံဝါစိတ္တံ ဝီတဒေါသံစိတ္တန္တိ ပဇာ-နာတိ၊ သမောဟံဝါစိတ္တံ သမောဟံစိတ္တန္တိ ပဇာနာတိ၊ ဝီတ မောဟံဝါစိတ္တံ ဝီတမောဟံစိတ္တန္တိ ပဇာနာတိ။
>
> [သတိပဋ္ဌာန်ဝိဘင်းပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ စိတ္တေ၊ ပရမတ္ထဓမ္မာရုံ ဖြစ်သောစိတ်၌။ စိတ္တာနုပဿီ၊ ပရမတ္ထဓမ္မာရုံဖြစ်သောစိတ်၏ ပဋိစ္စသမုပ္ပန္န သင်္ခတဟူသော နိရောဓဓမ္မ အနိစ္စကို ရှုလျက်။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရား၏သာသနာတော်၌၊ ဘိက္ခု၊ ရဟန်းသည်။သရာ ဂံဝါစိတ္တံ၊ ရာဂနှင့်တကွသော ဓမ္မာရုံဖြစ်သောစိတ်ကိုလည်း။ သရာဂံစိတ္တန္တိ၊ ရာဂနှင့်တကွဖြစ်သော ဓမ္မာရုံစိတ်ဟူ၍။ပဇာနာတိ၊ သမ္မာဒိဋ္ဌိဉာဏ်ဖြင့်သိ၏၊ ဝီတရာဂံဝါစိတ္တံ၊ ရာဂကင်းသော ဓမ္မာရုံဖြစ်သော စိတ်ကိုလည်း။ ဝီတရာဂံ စိတ္တန္တိ၊ ရာဂကင်းသော ဓမ္မာရုံစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ သဒေါသံဝါ စိတ္တံ၊ ဒေါသနှင့်တကွဖြစ်သော ဓမ္မာရုံစိတ်ကိုလည်း။ သဒေါသံစိတ္တန္တိ၊ဒေါသ နှင့်တကွ ဖြစ်သော ဓမ္မာရုံစိတ်ဟူ၍၊ ပဇာနာတိ၊ သိ၏။ ဝီတဒေါသံဝါစိတ္တံ၊ ဒေါသကင်းသော ဓမ္မာရုံဖြစ်သောစိတ်ကိုလည်း၊ ဝီတဒေါသံစိတ္တန္တိ၊ဒေါသ ကင်းသော ဓမ္မာရုံဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊သိ၏။သမောဟံဝါစိတ္တံ၊

မောဟနှင့်တကွဖြစ်သော ဓမ္မာရုံစိတ်ကိုလည်း။သမောဟံစိတ္တန္တိ၊ မောဟနှင့် တကွဖြစ်သော ဓမ္မာရုံစိတ်ဟူ၍။ပဇာနာတိ၊သိ၏။ ဝီတမောဟံဝါစိတ္တံ၊မောဟ ကင်းသော ဓမ္မာရုံဖြစ်သောစိတ်ကိုလည်း။ ဝီတမောဟံစိတ္တန္တိ၊ မောဟကင်း သော ဓမ္မာရုံစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

ဤ“သတိပဋ္ဌာန် ဝိဘင်းပါဠိတော်”၌ဟောတော်မူသော ပရမတ္ထဓမ္မာရုံ ဖြစ်သောစိတ်သည် သပ္ပစ္စယမည်၏၊ ဝိညာဏုပါဒါနက္ခန္ဓာမည်၏၊ သဿတ ဒိဋ္ဌိ၏အာရုံဖြစ်သော အဇ္ဈတ္တာယတန နာမ်မည်၏၊ ပဋိစ္စသမုပ္ပါဒ, ပဋိစ္စ သမုပ္ပန္နမည်၏၊ ဟေတုသမုပ္ပန္နလည်းမည်၏၊ ပစ္စယသမုပ္ပန္နလည်း မည်၏၊ ဓမ္မာရုံ၏ သဘောဖြစ်၍ သင်္ခတ,အနိစ္စဓမ္မ,ဒုက္ခဓမ္မ,အနတ္တဓမ္မ မည်၏၊ဤသို့ ဓမ္မာရုံဟူသော ဓမ္မသဘောကိုသိမှ “ပဇာနာတိ” ဖြစ်၏၊ မသိလျှင် “နပဇာနာတိ”ဖြစ်၏၊ပဇာနာတိ-၏သိခြင်းသည်မိစ္ဆာအယူဖြင့် ပဇာနာတိ သိခြင်းတပါး၊ သမ္မာဒိဋ္ဌိအယူဖြင့် ပဇာနာတိ-သိခြင်းတပါး၊ ထိုနှစ်ပါးသော သိခြင်းတို့တွင် သမ္မာဒိဋ္ဌိ ပဇာနာတိ-ကိုသာ ဘုရားဟောတော်မူ၏၊ မိစ္ဆာ အယူဖြစ်သော ပဇာနာတိ-ကို ဘုရားဟောတော်မမူ၊ သတိပဋ္ဌာန်၌ သွား ခြင်း,ရပ်ခြင်း,ထိုင်ခြင်း,အိပ်ခြင်း, စားခြင်း, သောက်ခြင်း,လျှက်ခြင်း အစရှိ သော အလုံးစုံသော အာရုံခြောက်ပါး ဟူသမျှတို့သည် ပရမတ္ထ ဖြစ်သော အာရုံတို့သာလျှင်တည်း၊ သွားတတ်, ရပ်တတ်, ထိုင်တတ်, အိပ်တတ်သော အတ္တ,ဇီဝ ဟူသော ကိုယ်မရှိ၊ ထို့ကြောင့် အာရုံခြောက်ပါး၏ အနတ္တတရား သည် ကိုယ်မရှိသည်ကို ဟော၏၊ “ဝိညာဏဋ္ဌိတိ ဝိညာဏံမဇ္ဈေ”ဖြစ်သော ပကတိသက်သက် ပရမတ္ထစိတ်ဝိညာဏ်ကား အစိုးမရသော အနတ္တတရား တည်း၊ဥပါဒ်,ဌီ,ဘင်အားဖြင့် အစိုးမရသော အနတ္တတည်း၊ “ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်”၌ ရှင်အာနန္ဒာမထေရ်သည် ရှင်ပုဏ္ဏမထေရ်ကို ဥပါဒါနက္ခန္ဓာ ငါးပါးကို မေးရာ ကြေးမုံပြင်၌ အရိပ်ကို ဥပမာပြု၍ ဟောတော်မူ၏၊ ဤ ဥပမာ၌ နိဗ္ဗတ္တိလက္ခဏာရှိသောဘူတရုပ်လေးပါးနှင့်တကွသော ခန္ဓာငါးပါး ဟူသော ပရမတ္ထကိုစွဲ၍ ကြေးမုံပြင်ဟူသောမှန်၌ အရိပ်သည်ထင်၏၊ထို့အတူ ဘူတရုပ်လေးပါးနှင့် တကွဖြစ်သော အတ္တာဟူသော ပရမတ္ထကိုစွဲ၍ ပသာဒ ဟူသော မှန်အကြည်ဓာတ်ခြောက်ပါးပေါ်တွင် ထင်လာသော အာရုံသည် ဘူတရုပ်နှင့်တကွ စိတ်ဝိညာဏ်ကာယမရှိသောကြောင့် အနတ္တဓမ္မမည်၏၊ဤသို့ အတ္တဓမ္မ၏သဘောကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သိခြင်းကို“ပဇာနာတိ”ဟု ဟော တော်မူ၏၊ထို့ကြောင့် မြတ်စွာဘုရားသည် သိမြင်ပုံကို “သတိပဋ္ဌာန် ဝိဘင်း ပါဠိတော်”၌ ဟောတော်မူ၏။

အဇ္ဈတ္တံဝါစိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ဗဟိဒ္ဓါဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ သမုဒယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ၊ သမုဒယ ဝယ ဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ၊ အတ္ထိစိတ္တန္တိဝါ ပနဿ သတိပစ္စုပဋ္ဌိတာဟောတိ။

[သတိပဋ္ဌာန် ဝိဘင်းပါဠိတော်။]

အဇ္ဈတ္တံဝါစိတ္တေ၊ အဇ္ဈတ္တမည်သော ဓမ္မာရုံစိတ်၌လည်း။ စိတ္တာနုပဿီ၊ အဇ္ဈတ္တမည်သော ဓမ္မာရုံစိတ်ကိုရှုလျက်။ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါဝါစိတ္တေ၊ ဗဟိဒ္ဓမည်သော ဓမ္မာရုံစိတ်၌လည်း။ စိတ္တာနုပဿီ၊ ဗဟိဒ္ဓမည်သော ဓမ္မာရုံစိတ်ကိုရှုလျက်။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါစိတ္တေ၊ အဇ္ဈတ္တဗဟိဒ္ဓမည်သောဓမ္မာရုံစိတ်၌လည်း။စိတ္တာနုပဿီ၊ အဇ္ဈတ္တဗဟိဒ္ဓမည်သော ဓမ္မာရုံစိတ်ကိုရှုလျက်။ ဝိဟရတိ၊ နေ၏။ စိတ္တသ္မိံဝါ၊ ဓမ္မာရုံဖြစ်သော စိတ်၌လည်း။ သမုဒယ ဓမ္မာနုပဿီ၊ သမုဒယဓမ္မ အစရှိသော ဋ္ဌီတိကိုးပါးဖြင့် ရှုလျက်။ ဝိဟရတိ၊နေ၏။ စိတ္တသ္မိံဝါ၊ ဓမ္မာရုံစိတ်၌လည်း။ ဝယဓမ္မာနုပဿီ၊ ပျက်ခြင်း နိရောဓ ဓမ္မ သင်္ခတ ဟူသော အနိစ္စဓမ္မမျိုးကိုရှုလျက်။ဝိဟရတိ၊ နေ၏။ စိတ္တသ္မိံဝါ၊ ဓမ္မာရုံဖြစ်သော စိတ်၌လည်း။ သမုဒယ ဝယဓမ္မာနုပဿီ၊ ဖြစ်ခြင်း သမုဒယ,ပျက်ခြင်း နိရောဓ ဓမ္မ သင်္ခတဟူသော အနိစ္စဓမ္မမျိုးကို ရှုလျက်။ ဝိဟရတိ၊ နေ၏။ ပန၊ အထူးဖြစ်လာပုံကိုဆိုလိုက်ဦးအံ့။ အဿ၊ ထိုဓမ္မာရုံဖြစ်သောစိတ္တနုပဿနာသတိကို စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား။ အတ္ထိစိတ္တန္တိဝါ၊ ပကတိသက်သက် ဥပါဒ်,ဋ္ဌီ,ဘင်နှင့် တကွသော တောက်ပသော အရောင်ရှိသောစိတ်ဝိညာဏ်ရှိ၏ဟူ၍။ သတိပစ္စုပဋ္ဌိတာ၊ မိမိအောက်မေ့သောသတိ၌ ရှေးရှုထင်လာသည်။ ဟောတိ၊ ဖြစ်၏။

ဤ''သတိပဋ္ဌာန်ဝိဘင်း''၌ဟောတော်မူသော''အတ္ထိစိတ္တန္တိဝါပနဿသတိပစ္စုပဋ္ဌိတာ''ဟူသော စကားတော်ဖြင့်''ပကတိ ပရိသုဒ္ဓ မိဒံစိတ္တံ'' ဟူသော ဥပါဒ်,ဋ္ဌီ,ဘင်နှင့်တကွသော ပရမတ္ထဖြစ်သော အာရမ္မဏိက ပစ္စယုပ္ပန်ဖြစ်သော စိတ်ဝိညာဏ်သည်ရှိ၏၊ ထိုရှိသောစိတ်ဝိညာဏ်ကို မသိခြင်းကြောင့် ဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ်ကို ပရမတ္ထ၌ထည့်သွင်း၍ ခေါ်ဝေါ်ပြောဆို၍ အတ္တဝါဒအယူကိုယူ၏၊ ထို သာတိရဟန်းသည် စိတ်ဝိညာဏ်ကို တခုတည်းယူခြင်းကြောင့် အတ္တဒိဋ္ဌိမှ မလွတ်ဖြစ်ရလေ၏။

ဤကား သတိပဋ္ဌာန်ရှုမြင်ပုံနှင့်တကွ သာတိရဟန်း ဝိညာဏ်နှစ်ပါးကို မသိခြင်းကြောင့် အတ္တဒိဋ္ဌိဖြစ်ပုံကို ပြဆိုသော အခဏ်းတည်း။

## ၄၀။ နောဓမ္မဝိဟာရီဖြစ်ပုံကိုပြဆိုခြင်း

သာသနာတော်အတွင်း၌ ပရိယတ္တိဗဟုလဖြစ်၍ နောဓမ္မ ဝိဟာရီဖြစ်ပုံကို ထင်စွာပြဆိုဦးအံ့၊ ပရိယတ္တိဗဟုလဖြစ်ဟန်ကား မြတ်စွာဘုရားသည် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ရှင်သုသိမရဟန်း၏မေးလျှောက်သော ပြဿနာ၌"မြတ်စွာဘုရား····အရှင်ဘုရားသည်အကြင်သူသည် ဒုစရိုက်တရားကိုပြု၏၊ ထိုပြုသောသူသည် အပါယ်ငရဲသို့ လားရ၏ဟု ဟောတော်မူပါသလော"ဟု ရှင်သုသိမရဟန်းသည် မေးလျှောက်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည်-

"နောဟေတံ သုသိမ"ဟုဖြေဆိုတော်မူ၏၊

သုသိမ၊သုသိမ။တံ၊ဤသို့စိတ်ထဲ နှလုံးစွဲနှင့် မေးလျှောက်သည့်အတိုင်း။ နောဟိဝဒါမိ၊ ငါဘုရားဟောတော်မမူ။

ဤသို့ဖြေဆိုသော အကျဉ်းသဒ္ဒေပစကားကို အကျယ်ချဲ့၍ပြလိုက်ဦးအံ့၊ မြတ်စွာဘုရားသည် သုဒ္ဓဓမ္မ ပရိယတ္တိတရားကိုသာ ဟောတော်မူ၏၊အပစယ ဂါမိမည်သော ပရိယတ္တိတရားကိုသာ ဟောတော်မူ၏၊ မြတ်စွာဘုရားဟောတော်မူသော သုတ္တ,ဂေယျ,ဝေယျာ ကရဏစသော အင်္ဂါကိုးပါးနှင့် ပြည့်စုံသော ပရိယတ္တိတရားတော်ဟူသမျှတို့၌ ပရမတ္ထတရားနှစ်ပါးထား၍ ဒွယ-ဒွယ ဟူ၍သာဟောတော်မူ၏၊ အဘယ်သို့ဟောတော်မူသနည်း။

၁။ ဝိညာဏဋ္ဌိတိ စိတ်ဝိညာဏ်ဟူသော ပရမတ်သက်သက်တပါး,

၂။ အာရုံငါးပါးနှင့်တကွ ဓမ္မာရုံဟူသော ပရမတ်သက်သက်တပါး—

ဤသို့ပရမတ္ထတရားနှစ်ပါးကို မရောမနှောမူ၍ ဒွယ-ဒွယပြု၍ ပရိယတ္တိတရားတော်ကို ဟောတော်မူမြဲဖြစ်၏၊ အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့သည်ကား မြတ်စွာဘုရား ရွှေဉာဏ်တော်၏ အရာဖြစ်သော ဝိညာဏဋ္ဌိတိ စိတ်ဝိညာဏ်နှင့်တကွ သတ္တာဝါသ ဘုံကိုးဝဟူသော သတ္တ,ဇီဝဟူသော ပရမတ္ထတရားကို နိဿတ္တ, နိဇ္ဇီဝဖြစ်သော အာရုံငါးပါးနှင့်တကွ ဓမ္မာရုံထဲသို့သွင်း၍ အဒွယ ဟု တခုတည်းယူခြင်းကြောင့် အတ္တဂါဟဒိဋ္ဌိ, အာသယဒိဋ္ဌိ အယူကို ယူ၍ မြတ်စွာဘုရားဟောတော်မူအပ်သော သုဒ္ဓဓမ္မ ပရိယတ္တိတရားတော်ကို ပရိယတ္တိဗဟုလ ဖြစ်သော ဒိဋ္ဌိအယူကိုစွဲယူ၍ ရှင်သုသိမရဟန်း မေးသောကြောင့်မြတ်စွာဘုရားသည် "နောဟေတံ သုသိမ" ဟုပယ်၍ ဖြေတော်မူ၏၊ မြတ်စွာဘုရား မရော မနှောဘဲ ပရမတ္ထတရားနှစ်ပါး ဟောဟန်ကား အကုသလာ ဓမ္မာဟူသတည်း။

ထိုအကုသလာဗျာ ဟူသော နှစ်ပါးသောပုဒ်တို့တွင် အကုသလာဟူသောပုဒ်၏ အရကား ဝိညာဏဋ္ဌိတိဟု ဆိုအပ်သော စိတ်ဝိညာဏ်ဟူသော အညာဏစရိယ အကုသိုလ်စိတ်ကိုရ၏၊ ထိုစိတ်ဝိညာဏ်သည် ပရိညေယျတရားမျိုးတည်း၊ ပဋိစ္စသမုပ္ပါဒ်မည်သော ဥပါဒါနက္ခန္ဓာ စိတ်မျိုး မဟုတ်၊ ဤဝိညာဏဋ္ဌိတိ ဟူသောစိတ်ဝိညာဏ်သည် သာဝကတို့၏ ဝိပဿနာအရာမဟုတ်၊ မြတ်စွာဘုရား၏ ရွှေညာဏ်တော်၏အရာတည်း၊ ဗျာဟူသော ပုဒ်၏အရကား ပရမတ္ထဗျာရုံဖြစ်သော နိဿတ္တ, နိဇ္ဇီဝဖြစ်၍ ဥပါဒ်, ဌီ, ဘင်အထည်ဒြပ်မှကင်းသော စေတသိက် သတ္တဝီသ နှစ်ဆယ့်ခုနစ်ပါးကိုရ၏၊ ထိုတရားတို့သည် ပဋိစ္စသမုပ္ပါဒ်, ပဋိစ္စသမုပ္ပန္နမည်ကုန်၏၊ သပ္ပစ္စယ, သခ်တမည်ကုန်၏၊ ဤအရာ၌ ရှင်သုသိမ ရဟန်း၏ အယူဝါဒကား အကုသလာဗျာဟူသော ဗျာသင်္ဂဇီပါဠိတော်၌ ပြဆိုအပ်သော ဗျာ၏အရ, နိဿတ္တ, နိဇ္ဇီဝဖြစ်သော ဗျာရုံ စေသသိက် နှစ်ဆယ့်ခုနစ်ပါး၊ ထိုနှစ်ဆယ့်ခုနစ်ပါးတို့တွင် ပါဏာတိပါတစသော ဒုစရိုက် စေတနာ ဆယ်ပါးသည်လည်း သခ်ါရဖြစ်၍ ဗျာရုံမျှသာလျှင်တည်း၊ ထိုသခ်ါရဖြစ်သောစေဘနာ ဗျာရုံဟူသော ပရမတ္ထတရားကို ဝိညာဏဋ္ဌိတိ သတ္တာဝါသ ဘုံကိုးဝဟူသော အတ္တဖြစ်သောပရမတ္ထသို့သွင်း၍ လူကောင်, နတ်ကောင် ဒုစရိုက်ကိုပြု၍ အပါယ်ငရဲသို့ကျလေသလောဟု မြတ်စွာဘုရားကို ရှင်သုသိမရဟန်းသည် ဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့်တကွ ပရိယတ္တိ ဗဟုလဖြစ်သော ဒိဋ္ဌိအယူဝါဒနှင့် မေးလျှောက်သောကြောင့်"နောဟေတံ သုသိမ"ဟု ဖြေတော်မူ၏၊ ဆိုလိုရင်းကား ဒိဋ္ဌိ,ဝိစိကိစ္ဆာမကင်းသေးသော ရှင်သုသိမရဟန်းသည် ပရမတ္ထဖြစ်သော အကုသလာဟူသော ပရိညေယျမည်သော အညာဏစရိယစိတ်ဝိညာဏ်ကို ဗျာဟူသော အဘိညာပဟာ တဗ္ဗ သမုဒယ, အဘိညာ ပရိညေယျ ဒုက္ခဖြစ်သော ဗျာရုံပရမတ္ထတရားသို့သွင်း၍ တခုတည်းပြု၍ အတ္တဒိဋ္ဌိ၏ အယူဝါဒဖြစ်သော ပရိယတ္တိဗဟုလဖြင့် မြတ်စွာဘုရားကို မေးလျှောက်သောကြောင့် မြတ်စွာဘုရားသည် ပယ်တော်မူ၏။

ဤကား နောဗျဝိဟာရီဖြစ်ပုံကို ပြဆိုသောအခဏ်းတည်း။

---

## ၄၁။ လေးပါးသောရုပ်ကိုပြဆိုခြင်း

ဤသို့ သာသနာတော်အတွင်း၌ ဗျဝိဟာရီ ပုဂ္ဂိုလ်၏ အဖြစ်သို့ မရောက်ခြင်းသည် ဒိဋ္ဌရုပ်, သုတရုပ်, မုတရုပ်, ဝိညာတရုပ်ဟု ဆိုအပ်သောအာရုံခြောက်ပါးနှင့်တကွ ပရမတ္ထဖြစ်သော ဗျာရုံကြီးကို မသိမမြင်ရခြင်းကြောင့်

ဓမ္မဝိဟာရီမည်သော ပုဂ္ဂိုလ်၏ အဖြစ်သို့ မရောက်နိုင်ဟု ဟောတော်မူ၏၊ ''အနာထပိဏ်သူဌေးကြီး····ထိုရုပ်လေးပါးကို ကောင်းစွာ တွေ့အောင်ရှာအပ်၏'' ဟုရှင်သာရိပုတ္တရာမထေရ်သည် အနာထပိဏ်သူဌေးအား ''ဥပရိပဏ္ဏာသပါဠိတော်''၌ ဟောတော်မူ၏။

> တသ္မာ တိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ၊ ယမ္ပိ တေ ဒိဋ္ဌံ သုတံ မုတံ ဝိညာတံ ပတ္တံ ပရိယေသိတံ အနုပရိယေသိတံ အနုစရိ- တံ မနသာ။
>
> [ဥပရိပဏ္ဏာသပါဠိတော်။]

တသ္မာ၊ ထို့ကြောင့်။ ဣဓ၊ ဤသာသနာတော်၌။ ဂဟပတိ၊ သူဌေးကြီး။ ဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ယမ္ပိပတ္တံ၊ အကြင် အာရုံအားဖြင့် ရောက်အပ်သော။ ဒိဋ္ဌံ၊ ဒိဋ္ဌရုပ်ကိုရင်း။ သုတံ၊ သုတရုပ်ကိုရင်း။ မုတံ၊ မုတရုပ်ကိုရင်း။ ဝိညာတံ၊ ဝိညာတရုပ်ကိုရင်း။ မနသာ၊ စိတ်ဖြင့်။ ပရိယေသိတံ၊ ရှာမှီးအပ်၏။ အနုပရိယေသိတံ၊ အဘန်တလဲလဲ ရှာမှီးအပ်၏။ အနုစရိတံ၊ အဘန်တလဲလဲ ကျင့်အပ်၏။

ထိုဒိဋ္ဌရုပ်, သုတရုပ်, မုတရုပ်, ဝိညာတရုပ် ဟူသော ဤရုပ်လေးပါးကို ''ဓမ္မသင်္ဂဏီပါဠိတော်''၌လည်း ဟောတော်မူ၏။

> ရူပါယတနံ ဒိဋ္ဌံ၊ သဒ္ဒါယတနံ သုတံ၊ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မုတံ၊ သဗ္ဗံ ရူပံ မနသာ ဝိညာတံ ရူပံ။

ရူပါယတနံ၊ သည်။ ဒိဋ္ဌံ၊ ၏။ သဒ္ဒါယတနံ၊ သည်။ သုတံ၊၏။ဂန္ဓာယတနံ၊ သည်ရင်း၊ ရသာယတနံ၊ သည်ရင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ သည်ရင်း။ မုတံ၊ ၏။ မနသာ၊ မနောဝိညာဏ်ဖြင့်။ ဝိညာတံ၊ သိအပ်သော။ သဗ္ဗံရူပံ၊ ဒိဋ္ဌရုပ်,သုတရုပ်, မုတရုပ်မှကြွင်းသော အလုံးစုံသောရုပ်သည်။ ဝိညာတံရူပံ၊ ဝိညာတရုပ်မည်၏။

ရူပါရုံသည် ဒိဋ္ဌရုပ်မည်၏၊ သဒ္ဒါရုံသည် သုတရုပ်မည်၏၊ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဟူသောရုပ်သုံးပါးသည် မုတရုပ်မည်၏၊ ဤဒိဋ္ဌရုပ်, သုတရုပ်, မုတရုပ်ဟူသော ရုပ်သုံးပါးသည် ပစ္စုပ္ပန်အခါ၌သာ ရအပ်၏၊ချုပ်ပြီး၍ အတိတ်ကာလ ဖြစ်သည်ရှိသော် ထိုအတိတ်ဖြစ်သော ရုပ်သုံးပါးသည် ဝိညာတရုပ်မည်၏၊ ဤကားဒိဋ္ဌရုပ်, သုတရုပ်, မုတရုပ်, ဝိညာတရုပ်ဟူသော လေးပါးသော ရုပ်ကို အကျဉ်းပြသော စကားတည်း။

အဒိဋ္ဌရုပ်, အသုတရုပ်, အမုတရုပ်, အဝိညာတရုပ် ဟူသည်ကား ဝိညာဏဋ္ဌိတိ ဟူသော ဝိညာဏ စရိယ ဝိညာဏံ မဇ္ဈေနှင့်တကွ ဘူတရုပ် လေးပါး ဟူသော ဤပရမတ္ထ တရားတို့သည်အဒိဋ္ဌရုပ်, အသုတရုပ်, အမုတရုပ် မည်ကုန်၏၊ ဝိညာတရုပ်ဟူသည်ကား ပရမတ္ထဓမ္မာရုံဖြစ်သော ဥပါဒါရုပ်တို့သည်သာလျှင် ဝိညာတရုပ်မည်ကုန်၏၊ အဝိညာတရုပ်ဟူသည် ဝိညာဏဋ္ဌိတိဟူသော ပရမတ္ထတရားတို့သည် အဝိညာတရုပ်မည်ကုန်၏၊ ဤသို့မြတ်စွာဘုရားသည် ဒွယဟူသော ပရမတ္ထသဘောတော်ကိုထား၍ ဒိဋ္ဌ, သုတ, မုတ, ဝိညာတ ဟူသော လေးပါးသောရုပ်ကိုသာလျှင် သုတ်,ဝိနည်း ပြု၍ဟောတော်မူ၏၊ထိုသို့ဒွယဟူသော နှစ်ပါးသော ပရမတ္ထတရားတို့တွင် နိဿတ္တ,နိဇ္ဇီဝ ဖြစ်သော ပရမတ္ထဓမ္မာရုံနှင့်တကွ အာရုံခြောက်ပါးလုံးကိုပင် ဒိဋ္ဌ,သုတ,မုတ,ဝိညာတပြု၍ ဟောတော်မူသော တရားတော်ကို အဒိဋ္ဌ, အသုတ,အမုတ,အဝိညာတ ဟူသော ဝိညာဏဋ္ဌိတိသို့သွင်းယူ၍ သတ္တ,ဇီဝ ဟူသော သက္ကာယဒိဋ္ဌိအယူကို ယူလေ၏။

ပဋိစ္စသမုပ္ပါဒ တည်းဟူသောသံသရာ၌ လမ်းမှားပုံကို ပြဆိုလိုက်ပေအံ့၊ ထိုသို့စက္ခုဝိညာဏ်စိတ်သည် မြင်ခြင်းဒဿနကိစ္စတပ်သော ဒိဋ္ဌရုပ် ရူပါရုံကို မသိမမြင်ပါဘဲလျက် နိဿတ္တ,နိဇ္ဇီဝ ဖြစ်သော ရူပါရုံကို အဒိဋ္ဌရုပ် အနိဒဿနဖြစ်သော ဝိညာဏဋ္ဌိတိသို့သွင်း၍ စိတ်ဝိညာဏ်ရှိသော မိန်းမ, ယောကျ်ား စသည်ဖြင့် ထင်မှတ်သောအယူသည် သက္ကာယမိစ္ဆာဒိဋ္ဌိအယူ မည်၏၊ထိုဒိဋ္ဌိအယူသည်ပင် အပယ်သို့ကျသည်ဟု စတုက္က အင်္ဂုတ္တိုရ်၌ ဟောတော်မူ၏။

> စတူဟိ ခေါ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ၊ကတမေဟိ စတူဟိ၊ဒိဋ္ဌေ အဒိဋ္ဌဝါဒီ ဟောတိ၊ သုတေ အသုတဝါဒီ ဟောတိ၊မုတေ အမုတဝါဒီ ဟောတိ၊ ဝိညာတေ အဝိညာတဝါဒီ ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။
>
> စတူဟိ ခေါ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ၊ကတမေဟိ စတူဟိ၊အဒိဋ္ဌေ ဒိဋ္ဌဝါဒီ ဟောတိ၊ အသုတေ သုတဝါဒီ ဟောတိ၊ အမုတေ မုတဝါဒီ ဟောတိ၊အဝိညာ-တေ ဝိညာတဝါဒီ ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

[ဤကား ဒုဂ္ဂတိဘုံသို့သွားသောလမ်းတည်း။]

စတူဟိ ခေါ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ ကတမေဟိ စတူဟိ၊ ဒိဋ္ဌေ ဒိဋ္ဌဝါဒီ ဟောတိ၊ သုတေ သုတဝါဒီ ဟောတိ၊ မုတေ မုတဝါဒီ ဟောတိ၊ ဝိညာတေ ဝိညာတဝါဒီ ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ။ စတူဟိ ခေါ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ ကတမေဟိ စတူဟိ၊ အဒိဋ္ဌေ အဒိဋ္ဌဝါဒီ ဟောတိ၊ အသုတေ အသုတဝါဒီ ဟောတိ၊ အမုတေ အမုတဝါဒီ ဟောတိ၊အဝိညာတေ အဝိညာတဝါဒီ ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ။

[ဤကား သုဂတိဘဝသို့ သွားသောလမ်း-စတုက္ကအင်္ဂုတ္တရ ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ ခေါ ဓမ္မေဟိ၊ လေးပါးသော တရားတို့နှင့် သမန္နာဂတော၊ ပြည့်စုံသောသူကို။ ယထာဘတံ၊ အကြင်မိမိဆောင်ခဲ့သည့် အတိုင်း။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ပစ်ချအပ်၏။ကတမေဟိစတူဟိ၊အဘယ် လေးပါးတို့နှင့်။သမန္နာဂတော၊ ပြည့်စုံသောသူကို။ နိက္ခိတ္တော၊ ပစ်ချအပ် သနည်း။ ဒိဋ္ဌေ၊ဒိဋ္ဌရုပ်၌။ အဒိဋ္ဌဝါဒီ၊ အဒိဋ္ဌရုပ်ဟု အယူရှိသည်။ဟောတိ၊၏။ သုတေ၊ သုတရုပ်၌။ အသုတဝါဒီ၊ အသုတရုပ်ဟု အယူကို ယူလေ့ရှိသည်။ ဟောတိ၊ ၏။ မုတေ၊ မုတရုပ်၌။ အမုတဝါဒီ၊ အမုတရုပ်ဟုအယူကိုယူလေ့ ရှိသည်။ ဟောတိ၊၏။ ဝိညာတေ၊ ဝိညာတရုပ်၌။ အဝိညာတဝါဒီ၊ အဝိညာ တရုပ်ဟု အယူကို ယူလေ့ရှိသည်။ ဟောတိ၊၏။ ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ခေါ ဓမ္မေဟိ၊ ဤလေးပါးသော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူကို။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ပစ်ချအပ်၏။

[ကြွင်းသောပါဠိ အနက်တူ၏။]

ဤသို့ဒိဋ္ဌရုပ်, သုတရုပ်,မုတရုပ်, ဝိညာတရုပ်လေးပါး ကိုဝင်း၊ အဒိဋ္ဌရုပ်, အသုတရုပ်, အမုတရုပ်, အဝိညာတရုပ် ဟူသော လေးပါးသော ရုပ်ကိုဝင်း၊ ဤရုပ်တို့ကို မသိမမြင်ခြင်းတည်းဟူသော အကြောင်းကြောင့်အပါယ်ငရဲသို့ ကျသည့်ဟုဟောတော်မူ၏၊ထို့ကြောင့်"သမ္မောဟဝိနောဒနီအဋ္ဌကထာ"၌—

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။ ။

ဤသို့ဟောတော်မူခြင်းသည်လည်း ဒိဋ္ဌရုပ်ကို ဒိဋ္ဌရုပ်, သုတရုပ်ကို သုတရုပ်, မုတရုပ်ကို မုတရုပ်, ဝိညာတရုပ်ကို ဝိညာတရုပ်ဟု အမှန်ကိုမသိမမြင်ခြင်းကြောင့် ဒုက္ခဟူသော ဘေးအပေါင်းဖြင့် ဖွဲ့မိ၍ နေကြကုန်၏ဟု ဟောတော်မူ၏၊ ဤသို့ပရမတ္ထဖြစ်သော ဓမ္မာရုံကို ပညတ္တိပထ, အဓိဝစနပထ, နိရုတ္တိပထဟူသော ဓမ္မာရုံဖြင့်မှည့်ဆိုပညတ်၍ ဒေသနာတော်ကိုဟောတော်မူ၏၊ စက္ခုဝိညာဏ်ဟူသော မျက်စိ, သောတဝိညာဏ်ဟူသောနား, ဃာနဝိညာဏ်ဟူသော နှာခေါင်း, ဇိဝှါဝိညာဏ်ဟူသောလျှာ, ကာယဝိညာဏ်ဟူသော ခန္ဓာကိုယ်,မနောဝိညာဏ်ဟူသော နှလုံး ဤသို့အဓိဝစနပထဟူသော အမည်ကို မှည့်ခေါ်၍ ပညတ်တင်ကြကုန်၏၊ ဤသို့ ပရမတ္ထဖြစ်သော ဓမ္မာရုံကို ပညတ္တိပထ,အဓိဝစနပထ,နိရုတ္တိပထ ဟူသော ဓမ္မာရုံဖြင့် မှည့်ဆိုပညတ်တင်၍ မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မူ၏။

စက္ခုပသာဒ ဟူသော ဓမ္မာရုံသည် မျက်စိမည်၏၊ သောတပသာဒဟူသော ဓမ္မာရုံသည် နားမည်၏၊ ဃာနပသာဒဟူသော ဓမ္မာရုံသည် နှာခေါင်းမည်၏၊ ဇိဝှာပသာဒ ဟူသော ဓမ္မာရုံသည် လျှာမည်၏၊ ကာယပသာဒ ဟူသော ဓမ္မာရုံသည် ခန္ဓာကိုယ်မည်၏၊ ဟဒယ ဝတ္ထုဟူသော ဓမ္မာရုံသည် မနမည်၏၊ ထိုခြောက်ပါးသော ပသာဒဟူသော အကြည်ဓာတ်မှန်တို့တွင် စက္ခုပသာဒ ဟူသော အကြည်ဓာတ်မှန်၏ အတွင်းသို့ရောက်လာသော ရူပါရုံ ဟူသော ဒိဋ္ဌရုပ်ကို စက္ခုဝိညာဏ်စိတ်သည် ဒဿနကိစ္စတပ်၍မြင်၏၊ သောတပသာဒ အတွင်းသို့ ရောက်လာသော သဒ္ဒါရုံဟူသော သုတရုပ်ကို သောတဝိညာဏ်စိတ်သည် သဝနကိစ္စတပ်၍ကြား၏၊ ဃာနပသာဒအတွင်းသို့ ရောက်လာသော ဂန္ဓာရုံဟူသော မုတရုပ်ကို ဃာနဝိညာဏ်စိတ်သည် ဃာယန ကိစ္စတပ်၍ နံ၏၊ ဇိဝှါပသာဒအတွင်းသို့ ရောက်လာသော ရသာရုံ ဟူသော မုတရုပ်ကို ဇိဝှါဝိညာဏ်စိတ်သည် သာယနကိစ္စတပ်၍ လျက်၏၊ ကာယပသာဒအတွင်းသို့ ရောက်လာသော ဖေါဋ္ဌဗ္ဗာရုံဟူသော မုတရုပ်ကို ကာယဝိညာဏ်စိတ်သည် ဖုသနကိစ္စတပ်၍ တွေ့ထိ၏၊ ဟဒယဝတ္ထုဟူသောမနအတွင်းသို့ရောက်လာသော ဓမ္မာရုံဟူသော ဝိညာတရုပ်ကို မနောဝိညာဏ်စိတ်သည် ဇဝနကိစ္စတပ်၍ သိ၏။

ဤသို့ပြဆိုခဲ့သော ဒိဋ္ဌရုပ်, သုတရုပ်, မုတရုပ်, ဝိညာတရုပ် ဟူသော လေးပါးအပြားရှိသောရုပ်ကို ပရမတ္ထဓမ္မာရုံကို သမ္မာပထပညတ်ဖြင့်မှည့်ဆိုပညတ်၍နိဿတ္တ,နိဇ္ဇီဝဖြစ်သောမိန်းမ,ယောကျ်ားဟူသော အာရုံခြောက်ပါး

ကိုသာမြင်သည်,ကြားသည်, နံသည်,လျက်သည်, တွေ့ထိသည် ဟူ၍ယူသော အယူဝါဒသည် သမ္မာဒိဋ္ဌိဉာဏ်၏အယူတည်း၊ ထိုသို့သမ္မာဒိဋ္ဌိ အယူရှိသောသူ သည် သေသည်၏အခြားမဲ့ဘဝ၌ လူ့ပြည်,နတ်ပြည်သို့ လားရ၏၊ အန္ဓပုထု ဇဉ်ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌရုပ်ကို အဒိဋ္ဌရုပ်ပြု၍,အဒိဋ္ဌရုပ်ကို ဒိဋ္ဌရုပ်ပြု၍ ရှုမြင် ခြင်းကြောင့် သေသည်၏ အခြားမဲ့ဖြစ်သောဘဝ၌ အပါယ်လေးပါးသို့သာ လားကြရလေ၏ဟု ဟောတော်မူ၏၊ဤသို့အပါယ်လေးပါးသို့ ပုထုဇဉ် ပုဂ္ဂိုလ် တို့သည် အမြဲလားရခြင်းသည်အမြင်မှား, အကြားမှား, အနံမှား, အလျက် မှား,အတွေ့မှား,အသိမှားဟူသော ခြောက်ပါးသော အာယတနတို့၏ ဒိဋ္ဌ ရုပ်,သုတရုပ်,ဝိညာတရုပ်တို့ကို မသိခြင်းတည်းဟူသော အကြောင်းကြောင့် အတ္တဂါဟ ဒိဋ္ဌိဖြစ်ကြရကုန်၏၊ ထိုအတ္တဂါဟဒိဋ္ဌိဖြစ်ခြင်းကြောင့် အပါယ် လေးပါးသို့သာအမြဲလား၍နေကြရကုန်၏၊ ထိုကြောင့် "သမ္မောဟဝိနောဒနီ အဋ္ဌကထာ"၌ ဤသို့မိန့်ဆို၏။

> ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
> အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။

ယံ ပဿတိ ဣတ္ထိံ ဝါ ပုရိသံ ဝါ၊ နနု စက္ခုနာ ဣတ္ထိပုရိသ ဒဿနံ နတ္ထီတိ၊သစ္စံ၊ ဣတ္ထိံ ပဿာမိ ပုရိသံ ပဿာမီတိ ပန ပဝတ္တသညာယ ဝသေန ယံ ပဿတီတိ ဝုတ္တံ၊မိစ္ဆာဒဿနေနဝါ ဒိဋ္ဌိယာ ယံ ပဿတိ၊ န တံ ဒိဋ္ဌံ၊တံ ရူပါယတနံ ဟောတိ၊ရူပါယတနံဝါ တံ နဟောတီတိ အတ္ထော၊ အထဝါ တံ ကေသာဒိဘူတုပါဒါယ သမူဟသင်္ခါတံ ဒိဋ္ဌံ န ဟောတိ၊ ဒိဋ္ဌံဝါ ယထာဝုတ္တံ န ဟောတီတိ အတ္ထော၊ယံ ဒိဋ္ဌံ တံ န ပဿတီတိ ယံ ရူပါယတနံ ကေသာဒိဘူတုပါဒါယ သမူဟ သင်္ခါတံဝါ ဒိဋ္ဌံ၊ တံ ပညာစက္ခုနာ ဘူတတော န ပဿတီတိ အတ္ထော။

[သမ္မောဟဝိနောဒနီအဋ္ဌကထာ၏ အဖွင့်ဝိဘင်းဋီကာ။]

ယံ၊ ဘူတရုပ်ဟူသော အတ္တကိုသွင်းယူ၍ သတ္တ,ဇီဝရှိသော အကြင်မိန်းမ, ယောကျ်ားကို။ ပဿတိ၊ မြင်၏ဟူသော အယူကိုယူ၏၊ တံ၊ ထိုဘူတရုပ်နှင့် တကွ သတ္တ,ဇီဝရှိသော မိန်းမ,ယောကျ်ား ဟူသောရုပ်သည်။နဒိဋ္ဌံ၊သမ္မာ ပညာဖြင့် မှည့်ခေါ်အပ်သော ဒိဋ္ဌရုပ် ရူပါရုံမဟုတ်။ ယံ၊ အကြင်သမ္မာပညာ ဖြင့် မှည့်ခေါ်အပ်သော မိန်းမ,ယောကျ်ားဟူသော ပရမတ္ထဓမ္မာရုံဖြစ်သော ရုပ်သည်။ ဒိဋ္ဌံ၊ ဒိဋ္ဌရုပ်ရူပါရုံမည်၏။ တံ၊ ထိုဒိဋ္ဌရုပ် ဖြစ်သော ရူပါရုံကို။

နပဿတိ၊ ပုထုဇဥ်တို့၏ မျက်စိဖြင့်မမြင်နိုင်။ အပဿံ-အပဿန္တော၊ ဒိဋ္ဌရုပ် ရူပါရုံကို မသိမမြင်သော။ မူဠော၊ အာရုံခြောက်ပါး၌ တွေဝေသောသူကို။ ဗဇ္ဈတေ၊ အပါယ်ဒုက္ခ ဘေးဘယဖြင့် ဖွဲ့မိလေ၏။ ဗဇ္ဈမာနော၊ ဖွဲ့မိသော သူသည်။ နမုစ္စတိ၊ ဝဋ်ဆင်းရဲဒုက္ခ သံသရာမှမလွတ်နိုင်တော့ပြီ။

ဤသို့ပြဆိုခဲ့သော သတ္တ,ဇီဝ,သရိရ ဟူသော နိဗ္ဗတ္တိလက္ခဏာ ခန္ဓာ ငါးပါးရှိသော ဝိညာဏဋ္ဌိတိ ခုနစ်ပါးကိုပင် ဝိညာဏစရိယ ဟူ၍၎င်း, ဝိညာဏံမဇ္ဈေဟူ၍၎င်း, ဝိညာဏံအနိဒဿနံ ဟူ၍၎င်း, ပကတိပရိသုဒ္ဓ မိဒံစိတ္တံဟူ၍၎င်း စိတ်ဝိညာဏ်ကို ဟောတော်မူ၏၊ ထိုစိတ်ဝိညာဏ်သည် အကြောင်းလေးပါးမှကင်း၍ ပစ္စယုပ္ပန်သာဖြစ်သောကြောင့် နိရောဓဖြစ်၍ အပ္ပစ္စယမည်၏၊ "ပညာ ဘာဝေတဗ္ဗာ၊ဝိညာဏံ ပရိညေယျံ"ဟူ၍ ဟော တော်မူခြင်းကြောင့် ဥပါဒ်, ဌီ, ဘင်ဖြင့် ချုပ်ကာ ချုပ်ကာ ဒနသည်ကို မြင်တော်မူ၍ မြတ်စွာဘုရားသည် ရာဓရဟန်းကို"ယံ ခေါ ရာဓ အနိစ္စံ ဒုက္ခံ အနတ္တံ အသုဘံ"ဟု ဝိညာဏဋ္ဌိတိ ခုနစ်ပါးတရားတို့၏ ချုပ်ပျက်၍ နေသည် ကိုဟောတော်မူ၏၊ ထိုချုပ်ပျက်၍နေသော ဝိညာဏဋ္ဌိတိဟူသော ဝိညာဏ် ကို ပရိညေယျဉာဏ်ဖြင့် ရှုကြည့်ရာ၏။

ဤကား လေးပါးသောရုပ်နှင့်တကွ ဝိညာဏဋ္ဌိတိ ခုနစ်ပါး
သတ္တာဝါသ ဘုံကိုးဝကိုပြဆိုသောအခန်းတည်း။

---

## ၄၂။ ဒါန, သီလ, နိက္ခမပါရမီကိုပြဆိုခြင်း

ဤသို့ဝိညာဏဋ္ဌိတိ သတ္တာဝါသ ဘုံကိုးဝ၌နေသော သပ္ပုရိသ သူတော် ကောင်းတို့သည် နိဿရဏသံသရာ၌နေ၍ပြုအပ်သော ဘာဝေတဗ္ဗမဂ္ဂသစ္စာ ဖြစ်သော ဒါန,သီလ, နိက္ခမ ဟူသော ပါရမီကိုပြတော်မူလိုသောကြောင့်—
[မဟာနိဒ္ဒေသပါဠိတော်၌ဟောတော်မူ၏။]

ဇ္ဈမေကစ္စော ဒါနံ ဒေန္တော သီလံ သမာဒိယန္တော ဥပေါသထ ကမ္မံ ကရောန္တော ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌာပေန္တော ပရိဝေဏံ သမ္မဇ္ဇန္တော စေတိယံ ဝန္ဒန္တော စေတိယေ ဂန္ဓမာလံ အာရောပေန္တော စေတိယံ ပဒက္ခိဏံ ကရောန္တော နိဗ္ဗာနနိန္နော နိဗ္ဗာန ပေါဏော နိဗ္ဗာနပဗ္ဘာရော ကုသလာဘိ သင်္ခါရံ အဘိသင်္ခရောတိ။

ဤသို့ သပ္ပုရိသ ပုဂ္ဂိုလ်တို့၏ ပြုအပ်သော ပါရမီဟူသည် ဆယ်ပါး အပြားရှိ၏၊ ထိုပါရမီဆယ်ပါးသည် သမ္မာဒိဋ္ဌိတည်းဟူသော ဝိပဿနာ ဉာဏစရိယ ရှေ့သွားရှိသော—

၁။ ဒါနပါရမီ အစုလေးပါး,

၂။ သီလပါရမီ အစုလေးပါး,

၃။ နိက္ခမပါရမီ အစုလေးပါး—

ဤသို့လေးပါး လေးပါးစီရှိသောပါရမီ ၁၂-ပါးတွင် ပညာပါရမီသုံးပါး ကိုတပေါင်းတည်းပြု၍ ပါရမီဆယ်ပါးဖြစ်၏၊ ဤပါရမီဆယ်ပါးကို သပ္ပုရိသ ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကိုညွတ်သောစိတ်, နိဗ္ဗာန်ကိုကိုင်းသောစိတ်, နိဗ္ဗာန် ကိုရှိုင်းသောစိတ်ဖြင့် ဘာဝေတဗ္ဗ မဂ္ဂသစ္စာပြု၍ နိဿရဏသံသရာ၌ ဓမ္မာရုံ ဖြစ်သော ပရမတ္ထပါရမီကို အားထုတ်၍ ပြုကြကုန်၏၊ဤသို့ဆယ်ပါးအပြား ရှိသော ဒါန, သီလ ဟူသော စေတနာသည် သမ္မာဒိဋ္ဌိအမျှးရှိသော ပါရမီ စေတနာ,မိစ္ဆာဒိဋ္ဌိအမျှးရှိသော ဒါန,သီလ စသောစေတနာ၊ဤသို့သပ္ပုရိသ ပုဂ္ဂိုလ်နှင့် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်ဟူ၍ နှစ်ပါးပြားသောကြောင့် ဒါန-ဒါန, သီလ-သီလ,ဘာဝနာ-ဘာဝနာဟူ၍ ဒွယ-ဒွယအားဖြင့် ဟောတော်မူ၏။

ဤသို့ မြတ်စွာဘုရားသည် ဒါန, သီလ, ဘာဝနာ ကို ဒွယ-ဒွယနှစ်ပါး- နှစ်ပါးပြု၍ ဟောတော်မူခြင်းသည် ကေတ္တ နည်းအားဖြင့်၎င်း, သမာန ရူပါ-ပဟေဠိ အလင်္ကာနည်းအားဖြင့်၎င်း ဟောတော်မူ၏၊ထိုသို့ဟောတော် မူသော ဒေသနာတော်သည် ကေတ္တနည်းအားဖြင့် အသံ သဒ္ဒါ ပုဒ် ဗျည်း အားဖြင့် တူသော်လည်း နာနတ္တနည်း, အဗျာပါရနည်း, ဧဝံဓမ္မတာနည်း အားဖြင့်မတူ၍ ကွဲပြားခြားနား၏၊ ထိုသို့ ဒါန, သီလ, ဘာဝနာ ဟူသော ပုညကုသိုလ် သင်္ခါရ၏ နှစ်ပါးကွဲပြားသည်ကို ဤသို့ဟောတော်မူ၏။

တနေ့သ၌ မိထွေးတော် ပဇာပတိဂေါတမီသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားလေ၏၊ "မြတ်စွာဘုရား.... အရှင်ဘုရား ဟောတော်မူသော "ပုညံ ဘိက္ခဝေ မာဘာယိတ္ထ၊ ပုညံ ဘာယတော သုခံ ဘာယတိနာမ"ဟူ သော ဒေသနာတော်ကို အညတိတ္ထိယ မည်သော မိစ္ဆာဒိဋ္ဌိတို့သည် မိမိတို့၏ အယူဝါဒနှင့် အတူပြု၍ ဟောပြော၍ နေကြပါကုန်၏၊ မြတ်စွာဘုရား.... အရှင်ဘုရား၏ တရားတော်နှင့်အသံ သဒ္ဒါ ဗျဉ္ဇန အားဖြင့် တူပင် တူငြား သော်လည်း သမာနရူပါ ပဟေဠိအလင်္ကာအားဖြင့် ကွဲပြားခြားနား၍ ထူးသည်ကို မသိနိုင်ပါ မြတ်စွာဘုရား"ဟု မိထွေးတော်ပဇာပတိ ဂေါတမီ သည် မြတ်စွာဘုရားကို လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏၊"မိတ္ထေးတော် ပဇာပတိဂေါတမီ ငါဘုရား၏ တရားတော်သည်—

၁။ ဝဋ္ဋအာစယဂါမိ မည်သော ဒါန, သီလ, ဘာဝနာဟူ၍ သုံးပါး,
၂။ ဝိဝဋ္ဋအပစယဂါမိ မည်သော ဒါန,သီလ,ဘာဝနာဟူ၍သုံးပါး"—

ဤသို့နှစ်ပါး နှစ်ပါး ဒွယ-အားဖြင့်ဟောတော်မူ၏၊ဤအသုဒ္ဓဓမ္မဟူသော သံခါရပဋိစ္စသမုပ္ပါဒ သံသရာ၌ အန္ဓပုထုဇဉ်ဟု ဆိုအပ်သော အညာဏစရိယ ပုဂ္ဂိုလ်တို့သည် ဘဝကိုညွတ်သော သဿတဒိဋ္ဌိဖြင့်၎င်း,ဝိဘဝကို ညွတ်သော ဥစ္ဆေဒဒိဋ္ဌိဖြင့်၎င်း ဥဒ္ဓစ္စ, အဝိဇ္ဇာနှင့်မာန, တဏှာဟူသော မူလနှစ်ပါး ကိုသမထဘာဝနာဖြင့် ပယ်၍ ဒိဋ္ဌိဟူသော တဏှာ, ဝိစိကိစ္ဆာဟူသော အဝိဇ္ဇာနှင့်တကွ ဒါန,သီလ, ဘာဝနာဟူသော ပုညကုသိုလ်သံခါရကို အား ထုတ်၍ ပြုကြကုန်၏၊ ထိုသူတို့၏ ပြုကြသော ဒါန, သီလ, ဘာဝနာသည် မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်သော တိဟိတ် ဉာဏ သမ္ပယုတ် ကုသိုလ်မျိုးသာ ဖြစ်သော ကြောင့် မဂ္ဂသစ္စာလည်း မထိုက်၊ ပါရမီကုသိုလ်လည်း မဖြစ်၊ထိုသို့သဘော ရှိသော ဒါန, သီလ, ဘာဝနာဟူသော ပုညကုသိုလ်သည် အာစယဂါမိ ကုသိုလ်မည်၏၊ ထိုအာစယဂါမိမည်သော ကုသိုလ်ပုညမျိုးကို ငါဘုရား ဟောတော်မမူ။

ငါးဘုရားဟောတော်မူသော ဒါန, သီလ,ဘာဝနာမည်သည်ကား သုတ္တ, ဂေယျ, ဝေယျာ ကရဏ စသော အင်္ဂါကိုးပါးရှိသော သုဒ္ဓဓမ္မဝိဟာရီမည် သော ပရိယတ်မှ လာသော ဒါန, သီလ, ဘာဝနာသာလျှင် အပစယဂါမိ ဟူသော ဘာဝေတဗ္ဗ မဂ္ဂ သစ္စာလည်းမည်၏၊ ပါရမီကုသိုလ် ပုညလည်း မည်၏၊ ထိုအပစယဂါမိ မည်သော ဘာဝေတဗ္ဗ မဂ္ဂ သစ္စာ သမ္မာဒိဋ္ဌိ ကုသိုလ်မျိုးသည် ပဋိစ္စသမုပ္ပါဒနိဿရဏ သံသရာ၌နေသော သဒ္ဓါနုသာရီ, ဓမ္မာနုသာရီမည်သော သပ္ပုရိသသူတော်ကောင်းတို့၏ သမ္မာ သတိ, သမ္မာ ဝါယာမ မဂ္ဂင်ဖြင့် အားထုတ်ကြသော ပါရမီကုသိုလ် ပုညမျိုးသာတည်း၊ ထိုဒါန, သီလ, ဘာဝနာ ကုသိုလ်ပုညသည်သာလျှင် ငါဘုရားဟောအပ် သော သုတ်, ဝိနည်း, အဘိဓမ္မာမည်၏ ဟု "စူဠဝါပါဠိတော်"တွင် ဟော တော်မူ၏။

အပစယာယ သံဝတ္တန္တိ၊ နော အာစယာယ ဂေါ်သေန ဂေါတမိ ဓာရေယျာသိ၊သော ဓမ္မော၊ သော ဝိနယော၊ တံ သတ္ထု သာ- သနန္တိ။

ဂေါဟမိ၊ မိထွေးတော် ပဇာပတိ ဂေါတမီ၊ကော်သေန၊ စင်စစ်အားဖြင့်။ အပစယာယ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဘို့ အကျိုးငှာသာလျှင်။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ အာစယာယ၊ သံသရာ၌ ကျင်လည်စေခြင်းအကျိုးငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ သော၊ ဤအပစယဂါမိတရားသည်။ ဓမ္မော၊ ဓမ္မမည်၏။ သော၊ ဤတရားသည်။ ဝိနယော၊ ဝိနည်းမည်၏။ တံ၊ ဤတရားသည်၊ သတ္ထုသာသနံ၊ မြတ်စွာဘုရား၏ အဆုံးအမတော်တည်း။ ဣတိ၊ ဤသို့။ ဓာရေယျာသိ၊ မှတ်လေလော့။

ဤသို့ ပုညကုသိုလ်သင်္ခါရ နှစ်ပါးပြားသောကြောင့် တိဟိတ်ပုဂ္ဂိုလ် လည်း နှစ်ပါးပြား၏၊ တိဟိတ်ပုဂ္ဂိုလ်နှစ်ပါး ဟူသော်ကား—

ဒိဋ္ဌိ,ဝိစိကိစ္ဆာကိုမပယ်စွန့်နိုင်သေး၍ ဥဒ္ဓစ္စ,မာနဟူသောအဝိဇ္ဇာတဏှာ ကိုသာလျှင် ဒါန,သီလ, ဘာဝနာဖြင့်ပယ်သော အလောဘ, အဒေါသ, အမောဟ ဟူသော ဟိတ်သုံးပါးနှင့်ယှဉ်သော ဉာဏသမ္ပယုတ်ဟူသော တိဟိတ်သည် အညာဏစရိယမည်သော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်၏ တိဟိတ်မည်၏။

ဒိဋ္ဌိ,ဝိစိကိစ္ဆာဟူသော အဝိဇ္ဇာနှင့်တဏှာကို ပယ်စွန့်၍ ကြွင်းကျန်သော ဥဒ္ဓစ္စ,မာနနှင့်တကွ အလောဘ, အဒေါသ,အမောဟဟူသော ဟိတ်သုံးပါး နှင့်ယှဉ်သော ဉာဏသမ္ပယုတ်မည်သောတိဟိတ်သည် ဉာဏစရိယမည်သော သပ္ပုရိသ သေက္ခပုဂ္ဂိုလ်တို့၏ တိဟိတ်မည်၏။

ထိုဉာဏစရိယမည်သော သပ္ပုရိသ သေက္ခပုဂ္ဂိုလ်တို့၏တိဟိတ်နှင့်ယှဉ်၍ပြု သောဒါန, သီလ, နိက္ခမဟူသော ပါရမီဆယ်ပါးသည် လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာကို ပေးစွမ်းနိုင်သော တိဟိတ်ကုသိုလ်ဟု ဆိုအပ်သော ပုညာဘိသင်္ခါရ မဂ္ဂသစ္စာထိုက်သော တရားပေတည်း၊ဤသို့ပြဆိုခဲ့သော တိဟိတ် ပုဂ္ဂိုလ်နှစ်ယောက်တို့တွင် အညာဏစရိယ အန္ဓပုထုဇဉ်ဖြစ်သော တိဟိတ်ပုဂ္ဂိုလ်သည် ပဋိသန္ဓေကလာသော တိဟိတ်ဖြစ်စေ, ပဝတ္တိအခါမှဖြစ် သောတိဟိတ်ဖြစ်စေ၊ထိုအန္ဓပုထုဇဉ်ဟူသောတိဟိတ်ပုဂ္ဂိုလ်သည် ဘဝဂ်ဘုံသို့ ရောက်၍ သွားသော်လည်း အဆင့်ဆင့်ဘဝကူး၍ တဘန်မုချ အပါယ်လေး ဘုံသို့ပြန်၍ ရောက်ရလတ္တံ့၊ ထိုကြောင့် ထိုတိဟိတ်ပုဂ္ဂိုလ်ကို မြတ်သည်ဟူ၍ လည်း ဟောတော်မမူ၊ထိုအန္ဓပုထုဇဉ် တိဟိတ်ပုဂ္ဂိုလ်အတွက်ကြောင့် အရှုပ လေးဘုံကို ရပ်ပြစ်ရှစ်ပါးတွင်ထည့်၍ ဟောတော်မူ၏။

ဤကား အညာဏစရိယမည်သော ဒါန,သီလ,နိက္ခမ
ပါရမီကုသိုလ်ကို ပြဆိုသောအခန်းတည်း။

## ၄၃။ ဘာဝေတဗ္ဗတရားကိုပြဆိုခြင်း

သပ္ပုရိသ ဉာဏစရိယမည်သော တိဟိတ်ပုဂ္ဂိုလ်သည်ကား ပဋိသန္ဓေက လာသော တိဟိတ်ဖြစ်စေ, ပဝတ္တိအခါ၌ သပ္ပုရိသပုဂ္ဂိုလ်ကို တွေ့၍တရား တော်ကို နာရသဖြင့် ဝိပဿနာဉာဏစရိယ သမ္မာဒိဋ္ဌိဖြစ်၍ ဉာဏသမ္ပယုတ် နှင့်ယှဉ်သော တိဟိတ်ဖြစ်စေ၊ ထိုသို့သပ္ပုရိသဘုံသို့နင်းမိသော တိဟိတ် ပုဂ္ဂိုလ်၏ ပြုအပ်သော ဒါန, သီလ, နိက္ခမဟူသော ပါရမီကုသိုလ်သည်သာ လျှင် နိဗ္ဗာန်ကိုညွတ်ခြင်း, နိဗ္ဗာန်ကိုကိုင်းခြင်း, နိဗ္ဗာန်ကိုရှိုင်းခြင်း အမှုကို အားထုတ်ခြင်းငှါ စွမ်းနိုင်၏၊ ဤသို့သဘောရှိသော တိဟိတ် ပုဂ္ဂိုလ်ကိုသာ လျှင် မြတ်စွာဘုရားသည် ပဏ္ဍိတဟုခေါ်၍ ချီးမွမ်းတော်မူ၏၊ ထို့ကြောင့် "မဟာနိဒ္ဒေသပါဠိတော်"၌—

နိဗ္ဗာနနိန္နော နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရော ကုသလာဘိ-
သင်္ခါရံ အဘိသင်္ခရောတိ။

ဟု ရှင်သာရိပုတ္တရာ ဟောတော်မူ၏။

ဤသို့နိဗ္ဗာန်သို့ ညွတ်သောစိတ်, နိဗ္ဗာန်သို့ကိုင်းသောစိတ်, နိဗ္ဗာန်သို့ ရှိုင်း သောစိတ်ကို ဖြစ်စေရမည်ဆိုသော် နိဗ္ဗာန်ဟူသည် အဘယ်သို့သဘောရှိပါ သနည်း။

နိဗ္ဗာန်ကိုအကျယ်ချဲ့၍ ပြဆိုဦးအံ့၊ နိရောဓသစ္စာမည်သော နိဗ္ဗာန်သည် နှစ်ပါး အပြားရှိ၏၊ နှစ်ပါးဟူသော်ကား—

၁။ သဉပါဒိသေသ နိရောဓသစ္စာမည်သော နိဗ္ဗာန်တပါး,
၂။ အနုပါဒိသေသ နိရောဓ သစ္စာမည်သော နိဗ္ဗာန်တပါး-

၁။ ဒိဋ္ဌိဟူသော တဏှာအမြစ်, ဝိစိကိစ္ဆာဟူသော အဝိဇ္ဇာအမြစ်၊ ဤ ဒိဋ္ဌိ,ဝိစိကိစ္ဆာအမြစ်နှစ်ပါးကို ကြားနာရ၍ ဓမ္မသဝန တည်းဟူသော ဒဿန ကိုရ၍ ရှေးဦးစွာပယ်စွန့်သော သမ္မာဒိဋ္ဌိဉာဏ်သည် ဥဒ္ဓစ္စနှင့် မာနဟူသော ဥပါဒါနက္ခန္ဓာ ကြွင်းကျန်သောကြောင့် သဉပါဒိသေသ နိရောဓသစ္စာ နိဗ္ဗာန်မည်၏။

၂။ အနုပါဒိသေသ နိရောဓသစ္စာနိဗ္ဗာန်ဟူသည်ကား ထိုဥဒ္ဓစ္စ, မာနနှင့် တကွ အဝိဇ္ဇာနှင့် တဏှာဟူသော အမြစ်နှစ်ပါးကို အကြွင်း အကျန် မရှိ အကုန်ချုပ်ငြိမ်းသောနိဗ္ဗာန်သည် အနုပါဒိသေသ နိရောဓသစ္စာ နိဗ္ဗာန် မည်၏။

နိရောဓ ဓမ္မဟူသော ဒုက္ခသစ္စာ၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဘာဝေတဗ္ဗတရားတို့ကို ပြဆိုလိုက်ဦးအံ့။

ထိုဘာဝေတဗ္ဗဖြစ်သော ပရမတ္တ စေတသိက ဓမ္မာရုံသည်ပင်လျှင် ပဋိစ္စသမုပ္ပါဒနိဿရဏသံသရာမည်၏၊ ဘာဝေတဗ္ဗတရား ဟူသည်ကား—

၁။ သတိပဋ္ဌာန်လေးပါးဟူသော သတိစေတသိက် တပါး,

၂။ သမ္မပ္ပဓာန်လေးပါး ဟူသောဝီရိယစေတသိက်တပါး,

၃။ စိတ်ဓမ္မာရုံတပါး, ဆန္ဒစေတသိက်တပါး, အမောဟ စေတသိက် တပါး, ဝီရိယစေတသိက် တပါး၊ ဤလေးပါးသော တရားသည် ဣဒ္ဓိပ္ပါဒ်လေးပါးမည်၏။

၄။ သဒ္ဓါစေတသိက်, သတိစေတသိက်, အမောဟစေတသိက်, ဝီရိယ စေတသိက်,ဧကဂ္ဂတာစေတသိက်၊ ဤငါးပါးသောတရားသည် ဣန္ဒြေ ငါးပါးလည်းမည်၏။

၅။ ဗုဒ္ဓြေငါးပါးလည်းမည်၏။

၆။ သတိ စေတသိက်, အမောဟ စေတသိက်, ဝီရိယ စေတသိက်, ပီတိ စေတသိက်,ဝေဒနာ သညာ သင်္ခါရ ဟူသော ခန္ဓာသုံးပါး၏ငြိမ်းခြင်း ဟူသော ကာယပဿဒ္ဓိ စေတသိက်နှင့် ဓမ္မာရုံဖြစ်သော စိတ်၏ငြိမ်း ခြင်းဟူသော စိတ္တပဿဒ္ဓိစေတသိက်,ဓမ္မာရုံဥပေက္ခာဟူသော တတြ မဇ္ဈတ္တတာစေတသိက်, ဧကဂ္ဂတာစေတသိက်၊ ဤခုနစ်ပါးသော စေတသိက်တို့သည် ဗောဇ္ဈင်ခုနစ်ပါး မည်ကုန်၏။

၇။ အမောဟစေတသိက်,ဝိတက် စေတသိက်,သမ္မာဝါစာ စေတသိက်, သမ္မာကမ္မန္တ စေတသိက်, သမ္မာအာဇီဝ စေတသိက်, ဝီရိယစေတ သိက်,သတိ စေတသိက်, ဧကဂ္ဂတာစေတသိက်၊ ဤတရားတို့သည် မဂ္ဂင်တရားမည်ကုန်၏။

ဤသို့ စေတသိက်အားဖြင့် သုံးဆယ့်ရှစ်ပါး, ဗောဓိပက္ခိယ အားဖြင့် သုံးဆယ့်ခုနစ်ပါးသော တရားတို့သည် နိရောဓ သစ္စာမည်သော နှစ်ပါး သော နိဗ္ဗာန်သို့ရောက်ခြင်း၏ အကြောင်းဖြစ်သော ဘာဝေတဗ္ဗမည်သော ပရမတ္ထဓမ္မာရုံ တရားတို့သာတည်း၊ ထိုသုံးဆယ့်ရှစ်ပါးသော စေတသိက် တို့တွင် ကာမာဝစရ မဟာကုသိုလ်စိတ်နှင့် လောကုတ္တရာစိတ်မှာ ယှဉ်သော မဂ္ဂင်ရှစ်ပါးသည်သာလျှင် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော စေတသိက်တို့သည် ဘာဝေတဗ္ဗသာမည်ကုန်၏၊ သစ္စာဟူသောအမည်ကိုမရ၊ ထိုသုံးဆယ့်ရှစ်ပါး

သောစေတသိက်တို့တွင် ကာယပဿဒ္ဓိစေတသိက်နှင့် စိတ္တပဿဒ္ဓိစေတသိက် နှစ်ပါးသည် ငြိမ်းခြင်းတူသော်လည်း သဘောအားဖြင့်မတူ၊ ကာယပဿဒ္ဓိ ဟူသည် ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာသုံးပါးတို့၏ ငြိမ်းခြင်းသည် ကာယပဿဒ္ဓိမည်၏၊ ထို့ကြောင့် ဤသို့ဟောတော်မူ၏။

> ကတမာ တသ္မိံ သမယေ ကာယပဿဒ္ဓိ ဟောတိ၊ ယာ တသ္မိံ သမယေ ဝေဒနက္ခန္ဓဿ သညက္ခန္ဓဿ သင်္ခါရက္ခန္ဓဿ ပဿဒ္ဓိ ပဋိပဿဒ္ဓိ ပဿမ္ဘနာ ပဋိပဿမ္ဘနာ ပဿမ္ဘိတတ္တံ အယံ တသ္မိံ သမယေ ကာယ ပဿဒ္ဓိ ဟောတိ။
>
> [ဓမ္မသင်္ဂဏီ ပါဠိတော်။]

သတိပဋ္ဌာန်လေးပါးသည်လည်း သတိစေတသိက်သည် ပရမတ္ထဓမ္မာရုံသာ ဖြစ်သောကြောင့် ထိုသတိပဋ္ဌာန်လေးပါးလုံးပင် ဓမ္မာရုံမည်၏၊ ထို့ကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဝေဒနက္ခန္ဓာ,သညက္ခန္ဓာ,သင်္ခါရက္ခန္ဓာနှင့် တကွ ဓမ္မာရုံဖြစ်သော ရူပက္ခန္ဓာ၊ ဤလေးပါးကို ကောက်ယူအပ်၏၊ စိတ္တာ နုပဿနာ သတိပဋ္ဌာန်ကိုငင်း, စိတ္တိန္ဒြိယဒ္ဒြိယဟူသောစိတ်ကိုငင်း, စိတ္တပဿဒ္ဓိ ဟူသောစိတ်ကိုငင်း ပရမတ္ထဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ်ကို ကောက်ယူ အပ်၏၊ ထို့ကြောင့် ဤသို့ဟောတော်မူ၏။

> ကတမာ တသ္မိံသမယေ စိတ္တပဿဒ္ဓိ ဟောတိ၊ ယာ တသ္မိံသမယေ ဝိညာဏက္ခန္ဓဿ ပဿဒ္ဓိ ပဋိပဿဒ္ဓိ ပဿမ္ဘနာ ပဋိပဿမ္ဘနာ ပဿမ္ဘိတတ္တံ အယံ တသ္မိံသမယေ စိတ္တပဿဒ္ဓိ ဟောတိ။
>
> [ဓမ္မသင်္ဂဏီ ပါဠိတော်။]

တသ္မိံသမယေ၊ ထိုအခါ၌။ စိတ္တပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိစေတသိက်သည်။ ကတမာဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ တသ္မိံသမယေ၊ ထိုအခါ၌။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ယာပဿဒ္ဓိ၊ အကြင်ငြိမ်းခြင်းသည်။ ယာပဋိပဿဒ္ဓိ၊ သည်။ ယာပဿမ္ဘနာ၊ သည်။ ယာပဋိပဿမ္ဘနာ၊ သည်။ ယံပဿမ္ဘိတတ္တံ၊ သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံသမယေ၊ ထိုအခါ၌။ အယံ စိတ္တပဿဒ္ဓိ၊ ဤစိတ္တပဿဒ္ဓိစေတသိက်သည်။ ဟောတိ၊ ဖြစ်၏။

ထိုစေတသိက် ဓမ္မာရုံတရားတို့သည် နိဿတ္တ,နိဇ္ဇီဝဖြစ်၍ ဥပါဒ်,ဋ္ဌီ,ဘင် အထည်ဒြပ်ကင်းသော ပဋိစ္စသမုပ္ပါဒမည်သော နိဿရဏ သံသရာမည်ကုန် ၏၊ ထိုဓမ္မာရုံဖြစ်သော စေတသိက်တို့သည် ဝိညာဏဒ္ဓိတိဟူသော စိတ် ဝိညာဏ်ကဲ့သို့ ဥပါဒ်,ဋ္ဌီ,ဘင်ရှိသည်ဟု ယူငြားအံ့၊ဓမ္မာရုံဖြစ်သော စေတသိက်

တို့သည်လည်း ဝိညာဏဋ္ဌိတိဖြစ်ရာ၏၊ ဝိညာဏဋ္ဌိတိဟူသော စိတ်ဝိညာဏ် သည်လည်း ဓမ္မာရုံပဋိစ္စသမုပ္ပါဒဖြစ်ရာ၏၊ ထိုသို့ဖြစ်သည်ရှိသော် ဘာဝေတဗ္ဗ တရားလည်း ပရိညေယျ၊ ပရိညေယျတရားလည်း ဘာဝေတဗ္ဗဖြစ်၍ သစ္စာ တရား၌ ရှုပ်ထွေးရာ၏၊ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ၌ "ကေပ္ပါဒနိရော ဓာစ၊ ကောလမ္ဗဏဝတ္ထုကာ" ဟူသောစကားသည် ဝိညာဏဋ္ဌိတိမည်သော စိတ်ဝိညာဏ်၏ ဗျာပါရရှိသရွေ့ကို ဥပါဒါရုံဟူသော ဓမ္မာရုံသဘော အဖြစ် ဖြင့် အတူပြု၍နေသည်ကို ကေပ္ပါဒ,ေနိရောဓ, ကောလမ္ဗဏ, ကေဝတ္ထုက ဟု ဆို၏၊ ဗျာပါရရှိသော စိတ်ဝိညာဏ်နှင့် တူသော သန္တာန် ရှိသည်ကို ဆို၏၊ ထိုစေတသိက်ရုပ်ဟူသော ဓမ္မာရုံတို့သည်ကား အဗျာပါရတရားမျိုး တို့သာတည်း၊ ဤဓမ္မာရုံအရာမှာ အလွန်ရှုပ်ထွေး၏၊ ဝိပဿနာဉာဏစရိယ ဉာဏ်နှင့် ယောနိသောမနသိကာရကို နှလုံးသွင်း၍ စဉ်းစားဆင်ခြင်အပ်၏။

ဤသို့ဝိပဿနာဉာဏစရိယ တိဟိတ်ပုညနှင့် ဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့်တကွသော အဉာဏစရိယ တိဟိတ်ပုညနှစ်ပါး၌ ပဟောဠိအလကာ ရှုပ်ထွေးသကဲ့သို့ ပရိညေယျတရားနှင့် ဘာဝေတဗ္ဗ,အဘိညာပရိညေယျ, အဘိညာပဟာတဗ္ဗ တရားလေးပါးတို့ကို သမ္မာသတိ ကောင်းစွာထား၍ ရှုဆင်ခြင်အပ်၏၊ သပ္ပုရိသပုဂ္ဂိုလ်တို့ အားထုတ်၍အမြဲနေသော ဘာဝေတဗ္ဗတရားသည်ကား–

၁။ ဒါနနှင့် ဝီရိယ,မေတ္တာ,ပညာ,

၂။ သီလနှင့် ခန္တီ,သစ္စာ,ပညာ,

၃။ နိက္ခမနှင့် ဥပေက္ခာ,အဓိဋ္ဌာန်,ပညာ–

ဤသို့ ဒါန,သီလ,နိက္ခမ,တည်းဟူသော ဝိပဿနာ ဉာဏစရိယ တိဟိတ် ကုသိုလ်ပါရမီတည်းဟူသော ပုညကိုသာ အားထုတ်တော်မူကြကုန်၏၊ ဤသို့ သပ္ပုရိသ သူတော်ကောင်းတို့၏ အားထုတ်အပ်သော ဒါန, သီလ, နိက္ခမ ဟူသောပုညသည်–

၁။ ဝိပဿနာဉာဏစရိယမည်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်နှင့် ယှဉ်သော သမ္မာဒိဋ္ဌိမဂ္ဂင် ဟူသော ပုညတပါး,

၂။ သောတာပတ္တိမဂ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိမဂ္ဂင် ဟူသော ပုညတပါး,

၃။ အရဟတ္တမဂ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိမဂ္ဂင် ဟူသော ပုညတပါး-

ထိုသုံးပါးသော ပုညတို့တွင်-

၁။ ဒိဋ္ဌိ,ဝိစိကိစ္ဆာ တည်းဟူသော အဝိဇ္ဇာ,တဏှာ ဟူသော မူလနှစ်ပါးကို အဘိညာပဟာတဗ္ဗအားဖြင့် ပယ်ခွါစွန့်ပစ်သော သပ္ပုရိသ ပုဂ္ဂိုလ်တို့ ပြုအပ်သော ဒါန,သီလ,နိက္ခမ ဟူသော ပါရမီဆယ်ပါးသည် တဒင်္ဂပဟာတဗ္ဗသမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

၂။ သောတာပန် ပုဂ္ဂိုလ်ပြုအပ်သော ဒါန,သီလ,နိက္ခမ ဘာဝနာ ဟူသော သမ္မာဒိဋ္ဌိ ကုသိုလ်သည် သမုစ္ဆေဒ ပဟာတဗ္ဗသမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

၃။ အရဟတ္တမဂ် ဟူသော မဂ်ကုသိုလ်သည် ဥဒ္ဓစ္စ,မာန ဟူသော အဝိဇ္ဇာ,တဏှာ ဟူသော မူလနှစ်ပါးကို အကြွင်းမဲ့ ပယ်ဖြတ်သည်၏ အဖြစ်ကြောင့် အသေသဝိရာဂ သမုစ္ဆေဒပဟာတဗ္ဗ သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏၊ ပဋိပဿမ္ဘနပဟာတဗ္ဗ သမ္မာဒိဋ္ဌိလည်း မည်၏။

ဤသို့ ပဋိစ္စသမုပ္ပါဒ တည်းဟူသော နိဿရဏ သံသရာ၌ သပ္ပုရိသပုဂ္ဂိုလ် ပြုအပ်သော တိဟိတ်ပုညကုသိုလ်ပါရမီဒါနလေးပါး,ပါရမီသီလ လေးပါး, ပါရမီနိက္ခမ လေးပါး ဟူသော ကုသိုလ်ကိုသာလျှင် မြတ်စွာဘုရားသခင်တို့သည် ချီးမွမ်းတော်မူကြကုန်၏၊ထိုကြောင့် ပဋိစ္စသမုပ္ပါဒဟူသော သံသရာကို နိဗ္ဗာန်သို့ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်သော ဘာဝေတဗ္ဗတရားရှိခြင်းကြောင့် နိဿရဏ သံသရာ ဟုဟောတော်မူ၏။

ဤကား ဘာဝေတဗ္ဗတရားကိုပြဆိုသောအခဏ်းတည်း။

---

## ၄၄။ နိဗ္ဗာန်အမျိုးမျိုးကိုပြဆိုခြင်း

ထိုနိဿရဏသံသရာသည် အဘယ်သို့ သဘောရှိသနည်းဟု ဆိုသော်- ဇာတ,ဘူတ,ကတ,သင်္ခတ သဘောရှိ၏ဟု ပြတော်မူလိုသော မြတ်စွာဘုရားသည် "ဥဒါန်းပါဠိတော်"၌ ဤသို့မိန့်တော်မူ၏။

> ယသ္မာ စခေါ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ။

ဤသို့အဇာတ, အဘူတ, အကတ, အသင်္ခတဟူသော အနုပါဒိသေသ မည်သော ပစ္ဆာနိဗ္ဗာန်သည် ပရမတ္ထ ဓမ္မာရုံအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ပုဗ္ဗမည်သော ပဋိစ္စသမုပ္ပါဒ နိဿရဏ သံသရာ၌ ပရမတ္ထ

ဓမ္မာရုံအားဖြင့် ထင်ရှားရှိသော ဇာတ,ဘူတ,ကတ,သင်္ခတ ဟူသော လေးပါးသော နိဿရဏ ကိုလည်း ပုဗ္ဗဟူသော ဝိပဿနာဉာဏစရိယ ဟူသော သမ္မာဒိဋ္ဌိဉာဏ်ဟု ဆိုအပ်သော ဓမ္မဋ္ဌိတိဉာဏ်ဖြင့် သိအပ်၏၊အဘယ် သို့သိအပ်သနည်း၊ ထို ဇာတ,ဘူတ,ကတ,သင်္ခတ ဟူသော တရားလေးပါး သည် ပဋိစ္စသမုပ္ပန္န ဟူသော ဓမ္မာရုံနာမ်တရားသည် ဒုက္ခကို ဖြစ်စေအပ်, ပြုအပ်သောတရားကို ပြဆိုသောစကားတည်း၊ ထိုပဋိစ္စသမုပ္ပန္နဒုက္ခသည် အဘိညာ ပရိညေယျ ဒုက္ခသစ္စာ မည်၏ဟု ပြဆိုတော်မူ၏၊ ထိုကြောင့် ရှင်ဥပဝါန ဒုက္ခကို မေးလျှောက်ရာတွင် မြတ်စွာဘုရားသည် "နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်"၌"ပဋိစ္စသမုပ္ပန္နံ ဒုက္ခံ ဝုတ္တံ မယာ"ဟုဟောတော်မူ၏၊ ပဋိစ္စသမုပ္ပန္န ဟူသော နိရောဓ ဓမ္မ အနိစ္စဓမ္မသည်'ဒုက္ခသစ္စာကို ဖြစ်စေအပ်, ပြုစေအပ်၏ ဟူသော စကားတော်ကို ဇာတ,ဘူတ,ကတ,သင်္ခတ တရားနှင့် ဟောတော်မူ၏၊ ထိုသို့ဟောတော်မူခြင်းသည် ဇာတ, ဘူတ, ကတ, သင်္ခတ ဟူသော ပဋိစ္စသမုပ္ပန္န နိရောဓ ဓမ္မ၏အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းဟူသော သန္တိ လက္ခဏာသည် အဇာတ, အဘူတ, အကတ, အသင်္ခတဟု ပရမတ္ထဓမ္မာရုံ အားဖြင့် ထင်ရှားရှိသောနိဗ္ဗာန်ဟု "အတ္ထိ"သဒ္ဒါဖြင့် ဟောတော်မူ၏။

ထိုပဋိစ္စသမုပ္ပန္န ဟူသော ဇာတ, ဘူတ, ကတ, သင်္ခတ တရားတို့သည် ဖြစ်စေအပ်,ပြုစေအပ်သော အဘိညာပရိညေယျ ဒုက္ခသစ္စာကို ဝိပဿနာ ဉာဏစရိယဟူသော သပ္ပုရိသ တိဟိတ်ပုဂ္ဂိုလ်တို့သည်သာလျှင် သမ္မာဒိဋ္ဌိ မဂ္ဂင်ဟု ဆိုအပ်သော ဘာဝေတဗ္ဗမဂ္ဂသစ္စာဖြင့် ပယ်ဖြတ်ခြင်းငှါ စွမ်းနိုင်၏၊ ဤသို့မဟာကုသိုလ်ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်သည် သမုစ္ဆေဒဟူသော သောတာပတ္တိမဂ်ကုသိုလ်၏ အစိတ်အဘို့ ဖြစ်သောကြောင့် တဒင်္ဂဘာဝေ တဗ္ဗမဂ္ဂသစ္စာမည်၏ဟု ဟောတော်မူ၏၊ ထိုကြောင့် "မဟာနိဒ္ဒေသ ပါဠိ တော်"၌ "နိဗ္ဗာနနိန္နော၊ နိဗ္ဗာနပေါဏော၊ နိဗ္ဗာနပဗ္ဘာရော ကုသလာဘိ သင်္ခါရံ အဘိသင်္ခရောတိ"ဟု ဟောတော်မူ၏၊ ထိုဝိပဿနာဉာဏစရိယ တိဟိတ်ဖြစ်သော သပ္ပုရိသပုဂ္ဂိုလ်တို့၏ ညွတ်အပ်,ကိုင်းအပ်,ရှိုင်းအပ်သော နာမ်ဖြစ်သော ပရမတ္ထဓမ္မာရုံနိဗ္ဗာန်သည် နိဿရဏမည်၏၊ ထိုနိဿရဏဟူ သောနိဗ္ဗာန်ကို ဇာတ,ဘူတ,ကတ,သင်္ခတဟူသော ပဋိစ္စသမုပ္ပန္နဖြင့်ထောက် ၍ သိအပ်သောကြောင့် "တသ္မာ ပညာယတိ"ဟု ဟောတော်မူ၏၊ထိုပဋိစ္စ သမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာငါးပါးတို့၏ဖြစ်ခြင်းမှ ပျက်ခြင်းချုပ်ခြင်းသို့ ရောက်ခြင်းသည် ပဋိစ္စသမုပ္ပန္န နိရောဓဓမ္မအနိစ္စမည်၏၊ ထိုပဋိစ္စသမုပ္ပန္န နိရောဓ ဓမ္မအနိစ္စကို တဒင်္ဂဘာဝေတဗ္ဗသမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် ပယ်ခြင်းသည်ဂုဏ်း,

သမုစ္ဆေဒဘာဝေတဗ္ဗသမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် ပယ်ဖြတ်ခြင်း,ချုပ်စေခြင်းသည်၎င်း၊ နိရောဓသစ္စာ နိဗ္ဗာန်မည်၏ဟု ဟောတော်မူလိုသော မြတ်စွာဘုရားသည် "ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်"၌ ဤသို့ဟောတော်မူ၏။

ကတမေသာနံ ဓမ္မာနံ ဘန္တေ နိရောဓော နိရောဓောတိ ဝုစ္စတိ၊ ရူပံ ခေါ အာနန္ဒ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ၊ တဿ နိရောဓော နိရောဓောတိ ဝုစ္စတိ။

"ချစ်သားအာနန္ဒာ ဤပဋိစ္စသမုပ္ပါဒမည်သော ဥပါဒါနက္ခန္ဓာငါးပါးတို့၏ တဘန်မဖြစ်ဘဲ အကြွင်းမဲ့ချုပ်ငြိမ်းခြင်း နိရောဓကိုသာလျှင် နိရောဓသစ္စာနိဗ္ဗာန်"ဟု ဟောတော်မူ၏၊ထိုနိရောဓ သစ္စာနိဗ္ဗာန်ကိုသာလျှင် အမတနိဗ္ဗာန် ဟူ၍၎င်း, တဘန် ခန္ဓာငါးပါးမဖြစ်သော ငြိမ်းသော ခန္ဓာရှိသော ခန္ဓပရိနိဗ္ဗာန်ဟူ၍၎င်း ဟောတော်မူ၏၊ ဘူတရုပ်လေးပါးနှင့်တကွ စိတ်ဝိညာဏ်တော်၏ ဥပါဒ်,ဌီ, ဘင်အားဖြင့် ချုပ်ခြင်းကို နိရောဓသစ္စာနိဗ္ဗာန်ဟု ဟောတော်မမူ။

ဤစကားတွင် နိရောဓသစ္စာနှင့် နိရောဓ ဓမ္မဟူသော တရားနှစ်ပါးသည် အသံသဒ္ဒါအားဖြင့်တူ၏၊ အနက်သဘောကား မတူခြားနား၍ ကွဲပြား၏၊ နိရောဓ ဓမ္မဟူသော နိရောဓသည် ဥပါဒါနက္ခန္ဓာငါးပါးတို့၏ ပဋိစ္စသမုပ္ပန္နဖြစ်၍ ချုပ်ပျက်၍ သွားသည်ကို နိရောဓ ဓမ္မဟု ဟောတော်မူ၏။

နိရောဓသစ္စာ ဟူသော နိရောဓသည် ဇာတ,ဘူတ, ကတ, သင်္ခတမည်သော ပဋိစ္စသမုပ္ပန္န နိရောဓ ဓမ္မအနိစ္စ၏ အကြွင်းမဲ့ချုပ်ငြိမ်းခြင်း သန္တိသုခကို နိရောဓသစ္စာနိဗ္ဗာန်ဟု ဟောတော်မူ၏။

ထိုနိရောဓသစ္စာဟူသော နိဗ္ဗာန်သည်—

၁။ သဉပါဒိသေသနိရောဓနိဗ္ဗာန်တပါး,

၂။ အနုပါဒိသေသနိရောဓနိဗ္ဗာန်တပါး—

ဤသို့နိရောဓနိဗ္ဗာန်သည် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်—

၁။ ပုဗ္ဗဟူသော နိဗ္ဗာန်,ဒိဋ္ဌဓမ္မိက ဟူသောနိဗ္ဗာန်, ပုဗ္ဗေဓမ္မဋ္ဌိတိ ဟူသောနိဗ္ဗာန်တို့သည် သဉပါဒိသေသနိဗ္ဗာန်၏ အမည်တို့တည်း၊ဤသဉပါဒိသေသနိဗ္ဗာန်သည် ပဋိစ္စသမုပ္ပါဒ နိဿရဏ သံသရာ၌ပင်ရှိ၏။

၂။ သမ္မရာယိက နိဗ္ဗာန်, ပစ္စာနိဗ္ဗာန်, ကောဋိနိဗ္ဗာန်, ဒုက္ခဿန္တ ဟူသော အန္တနိဗ္ဗာန်၊ ဤနိဗ္ဗာန်တို့သည် အနုပါဒိသေသ နိဗ္ဗာန်၏အမည်တို့ ပေတည်း။

သဉပါဒိသေသ ဟူသောပုဒ်၌ သ-သဒ္ဒါသည် သဟတ္ထ တက္ကဟူသော အနက်ကိုဟော၏၊ ဉပါဒိ-ဟူသော သဒ္ဒါသည် ဉပါဒါနက္ခန္ဓာ ဟူသော အဝိဇ္ဇာ,တဏှာအမြစ် နှစ်ပါးကိုဟော၏၊သေသ-ဟူသောသဒ္ဒါသည် ဉဒ္ဒစ္စ နှင့် မာနဟူသော ဉပါဒါနက္ခန္ဓာငါးပါး,မူလနှစ်ပါး ကြွင်းကျန်သေးသည် ကို ဟော၏၊ အနုပါဒိသေသ ဟူသောပုဒ်၌ အနုပါဒိ-ဟူသော သဒ္ဒါသည် ပဋိစ္စသမုပ္ပါဒတည်းဟူသော ဉပါဒါနက္ခန္ဓာငါးပါး မရှိသည်ကို ဟော၏၊ သေသဟူသည်ကား အဝိဇ္ဇာ,တဏှာဟူသော မူလနှစ်ပါးနှင့်တကွ အကြွင်း အကျန်မရှိ အကုန်ချုပ်ငြိမ်းသောနိဗ္ဗာန်ကို ဟော၏။

ထိုသို့ ပဋိစ္စသမုပ္ပါဒဟူသောဉပါဒါနက္ခန္ဓာငါးပါး၏အိုခြင်းကင်းသည်ကို အဇရာဟု ဟောတော်မူ၏၊ ထိုခန္ဓာငါးပါး၏ သေခြင်းကင်းသည်ကို အမတ, အမရဏာဟု ဟောတော်မူ၏၊ ထိုသဉပါဒိသေသ မည်သော နိဗ္ဗာန်၌ ပုဗ္ဗ ဟူသော ၂နိဗ္ဗာန်သည် ဘယ်အခါမှစ၍ ရှေးပုဗ္ဗ ၇ ဆိုပါသနည်း၊ အကြင် ပုထုဇဉ်ပုဂ္ဂိုလ်သည်—

၁။ ယောနိသောမသိကာရ ဟူသော အတ္တသမာပဏိဓိ မင်္ဂလာနှင့် ပြည့်စုံခြင်းတပါး,
၂။ သပ္ပုရိသပုဂ္ဂိုလ်ကို ပေါင်းဖော်မှီဝဲခြင်းတပါး,
၃။ ထိုသပ္ပုရိသပုဂ္ဂိုလ်၏ သဒ္ဓမ္မသဝနတရားတော်ကို နာရခြင်းတပါး,
၄။ ဓမ္မာနုဓမ္မပဋိပတ္တိ ဉပါဒါနက္ခန္ဓာ ဟူသော လောကသံသရာမှ ထွက်မြောက်ရာ ဖြစ်သော ဝိပဿနာတရားကို အားထုတ်၍ ကျင့်ခြင်းတပါး—

ဤသို့ အင်္ဂါလေးပါးနှင့်ပြည့်စုံ၍ ဘုရား, တရား,သံဃာ တည်းဟူသော ရတနာသုံးပါး၏ဂုဏ်ကို ယုံကြည်မြတ်နိုးနိုင်သော သဒ္ဓါတရားကိုရသော အခါ သဒ္ဓါနုသာရီမည်သော ပုဂ္ဂိုလ်ဖြစ်၍ ဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့်တကွ အမြဲစွဲ၍ နေသော ပုထုဇဉ်၏အမြစ်မူလနှစ်ပါးကိုနုတ်၍ သပ္ပုရိသနယ်မြေသို့နင်းမိ, ဝင်မိ, သက်ဝင်မိ၍ သပ္ပုရိသပုဂ္ဂိုလ်၏ အဖြစ်သို့ရောက်သောနေ့သည် ပုဗ္ဗ မည်၏၊ထိုပုဗ္ဗသည် အဘယ်အခါသို့ရောက်မှ ကောဋိအန္တဟူသော အဆုံးသို့ ရောက်ပါသနည်း၊ အကြင်အခါ အဘိညာပဟာတဗ္ဗ သမုစ္ဆေဒအားဖြင့်

အဝိဇ္ဇာ,တဏှာဟူသောမူလနှစ်ပါးကို ပယ်ဖြတ်နိုင်သောအရဟတ္တမဂ်,အရဟတ္တဖိုလ်ဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ကိုရ၏၊ ထိုရသောနေ့သည် ကောဋိအန္တဟူသော အဆုံးသို့ရောက်သောအခါ မည်၏၊ ဤသို့ပုဗ္ဗနှင့် ကောဋိအကြားမှာ ကမ္ဘာကုဋေသိန်းသန်းမကအောင် ကာလအရေအတွက်ရှိ၏။

ထိုကြောင့် "မိလိန္ဒပဥှာ"တွင် ရှင်နာဂသိန်ကို မိလိန္ဒမင်းကြီးက မေးသည်မှာ၊ "အရှင်နာဂသိန်....နိဗ္ဗာန်သို့ကြွသွားကြသော အရိယာပုဂ္ဂိုလ်တို့သည် ဘယ်မျှလောက် ဘဝကူးပြောင်းမှ နိဗ္ဗာန်သို့အပြီးအဆုံးကောဋိနိဗ္ဗာန်သို့ရောက်ကြပါသနည်းဘုရား"ဟု မေးသောပြဿနာတွင် "ကိုးဘဝကူးပြောင်းမှ ကောဋိမည်သော အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည်"ဟု အရှင် နာဂသိန် အရှင်က ဖြေဆိုတော်မူ၏၊ ကိုးဘဝ ဟူသော်ကား လောကုတ္တရာဟူသော ရှစ်ဘဝနှင့် တိဟိတ်ဟူသော သပ္ပုရိသ ဘဝတပါးကို ထည့်၍ နိဗ္ဗာန်ရောက်ခြင်းဘဝကိုးပါးမည်၏။

ထိုပုဗ္ဗ, ကောဋိ ဟူသော နိဗ္ဗာန်နှစ်ပါးကို သာဓကနှင့်တကွ ပြဆိုလိုက်ဦးအံ့၊ ဤဘဒ္ဒက ကမ္ဘာမှပြန်၍ ရေသည်ရှိသော် လောက သုံးပါး၌ ပဒုမုတ္တိုရ် မြတ်စွာဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၏၊ထိုအခါ ဟိမဝန္တာတော၌ သမထဘာဝနာချာန်ကို အားထုတ်ပွားများ၍ နေသော ဇဋိလမည်သော ရသေ့သည်ရှိ၏၊ ထိုဇဋိလ ရသေ့သည် ပုထုဇဉ်သာဖြစ်၏၊ ထိုအခါ ပဒုမုတ္တိုရ်မြတ်စွာဘုရားသည် ရွှေဉာဏ်တော်ကွန်ယက်အတွင်းသို့ သက်ဝင်လာသောထိုရသေ့ကိုမြင်တော်မူ၍ကိုယ်တော်တိုင် ဟိမဝန္တာတောသို့ ကြွတော်မူ၍ထိုဇဋိလရသေ့၏ သောတဒွါရသို့ရောက်၍ကြားလောက်အောင် အဝေးကသီတင်းသုံးတော်မူ၍ ဂါထာတော်ကိုကျူးရင့်တော်မူ၏။

အနိစ္စာ ဝတ သင်္ခါရာ၊ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

[ထေရာအပဒါန်။]

သင်္ခါရာ၊ ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာဟူသော သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ မမြဲသော အနိစ္စဓမ္မာချည်းတို့ပါတကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း, ပျက်ခြင်းဟုဆိုအပ်သော ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္န တရားတို့ပါတကား။ ဥပ္ပဇ္ဇိတွာ၊ ပဋိစ္စသမုပ္ပါဒဖြစ်၍။ နိရုဇ္ဈန္တိ၊ ပဋိစ္စသမုပ္ပန္န နိရောဓဓမ္မ ချုပ်ခြင်းသို့ရောက်ရကုန်၏။ တေသံ၊ ပဋိစ္စသမုပ္ပန္န နိရောဓဓမ္မ အနိစ္စတရားတို့၏၊ ဝူပသမော၊ ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ ချမ်းသာ၏။

ဤသို့ ဇဋိလရသေ့သည် ထိုအသံကိုကြားသည်ရှိသော် အလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ သင်္ခါရတည်းဟူသော ပဋိစ္စသမုပ္ပါဒ၏ ဖြစ်ပေါ်လာရခြင်းသည် ပဋိစ္စသမုပ္ပန္နဟူသော အနိစ္စဓမ္မ ဖြစ်ခြင်းလျှင် အဆုံးရှိ၏ဟု အဘန်ဘန် နှလုံးသွင်း၍ လောဘဟူသော ဟိတ်၌ ဒိဋ္ဌိ,မောဟဟူသော ဟိတ်၌ ဝိစိကိစ္ဆာ၊ ထိုတဏှာနှင့် အဝိဇ္ဇာကို ဝိပဿနာဉာဏစရိယ ဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် အဘိညာပဟာတဗ္ဗတဒင်္ဂ ကုသိုလ်၏အစွမ်းဖြင့် ပယ်ခွါ၍ အလောဘ, အဒေါသ,အမောဟဟူသော ဟိတ်သုံးပါးရှိသော၊ တိဟေတုက သမ္မာဒိဋ္ဌိနှင့်တကွ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်၏ အဖြစ်သို့ရောက်၍ သပ္ပုရိသဘုံမြေသို့နင်းမိဝင်မိသည်ကို သိတော်မူ၍ ပဒုမုတ္တိုရ် မြတ်စွာဘုရားသည် ကျောင်းတော်သို့ပြန်တော်မူ၏။

ထိုဇဋိလရသေ့သည် ထိုသင်္ခါရတရား၏ ဉပ္ပါဒ ဝယဟူသော ဉဒယဗ္ဗယဉာဏ်ကို ပဋိသင်္ခါဉာဏ်ဖြင့် ဆင်ခြင်ပွါးများတော်မူ၍ တိဟေတုက သပ္ပုရိသပုဂ္ဂိုလ်၏ အဖြစ်သို့ရောက်ခြင်းသည် ပုဗ္ဗဟူသောနိဿရဏသံရာတွင် အစပုဗ္ဗဖြစ်၍ ကောဋိဟူသော ပစ္ဆာမည်သော အနုပါဒိသေသ နိဗ္ဗာန်မရောက်မီ ကမ္ဘာတသိန်းကာလပတ်လုံး လူ့ဘဝတွင် သူဌေးအမျိုးနှင့် မင်းမျိုးဟူသော နှစ်ပါးသော အမျိုးနှင့် ကမ္ဘာငါးသောင်း, နတ်ဘဝနှင့် နတ်ပြည်ခြောက်ထပ်တွင် ကမ္ဘာငါးသောင်း- ဤသို့ ကမ္ဘာတသိန်းကာလပတ်လုံး လူမင်း, နတ်မင်းတို့၏ စည်းစိမ်ချမ်းသာကိုခံစားပြီး၍ ယခုဘဒ္ဒကကမ္ဘာတွင် ဂေါတမမြတ်စွာဘုရားသာသနာတော်၌ ဇဋိလဟူသော ပုဗ္ဗသညာဖြင့် ရဟန်းပြု၍ ကောဋိဟူသောပစ္ဆာ နိဗ္ဗာန်သို့ဝင်တော်မူ၍ "ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ"ဟူသော အနုပါဒိသေသမည်သော နိဗ္ဗာန်၌ ဝိညာဏ်တော်တည်းဟူသော ပရိနိဗ္ဗုတ အဖြစ်ဖြင့် အဇာတ, အဘူတ, အကတ,အသင်္ခတမည်သော ပရမတ္ထဓမ္မာရုံ နာမ်ဟူသော နိဗ္ဗာန်၌ အမြဲနိစ္စ သန္တိသုခဖြင့် တည်တော်မူ၏ဟု "အပဒါန်ပါဠိတော်"၌ ပုဗ္ဗနှင့်ကောဋိကို ခွဲဝေ၍ပြတော်မူ၏။

ဤသို့ပဋိစ္စသမုပ္ပါဒနိဿရဏ သံသရာ၌ရှိသော အနမတ မည်သော ပုဗ္ဗနိဗ္ဗာန်နှင့် ကောဋိဟူသောနိဗ္ဗာန်နှစ်ပါးကိုဒိဋ္ဌိ,ဝိစိကိစ္ဆာဟူသောတဏှာ အဝိဇ္ဇာအမြစ်နှစ်ပါးရှိသော အန္ဓပုထုဇဉ် ဖြစ်သော အဟိတ်, ဒွိဟိတ်, တိဟိတ်ဟုဆိုအပ်သော ပုဂ္ဂိုလ်တို့သည်၊ ဒါန, သီလ, ဘာဝနာ ဟူသော ကာမကုသိုလ်, မဟဂ္ဂုတ်နှင့်တကွ တဆယ့်ခုနစ်ပါးသော ကုသိုလ်တို့ကိုအားထုတ်၍ မဂ်,ဖိုလ်,နိဗ္ဗာန်ကိုညွတ်ခြင်း,ကိုင်းခြင်း,ရှိုင်းခြင်းကိုပြု၍ တောင့်တပါ

သော်လည်း မဂ်,ဖိုလ်, နိဗ္ဗာန်ကိုရခြင်း ရောက်ခြင်းငှါ မစွမ်းနိုင်၊ မိစ္ဆာဒိဋ္ဌိ ဒါန, မိစ္ဆာဒိဋ္ဌိသီလ, မိစ္ဆာဒိဋ္ဌိဘာဝနာ သာလျှင်ဖြစ်ရလေ၏၊ အဘယ့် ကြောင့်နည်းဆိုသော် အယောနိသော မနသိကာရရှိသည်၏ အဖြစ်ကြောင့် တည်းဟု မြတ်စွာဘုရားသည် ရှင်ဘူမိဇ ရဟန်းကို ဤသို့ဟောတော်မူ၏။

> တေ အာသဉ္စေပိ ကရိတွာ ဗြဟ္မစရိယံ စရန္တိ၊ အဘဗ္ဗာ ဖလဿ အဓိဂမာယ၊ တံ ကိဿ ဟေတု အယောနိသော ဘူမိဇ အဘဗ္ဗာ ဖလဿ အဓိဂမာယ။
>
> [ဥပရိပဏ္ဏာသပါဠိတော်။]

ထိုသို့ မဂ်,ဖိုလ်,နိဗ္ဗာန်ကို တောင့်တ၍ညွှတ်ခြင်း, ကိုင်းခြင်း, ရှိုင်းခြင်းကို ပြု၍ ဒါန,သီလ,ဘာဝနာကို အားထုတ်၍ ပြုပါသော်လည်း မဂ်,ဖိုလ်,နိဗ္ဗာန် ကို မရကောင်းဟု ဟောတော်မူခြင်းသည် နိဗ္ဗာန်မှဗီလာ နိဗ္ဗာန်ကိုရခြင်းငှါ မထိုက်သော အဘဗ္ဗပုဂ္ဂိုလ်မျိုး ဖြစ်လေသလောဟု ဆိုသော် ထိုသုံးယောက် သော ပုဂ္ဂိုလ်တို့သည် စင်စစ်မရထိုက်သော အဘဗ္ဗပုဂ္ဂိုလ်မျိုးမဟုတ်၊ ဤအရာ တွင် အဘဗ္ဗတိဟိတ်, ဘဗ္ဗတိဟိတ် နှစ်ပါးတို့တွင် အဘဗ္ဗတိဟိတ်ဟူသည် မဟဂ္ဂုတ် ကုသိုလ်ကိုးခု၌ရှိသော အလောဘ, အဒေါသ, အမောဟ ဟူသော ဟိတ်သုံးပါးသည် မဟဂ္ဂုတ်ကုသိုလ်၏အဖြစ်ဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို တောင့် တ၍ မရကောင်း၊ အဘယ့်ကြောင့်နည်း၊ မဂ္ဂသစ္စာထိုက်သော သမ္မာဒိဋ္ဌိမဂ္ဂင် သည် မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ်လေးပါးကိုသာ "ပဋိသမ္ဘိဒါမဂ်ပါဠိ တော်"၌ ဝိပဿနာဉာဏစရိယကိုဖွင့်ဆိုသောကြောင့်တည်း၊ "ပဋ္ဌာန်းကျမ်း" ၌လည်း မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးပါးကိုသာလျှင် လောကုတ္တရာ တရားနှင့် အာရမ္မဏာဓိပတိပစ္စည်းတပ်၍ ဟောတော်မူ၏။

ထို့ကြောင့် လောကုတ္တရာစိတ်ကိုထား၍ လောကီကုသိုလ် စိတ်တဆယ့် ခုနစ်ပါးတို့တွင် ဤမဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ်လေးခုသည်သာလျှင် ဝိပဿနာ ဉာဏစရိယမည်၏၊ ထို့ကြောင့် တိဟိတ်မည်သော ဟိတ်သုံးပါး ရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မိမိတို့၏ တိဟိတ်ပုထုဇဉ်အဖြစ်မှလွတ်မြောက် လို၍ ဝိပဿနာဉာဏစရိယတည်းဟူသော သပ္ပုရိသသမ္မာဒိဋ္ဌိ မဟာကုသိုလ် ဉာဏ သမ္ပယုတ် ဖြစ်သော ဒါန, သီလ, နိက္ခမ ဟူသောသပ္ပုရိသ သူတော် ကောင်းတို့၏အားထုတ်အပ်သော ဘာဝေတဗ္ဗမည်သော သမ္မာဒိဋ္ဌိမဂ္ဂင်လမ်း ကို ကြည့်ရှု၍ပါရမီဆယ်ပါးကို အားထုတ်ရာ၏၊ ထိုနိရောဓသစ္စာ နိဗ္ဗာန်သို့

သွားသောလမ်းကို စင်္ကြံမည်သော ဗြာဟ္မဏပုဏ္ဏားအားလမ်းမမှားရအောင် လမ်းစဉ်နှင့်တကွ ဟောတော်မူသည်ကို နည်းမှီပြု၍ နိဗ္ဗာန်ကို သွားကြရာ၏။

ဤကား နိဗ္ဗာန်အမျိုးမျိုးနှင့် နိဗ္ဗာန်သို့သွားသော
လမ်းကို ပြဆိုသောအခဏ်းတည်း

---

## ၄၅။ နိဗ္ဗာန်သို့သွားရာ၌ သဒ္ဓါတရား အရင်းခံပုံ

ထိုအန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့သည် စင်စစ် မဂ်,ဖိုလ်,နိဗ္ဗာန်ကို မရထိုက် မရကောင်းသော အဘဗ္ဗမည်သောပုဂ္ဂိုလ်အား ဧကန်မုချ မဟုတ်သောသူကားမှန်၏၊ ထိုသို့ပင်မှန်သော်လည်း ယောနိသောမနသိကာရ နှင့်တကွ ဘုရား, တရား,သံဃာ ဟူသော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ကို ယုံကြည်သက်ဝင်နှစ်သက် မြတ်နိုးနိုင်သော သဒ္ဓါတရားကိုအလွန်ရခဲသည်၊ ထိုအလွန်ရခဲသော သဒ္ဓါတရားဟူသည် သဒ္ဓါနုသာရီမည်သော ပုဂ္ဂိုလ်တို့သည်လည်း သပ္ပုရိသဘုံမြေသို့နင်းလို ဆင်းလိုသည်ရှိသော် သဒ္ဓါတရားကို ရှေးဦးထား၍ ဝိပဿနာ ဉာဏစရိယ တည်းဟူသော သပ္ပုရိသဘုံမြေသို့ ဆင်းကြရ၏၊ဒိဋ္ဌိ, ဝိစိကိစ္ဆာတည်းဟူသော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့၏ နယ်မြေမှ လွန်မြောက်လေ၏၊ ဤကား နိဿဏာသံသရာ၌ ပုဗ္ဗဟူသော နိရောဓသစ္စာနိဗ္ဗာန်ကို စိတ်ဝိညာဏ်အားဖြင့် တွေ့သောနေ့တည်း။

အဘယ်ကြောင့် ဤသဒ္ဓါတရားကို အလွန်အမင်းရခဲခြင်းဖြစ်ရပါသနည်း၊ ရတနာသုံးပါး တည်းဟူသော ဘုရား, တရား, သံဃာ ဟူသော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ကို ယုံကြည်နှစ်သက် မြတ်နိုးတတ်သော သဒ္ဓါတရား၏ ရန်သူအပေါင်းကား ဒိဋ္ဌိ,ဝိစိကိစ္ဆာဟူသော အဝိဇ္ဇာ,တဏှာအမြစ်မူလနှစ်ပါးတို့သည် အမြဲစူးဝင်၍နေသော အာသဝလေးပါး, ဩဃလေးပါး, ယောဂ လေးပါး, ဂန္ထ လေးပါး, နီဝရဏ ခြောက်ပါး, ဥပါဒါန် လေးပါး, အနုသယ ခုနစ်ပါး,သံယောဇဉ် ဆယ်ပါး,ကိလေသာ ဆယ်ပါး၊ဤသို့ကိုးပါးအစုရှိသော တရားတို့သည် သပ္ပုရိသပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော သဒ္ဓါတရားကို အမြဲဖျက်ဆီးဖုံးလွှမ်း၍နေကြကုန်၏၊ ထိုအန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ဒုလ္လဘဖြစ်သောသဒ္ဓါတရားကို မရခြင်းကြောင့် မိမိတို့၏အယုတ်တရား နှစ်ပါးနှင့်အမြဲနေသော ပုထုဇဉ်ဘဝ၌သာလျှင် အမြဲနေကြကုန်၏၊ ထိုအကြောင်းကို မြင်တော်မူသော မြတ်စွာဘုရားသည် မဟာကရုဏာ ဉာဏ်တော်ဖြင့် ပုထုဇဉ်ဘဝကို လွန်မြောက်၍ သပ္ပုရိသနယ်မြေသို့ ဆင်းရောက်နိုင်အောင်

ဟောကြားညွှန်ပြ ဆိုးမပါသော်လည်း နားမထောင်သော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့ကို ငါဘုရားသည် အဘယ်သို့ တတ်နိုင်တော့ပါအံ့နည်းဟု မြတ်စွာဘုရားသည် ''ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်''၌ ဟောတော်မူ၏။

> ယော မေ ဘိက္ခဝေ တထာဂတေန ဧဝံ အာစိက္ခိယမာနေ ဒေသိယမာနေ ပညာပိယမာနေ ပဋ္ဌပိယမာနေ ဝိဝရိယမာနေ ဝိဘဇိယမာနေ ဥတ္တာနီကရိယမာနေ နဇာနာတိ နပဿတိ၊ တမဟံ ဘိက္ခဝေ ဗာလံ ပုထုဇ္ဇနံ အန္ဓံ အစက္ခုကံ အဇာနန္တံ အပဿန္တံ ကိန္တိကရောမိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောဗာလော၊ အကြင် ပရမတ္ထ ဖြစ်သော ဓမ္မာရုံကိုမသိသောသူသည်။ တထာဂတေန၊ ငါဘုရားသည်။ အာစိက္ခိယမာနေ၊ကြားအပ်ကုန်သော။ ဒေသိယမာနေ၊ဟောအပ်ကုန်သော။ ပညာပိယမာနေ၊ သိစေအပ်ကုန်သော။ ပဋ္ဌပိယမာနေ၊ ထားအပ်ကုန်သော။ ဝိဝရိယမာနေ၊ ဖွင့်ပြအပ်ကုန်သော။ ဝိဘဇိယမာနေ၊ ဝေဘန်အပ်ကုန်သော။ ဥတ္တာနီကရိယမာနေ၊ ပေါ်လွင်အောင် ပြုအပ်ကုန်သော။ ဣမေ၊ ဤတရားတို့ကို။ နဇာနာတိ၊ မသိ။ နပဿတိ၊ မမြင်။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုထုဇ္ဇနံ၊ များသောကိလေသာရှိသော။အန္ဓံ၊ပညာမျက်စိကာဏ်းသော။အစက္ခုကံ၊ ပညာမျက်စိမရှိသော။ အဇာနန္တံ၊ မသိသော။ အပဿန္တံ၊ မမြင်သော။တံဗာလံ၊ ထိုသူငယ်နှင့်ဆိုင် အရွယ်ပြိုင်၍ မကြီးနိုင်သေးသောသူကို။ အဟံ၊ ငါဘုရားသည်။ ကိန္တိကရောမိ၊ အဘယ်ပြုနိုင်တော့အံ့နည်း။

ဤသို့ပြဆိုခဲ့သောအလုံးစုံသောစကားတော်သည် ဒိဋ္ဌိ,ဝိစိကိစ္ဆာဟူသော တဏှာ,အဝိဇ္ဇာ အမြစ်နှစ်ပါးကိုမနုတ်မပယ် မခွါဘဲလျက် ထိုဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့် အမြဲစူးဝင်၍နေသော ပုထုဇဉ်ဘဝမှ မလွတ်မြောက်နိုင်သော အန္ဓပုထုဇဉ်ကိုရည်၍ ဟောတော်မူ၏၊ မြတ်စွာဘုရားအလိုတော်ကို ပြဆိုလိုက်ဦးအံ့၊ ဤသို့ယခုငါဘုရား၏ သာသနာတော်တွင်း၌ မနုဿတ္တ ဒုလ္လဘကြီးကို ရခြင်းကြီးရပါလျက်နှင့် သမ္မာဒိဋ္ဌိတည်းဟူသော သဒ္ဓါရိသဘုံသို့ မဆင်းမဝင် မသက် မရောက်နိုင်ကြကုန်သော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့ကို အလွန်သနားသော မဟာကရုဏာဉာဏ်တော်ဖြင့် ဟောတော်မူသော တရားတော်ကိုသာလျှင် သမ္မပ္ပဓာန်လေးပါးတည်းဟူသော သမ္မာဝါယာမ ဝီရိယဖြင့် အကြော, အရိုး,အရေမျှသာကျန်၍ အသား,အသွေးပင်ကုန်ကုန်နောက်သို့ မဆုတ်သော ဝီရိယဖြင့် အားထုတ်သော သူသည်သာလျှင် သဒ္ဓါရိသဘုံသို့

ရောက်၍ ဒိဋ္ဌိ,ဝိစိကိစ္ဆာကွာသော တိဟိတ်ဘဝကို ကူးပြောင်းနိုင်သောသူ မည်၏၊ ထိုသူကိုသာ သပ္ပုရိသပဏ္ဍိတ ဝိပဿနာပညာရှိသောသူဟု ချီးမွမ်းတော်မူ၏၊ ထို့ကြောင့် "နိဒါနဝဂ္ဂသံယုတ်ပါဠိတော်"၌ ဤသို့မိန့်တော်မူ၏။

ကာမံ တစော စ နှာရု စ၊ အဋ္ဌိ စ အဝသိဿတု။
သရီရေ ဥပသုဿတု၊ မံသလောဟိတံ။

ကာမံ၊ စင်စစ်မလွဲ အမြဲအဓိဋ္ဌာန်ဝင်၍။ သရီရေ၊ ငါ၏ခန္ဓာကိုယ်၌။ တစော စ၊ အရေထူ, အရေပါးမျှသည်ငှင်း။နှာရု စ၊ အကြောမျှသည်ငှင်း။ အဋ္ဌိ စ၊ အရိုးမျှသည်ငှင်း။ အဝသိဿတု၊ ကြွင်းကျန်ရစ်စေတော့။ မံသလောဟိတံ၊ အသားအသွေးဟူသမျှသည်။ ဥပသုဿတု၊ ခန်းခြောက်၍ သွားစေသတည်း။

မြတ်စွာဘုရားသည် အဘယ့်ကြောင့် အသက်ကို မညှာမထောက်ဘဲ ပြင်းထန်စွာသော အားထုတ်ခြင်း ဝီရိယကို ဟောပါသနည်း၊ ဤယခု သာသနာတော်တွင်း၌ရခဲ, တွေ့ခဲ, ကြုံခဲ, ကြိုက်ခဲ့သော ဒုလ္လဘတရားငါးပါးကြီးကိုရကြီးရပါလျက်နှင့် နောက်သို့ ဆုတ်နစ်၍နေသော ပုထုဇဉ်ပုဂ္ဂိုလ်အပေါင်းကိုမြင်တော်မူ၍ အားပေးကူညီ တိုက်တွန်းတော်မူသော စကားတော်ပေတည်း၊ ထိုသို့ပုထုဇဉ် အပေါင်းတို့သည် အဘယ့်ကြောင့် အားမထုတ်ဘဲ နောက်သို့ဆုတ်နစ်၍ နေကြပါသနည်း၊ ပဋိသန္ဓေ တည်နေစဉ်က တိဟိတ်ပဋိသန္ဓေကိုရမှသာလျှင် တိဟိတ်ပုဂ္ဂိုလ်အဖြစ်နှင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရနိုင်သည်ဟု နှလုံးသွင်း၍ "ငါတို့ပုထုဇဉ်ဖြစ်သော အမောဟ ဟူသော ပညာစေတသိက်မပါ ဒွိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့ဟာ အဘယ်မှာအားထုတ်၍ ရနိုင်တော့ပါအံ့နည်း"ဟု နောက်သို့ဆုတ်၍ သပ္ပုရိသပုဂ္ဂိုလ်ကိုလည်း မရှာ၊ သပ္ပုရိသ ပုဂ္ဂိုလ်၏ သဒ္ဓမ္မ ဟူသော ဒေသနာကိုလည်း မနာ၊ လောကုတ္တရာတရားကို ဥစ္ဆေဒပြု၍ ဒုဂ္ဂတိဘဝသံသရာဟူသော လောကကို သဿတဒိဋ္ဌိပြု၍ နေကြကုန်သော ပုထုဇဉ်အပေါင်းကို မြင်တော်မူသောကြောင့် နှိုးဆော်တိုက်တွန်းသော စကားတော်မြတ် ပါပေတည်း၊ မြတ်စွာဘုရား၏ တရားတော်သည် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်၏ အဖြစ်နှင့်နေ၍ မသိနိုင် မမြင်နိုင် မခံစားနိုင်၊ သပ္ပုရိသပုဂ္ဂိုလ်နှင့်တွေ့၍ သပ္ပုရိသဘုံသို့ကူးပြောင်းမှသာလျှင် သိနိုင် မြင်နိုင်ခံစားနိုင်၏၊ ထို့ကြောင့် စင်္ကီမည်သော ဗြာဟ္မဏ ပုဏ္ဏားသည်-မြတ်စွာဘုရား···· အရှင်ဘုရား၏တရားတော်မြတ်သည် အလွန်နက်နဲခက်ခဲ၏၊ အသိအမြင်အလွန်ခက်ခဲ၏၊နက်နဲခြင်းဂမ္ဘီရတ္ထအနက်ရှိ၏ဟု မြတ်စွာဘုရားကိုလျှောက်လေ၏။

ယံ ခေါ ပန အာယသ္မာ ဓမ္မံ ဒေသေတိ၊ သော စ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာ-ဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော။

[မဇ္ဈိမပဏ္ဏာသပါဠိတော်။]

အာယသ္မာ၊ အရှင်ဘုရားသည်။ ယံခေါပနဓမ္မံ၊ အကြင် ပရမတ္ထဓမ္မာရုံဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ဟူသော နာမ်တရားကို။ ဒေသေတိ၊ ဟောတော်မူ၏။ သောစဓမ္မော၊ ထိုနိဗ္ဗာန်ဟူသော နာမ်တရားသည်။ ဂမ္ဘီရော၊ နက်နဲ၏၊ ဒုဒ္ဒသောစ၊ မြင်လည်းမြင်နိုင်ခဲ၏။ ဒုရနုဗောဓောစ၊ သိလည်းသိနိုင်ခဲ၏။ သန္တော၊ ငြိမ်သက်၏။ ပဏီတော၊ မြတ်၏။ အတက္ကာဝစရော၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ကြံရာ ကျက်စားရာမဟုတ်။ နိပုဏော၊ သိမ်မွေ့၏။ပဏ္ဍိတဝေဒနီယော၊ သပ္ပုရိသဘုံသို့ နင်းမိသော သဒ္ဓါနုသာရီမည်သော သမ္မာဒိဋ္ဌိဉာဏ်ရှိသော သူမှသာလျှင် သုံးဆောင်ခံစားနိုင်၏။

ဤသို့စင်္ကီမည်သော ဗြာဟ္မဏ ပုဏ္ဏားသည် မြတ်စွာဘုရားကို ဤသို့လျှောက်ပြန်၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ဤသို့နက်နဲခက်ခဲ၍ သိမ်မွေ့သော နိဗ္ဗာန်တရားကို ဤခန္ဓာကိုယ်နှင့်တကွ မျက်မှောက်ပြုခြင်းငှါ အဘယ်သို့ ကျင့်ရပါသနည်းဘုရား''ဟု မေးလျှောက်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော လမ်းကောင်း လမ်းမြတ် ဘာဝေစာဗွ ပွားများအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်လမ်းကို ညွှန်ပြတော်မူ၏။

''စင်္ကီဗြာဟ္မဏပုဏ္ဏား....ကောင်းစွာ နာလော့၊ငါဘုရား နိရောဓသစ္စာ နိဗ္ဗာန်သို့မျက်မှောက်ပြု၍ ရောက်ရာရောက်ကြောင်းဖြစ်သောသမ္မာဒိဋ္ဌိမဂ္ဂင်လမ်းကိုညွှန်ကြားပြသဆုံးမပေအံ့။

၁။ ရှေးဦးပထမ မိမိကိုယ်၌ ယောနိသောမနသိကာရ ရှိစေရာ၏။

၂။ နိရောဓသစ္စာနိဗ္ဗာန်နှင့် လျော်သော ဝိပဿနာဉာဏစရိယ ဟုဆိုအပ်သော အကျင့်ကောင်း အကျင့်မြတ်ကိုလည်း ကောင်းစွာကိုယ်၌ အမြဲကျင့်၍ထားရာ၏။

ဤတရားနှစ်ပါးသည် ရှေးဦးစွာ မိမိကိုယ်၌ ရှိစေရမည့် တရားနှစ်ပါးတည်း၊ ထိုသို့ မိမိ၌ ဤတရားနှစ်ပါး ပြည့်စုံသည်ရှိသော်—

၁။ သမ္မာဒိဋ္ဌိ ဉာဏစရိယတည်းဟူသော ဝိပဿနာနှင့် ပြည့်စုံသော သပ္ပုရိသပုဂ္ဂိုလ်ကို မတွေ့တွေ့အောင် အားထုတ်၍ ရှာမှီးရာ၏။

၂။ ထိုသို့သပ္ပုရိသပုဂ္ဂိုလ်မြတ်တို့တွေ့သည်ရှိသော် ထိုသပ္ပုရိသပုဂ္ဂိုလ်၏ အဆုံးအမဩဝါဒ တရားထူးတရားမြတ်ကို ရိုသေစွာ နာခံမှတ်သား၍ စိတ်နှလုံးထဲ၌ထားရာ၏။

ဤတရားနှစ်ပါးသည် ရှာမှရသောတရားနှစ်ပါးတည်း။

အို-စင်္ကြံဖြာပမ္ဗဏပုဏ္ဏား…ဤတရားလေးပါးတို့တွင်မိမိကိုယ်၌ အမြဲရှိစေအပ်သော ယောနိသောမနသိကာရဟူသော တရားသည် ဤလောက၌ နေမင်း၏ထွက်ပေါ်ခြင်းသည် အရှေ့ဥဒည့်အရပ်က အရုဏဟူသော နီမြန်းသောအဆင်းရှိသော အရုဏ်သည် ရှေးဦးစွာလာမြတည်း၊ သတ္တဝါအပေါင်းတို့သည် ထိုအရုဏ်ကိုမြင်ကြသော် ငါတို့သည် ညဉ့်တည်းဟူသော အမိုက်မှောင်မှ လွတ်ရတော့မည်ဟု ဝမ်းမြောက်သောသူတို့၏ မြင်သောအရုဏ်ကဲ့သို့ ဤယခု ယောနိသော မနသိကာရ တရားကြီး သည်လည်း"ဤယောနိသောမနသိကာရ တရားသည် မကောင်းသော အကုသိုလ်ဟူသမျှကို ပိတ်ဆို့တားမြစ်တတ်၏၊ ကောင်းသော ကုသိုလ်ဟူသမျှကို အမြဲဖြစ်စေတတ်၏၊ ပရိနိဗ္ဗုတမည်သော ဝိညာဏ်တော်ဘုရားတည်းဟူသော နိရောဓသစ္စာမည်သော နိဗ္ဗာန်တည်းဟူသောနေမင်း၏ ထွက်ပေါ်လာခြင်း၏အစပထမဦးစွာဖြစ်သည်ကား ယောနိသော မနသိကာရတရားသာရှိ၏"ဟု ငါဘုရား ဟောတော်မူ၏။

ထို့ကြောင့် ရှေးဦးစွာ ယောနိသော မနသိကာရ တရားဖြစ်အောင်ကောင်းစွာစိတ်ကိုသတိပြု၍ အမြဲထားရာ၏၊ ဤသို့ပြဆိုခဲ့သောအင်္ဂါလေးပါးနှင့်ပြည့်စုံသောသူသည် မုချအမှန်ကေန်စင်စစ် သပ္ပုရိသမည်သော သူတော်ကောင်းကို ဖူးတွေ့ရလတ္တံ့။

၁။ ထိုသို့ ဝိပဿနာ ဉာဏစရိယ, သမ္မာဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံသောသူသည် သဒ္ဓမ္မတရားတော်ကိုနာ၍ ဘုရား,တရား, သံဃာဟူသော ရတနာမြတ်သုံးပါးကို ယုံကြည်လေးမြတ် ကြည်ညိုနိုင်သော သဒ္ဓါတရားကိုရ၏။

၂။ ထိုရသော သဒ္ဓါတရားသည်သာလျှင် နိရောဓသစ္စာနိဗ္ဗာန်သို့ သွားသော သမ္မာဒိဋ္ဌိ မဂ္ဂင်လမ်း၌ ပထမဦးစွာရခြင်းဖြစ်၏၊ထိုသို့ယုံကြည်သောသဒ္ဓါတရားကို ရသောသူမှသာလျှင် သပ္ပုရိသတည်းဟူသော အရိယာသူတော်ကောင်းကိုဆည်းကပ်နိုင်သော ဥပသက်မန တရားကိုရ၏။

၃။ ထိုသို့ဆည်းကပ်ခြင်းတည်းဟူသော ဥပသင်္ကမနတရားကို ရသောသူ မှသာလျှင် ထိုသပ္ပုရိသတည်းဟူသော အရိယာသူတော်ကောင်းကို ရှိသေမြတ်နိုး ကြည်ညိုခြင်းတည်းဟူသော ပယိရုပါသန မည်သော တရားကိုရ၏။

၄။ ထိုသို့ ရှိသေမြတ်နိုး ကြည်ညိုခြင်း တည်းဟူသော ပယိရုပါသန ကုသိုလ်ကို ရသောသူမှသာလျှင် ဤသို့ ဟောပြော်မူသော သဒ္ဓမ္မ ဟုဆိုအပ်သော ဘာဝေတဗ္ဗဖြစ်သော ဝိပဿနာတရားကို နာကြား နိုင်၏။

၅။ ထိုသို့နာကြားနိုင်သော ဝိပဿနာ သဒ္ဓမ္မသဝနကို ရသောသူမှသာ လျှင် ထိုဟောတော်မူသော တရားကို နှုတ်တွင်အမြဲထား၍ ဆောင် ခြင်းတည်းဟူသော ဓမ္မဓာရဏ ကုသိုလ်ကိုရ၏။

၆။ ထိုသို့ဘာဝနာအဖြစ်ဖြင့် တရားတော်ကိုနှုတ်ဖြင့် ဆောင်ခြင်းတည်း ဟူသော ဓမ္မဓာရဏကုသိုလ်ကို ရသောသူမှသာလျှင် ထိုမိမိဆောင် ၍ စီးဖြန်းသော ဘာဝနာတရားတော်၏အနက်သဘောကို ရှုဆင်ခြင် တတ်သော အတ္ထုပပရိက္ခာဟူသော ဉာဏ်ကိုရ၏။

၇။ ထိုသို့ဘာဝနာတရားတော်၏ အနက်သဘောကို ရှုဆင်ခြင်နိုင်သော အတ္ထုပပရိက္ခာဟူသော ဝိပဿနာဉာဏ်ကိုရသောသူမှသာလျှင် ထိုသို့ ဝိပဿနာ ဘာဝနာတရားတော်၏ အနက်သဘောကို ရှုဆင်ခြင်နိုင် သော ဓမ္မနိဇ္ဈာနခန္တိဉာဏ်ကို ရနိုင်၏။

၈။ ထိုသို့ဝိပဿနာ ဘာဝနာတရားတော်၏ အနက်သဘောကို ရှုဆင် ခြင်ခြင်း၌ စွမ်းနိုင်သော ဓမ္မနိဇ္ဈာနခန္တိဉာဏ်ကို ရပါမှသာလျှင် မဂ်,ဖိုလ်, နိဗ္ဗာန်ကို ညွတ်ခြင်း, ကိုင်းခြင်း,ရှိုင်းခြင်း, တည်းဟူသော ကောင်းမြတ်သော သမ္မာဆန္ဒစေတနာကုသိုလ်ကိုရ၏။

၉။ ထိုသို့ကောင်းမြတ်သော သမ္မာဆန္ဒစေတနာကုသိုလ်ကို ရသောသူ မှသာလျှင် သမ္မပ္ပဓာန်လေးပါးဖြင့် အားထုတ်ခြင်း သမ္မာဝါယာမ မဂ္ဂင်ဟူသော ဥဿာဟဘာဝေ တဗ္ဗကိုရနိုင်၏။

၁၀။ ထိုသို့သမ္မာဝါယာမမဂ္ဂင်ဖြင့် အားထုတ်ခြင်း ဥဿာဟ ဘာဝေတဗ္ဗ တရားကိုဟောသောသူမှသာလျှင် ထိုသို့မိမိစီးဖြန်း ပွားများအား ထုတ်သော ဝိပဿနာဘာဝနာကို မဂ်ဟုတ်သည်, မဂ်မဟုတ်သည်ကို စုံစမ်းကြည့်ရှု၍ ဆင်ခြင်နိုင်သော တုလနမည်သော ဉာဏ်ကိုရ၏။

၁၁။ ထိုသို့စုံစမ်းကြည့်ရှု၍ ဆင်ခြင်နိုင်သော တုလနမည်သောဉာဏ်ကိုရသောသူမှသာလျှင် ထိုသို့စုံစမ်းကြည့်ရှု ဆင်ခြင်၍ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် မြင်သော ဥပသမာနုဿတိတည်း ဟူသော နိရောဓ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းတည်းဟူသော ပဒဟ အလုပ်မျိုးကိုလုပ်နိုင်၏။

၁၂။ ထိုသို့ဥပသမာနုဿတိတည်းဟူသောနိရောဓကမ္မဋ္ဌာန်းကိုအားထုတ်နိုင်သော ပဒဟ အလုပ်မျိုးရှိသော သူမှသာလျှင် နိဗ္ဗာန်သို့စေလွှတ်အပ်သော ပဟိတဉာဏ်ရှိ၏။

၁၃။ ထိုနိဗ္ဗာန်သို့စေလွှတ်အပ်သော ပဟိတ ဉာဏ်ရှိသောသူသည်သာလျှင် မြတ်သော နိရောဓသစ္စာဟူသော ပရမတ္ထ ဓမ္မာရုံ နိဗ္ဗာန်ဟု ဆိုအပ်သော နာမ်တရားကို မျက်မှောက်ပြုနိုင်၏''။

ဤသို့ စင်္ကီမည်သော ဗြာဟ္မဏပုဏ္ဏားကို ဟောသော နိဗ္ဗာန်သို့သွားသော သမ္မာဒိဋ္ဌိ လမ်းစဉ်အတိုင်း တသဝေမတိမ်းအောင် ကောင်းစွာ ပွားများ၍ အားထုတ်ရာ၏၊ ဤသို့ဗ္ဗာန်ရောက်ကြောင်း ပါရမီဆယ်ပါးနှင့် တကွသော နိဗ္ဗာန်သို့ သွားသော လမ်းဟူသမျှ သဒ္ဓါတရားသည်သာ အရင်းမူလဖြစ်၏၊ ထိုကြောင့် စင်္ကီဗြာဟ္မဏပုဏ္ဏားအား ဤသို့မိန့်တော်မူ၏။

အထ တမှိ သဒ္ဓံ နိဝေသေတိ၊ သဒ္ဓါ ဇာတော ဥပသင်္ကမတိ၊ ဥပသင်္ကမန္တော ပယိရုပါသတိ၊ ပယိရုပါသန္တော သောတံ ဩဒဟတိ၊ ဩဟိတသောတော ဓမ္မံ သုဏာတိ၊ သုတွာ ဓမ္မံဓာရေတိ၊ ဓာရိတာနံ ဓမ္မာနံ အတ္ထံ ဥပပရိက္ခတိ၊ အတ္ထံ ဥပပရိက္ခတော ဓမ္မာနံ နိဇ္ဈာနံ ခမန္တိ၊ဓမ္မာနံ နိဇ္ဈာနခန္တိယာ သတိ ဆန္ဒော ဇာယတိ၊ဆန္ဒဇာတော ဥဿာဟတိ၊ ဥဿာဟိတွာ တုလေတိ၊ တုလယိတွာ ပဒဟတိ၊ ပဟိတတ္တော သမာနော ကာယေနစေဝ ပရမသစ္စံ သစ္ဆိကရောတိ၊ ပညာယစ အဘိဝိဇ္ဈ ပဿတိ။

[မဇ္ဈိမပဏ္ဏာသပါဠိတော်။]

အထ၊ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ အလိုရှိသည် ရှိသော်။ တမှိ၊ ထိုသပ္ပုရိသ စသော ရတနာသုံးပါး၌။ သဒ္ဓံ၊ ယုံကြည်ခြင်းသဒ္ဓါကို။ နိဝေသေတိ၊နှလုံးသွင်းရာ၏။ သဒ္ဓါဇာတော၊ ယုံကြည်ခြင်း သဒ္ဓါတရားဖြစ်သောသူသည်။ ဥပသင်္ကမတိ၊ ဆည်းကပ်နိုင်၏။ ဥပသင်္ကမန္တော၊ ဆည်းကပ်သောသူသည်။ ပယိရုပါသတိ၊ အနီးသို့ကပ်၍ ရှိသေနိုင်၏၊ ပယိရုပါသန္တော၊ အနီးသို့ကပ်၍ ရှိသေခြင်းရှိသောသူသည်။ သောတံဩဒဟတိ၊ ပြောဟော သမျှကို နားထောင်နိုင်၏။ ဩဟိတသောတော၊ ပြောဟောသမျှကို နား

ယောင်သောသူသည်။ ဓမ္မံ၊ တရားကို။ သုဏာတိ၊ နာ၏။ ဓမ္မံ၊ တရားကို။ သုတွာ၊နာ၍။ ဓာရေတိ၊ ဆောင်၏။ ဓာရိတာနံ၊ ဆောင်အပ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ အတ္ထံ၊ အနက်ကို။ ဥပပရိက္ခတိ၊ စုံစမ်းဆင်ခြင်၏။ ဥပပရိက္ခတော၊ စုံစမ်းဆင်ခြင်သော သူသည်။ ဓမ္မာနံ၊ တရားတို့ကို။ နိဇ္ဈာနံ၊ ရှုဆင်ခြင်ခြင်းကို။ ခမန္တိ၊ ခံ့ကုန်၏။ ဓမ္မာနံ၊ တရားတို့ကို။ နိဇ္ဈာနခန္တိယာ၊ ရှုဆင်ခြင်ခြင်းငှာ ခံ့သောဉာဏ်သည်။ သတိ၊ ရှိသော်။ ဆန္ဒော၊ သမ္မာဆန္ဒသည်။ဇာယတိ၊ ဖြစ်၏။ ဆန္ဒဇာတော၊ သမ္မာဆန္ဒဖြစ်သော သူသည်။ဥဿာဟတိ၊အားထုတ်နိုင်၏။ ဥဿာဟိတွာ၊ အားထုတ်၍။ တုလေတိ၊ နှိုင်းချိန်၏။ တုလယိတွာ၊ နှိုင်းချိန်၍။ ပဒဟတိ၊ ကမ္မဋ္ဌာန်းကို ပွားများ၏။ ပဟိတတ္တော၊ နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိသည်။ သမာနော၊ ဖြစ်သည်ရှိသော်။ ကာယေနစေဝ၊ ကိုယ်တိုင် မျက်မှောက်ဖြင့်သာလျှင်။ ပရမသစ္စံ၊ မြတ်သော နိရောဓသစ္စာ တည်းဟူသော နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုနိုင်၏။ ပညာယစ၊ ပွားများအပ်သော ဝိပဿနာပညာဖြင့်လည်း။ တံ၊ ထိုနိရောဓသစ္စာ တည်းဟူသော နိဗ္ဗာန်ကို။ အဘိဝိဇ္ဈ၊ ထိုးထွင်း၍။ပဿတိ၊ဝိပဿနာပညာဖြင့် မြင်၏။

ဤသို့ စင်္ကီပြာဟ္မဏပုဏ္ဏားအားဟောသည်ကား နိရောဓသစ္စာဟူသော နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှာ အလိုရှိသော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည် ရှေးဦးစွာ သဒ္ဓါတရားကိုရမှသာလျှင် အလုံးစုံသော ဘာဝေတဗ္ဗ ဖြစ်သော သမ္မာဒိဋ္ဌိဉာဏ်ကိုလည်း ရခြင်းငှာ စွမ်းနိုင်၏၊ ပဋိစ္စသမုပ္ပါဒဟူသော နိဿရဏ သံသရာ၌ သဉပါဒိသေသ တည်းဟူသော နိရောဓသစ္စာနိဗ္ဗာန်ကိုလည်း ဤယခုဘဝ ဤခန္ဓာကိုယ်နှင့်ပင် မျက်မှောက်ပြုခြင်းငှာလည်း စွမ်းနိုင်၏ ဟု ဟောတော်မူ၏။

ဤယခု သာသနာတော်အတွင်း၌လည်း ကာမောဃ,ဘဝေါဃ,ဒိဋ္ဌောဃ, အဝိဇ္ဇောဃ တည်းဟူသော ပဋိစ္စသမုပ္ပါဒ သံသရာမှ ကူးမြောက်လိုသော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည် ဘုရား,တရား,သံဃာ တည်းဟူသော ရတနာသုံးပါး၌ ယုံကြည်သော သဒ္ဓါတရားကိုရသော သူသည်သာလျှင် ဤဩဃလေးပါးဟူသော သံသရာကို ကူးမြောက်ခြင်းငှာ စွမ်းနိုင်၏၊ ထိုရတနာသုံးပါး၌ ယုံကြည်ဘော သဒ္ဓါတရားကို မမေ့မလျော့သော သမ္မာသတိတရားသည် ပဋိစ္စသမုပ္ပန္န တည်းဟူသော သံသရာကို လွှန်မြောက်နိုင်၏၊သမ္မာဝါယာမ မဂ္ဂင်တည်းဟူသော ဝီရိယတရားကိုရသောသူမှသာလျှင် ဥပါဒါနက္ခန္ဓာတည်းဟူသော အဘိညာပရိညေယျ ဒုက္ခကို လွှန်မြောက်

နိုင်၏၊ ပဋိစ္စသမုပ္ပါဒ တည်းဟူသော သံသရာ၌ အမြဲညစ်နွမ်း၍ နေသော ဒိဋ္ဌိ,ဝိစိကိစ္ဆာတည်းဟူသော အဝိဇ္ဇာနှင့် တဏှာဟူသော ညစ်နွမ်းသော တရားနှစ်ပါးကို ဝိပဿနာ ဉာဏစရိယ တည်းဟူသော သမ္မာဒိဋ္ဌိ မဂ္ဂင် ပညာဖြင့်သာလျှင် သန့်ရှင်းစင်ကြယ်စေနိုင်၏ဟု ''သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်''၌ ဤသို့ ဟောတော်မူ၏။

သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။

သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ ဩဃံ၊ ဩဃလေးပါးကို။ တရတိ၊ ကူးမြောက်နိုင်၏။ အပ္ပမာဒေန၊ မမေ့မလျော့သောသတိဖြင့်။ အဏ္ဏဝံ၊ သမုဒ္ဒရာတည်းဟူသော သံသရာကို။ တရတိ၊ ကူးမြောက်နိုင်၏။ ဝီရိယေန၊ သမ္မာဝါယာမ တည်းဟူသော ဝီရိယဖြင့်။ ဒုက္ခံ၊ ဥပါဒါနက္ခန္ဓာ တည်းဟူသော ဘေးဒုက္ခ အပေါင်းကို။ အစ္စေတိ၊ လွန်မြောက်နိုင်၏။ ပညာယ၊ ဝိပဿနာ ပညာဖြင့်။ ပရိသုဇ္ဈတိ၊ ကိလေသာတည်းဟူသော အညစ်အကြေးကို စင်ကြယ်စေနိုင်၏။

ဤကား နိဗ္ဗာန်သို့သွားရာ၌ သဒ္ဓါတရား အရင်းခံပုံကို ပြဆိုသော အခဏ်းတည်း။

---

## ၄၆။ ဝိညာဏ်အကြောင်းကိုပြဆိုခြင်း

အဘယ့်ကြောင့် ယုံကြည်ခြင်းသဒ္ဓါတရားကိုရခဲနိုင်ကြပါသနည်း ဆိုသော် အစိန္တေယျဂုဏ်နှင့် ပြည့်စုံတော်မူသော ဥပါဒ်,ဋ္ဌီ,ဘင်ရှိသော ဘူတရုပ် ဝိညာဏ်တော်နှင့်တကွ ခန္ဓာတော်ရှိသော ဝိညာဏဋ္ဌိတိ,ဝိညာဏစရိယ,ဝိညာဏ မဇ္ဈေဟူသော ပရမတ္ထဖြစ်သော ပထမဘုရားကိုယ်တော်မြတ်ကြီးကိုလည်း အလွန်တွေ့မြင်နိုင်ခဲ၏။ ဒုတိယဘုရားကိုယ်တော်မြတ်ဟု ဆိုအပ်သော ဒိဋ္ဌရုပ်, ဥပါဒါရုပ် ဟူသော ပရမတ္ထဖြစ်သော ဓမ္မာရုံမြတ်စွာဘုရားကိုလည်း အလွန် တွေ့မြင်နိုင်ခဲ၏၊ အဘယ့်ကြောင့်ဘုရားသခင်ကို တွေ့မြင်နိုင်ခဲသနည်း၊ ထိုပုထုဇဉ်သတ္တဝါတို့၏ စိတ်၌ အမြဲစူးဝင်၍နေသော ဥပါဒါနက္ခန္ဓာ တည်းဟူသော ဒိဋ္ဌိနှင့်အဝိဇ္ဇာ ဆီးတားဖုံးလွှမ်း၍နေသောကြောင့်၊မတွေ့မမြင်ရလေသတည်း၊ ဤသို့ ဘုရားနှစ်ဆူ ရှိကြောင်းကိုလည်း သုဒဿန စကြာမင်းသုတ်၌ ဤသို့ ဟောတော်မူ၏။

ဇဝံ အစိန္တိယာ ဗုဒ္ဓါ၊ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဟူသောစကားတော်ကို ဟောတော်မူ၏။

ဤသို့ အစိန္တေယျဖုဒ္ဓမည်သော ဘုရားတဆူ, အစိန္တေယျဓမ္မမည်သော ဘုရားတဆူ- ဤသို့ဘုရားနှစ်ဆူရှိ၏၊ ထိုအစိန္တေယျဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် ဟောအပ်သော တရားတော်ကိုလည်း ယုံကြည်မြတ်နိုးခြင်း တည်းဟူသော သမ္မာသဒ္ဓါကိုလည်း ရခြင်းငှါအလွန်ခဲယဉ်း၏၊ အဘယ့်ကြောင့် ခဲယဉ်းသနည်း၊ ပရမတ္ထဓမ္မာရုံဖြစ်သော နာမ်ဟူသော နိဗ္ဗာန်တရားတော်၌ အာရုံပြုသောအားဖြင့် အမြဲတည်၍နေသော ပရမတ္ထဖြစ်သော ဝိညာဏဋ္ဌိတိမည်သော လောကုတ္တရာ စိတ်ဝိညာဏ်တော်ဟူသော''ဝိညာဏစရိယ, ဝိညာဏံ မဇ္ဈေ, ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ'' ဟူသော ဂုဏ်နှင့်ပြည့်စုံသော လောကုတ္တရာစိတ် ဝိညာဏ်တော်လည်း ရှစ်ပါးရှိ၏၊ ထိုရှစ်ပါးသော စိတ်ဝိညာဏ်ဟူသော ပရိနိဗ္ဗုတမည်သောပုဂ္ဂိုလ်၌ သန္တိသုခမည်သော နိဗ္ဗာန်တရားသည် အမြဲရှိ၏။

ထိုစိတ်ဝိညာဏ်၌ နိစ္စဖြစ်၍ တည်တော်မူ၏ဆိုသော် ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်ကို တွေ့မြင်ခြင်းငှါ အလွန်ခဲယဉ်းသောကြောင့် ယုံကြည်မြတ်နိုးခြင်း သဒ္ဓါတရားကိုလည်း အလွန်ရခဲ၏၊ ''မူလပဏ္ဏာသ ပါဠိတော်''၌ ဗကဗြဟ္မာအား ဝိညာဏဋ္ဌိတိကို ဟောတော်မူသောအရာ၌''ဝိညာဏံအနိဒဿနံ အနန္တံသဗ္ဗတောပဘံ''ဟူသော စကားတော်ကိုမြတ်စွာဘုရားသည် ဟောတော်မူရပြန်၏၊ ထိုဝိညာဏဋ္ဌိတိဟူသော လောကုတ္တရာစိတ်ရှစ်ပါးကိုလည်း ပရမတ္ထနိဗ္ဗာန်ဟု ဟောတော်မူခြင်းသည် ဌာနျူပစာရအားဖြင့် ဟောတော်မူ၏၊ စင်စစ်မှာမူကား နိဗ္ဗာန်သည် ပရမတ္ထဓမ္မာရုံဖြစ်သော နာမ်မည်သော နိဗ္ဗာန်တရားတည်း၊ ထိုနိဗ္ဗာန်သည် ဓမ္မာရုံတရားသာတည်း၊ ဓမ္မာရုံဟူသော အာရမ္မဏပစ္စည်းသည် အာရမ္မဏိကဟူသော ပစ္စယုပ္ပန်နှင့် မကင်းရာသောကြောင့် လောကုတ္တရာဟူသော စိတ်ဝိညာဏ်ကို ''အဠနိဗ္ဗာန ဂေါစရေ'' ဟူသော အဋ္ဌကထာအရ နိဗ္ဗာန်၌ အမြဲနိစ္စ သန္တိသုခနှင့်တကွ ပရိနိဗ္ဗုတ အဖြစ်ဖြင့် တည်နေတော်မူ၏၊ ထို့ကြောင့် လောကုတ္တရာစိတ်ဝိညာဏ်တော်ကိုလည်း နိဗ္ဗာန်ဟု ဟောတော်မူ၏။

ဤသို့ နိဗ္ဗာန်ကိုဟောသော နာမ်,ရုပ်နှစ်ပါးနှင့် တကွဖြစ်သော ပရမတ်, ပညတ် ဟူသော ဓမ္မာရုံနှင့် ကာမဂုဏ်ဟူသော အာရုံငါးပါးတို့သည် အချင်းချင်း ရောယှက်၍ အလွန်ရှုပ်ထွေး၍ အသိလည်းခက်၏၊ အဖြေလည်းခက်၏၊ ''အဇ္ဈတ္တဇ္ဇ ဗဟိဇ္ဇ''တရားပေတည်း၊ ထိုအာရုံခြောက်ပါး တရားသည် ဥပါဒ်,ဋ္ဌီ,ဘင်ကင်း၍ နိဿတ္တ,နိဇ္ဇီဝဖြစ်သော ဓမ္မာရုံတရားပေတည်း၊ထိုအာရုံခြောက်ပါးဟူသော ဥပါဒါရုံတရားသည် ဘူတရုပ်လေးပါးနှင့်တကွ ဝိညာဏ

ဋ္ဌိတိခုနစ်ပါး,သတ္တာဝါသဘုံကိုးဝကို စွဲမှီ၍ ဖြစ်ပေါ်လာသော အာရုံခြောက်ပါးတို့ပေတည်း၊ ဝိညာဏဋ္ဌိတိ၏ တန်ခိုးအရောင်အရိပ်တို့ပေတည်း၊ သတ္တ, ဇီဝဟူသော အသက်စိတ်ဝိညာဏ်မရှိ၊ ကြောင့်ကြ သွားလာတတ်သော ဗျာပါရမရှိ၊ အာရုံသက်သက်သာလျှင်တည်း၊ ဘူတရုပ်လေးပါးကို စွဲ၍ ဖြစ်သောရုပ်ကို ဥပါဒါရုပ်ဟုဟောတော်မူ၏၊ ဝိညာဏဋ္ဌိတိကိုစွဲ၍ဖြစ်သော စိတ်ဓမ္မာရုံကိုလည်း ဥပါဒါရုံမည်သောစိတ်ဓမ္မာရုံဟု ဟောတော်မူ၏။

ဤအရာတွင် အာယတန ခြောက်ပါးတို့၏ ရောယှက်ပုံကို ပြဆိုလိုက်ဦးအံ့၊ စက္ခုပသာဒရုပ်, ရူပါရုံ,စက္ခုဝိညာဏ်စိတ် ဟူသော သင်္ဂတိ တရားသုံးပါးတို့တွင် စက္ခုပသာဒရုပ်နှင့် ရူပါရုံသည် ဘူတရုပ်လေးပါးကို စွဲမှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ်မည်၏၊ ထိုဥပါဒါရုပ်နှစ်ပါးတို့တွင် စက္ခုပသာဒရုပ်သည် ဓမ္မာရုံမည်၏၊ ရူပါရုံသည် ဒိဋ္ဌရုပ်မည်၏၊ စိတ်ဝိညာဏ်ဟူသောဓမ္မာရုံတပါး,ဖဿစသော ခုနစ်ပါးသော စေတသိက်ဓမ္မာရုံတပါး, ဤဒိဋ္ဌရုပ် ရူပါရုံနှင့်တကွ ဓမ္မာရုံမည်သော ရုပ်နာမ်နှစ်ပါးတို့သည်ဘူတရုပ်လေးပါးနှင့်တကွ ဝိညာဏဋ္ဌိတိကိုစွဲ၍ ဖြစ်ပေါ်လာသော ဥပါဒါရုံတို့သာတည်း၊ ထိုဥပါဒါရုံ ဟူသမျှတို့သည် ပရမတ္ထ ဓမ္မာရုံတို့သာလျှင်တည်း၊ ထိုဓမ္မာရုံတို့သည် နိဿတ္တ, နိဇ္ဇီဝဖြစ်သော ပဋိစ္စ သမုပ္ပါဒ ဟူသော ဥပါဒါနက္ခန္ဓာတို့သာတည်း၊ ဘူတရုပ်လေးပါးနှင့်တကွ ပရမတ္ထဖြစ်သော စက္ခုဝိညာဏ်စိတ်သည်ကား ဝိညာဏဋ္ဌိတိမည်သောစိတ်တည်း၊ ဝိညာဏစရိယ ဝိညာဏံ မဇ္ဈေ ဟူသော စိတ်ဝိညာဏ်သာတည်း၊ ထို့ကြောင့် မြတ်စွာဘုရားသည် "ဓမ္မသင်္ဂဏီပါဠိတော်"၌ "အဗျာကတာ ဓမ္မာ"ဟူ၍ ဟောတော်မူ၏။

ဤတရားနှစ်ပါးတွင် အဗျာကတာ ဟူသောဒေသနာ၏ အရကား ဝိညာဏဋ္ဌိတိမည်သော ဝိညာဏစရိယ စက္ခုဝိညာဏ်စိတ်ကို ကောက်ယူအပ်၏၊ ဓမ္မာဟူသောဒေသနာ၏ အရကား နိဿတ္တ,နိဇ္ဇီဝဖြစ်သော ရုပ်နာမ်နှစ်ပါး ပရမတ္ထတရား ဓမ္မာရုံဟူသမျှတို့သည် ဓမ္မာဟူသော ဒေသနာအရဖြစ်ကုန်၏၊ထို့ကြောင့်ပဋိစ္စသမုပ္ပါဒဖြစ်သော"သင်္ခါရပစ္စယာဝိညာဏံ"ဟူသော စက္ခုဝိညာဏ်သည် ဥပါဒါရုံဖြစ်သော နာမ်ဓမ္မာရုံ ပရမတ္ထတရားကိုသာ ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာဖွဲ့၍ ဟောအပ်၏။

ဤသို့ စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်ဟူသော သင်္ဂတိတရားသုံးပါးကို ဟောသကဲ့သို့ သောတ, ဃာန, ဇိဝှါ, ကာယ, မန ဟူသော အာယတန ခြောက်ပါးတို့၌လည်း ထိုစက္ခာယတနကို နည်းမှီပြု၍ ပဋိစ္စ

သမုပ္ပါဒဟူသော သံသရာစက် လည်သည်ကို ကောင်းစွာသိအပ်၏၊ ဤသို့ အာယတန ခြောက်ပါးတို့၏ အဇ္ဈတ္တကို အဇ္ဈတ္တ ချင်းချင်း,ဗဟိဒ္ဓကို ဗဟိဒ္ဓ ချင်းချင်း အဇ္ဈတ္တဇ္ဈတ္တဟူသော ဝိညာဏဋ္ဌိတိနှင့် ဥပါဒါရုံမည်သော စိတ် ဝိညာဏ် ဓမ္မာရုံနှင့် အသံသဒ္ဒါတို့၍ ရောယှက်၍ သတ္တဝါတို့၏ ဉာဏ်၌ ရှုပ်ထွေးမည်ကို မြင်တော်မူသော မြတ်စွာဘုရားသည် သုတ္တ, ဂေယျ, ဝေယျာကရဏ စသော အင်္ဂါကိုးပါးနှင့်ပြည့်စုံသောဓမ္မာရုံဖြစ်သောပရမတ္ထ တရားတော်တို့ကို ဒွယ-ဒွယပြု၍ ဟောတော်မူ၏၊ ထိုဒွယဟူသော စကား တော်ကို သတ္တဝါတို့၏ ယုံကြည်သော သဒ္ဓါတရားကိုရစေခြင်းငှါ "ဟိသစ္စံ" သဒ္ဒါနှင့် ဒဋ္ဌိကမ္မဟူသော မြဲမြံသော ဝန်ခံခြင်းဖြင့် ဟောတော်မူ၏။

ဤသို့ ဒွယဟူသောတရား ဟူသည်ကား အာရမ္မဏပစ္စယော, အာရမ္မဏ ပစ္စယုပ္ပန္နောဟု နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် အာရမ္မဏပစ္စည်းကား ပရမတ္ထဓမ္မာရုံ, ဥပါဒါရုပ် ဥပါဒါရုံ, နာမ်ရုပ်နှစ်ပါး, ဋ္ဌိတိ ကိုးပါး ဟူသော သမုဒယဓမ္မ, နိရောဓ ဓမ္မ, ပဋိစ္စသမုပ္ပါဒမည်သော ဥပါဒါနက္ခန္ဓာဟူသော ပစ္စယတရား ဟူသမျှကို အာရမ္မဏပစ္စည်းဖြင့်သာဟောအပ်၏၊ထိုအာရမ္မဏ ပစ္စည်းသည် "သမုဒယောနတ္ထိ"ဟူသော တရားသာတည်း၊ အာရမ္မဏ ပစ္စ ယုပ္ပန္နောဟူသော ဒေသနာတော်သည် "ဝိညာဏဋ္ဌိတိ ဝိညာဏစရိယ ဝိညာဏံမဇ္ဈေ ဝိညာဏံ အနိဒဿနံ" စသော ဘူတရုပ်လေးပါးနှင့်တကွ စိတ်ဝိညာဏ် ကိုသာလျှင် "အာရမ္မဏပစ္စယုပ္ပန္နော"ဟု ဟောအပ်၏၊ ထို အာရမ္မဏပစ္စယုပ္ပန်တရားကို"နိရောဓော အတ္ထိ"ဟူ၍ ဟောတော်မူ၏၊ ဤ ကဲ့သို့ ဒွယ-ဒွယဟောသည်ကိုမနာယူ၍"ရူပံ အတ္တတော သမနုပဿတိ"ဟူ သော ဒွယကို မသိခြင်းကြောင့် ရုပ်ကိုစွဲသော ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ကြရလေ၏၊ ထိုဒွယဟူသော စကားတော်ကို ရှင်သာရိပုတ္တရာ အရှင်မြတ်သည် အနာ ထပိဏ်သူဌေးအား "ဥပရိပဏ္ဏာသပါဠိတော်"၌ ဤသို့ ဟောတော်မူ၏။

"န စက္ခုံ ဥပါဒိယိဿာမိ၊ နစ မေ စက္ခုနိဿိတံ ဝိညာဏံ ဘဝိဿတီတိ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ"ဟူ၍ဌင်း,

"နစက္ခုဝိညာဏံ ဥပါဒိ ယိဿာမိ၊နစမေစက္ခု ဝိညာဏနိဿိတံ ဝိညာဏံ ဘဝိဿတီတိ ဧဝံဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ" ဟူ၍ဌင်း,

"ဝိပါကကြိယာ အဗျာကတာ ဝိညာဏစရိယာ" ဟူ၍ဌင်း,

"ဝိညာဏံမဇ္ဈေ"ဟူ၍၎င်း,
"ပကတိ ပရိသုဒ္ဓ မိဒံ စိတ္တံ" ဟူ၍၎င်း—
ဤသို့ဟောတော်မူသော ဝိညာဏ်နှစ်ပါးသည် ပရမတ္ထ ဖြစ်သော ဝိညာဏ်သာလျှင်တည်း။

စက္ခုဝိညာဏံ၊ ပဋိစ္စသမုပ္ပါဒ ဖြစ်သော ဥပါဒါနက္ခန္ဓာဟူသော စက္ခုဝိညာဏ်ကို။ အဟံ၊ အကျွန်ုပ်သည်။ဥပါဒိယိဿာမိ၊မဖြစ်စေအံ့။မေ၊အကျွန်ုပ်အား။ စက္ခုဝိညာဏနိဿိတံ၊ ဝိညာဏစရိယမည်သော စက္ခုဝိညာဏ်ကို မှီ၍ဖြစ်သော။ ဝိညာဏံ၊ ဥပါဒါနက္ခန္ဓာဟူသော စက္ခုဝိညာဏ်သည်။ နစဘဝိဿတိ၊ ဖြစ်လည်းမဖြစ်လတ္တံ့။ ဣတိစေံဟိ၊ ဤသို့သင်ထင်မြင်သည့် အတိုင်းသာလျှင်။ ဂဟပတိ၊ အနာထပိဏ်သူဌေး။ တေ၊ သင်အား။သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဤသို့ဝိညာဏ်နှစ်ပါးကို ဒွယပြု၍ဟောတော်မူ၏၊ ထိုဝိညာဏ် နှစ်ပါး တို့တွင်—

၁။ အာရုံခြောက်ပါးဟူသောပရမတ္ထဖြစ်သော ဝိညာဏ်တပါး,
၂။ ဝိညာဏဋ္ဌိတိဟူသော ပရမတ္ထဖြစ်သော ဝိညာဏ်တပါး,

ဤပရမတ္ထဖြစ်သော ဝိညာဏ်နှစ်ပါးတို့တွင် ဓမ္မာရုံနှင့်တကွ အာရုံ ခြောက်ပါးဟူသော စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ် ဟူသော ဥပါဒါနက္ခန္ဓာ ဖြစ်သော ဝိညာဏ်ကိုသာလျှင် ပဋိစ္စသမုပ္ပါဒ သံသရာဟု ဟောတော်မူ၏၊ ထို့ကြောင့် "ပဋိစ္စသမုပ္ပန္နံ ဝိညာဏံ ဝုတ္တံ မယာ"ဟု ဟောတော်မူ၏၊ ထို့ကြောင့် ပစ္စယကင်းသော ဝိညာဏဋ္ဌိတိ ဝိညာဏစရိယဖြစ်သော စက္ခုဝိညာဏ် စသော ဝိညာဏခြောက်ပါးကို ပဋိစ္စသမုပ္ပါဒမည်သော သံသရာအတွင်းသို့ သွင်း၍မဟောအပ်၊ ဤသို့ ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္န ဟူသော စိတ်ဝိညာဏ်၏ နက်နဲသည်၏ အဖြစ်ကြောင့် စင်္ကီမည်သော ဗြာဟ္မဏပုဏ္ဏားသည် မြတ်စွာဘုရားကို ဤသို့လျှောက်လေ၏။

ယံ ခေါပန ဓမ္မံ ဒေသေတိ၊ဂမ္ဘီရော သောဓမ္မော ဒုဒ္ဒသော ဒုရနု-ဗောဓော သန္တော ပဏီတော အတက္ကာဝစရော နိပုဏော ပဏ္ဍိတ ဝေဒနီယော။

ဟု စင်္ကီဗြာဟ္မဏပုဏ္ဏားသည် မြတ်စွာဘုရားကို လျှောက်ကြားလေ၏။ ထိုစင်္ကီဗြာဟ္မဏပုဏ္ဏား လျှောက်ကြားသည်နှင့်အညီ ဝိညာဏ်၏ နက်နဲ

ကြောင်းကို ပြလိုက်ဦးအံ့၊ ''ဝိညာဏံ အတ္တတော သမနုပဿတိ၊''ဝိညာဏံ၊ ဓမ္မာရုံ ပရမတ်ဖြစ်သော ပဋိစ္စသမုပ္ပါဒမည်သော ဝိညာဏ်ကို၊ အတ္တတော။ ဝိညာဏဒိဋ္ဌိတိ သတ္တာဝါသ ဘုံကိုးဝ၏ သတ္တ, ဇီဝ, အတ္တသို့ သွင်း၍ မိန်းမ, ယောကျ်ား ထင်ရှားရှိသည်၏ အဖြစ်ဖြင့်။ သမနုပဿတိ၊ ဓမ္မာရုံပရမတ်ကို ဝိညာဏဒိဋ္ဌိတိပရမတ်ပြု၍ရှု၏။

ထို့ကြောင့် "သင်္ခါရပစ္စယာ ဝိညာဏံ" ဟူသော ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နဖြစ်သောဝိညာဏ်ကို ဥပါဒ်,ဌီ,ဘင်ရှိသော သတ္တ,ဇီဝ,သရီရ ဟူသော အယူကိုယူ၍ အတ္တဒိဋ္ဌိဖြစ်၍ နေကြလေ၏၊ ပဋိစ္စသမုပ္ပါဒဖြစ်သော ဝိညာဏ်သည်ကား အဝိဇ္ဇာ,တဏှာ,ကံ, နာမ်ရုပ်ဟူသော အကြောင်းလေးပါး ကြောင့်ဖြစ်သော ဝိညာဏ်ကိုသာ ပဋိစ္စသမုပ္ပါဒသံသရာဟု ဟောတော်မူ၏၊ ထိုပဋိစ္စသမုပ္ပါဒဟူသောသံသရာ၌ အမြဲနေ သာ အာယတနခြောက်ပါးတို့တွင် ကာမဂုဏ်ဟူသော အာရုံငါးပါးသည် ပစ္စုပ္ပန်၌သာ လည်၍ဖြစ်၏၊ အနာဂတ်၌ကား ဖြစ်ဆဲကို ဟောတော်မူသည်မဟုတ်၊ နောင်အခါ၌လည်း လည်၍ဖြစ်လတ္တံ့ဟူ၍သာ ဟောတော်မူ၏၊ ဘဝင်္ဂပစ္ဆေဒဟု ဆိုအပ်သော တဆယ့်ကိုးပါးနှင့် ပြိုင်၍ဖြစ်သော ဟဒယဝတ္ထုဟုဆိုအပ်သော မနောဒွါရ၌ကား ဝိညာတ ရုပ် ဓမ္မာရုံကို အာရုံပြု၍ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ဟူသော အခွန့်ကာလသုံးပါး၌လည်၏၊ ထိုအာယတနခြောက်ပါးတို့၏ စက္ခု ဒွါရစသော ခြောက်ပါးသောတံခါး၌ အမြဲလည်၍နေသော ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာ ဘေးကြီးကို ဒွယ ဒွယအားဖြင့် နှစ်ပါးနှစ်ပါးပြု၍ ရှင်သာရိပုတ္တရာမထေရ်သည် ရှင်အာနန္ဒာနှင့်တကွ အနာထပိဏ်သူဌေး၏ မကျန်းမာ၍ ပင့်ဘိတ်သောကြောင့် ကြွတော်မူ၍ အာယတနဆက္က တရားကို ဟောတော်မူ၏။

န စက္ခုံ ဝိညာဏံ ဥပါဒိယိဿာမိ၊ နစ မေ စက္ခု ဝိညာဏနိဿိတံ ဝိညာဏံ ဘဝိဿတီတိ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ၊န သောတဝိညာဏံ ဥပါဒိယိဿာမိ၊ နစ မေ သောတဝိညာဏ နိဿိတံ ဝိညာဏံ ဘဝိဿတီတိ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ၊န ဃာနဝိညာဏံ ဥပါဒိယိဿာမိ၊ နစ မေ ဃာန ဝိညာဏနိဿိတံ ဝိညာဏံ ဘဝိဿတီတိ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ၊ နဇိဝှါဝိညာဏံ ဥပါဒိယိဿာမိ၊နစ မေ ဇိဝှါဝိညာဏံ နိဿိတံ ဝိညာဏံ ဘဝိဿတီတိ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ၊ န ကာယဝိညာဏံ ဥပါဒိ-

ယိဿာမိ၊ နစမေ ကာယဝိညာဏာ နိဿိတံ ဝိညာဏံ ဘဝိဿတီတိ ဧဝံဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။ န မနောဝိညာဏံ ဥပါဒိယိဿာမိ၊ နစ မေ မနောဝိညာဏာ နိဿိတံ ဝိညာဏံ ဘဝိဿတီတိ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။

[ဥပရိပဏ္ဏာသပါဠိတော်-အနက်ပေးပြီးပြီ၊နောက်ပုဒ်များမှာအနက်လွယ်၏။]

ဤသို့ ရှင်သာရိပုတ္တရာမထေရ်သည် အနာထပိဏ်သူဌေးကြီးအား အတ္တဒိဋ္ဌိကိုဖယ်၍ ပဋိစ္စသမုပ္ပါဒ ဝိညာဏ်နှင့် ဝိညာဏဋ္ဌိတိ ဝိညာဏ်နှစ်ပါး၏ သဘာဝတရား မတူကွဲပြား ခြားနားစွာဖြစ်၍နေသည်ကို မြင်ရသဖြင့် ဥပါဒါနက္ခန္ဓာတည်းဟူသော ကြောက်ဘွယ်ဖြစ်သော ဘေးကြီးကို အောက်မေ့ဆင်ခြင်လျက် ပြင်းစွာအသံဖြင့် ငိုကြွေးလေ၏၊ ထိုအခါ ရှင်အာနန္ဒာမထေရ်က ဤသို့မေးမြန်းလေ၏။

"အနာထပိဏ်သူဌေး…သင်အဘယ်ကြောင့် ငိုကြွေးပါသနည်း" ဟု မေးမြန်းသော် ဤသို့လျှောက်ကြားလေ၏။

"အရှင်ဘုရားအာနန္ဒာ… တပည့်တော်သည် မြတ်စွာဘုရားကို နှစ်,လ,နေ့,ရက် တို့ဖြင့်အမြဲမပြတ် ဆည်းကပ်ကိုးကွယ်၍ အနီးအပါး အနားမှာ ဝပ်တွားခစား ရှိသေစွာအမြဲနေပါလျက်နှင့် ဝိညာဏ်ဒွယ နှစ်ပါးပြား၍ ပဋိစ္စသမုပ္ပါဒတရားတော်မြတ်ကိုတကြိမ်တခါမျှမကြား မနာရဘူးသောကြောင့် အလွန်ဝမ်းနည်း၍ ငိုမိပါသည်ဘုရား"ဟု ရှင်အာနန္ဒာအား လျှောက်ကြားလေ၏။

ထိုပဋိစ္စသမုပ္ပါဒဝိညာဏ်နှင့် ဝိညာဏဋ္ဌိတိ ဝိညာဏ်ဟူသော နှစ်ပါးသော ဝိညာဏ်ကို—

"စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော"ဟူ၍၎င်း,

"စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ ဥပေက္ခာ"ဟူ၍၎င်း,

"စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ မနာပံ၊ ဥပ္ပဇ္ဇတိ အမနာပံ၊ ဥပ္ပဇ္ဇတိ မနာပါမနာပံ"ဟူ၍၎င်း—

မြတ်စွာဘုရားသည် ဝိပဿနာဟူသော ဘာဝနာတရားတို့တွင် ဤစက္ခုအစရှိသောဣန္ဒြေကို စောင့်ရှောက်အားထုတ်၍ ပွါးများခြင်းသည်သာလျှင် အတုမရှိသော အနုတ္တရဣန္ဒြိယဘာဝနာဟု ဟောတော်မူ၏။

လူ,နတ်,နိဗ္ဗာန်သုံးတန်သောချမ်းသာသုခကိုရှာကြသောတရားတို့တွင်"ဤဣန္ဒြိယ ဘာဝနာတရားကိုသာ ငါဘုရားမြင်တော်မူ၏"ဟု ဟောတော်မူ၏၊

''နာညတြိန္ဒြိယသံဝရာ သောတ္တိ ပဿာမိ ပါဏိနံ''ဟု''သဂါထာဝဂ္ဂသံယုတ် ပါဠိတော်''မှာဟောတော်မူ၏၊ အဘယ့်ကြောင့်ဣန္ဒြိယဘာဝနာသည်ဘာဝနာ တကာတို့ထက်သာ၍ မြတ်ပါသနည်း၊ဤစက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ, မနဟူသော ဘာဝနာခြောက်ပါးသည် ဓမ္မာရုံ ပရမတ်, ပဋိစ္စသမုပ္ပါဒ,ပဋိစ္စ သမုပ္ပန္နဟူသော ဥပါဒါနက္ခန္ဓာကြီးပေတည်း၊ ထိုဣန္ဒြိယ ဘာဝနာကို ပွား များသည်ရှိသော် ခန္ဓာငါးပါးကိုလည်း အပြားအားဖြင့် သိလတ္တံ့၊ အာယ တန တဆယ့်နှစ်ပါးကိုလည်း အပြားအားဖြင့် သိလတ္တံ့၊ ဓာတ်တဆယ့်ရှစ် ပါးကိုလည်း ပိုင်းခြားဝေဘန်၍ သိလတ္တံ့၊ သစ္စာလေးပါး တရားကိုလည်း မျက်မှောက်ပြု၍ သိမြင်လတ္တံ့၊ဤသို့များအားမြတ်သော ဂုဏ်ကျေးဇူးကို ရွှေဉာဏ် တော်ဖြင့်မြင်တော်မူသောကြောင့် ယခုဘဝဤစက္ခုစသော ဣန္ဒြိယဘာဝနာကို အနုတ္တရ ဘာဝနာဟု ဟောတော်မူ၏၊ ဤသာသနာတော်တွင်း၌ အနုတ္တရ ဣန္ဒြိယဘာဝနာကိုမှ မစီးဖြန်းရသေး, မပွားများရသေး, အားမထုတ်ရသေး သော သူအပေါင်းတို့သည် သေခါနီးကျနောက်ကာလ၌ အနာထပိဏ်သူဌေး ကြီးကဲ့သို့တဖန်နောက်မှသတိရ၍ငိုကြွေးဒုက္ခနောင်တပူပန်ကြရကုန်လတ္တံ့။

ဤပညာနေတ္တိ ဝိပဿနာကျမ်း၌ အလုပ် လုပ်ငန်းမပါ, မရှိဟု မဆိုနိုင်၊ အလုပ်ရဘို့ကား ရှေးဦးစွာမဟုတ်၊ အလုပ်တတ်ဘို့သာလျှင် ရှေးဦးစွာသာ တည်း၊ အလုပ်ကိုတတ်မှ အလုပ်လုပ်နိုင်၏၊ အလုပ်ကိုမတတ်လျှင် အလုပ်ကို မလုပ်နိုင်သေးဟု ဆိုခြင်းသည် ဤယခုဘဝ၌ မြတ်စွာဘုရား၏ သာသနာ တော်သုံးပါးနှင့် တွေ့ကြုံကြိုက်ပါလျက် သဒ္ဓမ္မဟူသော သပ္ပုရိသတရားတော် ကို မနာမကြားရသည့် အတွက်ကြောင့် ဒိဋ္ဌိ,ဝိစိကိစ္ဆာဟူသော တဏှာနှင့် အဝိဇ္ဇာအမြစ်နှစ်ပါးကို မပယ်မနုတ်နိုင်သမျှ ကာလပတ်လုံး ဘုရားသာသ နာတော်၏ အစဖြစ်သော သပ္ပုရိသ သူတော်ကောင်းတို့ ပြုသောပုဗ္ဗကုသိုလ် မျိုးကို မရနိုင်၊ ထိုပုဗ္ဗကုသိုလ်မျိုးကို မရသမျှကာလပတ်လုံး ပုဗ္ဗေ ဓမ္မဋ္ဌိတိဟူ သော သမ္မာဒိဋ္ဌိဉာဏ်ကိုမရနိုင်၊ ထိုသမ္မာဒိဋ္ဌိ ဉာဏ်ကိုမရသမျှကာလပတ်လုံး သုဒ္ဓဓမ္မသမုပ္ပါဒ ဟူသောနိဿရဏ သံသရာသို့ မရောက်ရသေး၊ ထို့ကြောင့် နိဿရဏ သံသရာ၌ နိရောဓသစ္စာမည်သောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၏ အကြောင်းရင်းမူလဖြစ်သော ဘုရားအရိယာ သပ္ပုရိသတို့၌ ယုံကြည်ခြင်း သဒ္ဓါတရားသည်သာလျှင် အစပုဗ္ဗတည်းဟု စက်ကိမည်သော ပြာပဗ္ဗဏပုဏ္ဏား အားဟောတော်မူ၏။

ဤသည်ကား ဝိညာဏ်နှင့်တကွ ဝိပဿနာဘာဝနာဟူသောအလုပ်ကို
အားထုတ်ပွားများလို၍ ရှာသောအခဏ်းတည်း။

## ၄၄။ ဝိညာဏဋ္ဌိတိ ၇-ပါးကိုပြဆိုခြင်း

ဗကဗြဟ္မာကြီးသည် ဝိညာဏ်ကိုသိသည်ဟု ဝန်ခံလေ၏၊ထိုအခါ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊"ဗကဗြဟ္မာ....သင်တို့သိသောဝိညာဏ်သည် ဥပါဒါနက္ခန္ဓာ ဖြစ်သောဝိညာဏ်ကို ဥဒ္ဒေသဒိဋ္ဌအယူဝါဒအားဖြင့်"ဝိညာဏံ အတ္တတော သမနုပဿတိ" ဟူ၍သာ ဝိညာဏ်ကိုသိ၏၊ ဓမ္မာရုံ ပရမတ္ထဖြစ်သော စိတ်ဝိညာဏ်ကိုလည်း မသိအပ်၊ အဇ္ဈတ္တဗဟိဒ္ဓဖြစ်သော ဝိညာဏဋ္ဌိတိဟူသောစိတ်ဝိညာဏ်ကို သာ၍ပင် သင်ဗကဗြဟ္မာတို့ မသိအပ်,မသိကောင်း" ဟု ဗကဗြဟ္မာအား ဗြဟ္မနိမန္တနသုတ်ကို ဟောတော်မူ၏၊ "ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတော ပဘံ"ဟူသော ဒေသနာတော်ကို ဟောတော်မူ၏၊ ထိုဒေသနာ၌ ဟောတော်မူသော ဝိညာဏ်တော်သည် ဝိညာဏဋ္ဌိတိခုနစ်ပါး၌ဟောသောဝိညာဏ်ပင်တည်း၊ ဥပါဒ်, ဌီ, ဘင် ရှိသော နိရောဓ ဖြစ်၍ "နိရောဓော အတ္ထိ"ဟု ဟောတော်မူ၏၊ထိုသုတ်ကို"မူလပဏ္ဏာသပါဠိတော်" ၌ စုဏ္ဏိယ အားဖြင့် ဟောတော်မူသည်ကို သီဟိုဠ် သာရသင်္ဂဟအဋ္ဌကထာဆရာ ဂါထာဖွဲ့စီ၍ ထားအပ်လေ၏။

၁။ သန္ဓိ သညာယ နာနတ္တာ၊ ကာယဿာပိစ နာနတော၊
နာနတ္တကာယ သညီတိ၊ ကာမသုဂတိယော မတာ။

၂။ ပဌမ ဈာနဘူမိစ၊ စတုရာပါယဘူမိယော၊
နာနတ္တကာယဧကတ္တ၊ သညီတိ သမုဒီရိတာ။

၃။ ဧကတ္တကာယနာနတ္တ၊ သညီ ဒုတိယဘူမိကာ၊
ဧကတ္တကာယဧကတ္တ၊ သညီ ဥပရိ ရူပိနော။

၄။ ဝိညာဏဋ္ဌိတိ ယောသတ္တ၊ တီဟာရုပ္ပေဟိ ဟေဋ္ဌတော၊
သညသတ္တေန ဂယှန္တိ၊ ဝိညာဏာ ဘာဝတော သဒါ။

၅။ စတုတ္ထာရုပ္ပဘူမိစ၊ ပုထုဝိညာဏာ ဟာနိတော၊
တံ ဒွယမ္ပိ ဂဟေတွာန၊ သတ္တာဝါသာ နဝေရိတာ။

၁။ သန္ဓိသညာယ၊ ပဋိသန္ဓေစိတ်ဟူသော သညာ၏။ နာနတ္တာစ၊ ထူးသည်၏အဖြစ်ကြောင့်၎င်း။ ကာယဿာပိစ၊ ခန္ဓာကိုယ်၏လည်း။ နာနတော စ၊ ထူးသည်၏ အဖြစ်ကြောင့်၎င်း။ ကာမသုဂတိယော၊ ကာမသုဂတိ ခုနစ်ဘုံတို့ကို။ နာနတ္တကာယ သညီတိ၊နာနတ္တကာယ နာနတ္တသညီဘုံဟူ၍။ မတာ၊ သိအပ်ကုန်၏။

၂။ ပဌမဈာနဘူမိစ၊ပဌမဈာန် သုံးဘုံကိုဂှင်း။ စတုရာပါယဘူမိယောစ၊ အပါယ် လေးဘုံတို့ကိုဂှင်း။ နာနတ္တကာယကေတ္တသညီတိ၊ နာနတ္တကာယ ကေတ္တ သညီဘုံဟူ၍။ သမုဒီရိတာ၊ ဆိုအပ်ကုန်၏။

၃။ ဒုတိယဘူမိကာ၊ ဒုတိဈာန်သုံးဘုံတို့ကို။ ကေတ္တကာယနာနတ္တသညီ၊ ကေတ္တကာယ နာနတ္တသညီဘုံဟူ၍။ သမုဒီရိတာ၊ ဆိုအပ်ကုန်၏။ဥပရိ ရူပိနော၊ အထက် တတိယဈာန်သုံးဘုံ, အသညသတ်ကြဉ်သော စတုတ္ထဈာန် ခြောက်ဘုံတို့ကို။ ကေတ္တကာယကေတ္တသညီ၊ ကေတ္တကာယ ကေတ္တသညီ ဘုံဟူ၍။ သမု ဒီရိတာ၊ ဆိုအပ်ကုန်၏။

၄။ ဟေဋ္ဌိမတော၊ အောက်၌ဖြစ်ကုန်သော။ တီဟိအာရုပ္ပေဟိ၊ အာကာသာနဉ္စာယတနဘုံ, ဝိညာဏဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံ ဟုဆိုအပ်သော သုံးပါးသော ဘုံတို့နှင့် တကွ။ ဝိညာဏဋ္ဌိတိယော၊ ဝိညာဏ်၏ တည်ရာဖြစ်သော ဝိညာဏဋ္ဌိတိ ဘုံတို့ကို။ သတ္တ၊ခုနစ်ပါးအပြား ရှိကုန်၏ ဟူ၍။ သမုဒီရိတာ၊ ဆိုအပ်ကုန်၏။ သဒါ၊ အခါ ခပ်သိမ်း။ ဝိညာဏာဘာဝတော၊ ဝိညာဏ် မရှိသည်၏အဖြစ်ကြောင့်။ အသညသတ္တေ၊ အသညသတ်ဘုံ၌ နေသော သတ္တဝါတို့၏ နေရာတို့ကို။ နဂယှန္တိ၊ ဝိညာဏဋ္ဌိတိ ဘုံဟူ၍ မရေတွက်အပ်ကုန်။

၅။ ပုထုဝိညာဏ ဟာနိတော၊၊ရုံ့ရင်းကြမ်းထမ်းသော ဝိညာဏ်များမှ ယုတ်လျော့ခြင်းကြောင့်။ စတုတ္ထာရုပ္ပဘူမိစ၊ နေဝသညာနာသညာယတန ဟူသော စတုတ္ထအရူပဘုံကိုလည်း။ နဂယှတိ၊ဝိညာဏဋ္ဌိတိဘုံဟူ၍မရေတွက် အပ်။ ဣတိ၊ဤသို့။ တံဒွယမ္ပိ၊ထိုအသညသတ်ဘုံနှင့် နေဝသညာနာသညာယ တနမည်သော ဘုံနှစ်ပါးကိုလည်း။ ဂဟေတွာန၊ယူ၍။သတ္တာဝါသာ၊ သတ္တဝါ တို့၏နေရာဘုံတို့ကို။ နဝ၊ ကိုးပါးအပြားရှိကုန်၏ ဟူ၍။ ဤရိတာ၊ ဆိုအပ် ကုန်၏။

ဤသို့ မြတ်စွာဘုရားသည် ဝိညာဏဋ္ဌိတိခုနစ်ပါးနှင့်တကွ သတ္တဝါတို့၏ တည်နေရာ ဖြစ်သော ဘုံကိုးပါးကို ဟောတော်မူရခြင်းသည် အာရုံ ခြောက်ပါးဟူသော ဓမ္မာရုံ၌သာလျှင် နိဿတ္တ,နိဇ္ဇီဝဟူ၍ ဟောတော်မူ၏၊ ထို ဇကမြဟ္မာသည် ဥပါဒါနက္ခန္ဓာ ဟူသော ဝိညာဏ်ကိုသာ သိ၏၊ ထိုဇကမြဟ္မာသိသော ဥပါဒါနက္ခန္ဓာ ဟူသော ဝိညာဏ်သည် အဝိဇ္ဇာ, တဏှာ,ကံ,နာမရူပ ဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ပေါ်လာသော မိစ္ဆာပညတ္တိပထ ဖြစ်သော ဓမ္မာရုံဝိညာဏ်ကိုသာလျှင် သိ၏။ ထိုသိသော

ဝိညာဏ်သည် နာမ်,ရုပ်နှစ်ပါးဟူသော အကြောင်းကြောင့်ဖြစ်၏၊ နာမ်,ရုပ် နှစ်ပါး ဟူသည်လည်း "နာမံ စေကော အန္ဓော၊ ရူပံ ဒုတိယော အန္ဓော" ဟု ဟောတော်မူသောကြောင့် နာမ်ဟူသည် သဿတဒိဋ္ဌိ၏ စွဲမှီရာအရပ် တည်း၊ ရုပ်ဟူသည် ဥစ္ဆေဒဒိဋ္ဌိ၏ စွဲမှီရာအရပ်တည်း၊ ထိုကြောင့် ဗကဗြဟ္မာ သိသောဝိညာဏ်သည် သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးနှင့်ယှဉ်သော "သင်္ခါရ ပစ္စယာဝိညာဏံ"ဟူသော ပဋိစ္စသမုပ္ပါဒဖြစ်သော ဝိညာဏ်သာလျှင် သိ နိုင်၏။ စင်စစ်အားဖြင့် အညာဏစရိယ, ဉာဏစရိယ, ဝိညာဏစရိယ, ဝိညာဏံမဇ္ဈေ,ဝိညာဏံ အနိဒဿနံ, အနန္တံသဗ္ဗတောပဘံ ဟူသော စိတ် ဝိညာဏ်ကို မသိခြင်းကြောင့် ထိုဝိညာဏ်ကိုသိစေခြင်းငှာ ဝိညာဏဋ္ဌိတိ ခုနစ်ပါးနှင့်တကွ သတ္တာဝါသဘုံကိုးဝကို ဟောတော်မူရပြန်၏။

ထိုဝိညာဏ ဋ္ဌိတိဟူသော ဝိညာဏ်သည်ကား သတ္တ,ဇီဝ,သရီရ ဟူသော ဥပါဒ်,ဋ္ဌိ,ဘင်နှင့် တကွသော သတ္တဝါဟူ၍၎င်း၊ အသက်ဝိညာဏ်ဟူ၍၎င်း၊ ခန္ဓာကိုယ်ဟူ၍၎င်း၊ ပရမတ္ထတရားကို အသိဉာဏ်သမ္မာဒိဋ္ဌိဖြင့် ခေါ်ဆိုအပ် သော ဝိညာဏ ဋ္ဌိတိတရားပေတည်း၊ ထိုဝိညာဏဋ္ဌိတိ ဟူသော ဝိညာဏ် သည် ဒိဋ္ဌိတို့၏ တည်နေရာမဟုတ်သောကြောင့်"ဝိညာဏံအနန္တံ"ဟုဟော တော်မူ၏၊ အဘယ့်ကြောင့်နည်းဆိုသော် ဤဝိညာဏဋ္ဌိတိ မည်သော သတ္တဝါ တို့၏တည်နေရာ ဘုံကိုးပါးသည် ပဋိစ္စသမုပ္ပါဒ သံသရာနယ်တွင်းက တရား မဟုတ်၊ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အာရုံပြုနိုင်သော တရားလည်းမဟုတ်၊ထိုကြောင့် သတ္တ,ဇီဝဆို၍ မိစ္ဆာမဖြစ်နိုင်။

[ဤကား ဝိညာဏဋ္ဌိတိ ၇-ပါးကိုပြဆိုသော အခဏ်းတည်း။]

## ၄၀။ ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန်ကိုပြဆိုခြင်း

မြတ်စွာဘုရားသည် အနန္တနယသာဂရမည်သော နှစ်ဆယ့်ခုလေးပါး သော ပဋ္ဌာန်းကျမ်းတော်ကြီးကို ဟောတော်မူရခြင်းသည် ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရား နှစ်ပါးကို သိစေတော် မူလိုသောကြောင့် လူ,နတ်, ဗြဟ္မာ- ဝေနေယျာတို့ကို ဟောတော်မူရ၏၊ ဤသို့ အနန္တနယသာဂရ ဟူသော ပဋ္ဌာန်း၌ ပစ္စည်းနှင့်ပစ္စယုပ္ပန်တရားနှစ်ပါးကို ဒွယဒွယပြု၍ ဟော တော်မူ၏၊ အဘယ်သို့ ဒွယပြု၍ ဟောတော်မူရသနည်း၊ ရူပံအတ္တတော ဟူသော သက္ကာယဒိဋ္ဌိ၌ ပစ္စည်းတရားသည် ရူပံ မည်၏၊ပစ္စယုပ္ပန်တရားသည် အတ္တ မည်၏၊ ဤသို့ နှစ်ပါးနှစ်ပါးဒွယအားဖြင့် ဟောပါသည်ကို ပစ္စည်း လည်း ဤစိတ်ဝိညာဏ်,ပစ္စယုပ္ပန်လည်း ဤစိတ်ဝိညာဏ်၊ဤသို့ နှစ်ပါးမပြား

တသားတည်းပြု၍ ခေါ်ဝေါ်သုံးစွဲ၍ ပြောဆိုရ၍နေခြင်းကြောင့် သဏ္ဍာယဒိဋ္ဌိ ဖြစ်ကြရလေ၏၊ ထိုပစ္စယမည်သော တရားတို့သည် ပဋိစ္စသမုပ္ပါဒ,ပဋိစ္စ သမုပ္ပန္နမည်သော ဓမ္မာရုံပရမတ္ထတရားတို့သာတည်း၊ ထိုပစ္စည်းဖြစ်သော ခန္ဓာငါးပါး, ဓာတ်တဆယ့်ရှစ်ပါး, အာယတန တဆယ့်နှစ်ပါးတို့သည် ရှေးရှေး၌ ဖြစ်သောကြောင့် ပုရိမတရား မည်ကုန်၏၊ ပစ္စယုပ္ပန်ဖြစ်သော ခန္ဓာငါးပါး,ဓာတ်တဆယ့်ရှစ်ပါး,အာယတနတဆယ့်နှစ်ပါး တည်းဟူသော ဝိညာဏဋ္ဌိတိမည်သော တရားတို့သည် နောက်နောက်၌ ဖြစ်သောကြောင့် ပစ္ဆိမတရားမည်ကုန်၏။

ထိုပစ္စည်းပစ္စယုပ္ပန်ဖြစ်သော ခန္ဓာ, ဓာတ်, အာယတနတို့တွင် ပစ္စည်း ဖြစ်သော ခန္ဓာ,ဓာတ်, အာယတနတို့ကို အနိစ္စဓမ္မ, ဒုက္ခဓမ္မ, အနတ္တဓမ္မ, အသုဘဓမ္မ ဟု ပရမတ္ထဖြစ်သော ဓမ္မာရုံကို သိစေခြင်းငှါ ရှေးရှေး၌ ဖြစ်သော တရားတို့ကို "ပုရိမာနံ ပုရိမာနံ" ဟူ၍ ဘုရား ဟောတော်မူ၏၊ ပစ္စယုပ္ပန်ဖြစ်သော ခန္ဓာ, ဓာတ်, အာယတနတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟု ပရမတ္ထဖြစ်သော ဝိညာဏဋ္ဌိတိကို သိစေခြင်းငှါ နောက်နောက်၌ ဖြစ်သော တရားတို့ကို "ပစ္ဆိမာပစ္ဆိမာ"ဟူ၍ ဟောတော်မူ၏။

ထိုကြောင့် "ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်"၌ ရာဓ ရဟန်းကို ဤသို့ ဟော တော်မူ၏။

ယံ ခေါ ရာဓ အနိစ္စံ၊ ယော ခေါ ရာဓ အနိစ္စဓမ္မော။
ယံ ခေါ ရာဓ ဒုက္ခံ၊ ယော ခေါ ရာဓ ဒုက္ခဓမ္မော။
ယော ခေါ ရာဓ အနတ္တာ၊ ယော ခေါ ရာဓ အနတ္တဓမ္မော။
ယံ ခေါ ရာဓ အသုဘံ၊ ယော ခေါ ရာဓ အသုဘဓမ္မော။

ဤသို့ ပစ္စည်းနှင့် ပစ္စယုပ္ပန်နှစ်ပါး ကွဲပြားခြားနားအောင် နှစ်ပါး ဒွယ ပြု၍ ဟောတော်မူ၏၊ မဟာနိဒ္ဒေသပါဠိတော်၌လည်း ခန္ဓာ, ဓာတ်, အာယတန တို့ကို နှစ်ပါးဒွယပြု၍ ဟောတော်မူ၏။

ပုရိမာနံ ပုရိမာနံ ခန္ဓာနံ ဓာတူနံ အာယတနာနံ ဝိပရိဏာမ-
ညထာ ဘာဝါ၊ ပစ္ဆိမာ ပစ္ဆိမာ ခန္ဓာစ ဓာတုယောစ အာယ-
တနာနိစ ပဝတ္တန္တီတိ ဝိနာဘာဝံ။

ပုရိမာနံ ပုရိမာနံ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ခန္ဓာနံ၊ ဓမ္မာရုံဖြစ်သော ခန္ဓာငါးပါးတို့၏ငင်း။ ဓာတူနံ၊ ဓမ္မာရုံဖြစ်သောဓာတ်တို့၏ငင်း။ အာယတ နာနံ၊ ဓမ္မာရုံဖြစ်သော အာယတနတို့၏ငင်း။ ဝိပရိဏာမာ၊ ဖေါက်ပြန်ခြင်း

တည်းဟူသော သင်္ခတအနိစ္စဓမ္မတို့သည်ငှင်း။အညထာဘာဝါ၊ ပဋိစ္စသမုပ္ပါဒ ဟူသော ငှတ အဖြစ်မှတပါးသော ပဋိစ္စ သမုပ္ပန္နဖြစ်သော အနိစ္စဓမ္မတို့ သည်ငှင်း။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပစ္ဆိမာ ပစ္ဆိမာ၊ နောက်နောက်၌ဖြစ်ကုန် သော။ ခန္ဓာစ၊ ဝိညာဏင္ဂတိမည်သော ခန္ဓာတို့သည်ငှင်း။ ဓာတုယောစ၊ ဝိညာဏင္ဂတိမည်သော ဓာတ်တို့သည်ငှင်း။ အာယတနာနိစ၊ ဝိညာဏင္ဂတိ မည်သော အာယတနတို့သည်ငှင်း။ ဠတိ ဠမိနာ အာကာရေန၊ ဤသို့ သောအခြင်းအရာအားဖြင့်။ ဝိနာဘာဝံ၊ ဥပါဒ်,ဋ္ဌီ,ဘင်ဟူသော ဝိနာဘာဝ အနိစ္စအဖြစ်သို့။ ပဝတ္တန္တိ၊ ဖြစ်၍သွားကြကုန်၏။

ဤသို့ပုရိမာ ပုရိမာဟူသော ရှေ့ရှေ့၌ ပစ္စည်းဖြစ်သော ခန္ဓာ, ဓာတ်, အာယတနတရားတို့နှင့် ပစ္ဆိမာ ပစ္ဆိမာဟူသော နောက်နောက်၌ ပစ္စယုပ္ပန် ဖြစ်သော ခန္ဓာ,ဓာတ်, အာယတနတရားတို့ကို ဒွယဒွယပြု၍ နှစ်ပါးနှစ်ပါး ထား၍ ဟောသော်လည်း အညထာဘာဝ အနိစ္စဓမ္မနှင့် ဝိနာဘာဝ အနိစ္စ နှစ်ပါး ထူးခြားကွဲပြားသည်၏အဖြစ်ကို နည်းလေးပါးဖြင့် စိတ်ဖြာဝေဘန်၍ သိရာ၏၊ ထို့ကြောင့် ပစ္စယမည်သော ပစ္စည်းတပ်သော ဓမ္မာရုံတရားဟူသ မျှသည် ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နဖြစ်သော တရားတို့သည်သာလျှင်တည်း၊ ထိုပစ္စယဖြစ်သော ပဋိစ္စသမုပ္ပါဒ တရားတို့သည်လည်း—

၁။ ဒိဋ္ဌိဝိစိကိစ္ဆာဟူသော တဏှာ,အဝိဇ္ဇာ အမြစ်နှစ်ပါးရှိသော ပဋိစ္စ သမုပ္ပါဒ သံသရာတပါး,

၂။ မာနနှင့် ဥဒ္ဓစ္စဟူသော တဏှာ,အဝိဇ္ဇာ အမြစ်နှစ်ပါးရှိသော ပဋိစ္စ သမုပ္ပါဒ သံသရာတပါး,

ဤသို့လျှင် သံသရာသည် နှစ်ပါးအပြားရှိ၏။

၁။ အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့ကျင်လည်သော သံသရာတပါး,

၂။ သပ္ပုရိသ သေက္ခပုဂ္ဂိုလ်တို့ကျင်လည်သော သံသရာတပါး,

ဤသို့လည်း သံသရာသည် နှစ်ပါးအပြားရှိ၏။

၁။ အညာဏစရိယမည်သော ပုဂ္ဂိုလ်တို့ကျင်လည်သောသံသရာတပါး,

၂။ ဉာဏစရိယမည်သော ပုဂ္ဂိုလ်တို့ ကျင်လည်သော သံသရာတပါး,

ဤသို့လျှင် သံသရာသည် နှစ်ပါးအပြားရှိ၏။

ဝိညာဏစရိယဟူသည် ပဋိစ္စသမုပ္ပါဒမည်သော သံသရာမှ လွတ်သော တရားတည်း။

၁။ အသုဒ္ဓဓမ္မပဋိစ္စသမုပ္ပါဒ သံသရာတပါး,
၂။ သုဒ္ဓဓမ္မပဋိစ္စသမုပ္ပါဒ နိဿရဏ သံသရာတပါး,
ဤသို့လည်း နှစ်ပါးအပြားရှိ၏။

ဤသို့ပြဆိုခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ သံသရာကို အနန္တနယ သာဂရမည်သော ပဋ္ဌာန်းကျမ်းဖြင့် ပစ္စည်းတပ်၍ ပြဆိုလိုက်ဦးအံ့။

ဟေတုပစ္စယောဟူသော ပစ္စယုဒ္ဒေသ၏ အရကား လောဘဟိတ်, ဒေါသဟိတ်,မောဟဟိတ်,အလောဘဟိတ်,အဒေါသဟိတ်, အမောဟဟိတ်ဟူသော ဟိတ်ခြောက်ပါးတရားသည် ဟေတုပစ္စည်းမည်၏၊ ထိုဟိတ်ခြောက်ပါးတရားတို့သည် ပဋိစ္စသမုပ္ပါဒမည်သော ဟေတုပစ္စည်း မည်ကုန်၏၊ ထိုဟိတ်ခြောက်ပါးတို့တွင် မောဟဟူသော ဟိတ်သည် အဝိဇ္ဇာမည်၏၊ လောဘဟိတ်သည် တဏှာနှင့် ဥပါဒါန်မည်၏၊ ဒေါသ, အလောဘ, အဒေါသ, အမောဟဟူသော ဟိတ်လေးပါးသည် သင်္ခါရနှင့် ဘဝဟူသော ပဋိစ္စသမုပ္ပါဒ ဟေတုမည်၏၊ ထိုပဋိစ္စသမုပ္ပါဒ ဟူသော ဟေတုပစ္စည်း၏ အကျိုးဖလဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ,မရဏ ဟူသော ဥပါဒါနက္ခန္ဓာငါးပါးတို့သည် အကျိုးဖလဖြစ်သော ပဋိစ္စသမုပ္ပါဒမည်ကုန်၏၊ ထိုဟိတ်ခြောက်ပါးတို့တွင် မောဟဟိတ်သည် အဝိဇ္ဇာမည်၏၊ လောဘဟိတ်သည် တဏှာမည်၏၊ ထိုနှစ်ပါးတို့တွင် မောဟဟိတ်သည်—

၁။ ဝိစိကိစ္ဆာမောဟဟူသော အဝိဇ္ဇာတပါး,
၂။ ဥဒ္ဓစ္စမောဟဟူသော အဝိဇ္ဇာတပါး,
ဤသို့အဝိဇ္ဇာဟူသော မောဟဟိတ်သည် နှစ်ပါးအပြားရှိ၏။

လောဘဟိတ်သည်လည်း—
၁။ ဒိဋ္ဌိဟူသော လောဘတဏှာတပါး,
၂။ မာနဟူသော ဝိပ္ပယုတ် လောဘတဏှာတပါး,
ဤသို့တဏှာဟူသော လောဘသည်လည်း နှစ်ပါးအပြားရှိ၏။

ပုညာဘိသင်္ခါရဟူသော ဟေတုပစ္စယသမုပ္ပါဒ၌ ဟိတ်ခြောက်ပါးတို့တွင် ဉာဏသမ္ပယုတ်ဟူသော တိဟိတ်၌—

၁။ ဥဒ္ဒစ္စဟူသော မောဟ ကြဉ်သော အမောဟဟိတ် တပါး,
၂။ မာနဟူသော ဝိပ္ပယုတ်လောဘ ကြဉ်သော အလောဘဟိတ်တပါး,
၃။ အဒေါသဟိတ်တပါး,
ဤ ဟိတ်သုံးပါးနှင့် ယှဉ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သည် တိဟိတ်စိတ်မည်၏။

ထိုအလောဘ,အဒေါသ,အမောဟ ဟူသော ဉာဏသမ္ပယုတ် တိဟိတ်မျိုးသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟူသော တဏှာနှင့် အဝိဇ္ဇာဟူသော အမြစ်နှစ်ပါးကို မနုတ်နိုင်မပယ်နိုင်သော တိဟိတ်သာတည်း၊ထိုသို့ ဒိဋ္ဌိ,ဝိစိကိစ္ဆာကို မပယ်မနုတ်နိုင်သော တိဟိတ်သည် ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာ သံသရာ၌ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်၏အဖြစ်ဖြင့် ကျင်လည်၍နေသော တိဟိတ်မျိုးတည်း၊ ဤသို့သဘောရှိသော တိဟိတ်ပုဂ္ဂိုလ်ကို ရည်တော်မူ၍ ဝိဘင်း ပါဠိတော်၌—

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂတံပိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။

ဟူ၍ ဟောတော်မူ၏။

အညာဏစရိယမည်သည်ကား အန္ဓပုထုဇဉ် ပုဂ္ဂိုလ်၏အမည်သာတည်း၊ ထိုအညာဏစရိယမည်သောစိတ်ကားအဘယ်မျှအပြားရှိသနည်း၊အကုသိုလ်စိတ်တဆယ့်နှစ်ပါး, မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် လေးပါး, မာန, ဥဒ္ဒစ္စဟူသော လောဘ မောဟကြဉ်သော အလောဘ အမောဟ အဒေါသ ဟူသောဟိတ်သုံးပါးနှင့်ယှဉ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးပါး ဤနှစ်ဆယ်သောစိတ်တို့သည်အညာဏစရိယမည်သော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်၌ ရသော စိတ်တို့ပေတည်း။

သုဒ္ဓသင်္ခါရသန္တတိဟူသော "သင္ဂါယတန ဝဂ္ဂသံယုတ်ပါဠိတော်" နှင့်အညီ နိယာမဉာဏသံသရာ၌ ပုညာဘိသင်္ခါရဟူသည် ဒိဋ္ဌိဝိစိကိစ္ဆာဟူသော တဏှာ,အဝိဇ္ဇာ အမြစ်နှစ်ပါးကြဉ်သော အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဟူသော ဤဟိတ်သုံးပါးတို့သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးပါးနှင့်ယှဉ်သော တိဟိတ်မည်၏၊ ထိုမဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဟူသော တိဟိတ်သည် ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏစရိယမည်သော သပ္ပုရိသပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ နိယာမဉာဏသံသရာ၌ ကျင်လည်သော တိဟိတ်ဥက္ကဋ္ဌပေတည်း၊ ဤဥက္ကဋ္ဌဖြစ်သော တိဟိတ်သည် လောကုတ္တရာနိဗ္ဗာန်သို့သွားသော ဘဝကိုးပါးတို့တွင် ပဌမဘဝဟူသော အဖြစ်သို့

ရောက်ခြင်းပေတည်း။ ဤဥက္ကဋ္ဌဖြစ်သော တိဟိတ်သည် သုဒ္ဓဓမ္မ ပဋိစ္စသမုပ္ပါဒမည်သော နိဿရဏသံသရာ၌ရှေးဦးစွာ ပဋိသန္ဓေနေသော ပုဗ္ဗမည်သော သမ္မာဒိဋ္ဌိပေတည်း။

ဤသို့ရှေးဦးစွာ ပဋိသန္ဓေတည်ခြင်း၌ စွမ်းနိုင်သော ပုဗ္ဗမည်သော သမ္မာဒိဋ္ဌိဖြစ်သော တိဟိတ်သည် ဒုဂ္ဂတိ အဟိတ်, ဒွိဟိတ်, တိဟိတ် ဟူ၍ ဂဗ္ဘသေယျက ပဋိသန္ဓေတည်နေသော ပုဂ္ဂိုလ်၏အဖြစ်ဖြင့် မရွေးချယ်အပ်၊ ပုဗ္ဗမည်သော ပါရမီတိဟိတ်ဘဝသို့ရောက်ခြင်းသာလျှင်ပဓာနအကြောင်းရင်းတည်း၊ထို့ကြောင့် ဘုရားအလောင်းတော်မြတ်သည် အချို့သောဘဝ၌ အချို့သောဘုရားလက်ထက်တော်တွင် နဂါးမင်းအဖြစ်နှင့် ဗျာဒိတ်ခံတော်မူသည်ဟု ဗုဒ္ဓဝင်ကျမ်း၌လာ၏။

ဟေတုပစ္စည်း၏ တဘက်ဖြစ်သော ပစ္စယုပ္ပန်တရားတို့သည်ကား ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နတရားမှတပါး အခြားအလွတ်ဖြစ်၍ ဝိညာဏဋ္ဌိတိဟူသော စိတ်ဝိညာဏ်ဓာတ်ဖြစ်၍ ပစ္စယုပ္ပန်ပြု၍ဟောတော်မူ၏၊ဤသည်လျှင် ဟေတုပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ အားထုတ်၍ ပွားများအပ်သော ဝိပဿနာ သမ္မာဒိဋ္ဌိကိုပြဆိုခြင်းတည်း။

ဤသို့ဟောတော်မူသော ပစ္စည်းတပ်သော တရားဟူသမျှသည် အာရုံငါးပါးနှင့်တကွဖြစ်သော ဓမ္မာရုံပရမတ္ထတရားသာလျှင်တည်း၊ ထိုအာရုံ ငါးပါးဓမ္မာရုံတရားတို့ကို ပဋိသန်ါမည်သော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ရှုဆင်ခြင်ရာ၏၊ ထို့ကြောင့်“ပဋိသမ္ဘိဒါမဂ်ပါဠိတော်”၌ ဤသို့ဟောတော်မူ၏။

ရူပါရမ္မဏတာ သဒ္ဒါရမ္မဏတာ ဂန္ဓာရမ္မဏတာ ရသာရမ္မဏတာ ဖောဋ္ဌဗ္ဗာရမ္မဏတာ ဓမ္မာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။

ရူပါရမ္မဏတာ၊ ရူပါရုံ၏ အဖြစ်ဖြင့်၎င်း။ သဒ္ဒါရမ္မဏတာ၊ ဖြင့်၎င်း။ ဂန္ဓာရမ္မဏတာ၊ဖြင့်၎င်း။ ရသာရမ္မဏတာ၊ဖြင့်၎င်း။ ဖောဋ္ဌဗ္ဗာရမ္မဏတာ၊ဖြင့်၎င်း။ဓမ္မာရမ္မဏတာ၊ ဖြင့်၎င်း။စိတ္တံ၊ စက္ခုဝိညာဏ်စသောခြောက်ပါးသော စိတ်ဝိညာဏ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်လာသည်ရှိသော်။တံအာရမ္မဏံ၊ ထိုဖြစ်ပေါ်လာသောအာရုံခြောက်ပါးကို။ ပဋိသင်္ခါ၊ သမ္မာဒိဋ္ဌိပညာဖြင့်။ အနုပဿတိ၊ ရှု၏။ တဿစိတ္တဿ၊ ထိုပုရေဇာတနိဿယပစ္စည်းမှ နောက်ဖြစ်၍ ပစ္စယုပ္ပန်ဖြစ်သော စက္ခုဝိညာဏ် အစရှိသောစိတ်၏။ ဘင်္ဂံ၊ ဥပါဒ်, ဌီ, ဘင်ဟူသော ချုပ်ခြင်းဘင်ကို။ အနုပဿတိ၊ ဘင်ဉာဏ်ဖြင့် ရှုအပ်၏။

ဤကား ပဋ္ဌာန်းပစ္စည်းပစ္စယုပ္ပန်ကို ပြဆိုသောအခန်းတည်း။

## ၄၉။ ဝိညာဏ်ကိုတွေ့အောင် ရှာသင့်ပုံပြဆိုခြင်း

ဤသို့ဟောတော်မူခြင်းသည် ပစ္စည်းနှင့်ပစ္စယုပ္ပန် နှစ်ပါးတို့တွင် ပစ္စည်းဟုဆိုအပ်သော ဓမ္မာရုံကို ပဋိသန္ဓိဉာဏ်ဖြင့် ရှုအပ်၏၊ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ကို ဘင်ဉာဏ်ဖြင့် ရှုအပ်ကုန်၏၊ ဤသို့ပြဆိုခြင်းသည် ဓမ္မာရုံပရမတ္ထ ဖြစ်သော ပစ္စည်းတရားကို ပဋိသန္ဓိဟူသော ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့်ရှု၍ ဝိညာဏဋ္ဌိတိဟူသော စိတ်ဝိညာဏဓာတ်ကို တွေ့အောင် ရှာခြင်းငှာ သတိပဋ္ဌာန် လေးပါးတည်းဟူသော တံခါးစောင့်ကိုမေး၍ တွေ့အောင်ရှာ အပ်၏၊ ထိုစကားကို အကျယ်ချဲ့၍ ဆိုဦးအံ့၊ ဤစကားကို နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌ဟောတော်မူ၏၊ချစ်သားရဟန်း…နားထောင်လော့၊ ဥပမာဖြင့် ပြ၍ဟောအံ့၊ ပစ္စန္တရာဇ်အရပ်၌ မြို့ကြီးတမြို့သည် တံခါးခြောက်ပေါက်ရှိ၏၊ ထိုတံခါးကိုစောင့်သော တံခါးစောင့်လည်း လေးယောက်ရှိ၏၊ထိုမြို့၏အလယ် ၌ တိုင်လေးလုံးဖြင့်ဆောက်လုပ်အပ်သော နန်းတော်လည်းရှိ၏၊ ထိုနန်းတော် ၌ ဘုရင်မင်းမြတ်နေ၏၊ ထိုအခါ တိုင်းတပါးမှ သံတမန် နှစ်ယောက်တို့သည် ထိုပစ္စန္တရာဇ်ဘုရင်မင်းကို တွေ့လိုသောကြောင့် တံခါးသို့ ရောက်လာကြကုန် ၏၊ ထိုသံတမန် နှစ်ယောက်တို့သည်တံခါးစောင့်ကိုမေး၍ ဘုရင်မင်းကိုတွေ့၍ မိမိအလိုဆန္ဒကိစ္စအပြီးသို့ ရောက်၏၊ချစ်သားရဟန်း….ဤဥပမာကိုငါဘုရား ဖြေဆိုအံ့။

၁။ ပစ္စန္တရာဇ်မြို့ကြီးဟူသည် ပဋိစ္စသမုပ္ပါဒမည်သော ဤဥပါဒါနက္ခန္ဓာ ငါးပါးကိုဆို၏။

၂။ တံခါးခြောက်ပေါက်ဟူသည်ကား စက္ခုစသော ခြောက်ဌါရတံခါး ကိုဆို၏။

၃။ တံခါးစောင့်ဟူသည် သတိပဋ္ဌာန်လေးပါးကိုဆို၏။

၄။ သံတမန်နှစ်ယောက်ဟူသည်ကား သမထဘာဝနာနှင့်ဝိပဿနာဘာ ဝနာ နှစ်ပါးကိုဆို၏။

၅။ တိုင်လေးလုံးနှင့်နန်းတော်ဟူသည်ကား မနောဒွါရဟုဆိုအပ်သော ဟဒယဝတ္ထု၌ စွဲမှီ၍ အမြဲတည်နေသော ပထဝီ,အာပေါ,တေဇော, ဝါယောဟူသော ဘူတရုပ်လေးပါးကိုဆို၏။

၆။ ထိုမြို့၏ အလယ်နန်းတော်၌ တည်နေသော ဘုရင်မင်းဟူသည်ကား ဝိညာဏဋ္ဌိတိ ခုနစ်ပါးနှင့်တကွ“ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗ တောပဘံ”ဟူသော စိတ်ဝိညာဏ်တော်ကိုဆို၏။

၇။ ထိုဘုရင်မင်းနှင့် တူသော လောကုတ္တရာစိတ် ဝိညာဏ်တော်ကို နိရောဓသစ္စာ နိဗ္ဗာန်ဟု ဟောတော်မူ၏။

ထိုသံတမန်နှင့်တူသော သမထနှင့် ဝိပဿနာနှစ်ပါးတို့ဖြင့် လောကုတ္တရာ ဝိညာဏ် တည်းဟူသော နိရောဓသစ္စာ နိဗ္ဗာန်ကို တွေ့အောင်ရှာအပ်၏၊ ထို့ကြောင့် "နိဒါနဝဂ္ဂသံယုတ် ပါဠိတော်"၌ ဤသို့မိန့်တော်မူ၏၊"ချစ်သား ရဟန်းတို့····ဤယခုငါဘုရား၏ သာသနာတော်အတွင်း၌ နိရောဓောအတ္တိဟု ဟောတော်မူသော စကားသည် အမှန်ကေန်မုချရှိသောတရားကိုငါဟော၏၊ ထိုနိရောဓဖြစ်သော ဝိညာဏ ဋ္ဌိတိ, ဝိညာဏ စရိယ, ဝိညာဏံ အနိဒဿနံ, အနန္တံသဗ္ဗတောပဘံ ဟူသော လောကုတ္တရာစိတ်ဝိညာဏ် နိရောဓသစ္စာ နိဗ္ဗာန်ကို သမထဘာဝနာ,ဝိပဿနာဘာဝနာတည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင် လမ်းဖြင့် ဖြောင့်စွာသွား၍ မနေမနား ကြိုးစားအားထုတ်၍ စတုဒ္ဓုစသော ခြောက်ဒွါရတံခါး၌ စောင့်ရှောက်၍နေသော သမ္မာသတိမဂ္ဂင်တည်းဟူသော သတိပဋ္ဌာန် လေးပါး တည်းဟူသော တံခါးစောင့်ကို ကောင်းစွာထား၍ ပွားများအားထုတ်သဖြင့် မေးမြန်းခြင်းကိုပြု၍ နိရောဓသစ္စာ ပရမတ္ထဖြစ်သော နာမ်ဟူသောနိဗ္ဗာန်၌ သန္တိသုခနှင့်တကွ နိစ္စ,အဇာတ,အဘူတ,အကတ,အသင်္ခတ ဖြစ်၍နေတော်မူသော သုံးဘုံသေဌ်နင်း ဘုရားမင်း တည်းဟူသော ဝိညာဏ်တော်ကို ကောင်းစွာတွေ့အောင် ရှာကြကုန်လော့"ဟု တိုက်တွန်းနှိုးဆော်တော်မူ၏။

ဤသို့ကောင်းစွာ သမထ, ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်၍ ရှာကြသည်ရှိသော် ဤငါဘုရား၏ သာသနာတော်တွင်း၌ပင်လျှင် သမ္မာဒိဋ္ဌိ ဉာဏသမ္ပယုတ်နှင့်တကွသော တိဟိတ်ဖြစ်၍ ပဋိစ္စသမုပ္ပါဒ တည်းဟူသော နိဿရဏမည်သော သံသရာတွင်းသို့ ရောက်ကြသဖြင့် ရှေးဦးစွာ ပုဗ္ဗမည်သော နိရောဓသစ္စာနိဗ္ဗာန်၌ တည်တော်မူသော သုံးဘုံသေဌ်နင်း ဘုရားမင်း တည်းဟူသော ဝိညာဏ်တော်ကို တွေ့ရ, မြင်ရ, ဖူးတွေ့ကြရကုန်လတ္တံ့၊ဤသို့ နိဗ္ဗာန်မည်သော ဘုရားတည်းဟူသော ဝိညာဏ်တော်ကို တွေ့ရ,မြင်ရ,ဖူးတွေ့ကြရမှသာလျှင် "စတုဟာပါယေဟိ ဝိပ္ပမုတ္တော" ဟူသော စကားတော်နှင့်အညီ ပရမ်းပတာ ဆင်းရဲစွာကျရောက်တတ်သော အပါယ်လေးပါး ဘေးကြီးမှ လွတ်မြောက်ရကုန်လတ္တံ့ဟုဟောတော်မူ၏၊ ထို့ကြောင့် ဤယခုဘဝ ဘုရားသာသနာတော်၏အတွင်း၌ နိရောဓောအတ္တိဟူသော မြတ်စွာဘုရား၏ စကားတော်သည် ကေန် အမှန် အရှိဟု မုချကြည်ညို နှစ်သက်မြတ်နိုး၍ ကောင်းစွာထိုဝိညာဏ်တော်ကို မတွေ့တွေ့အောင် ရှာမှီးအပ်၏၊ ထို့ကြောင့်

"နိဒါနဝဂ္ဂသံယုတ် ပါဠိတော်"၌ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကို ပြလိုသောကြောင့် ဤသို့မိန့်တော်မူ၏။

ဝိညာဏံ ဘိက္ခဝေ အဇာနတာ အပဿတာ ယထာဘူတံ ဝိညာဏေ ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏံ၊ဝိညာဏ်တော်တည်းဟူသော နိဗ္ဗာန်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ အဇာနတာ၊ မသိ၍ မရှာတတ်သည့်ရှိသော်။ အပဿတာ၊ မဖူးမမြင်ဘူးသောကြောင့် မရှာတတ်သည်ရှိသော်။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဝိညာဏေ၊ ဝိညာဏ် တည်းဟူသော နိဗ္ဗာန်၌။ ဉာဏာယ၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ရှာ၍တွေ့မြင်ခြင်းငှါ။ သတ္ထာ၊ ဘုရင်ဓမ္မရာဇ်မင်း တည်းဟူသော ဆရာဖြစ်တော်မူသော ဘုရားကို။ ပရိယေသိတဗ္ဗော၊ ရှေးဦးစွာရှာမှီးအပ်၏။

ဤသို့ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌လာသော မြတ်စွာဘုရား၏ စကားတော်ကို စဉ်းစားဆင်ခြင်၍ ကြည့်ရှုလျှင် ဗကဗြဟ္မာကြီးသည်လည်း ပရမတ္ထဖြစ်သော ၈၉-ပါးသောစိတ်ဝိညာဏ်, ၁၂၁-ပါးသောစိတ်ဝိညာဏ်ကို ခန္ဓာအားဖြင့် တပေါင်းတည်းဖွဲ့၍ဝိညာဏက္ခန္ဓာဟူသောဝိညာဏဋ္ဌိတိ မည်သောနိရောဓဝိညာဏ်ကို သင်ဗကဗြဟ္မာတို့မသိအပ်၊ မသိကောင်း၊ မသိနိုင်ဟု ဟောတော်မူသောစကားတော်သည် သဒ္ဓါတရားဖြင့်မုချကေန် အမှန်စင်စစ်ဟု ယုံကြည်လေးမြတ်နှစ်သက်အပ်သော စကားတော်မြတ်ပေတည်း၊ ဤသို့ နိရောဓေအတ္ထိဟူသော ဝိညာဏ်တော်ကိုသိသော ရှင်သာရိပုတ္တရာ၏ အလောင်းဖြစ်သော ရှင်ဥပတိဿ ပရိဗိုဇ်ကို ရှင်အဿဇိဟူသော ပဥ္စဝဂ္ဂီရဟန်းတော်နှင့်တွေ့၍ ဂါထာဝက်မျှ ဟောတော်မူ၏။

ယေ ဓမ္မာ ဟေတုပဘဝါ၊ တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။ ။
[ဝိနည်းမဟာဝါပါဠိတော်။]

သာတိရဟန်း၏ ဝိညာဏ်နှစ်ပါး၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာဖြစ်ပုံကို စိတ္တာနုပဿနာသတိပဋ္ဌာန် ဘာဝနာကို ပွားများ အားထုတ်၍ ထိုဝိညာဏ်နှစ်ပါး၏ နက်နဲခက်ခဲ အတိဂမ္ဘီရဖြစ်၍ နေပုံကို ပရိကမ္မနိမိတ် ထင်လာသည့်အတိုင်း ဘာဝနာမယဉာဏ်ဖြင့် ပြဆိုလိုက်ဦးအံ့။

ဤဝိညာဏ်ဟူသောစိတ်သည်ပရမတ္ထတရား အစစ်ပေတည်း၊ထိုပရမတ္ထဖြစ်သော စိတ်ဝိညာဏ်သည် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ဝိညာဏ

ဌိတိ,ဝိညာဏစရိယ,ပကတိပရိသုဒ္ဓမည်သော စိတ်ဝိညာဏ်သည် ဥပါဒ်, ဌီ, ဘင် ခဏငယ်နှင့်တကွဖြစ်သော နိရောဓတရားလည်း ရှိသောကြောင့် အတ္ထိတရားလည်းမည်၏၊ ပစ္စယုပ္ပန်တရားလည်းမည်၏၊ ခြောက်ပါးသော ဝတ္ထုရုပ်ကိုမှီ၍ငြင်း မမှီမူ၍ငြင်းဖြစ်၏၊ ပဥ္စဝေါကာရနှစ်ဆယ့်ခြောက်ဘုံ၌ ဖြစ်သောအခါဥပါဒ်, ဌီ,ဘင်နှင့်တကွဝတ္ထုရုပ်ကို မှီ၍ဖြစ်၏၊အသညသတ်ဘုံနှင့်အရူပဘုံ၌ဖြစ်သောအခါ ဥပါဒ်,ဌီ, ဘင်မရှိ၊ ထိုဝိညာဏဌိတိ, ဝိညာဏ စရိယ ဝိညာဏ်သည် မဇ္ဈေဝိညာဏ်ဖြစ်သောကြောင့် ဒိဋ္ဌိနှင့်မယှဉ်၊ဓမ္မာရုံဟူသော စေတသိက်မျိုးနှင့်မယှဉ်၊ ပကတိသက်သက် သန့်ရှင်းစင်ကြယ်၏၊ သံသရာ ဟူသော ပဋိစ္စသမုပ္ပါဒထဲသို့ မပါမဝင်၊ အကြောင်းပစ္စယကင်းသော ဝိညာဏ်တည်း၊ ထိုဝိညာဏ်သည် အမည်အားဖြင့် ရှစ်ဆယ့်ကိုးပါး-တရာ့နှစ်ဆယ့်တပါးအပြားရှိ၏၊ ဘုတရုပ် လေးပါးတည်းဟူသော နေရာနန်းတော်ရှိ၏၊ ထိုဝိညာဏ်ကို ဘုရင်မင်း ဥပမာပြု၍ ဟောတော်မူ၏၊ ထိုဝိညာဏ်ကို ပဋိစ္စသမုပ္ပါဒထဲသို့သွင်း၍ ခန္ဓာ,အာယတန,ဓာတ်,သစ္စာမဖွဲ့အပ်၊ ထိုဝိညာဏ်ကို ရည်၍ ဗကဗြဟ္မာအား မူလပဏ္ဏာသပါဠိတော်၌ ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ ဟူ၍ငြင်း၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ပကတိပရိသုဒ္ဓမိဒံ စိတ္တံ ဟူ၍ငြင်း၊ ဝိညာဏံမဇ္ဈေဟူ၍ငြင်း၊ ဝိညာဏဌိတိဟူ၍ငြင်း ဟောတော်မူ၏။

ဤကားဝိညာဏ်ကိုတွေ့အောင်ရှာသင့်ပုံ
ပြဆိုသောအခဏ်းတည်း။

---

## ၅၀။ ဝိညာဏ်ဥ္စယဖြစ်ပုံကိုပြဆိုခြင်း

ဓမ္မာရုံပရမတ္ထဖြစ်သော ဝိညာဏ်သည်ကား သမုဒယ အစရှိသော ဌိတိကိုးပါးအမည်နှင့်တကွဖြစ်၏၊ အဝိဇ္ဇာ, တဏှာ, ကံ, နာမရူပ ဟူသော အကြောင်းလေးပါးကြောင့်ဖြစ်၏၊ထိုဓမ္မာရုံဖြစ်သော ဝိညာဏ်သည် ဝိညာဏဌိတိစိတ်ဝိညာဏ် ပြားသလောက် ရှစ်ဆယ့်ကိုးပါး- တရာ့နှစ်ဆယ့်တပါးအပြားရှိ၏၊ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၌ ဖြစ်သောအခါ ပဋိစ္စသမုပ္ပါဒ,ဥပါဒါနက္ခန္ဓာ,သပ္ပစ္စယဟူသော အမည်နှင့် ဖြစ်၍နေ၏၊ ထိုဓမ္မာရုံစိတ် ဝိညာဏ်သည်ပင်လျှင် ဘုရားရဟန္တာပုဂ္ဂိုလ်တို့ အာရုံပြုသောအခါ အပ္ပစ္စယဓမ္မာရုံမည်၏၊ အနုပါဒါနက္ခန္ဓာမည်၏၊ ထိုဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ် ရှစ်ဆယ့်ကိုးပါး- တရာ့နှစ်ဆယ့်တပါးကိုသာလျှင် စေတသိက်ဓမ္မာရုံတို့သည် အမြဲမှီယှဉ်၍ ကေပ္ပါဒ, ကေနိရောဓ, ကောလမ္ဗဏဖြစ်၍

တူသော ဖြစ်ခြင်း, တူသောချုပ်ခြင်း, တူသောအာရုံရှိကုန်၏၊ ထိုဓမ္မာရုံဖြစ်သော စိတ်,စေတသိက်တရားတို့သည် ဝိညာဏဋ္ဌိတိ၏ စိတ်ဝိညာဏ်ကဲ့သို့ အထည်ဒြပ်ဝတ္ထုနှင့်တကွ ခဏာယ်သုံးချက်ဟူသော ဥပါဒ်,ဌီ,ဘင် ရှိသော တရားမျိုးမဟုတ်၊ ပဋိစ္စသမုပ္ပါဒဟူသော သမုဒယဓမ္မဟူသော ဥပ္ပါဒ,ဌိတိ, ဘင်မျိုးသားရှိ၏၊ "သဂါထာဝဂ္ဂသံယုတ် ပါဠိတော်"၌—

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခံ နိရုဇ္ဈတိ။

ဟူသောစကားတော်သည် ဥပါဒါနက္ခန္ဓာ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္နမည်သော ဥပ္ပါဒ, ဌီတိ, ဘင်ကို ပြခြင်းပေတည်း၊ ထိုဥပ္ပါဒ,ဌီတိ,ဘင်ဟူသော အမည်နှစ်ပါးသည် သဒ္ဒါအသံ ဗျဥ္ဇနအားဖြင့်တူ၏၊အတ္ထပဋိသမ္ဘိဒါကား မတူခြားနားကွဲပြား၏၊ ထိုဓမ္မာရုံဖြစ်သော စိတ်, စေတသိက် ဥပါဒ်, ဌီ,ဘင်သည် ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္နမျိုးတည်း၊ နတ္ထိသမုဒယာဟု ဟောတော်မူသောကြောင့် မရှိသော သမုဒယဓမ္မမျိုးတည်း၊ ဘယ်တရားမရှိ သနည်းဆိုသော် နိဿတ္တ,နိဇ္ဇီဝဖြစ်၍ အထည်ဒြပ်ဝတ္ထုမရှိ။

ဓမ္မာရုံ ၂-ပါး

၁။ ဘူတရုပ်လေးပါးကိုစွဲ၍ ဖြစ်သော ဥပါဒါရုပ်ဟူသောဓမ္မာရုံတပါး,

၂။ ဝိညာဏဋ္ဌိတိ စိတ်ဝိညာဏ်ကိုစွဲ၍ ဖြစ်သော ဥပါဒါရုံမည်သော စိတ်ဝိညာဏ်ဓမ္မာရုံတပါး,

ဤသို့ စိတ်, စေတသိက်ဖြစ်သော ဓမ္မာရုံတို့သည် ဝတ္ထုရုပ်ခြောက်ပါးကို မှီ၍ ပဋ္ဌာန်းပစ္စည်းတပ်ကုန်၏၊ တဝီထိ, တဝီထိတည်း၌ ပဋ္ဌာန်းနည်းအားဖြင့် ပစ္စည်း, ပစ္စယုပ္ပန်တပ်၍ နှစ်ပါးစုံတပြိုင်နက်တည်းဖြစ်ကုန်၏၊ပစ္စယုပ္ပန်ကား ဝိညာဏဋ္ဌိတိ စိတ်ဝိညာဏ်ကိုရ၏၊ ပစ္စည်းကား ဓမ္မာရုံသပ္ပစ္စယ ဖြစ်သော စိတ်,စေတသိက်နှစ်ပါးကိုရ၏၊ ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္န ဟူသော ဥပါဒါနက္ခန္ဓာ သံသရာဘက်က လည်၍ဖြစ်၏။

ပကတိပရိသုဒ္ဓဖြစ်သော စိတ်ဝိညာဏ်သည် သတ္တ, ဇီဝရှိသောကြောင့် အတ္တဟူသော ကိုယ်ကိုဟော၏၊ ထိုအတ္တဖြစ်သော ဝိညာဏဋ္ဌိတိ, ပကတိ ပရိသုဒ္ဓဖြစ်သော စိတ်ဝိညာဏ်ကို ဓမ္မာရုံစိတ်,စေတသိက် ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာပြု၍ ယူခြင်းကြောင့် ဝိညာဏံ အတ္တတော သမနုပဿတိ

ဟူသော သက္ကာယ,ဥစ္ဆေဒ ဒိဋ္ဌိဖြစ်ရလေ၏၊ထို့ကြောင့် မြတ်စွာဘုရားသည် တရားတော် ဟူသမျှအလုံးစုံတို့ကို ဒွယဒွယအားဖြင့် နှစ်ပါး နှစ်ပါးပြု၍ ဟောတော်မူကုန်၏။

မြတ်စွာဘုရားသည်- ဒွယဒွယ အားဖြင့် နှစ်ပါး နှစ်ပါးထား၍ ဟော ဟန်ကား ဓမ္မပဒပါဠိတော်၌—

၁။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

၂။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။
[ဓမ္မပဒပါဠိတော်။]

၁။ ဓမ္မာ၊ စိတ်စေတသိက်ဟူသော သပ္ပစ္စယဓမ္မာရုံ တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ဝိညာဏဋ္ဌိတိ ဟူသော ပကတိစိတ်သာလျှင် ရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ၊ ဝိညာဏဋ္ဌိတိ ဟုဆိုအပ်သော ပကတိစိတ်ဝိညာဏ်သာလျှင် မြတ်ကုန်၏၊ မနောမယာ၊ ဝိညာဏဋ္ဌိတိ ဟု ဆိုအပ်သော ပကတိစိတ် ဝိညာဏ်သာလျှင် ပြီးကုန်၏။ ပသန္နေန၊ ဓမ္မာရုံဖြစ်သော သဒ္ဓါတရားဖြင့် ကြည်ညိုစွာသော။ မနသာ၊ ဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ်ဖြင့်။ စေဘာသတိဝါ၊ အကယ်၍ ဆိုမူလည်းဆိုအံ့။ စေကရောတိဝါ၊ အကယ်၍ ပြုမူလည်း ပြုအံ့။ တတော၊ ထိုသို့ပြုခြင်းကြောင့်။နံ၊ ထိုသူ့ကို။ သုခံ၊ ချမ်းသာသည်။ အန္ဝေတိ၊ အစဉ်လိုက်၏။ ဆာယာ၊ အရိပ်သည်။ အနုပါယိနီဣဝ၊ အစဉ် လိုက်သကဲ့သို့တည်း။

၂။ ဓမ္မာ၊ တို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ကုန်၏။ မနောသေဋ္ဌာ၊ ကုန်၏။ မနောမယာ၊ကုန်၏။ ပဒုဋ္ဌေန၊ပြစ်မှားလိုသော ဓမ္မာရုံဒေါသနှင့်တကွသော။ မနသာ၊ ဓမ္မာရုံစိတ်ဝိညာဏ်ဖြင့်။ စေဘာသတိဝါ၊ အံ့။ စေကရောတိဝါ၊အံ့။ တတော၊ ကြောင့်၊ နံ၊ ကို။ ဒုက္ခံ၊ ဆင်းရဲသည်။ အန္ဝေတိ၊ အစဉ်လိုက်၏။ ဝဟတော၊ ဝန်ကိုရွက်ဆောင်သော နွားလား၏။ ပဒံ၊ခြေရာကို။ စက္ကံ၊လှည်း ဘီးစက်သည်။ အန္ဝေတိဣဝ၊ အစဉ်လိုက်၍ နင်းသကဲ့သို့တည်း။

ဤသို့ ပါဠိတော်၏အလိုအားဖြင့် ပရမတ္ထဖြစ်သော စိတ်ဝိညာဏ်နှစ်ပါး ရှိကြောင်းကို ဒွယအားဖြင့်ဟောတော်မူ၏၊ထိုနှစ်ပါးတို့တွင် မနောပုဗ္ဗင်္ဂမာ,

မနောသဟ္ဘာ, မနောမယာ ဟူသောစကားတော်ဖြင့် နိရောဓအတ္ထိဖြစ်၍ အထည် ဒြဗ်ဝတ္ထုနှင့်တကွ-ထင်ရှားရှိသော ဝိညာဏဋ္ဌိတိ ဝိညာဏစရိယ ဖြစ်သော စိတ်ဝိညာဏ်သည် ပြဋ္ဌာန်း၏ ဟူ၍၎င်း၊ ရှေ့သွားဖြစ်၏ဟူ၍၎င်း၊ မြတ်၏ ဟူ၍၎င်း၊ အလုံးစုံသော ကိစ္စကို ပြီးစေနိုင်၏ ဟူ၍၎င်း၊ ဟောတော်မူ၏၊ ဤသို့ဝိညာဏဋ္ဌိတိ,ဝိညာဏစရိယကို ဟောတော်မူသဖြင့် ဗျတိရေက နည်းအားဖြင့် ဓမ္မာရုံပရမတ္ထဖြစ်သော စိတ်ဝိညာဏ်သည် မမြတ်သည်ဖြစ်၍ အလုံးစုံမပြီးစေနိုင် ဟူသော အဓိပ္ပါယ်ကိုရသည်၊ မနသဒ္ဒါ နှစ်ပါးသည် ဧကတ္တနည်းအားဖြင့် တူသော်လည်း အဗျာပါရ, ဗျာပါရ နည်းအားဖြင့် ထူးသောအနက်အတ္ထ ရှိကြောင်းကို သိရာ၏၊ ပဒ္ဓေန, ပသန္နေန ဟူသော ဝိသေသနပုဒ်သည် ဓမ္မာရုံစေတသိက် ပရမတ္ထကို ပြ၏၊ မနသာ ဟူသော ဝိသေသျပုဒ်သည် ဓမ္မာရုံစိတ်ဝိညာဏ် ပရမတ္ထကိုပြ၏၊ ဤသို့လျှင် ဝိညာဏ် နှစ်ပါးပြားကြောင်းကို ဒွယအားဖြင့် သိရာ၏၊ ထိုဝိညာဏ်နှစ်ပါးရှိကြောင်း ကို ဥပရိပဏ္ဏာသ ပါဠိတော်၌ အရှင်သာရိပုတ္တရာသည် အနာထပိဏ်သူဌေး အား ဟောတော်မူ၏၊ "ပကတိ ပရိသုဒ္ဓဖြစ်သော ဝိညာဏဋ္ဌိတိ စိတ်ဝိညာဏ် ကို ဥပါဒါနက္ခန္ဓာဖြစ်သော ဓမ္မာရုံဝိညာဏ် မဝင်မရောက်အောင် ကောင်း စွာ စောင့်ရှောက်လော့၊ ဤသို့ကောင်းစွာ စောင့်ရှောက်သည် ရှိသော် ဥပါဒါနက္ခန္ဓာဖြစ်သော ဓမ္မာရုံစိတ်ဝိညာဏ် စေတသိက် တရားတို့သည် မဝင်မရောက် လတ္တံ့၊ ဤသို့ သပ္ပုရိသ သေက္ခပုဂ္ဂိုလ်တို့၏ အကျင့်ကို ကျင့်လော့"ဟု ဆုံးမတော်မူ၏။

န မနောဝိညာဏံ ဥပါဒိယိဿာမိ၊ နစ မေ မနောဝိညာဏ
နိဿိတံ ဝိညာဏံ ဘဝိဿတီတိ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။
[ဥပရိပဏ္ဏာသပါဠိတော်။]

ဂဟပတိ၊ သူဌေးကြီး။ မနောဝိညာဏံ၊ ဝိညာဏဋ္ဌိတိဟု ဆိုအပ်သော မနောဝိညာဏ်စိတ်သည်။ နဥပါဒိယိဿာမိ၊ ဥပါဒါနက္ခန္ဓာငါးပါးကို မဖြစ် စေလင့်။ မေ၊ ငါအား။ မနောဝိညာဏနိဿိတံ၊ ဝိညာဏဋ္ဌိတိဟု ဆိုအပ် သော-စိတ်ဝိညာဏ်ကို စွဲမှီရမှုဖြစ်နိုင်သော။ ဝိညာဏံ၊ဓမ္မာရုံ ဥပါဒါနက္ခန္ဓာ ဟူသော ဝိညာဏ်သည်။ နစဘဝိဿတိ၊ဖြစ်လည်းမဖြစ်ရလတ္တံ့၊ဣတိဧဝံဟိ၊ ဤသို့လျှင်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဤသို့ အတ္ထိစိတ္တန္တိဝါအစရှိသော သတိပဋ္ဌာန် ဝိဘင်းပါဠိတော်အရ နိရောဓမည်သော- မဇ္ဈေဖြစ်သော စိတ်ဝိညာဏ်ကို ရှေ့ရှုထင်၍ တွေ့မြင် အောင် စိတ္တာနုပဿနာ ဘာဝနာကို ပွားများ အားထုတ်သော သပ္ပုရိသ

ဘုံသို့နင်းမိသော ဝိပဿနာယာနိက ပုဂ္ဂိုလ်တို့သာလျှင် ဤယခုပြဆိုသော ဝိညာဏဋ္ဌိတိ စိတ်ဝိညာဏ်ကို တွေ့မြင်ကြကုန်လတ္တံ့၊ ဤသို့ရှင်သာရိပုတ္တရာမထေရ်သည် အနာထပိဏ်သူဌေးအား စိတ်ဝိညာဏ်နှစ်ပါး အပြားရှိကြောင်းကို ဒွယအားဖြင့် ဟောတော်မူ၏၊အဘယ်သို့ဟောတော်မူသနည်း။

မျက်စိအကြည်ဓာတ်မှန်ပေါ်သို့ ရောက်လာသော ရူပါရုံသည်-ဒိဋ္ဌရုပ်မည်၏၊ထိုဒိဋ္ဌရုပ်ကိုဝိညာဏစရိယမည်သော စက္ခုဝိညာဏ်စိတ်သည် ဒဿနကိစ္စတပ်၍မြင်၏၊နားအကြည်ဓာတ်မှန်ပေါ်သို့ ရောက်လာသော သဒ္ဒါရုံကို ဆင်ခြင်စဉ်းစား၍ သောတဝိညာဏ်စိတ်ဖြင့် ကြားသောအသံသည် သုတရုပ်မည်၏၊ ဃာနဝိညာဏ်စိတ်,ဇိဝှါဝိညာဏ်စိတ်,ကာယဝိညာဏ်စိတ်တို့ဖြင့် အဘန်ဘန်စဉ်းစားဆင်ခြင်ရှာကြံ၍ နံခြင်း, လျက်ခြင်း, ထိခြင်းသည် မုတရုပ်မည်၏၊ ဖြစ်ပြီး၍အတိတ်ဖြစ်သော ထိုဒိဋ္ဌရုပ်, သုတရုပ်, မုတရုပ်တို့ကို တဖန်ပြန်၍ မနောဒွါရ မနောဝိညာဏ်စိတ်ဖြင့် ထင်လာ၍သိသောရုပ်သည် ဝိညာတ, ရုပ်မည်၏၊ ထိုဒိဋ္ဌရုပ်, သုတရုပ်, မုတရုပ်,ဝိညာတရုပ်တို့ကို မိမိတို့၏ကိစ္စတပ်၍ သိခြင်းငှါစွမ်းနိုင်သော ဝိညာဏဋ္ဌိတိ-ဝိညာဏစရိယမည်သော ခဏငယ် ဥပါဒ်, ဌီ, ဘင်နှင့်တကွဖြစ်သော ပဉ္စဝိညာဏ်, မနောဝိညာဏ်စိတ်တို့ကိုစွဲမှီရမှ ဓမ္မာရုံပရမတ္ထဖြစ်သော စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်,ဇိဝှါဝိညာဏ်,ကာယဝိညာဏ်,မနောဝိညာဏ်နှင့် စေတသိက်ဓမ္မာရုံတို့သည် ဖြစ်ပေါ်၍လာကြကုန်၏၊ ထိုဓမ္မာရုံဖြစ်သော စိတ်,စေတသိက်တို့ကို ခဏငယ် ဥပါဒ်, ဌီ, ဘင်အားဖြင့် ဟောတော်မမူ၊အချိန်ကာလအားဖြင့်သာဟောတော်မူ၏၊ အဘယ်သို့ဟောတော်မူသနည်း–

စက္ခုမာ ပုရိသော ဥမ္မီလေတွာ ဝါ နိမ္မီလေယျ၊ နိမ္မီလေတွာ ဝါ ဥမ္မီလေယျ။

ဟု ဟောတော်မူ၏၊ ထိုစိတ်,စေတသိက်ဟူသော ဓမ္မာရုံတရားတို့ကားသပ္ပစ္စယ တရားတည်း၊ ပဋိစ္စသမုပ္ပန္နဖြစ်၍ သမုဒယဓမ္မအားဖြင့် ဖြစ်ခြင်းဥပ္ပါဒဋ္ဌိတိနိရောဓဓမ္မအားဖြင့် ချုပ်ခြင်းဘင်ရှိ၏၊ ဝိညာဏဋ္ဌိတိ ဝိညာဏစရိယမည်သော စိတ်ဝိညာဏ်နှင့် အသံသဒ္ဒါသာတူ၏၊ အနက်အားဖြင့်မတူကွဲပြားခြားနား၏၊ ထိုဓမ္မာရုံသမုဒယဖြစ်သော စိတ်,စေသိက်၌ သမုယောနတ္ထိဟူ၍မရှိဆိုသည်ကား-ခဏငယ်သုံးချက် ဥပါဒ်,ဌီ, ဘင်နှင့်တကွဖြစ်သော ဝိညာဏစရိယမည်သောစိတ်ဝိညာဏ်ကဲ့သို့မဟုတ်သည်ဖြစ်၍ နိဿတ္တ,နိဇ္ဇီဝဖြစ်သောကြောင့် မရှိဟူ၍ဟောတော်မူ၏၊ ထိုဝိညာဏ်နှစ်ပါး ဥပါဒ်, ဌီ,ဘင်

အားဖြင့် နှစ်ပါးကွဲပြား၍ အနက်သဘောဖြစ်၍နေသည်ကို အနုတ္တရဇ္ဇန္ဓြယ ဘာဝနာဖြင့် ကောင်းစွာပွားများအားထုတ်ရာ၏၊ ထို့ကြောင့် အနာထပိဏ် သူဋ္ဌေးကို ရှင်သာရိပုတ္တရာမထေရ် ဤသို့ဟောတော်မူ၏။

တသ္မာ တိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ ယမ္ပိ တေ ဒိဋ္ဌံ သုတံ မုတံ ဝိညာတံ ပတ္တံ ပရိယေသိတံ အနုပရိယေသိတံ အနုစရိတံ မနသာ၊ တမ္ပိ နဉပါဒိယိဿာမိ၊နစ မေ တံ နိဿိတံ ဝိညာဏံ ဘဝိဿတိ တိ ဧဝံဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။

[ဥပရိပဏ္ဏာသပါဠိတော်။]

ဂဟပတိ၊ သူဋ္ဌေး။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊၌။တေ၊အား။ ဧဝံ၊ သို့။ သိက္ခိတဗ္ဗံ၊ ၏။ပတ္တံ၊ စက္ခုပြသာဒပေါ်သို့ရောက်လာသော။ ယမ္ပိ၊အကြင်ရူပါရုံကိုလည်း။ တေ၊ အသင်၏။ မနသာ၊ စက္ခုဝိညာဏ်စိတ်ဖြင့်။ ဒိဋ္ဌံ၊ မြင်အပ်သောရုပ်တည်း။ ပရိယေသိတံ၊ ဆင်ခြင်စဉ်းစား၍ ရှာမှီးအပ်သော။ ယမ္ပိ၊ အကြင်သဒ္ဒါရုံကိုလည်း။ မနသာ၊ သောတဝိညာဏ်စိတ်ဖြင့်။ သုတံ၊ ကြားအပ်သောရုပ်တည်း။ အနုပရိယေသိတံ၊ အဖန်ဖန်ဆင်ခြင်စဉ်းစား၍ ရှာမှီးအပ်သော။ ယမ္ပိ၊အကြင်ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဟူသော ရုပ်သုံးပါးကိုလည်း။ မနသာ၊ ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်,ကာယဝိညာဏ်စိတ်ဖြင့်။ မုတံ၊ တွေ့အပ်သောရုပ်တည်း။အနုစရိတံ၊ အတိတ်ဖြစ်၍ တဖန်ပြန်၍ မနောဒွါရ၌ဖြစ်ပေါ်လာသော၊ ယမ္ပိ၊ အကြင်ဖြစ်ပြီးသော ဓမ္မာရုံဖြစ်သော အာရုံငါးပါးကိုလည်း။ မနသာ၊ မနောဝိညာဏ်စိတ်ဖြင့်။ ဝိညာတံ၊ သိအပ်သောရုပ်တည်း။ တမ္ပိ၊ ထိုဒိဋ္ဌရုပ်, သုတရုပ်, မုတရုပ်, ဝိညာတရုပ်တို့ဖြင့် စွဲမှီ၍ နေသော ဝိညာဏစရိယမည်သော စိတ်ဝိညာဉ်မျိုးကို။ နဉပါဒိယိဿာမိ၊မဖြစ်စေသည် ဖြစ်အံ့။ မေ၊ ငါအား။ တံနိဿိတံ၊ ထိုဝိညာဏဋ္ဌိတိ ဝိညာဏစရိယဟု ဆိုအပ်သော စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်ဟု ဆိုအပ်သော ခြောက်ပါးသော စိတ်ဝိညာဏ်ကို စွဲမှီရမှ ဖြစ်ပေါ်၍လာနိုင်သော။ ဝိညာဏံ၊ ဓမ္မာရုံသမုဒယဖြစ်သော စက္ခုစသော ဝိညာဏ်ခြောက်ပါး စေတသိက်ဓမ္မာရုံတရားသည်၊ နစ ဘဝိဿတိ၊မဖြစ်လည်းမဖြစ်လတ္တံ့။ဂဟပတိ၊သူဋ္ဌေး။တေ၊သင်အား။ဣတိဧဝံ-ဟိ၊ ဤသို့သာလျှင်။ သိက္ခိတဗ္ဗံ၊ကျင့်အပ်၏။

ဤသို့အနာထပိဏ်သူဋ္ဌေးကို ရှင်သာရိပုတ္တရာမထေရ် ဟောသကဲ့သို့ တပိ ထိဘည်း၌ အဇ္ဈတ္တ,ဗဟိဒ္ဓ စိတ်ဝိညာဏ်နှစ်ပါး သွားကြောင်းကို (ဓမ္မသင်္ဂဏီ

ပါဠိတော်၌လည်း ဟောတော်မူ၏၊ အဘယ်ကဲ့သို့ဟောတော်မူသနည်း၊မနော မည်သော စိတ်သည် နှစ်ပါးအပြားရှိ၏၊ အဇ္ဈတ္တ မနောဟူသော စိတ်ကို မာနသံဟူသော အမည်,ဟဒယံ ဟူသောအမည်,ပဏ္ဍရံဟူသော အမည်ဖြင့် ဟောတော်မူ၏၊ဤကား အဇ္ဈတ္တစိတ်၏ ပရိယာယ်တည်း၊ ဗဟိဒ္ဓဓမ္မာရုံမနော မည်သောစိတ်ကိုကား မနာယတန ဟူသောအမည်,မနိန္ဒြေ ဟူသော အမည်, ဝိညာဏံဟူသောအမည်, ဝိညာဏက္ခန္ဓာ ဟူသောအမည်, တဇ္ဇာ စက္ခု ဝိညာဏဓာတု, တဇ္ဇာ သောတဝိညာဏဓာတု, တဇ္ဇာဃာနဝိညာဏဓာတု, တဇ္ဇာဇိဝှါဝိညာဏဓာတု,တဇ္ဇာ ကာယဝိညာဏဓာတု, တဇ္ဇာမနောဓာတု, တဇ္ဇာမနောဝိညာဏဓာတု ဟု ဝိညာဏဓာတ်ခုနစ်ပါး ဟူသောအမည်ဖြင့် ဟောတော်မူ၏။

တဇ္ဇာ ဟူသည်ကား-ထိုဝိညာဏဓာတ် ခုနစ်ပါးတို့သည် မာနသံ,ဟဒယံ, ပဏ္ဍရံ မည်သောအဇ္ဈတ္တ ပကတိစိတ်ကို စွဲမှီရမှ ဖြစ်ပေါ်လာနိုင်ကြောင်းကို တဇ္ဇာဟူသော တ-သဒ္ဒါဖြင့်ပြ၏၊ ထိုဗဟိဒ္ဓ ဓမ္မာရုံဖြစ်သော ဝိညာဏဓါတ် ခုနစ်ပါးကိုသာလျှင် စေတသိက် ဓမ္မာရုံတို့သည် စွဲမှီယှဉ်တွဲ၍ ဖြစ်ကြကုန်၏၊ အဇ္ဈတ္တဖြစ်သော ပကတိစိတ်ကို စေတသိက်ဓမ္မာရုံတို့ မယှဉ်မတွဲနိုင်၊အဇ္ဈတ္တ စိတ်ဝိညာဏ်ကား ပဘဿရ တောက်ပသော မဇ္ဈေဝိညာဏ်တည်း၊ထိုဗဟိဒ္ဓ ဓမ္မာရုံ ဝိညာဏ ဓာတ်ခုနစ်ပါးတို့သည် ကုသိုလ်ဝိညာဏဓာတ်, အကုသိုလ် ဝိညာဏဓာတ်, အဗျာကတ ဝိညာဏဓာတ် ဟူ၍ သုံးပါးအပြားရှိ၏။

ထိုဝိညာဏဓာတ် ခုနစ်ပါးနှင့်တကွ ဓမ္မာရုံစေတသိက် တရားတို့သည် အချို့ ပဋိစ္စသမုပ္ပန္နလည်း မည်ကုန်၏၊ ဥပါဒါနက္ခန္ဓာလည်း မည်ကုန်၏၊ သပ္ပစ္စယလည်း မည်ကုန်၏၊ အချို့ လောကိယလည်းမည်ကုန်၏၊ အချို့သော ဝိညာဏဓာတ် စေတသိက်ဓမ္မာရုံတို့သည် ပဋိစ္စသမုပ္ပန္နစသော အမည်ကိုမရ ကုန်၊အပ္ပစ္စယဟူသောအမည်,လောကုတ္တရာဟူသောအမည်,အနုပါဒါနက္ခန္ဓာ ဟုဆိုအပ်သော ဝိမုတ္တိခန္ဓာဟူသောအမည် ကိုရကြကုန်၏ ဘုရားရဟန္တာတို့ ၏ ဝိညာဏဓာတ်ဟုဆိုအပ်သော မဂ်စိတ်,ဖိုလ်စိတ်,ကြိယာစိတ်,စေတသိက် ဓမ္မာရုံတို့သည် အပ္ပစ္စယတရားသာတည်း၊ လောကုတ္တရာဖြစ်၍ ပဋိစ္စသမုပ္ပန္နမှ လွတ်မြောက်သော တရားတည်း၊ ထိုတရားနှစ်ပါးတို့သည် တဝီထိတည်း၌ နှစ်အာရုံဖြစ်၍နေ၏။

အဇ္ဈတ္တဖြစ်သော ပကတိ မဇ္ဈေဝိညာဏ်ကား ပရမတ်သက်သက် ဖြစ် သော ဒိဋ္ဌရုပ်,သုတရုပ်,မုတရုပ်,ဝိညာတရုပ် ဟူသော အာရုံကိုသာ အာရုံ

ပြု၏၊ ဒုက္ခနိရောဓဟူသော နိဗ္ဗာန်သို့ ဥပ္ပါဒဋ္ဌိတိရှိ၏၊ ဒုက္ခနိရောဓဘင်္ဂရှိ၏၊ ထို့ကြောင့်“နိရောဓောအတ္ထိ”ဟုဟောတော်မူ၏၊ ခဏငယ်သုံးချက်အသက်ရှိ၏၊ ဗဟိဒ္ဓဖြစ်သော ဝိညာဏဓာတ်နှင့်တကွ စေတသိက်ဟူသော ဓမ္မာရုံတို့သည်ကား ဒုက္ခဥပ္ပါဒ, ဒုက္ခဋ္ဌိတိ,ဒုက္ခနိရောဓ, ဓမ္မဘင်္ဂရှိ၏၊ သမုဒယတရားမျိုးတည်း၊ ဥပါဒ်,ဠီ,ဘင် ရှိ၏ ဆိုသော်လည်း နတ္ထိသမုဒယောဟု ဟောတော်မူ၏။

ဤစိတ်ဝိညာဏ်နှစ်ပါးသည် တဝီထိတည်း၌ အဘယ်သို့ ဖြစ်၍နေသနည်းဆိုသော် အဇ္ဈတ္တမဇ္ဈေဖြစ်သော စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါ ဝိညာဏ်, ကာယ ဝိညာဏ်, မနော ဝိညာဏ် တို့သည် ဒိဋ္ဌရုပ်အစရှိသော ပရမတ်သက်သက်ဖြစ်သော အာရုံကိုသာ အာရုံပြုကုန်၏၊ ဗဟိဒ္ဓဖြစ်သော ဝိညာဏဓာတ်နှင့်တကွ စေတသိက်တို့သည်ကား ပရမတ်ကိုလည်း အာရုံပြုကုန်၏၊ ပညတ်ကိုလည်း အာရုံပြုကုန်၏၊ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ဗဟိဒ္ဓဝိညာဏဓာတ် စေတသိက်ဓမ္မာရုံတို့သည်ဒိဋ္ဌိ,ဝိစိကိစ္ဆာဟူသောအဝိဇ္ဇာတဏှာနှင့် အမြဲယှဉ်တွဲ၍နေကုန်၏။

ထိုအဇ္ဈတ္တ,ဗဟိဒ္ဓဟူသော တရားနှစ်ပါးတို့သည် တဝီထိ တည်း၌ စက္ခု, စက္ခု-သောတ,သောတ-ဃာန,ဃာန-ဇိဝှါ,ဇိဝှါ-ကာယ,ကာယ-မန,မန-ဟု နှစ်ထပ်နှစ်ထပ်ရှိကုန်၏၊ ထို့အတူ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း,သန္တီရဏ, မနောဒွါရာ ဝဇ္ဇန်း, ဇုဝ္ဇော,ဇော,တဒါရုံ ဟူသော စိတ်ဝီထိတို့သည်လည်း နှစ်ထပ်နှစ်ထပ်စီ ချည်းရှိရာ၏၊ ဤသို့နှစ်ထပ်နှစ်ထပ်ဖြစ်သော အဇ္ဈတ္တ,ဗဟိဒ္ဓဟူသော အာရုံနှစ်ပါးကိုသိမှ ဥပါဒ်,ဠီ,ဘင်ကို သိမြင်နိုင်၏၊ထိုသို့မျက်စိ နှစ်လုံး ရှိကြောင်းကို သမ္မောဟဝိနောဒနီအဋ္ဌကထာ၌—

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။

ဟု ဟောတော်မူ၏၊ ထိုမျက်စိစသော ဝိညာဏဓာတ် စေတသိက်တို့၏နှစ်ထပ်နှစ်ထပ်သွားပုံကို ဤသို့ ဟောတော်မူ၏။

ကတမံ တသ္မိံ သမယေ စိတ္တံ ဟောတိ၊ယံ တသ္မိံ သမယေ စိတ္တံ မနော မာနသံ ဟဒယံ ပဏ္ဍရံ မနော မနာယတနံ မနိန္ဒြိယံ ဝိညာဏံ ဝိညာဏက္ခန္ဓော တဇ္ဇာမနောဝိညာဏ ဓာတု ဣဒံ တသ္မိံ သမယေ စိတ္တံ ဟောတိ၊ယေ ဝါ ပန တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စ

သမုပ္ပန္နာ အရူပိနော ဓမ္မာ ဣမေ ဓမ္မာ ကုသလာ၊ ဣမေ ဓမ္မာ အကုသလာ၊ ဣမေ ဓမ္မာ အဗျာကတာ။

[ဓမ္မသင်္ဂဏီ ပါဠိတော်။]

တသ္မိံ သမယေ၊ထိုစက္ခုစသော ဝီထိတို့၏ တဝီထိ တဝီထိကျသောအခါ၌။ စိတ္တံ၊အဗျာကတ,ဗဟိဒ္ဓစိတ်နှစ်ပါးသည်။ ကတမံဟောတိ၊ ဘယ်သို့သော အမည်မျိုးနှင့်ဖြစ်၍နေသနည်း။ တသ္မိံ သမယေ၊ ၌။ မနော၊ မန မည်သော။ ယံစိတ္တံ၊ အကြင်အဗျာကတစိတ်သည်။ မာနသံ၊ မာနသအမည်ဖြင့် ဖြစ်၍နေ၏။ ဟဒယံ၊ ဟဒယအမည်ဖြင့်ဖြစ်၍နေ၏။ ပဏ္ဍရံ၊ ဖြူစင်သောကြောင့် ပဏ္ဍရ ဟူသော အမည်ဖြင့် ဖြစ်၍နေ၏။ မနော၊ မနမည်သော။ ယံစိတ္တံ၊ အကြင်ဗဟိဒ္ဓ ဖြစ်သော ဝိညာဏဓာတ်ခုနစ်ပါးသည်။မနာယတနံ၊မနာယတနမည်၏။မနိန္ဒြိယံ၊ မနိန္ဒြေမည်၏။ ဝိညာဏံ၊ဝိညာဏမည်၏။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာ မည်၏။ မနောဝိညာဏဓာတု၊ မနောဝိညာဏဓာတ်သည်။ဝါ၊စက္ခုဝိညာဏဓာတ်,သောတ ဝိညာဏဓာတ်, ဃာန ဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ် ဟု ဆိုအပ်သော ခုနစ်ပါးသောဓာတ်သည်။ တဇ္ဇာ၊ ထိုမာနသ,ဟဒယ,ပဏ္ဍရ မည်သော အဗျာကတမည်သော စိတ်ဝိညာဏ်ကိုစွဲမှီရမှဖြစ်နိုင်၏။ တသ္မိံ သမယေ၊ ၌၊ ဣဒံ စိတ္တံ၊ သည်။ ဟောတိ၊ ၏။

တသ္မိံ သမယေ၊ ၌။ ယေဝါပန၊ အချို့ကုန်သော။ အညေ၊ အဗျာကတပကတိစိတ်မှ တပါးဖြစ်ကုန်သော။ ပဋိစ္စသမုပ္ပန္နာ၊ ပဋိစ္စသမုပ္ပန္န ဖြစ်ကုန်သော။ အရူပိနော၊ နာမ်မည်ကုန်သော။ ဓမ္မာ၊ ဗဟိဒ္ဓဖြစ်သော ဝိညာဏဓာတ် စေတသိက်ဓမ္မာရုံတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏၊ ဣမေဓမ္မာ၊ ပဋိစ္စသမုပ္ပန္န တရားတို့သည်။ ကုသလာ၊ ကုသိုလ်လည်း မည်ကုန်၏။ အကုသလာ၊ကုန်၏။ အဗျာကတာ၊ အဗျာကတလည်း မည်ကုန်၏။ [ဤကား-ယေဝါပနပုဒ်၏ အနက်တည်း။]

"ဥပရိပဏ္ဏာသပါဠိတော်"၌လည်း ဗဟိဒ္ဓပဋိစ္စသမုပ္ပန္နဖြစ်သော ဝိညာဏဓာတ်ခုနစ်ပါးနှင့် အဗျာကတမဗျေမည်သော ပကတိစိတ်ဝိညာဏ်တို့၏ တဝီထိတည်း၍သွားပုံကို အကျယ်ဝေဘန်၍ဟောတော်မူ၏။

ကထဉ္စာဝုသော ဗဟိဒ္ဓါ ဝိညာဏံ ဝိက္ခိတ္တံ ဝိသဋန္တိ ဝုစ္စတိ၊ ဣဓာဝုသော ဘိက္ခုနော စက္ခုနာ ရူပံ ဒိသွာ ရူပနိမိတ္တာသာရီ ဝိညာဏံ ဟောတိ၊ ရူပနိမိတ္တဿာဒဂဓိတံ ရူပနိမိတ္တဿာဒဝိနိဗန္ဓံ

ရူပနိမိတ္တဿာဒ သံယောဇနသံယုတ္တံ ဗဟိဒ္ဓါဝိညာဏံ ဝိက္ခိတ္တံ ဝိသဋန္တိ ဝုစ္စတိ။

[ဥပရိပဏ္ဏာသပါဠိတော်။]

အာဝုသော၊ ငါ့ရှင်တို့။ ဗဟိဒ္ဓါဝိညာဏံ။ ဗဟိဒ္ဓဖြစ်သော ဝိညာဏဓာတ် ခုနစ်ပါးကို။ ဝိက္ခိတ္တံဝိသဋန္တိ၊ ဝိက္ခိတ္တံဝိသဋံဟူ၍။ ကထဉ္စ ဝုစ္စတိ၊ ဘယ်သို့လျှင် ဖြစ်၍နေသောကြောင့် ဆိုအပ်ပါသနည်း။ အာဝုသော၊တို့။ ဣဓ၊ ဤလောက၌။ ဘိက္ခုနော၊ ရဟန်း၏။ စက္ခုနာ၊ အဇ္ဈတ္တဖြစ်သော ပကတိစက္ခုဝိညာဏ် စိတ်ဖြင့်။ ရူပံ၊ဒိဋ္ဌရုပ်ဖြစ်သော ရူပါရုံကို ဒဿနကိစ္စနှင့်တကွမြင်၍၊ဝိညာဏံ၊ ဗဟိဒ္ဓဖြစ်သော စက္ခုဝိညာဏဓာတ်ဟူသော မျက်စိသည်။ ရူပနိမိတ္တသာရီ၊ ရူပါရုံကို နိစ္စသုခဖြစ်သော မိန်းမ,ယောကျ်ားစသည်ဖြင့် ထင်မြင်အောက်မေ့သော မျက်စိရှိသည်။ ဟောတိ၊ ၏။ ရူပနိမိတ္တဿာဒဂဓိတံ၊ ရူပါရုံကို နိစ္စသုခဖြစ်သော မိန်းမ,ယောကျ်ား စသည် ထင်မြင်အောက်မေ့၍ သာယာသော တဏှာဖြင့် နစ်မြုပ်၍နေသော။ ရူပနိမိတ္တဿာဒဝိနိဗန္ဓံ၊ ရူပါရုံကို နိစ္စသုခဖြစ်သော မိန်းမ,ယောကျ်ား စသည် ထင်မြင်အောက်မေ့၍ သာယာသော တဏှာဖြင့် ဖွဲ့ချည်၍နေသော။ ရူပနိမိတ္တဿာဒ သံယောဇနသံယုတ္တံ၊ ရူပါရုံကို နိစ္စသုခဖြစ်သော မိန်းမ,ယောကျ်ား စသည် ထင်မြင်အောက်မေ့၍ သာယာနှစ်သက်သော သံယောဇဉ်နှင့် ယှဉ်၍နေသော။ ဗဟိဒ္ဓါဝိညာဏံ၊ ဗတိဒ္ဓဖြစ်သော စက္ခုစသော ဝိညာဏဓာတ် ခုနစ်ပါးကို။ ဝိက္ခိတ္တံဝိသဋန္တိ၊ မှားသောအားဖြင့် ပြန့်လွင့်ယုံမှားသော ဒိဋ္ဌိဝိစိကိစ္ဆာဖြင့် စူးဝင်၍နေသော စိတ်ဝိညာဏ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤအရာ၌ ဥပါဒ်,ဋ္ဌီ,ဘင် နှစ်ပါးတို့၏ သဘောကို ရှင်းလင်း၍ ပြဆိုလိုက်ဦးအံ့၊ပဋ္ဌာန်းကျမ်း၌ ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော စိတ်ဝိညာဏ်သည် အဇ္ဈတ္တဖြစ်သော မာနသ,ဟဒယ,ပဏ္ဍရမည်သော ဖြူစင်သော ပကတိပရိသုဒ္ဓမဇ္ဈေဝိညာဏ်တည်း၊ ထိုဝိညာဏ်သည် ပရိဒေယျ ဝိညာဏ်တည်း၊ထိုဝိညာဏ်ကိုစေတသိက် ဓမ္မာရုံတို့မယှဉ်မတွဲနိုင်၊သက်သက် ပဘဿရ ပြိုးပြိုးပျက်တောက်ပသော အရောင်ရှိသော စိတ်တည်း၊ထိုအဇ္ဈတ္တဖြစ်သော စိတ်ဝိညာဏ်သည် ဝတ္ထုပုရေဇာတနိဿယ ပစ္စယုပ္ပန်ဖြစ်၍ အတိတဘဝင်နှင့် အတူပြိုင်၍ ဥပါဒ်သော ပသာဒရုပ် ငါးပါးကိုမှီ၍ ပစ္စည်းတပ်၏၊ဗဟိဒ္ဓဝိညာဏဓာတ် ခုနစ်ပါးနှင့်တကွဖြစ်သော စေတသိက်ရုပ်တရားတို့သည် ပဋိစ္စသမုပ္ပန္နဖြစ်၍ ပစ္စယတရားမည်ကုန်၏၊ ထိုပစ္စယတရားတို့သည်

သပ္ပစ္စယမည်ကုန်၏၊ ဘယ်တရားအကြောင်းရှိ၍ သပ္ပစ္စယ မည်သနည်း၊ အဝိဇ္ဇာ,တဏှာ,ကံ, အာဟာရ ဖဿ,နာမရူပဟူသော အကြောင်းပစ္စယ ရှိသောကြောင့် သပ္ပစ္စယမည်၏၊ ထိုသပ္ပစ္စယတရားတို့ကို ပစ္စည်းအဖြစ်ဖြင့် ဟောတော်မူ၏၊ ပစ္စယုပ္ပန်အဖြစ်ဖြင့် ဟောတော်မမူ။

ထိုပစ္စယ တရားတို့တွင် ဗဟိဒ္ဓဖြစ်သော တဇ္ဇာဝိညာဏဓာတ် ခုနစ်ပါးသည် အဇ္ဈတ္တဖြစ်သော ပကတိစိတ်ဝိညာဏ်ကို စွဲမှီရမှ ဖြစ်ပေါ်လာနိုင်သော ဝိညာဏဓာတ်စိတ်ပေတည်း၊ စေတသိက်တို့သည်ကား ထိုတဇ္ဇာဝိညာဏဓာတ်စိတ်ဖြစ်၍ ပေါ်လာမှစွဲမှီယှဉ်တွဲပေါင်းစု၍ဖြစ်နိုင်သော တရားတို့ပေတည်း၊ ဒွယအားဖြင့် နှစ်ပါးသဘောဖြစ်နေပုံကား အဇ္ဈတ္တ ဝိညာဏ်၏ ဖြစ်ခြင်းသည် နိဗ္ဗတ္တိမည်၏၊ ဗဟိဒ္ဓဝိညာဏ်၏ ဖြစ်ခြင်းသည် ဥပ္ပါဒမည်၏၊ အဇ္ဈတ္တမှာ နိရောဓဘင်, ဗဟိဒ္ဓမှာ နိရောဓ ဓမ္မ, အဇ္ဈတ္တမှာ နိရောဓအတ္ထိ, ဗဟိဒ္ဓမှာ သမုဒယနတ္ထိ, အဇ္ဈတ္တမှာ ပရမတ္ထအာရုံ, ဗဟိဒ္ဓမှာဝိကပ္ပိတ္တ ဝိသဋ ဖြစ်သော မိစ္ဆာပညတ်အာရုံ, အချို့ဗဟိဒ္ဓကား ပရမတ္ထအာရုံ, အဇ္ဈတ္တမှာ အနုပါဒါနက္ခန္ဓာ,အချို့ဗဟိဒ္ဓ အနုပါဒါနက္ခန္ဓာ,အချို့ဗဟိဒ္ဓ ဥပါဒါနက္ခန္ဓာ, အဇ္ဈတ္တသည် သုဒ္ဓစိတ်မည်၏၊ ဗဟိဒ္ဓဖြစ်သော စိတ်,စေတသိက်သည် ပဋိစ္စသမုပ္ပန္နနာမ်မည်၏၊ အဇ္ဈတ္တကား အာရမ္မဏိကမည်၏၊ ဗဟိဒ္ဓကား အာရုံမည်၏၊အဇ္ဈတ္တစိတ်ဝိညာဏ်ကား အဇာတိ,အဇရာ,အဗျာဓိ,အမရဏ မည်၏ ဗဟိဒ္ဓဓမ္မာရုံကား ဥပါဒါနက္ခန္ဓာဟူသော ပဋိစ္စသမုပ္ပန္နရှိသော ကြောင့်, ဇာတိ,ဇရာ,ဗျာဓိ,မရဏမည်၏။

ဤသို့လျှင် စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားကို စီးဖြန်းပွါးများတော်မူကြသော ဝိပဿနာယောဂီသူမွန် သပ္ပုရိသအပေါင်းသူတော်ကောင်းတို့သည် သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့်ကောင်းစွာကြံစည် အားထုတ်နိုင်ကြ ပါစေကုန်သတည်း။

ဤကားဝိညာဏ်ဒွယဖြစ်ပုံကို ပြဆိုသောအခဏ်းတည်း။

---

## ၅၁—ရှင်ဥပတိဿ၏နိဗ္ဗာန်သွားလမ်းစဉ်

ယေဓမ္မာ၊ အကြင် ဥပါဒါနက္ခန္ဓာဟူသော ဒုက္ခသစ္စာတို့သည်၊ ဟေတုပဘဝါ၊ အဝိဇ္ဇာတဏှာလျှင် အကြောင်းရင်း ဖြစ်ကုန်၏။ တေသံ၊ ထိုအဝိဇ္ဇာတဏှာဟူသော သမုဒယသစ္စာတို့၏။ ဟေတုံ၊

ချုပ်ငြိမ်းစေခြင်း၏ အကြောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်း။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသဥ္စ၊ ထိုဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးတို့၏လည်း။ နိရောဓံ၊ နိရောဓသစ္စာမည်သော နိဗ္ဗာန်ဟူသော ပရမတ္ထဝိညာဏ်ကို။ အာဟ၊ ဟောတော်မူ၏။ ဣတိ၊ ဤသို့။ သမဏော ဂေါတမော၊ ရဟန်းတို့၏ မင်းဖြစ်တော်မူသော ငါတို့ဆရာ ဂေါတမမြတ်စွာဘုရားသည်။ ဧဝံဝါဒီ၊ ဤသို့သစ္စာလေးပါးတရားကို ဟောတော်မူလေ့ရှိ၏။

ဤသို့ရှင်အဿဇိရဟန်း ဟောအပ်သော ဂါထာဝက်မျှသော တရားတော်ကို ကြားနာရ၍ နိရောဓသစ္စာ နိဗ္ဗာန်တည်းဟူသော ဝိညာဏ်တော်ကို တွေ့၍ သိမြင်ရသဖြင့် အလွန်ဝမ်းမြောက်တော်မူသောကြောင့် ဥဒါန်းကျူးတော်မူ၏။

ဝိရဇံ ဝိဂတမလံ၊ ဓမ္မစက္ခုံ ဥဒပါဒိ၊
ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓဓမ္မံ။
ယံကိဉ္စိ ပစ္စယံ သမ္ဘူ၊ တေ ပစ္စယ သမုပ္ပန္နာ၊
ယံကိဉ္စိ ပဋိစ္စသမုပ္ပါဒံ၊ သမ္ဘူ တေ ပဋိစ္စသမုပ္ပန္နာ။
[ဝိနည်းမဟာဝါပါဠိတော်,ပဋိသမ္ဘိဒါမဂ်ပါဠိတော်။]

ဝိရဇံ၊ ကင်းသော ကိလေသာတည်းဟူသော မြူရှိထသော။ ဝိဂတမလံ၊ ကင်းသောကိလေသာ တည်းဟူသော အညစ်အကြေးလည်း ရှိထသော။ ဓမ္မစက္ခုံ၊ ပရမတ္ထဖြစ်သော ဓမ္မာရုံကိုသိသော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ယံကိဉ္စိ၊ အလုံးစုံသော ပဋိစ္စသမုပ္ပါဒတရား ဟူသမျှသည်။ သမုဒယဓမ္မံ၊ သမုဒယဓမ္မမည်၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော တရားသည်။ နိရောဓ ဓမ္မံ၊ နိရောဓ ဓမ္မမည်၏။

ဤသို့ရှင်ဥပတိဿ ပရိဗိုဇ်သည် အဝိဇ္ဇာအစ ဇရာမရဏ အဆုံးရှိသော ပဋိစ္စသမုပ္ပါဒမည်သော တရားတော်မြတ်ကို အနုလောမညာဏ်, ပဋိလောမညာဏ်တို့ဖြင့် ထက်အောက်ပြန်လှန်၍ ဆင်ခြင်သုံးသပ်တော်မူ၏၊ အဘယ်သို့ ဆင်ခြင်သုံးသပ်တော်မူသနည်း။

အဝိဇ္ဇာ, သင်္ခါရ, တဏှာ,ဥပါဒါန်,ဘဝဟူသော ပဋိစ္စသမုပ္ပါဒတရားသည် အကြောင်းဖြစ်သောကြောင့် ဟေတုမည်၏၊ ထိုအတိတ်အခွန့်၌ဖြစ်သော အကြောင်းဟေတု ဟူသော စေတနာသည် သင်္ခါရမည်၏၊ ပစ္စုပ္ပန် အခွန့်၌ဖြစ်သော အကြောင်းဟေတုငါးပါးဟူသော

စေတနာသည် ကမ္မဘဝမည်၏၊ ထိုကမ္မဘဝဟူသော စေတနာကံ၏ အကျိုးဖလဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ,မရဏ ဟူသော အကျိုးဖလ-ရှစ်ပါးသည် ဥပပတ္တိဘဝမည်၏၊ အတိတ်အကြောင်းငါးပါး, ပစ္စုပ္ပန် အကြောင်း ငါးပါး ဤသို့ဆယ်ပါးသော အကြောင်းဟေတုနှင့်တကွ ဖြစ်သော စေတနာသည် ကမ္မဝဋ်မည်၏၊ ပစ္စုပ္ပန်၌ဖြစ်သော အကျိုးငါးပါး, အနာဂတ်၌ဖြစ်သော အကျိုးငါးပါး ဤသို့ဆယ်ပါးသော အကျိုးဖလ သည် ဝိပါကဝဋ်မည်၏၊ အဝိဇ္ဇာနှင့်တဏှာနှစ်ပါးသည် ကိလေသဝဋ် မည်၏၊ ဤသို့ ဝဋ်အားဖြင့် သုံးပါးဖြစ်၏။

ဤအဝိဇ္ဇာအစရှိသော တဆယ့်နှစ်ပါးသော တရားတို့သည် ပဋိစ္စ သမုပ္ပါဒ ဟူသော အမည်, ဥပ္ပါဒဟူသောအမည်, နိမိတ္တဟူသောအမည်, သညောဂဟူသော အမည်, ပလိဗောဓဟူသောအမည်, ဟေတုဟူသော အမည်, သမုဒယဟူသောအမည်, ပစ္စယဟူသောအမည်နာမတို့ဖြင့် ဓမ္မဋ္ဌိ တိပြု၍ ဟောတော်မူ၏၊ ထိုပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာငါးပါးတို့ ၏ ပျက်ချုပ်၍ သွားသည်ကို ပဋိစ္စသမုပ္ပန္န အနိစ္စဓမ္မဟူ၍၎င်း, နိရောဓ အနိစ္စဓမ္မဟူ၍၎င်း, ပစ္စယသမုပ္ပန္န အနိစ္စဓမ္မဟူ၍၎င်း ဇာတ, ဘူတ, ကတ, သင်္ခတဟူသော အနိစ္စဓမ္မဟူ၍၎င်း သုံးသပ်ဆင်ခြင်တော်မူ၏။

ဓမ္မစက္ခုံ ဥဒပါဒိဟူသော စကားတော်၏အရကား ဓမ္မအပြားသုံးပါး ရှိ၏၊သုံးပါးဟူသော်ကား စိတ္တဓမ္မလည်းတပါး, စေတသိကဓမ္မလည်းတပါး, ရူပဓမ္မလည်းတပါး ဤသို့သုံးပါးသော ဓမ္မသည် သက်သက်ပရမတ္ထဓမ္မ လည်းရှိ၏၊ ပရမတ်,ပညတ် နှစ်ပါးစပ်သော ဓမ္မလည်းရှိ၏၊ ပရမတ်မပါဘဲ သက်သက် ပညတ်ဖြစ်သော ဓမ္မလည်းရှိ၏၊ နိဗ္ဗာန်ဟူသော ဓမ္မသည် သက်သက် ပရမတ္ထဓမ္မမည်၏၊ ဘုရားရဟန္တာတို့၏ ခေါ်ဝေါ်သုံးစွဲသော ဓမ္မသည် သမ္မာပထပညတ်ဖြင့် ခေါ်ဝေါ်သုံးစွဲသော ပရမတ္ထဓမ္မတည်း၊ ပုထုဇဉ်တို့ခေါ်ဝေါ်သုံးစွဲသောဓမ္မသည်သက်သက်သော ပညတ္တိဓမ္မပေတည်း၊ ဤသို့ ဓမ္မစက္ခုံဟူသော စကားတော်ဖြင့် ဓမ္မာရုံဟူသော ပရမတ္ထဖြစ်သော ပဋိစ္စသမုပ္ပါဒတရားကို သစ္စာဖွဲ့၍ ပြပေအံ့။

၁။ ဝိညာဏ်, နာမ်ရုပ် အစရှိသော အကျိုးဖလရှစ်ပါးသည် ဥပါဒါ နက္ခန္ဓာမည်၏၊ ထိုအကျိုးဖလရှစ်ပါးဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးသည် အဘိညာပရိညေယျ ဒုက္ခသစ္စာမည်၏။

၂။ အဝိဇ္ဇာတဏှာဟူသော အမြစ်နှစ်ပါးသည် အဘိညာပဟာတဗ္ဗ သမုဒယသစ္စာမည်၏။

၃။ ဓမ္မာရုံ ပရမတ္ထ နာမ်ဖြစ်သော နိဗ္ဗာန်ကို အာရုံပြုတတ်သော လောကုတ္တရာစိတ်ဝိညာဏ်သည် ပရိညေယျနိရောဓသစ္စာမည်၏။

၄။ ဝိပဿနာ ဉာဏစရိယမည်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးပါးနှင့်ယှဉ်သော မဂ္ဂင်ရှစ်ပါးသည်၎င်း၊ မဂ်စိတ်လေးပါးနှင့် ယှဉ်သော မဂ္ဂင်ရှစ်ပါးသည်၎င်း- ဘာဝေတဗ္ဗဟူသော မဂ္ဂသစ္စာ မည်၏။

[မဂ်စိတ်လေးပါး, ဖိုလ်စိတ် လေးပါးနှင့်ယှဉ်သော စေတသိက် သုံးဆယ့် ခြောက်ပါးတို့တွင် မဂ္ဂင်ရှစ်ပါးကြဉ်သော ကြွင်းသောစေတသိက် နှစ်ဆယ့်ရှစ်ပါး သည် သစ္စာဟူသော အရေအတွက်မှလွတ်၏၊လောကီစိတ်-ရှစ်ဆယ့်တပါးသည် ပရိညေယျ ဝာရားဖြစ်သောကြောင့်ဒုက္ခသာမည်၏၊သစ္စာမဖွဲ့အပ်၊လောကုတ္တရာဟူ သော စိတ်ဝိညာဏ်သည်ပရိညေယျတရားလည်းမှန်၏၊နိရောဓတရားလည်းမှန်၏၊ ပဘာဟူသောအရောင်သည် ဝိညာဏ်၌သာ အမြဲတောက်ပ၏၊ ထိုသို့တောက်ပ သောတရားသည်နိဗ္ဗာန်ဟု ဟောတော်မူသောကြောင့် ဗြဟ္မနိမန္တနသုတ်ကိုမှီ၍ လောကုတ္တရာ စိတ်ဝိညာဏ်ကို နိရောဓသစ္စာဖွဲ့၍ဟော၏၊ စင်စစ်ကား နိဗ္ဗာန် သာလျှင် နိရောဓသစ္စာမှန်၏၊ရှစ်ဆယ့်ကိုးပါးသောစိတ်ကို သစ္စာဖွဲ့၍ မဟောအပ်၊ ဟောသည်ရှိသော် သာတိရဟန်းကဲ့သို့ စိတ်ဝိညာဏ်သည် ပဋိစ္စသမုပ္ပါဒ ဟူသော သံသရာမည်၏ဟု ဆိုရာရောက်၏၊ သစ္စာလေးပါး ဖွဲ့သောတရား၌ ပဋိစ္စသမုပ္ပါ ဒဟူသောဓမ္မာရုံကိုသာ သစ္စာလေးပါးဖွဲ့၍ ဟောတော်မူ၏၊ မူလပဏ္ဏာသပါဠိ တော်တွင် ရှင်သာရိပုတ္တရာသည် ရှင်ကောဋ္ဌိက ရဟန်းကို ဝိညာဏံ ပရိညေယျံ ဟုဟောတော်မူ၏၊ဤအရာ၌ စဉ်းစားဆင်ခြင်အပ်၏။]

၁။ ဤသို့ရှင်ဥပတိဿမည်သော ပရိဗိုဇ်သည် ရှေးဦးစွာ သဒ္ဓါဟူသော ယောနိသော မနသိကာရကိုရ၏။

၂။ နောင် ရှင်အဿဇိရဟန်းတည်းဟူသော သပ္ပုရိသကိုရပြန်၏။

၃။ ထိုပဉ္စဝဂ္ဂီမည်သော ရှင်အဿဇိရဟန်းကို ကြည်ညိုသော သဒ္ဓါ တရားကိုရ၍ ဥပသက်မနဟူသောဆည်းကပ်ခြင်းကို ဖြစ်စေနိုင်၏။

၄။ ဆည်းကပ်ခြင်းကိုရသောကြောင့် ရိုသေခြင်းတည်းဟူသော ပယိရုပါသနကိုရ၏။

၅။ ထိုသို့ရိုသေမြတ်နိုးခြင်းကို ရသောကြောင့် တရားတော်ကို နာကြား လိုသော သောတာဝဓာနကိုရ၏။

၆။ ဤသို့နာကြား၍ နားထောင်လိုသော သောတာဝဓာန ရှိသော ကြောင့် ပဉ္စဝဂ္ဂီဖြစ်သော ရှင်အဿဇိရဟန်း၏ ဟောတော်မူအပ်

သော "ယေဓမ္မာ ဟေတုပဘဝါ" ဟူသော သစ္စာလေးပါး တရားတော်ကို ကြားနာရခြင်းတည်းဟူသော ဓမ္မသဝနကို ရပြန်၏။

၇။ ဤသို့ ရှင်အဿဇိ၏ ဟောအပ်သောတရားတော်ကို ကြားနာရခြင်း, ထိုတရားတော်ကို ဆောင်ခြင်းတည်းဟူသော ဓမ္မဓာရဏာကိုရ၏။

၈။ ထိုသို့တရားတော်ကိုဆောင်ခြင်းကြောင့် ထိုယေဓမ္မာစသော တရား၏အနက်သဘောကို ဆင်ခြင်စဉ်းစားနိုင်သော အတ္ထုပပရိက္ခာ ဉာဏ်ကိုရ၏။

၉။ ထိုသို့အနက်သဘောကို စဉ်းစားဆင်ခြင်နိုင်သောဉာဏ်ကို ရခြင်းကြောင့် ထိုဟောတော်မူသော တရားတော်ကို ရှုဆင်ခြင်ခြင်းငှာ ခံသောဓမ္မနိဇ္ဈာနခန္တိမည်သော ဉာဏ်ကိုရ၏။

၁၀။ ထိုတရားတော် ရှုဆင်ခြင်ခြင်းငှာ ခံသောဉာဏ်ကို ရခြင်းကြောင့် အလွန်ကြည်ညို နှစ်သက်မြတ်နိုး၍ အလိုဆန္ဒရှိခြင်း တည်းဟူသော သမ္မာဆန္ဒကိုရ၏။

၁၁။ ထိုသို့နှစ်သက်မြတ်နိုး၍ ကောင်းမြတ်သော သမ္မာဆန္ဒကို ရခြင်းကြောင့် ကောင်းစွာအားထုတ်အပ်သော သမ္မာဝါယာမ ဝီရိယဟူသောဥဿာဟကိုရ၏။

၁၂။ ထိုသို့အားထုတ်ခြင်းတည်းဟူသော ဥဿာဟကိုရခြင်းကြောင့် နှိုင်းချိန်စဉ်းစား၍ ဆင်ခြင်သုံးသပ်နိုင်သော တုလနမည်သော ဉာဏ်ကိုရ၏။

၁၃။ ထိုသို့နှိုင်းချိန်စဉ်းစားနိုင်သော တုလနဉာဏ်ကိုရခြင်းကြောင့် နိဗ္ဗာန်သို့ညွတ်သောစိတ်ဖြင့် ကမ္မဋ္ဌာန်းကိုအားထုတ်ခြင်းငှာ စွမ်းနိုင်သော ပဓာနကိုရ၏။

၁၄။ ထိုသို့ကမ္မဋ္ဌာန်းကိုအားထုတ်ခြင်း ပဓာနကိုရခြင်းကြောင့် နိဗ္ဗာန်သို့ စေလွှတ်နိုင်သော ပဟိတစိတ်ကိုရ၏။

၁၅။ ဤသို့သဘောရှိသော နိဗ္ဗာန်သို့စေလွှတ်နိုင်သော ပဟိတမည်သော ပဘဿရ စိတ်ဝိညာဏ်ကို ရခြင်းသည်ပင် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်မည်၏။

ဤသို့ ရှင်ဥပတိဿပရိဗိုဇ်သည် ရှေးဦးစွာနိဿရဏသံသရာ၌သဒ္ဓါတရား ကိုရ၍ လမ်းစဉ်အတိုင်း ကျင့်စဉ်အားဖြင့် သွားသကဲ့သို့ အတုလိုက်၍ ဘုရား တည်းဟူသော သပ္ပုရိသကိုရှာ၍ လမ်းစဉ်အတိုင်းကျင့်ရာ၏။

ဤကား ရှင်ဥပတိဿ၏ နိဗ္ဗာန်သွားလမ်းစဉ်ကို
ပြဆိုသောအခန်းတည်း။

---

## ၅၂။ ဝိထိကျပုံကိုပြဆိုခြင်း

ဤသို့မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒတည်းဟူသော ဥပါဒါနက္ခန္ဓာ ဘေးကြီးမှလွှဲခွါ၍ထိုဘေးမှလွတ်မြောက်ရာဖြစ်သောအလွန်အေးမြချမ်းသာ သော နိဗ္ဗာန်အရပ်သို့ရောက်အောင် ထိုပုထုဇဉ်သတ္တဝါတို့ကို ဝိပဿနာဉာဏ စရိယတည်းဟူသော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဥပါဒါနက္ခန္ဓာဟူသော လောကကြီး မှ လွှဲခွါလွတ်မြောက်လေအောင် သုတ္တ,ဂေယျ,ဝေယျာကရဏ စသော အင်္ဂါ ကိုးပါးနှင့်ပြည့်စုံသော ဒေသနာတရားတော်မြတ်ဖြင့် ကယ်တင်ပို့ဆောင်ပါ သော်လည်း တောစောင့်နတ်နှင့်တူသော ငါဘုရား၏စကားကို နားမထောင် ဘဲနှင့် ရန်သူဖြစ်သော ဥပါဒါနက္ခန္ဓာကိုသာ မိဘသဘွယ် တွယ်တာကပ်ငြိ၍ နေသောန္ဓားသူငယ်ကဲ့သို့ မခွဲနိုင် မခွါနိုင်ဖြစ်၍ အမြဲဒုက္ခဆင်းရဲ၍နေကြရလေ ၏၊ဥပမာဆိုသည်ရှိသော် နို့ချိုမွတ်သိပ်၍ဆာလောင်တောင့်တခြင်း တဏှာဟူ သောအကြောင်းကြောင့် မိမိ၏ကေန်အမှန် ရန်သူဖြစ်သော ကျားမ၏နောက် သို့ လိုက်မှား၍နေသော နွားသူငယ်ကို တောစောင့်နတ် ရုက္ခစိုးသည်မြင်၍ အလွန်သနားသော စိတ်ဖြင့် ထိုနွားသူငယ်ကလေးကို ရန်သူဖြစ်သော ကျားမကြီး၏ ဘေးရန်မှလွတ်မြောက်အောင် ခွဲကာခွါကာ အရပ်တပါးသို့ သွားအောင် နှင်ထုတ်ပို့ဆောင်ပါသော်လည်း ခွဲခွါ၍ အရပ်တပါးအခြားသို့ ထွက်ပြေးတိမ်းရှောင်လွတ်အောင်မသွားပါဘဲနှင့် ထိုရန်သူဖြစ်သောကျားမ ကြီး၏ ခံတွင်းနားသို့သာလျှင် အမြဲသွားလာ၍နေသကဲ့သို့ ထို့အတူ ပုထုဇဉ် သတ္တဝါတို့သည်လည်းကျားမကြီးနှင့်တူသော ဥပါဒါနက္ခန္ဓာ တည်းဟူသော ဓမ္မာရုံဘေးကို ခွဲခွါလွတ်မြောက်အောင် နှင်ထုတ်ပို့ဆောင် ကယ်တင်ပါ သော်လည်း သန္တိသုခချမ်းသာရှိသောဝိညာဏစရိယမည်သောစိတ်ဝိညာဏ် မှတ်၍ ဥပါဒါနက္ခန္ဓာတည်းဟူသော မိစ္ဆာပထပညတ် ဓမ္မာရုံဖြစ်သော စိတ် ဝိညာဏ်သို့သာလျှင်အမြဲလိုက်၍နေကြကုန်၏၊ ထိုဥပါဒါနက္ခန္ဓာ ဟူသော ဝိညာဏ်မှ ခွဲခွါစေလိုသော မြတ်စွာဘုရားသည် ဥပရိပဏ္ဏာသပါဠိတော်၌ ဤသို့ဟောတော်မူ၏။

အယောပံရံ ဝိညာဏံ ယေဝ အဝသိဿတိ ပရိသုဒ္ဓံ ပရိယော
ဒါတံ၊ တေနစ ဝိညာဏေန ကိံ ဝိဇာနာတိ၊သုခန္တိပိ ဝိဇာနာတိ၊
ဒုခန္တိပိ ဝိဇာနာတိ၊ အဒုက္ခ မသုခန္တိပိ ဝိဇာနာတိ၊ အယောပရံ
ဥပေက္ခာယေဝ အဝသိဿတိ၊ ပရိသုဒ္ဓါ ပရိယောဒါတာ မုဒုစ ကမ္မ
ညာစ ပဘာဿရာစ။

[ဥပရိပဏ္ဏာသပါဠိတော်။]

သောတစ ဇဝံ ပဇာနာတိ ဥပ္ပန္နံ ခေါ မေ ဣဒံ မနာပံ၊ ဥပ္ပန္နံ
အမနာပံ၊ ဥပ္ပန္နံ မနာပါမနာပံ၊ တဥ္စခေါ သင်္ခတံ ဩဠာရိကံ
ပဋိစ္စသမုပ္ပန္နံ ဇတံ သန္တံ ဇတံပဏီတံ ယဒိဒံ ဥပေက္ခာတိ။

[ဥပရိပဏ္ဏာသပါဠိတော်၊ အနက်ပေးပြီး။]

ဤသို့ဟောတော်မူခြင်းသည် ဥပါဒါနက္ခန္ဓာဝိညာဏ်နှင့် ဝိညာဏဋ္ဌိတိ ဝိညာဏစရိယစိတ်ဝိညာဏ်တို့ကိုခွဲအောင်ခွါအောင်ကျင့်သည်ရှိသော် အလွန်စင်ကြယ်သောဝိညာဏ်, အလွန်ဖြူစင်သောဝိညာဏ်,အလွန်နူးညံ့သိမ်မွေ့ခိုင်ခံ့သော တောက်ပသောအရောင်ရှိသော စိတ်ဝိညာဏ်သာကြွင်းကျန်ရစ်လတ္တံ့၊ ထိုသို့သဘောရှိသော နိရောဓသစ္စာမည်သော စိတ်ဝိညာဏ်ကို မတွေ့ တွေ့အောင်ရှာ၍ အားထုတ်ပွားများ၍ ကျင့်ရာ၏၊ ထိုဥပါဒါနက္ခန္ဓာ ဟူသော ဝိညာဏ်ကို မခွဲမခွါနိုင်သော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်၏ ဝီထိကျပုံကို ပြဆိုလိုက်ဦးအံ၊ဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့်တကွ တဏှာ,အဝိဇ္ဇာအမြစ်နှစ်ပါးရှိသော ထိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည် မိန်းမ,ယောကျ်ားစသော ရူပါရုံကို မြင်သောအခါ စိတ်ဝိညာဏ်နှင့်ဓမ္မာရုံတို့သည် ဤသို့ဝီထိကျ၍ နေကြကုန်၏၊ စက္ခုပသာဒဟူသောဓမ္မာရုံမှန်အကြည်ဓာတ်ပေါ်တွင် ရောက်လာသော အရောင်အရိပ်ဟူသော ရူပါရုံကို စက္ခုဝိညာဏ်စိတ်သည် မြင်ခြင်း ဒဿနကိစ္စတပ်၍ ပြီးသည်ရှိသော် သမ္ပဋိစ္ဆိုင်းစိတ်သည် အာရုံကိုခံလင့်သကဲ့သို့ သမ္ပဋိစ္ဆနကိစ္စတပ်၏၊သန္တိရဏစိတ်သည် အာရုံကိုစုံစမ်းသကဲ့သို့သန္တိရဏကိစ္စတပ်၏၊ မနောဒွါရာ ဝဇ္ဇန်း စိတ်သည် အာရုံကိုမှတ်သကဲ့သို့ ဝုဋ္ဌောကိစ္စတပ်၏၊ ဇောဟူသော ကုသိုလ်, အကုသိုလ်ဖြစ်သော နှစ်ဆယ့်ကိုးပါးသော စိတ်တို့သည်လည်း သိခြင်းဇဝနကိစ္စတပ်၏၊ထို့နောင် တဒါရုံစိတ် တဆယ့်တပါးသည် ထိုဇောစိတ်သိသော အာရုံကိုပင် တဘန်ပြန်၍ အာရုံပြုသော တဒါရုံစိတ်သည် နှစ်ကြိမ်ဖြစ်၍ ဥပါဒ်,ဋ္ဌီ,ဘင် ဟူသော ခဏငယ်သုံးချက်ခန့် ကာလကို မှတ်၍ ချုပ်လေ၏။

ဤသို့ပြဆိုခဲ့သော စက္ခုဒွါရ ဝီထိနှင့်အတူ သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရဟူသော ပဉ္စဒွါရဝီထိတို့ကိုလည်း သိအပ်၏၊ ဝီထိကျဟန်ကား အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်စိတ်, သမ္ပဋိစ္ဆိုင်းစိတ်, သန္တီရဏစိတ်, ဝုဋ္ဌောစိတ်, ဇောစိတ်ခုနစ်ကြိမ်, တဒါရုံစိတ် နှစ်ကြိမ်ဖြစ်၍ချုပ်၏၊ ဤကား တဒါရမ္မဏဝါရ အတိမဟန္တာရုံ ဝီထိတည်း။

ဤသို့ စိတ်ဝိညာဏ်တို့နှင့်အတူ ဥပါဒ်ချင်းပြိုင်၍ နိဿယပစ္စည်းဖြင့် မှီ၍ဖြစ်သော ပထဝီ, အာပေါ,တေဇော, ဝါယောဟူသော ဓာတ်ကြီးလေးပါး ဘူတရုပ်သည်ကား ဥပါဒ်,ဌီ, ဘင်ရှိသော ရုပ်တည်း၊ ခဏငယ်ဟူသော စိတ်သက် ငါးဆယ့်တချက်နှင့် ရုပ်သက်တကြိမ်ညီမျှ၏၊ထိုရုပ်သက်ဖြစ်သော အခါ စိတ်ဥပါဒ်နှင့် ရုပ်၏ဥပါဒ်နှစ်ပါးပြိုင်၍ဖြစ်၏၊ခဏငယ်ပေါင်းငါးဆယ့် တချက်စေ့သောအခါ စိတ်၏ဘင်နှင့် ရုပ်၏ဘင်သည် ပြိုင်၍ချုပ်၏၊ စိတ်၏ ဥပါဒ်နှင့်ဘင်ကိုနုတ်၍အလယ်၌ ကျန်သောခဏငယ် လေးဆယ့်ကိုးချက်သည် ရုပ်၏ဌီကာလမည်၏၊ ဤသို့ဥပါဒ်,ဌီ, ဘင်ရှိ၏ဟု ဆိုသော်လည်း ဘူတရုပ်လေးပါးနှင့် စိတ်ဝိညာဏ်နှစ်ပါးတွဲဆုံ၍ဖြစ်သော ပဉ္စဝေါကာရဟု ဆိုအပ်သော နှစ်ဆယ့်ခြောက်ဘုံ၌သာလျှင် ဥပါဒ်,ဌီ,ဘင် ဖြစ်နိုင်သည်၊ အသညသတ်နှင့် အရူပလေးဘုံတွင် ဖြစ်သောအခါ ဥပါဒ်,ဌီ,ဘင်မရှိ၊ နိဗ္ဗာန်၌တည်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်၌လည်း ဥပါဒ်,ဌီ,ဘင်မရှိ။

ဤသို့ ဝိညာဏဋ္ဌိတိဟူသော စိတ်ဝိညာဏ်တို့သည် စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, မနောဒွါရဟူသောဟဒယဝတ္ထု၊ ဤခြောက်ပါးသော ဝတ္ထုရုပ်တို့ကို မှီ၍ဖြစ်ကုန်၏၊ ထိုသို့ပြဆိုခဲ့သော ခြောက်ပါးသောဝတ္ထုဒွါရတို့တွင် မနောဒွါရဟူသည်ကား မနောဒွါရာဝဇ္ဇန်းစိတ်၏ ရှေ့၌ဖြစ်သော ဘဝင်ုပစ္ဆေဒ တဆယ့်ကိုးခု, ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ရှေ့၌ဖြစ်သောဘဝင်ုပစ္ဆေဒတဆယ့်ကိုးခု၊ ဤဘဝင်ုပစ္ဆေဒတဆယ့်ကိုးခုသော စိတ်တို့နှင့်အတူအညီအမျှ ဥပါဒ်ပြိုင်၍ဖြစ်သော ကမ္မဇဓာတ်ဟူသောဟဒယဝတ္ထုရုပ်သည်မနောဒွါရမည်၏၊ထိုမနောဒွါရဟူသော ဟဒယဝတ္ထုရုပ်သည် ပင့်မနာယတနဟူသောအမည်,မနိန္ဒြေဟူသောအမည်ကိုရ၏၊ဝတ္ထုပုရေဇာတ နိဿယပစ္စည်းတပ်သောအခါဘဝင်ုပစ္ဆေဒ တဆယ့်ကိုးခုနှင့်အတူ ဥပါဒ်ပြိုင်၍ ဖြစ်သောကမ္မဇဓာတ် ဟဒယဝတ္ထုရုပ်သည် ဝတ္ထုပုရေဇာတ နိဿယပစ္စည်းတပ်သောတရားမည်၏၊နောက်နောက်၌ဖြစ်သော မနောဒွါရာ ဝဇ္ဇန်းစိတ်, ပဉ္စဒွါရာဝဇ္ဇာန်းဟူသော မနောဓာတ်စိတ်၊ဤစိတ်နှစ်ပါးတို့သည် ဝတ္ထု

ပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားခည်ကုန်၏၊ ထိုမနော ဒွါရမည်သော ဟဒယဝတ္ထုသည်ရင်း၊ ထိုပဉ္စဒွါရာဝဇ္ဇန်း,မနောဒွါရာဝဇ္ဇန်း စိတ်တို့နှင့်ယှဉ်သောဆန္ဒ,ပီတိကြဉ်သော အညသမာန်း စေတသိက်တဆယ့် တပါးတို့သည်ရင်း ပဋိစ္စသမုပ္ပါဒ,ပဋိစ္စသမုပ္ပန္န မည်ကုန်၏၊ ပဉ္စဒွါရာဝဇ္ဇန်း စိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ် နှစ်ပါးသည် ဝိညာဏဋ္ဌိတိမည်၏၊ ဝိညာဏ စရိယတရားလည်းမည်၏၊ ထို့ကြောင့်ဘဝင်စိတ်တဆယ့်ကိုးခုဟူသော ဝိတ် ဝိညာဏ်ကို မနောဒွါရဟု ဟောတော်မမူ။

မနောဒွါရဟူသည် ဓမ္မာရုံဖြစ်သောဥပါဒါရုပ်သာလျှင်တည်း၊ ထိုမနော ဒွါရဟူသော တဒနုဝတ္တကမည်သော မနောဒွါရဝီထိသည် ပဉ္စဒွါရဝီထိတို့၏ မှီရာတည်ရာ ကိုးကွယ်ရာတည်း၊ အဘယ့်ကြောင့်နည်း၊ ထိုပဉ္စဒွါရ ဝီထိတို့ သည် အာရုံကိုသိခြင်း,ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၊ တဒနုဝတ္တကမနောဒွါရသို့ ရောက်မှသာလျှင် အာရုံကိုသိခြင်း, ဆုံးဖြတ်ခြင်းငှါ စွမ်းနိုင်၏၊ ထို့ကြောင့် မနောဒွါရသာလျှင် ကိုးကွယ်ရာဟူ၍ဟောတော်မူ၏၊ တဝီထိ၌ နှစ်ဒွါရဖြစ် ၏ဟု ဟောတော်မူသောစကားသည် ထိုတဒနုဝတ္တကမနောဒွါရ ဝီထိကိုရည် ၍ ဟောတော်မမူ၊ ပဉ္စဒွါရဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်းဟူသော မနောဓာတ်၏ မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်သည် မနောဒွါရမည်၏၊ စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဏ်စိတ်သည် အတီတဘဝင်နှင့်အတူ ဥပါဒ်ပြိုင်၍ဖြစ်သော ကမ္မဇ ရုပ် စက္ခုပသာဒကိုဝတ္ထုပုရေဇာတ နိဿယပစ္စည်းတပ်၏၊ထိုစက္ခုပသာဒ သည်ပင် စက္ခုဒွါရမည်၏၊ ဤသို့လျှင် စက္ခုဒွါရတဝီထိ၌ စက္ခုဒွါရက တခု, မနောဒွါရဟူသော ဟဒယ ဝတ္ထုရုပ်က တခု၊ ဤသို့လျှင် တဝီထိ တဝီထိ၌ နှစ်ဒွါရ နှစ်ဒွါရဖြစ်၏၊ ထို့အတူ ပဉ္စဒွါရ ငါးဝီထိတို့၌လည်း နှစ်ဒွါရ နှစ်ဒွါရစီဖြစ်၏၊ ထို့ကြောင့်''အဋ္ဌသာလိနီအဋ္ဌကထာ၌''ဤသို့မိန့်တော်မူ၏။

တတ္ထ ဧကေကံ အာရမ္မဏံ ဒွီသု ဒွီသု ဒွါရေသု အာပါထံ အာ-
ဂစ္ဆတိ၊ ရူပါရမ္မဏံ ဟိ စက္ခုပသာဒံ ဃဋ္ဋေတွာ တင်္ခဏေယေဝ
မနောဒွါရေ အာပါထံအာဂစ္ဆတိ၊ ဘဝင်္ဂစလနဿ ပစ္စယောတိ
အတ္ထော၊ သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာ ရမ္မဏေသုပိ ဧသေဝနယော။

တတ္ထ၊ ထိုအာယတန ခြောက်ပါးတို့တွင်။ ဧကေကံအာရမ္မဏံ၊ တခု တခုသော အာရုံသည်။ ဒွီသု ဒွီသု ဒွါရေသု၊ နှစ်ပါးနှစ်ပါးသော ဒွါရတို့၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ ဟိသစ္စံ၊ မှန်၏။ ရူပါရမ္မဏံ၊ ပါရုံသည်။ စက္ခုပသာဒံ၊ စက္ခုပသာဒသို့။ ဃဋ္ဋေတွာ၊ ရောက်သည်၏အဖြစ်

ဖြင့်ထိခိုက်၍။တန်ဏောယေဝ၊ထိုဓာဏ်၌သာလျှင်။မနောဒွါရေ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ မှီရာဖြစ်သော မနောဒွါရ၌။ အာပါထံ၊ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ၏။ ဘဝင်္ဂစလနဿ၊ ဘဝင်္ဂစလနဟူသော ဘဝင်္ဂုပစ္ဆေဒ တဆယ့်ကိုးခုသောစိတ်နှင့် ပြိုင်၍ ဥပါဒ်သော ¦ဟဒယဝတ္ထုရုပ်၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ သဒ္ဒ ဂန္ဓရသ ဖေါဋ္ဌဗ္ဗာရမ္မဏေသုပိ၊ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံတို့၌လည်း။ ဧသေဝနယော၊ ဤသည်လျှင် နည်းရှိ၏၊

ထိုသို့ပြဆိုခဲ့သော ပဉ္စဒ္ဒြေဟု ဆိုအပ်သော ပဉ္စဒွါရဝီထိတို့သည် နောက်၌ဖြစ်သော တဒနုဝတ္တက မနောဒွါရဝီထိသာလျှင် မှီရာတည်ရာကိုးကွယ်ရာဟု ဟောတော်မူ၏။

ဣမေသံ ခေါ အာဝုသော ပဉ္စန္နံ ဣန္ဒြိယာနံ နာနာဂေါစရာနံ နာနာဝိသယာနံ နအညမညဿ ဂေါစရံ ဝိသယံ ပစ္စနုဘောတိ၊ ပစ္စနုဘောန္တာနံ မနော ပဋိသရဏံ၊ မနောဝ နေသံ ဂေါစရံ ဝိသယံ ပစ္စနုဘောတိ။

အာဝုသော၊ ငါ့ရှင်တို့။ နာနာဂေါစရာနံ၊ အထူးထူးသော ကျက်စားရာရှိကုန်သော။ နာနာဝိသယာနံ၊ အထူးထူးသော အာရုံရှိကုန်သော။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဣမေသံခေါဣန္ဒြိယာနံ၊ ဤဣန္ဒြေတို့၏။ ဂေါစရံ၊ ကျက်စားရာဖြစ်သော။ ဝိသယံ၊ အာရုံကို။ အညမညဿ၊ အချင်းချင်းအား။ နပစ္စနုဘောတိ၊ မခံစားနိုင်။ ပစ္စနုဘောန္တာနံ၊ အာရုံကိုခံစားကြကုန်သော ဣန္ဒြေခြောက်ပါးတို့တွင်။ မနောဝ၊ မနောဒွါရသည်သာလျှင်။ ပဋိသရဏံ၊ ကိုးကွယ်ရာတည်း။ နေသံ၊ ထိုငါးပါးသော ဣန္ဒြေတို့၏။ ဂေါစရံ၊ ကျက်စားရာဖြစ်သော။ဝိသယံ၊အာရုံကို။မနောဝ၊မနောဒွါရသည်သာလျှင်။ပစ္စနုဘောတိ၊ ခံစားနိုင်၏။

ဤသို့ခြောက်ပါးသော အာယတန,ခြောက်ပါးသော ဣန္ဒြေ,ခြောက်ပါးသော ဒွါရ,ခြောက်ပါးသောဝတ္ထု,ခြောက်ပါးသောအာရုံဟူသောဒေသနာတော်ကို ဟောတော်မူခြင်းသည် စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ် ဟူသော ဝိညာဏခေတ် ပရမတ္ထတရားနှင့် ဓမ္မာရုံဖြစ်သော ပရမတ် ပညတ်နှစ်ပါးတို့၏ ဖြစ်ပျက်သည်ကို ရှုဆင်ခြင်ခြင်းငှါ စွမ်းနိုင်သော အနုတ္တရဘာဝနာမည်သော ဣန္ဒြိယဘာဝနာကို သိစေခြင်းငှာ ဟောတော်မူ၏။

စက္ခုနွ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊တိဏ္ဏံသင်္ဂတိဖဿောဟူ၍၎င်း, စက္ခုနာရူပံဒိသွာဥပ္ပဇ္ဇတိဥပေက္ခာဟူ၍၎င်း၊ ဤသို့ဟောတော်မူသော စက္ခု

ပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်တို့၏ သုံးပါးပေါင်းဆုံမိ၍ ရူပါရုံဟူသော ဒိဋ္ဌရုပ်ကို ဒဿနကိစ္စတပ်၍မြင်ခြင်းသည် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ မြင်ခြင်း, ကြားခြင်း, နံခြင်း, လျက်ခြင်း, တွေ့ထိခြင်း, သိခြင်းတို့ပေတည်း။

ရူပါနံ တွေဝ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမံ ဝိရာဂံ နိရောဓံ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ဥပ္ပဇ္ဇတိ ဥပေက္ခာ။ ။ ဟူ၍၎င်း။

စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ မနာပံ၊ တဥ္စခေါ သန်တံ သြဠာရိကံ ပဋိစ္စသမုပ္ပန္နံ ။ဟူ၍၎င်း–

ဤသို့ဟောတော်မူသော စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်တို့၏ သုံးပါးပေါင်းဆုံမိ၍ ရူပါရုံဟူသောဒိဋ္ဌရုပ်ကို ဒဿနကိစ္စတပ်၍ မြင်ခြင်းသည် သပ္ပုရိသပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ မြင်ခြင်း, ကြားခြင်း, နံခြင်း, လျက်ခြင်း, တွေ့ထိခြင်း, သိခြင်းတို့ပေတည်း၊ဤသို့ဟောတော်မူသော စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်တို့၏ သုံးပါးပေါင်းဆုံမိ၍ ရူပါရုံဟူသော ဒိဋ္ဌရုပ်ကိုဒဿနကိစ္စတပ်၍ မြင်ခြင်းသည် ဘုရားရဟန္တာ အရိယာဖြစ်တော်မူသော အသေက္ခပုဂ္ဂိုလ်တို့၏မြင်ခြင်း, ကြားခြင်း, နံခြင်း, လျက်ခြင်း, တွေ့ထိခြင်း, သိခြင်းပေတည်း။

အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ မြင်ခြင်း, ကြားခြင်းစသည် အဘယ်ကဲ့သို့နည်း၊ ဤသို့စက္ခုနာ ရူပံ ဒိသွာ ဟူသော သဒ္ဒါအသံနိရုတ္တိပင် တူပြားသော်လည်း ပုဂ္ဂိုလ်အားဖြင့် အဆင့်ဆင့် အယုတ်, အလတ်, အမြတ်အားဖြင့် ကွဲပြား ခြားနားသောကြောင့် ဝီထိစိတ်နှင့် ဓမ္မာရုံတို့ မတူကွဲပြား ခြားနားရလေသတည်း၊ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ စက္ခုဒွါရ အစရှိသော ခြောက်ဒွါရ၌ ဝီထိစိတ်တို့၏ဖြစ်ခြင်းသည် ဒဿနဝိပဿနာကိုရခြင်းငှါ စွမ်းနိုင်သောသပ္ပုရိသကို မတွေ့မမြင်ရခြင်းကြောင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာဟူသော အဝိဇ္ဇာတဏှာကို မနုတ်မပယ် မစွန့်မခွါနိုင်သေးသော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ စက္ခုဒွါရစသောဝီထိစိတ်၏ဖြစ်ခြင်းသည် ရူပါရုံဟူသောဒိဋ္ဌရုပ်ကို အဒိဋ္ဌရုပ်ဟုစွဲယူ၍ အဒိဋ္ဌရုပ်ဖြစ်သော နိဿတ္တ,နိဇ္ဇီဝဖြစ်သော မိန်းမ,ယောကျ်ားစသော ရုပ်ကို ဒိဋ္ဌရုပ်ဟုစွဲယူ၍ မိစ္ဆာပထသုံးပါးဖြင့် ခေါ်ဝေါ်သုံးစွဲ၍ အမြင်မှား,အကြားမှားနှင့်နေသောသူတို့၏ ဝီထိစိတ်သည် အဉာဏစရိယမည်သော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ စက္ခုဒွါရ အစရှိသော ဝီထိစိတ် မည်၏။

ယိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့ ဝီထိစိတ်သည် အဟိတ် အကုသလဝိပါက်ဖြစ်သော စက္ခုအစရှိသော အလုံးစုံသော စိတ်ခုနစ်ပါးကိုချအပ်၏၊ အဘယ်ကြောင့်နည်းဆိုသော် "ဗာလဿ မူဠ္ဟဿ အဝိပါကဇိနဿ" ဟူ၍ ဟောပော်မူသောကြောင့် အဟိတ်အကုသလ ဝိပါက်စိတ်ကိုသာ ဝီထိချအပ်၏၊ သပ္ပုရိသပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ စက္ခုဒ္ွါရစသော ဝီထိစိတ်ဖြစ်ခြင်းဟူသည်ကား ရူပါရုံဒိဋ္ဌရုပ်ကို စက္ခုဝိညာဏ်စိတ်ဖြင့် ဒဿနကိစ္စတပ်၍မြင်သည်ရှိသော် စက္ခုပသာဒနှင့်ဖဿစသောစေတသိက်ခုနစ်ပါးတို့သည် ဓမ္မာရုံပရမတ်သာတည်း၊ ရူပါရုံသည် သမ္မာပညတ္တိပထဖြင့် ခေါ်ဝေါ်သော ရူပါရုံပရမတ်သာတည်း၊ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်သည် ဝိညာဏစရိယဖြစ်၍ သန့်ရှင်းစင်ကြယ် ဖြူစင် နူးညံ့သိမ်မွေ့တောက်ပသောအရောင်ရှိသော စိတ်ဝိညာဏ်ပေတည်း၊ ထိုဓမ္မာရုံဖြစ်သော ပသာဒရုပ်နှင့် စေတသိက်ရူပါရုံတို့သည် ဇာတ, ဘူတ, ကတ, သင်္ခတ ဟူသောပဋိစ္စသမုပ္ပန္န,အနိစ္စဓမ္မ, ဒုက္ခဓမ္မ, အနတ္တဓမ္မ, အသုဘဓမ္မ ဟူ၍ ဓမ္မာရုံကိုရှုဆင်ခြင်တတ်၏၊ ဤသို့ဖြစ်ပေါ်၍လာသော စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်ဟူသောသုံးပါးအပေါင်းကို သိမြင်နိုင်သောဝီထိစိတ်သည် ဝိပဿနာဉာဏစရိယဟုဆိုအပ်သော သပ္ပုရိသပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ စက္ခုဒ္ွါရစသော ဝီထိတို့သာလျှင်တည်း၊ ထိုသပ္ပုရိသစသော ပုဂ္ဂိုလ်တို့၏ စက္ခုဝိညာဏ် စသောစိတ်ကို ဟသိတုပ္ပါဒ်စိတ်ကိုကြဉ်၍ အဟိတ်ကုသလဝိပါက်စိတ်ခုနစ်ပါးကိုသာ ဝီထိစိတ်ချအပ်၏။

ဘုရား,ရဟန္တာ အသေက္ခမည်သော အရိယာအရှင်မြတ်တို့၏ ဝီထိစိတ်သည်ကား "ရူပေ ဝိဘူတေ ဖဿော န ဟောတိ" ဟူသော မဟာနိဒ္ဒေသပါဠိတော်နှင့်အညီ ရုပ်ဟူသော ရူပါရုံ, ဓမ္မာရုံတို့၌ ပဋိစ္စသမုပ္ပန္နနယ်မြေမှ လွတ်မြောက်တော်မူ၍ အဇာတ, အဘူတ, အကတ, အသင်္ခတဟူသော နိစ္စ,သုခအမြဲရှိသော နိရောဓသစ္စာကို အာရုံပြုတော်မူ၍ ဓမ္မာရုံပရမတ်နှင့် ရူပါရုံပရမတ်နှစ်ပါးကို သမ္မာပထသုံးပါးနှင့် ပညတ်တင်၍ ဥပေက္ခာ သဟဂုတ်စက္ခုဝိညာဏ်စသော ဝိညာဏစရိယကို ခေါ်ဝေါ်သုံးစွဲ၍ မဟာကြိယာ, မဟဂ္ဂုတ်ကြိယာဟူသော ဉာဏသမ္ပယုတ်ဖြစ်သော စိတ်ဝိညာဏ်တော်တို့ဖြင့် ထင်မြင်၍ကျသော ဝီထိစိတ်တို့သည် ဘုရား, ရဟန္တာ အသေက္ခမည်သော အရိယာအရှင်မြတ်တို့၏ စက္ခုစသော ပဉ္စဒ္ွါရဝီထိစိတ်တို့ပေတည်း၊ထိုဘုရား ရဟန္တာအသေက္ခမည်သော အရိယာအရှင်မြတ်တို့၏ ဝီထိစိတ်သည်လည်း

အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါးသာ စက္ခုဝိညာဏ်စသော ခြောက်ပါးသောဒွါရတို့၌ အမြဲကျတော်မူ၏။

ဤကား ဝီထိကျပုံနှင့်တကွ ဓမ္မာရုံပရမတ္ထတရားနှင့်
ဝိညာဏဋ္ဌိတိဟူသော စိတ်ပရမတ္ထတရား
နှစ်ပါးကို ခွဲခြားပြဆိုသော အခဏ်းတည်း။

---

## ၅၃။ ဝိညာဏ် ၃-ပါး၌ မိစ္ဆာဒိဋ္ဌိဖြစ်ပုံ

၁။ ဤသို့ပြဆိုခဲ့သော ဝိညာဏဋ္ဌိတိ ခုနစ်ပါးနှင့်တကွ ဝိညာဏာစရိယဝိညာဏံမဇ္ဈေ ဟူသော အဇ္ဈတ္တဇ္ဈတ္တ ဖြစ်သော ဝိညာဏ်လည်းတပါး,

၂။ ပဋိစ္စသမုပ္ပါဒ ဓမ္မာရုံဖြစ်သော သင်္ခါရပစ္စယာဝိညာဏံ ဟူသော ဝိညာဏ်လည်းတပါး,

၃။ ဝိညာဏုပါဒါနက္ခန္ဓာဟူသော မိစ္ဆာပညတ်ဖြစ်သော ဝိညာဏ်လည်းတပါး–

ဤသို့ ဝိညာဏ်သုံးပါးတို့၏ အထူးကို ပြဆိုလိုက်ဦးအံ့၊ "မူလပဏ္ဏာသပါဠိတော်၌" ဗကဗြဟ္မာ၏မှားသော မိစ္ဆာအယူသည်လည်း ဤသို့ သုံးပါးအပြားရှိသော ဝိညာဏ်ကို မသိခြင်းကြောင့် ဤအတ္တဂါဟအာသယဟူသော သက္ကာယဒိဋ္ဌိအယူကို ယူမှားလေ၏၊ မြတ်စွာဘုရား၏ လက်ထက်တော်၌လည်း ရှင်သာရိပုတ္တရာ၏တပည့်ဖြစ်သော ကေဝဋ္ဋမည်သော ပုဏ္ဏား၏သားဖြစ်သော သာတိမည်သော ရဟန်းသည်လည်း ဤဝိညာဏ်သုံးပါးကို မသိမမြင်ခြင်းကြောင့်သာလျှင် မိစ္ဆာအယူဝါဒကို ယူပြန်လေ၏။

အဘယ်ကဲ့သို့ ဝိညာဏ်သုံးပါး၌ ရှုပ်ထွေး၍ မှားသော မိစ္ဆာအယူဝါဒဖြစ်ရလေသနည်း၊ ဤဓမ္မာရုံခြောက်ပါးတရားတို့တွင် စိတ်ဝိညာဏ်သည်၎င်း, စေတသိက်သည်၎င်း, နိဗ္ဗာန်သည်၎င်း ဤသုံးပါးတို့သည် နာမ်ပရမတ်ဓမ္မာရုံမည်ကုန်၏၊ ထိုနာမ်တရားသုံးပါးတို့တွင် စိတ်ဟူသော ဓမ္မာရုံပရမတ်ဖြစ်သော နာမ်သည် ဝိညာဏဋ္ဌိတိမည်သော စိတ်ဝိညာဏ်၏ တရာ့နှစ်ဆယ့်တပါးသော အမည်အပြား များစွာရှိသလောက် အမည်ပညတ် တင်လျက်ရှိ၏၊ ထို့ကြောင့် အမည်အားဖြင့်၎င်း, အသံသဒ္ဒါအားဖြင့်၎င်း ကေတ္တနည်းအားဖြင့် တူ၏၊ ထိုအမည်တို့သည် ပို၍လည်းမနေ လို၍လည်း မနေ အမျှသာဖြစ်၏၊ ဥပမာဆိုသော် မှန်ကိုကြည့်သော ယောကျ်ားတယောက်

သည် မိမိသဏ္ဌာန်နှင့်တူသော မှန်ထဲတွင် တယောက်ထည်းသာ ထင်လာရ၏၊ အများကြည့်သည်ရှိသော် အများပင်လျှင် မှန်ထဲမှာ ထင်လာရသကဲ့သို့ ထို့အတူ စိတ်ဝိညာဏ်နှင့်ဘူတရုပ်ကို စွဲမှီရ၍ မှန်ခြောက်ချပ် အကြည်ဓာတ် မှန်ပေါ်သို့ ရောက်၍ ဖြစ်ပေါ်လာသော ဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ် ဟူသော အရိပ်အရောင်သည်လည်း မနောဒွါရ,မနိန္ဒြေ,မနာယတန အမည် ရသောဟဒယဝတ္ထုဟူသော အကြည်ဓာတ်ထဲတွင် တခုသော ဝိညာဏဋ္ဌိတိ မည်သော စိတ်ဝိညာဏ်ဖြစ်ပေါ်လာသည်ရှိသော် ထိုဖြစ်ပေါ်သော စိတ် ဝိညာဏ်နှင့် အမည်တူ အသံသဒ္ဒါတူဖြစ်ပေါ်၍လာ၏။

ထိုခြောက်ပါးသော မှန်အကြည်ဓာတ် အပေါ်၌ ထင်လာသော အာရုံငါးပါးနှင့်တကွ စိတ်ဝိညာဏ်ဟူသော ပရမတ္ထဖြစ်သော ဓမ္မာရုံသည် လည်း ဝိညာဏစရိယ, ဝိညာဏံမဇ္ဈေဖြစ်၍ အလွန်သိနိုင်ခဲသောကြောင့် ဂမ္ဘီရတ္ထမည်၏၊ ထိုဓမ္မာရုံဟူသော စိတ်ဝိညာဏ်၏ အမည်ကိုကား စက္ခု ဝိညာဏ်,သောတဝိညာဏ်,ဃာနဝိညာဏ်,ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်ဟူ၍ သမ္မာပညတ္တိပထအားဖြင့် ဟောတော်မူ၏၊ ထိုခြောက် ပါးတို့သည် အကြောင်းနှင့်တကွ ဖြစ်သောကြောင့် သပ္ပစ္စယ မည်၏၊ အကြောင်းဟူသည်ကား အဘယ်နည်း။

၁။ အဝိဇ္ဇာလည်းအကြောင်းတပါး,
၂။ တဏှာလည်း အကြောင်းတပါး,
၃။ ကမ္မလည်း အကြောင်းတပါး,
၄။ နာမရူပလည်း အကြောင်းတပါး—

ဤသို့ အကြောင်းလေးပါးကိုစွဲ၍ ဖြစ်သော ဓမ္မာရုံဟူသော စိတ်ဝိညာဏ် သည် ဝိညာဏက္ခန္ဓာဟူသော အမည်ကိုရသော ပဋိစ္စသမုပ္ပါဒတရားပေ တည်း၊ဤပဋိစ္စသမုပ္ပါဒဟူသော စိတ်ဝိညာဏ်သည် ဋ္ဌိတိကိုးပါးလည်းမည်၏၊ ဓမ္မနိယာမလည်းမည်၏၊ ထိုကြောင့် ဤပဋိစ္စသမုပ္ပါဒ သံသရာကြီးသည် ဥပါဒါနက္ခန္ဓာလောကလည်းမည်၏၊ ဤဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ်သည် နိဿတ္တ,နိဇ္ဇီဝဖြစ်၍ ဥပါဒ်,ဋ္ဌီ, ဘင်အထည်ဒြဗ်မရှိသောကြောင့် ထိုမရှိသော သမုဒယဖြစ်သော စိတ်ဝိညာဏ်ကို "သမုဒယောနတ္ထိ"ဟု ဟောတော်မူ၏။

ဤသို့ အထည်ဒြဗ်ဝတ္ထုမရှိသော ဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ်ကို မိန်းမ, ယောကျ်ားစသော သူတို့၏ စိတ်ဝိညာဏ်, ငါ၏စိတ်ဝိညာဏ်, အကောင်

အထည်ဒြပ်ရှိသောသူ၏ စိတ်ဝိညာဏ်ဟု တကယ်ရှိ အဟုတ်ရှိ ကေန်ရှိဟု ဆန္ဒရာဂနှင့်တကွမှားသော မိစ္ဆာအယူကို ယူလေ၏၊ ဤသို့ အတ္တဒိဋ္ဌိ,နိရတ္တဒိဋ္ဌိအယူကို ယူသော အန္ဓပုထုဇဉ် သတ္တဝါတို့သည် "သမုဒယောနတ္ထိ"ဟု ဟောတော်မူသော ဒေသနာတော်ကို ငြင်းပယ်၍ "သမုဒယော အတ္ထိ"ဟု မြတ်စွာဘုရားကို ငြင်းခုံ၍ မှားသော သက္ကာယဒိဋ္ဌိဝါဒအယူကို ယူကြကုန်၏၊ ထိုကြောင့် "စူဠနိဒ္ဒေသပါဠိတော်၌" အတ္တဒိဋ္ဌိ,နိရတ္တဒိဋ္ဌိနှစ်ပါးကို ဟောတော်မူ၏။

အတ္တာတိ အတ္တဒိဋ္ဌိ၊ နိရတ္တာတိ ဥစ္ဆေဒဒိဋ္ဌိ၊ အတ္တာတိ ဂဟိတံ နတ္ထိ၊ နိရတ္တာတိ မုဉ္စိတဗ္ဗံ နတ္ထိ၊ ယဿ နတ္ထိ ဂဟိတံ၊ တဿ နတ္ထိ မုဉ္စိတဗ္ဗံ၊ ယဿ နတ္ထိ မုဉ္စိတဗ္ဗံ၊တဿ နတ္ထိ ဂဟိတံ။

အတ္တာတိ၊ ဟူသည်ကား။ အတ္တဒိဋ္ဌိ၊ ကိုယ်ဟူ၍ မြဲစွဲကိုင်အပ်သော သဿတဒိဋ္ဌိတည်း၊ နိရတ္တာတိ၊ ဟူသည်ကား၊ ဥစ္ဆေဒဒိဋ္ဌိ၊တည်း။အတ္တာတိ၊ ဟူသည်ကား။ နတ္ထိ၊ မရှိသည်ကို။ဂဟိတံ၊ စွဲ၍ယူခြင်းတည်း။ နိရတ္တာတိ၊ ဟူသည်ကား။ နတ္ထိ၊ မရှိသောဝတ္ထုကို။ မုဉ္စိတဗ္ဗံ၊ အရှိထင်၍ လွှတ်ခြင်းတည်း။ ယဿ၊ အကြင်သဿတ ဒိဋ္ဌိအယူရှိသောသူအား၊ နတ္ထိ၊ မရှိသော ဝတ္ထုကို။ ဂဟိတံ၊ အရှိထင်၍ မြဲစွာကိုင်စွဲခြင်းတည်း။ တဿ၊ ထိုဥစ္ဆေဒ အယူရှိသော သူအား။ နတ္ထိ၊မရှိသောဝတ္ထုကို။ မုဉ္စိတဗ္ဗံ၊အရှိထင်၍လွှတ်ခြင်းတည်း။ယဿ၊ အကြင်ဥစ္ဆေဒ အယူရှိသောသူအား၊ နတ္ထိ၊ကို။ မုဉ္စိတဗ္ဗံ၊ တည်း၊ တဿ၊ ထိုသဿတဒိဋ္ဌိအယူရှိသောသူအား။ နတ္ထိ၊ကို။ ဂဟိတံ၊တည်း။

ဤသို့ပြဆိုခဲ့သော ဥပါဒါနက္ခန္ဓာဟူသရွေတို့သည် မရှိသော ခန္ဓာငါးပါးကိုစွဲယူ၍ ဖြစ်ပေါ်လာသော ခြောက်ဆယ့်နှစ်ပါးသောဒိဋ္ဌိနှင့်တကွငါးဆယ်သော အာသယဒိဋ္ဌိ, နှစ်ဆယ်သောသက္ကာယဒိဋ္ဌိတို့တည်း၊ ထိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ စွဲယူသော ဥပါဒါနက္ခန္ဓာဟူသော သက္ကာယဒိဋ္ဌိသည် ဝိစိကိစ္ဆာဟူသော မောဟအမြစ်မှဖြစ်ပေါ်လာသော အဝိဇ္ဇာဟူသော အမြစ်တပါးနှင့် ဒိဋ္ဌိဟူသော လောဘအမြစ်မှ ဖြစ်ပေါ်လာသော တဏှာအမြစ်တပါး၊ ဤအဝိဇ္ဇာ,တဏှာဟူသော အမြစ်ကြီးနှစ်ပါးနှင့် အမြဲစွဲကိုင်၍ မလွှတ်နိုင် မစွန့်နိုင် မပယ်မခွာနိုင်သော ဥပါဒါနက္ခန္ဓာတည်းဟူသော သက္ကာယဒိဋ္ဌိကြီးတည်း၊ ထိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည် သမ္မာဒိဋ္ဌိဉာဏ်,ဝိဇ္ဇာဉာဏ်မှ ကင်းဝေးသည်၏ အဖြစ်ကြောင့် အဉာဏစရိယ ပုဂ္ဂိုလ်မည်၏။

ထိုသို့ပြဆိုခဲ့သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့တွင် စိတ်ဝိညာဏ် ဟူသော ဝိညာဏုပါဒါနက္ခန္ဓာ၌လည်း ဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့်တကွ အဝိဇ္ဇာ,တဏှာ အမြစ်ရှိသော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့၏ စွဲယူမှားသော စိတ်ဝိညာဏ်၌ ဖြစ်သော သက္ကာယဒိဋ္ဌိသည် မဂ်, ဖိုလ်, နိဗ္ဗာန်သို့ သွားသော ပါရမီဆယ်ပါး ဟူသော သမ္မာပထ မဂ္ဂင်လမ်းကိုဖီလာ ကန့်လန့် ပိတ်ပင်တတ်သော ဒိဋ္ဌိကြီးပါပေတည်း၊ ဤကား ပဋိစ္စသမုပ္ပါဒဟူသော သံသရာ၌ ဖြစ်သော ဝိညာဏုပါဒါနက္ခန္ဓာဟူသော သက္ကာယဒိဋ္ဌိကြီးပေတည်း၊ ဤသို့နိယျာနိကမည်သော သံသရာကြီး၌ သပ္ပုရိသပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ခေါ်ဝေါ်သုံးစွဲ၍ အမြဲနေသော စိတ်ဝိညာဏ် ဟူသည်ကား ဥဒ္ဓစ္စ, မောဟ, အဝိဇ္ဇာ ဟူသော အမြစ်တပါးနှင့် မာန, လောဘ, တဏှာ ဟူသော အမြစ်တပါး၊ ထိုအဝိဇ္ဇာ,တဏှာဟူသော အမြစ်ငယ်နှစ်ပါး ကြွင်းကျန်သေးသောကြောင့် သဉပါဒိသေသဟု ဟောတော်မူ၏။

ထိုဥဒ္ဓစ္စနှင့် မာနဟူသော အဝိဇ္ဇာ,တဏှာ အမြစ်နှစ်ပါးသည် "စတူဟာပါယေဟိ ဝိပ္ပမုတ္တောဟု"သုတ္တနိပါတ်၌ ဟောတော်မူသောကြောင့် သပ္ပုရိသသေက္ခပုဂ္ဂိုလ်တို့၏သဉပါဒိသေသနိဗ္ဗာန်ကိုသိမြင်နိုင်သော သမ္မာဒိဋ္ဌိဉာဏ်ကို မဖုံးလွှမ်းနိုင်ခြင်းကြောင့်၎င်း၊ အပါယ်လေးဘုံသို့ မလားမရောက်နိုင်တော့ပြီ၊ အဘယ့်ကြောင့်အပါယ်လေးဘုံသို့ မလား မရောက်နိုင်သနည်း၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာဟူသော သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ ဟူသော အမြစ်နှစ်ပါးမရှိသောကြောင့်၎င်း၊ဥဒ္ဓစ္စနှင့် မာနဟူသော အဝိဇ္ဇာ,တဏှာအမြစ်နှစ်ပါးသည် အလွန်သိမ်မွေ့ နူးညံ့၍ အားသေး အားနည်းသည်၏ အဖြစ်ကြောင့်၎င်း၊ အပါယ်လေးဘုံသို့ ပဋိသန္ဓေ အကျိုးကို ပေးခြင်းငှာမစွမ်းနိုင်၊ ထိုဥဒ္ဓစ္စနှင့် မာနဟူသောအဝိဇ္ဇာ,တဏှာအမြစ်နှစ်ပါးသည်ပင်လျှင် သုဂတိဘုံဟုဆိုအပ်သော လူ့ဘုံ,နတ်ဘုံတို့ကိုမူကား မရေတွက်နိုင်အောင် ပဋိသန္ဓေအကျိုးကို ပေးခြင်းငှါ စွမ်းနိုင်ကုန်၏။

ဤဝိညာဏုပါဒါနက္ခန္ဓာဟူသော ဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ်သည်ကား သပ္ပုရိသပုဂ္ဂိုလ်နှင့်တကွ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့သည် အမြဲခေါ်ဝေါ်သုံးစွဲ၍ ပြောဆို၍ နေသော သုဒ္ဓဓမ္မ ပဋိစ္စသမုပ္ပါဒဟူသော နိယျာနိက သံသရာ၌ဖြစ်ပေါ်လာသော ပရမတ်နှင့် ပညတ်စပ်၍ ပြောဆိုသော စိတ်ဝိညာဏ်ပေတည်း၊ ဝိညာဏ ဋ္ဌိတိ ဝိညာဏစရိယ ဝိညာဏံမဇ္ဈေဟူသော ပရိနိဗ္ဗုတမည်သော ဘုရားရဟန္တာအရှင်မြတ်တို့၏ ခေါ်ဝေါ်သုံးစွဲ၍ ပြောဟော၍ နေသော ပရမတ္ထ ခန္ဓာငါးပါးဟူသော ဓမ္မာရုံဖြစ်သော

စိတ်ဝိညာဏ်တော်သည်ကား ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာငါးပါး တည်းဟူသော လောကမှလွန်မြောက် ကူးမြောက်သော နာမ်မည်သော နိဗ္ဗာန်ပရမတ္ထဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ်ဟူသော ခန္ဓာတော်ကိုသာလျှင် ခေါ်ဝေါ်သုံးစွဲ၍ပြောဟော၍ နေတော်မူကြကုန်၏။

ထိုဘုရားရဟန္တာ အသေက္ခဖြစ်သော ပုဂ္ဂိုလ်အရှင်မြတ်တို့၏ခေါ်ဝေါ် သုံးစွဲ၍ အမြဲပြောဟော၍ နေသော ပရမတ္ထ ဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ် ဟူသော ခန္ဓာငါးပါးကို သပ္ပုရိသနှင့် သေက္ခပုဂ္ဂိုလ်တို့သည် တကြိမ်တခါမျှ ခေါ်ဝေါ်သုံးစွဲ၍ ပြောဟောခြင်းငှါ မစွမ်းနိုင်၊ အဘယ့်ကြောင့် မစွမ်းနိုင်သ နည်း ဆိုသော် ထိုမြတ်စွာဘုရားနှင့် အသေက္ခမည်သော ရဟန္တာအရှင်မြတ် တို့၏ နိဗ္ဗာန်ဟူသော ပရမတ္ထဖြစ်သော နာမ်ဓမ္မာရုံသည် ပဋိစ္စသမုပ္ပါဒ ဟူ သော ဥပါဒါနက္ခန္ဓာ ငါးပါးဟု ဆိုအပ်သော သံသရာကိုအကြွင်းမရှိအောင် ချုပ်ငြိမ်းပြီးဖြစ်သောကြောင့် အနုပါဒိသေသ မည်သော ကောဋိနိဗ္ဗာန်သို့ ရောက်ပြီးသော ဘုရားရဟန္တာသေက္ခအရှင်မြတ်တို့၏ သုံးစွဲသော စကား တော်ဖြစ်သောကြောင့် သပ္ပုရိသနှင့် သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့သည် ခေါ်ဝေါ်သုံးစွဲခြင်းငှါ မစွမ်းနိုင်၊ ထို့အတူသပ္ပုရိသနှင့် သေက္ခပုဂ္ဂိုလ် ခုနစ် ယောက်တို့၏ ခေါ်ဝေါ်သုံးစွဲ၍ ပြောဆို၍နေသော ပရမတ္ထ ဓမ္မာရုံဖြစ် သော ခန္ဓာငါးပါးဟူသော စိတ်ဝိညာဏ်ကို အန္ဓပုထုဇဉ်ဖြစ်သော သတ္တဝါ တို့သည် ခေါ်ဝေါ်သုံးစွဲ၍ ပြောဆို၍နေခြင်းငှါ တကြိမ်တခါမျှ မစွမ်းနိုင်၊ ဤအန္ဓပုထုဇဉ် ဖြစ်သော သတ္တဝါတို့သည် ဤဘဝ ဘုရားသာသနာတော်၏ အတွင်း၌ သပ္ပုရိသဘုံသို့ နင်းမိ၍ သပ္ပုရိသဘုံသို့ ရောက်သော သူမှသာ လျှင် ထိုသပ္ပုရိသ သေက္ခပုဂ္ဂိုလ်တို့၏ စကားကိုနာလည်း နာနိုင်၏၊ပြော ဟောခြင်းငှါလည်း စွမ်းနိုင်၏။

ဤကား ဝိညာဏ် သုံးပါး၌ မိစ္ဆာဒိဋ္ဌိဖြစ်ပုံကိုပြဆိုသောအခဏ်းတည်း။

---

## ၅၄။ ဘုရားရဟန္တာတို့၏ဝိညာဏ်နိဗ္ဗာန်အမြဲရှိပုံ

သဥပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသ နိဗ္ဗာန်နှစ်ပါးကို ခွဲ၍ပြလိုက် ဦးအံ့၊ သပ္ပုရိသနှင့်သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ နိဗ္ဗာန်သည်ကား နာမ် ပရမတ္ထဓမ္မာရုံဖြစ်သော သဥပါဒိသေသ နိဗ္ဗာန်တရားပေတည်း၊ ပဋိစ္စ သမုပ္ပန္နဟူသော ဇာတ,ဘူတ,ကတ,သင်္ခတ ဟူသော နိဿရဏသံသရာ၌ ဖြစ်ပေါ်လာသော နိရောဓသစ္စာဟူသောနာမ်ပရမတ္ထဓမ္မာရုံဖြစ်သောနိဗ္ဗာန်

တရားပေတည်း၊ ထိုနိဗ္ဗာန်ကို နိဿရဏသံသရာ၌ပဝ္ဗဟူ၍၎င်း, ပဝ္ဗေဓမ္မဋ္ဌိတိ ဉာဏံဟူ၍၎င်း, ဒိဋ္ဌဓမ္မိကနိဗ္ဗာန်ဟူ၍၎င်း ဟောတော်မူ၏။

ဘုရားရဟန္တာ အသေက္ခမည်သော ပုဂ္ဂိုလ်အရှင်မြတ်တို့၏ ပရမတ္ထ ဓမ္မာရုံနာမ် မည်သော နိဗ္ဗာန်ဟူသည်ကား နိစ္စ သုခပရမတ္ထ အားဖြင့် ထင်ရှားရှိသော အဇာတနိဗ္ဗာန်,အဘူတနိဗ္ဗာန်, အကတနိဗ္ဗာန်, အသင်္ခတ နိဗ္ဗာန် ဤသို့ပြဆိုအပ်သော လေးပါးသော နိဗ္ဗာန်ကို ပစ္ဆာနိဗ္ဗာန် ကောဋိ နိဗ္ဗာန်, အန္တနိဗ္ဗာန်, သမ္ပရာယိကနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ဟု ဟော တော်မူ၏၊ သဿတဒိဋ္ဌိဟူသော ဘဝ,ဥစ္ဆေဒဒိဋ္ဌိဟူသော ဝိဘဝ ဤသို့ ဘဝနှစ်ပါး၏ဆုံးရာ ကုန်ရာဖြစ်သော နောက်ဆုံးဖြစ်သောနိဗ္ဗာန်ဟု ဆိုလို၏။ ထိုကြောင့်—

၁။ ဘုရားရဟန္တာတို့၏အာရုံပြုသော ပရမတ္ထဓမ္မာရုံဖြစ်သော ခန္ဓာ ငါးပါးဟူသော စိတ်ဝိညာဏ်လည်းတပါးရှိ၏။

၂။ သပ္ပုရိသနှင့် သေက္ခပုဂ္ဂိုလ်တို့၏ အာရုံပြုသော ပရမတ္ထဓမ္မာရုံ ဖြစ်သော သုဒ္ဓဓမ္မ သမုပ္ပါဒဟူသော နိဿရဏသံသရာ၌ ဥပါဒါ နက္ခန္ဓာငါးပါးဟူသော စိတ်ဝိညာဏ်လည်းတပါးရှိ၏။

၃။ အန္ဓပုထုဇဉ်ဖြစ်သော သတ္တဝါတို့၏အာရုံပြုသော ဓမ္မာရုံပညတ် ဖြစ်သော ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာဟူသော ဝိညာဏု ပါဒါနက္ခန္ဓာမည်သော စိတ်ဝိညာဏ်လည်း တပါးရှိ၏။

ဤသို့ဓမ္မာရုံခြောက်ပါးတို့တွင် ဘုရားရဟန္တာတို့၏အာရုံပြုသော ခန္ဓာ ငါးပါး,သပ္ပုရိသသေက္ခပုဂ္ဂိုလ်တို့၏အာရုံပြုသော ခန္ဓာငါးပါး,အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့၏အာရုံပြုသော ခန္ဓာငါးပါး၊ဤသို့ဓမ္မာရုံ၌ ခန္ဓာငါးပါးဟူသော စိတ်ဝိညာဏ်သည် သုံးပါးအပြားရှိ၏၊ ဤဓမ္မာရုံဟူသမျှသည် နိဿတ္တ,နိဇ္ဇီဝ သဘောဖြစ်၍ ဥပါဒ်,ဌီ,ဘင်ကင်းသော ပရမတ္ထမျိုးပေတည်း၊ ထိုဥပါဒ်,ဌီ, ဘင်ကင်းသော ပရမတ္ထဖြစ်သော ဓမ္မာရုံ၌သာလျှင် နိရုတ္တိပထ, အဓိဝစန ပထ,ပညတ္တိပထ ဟူသော ပထသုံးပါးဖြင့် ခေါ်ဝေါ်သုံးစွဲ၍ပြောဆိုခြင်းငှါ စွမ်းနိုင်၏။

ဤသို့မြတ်စွာဘုရားရှေ့ဉာဏ်တော်၏အရာဖြစ်သောဝိညာဏဋ္ဌိတိခုနစ်ပါး, သတ္တာဝါသ ဘုံကိုးဝ ဟူသော ဝိညာဏစရိယ ဝိညာဏံမဇ္ဈေ ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ ပကတိ ပရိသုဒ္ဓမိဒံ စိတ္တံ ဉာဏစရိယ အဉာဏစရိယ ဟူသော စိတ်ဝိညာဏ်တို့သည်ကား ဥပါဒ်,ဌီ, ဘင်နှင့်တကွ

ပရမတ္ထအားဖြင့် ထင်ရှားရှိသော နိရောဓတရားကြီး ပါပေတည်း၊ထိုကြောင့် "နိရောဓောအတ္ထိ"ဟုဟောတော်မူ၏၊သတ္တဝါအပေါင်းနှင့်တကွ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ ဥပါဒ်,ဌီ,ဘင်ရှိသော စိတ်ဝိညာဏ်သည် ဘူဘရူပ် လေးပါးနှင့် ပဉ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံတွင် အမြဲတည်နေသော အဇ္ဈတ္တဇ္ဈတ္တ မည်သောစိတ်ဝိညာဏ်တို့သာတည်း၊ ထိုဝိညာဏဋ္ဌိတိ၌ တည်ရှိသော စိတ် ဝိညာဏ်၌ အယုတ်တရားနှစ်ပါးတို့၏ အာရုံမဟုတ်သောကြောင့် ထိုဒိဋ္ဌိ ဟူသော အယုတ်တရားမှ ကင်းစင်သော နိဗ္ဗတ္တိလက္ခဏာနှင့်တကွ ဥဒယဗ္ဗယ ဉာဏ်၏ အာရုံဖြစ်သော ခန္ဓာငါးပါးရှိသော စိတ်ဝိညာဏ် တို့သာလျှင် တည်း၊ ဤဝိညာဏဋ္ဌိတိ ခုနစ်ပါးနှင့်တကွဖြစ်သော စိတ်ဝိညာဏ်သည် ပိုင်းခြား၍သိအပ်သော ပရိစ္ဆေယျ နိရောဓသစ္စာတရားတည်း၊ ပဋိစ္စသမုပ္ပါဒ ဟူသော သံသရာနယ်မြေမှ အလွတ်ဖြစ်၍ ထိုသံသရာမှ လွန်မြောက်သော ဘုရားရဟန္တာတို့၏ ရွှေဉာဏ်တော်ဖြင့် သိမြင်အပ်သော ပရမတ္ထဖြစ်သော စိတ်ဝိညာဏ်တို့ပေတည်း၊မြတ်သောပရမတ္ထဓမ္မာရုံဖြစ်သော နိဗ္ဗာန်ဟူသော နာမ်တရားနှင့် သိမ်မွေ့နက်နဲသည်ဖြစ်၍ ဂမ္ဘီရတ္ထစသော ဂုဏ်အားဖြင့် အလုံးစုံတူ၏၊ ထိုသို့သဒိသူပစာရအားဖြင့် နက်နဲသော ဂုဏ်ချင်းတူမျှသော နာမ်ဟူသော နိဗ္ဗာန်ကို ပရိနိဗ္ဗုတမည်သော ဘုရားရဟန္တာတို့၏ စိတ် ဝိညာဏ်တော်ကိုလည်း နိရောဓသစ္စာနိဗ္ဗာန်ဟု ဟောတော်မူ၏၊ထိုကြောင့် နိဗ္ဗာန်ကို ဟောသော ဝိညာဏ်တော်သည် "ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ" ဟူသော ဂုဏ်နှင့်ပြည့်စုံတော်မူ၏။

ဤသို့ ဝိညာဏဋ္ဌိတိ ခုနစ်ပါးကိုဟောရာ၌ နေဝသညာနာသညာယတန ဘုံကို သိမ်မွေ့နက်နဲသော ဂမ္ဘီရတ္ထဖြစ်သော ဝိညာဏ်ရှိသည်၏ အဖြစ် ကြောင့် ဝိညာဏဋ္ဌိတိ ခုနစ်ပါးသို့ထည့်သွင်း၍ ဟောတော်မမူ၊ ထိုနေဝ သညာ နာသညာယတနဘုံထက် ပရမတ္ထဓမ္မာရုံ နာမ်မည်သော နိဗ္ဗာန်ကြီး သည်၎င်း၊နေဝသညာနာသညာယတနဘုံ၌ တည်သော ဗြဟ္မာတို့ထက် ဘုရား ရဟန္တာတို့၏ စိတ်ဝိညာဏ်တော်သည်၎င်း၊ အဆအရာ အဆအထောင်မက အသင်္ချေယျ အပ္ပမေယျ အနန္တဖြစ်၍ အတိုင်းအထွာ ပမာဏမရှိအောင် သိမ်မွေ့နက်နဲနူးညံ့သဖြင့် အတိဂမ္ဘီရတ္ထ- ပရမတ္ထဖြစ်သော ဓမ္မာရုံဟူသော နိဗ္ဗာန်နာမ်တရားတော်မြတ်၌ အမြဲတည်တော်မူသော ဘုရားရဟန္တာ ဖြစ် သောပုဂ္ဂိုလ်အရှင်မြတ်တို့၏ စိတ်ဝိညာဏ် တော်ကိုမူကား အဘယ်မှာလျှင် ဝိညာဏဋ္ဌိတိ ခုနစ်ပါးသို့ ထည့်သွင်း၍ ဟောခြင်းငှါ ထိုက်ပါအံ့နည်း၊ ထိုဝိညာဏဋ္ဌိတိသို့ထည့်သွင်း၍ ဟောတော်မမူ။

ဤသို့နေဝသညာ နာသညာ ယတနဘုံ၌တည်သော ဖြဗ္ဗာတို့သည် သိမ်မွေ့နက်နဲ ဂမ္ဘီရတ္တဖြစ်သောကြောင့် ဝိညာဏဋ္ဌိတိသို့ မထည့်မသွင်းခဲ့သော် ထိုနေဝသညာ နာသညာယတနဘုံ၌ စိတ်ဝိညာဏ်မရှိဟု ယူရမည်လော၊ မယူရ၊ အဘယ့်ကြောင့်မရှိဟူ၍ မယူရပါသနည်းဆိုသော် ထင်ရှားရှိသော ပရမတ္ထဖြစ်သော စိတ်ဝိညာဏ်၏ မပျောက်ကောင်း မပျက်ကောင်းသော စိတ္တနိယာမဖြစ်သောကြောင့်တည်း၊ ဤသို့ပရမတ္ထဖြစ်သော စိတ်ဝိညာဏ်သည် စိတ္တနိယာမဖြစ်၍ မပျောက်ကောင်း မပျက်ကောင်းသည်ရှိသော် သိမ်မွေ့နက်နဲဂမ္ဘီရတ္တဖြစ်သော နိဗ္ဗာန်တည်းဟူသော ပရမတ္ထဖြစ်သော နာမ်ဓမ္မာရုံ၌ အမြဲအာရုံပြု၍ နေတော်မူသော ဘုရား, ရဟန္တာ အရှင်မြတ်တို့၏ နိဗ္ဗာန်ဟူသောစိတ်ဝိညာဏ်တော်ကို အဘယ်မှာလျှင် ပျောက်သည် ပျက်သည်ဟု ပြောဆိုခြင်းငှာ ထိုက်ပါတော့အံ့နည်း။

ဤသို့ဘုရားရဟန္တာတို့၏ စိတ်ဝိညာဏ်တော်သည် ကင်းပျောက်၍ချုပ်၍သွားပြီ၊ မရှိပြီဟုမဆိုသင့် မဆိုကောင်း၊ အဘယ့်ကြောင့် မဆိုသင့် မဆိုကောင်းသနည်း၊ဘုရားရဟန္တာတို့၏ ဝိညာဏ်တော်သည် ပရိနိဗ္ဗာန်စံလွန်တော်မူသည်ရှိသော် ဝိညာဏ်တော်သည် ကင်းပျောက်၍ ချုပ်၍သွားပြီ၊ မရှိပြီဟု ယမကရဟန်းကဲ့သို့ နတ္ထိကဝါဒ အယူကိုယူသည်ရှိသော် ပရမတ္ထဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ဥစ္ဆေဒဒိဋ္ဌိဖြစ်ရာ၏၊ အကယ်၍ ဘုရားရဟန္တာတို့၏ စိတ်ဝိညာဏ်တော်သည် ဝိညာဏဋ္ဌိတိ ခုနစ်ပါးထည်းသို့ သွင်း၍ စိတ်ဝိညာဏ်တော်ရှိသည်ဟု အယူဝါဒကိုယူပြန်သည်ရှိသော် ပရမတ္ထဒိဋ္ဌဓမ္မနိဗ္ဗာဝါဒသဿတဒိဋ္ဌိဖြစ်ရာ၏၊ စင်စစ်မှာမူကား ဝိပဿနာဉာဏ်ကို သိမြင်မှဒိဋ္ဌိ,ဝိစိကိစ္ဆာကွာ၍ သမ္မာဒိဋ္ဌိဉာဏ်ကိုရမှ သိနိုင်မြင်နိုင်သော နိဗ္ဗာန်နှင့် ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ပျော်မွေ့ရာဖြစ်သော လောကုတ္တရာတရား၉-ပါး, ပရိယတ္တိနှင့်တကွ ဆယ်ပါး ပါပေတည်း။

ဤသို့ဥပသမာနုဿတိဟူသော ကမ္မဋ္ဌာန်းကိုပွားများ၍ ထိုနိဗ္ဗာန်၌တည်တော်မူသော သုဂတောဂုဏ်တော်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တွေ့အောင်ရှာအပ်၏၊ဒိဋ္ဌိ,ဝိစိကိစ္ဆာဟူသော အဝိဇ္ဇာ,တဏှာ အမြစ်နှစ်ပါးရှိသော ဥပါဒါနက္ခန္ဓာ ငါးပါးနှင့်တကွ ပဋိစ္စသမုပ္ပါဒဟူသော သံသရာနယ်တွင်းက အန္ဓပုထုဇဉ်အဖြစ်နှင့် နိဗ္ဗာန်၌တည်နေတော်မူသော ဘုရားကိုရှာသည်ရှိသော် ဤအစိန္တေယျ, အပ္ပမေယျဂုဏ်နှင့်ပြည့်စုံသော မြတ်စွာဘုရားကိုယ်တော်မြတ်ကို မတွေ့မမြင် မသိနိုင်လတ္တံ့၊ အစိန္တေယျမြတ်စွာဘုရား

တည်းဟူသော သတ္ထာဂုဏ်နှင့်ပြည့်စုံသော ဆရာကိုရှာလိုသည်ရှိသော် သုဒ္ဓမ္မ ပဋိစ္စသမုပ္ပါဒဟူသော နိဿရဏသံသရာနယ်မြေကနေ၍ ဝိညာဏပါဒါနက္ခန္ဓာတည်းဟူသောဓမ္မာရုံမိစ္ဆာပညတ်ဖြစ်သောစိတ်ဝိညာဏ်ချုပ်ငြိမ်းစေ၍သမ္မာဒိဋ္ဌိညာဏ်ကို ရအောင်ရှေးဦးစွာ ရှာအပ်၏၊ ဤသမ္မာဒိဋ္ဌိဉာဏ်ကိုရပြီးသည်ရှိသော် ဘုရားတည်းဟူသော သတ္ထာမည်သောဆရာကိုရှာအပ်၏၊ ဤမြတ်စွာဘုရား၏ သာသနာတော်တွင်း၌ ကောင်းစွာဝိပဿနာ ဘာဝနာကို ပွားသည်ရှိသော် နိဗ္ဗာန်၌ အမြဲထင်ရှား တည်နေတော်မူသော ဘုရားရှိသည်ကို တွေ့ရ မြင်ရ သိရလတ္တံ့ဟု၊ "နိဒါနဝဂ္ဂသံယုတ်ပါဠိတော်" ၌ဟောတော်မူ၏။

> ဝိညာဏနိရောဓံ ဘိက္ခဝေ အဇာနတာ အပဿတာ ယထာဘူ-
> တံ ဝိညာဏနိရောဓေ ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိ-
> တဗ္ဗော။

ဘိက္ခဝေ၊ တို့၊ ဝိညာဏနိရောဓံ၊ ဝိညာဏ်၏ ချုပ်ငြိမ်းရာဖြစ်သောနိရောဓသစ္စာမည်သော နိဗ္ဗာန်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ အဇာနတာ၊ မသိခြင်းကြောင့်။ အပဿတာ၊ မမြင်ခြင်းကြောင့်။ ယထာဘူတံ၊တိုင်း။ ဝိညာဏနိရောဓေ၊ ၌။ ဉာဏာယ၊ ဝိပဿနာ ဟူသော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သိစေခြင်းငှါ၊ သတ္ထာ၊ ဘုရားတည်းဟူသော ဆရာမြတ်ကို။ ပရိယေသိတဗ္ဗော၊ ရှေးဦးစွာရှာမှီးအပ်၏။

ဤကား ဘုရားရဟန္တာတို့၏ ဝိညာဏ်နိဗ္ဗာန်မပျက်မစီး အမြဲ
တည်ရှိပုံ ကိုပြဆိုသောအခန်းတည်း။

---

## ၅၅။ ဝိညာဏ်ကိုမယူတတ်၍ မိစ္ဆာဒိဋ္ဌိဖြစ်ပုံ

ဤသို့အစိန္တေယျ, 'အပ္ပမေယျဂုဏ်နှင့်ပြည့်စုံသော ဝိညာဏစရိယမည်သောပရိနိဗ္ဗုတပုဂ္ဂိုလ်,ဘုရား, တရား,သံဃာဟူသော ရတနာမြတ်သုံးပါးကို ယထာဘူတ ဟုတ်မှန်စွာမတွေ့မမြင် မသိသေးသောသာတိမည်သောရဟန်းသည် ဝိညာဏဋ္ဌိတိ ဝိညာဏစရိယ ဝိညာဏံမဇ္ဈေဟူသော စိတ်ဝိညာဏ်ကိုပင်ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နဖြစ်၍ သံသရာ၌ အမြဲကျင်လည်၍နေသည်ဟု မိစ္ဆာအယူကိုယူ၍နေလေ၏၊ ထိုသာတိရဟန်းသည်အဘယ်သို့မိစ္ဆာအယူကိုယူသနည်း၊ ဥပါဒ်,ဌီ,ဘင်ရှိသော ဝိညာဏစရိယ ဝိညာဏံမဇ္ဈေဟူသော စိတ်ဝိညာဏ်ကိုသင်္ခါရပစ္စယာဝိညာဏံဟူသောပဋိစ္စသမုပ္ပါဒ

မည်သော ခမ္မာရုံသံသရာနယ်အတွင်းသို့ ထည့်သွင်း၍ သံသရာဆိုသည် ကား ထိုဥပါဒ်,ဌီ,ဘင်ရှိသော ဝိညာဏစရိယဟူသော စိတ်ဝိညာဏ်သာ တည်း၊ ဝိညာဏ်ဟူသည် နှစ်ပါးအပြားမရှိ၊ တပါးတည်းသာရှိ၏၊ ဤသို့မှား သောမိစ္ဆာအယူကိုယူ၍ ဝိညာဏ်ဟူသည် ဘယ်ဝိညာဏ်မဆို ပဋိစ္စသမုပ္ပါဒ ဟူသော သံသရာ၌ ပြေးဝင်ကျင်လည်၍သာ အမြဲနေရလေ၏ဟု မိစ္ဆာအယူ ကို ယူ၍သာလျှင် နေလေ၏၊ဒိဋ္ဌိအယူကိုယူပုံကား—

တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ၊ ယထာ တဒေဝိဒံ ဝိညာဏံ သန္ဓာဝတိ သံသရတိ အနညန္တိ။

[အနက်ပေးပြီးပြီ။]

ဤသို့သာတိမည်သော ရဟန်းသည် မိမိ၏မှားသော မိစ္ဆာအယူဝါဒကို မစွန့်မခွါ မပယ် မပစ်ဘဲနှင့် ဒုဗ္ဗစသဘောအားဖြင့် မြတ်စွာဘုရားကိုပင် ငြင်းပယ်၍နေလေ၏၊ဤသို့ငြင်းပယ်၍နေသောအခါ၌ ရှင်သာရိပုတ္တရာမထေရ် ကြီးသည် မိမိ၏တပည့်ဖြစ်သော သာတိရဟန်းကို ဤသို့ဆုံးမတော်မူ၏၊ “ငါ့ရှင်သာတိရဟန်း....အစိန္တေယျ သုံးလူ့ထွဋ်ထားမြတ်စွာဘုရားကို မှား သောမိစ္ဆာအယူဖြင့် မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားကို ဤသို့စွပ်စွဲခြင်းသည် မကောင်းသည်ထက် သာ၍ပင် မကောင်းသည်သာတည်း၊ ထို့ကြောင့် ဤမိစ္ဆာအယူကိုလည်း စွန့်ပါခွါပါ ပစ်ပယ်လိုက်ပါ၊ ဘုရားကိုလည်း မစွပ်စွဲ ပါလင့်”ဟုအလွန်သနားခြင်းကရုဏာတော်ဖြင့် ရှင်သာရိပုတ္တရာမထေရ်သည် သာတိရဟန်းကို ဆုံးမတော်မူ၏။

မာ ဧဝံ အာဝုသော သာတိ အဝစ၊ မာ ဘဂဝန္တံ အဗ္ဘာစိက္ခိ၊ န ဟိ သာဓု ဘဂဝတော အဗ္ဘာစိက္ခနံ၊ န ဟိ ဘဂဝါ ဧဝံ ဝဒေယျ၊ အနေကပရိယာယေ နာဝုသော သာတိ။

[မူလပဏ္ဏာသပါဠိတော်၊အနက်ပေးပြီး။]

ဤသို့ဆရာဖြစ်သော ရှင်သာရိပုတ္တရာမထေရ် ကိုယ်တော်တိုင်ပင်ဆုံးမပါ သော်လည်း သာတိရဟန်းသည် မိမိစွဲယူသော မှားသောမိစ္ဆာအယူကို ပယ် ခွါစွန့်ပစ်ခြင်းငှါ မစွမ်းနိုင်၍မစွန့်မခွါဘဲနှင့်သာ အမြဲနေလေ၏။

[ဤယခုလောက၌ ∼ည်းတစုံတ ယောက်သောသူသည် မိမိသည် အယူတခုခုကို စွဲယူမိသည်ရှိသော် ထိုမိမိစွဲယူမိသော ဒ ယူကိုဟုတ်သည်ဖြစ်စေ,မဟုတ်သည်ဖြစ် စေ၊ ပယ်ခွါစွန့်ပစ်ခြင်းငှါမစွမ်းနိုင်၊ ဘုရားရဟန္တာဟူသော ပုဂ္ဂိုလ်မြတ်တို့နှင့်ပင် တွေ့ကြုံရ၍ ထိုဘုရားရဟန္တာတို့၏ တ ရားကောင်းတရားမြတ်ကို ကြားနာရငြား

သော်လည်း မိမိစွဲယူသောအယူကို စွန့်လွှတ်ခြင်းငှါ အလွန်ခဲယဉ်း၏၊ ဒီ‌လွှန်ဝန်လေး၏၊အဘယ်မျှ‌လောက်ခဲယဉ်းသနည်းဆိုသော် အလွန်ဆင်းရဲလှစွာသော အပါယ်ငရဲဆင်းရဲကြီးကိုပင် အနှိပ်စက် အညှဉ်းပန်းအကျခံ၍ မှားသောအယူကို မစွန့်မခွါဘဲနှင့်သာ အမြဲနေ‌လေ၏၊ မြတ်စွာဘုရားသခင်၏ အလိုတော်ဖြစ်သော တရားတော်၌ဒိဋ္ဌိဟူသည် ဘယ်ဒိဋ္ဌိမဆို အ‌ပါယ်လေးဘုံသို့ ကျရောက်စေတတ်သော ဒိဋ္ဌိချည်းသာတည်း၊အပါယ်ငရဲသို့မကျမ‌ရောက်စေနိုင်သော ဒိဋ္ဌိဟူသည်မရှိဟု ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်တွင် ဟောတော်မူ၏။]

ထိုအခါရှင်သာရိပုတ္တရာမထေရ်သည် သာတိရဟန်းကို ဤသို့မိန့်တော်မူ၏၊ ငါ့ရှင်သာတိ စိတ်ဝိညာဏ်ဟူသည် နှစ်ပါးအပြားရှိ၏၊အဘယ်သို့နှစ်ပါးပြားသနည်း။

၁။ ဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒ်,ပဋိစ္စသမုပ္ပန္နဟူသော ဥပါဒါနက္ခန္ဓာဖြစ်သော စိတ်ဝိညာဏ်လည်းတပါးရှိ၏။

၂။ ဝိညာဏဋ္ဌိတိဟူသော ဥပါဒ်,ဌီ,ဘင်ရှိသော ပရမတ္ထဖြစ်သော စိတ်ဝိညာဏ်လည်း တပါးရှိ၏။

ထိုနှစ်ပါးသောစိတ်ဝိညာဏ်တို့တွင် ဓမ္မာရုံဖြစ်သော အဝိဇ္ဇာ,တဏှာ,ကံ,နာမ်ရုပ်ဟူသော အကြောင်းလေးပါးကြောင့်ဖြစ်သော ဥပါဒါနက္ခန္ဓာဖြစ်သော စိတ်ဝိညာဏ်ကိုသာလျှင် သံသရာဟူ၍ဟောတော်မူ၏၊ထိုစိတ်ဝိညာဏ်ဟူသော ပဋိစ္စသမုပ္ပါဒ်သံသရာသည် ဥစ္ဆေဒဒိဋ္ဌိဖြင့် ရှေ့သို့ ပြေးသွားတတ်သောကြောင့် သန္တာဝတိဟူ၍ဟောတော်မူ၏၊ နောက်သို့ဆုတ်၍ တွန့်ကာ တွန့်ကာ နေတတ်သောကြောင့် သံသရတိဟူ၍ဟောတော်မူ၏၊ ထိုသံသရာ၌ ကျင်လည်သော ဓမ္မာရုံဖြစ်သော စိတ်ဝိညာဏ်သည် နိဿတ္တ, နိဇ္ဇီဝဖြစ်၍ အသက်ဝိညာဏ်နှင့်တကွ သတ္တဝါမရှိသောကြောင့် "သမုဒယောနတ္ထိ"ဟု ဟောတော်မူ၏၊ ဤဥပါဒါနက္ခန္ဓာဟူသော စိတ်ဝိညာဏ်သည် မိစ္ဆာသက်ပွ မိစ္ဆာဝိတက်တို့ဖြင့် အဝိဇ္ဇာ, တဏှာနှင့်တကွ မှားသောအားဖြင့် ကြံဆ၍ ဖြစ်ပေါ်လာသော မရှိသော စိတ်ဝိညာဏ်မျိုးပေတည်း၊ထို့ကြောင့်သပ္ပုရိသ မည်သောသူတော်ကောင်းတို့သည် မိစ္ဆာဖြစ်သော မှားသောစိတ်ဝိညာဏ်၏ ချုပ်ငြိမ်းစေခြင်းငှါဘုရားတည်းဟူသောဆရာကောင်း ဆရာမြတ်ကိုသာလျှင် အမြဲမပြတ်ရှာမှီး၍နေတော်မူကြကုန်၏၊ပုထုဇဉ်တို့သည်မိမိတို့၌အမြဲဖြစ်ပေါ်၍နေသော မှားသောမိစ္ဆာဖြစ်သော စိတ်ဝိညာဏ်ကို မိစ္ဆာဖြစ်သော စိတ်ဝိညာဏ်ဟု မသိနိုင်ကုန်၊ ထိုမိစ္ဆာဖြစ်သောစိတ်ဝိညာဏ်ကို သိခြင်းငှါ စွမ်းနိုင်သော ချိုးဖွဲ့ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော သမ္မာဒိဋ္ဌိညာဏ်ကို မရခြင်း

ကြောင့် မိစ္ဆာအယူကိုယူ၍မှားသော မိစ္ဆာဖြစ်ကြကုန်၏၊ ထို့ကြောင့် ပဋိစ္စ သမုပ္ပန္နဖြစ်သော ဝိညာဏ်ကို ဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏။

ပဋိစ္စသမုပ္ပန္နံ ဝိညာဏံ ဝုတ္တံ မယာ၊အညတြ ပစ္စယာ နတ္ထိ ဝိညာ-ဏဿ သမ္ဘဝေါ။

[မူလပဏ္ဏာသပါဠိတော်။]

သာတိ၊ ချစ်သားသာတိ။ ပဋိစ္စသမုပ္ပန္နံ၊ပဋိစ္စသမုပ္ပန္နဖြစ်သော။ ဝိညာဏံ။ ဝိညာဏုပါဒါနက္ခန္ဓာ ဟူသော ဝိညာဏ်ကိုသာလျှင်။ မယာ၊ ငါဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူ၏။ပစ္စယာ၊ အကြောင်းလေးပါးကို။ အညတြ၊ ကြဉ်ထား၍။ ဝိညာဏဿ၊ ပဋိစ္စသမုပ္ပါဒဖြစ်သောဝိညာဏ်၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။

ဤကား ဝိညာဏ်ကိုမယူတတ်၍ မိစ္ဆာဒိဋ္ဌိဖြစ်ပုံကို ပြဆိုသောအခဏ်းတည်း။

---

## ၅၆။ ဒိဋ္ဌိကြီးသုံးပါးကိုပြဆိုခြင်း

ဤသို့ အဝိဇ္ဇာ,တဏှာ,ကံ,နာမ် ရုပ် တည်းဟူသော လေးပါးသော အကြောင်းကြောင့်ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါး၊ ထိုဥပါဒါနက္ခန္ဓာဟူသော ပဋိစ္စသမုပ္ပါဒ,ပဋိစ္စသမုပ္ပန္န ဖြစ်သော ပရမတ္ထဓမ္မာရုံ ပညတ်နှင့် ယှဉ်သော ခန္ဓာငါးပါး တို့သည်သာလျှင် သံသရာ မည်ကုန်၏၊ ထိုဥပါဒါနက္ခန္ဓာ ဟူသောသံသရာသည် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်မနော တို့၌သာလျှင် အမြဲကျင်လည်၍နေကုန်၏၊ ထိုပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာ ငါးပါးကို သပ္ပစ္စယဟု ဟောတော်မူ၏။

ဝိညာဏဋ္ဌိတိ ဝိညာဏစရိယမည်သော စိတ်ဝိညာဏ်သည်ကား ဆိုအပ်ခဲ့ ပြီးသောလေးပါးသော အကြောင်းမှကင်းသောကြောင့် ပရမတ္ထအပ္ပစ္စယ တရားမည်၏၊ ထိုပရမတ္ထ အပ္ပစ္စယဖြစ်သောခန္ဓာငါးပါးကို ပဋိစ္စသမုပ္ပါဒ ဟူသော သံသရာနယ်မြေမှ လွန်မြောက်သော စိတ်ဝိညာဏ်ဟု ဟောတော် မူ၏၊ ထိုပဋိစ္စသမုပ္ပါဒဟုဆိုအပ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏ ဟူသော ဥပါဒါနက္ခန္ဓာ ဓမ္မာရုံကို မသိမမြင်သည်ရှိသော် ဝိညာဏဋ္ဌိတိဟူသော ပဋိသန္ဓေဝိညာဏ်ကို သိမြင် ခြင်းငှါမစွမ်းနိုင်၊ ထိုသို့ဝိညာဏ်နှစ်ပါးကို ကွဲပြားခြားနားအောင် သိမြင်

ခြင်းငှါ စွမ်းနိုင်သော သမ္မာဒိဋ္ဌိဉာဏ်ကိုမရ၍ မသိမမြင်ခြင်းကြောင့် မှားသောမိစ္ဆာဝါဒဖြစ်ရလေ၏၊ အဘယ်သို့မိစ္ဆာအယူဝါဒ ဖြစ်ရလေသနည်း၊ ဥက္ကလာမည်သော ဇနပုဒ်တိုင်းသားဖြစ်ကုန်သော ဘညလူမျိုး, ဝဿလူမျိုး နှစ်ပါးတို့သည် အဟေတုကဝါဒဒိဋ္ဌိ, အကြိယာဝါဒဒိဋ္ဌိ, နတ္ထိကဝါဒဒိဋ္ဌိ ဟူသော ဒိဋ္ဌိသုံးပါး အယူကိုယူ၍ မိစ္ဆာနိရုတ္တိပထ, မိစ္ဆာအဓိဝစနပထ, မိစ္ဆာ ပညတ္တိပထဟူသော မိစ္ဆာပထသုံးပါးဖြင့် ခေါ်ဝေါ်သုံးစွဲ၍ ပြောကာ ဆိုကာ နေကြကုန်၏။

နတ္ထိကဒိဋ္ဌိဟူသည် ယခုဘဝ၌ကုသိုလ်ကံ,အကုသိုလ်ကံကိုဘယ်မျှလောက် ပင်များစွာပြုသော်လည်း နောင်တဘန် ပဋိသန္ဓေမရှိသောကြောင့် ဝိပါက ဟူသော အကျိုးကုန်ပြီ၊ တဘန်ဘဝသစ်၌ မဖြစ်ပြီဟု အကျိုးဝိပါကကို ပယ်သော ဥစ္ဆေဒဒိဋ္ဌိအယူသည် နတ္ထိကဝါဒဒိဋ္ဌိမည်၏။

အကြိယဝါဒဒိဋ္ဌိဟူသည်ကား ဤယခုဘဝ၌ပြုသောကုသိုလ်ကံ အကုသိုလ်ကံဟူသော နှစ်ပါးသော ကံကိုဘယ်မျှလောက်ပင် များစွာပြုသော်လည်း ပဋိသန္ဓေဟူသော အကျိုးဝိပါကကိုပေးခြင်းငှါမစွမ်းနိုင်၊ အဘယ့်ကြောင့်နည်း၊ သတ္တဝါတို့၏ ဖြစ်၍ နေခြင်းသည် ထိုပြုသော ကုသိုလ်ကံ,အကုသိုလ်ကံ ဟူသော နှစ်ပါးသောကံတို့သည် ပဋိသန္ဓေအကျိုးကို ဖြစ်စေသည် မဟုတ်၊ သတ္တဝါတို့သည် အလေ့ပေါက် သစ်ပင်ကဲ့သို့ ဖြစ်ချင်တိုင်းဖြစ်ချင်သလိုဖြစ်၍ နေသော သတ္တဝါတွေဟု မိမိတို့စိတ်ထင်တိုင်းသော အယူကိုယူ၍ကုသိုလ်ကံ, အကုသိုလ်ကံဟူသော နှစ်ပါးသောကံကိုပယ်၍ ဘဝကိုမပယ်သောကြောင့် သဿတဒိဋ္ဌိအယူနှင့်တကွ အကြိယာဝါဒဒိဋ္ဌိမည်၏။

အဟေတုကဝါဒဒိဋ္ဌိဟူသည်ကား ဝိပါကဟူသော အကျိုးတရားကိုလည်း ပယ်၍ ကုသိုလ်ကံ,အကုသိုလ်ကံ တည်းဟူသော စေတနာကံနှစ်ပါးကိုလည်း ပယ်၍ အကျိုးနှင့်အကြောင်းကိုပယ်သော ဒိဋ္ဌိသည် အဟေတုကဝါဒဒိဋ္ဌိ မည်၏၊ ထိုဒိဋ္ဌိသုံးပါး၏ အယူဝါဒကိုပြလို၍ "မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ"၌—

ဣမာသု ပန တီသု နတ္ထိကဒိဋ္ဌိ ဝိပါကံ ပဋိဗာဟတိ၊ အကြိယဒိဋ္ဌိ ကမ္မံ ပဋိဗာဟတိ၊ အဟေတုကဒိဋ္ဌိ ဥဘယမ္ပိ ပဋိဗာဟတိ။

ဣမာသုတီသု၊ ဤသုံးပါးသော ဒိဋ္ဌိတို့တွင်။ နတ္ထိကဒိဋ္ဌိ၊သည်။ ဝိပါကံ၊ အကျိုးကို။ ပဋိဗာဟတိ၊ တားမြစ်၏။ အကြိယဒိဋ္ဌိ၊သည်။ ကမ္မံ၊ အကြောင်း ဖြစ်သော စေတနာကံကို။ ပဋိဗာဟတိ၊ တားမြစ်၏။ အဟေတုကဒိဋ္ဌိ၊ အဟေတုက ဝါဒဒိဋ္ဌိသည်၊ ဥဘယမ္ပိ၊ နှစ်ပါးစုံသော အကြောင်း,အကျိုးကို။ ပဋိဗာဟတိ၊ တားမြစ်၏။

ဤသို့ဝိညာဏဋ္ဌိတိခုနစ်ပါးနှင့် သတ္တာဝါသဘုံကိုးဝဟူသော ပဋိသန္ဓေ စိတ်ဝိညာဏ်၏ ဖြစ်ရာဖြစ်သော ကမ္မဝိဘင်္ဂအရာသည် မြတ်စွာဘုရားသခင် ရှေ့ဉာဏ်တော်၏ အရာသာဖြစ်၏၊ တစုံတယောက်သောသူသည် ဤကမ္မ ဝိဘင်္ဂအရာကို ဘယ်ပုဂ္ဂိုလ်မျှ မဟောနိုင်သော တရားပေတည်း၊ ထိုကမ္မ ဝိဘင်္ဂအရာကို လောကီ သတ္တဝ ဘာသာကို တတ်ကုန်သော နှစ်ကျိပ် တယောက်သော ဗြာဟ္မဏပုဏ္ဏားမှဖြစ်သော ဘုရားအကုအပ အယောင်တို့ တွင် တဆယ့်ကိုးယောက်မြောက်သော ဘုရားယောင် ရသေ့သည် မိမိသည် အဘိညာဉ်နှင့်တကွ သမာပတ်ကိုရ၍ ငရဲပြည်သို့သွားခြင်း, နတ်ပြည်သို့ သွားခြင်းဖြင့် သွားလာ၍ တသက်ပတ်လုံး ဒုစရိုက်အကုသိုလ်ကံကို ပြု၍ နတ်ပြည်သို့လာသည်ကိုတွေ့မြင်ခဲ့ခြင်း, တသတ်ပတ်လုံး သုစရိုက်ဆယ်ပါး တရားကိုကျင့်၍ ငရဲပြည်သို့လာရသည်ကိုတွေ့မြင်ခဲ့သဖြင့် ထိုဘုရားယောင် ရသေ့တို့သည် မိမိတို့၏စိတ်မှာထင်တိုင်း ပြောဟောကြကုန်၏၊ အကျိုးဟူ သောဝိပါကကိုလည်း ပယ်၏၊အကြောင်းဖြစ်သော ကုသိုလ်ကံ,အကုသိုလ်ကံ ဟူသော ကံနှစ်ပါးကိုပယ်၏။

ဤကား ဒိဋ္ဌိကြီး သုံးပါးကိုပြဆိုသော
အခဏ်းတည်း။

---

## ၅၇။ အဘဗ္ဗစသော ပုဂ္ဂိုလ် ၄-ဦးကိုပြဆိုခြင်း

ထိုအခါ ဥက္ကလာမည်သော ဇနပုဒ်၌နေကုန်သော ဘညလူမျိုး, ဝဿ လူမျိုးတို့သည် အဟေတုကဝါဒဒိဋ္ဌိ,အကြိယဝါဒဒိဋ္ဌိ,နတ္ထိကဝါဒဒိဋ္ဌိ သုံးပါး အယူကိုလိုက်နာ၍ မိစ္ဆာပထသုံးပါးဖြင့် ခေါ်ဝေါ်သုံးစွဲ ပြောဆို၍ နေကြ ကုန်၏၊ ထိုဘုရားယောင် ရသေ့တို့သည် လေးယောက်သောပုဂ္ဂိုလ်ကို မသိကြ ကုန်၊ ပုဂ္ဂိုလ်လေးယောက်ဟူသော်ကား–

၁။ အဘဗ္ဗ အဘဗ္ဗာဘာသပုဂ္ဂိုလ်တယောက်-အကုသိုလ်ကိုပြု၍ ငရဲသို့ သွားသော ပုဂ္ဂိုလ်,
၂။ ဘဗ္ဗ အဘဗ္ဗာဘာသ ပုဂ္ဂိုလ်တယောက်- ကုသိုလ်ကိုပြု၍ ငရဲသို့ သွားသော ပုဂ္ဂိုလ်,
၃။ အဘဗ္ဗ ဘဗ္ဗာဘာသပုဂ္ဂိုလ်တယောက်-အကုသိုလ်ကိုပြု၍ နတ်ပြည် သို့သွားသောပုဂ္ဂိုလ်,
၄။ ဘဗ္ဗ ဘဗ္ဗာဘာသပုဂ္ဂိုလ်တယောက်- ကုသိုလ်ကိုပြု၍ နတ်ပြည်သို့ သွားသော ပုဂ္ဂိုလ်–

ဤသို့လေးယောက်သော ပုဂ္ဂိုလ်တို့၏ အကြောင်း,အကျိုးဟူသော ကမ္မဝိပါကနှစ်ပါးကို "ဥပရိပဏ္ဏာသပါဠိတော်"၌ ရှင်အာနန္ဒာအား ဟောတော်မူသော ကမ္မဝိဘင်ကို ခွဲ၍ပြလိုက်ဦးအံ့။

၁။ ချစ်သားအာနန္ဒာ····ဤလောက၌ အချို့သောသူတို့သည် ပါဏာတိပါတကံ-သူ့အသက်ကိုသတ်ခြင်းတပါး, အဒိန္နာဒါနကံ-သူ၏ဥစ္စာကို ခိုးယူခြင်းတပါး, ကာမေသုမိစ္ဆာစာရကံ-သူ့သားအိမ်ရာကို ဖျက်ဆီးခြင်းတပါး, မုသာဝါဒကံ-မမှန်သောစကားကိုဆိုခြင်းတပါး, ပိသုဏာဝါစာကံ- ချောပစ်ကုန်းတိုက်ခြင်းတပါး,ဖရုသဝါစာကံ- ကြမ်းတမ်းသော စကားကိုဆိုခြင်းတပါး,သမ္ဖပ္ပလာပကံ-ပြိန်ဖျင်းသောစကားကို ဆိုခြင်းတပါး, အဘိဇ္ဈာကံ-ငြူစူခြင်းတပါး,ဗျာပါဒကံ-စိတ်ဖြင့် ပြစ်မှားခြင်းတပါး, မိစ္ဆာဒိဋ္ဌိကံ- မှားသောအယူကို ယူခြင်းတပါး၊ ဤသို့ပြဆိုခဲ့ပြီးသော ဒုစရိုက်ဆယ်ပါးကို အသက်ထက်ဆုံးပြု၍ အသက်မွေး၏၊ ထိုသူသည် သေသည်၏ အခြားမဲ့၌ အပါယ်လေးပါးသို့ လားရလေ၏။

[ဤသည်ကား အဘမ္ဗ-အဘမ္ဗာဘာသပုဂ္ဂိုလ်တယောက်။]

၂။ ချစ်သားအာနန္ဒာ··ဤလောက၌အချို့သောသူသည် ပါဏာတိပါတ-စသော ဆယ်ပါးသော ဒုစရိုက်တရားကို ရှောင်ကြဉ်၍ ပါဏာတိပါတာဝေရမဏီ-ဟူသော သူ့အသက်ကို သတ်ခြင်းအစရှိသော မကောင်းမှုကို ရှောင်ကြဉ်၍ သုစရိုက်ဆယ်ပါးကိုသာလျှင် တသက်ပတ်လုံး စောင့်ရှောက်ထိန်းသိမ်းကုန်၏၊ ထိုသို့ သုစရိုက်ဆယ်ပါးကို ကောင်းစွာ စောင့်ရှောက်ထိန်းသိမ်းလျက်နှင့်လည်း ဤဘဝမှ သေလွန်သည်ရှိသော် အပါယ်လေးပါးသို့သာလျှင် လားရ-ကျရောက်ရကုန်၏။

(ဤသည်ကား ဘမ္ဗ-အဘမ္ဗာဘာသပုဂ္ဂိုလ်တယောက်။)

၃။ ချစ်သားအာနန္ဒာ····ဤလောက၌ အချို့သောသူသည် မိမိသည် ဤဘဝ၌ အသက်ထက်ဆုံး ပါဏာတိပါတ-ဟူသော သူ့အသက်ကိုသတ်ခြင်း အစရှိသော ဆယ်ပါးသော ဒုစရိုက်တရားကိုပြုကျင့်၍ မကောင်းသဖြင့် အသက်မွေး၏၊ ထိုသို့မကောင်းသော ပါဏာတိပါတ-စသော ဆယ်ပါးသော ဒုစရိုက်တရားကိုပြုကျင့်၍ အသက်မွေးပါလျက်နှင့် ဤဘဝမှ သေလွန်သည်ရှိသော် သုဂတိဟူသော လူ့ပြည်,နတ်ပြည်သို့သာလျှင် လားရရောက်ရကုန်၏။

[ဤသည်ကား အဘမ္ဗ-ဘမ္ဗာဘာသ ပုဂ္ဂိုလ်တယောက်။]

၄။ ချစ်သားအနန္ဒာ…ဤလောက၌ အချို့သောသူသည်မိမိသည် ဤဘဝ၌ တသက်ပတ်လုံး ပါဏာတိပါတ-ဟူသော သူ့အသက်ကိုသတ်ခြင်း အစရှိသော ဆယ်ပါးသော ဒုစရိုက်တရားကို ကောင်းစွာ ရှောင်ကြဉ်၍ ပါဏာတိပါတာဝေရမဏီဟူသော သူ၏အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်းအစရှိသော ဆယ်ပါးသော သုစရိုက်တရားကို ကောင်းစွာ စောင့်ရှောက်ထိန်းသိမ်း၍ ကျင့်ခြင်းအမှုကိုပြုကုန်၏၊ ထိုသူသည် ဤဘဝမှသေလွန်၍ ဘဝတပါးသို့ ကူးပြောင်းသည်ရှိသော် သုဂတိဟူသော လူ့ဘုံ, နတ်ဘုံသို့ သာလျှင် လားကြရောက်ကြရကုန်၏။

[ဤသည်ကား ဘဇ္ဇ-ဘဇ္ဇာဘာသပုဂ္ဂိုလ်တယောက်။]

ထိုအခါ ရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားကို ဤသို့လျှောက်ကြားလေ၏။

၁။ မြတ်စွာဘုရား… ဤဝိညာဏဋ္ဌိတိ ခုနစ်ပါးနှင့်သတ္တာဝါသ ဘုံကိုးဝ၌ တည်ကုန်သော သတ္တဝါတို့သည် အဘယ်ကြောင့် ပါဏာတိပါတစသော ဆယ်ပါးသော ဒုစရိုက်အမှုကို ပြုကျင့်ပါလျက်နှင့် သုဂတိဘုံသို့သေသည်၏ အခြားမဲ့၌ လားရ ရောက်ကြရပါသနည်းမြတ်စွာဘုရား။

၂။ အချို့သော သူသည်လည်း ဤဘဝ၌ တသက်မျှ ကာလပတ်လုံး ပါဏာတိပါတစသော ဆယ်ပါးသော ဒုစရိုက်အမှုကို ကောင်းစွာ ရှောင်ကြဉ်၍ ပါဏာတိပါတာဝေရမဏီ- အစရှိသော ဆယ်ပါးသော သုစရိုက်တရားကို ကောင်းစွာ စောင့်ရှောက်၍ ထိန်းသိမ်းသော အကျင့်ကို ကျင့်ပါလျက်နှင့် အဘယ်ကြောင့် ဤဘဝမှသေလွန်၍ အခြားမဲ့ဖြစ်သော ဘဝသို့ပြောင်းသွားသည်ရှိသော် အပါယ်လေးဘုံသို့သာလျှင် လားကြရောက်ကြရပါသနည်း မြတ်စွာဘုရား ဤသို့ ရှင်အာနန္ဒာမေးလျှောက်လေ၏။

ချစ်သားအာနန္ဒာ…ဤလောက၌ အချို့သောသူတို့သည် တသက်ပတ်လုံး ပါဏာတိပါတာဝေရမဏီ-အစရှိသော ဆယ်ပါးသော သုစရိုက်တရားကို စောင့်ရှောက်ထိန်းသိမ်းခြင်းအမှုကို ပြုကျင့်ပါလျက် ဤဘဝမှသေလွန်သည်ရှိသော် ဒုဂ္ဂတိအပါယ်လေးဘုံသို့ လားရခြင်းသည်ကား ထိုအပါယ်ဘုံသို့ လားရသောသူသည်—

(က) ရှေးရှေးသော ဘဝကပုဗ္ဗမည်သောသပ္ပုရိသပုဂ္ဂိုလ်၏ သမ္မာဒိဋ္ဌိ ကုသိုလ်မျိုးကို မရခဲ့သောကြောင့်ငင်း။

(ခ) ဤယခုဘဝ၌လည်း သပ္ပုရိသမည်သော သူတော်ကောင်းနှင့် မတွေ့မမြင်ရဘူးသဖြင့် သပ္ပုရိသ သူတော်ကောင်းတို့၏ ပြုအပ်သော ဒါန,သီလ, ဘာဝနာဟူသောသမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်သော ကုသိုလ်မျိုးကိုလည်း မရသောကြောင့်၎င်း။

(ဂ) ဤဘဝအဆုံး သေခါနီးဆဲဆဲသို့ ကျရောက်၍နေသော အခါ၌လည်း ဤစိတ်ဝိညာဏ်နှင့်တကွ ဥပါဒါနက္ခန္ဓာငါးပါးလုံးကိုပင် သတ္တ,ဇီဝ ဟူသော သက္ကာယဒိဋ္ဌိဟူသောမိစ္ဆာအယူကို ယူသောကြောင့်၎င်း။

ဤအင်္ဂါ ၃-ပါးနှင့်ပြည့်စုံသောသူသည် ဤဘဝမှ သေလွန်၍ ဘဝတပါးသို့ ပြောင်းသွားသည်ရှိသော် မုချမလွဲ အပါယ်လေးဘုံသို့ ကျရရောက်ရလေ၏။

[ဤပုဂ္ဂိုလ်သည် ဘဗ္ဗ-အဘဗ္ဗာဘဲသပုဂ္ဂိုလ်မည်၏။]

၂။ ချစ်သားအာနန္ဒာ... ဤလောက၌ အချို့သောသူသည်ဤဘဝ၌အသက်ထက်ဆုံး ကာလပတ်လုံး ပါဏာတိပါတ-စသော ဒုစရိုက်ဆယ်ပါးဟူသော မကောင်းမှုကိုပြုကျင့်၍ အသက်မွေးခြင်းအမှုကိုပြု၏၊ ထိုသူသည် ဤဘဝမှ သေလွန်သည်ရှိသော် အခြားမဲ့သောဘဝ၌ သုဂတိလူ့ဘုံ, နတ်ဘုံသို့ လားရရောက်ရခြင်းသည်ကား ထိုသူသည်-

(က) ရှေးရှေးသောဘဝက ပုဗ္ဗမည်သော သပ္ပုရိသ သူတော်ကောင်းနှင့်တွေ့၍ သပ္ပုရိသမည်သော အရိယာ သူတော်ကောင်းတို့၏ သဒ္ဓမ္မမည်သောတရားတော်ကို ကြားနာရသည်ဖြစ်၍ သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်သော ပုဗ္ဗမည်သော ကုသိုလ်မျိုးကို ပြုခဲ့သောကြောင့်၎င်း။

(ခ) ဤယခုဘဝ၌လည်း သပ္ပုရိသ မည်သော အရိယာ သူတော်ကောင်းတို့နှင့်တွေ့ရ မြင်ရသဖြင့် ထိုသပ္ပုရိသမည်သောအရိယာ သူတော်ကောင်းတို့၏ ပြောဟောသော သမ္မာဒိဋ္ဌိ မည်သော ဝိပဿနာ တရားတော်ကို ကြားနာရသောကြောင့်၎င်း။

(ဂ) သေခါနီးဆဲဆဲသို့ရောက်သော အခါ၌လည်း သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဝိပဿနာကိုမြင်၍ သေရသောကြောင့်၎င်း။

ဤသို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသောသူသည် ရှေးငယ်စဉ် မသိမမြင်စဉ် အခါက ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို ပြုမှားမိငြားသော်လည်း

သေခါနီးဆဲဆဲအခါ၌ သမ္မာဒိဋ္ဌိဉာဏ်ကိုရ၍ ဝိပဿနာကိုမြင်၍ သေရခြင်းကြောင့် သုဂတိလူ့ဘုံ၊နတ်ဘုံသို့လားရ ရောက်ရလေ၏။

[ဤပုဂ္ဂိုလ်သည် အဘဗ္ဗ-ဘဗ္ဗာဘာသပုဂ္ဂိုလ်မည်၏။]

ဤအဘဗ္ဗ- ဘဗ္ဗာဘာသမည်သော ပုဂ္ဂိုလ်၏အကြောင်းကို ထုတ်ဖော်၍ ပြဆိုလိုက်ဦးအံ့။

ရှေးရှေးသော ကမ္ဘာက ဘုရားသခင်တို့ပွင့်တော်မူသောအခါ၌ သပ္ပုရိသစသော အရိယာ သူတော်ကောင်းတို့နှင့် တွေ့ကြုံ၍ ဖူးမြင်ရသဖြင့်၎င်း၊ ထို သပ္ပုရိသသူတော်ကောင်းတို့၏ သဒ္ဓမ္မမည်သောတရားတော်ကို နာကြားရသောသူသည် သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သိအပ်သော ပုဗ္ဗဟူသော ဓမ္မဋ္ဌိတိဉာဏ်ကိုရသည်မည်၏၊ ထိုသို့ပုဗ္ဗဟူသော ဓမ္မဋ္ဌိတိဉာဏ်ကိုရသော ပုဂ္ဂိုလ်မှသာလျှင် သုဒ္ဓဓမ္မပဋိစ္စသမုပ္ပါဒဟူသော နိဿရဏသံသရာ၌ သပ္ပုရိသနယ်မြေသို့ နင်းမိသည်ဖြစ်၍ သက်ဝင်သောသူမည်၏၊ ထိုသို့ပုဗ္ဗဟူသော သမ္မာဒိဋ္ဌိမည်သော ဓမ္မဋ္ဌိတိဉာဏ်ကို သိမြင်သော သပ္ပုရိသမည်သော ပုဂ္ဂိုလ်သည် အကယ်၍ သံသရာ၌ကျင်လည်သောအခါ သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့် ပါဏာတိပါတ-စသော ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားကိုပြု၍ အသက်မွေးသည်ဖြစ်ငြားအံ့၊ ထိုမိမိပြုသော မကောင်းမှု ဒုစရိုက်ဟူသော အကုသိုလ်ကံသည် ပုဗ္ဗဟူသော ရှေးရှေးကမ္ဘာက ရခဲ့ဘူးသော သမ္မာဒိဋ္ဌိတည်းဟူသော ဓမ္မဋ္ဌိတိဉာဏ်ကို ဖုံးလွှမ်းပိတ်ပင်၍ သုဂတိဘဝကို တားမြစ်ခြင်းငှါ မစွမ်းနိုင်၊ ထိုကြောင့် ပါဏာတိပါတ-စသော ဒုစရိုက်ဆယ်ပါးကို ပြုသော်လည်း သေလွန်သည်၏ အခြားမဲ့ဖြစ်သော ဘဝတပါး၌ သုဂတိလူ့ဘုံ၊နတ်ဘုံသို့ လားရ ရောက်ရလေ၏ဟု ''သုတ္တနိပါတ်ပါဠိတော်''၌ ဟောတော်မူ၏။

ကိဉ္စာပိ သော ကမ္မံ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဉဒ စေတသာဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌာ ပဒဿ ဝုတ္တာ။

သော၊ ထိုအဘဗ္ဗ-ဘဗ္ဗာဘာ သမည်သောပုဂ္ဂိုလ်သည်။ ကာယေနဝါ၊ ကာယကံသုံးပါးဖြင့်၎င်း။ ဝါစာယဝါ၊ ဝစီကံလေးပါးဖြင့်၎င်း။ ဉဒ၊ ထိုမှ၊ စေတသာဝါ၊ မနောကံသုံးပါးဖြင့်၎င်း။ ပါပကံ၊ယုတ်မာသော။ကမ္မံ၊ဒုစရိုက်ဆယ်ပါးတည်းဟူသော ကံကို။ ကိဉ္စာပိကရောတိ၊ အကယ်၍ကား ပြုမိသည်ဖြစ်အံ့။ သော၊ ထိုအဘဗ္ဗ-ဘဗ္ဗာဘာသမည်သော ပုဂ္ဂိုလ်သည်။ တဿ၊

ထိုနိဗ္ဗာန်ကိုမြင်ခြင်းငှါ စွမ်းနိုင်သော ပုဗ္ဗမည်သော သမ္မာဒိဋ္ဌိကုသိုလ်ကံကို။ ပဋိစ္ဆဒါယ၊ အဝိဇ္ဇာဖြင့် ဖုံးလွှမ်း၍ သုဂတိဘဝကို တားမြစ်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ အဘဗ္ဗတာ၊ မထိုက်သည်၏ အဖြစ်ကြောင့်။ ပဒဿ၊ သဉပါဒိသေသမည်သော နိဗ္ဗာန်ကို။ ဒိဋ္ဌာ၊ မြင်အပ်ပြီးသောသောသူ ဟူ၍။ ဝုတ္တာ- ဝုတ္တော၊ ဟောတော်မူအပ်၏။

ဤသို့ပြဆိုခဲ့သော ပုဂ္ဂိုလ်လေးယောက်တို့တွင် အဘဗ္ဗာဘာသမည်သော ပုဂ္ဂိုလ်နှစ်ယောက်တို့၏ ဒုဂ္ဂတိဘုံသို့လားရ ရောက်ရခြင်း, ဘဗ္ဗာဘာသ မည်သော ပုဂ္ဂိုလ်နှစ်ယောက်တို့၏ သုဂတိဘဝသို့လားရ ရောက်ရခြင်း၌ မိမိတို့၏ပြုအပ်သော ကံသည်သာလျှင် ပဓာနဖြစ်၏၊ ထိုကြောင့် "ဥပရိ ပဏ္ဏာသပါဠိတော်"၌ ဤသို့မိန့်တော်မူ၏။

> ပုဗ္ဗေဝါဿ တံ ကတံ ဟောတိ ပါပကမ္မံ ဒုက္ခဝေဒနိယံ၊ ပစ္ဆာ ဝါဿ တံ ကတံ ဟောတိ ပါပကမ္မံ ဒုက္ခဝေဒနိယံ၊ မရဏကာလေ ဝါဿ ဟောတိ မိစ္ဆာဒိဋ္ဌိသမတ္တာ သမ္မာဒိန္နာ၊ တေန သော ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

အဿ၊ ထိုအဘဗ္ဗ-အဘဗ္ဗာဘာသ ပုဂ္ဂိုလ်နှင့် ဘဗ္ဗ-အဘဗ္ဗာဘာသ မည်သော ပုဂ္ဂိုလ်နှစ်ယောက်အား။ပုဗ္ဗေ၊ ရှေးရှေးသော ကမ္ဘာ့ကမ္ဘာ ဘဝ ဘဝါ၌လည်း။ ဒုက္ခဝေဒနိယံ၊ဒုက္ခဝေဒနာကိုဖြစ်စေတတ်သော။ တံပါပကမ္မံ၊ ထိုမကောင်းမှုကံကို။ကတံ၊ ပြုခဲ့ဘူးသည်။ ဟောတိ၊ဖြစ်၏။အဿ၊ထိုအဘဗ္ဗ-အဘဗ္ဗာဘာသပုဂ္ဂိုလ်နှင့်ဘဗ္ဗ-အဘဗ္ဗာဘာသမည်သော ပုဂ္ဂိုလ်နှစ်ယောက် အား။ ပစ္ဆာဝါ၊ ဤဘဝတွင် နောက်ဆုံးအခါ၌လည်း။ ဒုက္ခဝေဒနိယံ၊ ဒုက္ခ ဝေဒနာကိုဖြစ်စေတတ်သော။တံပါပကမ္မံ၊ ထိုမကောင်းမှုကံကို။ ကတံ၊ဤဘဝ တွင် နောက်ဆုံးပြုခြင်းသည်။ ဟောတိ၊ဖြစ်၏။ အဿ၊ ထိုအဘဗ္ဗာဘာသ မည်သော ပုဂ္ဂိုလ်နှစ်ယောက်အား။ မရဏကာလေဝါ၊ သေခြင်း၏ နီးစွာ သော ကာလ၌လည်း။ မိစ္ဆာဒိဋ္ဌိသမတ္တာ၊ မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းငှါစွမ်းနိုင်သော အယူကို။ သမ္မာဒိန္နာ၊ ကောင်းစွာဆောက်တည်၍ ယူအပ်သည်။ဟောတိ၊ ဖြစ်၏။ တေန၊ ထိုသို့သေခါနီးအခါ မိစ္ဆာဒိဋ္ဌိနှင့် ပြည့်စုံခြင်းကြောင့်။သော၊ ထိုအဘဗ္ဗာဘာသမည်သော ပုဂ္ဂိုလ်နှစ်ယောက်သည်။ ကာယဿ၊ ခန္ဓာကိုယ် ၏။ ဘေဒါ၊ ပျက်သည်မှ။ ပရမ္မရဏာ၊ သေသည်၏ အခြားမဲ့၌။ အပါယံ၊ ချမ်းသာကင်းသော။ဒုဂ္ဂတိံ၊မကောင်းသောသူတို့၏လားရာဖြစ်သော။ ဝိနိပါ

တံ၊ ကိုယ်အင်္ဂါပျက်စီး၍ ကျရာဖြစ်သော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်ရလေ၏။

ပုဗ္ဗေဝါဿ တံ ကတံ ဟောတိ ကလျာဏကမ္မံ သုခဝေဒနိယံ၊ ပစ္ဆာဝါဿ တံ ကတံ ဟောတိ ကလျာဏကမ္မံ သုခဝေဒနိယံ၊ မရဏကာလေဝါဿ ဟောတိ သမ္မာဒိဋ္ဌိသမတ္တာ သမ္မာဒိန္နာ၊ တေန သော ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

[ဥပရိပဏ္ဏာသပါဠိတော်။]

အဿ၊ထိုဘဗ္ဗ-ဘဗ္ဗာဘာသမည်သော ပုဂ္ဂိုလ်နှင့် အဘဗ္ဗ-ဘဗ္ဗာဘာသမည်သော ပုဂ္ဂိုလ်နှစ်ယောက်အား။ ပုဗ္ဗေဝ၊ ရှေးရှေးသော ဘုရားတို့၏ သာသနာတော်အတွင်း၌လည်း။ သုခဝေဒနိယံ၊ သုခဝေဒနာကို ဖြစ်စေတတ်သော။ တံကလျာဏကမ္မံ၊ထိုသပ္ပုရိသတို့ပြုအပ်သော ကောင်းသောအမှုကို။ ကတံ၊ သမ္မာဒိဋ္ဌိဉာဏ်နှင့်တကွပြုခဲ့ဘူးသည်။ ဟောတိ၊ ဖြစ်၏။အဿ၊ ထိုဘဗ္ဗာဘာသမည်သော ပုဂ္ဂိုလ်နှစ်ယောက်အား။ ပစ္ဆာဝါ၊၍ဘဝထဲနောက်ဆုံးဘဲဟု သတိမြဲစွာ သိလိမ့်မသော အခါ၌လည်း။ သုခဝေဒနိယံ၊ သုခဝေဒနာကို ဖြစ်စေတတ်သော။တံကလျာဏကမ္မံ၊ထိုသပ္ပုရိသတို့၏ ပြုအပ်သောကောင်းသောအမှုကို။ ကတံ၊ ၍ဘဝတွင် နောက်ဆုံးပြုခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဿ၊ ထိုဘဗ္ဗာဘာသမည်သောပုဂ္ဂိုလ်နှစ်ယောက်အား။မရဏကာလေဝါ၊ သေခါနီးသို့ ကျရောက်သောအခါ၌လည်း။သမ္မာဒိဋ္ဌိသမတ္တာ၊သမ္မာဒိဋ္ဌိဉာဏ်ကိုရခြင်းငှါစွမ်းနိုင်သော သမ္မာအယူကို။ သမ္မာဒိန္နာ၊ ကောင်းစွာဆောက်တည်၍ယူအပ်သည်။ ဟောတိ၊ဖြစ်၏။ တေန၊ ထိုသမ္မာဒိဋ္ဌိအယူနှင့် ပြည့်စုံခြင်းကြောင့်။ သော၊ ထိုဘဗ္ဗာဘာသမည်သော ပုဂ္ဂိုလ်နှစ်ယောက်သည်။ ကာယဿ၊၏။ ဘေဒါ၊မှ။ ပရမ္မရဏာ၊၌။ သုဂတိံ၊ သော။ သဂ္ဂံလောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်ရလေ၏။

၍သို့ "ဥပရိပဏ္ဏာသပါဠိတော်" ၌ လာသော ပုဗ္ဗေဝါဟူသော ပုဗ္ဗတပါး, "နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အနမတဂ္ဂသုတ်"၌ လာသော ပုဗ္ဗကောဋိဟူသော ပုဗ္ဗတပါး, ၎င်းပါဠိတော်၌ပင် ရှင်သုသိမကို ဟောသော ပုဗ္ဗေဓမ္မဋ္ဌိတိဉာဏံဟူသော ပုဗ္ဗတပါး, မင်္ဂလာတရားတော်၌ ပုဗ္ဗေစကတပုညတာ ဟူသော ပုဗ္ဗတပါး၊ ၍သို့ဘုရား၏ စကားတော်မြတ် ဖြစ်သော လေးပါးသော ပုဗ္ဗတို့သည် နိဿရဏသံသရာတွင်း၌ သဥပါဒိသေသနိဗ္ဗာန်

ရှိကြောင်းကိုပြတော်မူသော ပုဗ္ဗတို့ပေတည်း၊အနက်သဘော သဒ္ဒါအလုံးစုံ အကုန်တူ၏၊ ဤသို့ပြဆိုအပ်သော ပုဂ္ဂိုလ်လေးယောက်တို့သည် တယောက် တယောက်သော ပုဂ္ဂိုလ်၌ ပုဗ္ဗသမယ အခါ, ပစ္ဆာသမယအခါ, မရဏာ သန္နသမယအခါ ဤသို့သမယအခါသုံးပါးရှိ၏၊ဤသို့သမယအခါသုံးပါးလုံး၌ ဝိညာဏ်ကို မသိခြင်းကြောင့်ဖြစ်သော ဥပါဒါနက္ခန္ဓာ တည်းဟူသော သက္ကာယဒိဋ္ဌိနှင့်ပြည့်စုံ၍ ထိုသက္ကာယဒိဋ္ဌိ တည်းဟူသော မိစ္ဆာအယူဖြင့် သေလွန်၍ဘဝတပါးသို့ပြောင်းသွားအံ့၊ အပါယ်လေးဘုံသို့ အမြဲလားရ၏ ဟုဟောတော်မူ၏၊ ဤအရာမှာ ဘဗ္ဗ-အဘဗ္ဗာဘာသ ပုဂ္ဂိုလ်တဦးသည် အလွန်ခက်ခဲသည်၊ကုသိုလ်ကိုပြုလျက်နှင့်အပါယ်လားရသော ပုဂ္ဂိုလ်တည်း။

ဤကား အဘဗ္ဗစသောပုဂ္ဂိုလ် ၄-ဦးကို
ပြဆိုသောအခဏ်းတည်း။

---

## ၅၈။ ဥာဏ်လေးပါးကိုပြဆိုခြင်း

ထိုပုဗ္ဗစသော သမယသုံးပါးလုံး၌ သပ္ပုရိသနယ်မြေသို့ နင်းမိသက်ဝင်မိ သော သမ္မာဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သေသည်၏ အခြားမဲ့ သောဘဝ၌ သုဂတိလူ့ဘုံ နတ်ဘုံသို့သာလျှင် အမြဲလားရ ရောက်ရလေ၏ ဟုဟောတော်မူ၏၊ ဤသို့ပြဆိုခဲ့သော သာတိရဟန်းနှင့် ဗကဗြဟ္မာတို့၏ စကားကို တဖန်ဆက်၍ပြလိုက်ဦးအံ့၊ ထိုသာတိရဟန်းနှင့် ဗကဗြဟ္မာတို့၏ မိစ္ဆာအယူကိုယူခြင်းသည် ထိုပဋိစ္စသမုပ္ပါဒ,ပဋိစ္စသမုပ္ပန္န ဖြစ်သော စိတ် ဝိညာဏ်ကို မသိခြင်းတည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော မိစ္ဆာဒိဋ္ဌိပေတည်း၊ အဘယ့်ကြောင့် ထိုပုဂ္ဂိုလ်တို့သည် မိစ္ဆာဒိဋ္ဌိ အယူကို ယူရလေသနည်း၊ အဇ္ဈတ္တာယတန ခြောက်ပါး, ဗဟိဒ္ဓါယတန ခြောက်ပါး, အဇ္ဈတ္တဗဟိဒ္ဓဟူသော ဝိညာဏဓာတ်ခြောက်ပါး၊ ဤသို့အာယတနတို့၏ ရှုပ် ထွေးသည်၏ အဖြစ်ကြောင့် မိစ္ဆာဒိဋ္ဌိ အယူဖြစ်ရလေ၏၊ ထို့ကြောင့် "သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်"၌ ဤသို့မိန့်တော်မူ၏။

အန္တောဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ။
တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋံ။

ဟု နတ်သားလာ၍မေးလျှောက်လေ၏၊ ဤပဋိစ္စသမုပ္ပါဒတရားကြီးသည် ဓမ္မာရုံကြီး အစစ်ကေန်ပေတည်း၊ ထိုဓမ္မာရုံသည်လည်း ပဋိစ္စသမုပ္ပါဒ မည် သော ဓမ္မာရုံတပါး, နိဗ္ဗာန်နှင့်တကွ လောကုတ္တရာမည်သော ဓမ္မာရုံတပါး၊ ထိုနှစ်ပါးသောဓမ္မာရုံတို့တွင် ပဋိစ္စသမုပ္ပါဒဖြစ်သောဓမ္မာရုံသည်—

၁။ အန္ဓပုထုဇဉ်တို့၏ ခေါ်ဝေါ်သုံးစွဲသော မိစ္ဆာပထ ပညတ်ဖြစ်သော မိစ္ဆာဓမ္မာရုံတပါး,
၂။ သပ္ပုရိသနှင့် သေက္ခပုဂ္ဂိုလ်တို့၏ သမ္မာပထသုံးပါးဖြင့် ခေါ်ဝေါ်သုံးစွဲသော သမ္မာဓမ္မာရုံတပါး,
၃။ အသေက္ခပုဂ္ဂိုလ် ဘုရားရဟန္တာတို့ ခေါ်ဝေါ်သုံးစွဲသော ဓမ္မာရုံတပါး—

ဤသို့ ဓမ္မာရုံကြီးသုံးပါးပြားသည်ကိုလည်း ကောင်းစွာသိအပ်၏၊ ပဋိစ္စသမုပ္ပါဒတရားကြီး၌ ဓမ္မာရုံနှစ်ပါးပြားသည်ကိုလည်း ကောင်းစွာသိအပ်၏၊ ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္န ဟူသောဓမ္မာရုံမျိုးမှ လွတ်ကင်းသော ဝိညာဏဋ္ဌိတိခုနစ်ပါးနှင့်တကွ သတ္တာဝါသဘုံကိုးဝဟူသော တရားမျိုး၌ဝိညာဏစရိယ ဉာဏစရိယ အဉာဏစရိယ၊ ဝိညာဏံမဇ္ဈေ ဝိညာဏံအနိဒဿနံ ဟူသော စိတ်ဝိညာဏ်တို့သည်ကား ဘူတရုပ်လေးပါးနှင့်တကွ နိဿယပုရေဇာတပြု၍ ပဥ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံတွင် ဥပါဒ်,ဋ္ဌီ,ဘင်နှင့်တကွ ပရမတ္ထအားဖြင့် ခန္ဓာငါးပါး ထင်ရှားရှိသော သတ္တလောကကြီးပေတည်း၊ ဤဥပါဒ်,ဋ္ဌီ,ဘင်နှင့်တကွ ပရမတ္ထဖြစ်သော ခန္ဓာငါးပါးရှိသော သတ္တလောကကို ပရိညေယျဉာဏ်ဖြင့် ပိုင်းခြား၍သိအပ်၏၊ ဤပရမတ္ထဖြစ်သော ခန္ဓာငါးပါးကို နိရောဓတရားဟူ၍မှတ်ရာ၏၊ လောကုတ္တရာဖြစ်သော စိတ်ဝိညာဏ်သည် နိရောဓသစ္စာ လည်းမည်၏၊ ဤသစ္စာလေးပါးတို့ကို ဉာဏ်လေးပါးဖြင့်ပိုင်းခြား၍သိရာ၏၊ ဉာဏ်လေးပါးဟူသော်ကား—

၁။ အဘိညာပရိညေယျဉာဏ်တပါး,
၂။ အဘိညာပဟာတဗ္ဗဉာဏ်တပါး,
၃။ ဘာဝေတဗ္ဗဉာဏ်တပါး,
၄။ ပရိညေယျဉာဏ်တပါး—

ဤသို့ ဉာဏ်လေးပါးပြား၏၊ ပဋိစ္စသမုပ္ပါဒဟူသော ပစ္စုပ္ပန်, အနာဂတ် အစွန်း နှစ်ပါး၌ဖြစ်သော အကျိုးဖလရှစ်ပါး, ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် အဘိညာ ပရိညေယျဉာဏ်ဖြင့် ရှုမြင်အပ်သော ဒုက္ခသစ္စာမည်၏၊ အဝိဇ္ဇာ, တဏှာ,ဥပါဒါန်,ဘဝ,သင်္ခါရနှင့်တကွ ဓမ္မာရုံဖြစ်သော အကုသလစေတသိက် တို့သည် အဘိညာပဟာတဗ္ဗဖြစ်သောကြောင့် သမုဒယသစ္စာ မည်ကုန်၏၊ သမ္မာဒိဋ္ဌိဟူသော အမောဟပညိန္ဒြေနှင့် သုံးဆယ့်ခုနစ်ပါးသောဗောဓိပက္ခိယ တရားအပေါင်းသည် ဘာဝေတဗ္ဗဖြစ်သောကြောင့် မဂ္ဂသစ္စာမည်၏၊ ဤသို့ ဉာဏ်လေးပါးဖြင့် သစ္စာလေးပါးကိုပွားများရာ၏။

၁။ ဒုက္ခသစ္စာဟူသော အဘိညာပရိညေယျဉာဏ်တပါး,

၂။ သမုဒယသစ္စာဟူသော အဘိညာပဟာတဗ္ဗဉာဏ်တပါး,

၃။ မဂ္ဂသစ္စာဟူသော ဘာဝေတဗ္ဗဉာဏ်တပါး၊ ဤ သစ္စာသုံးပါးနှင့် ဉာဏ်သုံးပါးကို ပဋိစ္စသမုပ္ပါဒသံသရာ၌ရအပ်၏။

၄။ နိရောဓသစ္စာဟူသော ပရိညေယျ ဉာဏ်ကိုမူကား ဝိညာဏဋ္ဌိတိ ဝိညာဏစရိယတို့မှ ရအပ်၏။

ဤနိရောဓသစ္စာအရာ၌ ဝိညာဏံပရိညေယျံဟူ၍ ဟောတော်မူသော ကြောင့် ဝိညာဏဋ္ဌိတိနှင့်တကွ ဝိညာဏစရိယ ဉာဏစရိယ အဉာဏစရိယ ဝိညာဏံမဇ္ဈေ ဝိညာဏံအနိဒဿနံ စသော စိတ်ဝိညာဏ်ဟူသမျှတို့၏ဥပါဒ်, ဌီ,ဘင်အားဖြင့် ချုပ်ခြင်းဟူသော ဘင်ကိုလည်း နိရောဓဟု ဟောတော်မူ၏၊ ထို့ကြောင့်“နိဒါနဝဂ္ဂသံယုတ် ပါဠိတော်”၌“နိရောဓောအတ္ထိ”ဟူ၍ပရမတ္ထ အားဖြင့် ထင်ရှားရှိသည်ကို နိရောဓဟုဟောတော်မူ၏၊ နိဗ္ဗာန်ကိုဟောသော စိတ်ဝိညာဏ်တော်သည်လည်း နိရောဓသစ္စာ တရားမည်၏၊ ထို့ကြောင့် ဝိညာဏံပရိညေယျံ ဟူသော စကားတော်သည် ဝိညာဏ်ဟူသော ပရိနိဗ္ဗုတ ရှိသော နာမ်ဓမ္မာရုံပရမတ္ထဖြစ်သောနိဗ္ဗာန်ကို ပရိညေယျဉာဏ်ဖြင့် နိရောဓ သစ္စာမည်၏ဟု သိအပ်မှတ်အပ်၏၊ထိုပဋိစ္စသမုပ္ပါဒတရားမှရအပ်သော သစ္စာ သုံးပါးသည် ဓမ္မာရုံအားဖြင့်ရအပ်၏၊ ဤသို့လေးပါး အပြားရှိသော ဉာဏ် အားဖြင့်လည်း သစ္စာလေးပါးတရားကို ပိုင်းခြားဝေဘန်၍ ရှုဆင်ခြင်ရာ၏၊ ထို့ကြောင့် ထိုဉာဏ်လေးပါးတို့ကို သစ္စာလေးပါးတရားတို့၌ မရှုပ်မထွေး မရောမယှက်ရအောင် ရှင်သာရိပုတ္တရာသည် ရှင်ကောဋ္ဌိက ရဟန်းအား ဟောတော်မူ၏။

ပညာ ဘာဝေတဗ္ဗာ၊ ဝိညာဏံ ပရိညေယျံ၊ ပဥ္စုပါဒါနက္ခန္ဓာ အဘိညာ ပရိညေယျာ၊ အဝိဇ္ဇာစ တဏှာစ အဘိညာ ပဟာတဗ္ဗာ။

ဤကား ဉာဏ်လေးပါးကိုပြဆိုသော အခဏ်းဘည်း။

---

## ၅၉။ သစ္စာလေးပါးကို အနုစိတ်၍ ပြဆိုခြင်း

ဤသို့ အဘိညာပရိညေယျဉာဏ်ဖြင့် ရှုဆင်ခြင်၍ ဥပါဒါနက္ခန္ဓာတည်းဟူ သော ဘေးရန်ကြီးမှ လွန်မြောက်အောင် အားထုတ်တော် မူကြကုန်၏၊ ထို့ကြောင့် “ဥပရိပဏ္ဏာသပါဠိတော်”၌ ဤသို့မိန့်တော်မူ၏။

ဥပါဒါနေ ဘယံ ဒိသွာ၊ ဇာတိမရဏသမ္ဘဝေ။
အနုပါဒါ ဝိမုစ္စန္တိ၊ ဇာတိမရဏသင်္ခယေ။

ဇာတိမရဏ သမ္ဘဝေ၊ ဇာတိ ဇရာ မရဏဟူသော ပဋိသန္ဓေနေခြင်း, အိုခြင်း,သေခြင်းတို့ဖြင့် အမြဲဖြစ်၍နေသော။ ဥပါဒါနေ၊ ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ပဋိစ္စသမုပ္ပါဒ်ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါး၌။ ဘယံ၊ သံသရာဟူသော ဘေးအပေါင်းကို။ ဒိသွာ၊ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သိမြင်ကြကုန်သည်ဖြစ်၍။ ဇာတိမရဏသင်္ခယေ၊ ပဋိစ္စသမုပ္ပါဒမည်သော ဥပါဒါနက္ခန္ဓာငါးပါး၏ဖြစ်ပျက်၍နေသော ဇာတိ ဇရာ မရဏဟူသော မီးငြိမ်းရာ ကုန်ရာ ဖြစ်သော နိရောဓနိဗ္ဗာန်၌။ အနုပါဒါ၊ ဥပါဒါနက္ခန္ဓာငါးပါးမှ ကင်းကုန်သည်ဖြစ်၍။ ဝိမုစ္စန္တိ၊ ပဋိစ္စသမုပ္ပါဒ ဟူသော ဥပါဒါနက္ခန္ဓာဘေးမှ လွတ်မြောက်တော်မူကြကုန်၏။

ထိုသို့ပဋိစ္စသမုပ္ပါဒမည်သော ဥပါဒါနက္ခန္ဓာဝန်ဘေးကြီးမှလွတ်မြောက် တော်မူကြကုန်သော သပ္ပုရိသအရိယာ အရှင်မြတ်တို့၏ သိမြင်တော်မူသော အရိယသစ္စာလေးပါးတရားတော်မြတ်ကို မိမိပွားများအားထုတ်အပ်သော စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်သော သုတ္တ, ဂေယျ, ဝေယျာကရဏ စသော ကိုးပါးသော အင်္ဂါနှင့် ပြည့်စုံသော မြတ်စွာဘုရား၏ဒေသနာတော်လာသည့်အတိုင်း သစ္စာလေးပါး တရားမြတ် ကို အနုစိတ်၍ပြဆိုလိုက်ဦးအံ့။

ပရမတ်ဟူသည် အကျဉ်းအားဖြင့် လေးပါးအပြားရှိ၏၊ လေးပါး ဟူသော်ကား စိတ်ပရမတ်တပါး, စေတသိက်ပရမတ်တပါး, ရုပ်ပရမတ်တပါး, နိဗ္ဗာန်ပရမတ်တပါး၊ ဤသို့လေးပါးဖြစ်သတည်း၊ ထိုလေးပါးသော ပရမတ္ထ တရားတို့သည် စိတ်ဟူသော ဝိညာဏဓာတ် ပရမတ်တပါး, စေတသိက် ရုပ် နိဗ္ဗာန်ဟူသော ဓမ္မာရုံပရမတ်တပါး၊ ဤသို့နှစ်ပါး ပြားသတည်း၊ ထို ပရမတ္ထတရားနှစ်ပါးတို့တွင် စေတသိက်နှင့် ရုပ် နိဗ္ဗာန်ဟူသော ပရမတ္ထ တရားသုံးပါး၌ အပြားမရှိ၊ ဓမ္မာရုံသက်သက်သာတည်း၊ စိတ်ဟူသော ပရမတ်သည် ဝိညာဏဓာတ်ဟူသော စိတ်ပရမတ်တပါး, ဓမ္မာရုံနာမ်မည် သော စိတ်ပရမတ်တပါး၊ ဤသို့စိတ်ပရမတ်သည် နှစ်ပါးအပြားရှိ၏၊ နာမ်ရုပ်နှစ်ပါးဟူသော အမည်ကိုရသော စိတ် စေတသိက် ရုပ်ဟူသော ဓမ္မာရုံဖြစ်သော ပရမတ္ထတရားကိုသာလျှင် ဥပါဒါနက္ခန္ဓာဟူသော ပဋိစ္စ

သမုပ္ပါဒတရားဟုဆိုအပ်၏၊ ထိုပဋိစ္စသမုပ္ပါဒဟူသော ဓမ္မာရုံပရမတ္ထတရား လေးပါးကိုသာလျှင် သစ္စာလေးပါးဖွဲ့အပ်၏၊ ဝိညာဏဓာတ်ဟူသော စိတ်ဓာတ်ကိုသစ္စာမဖွဲ့အပ်၊ ဥပါဒါနက္ခန္ဓာဖွဲ့၍မဟောအပ်။

ထိုစိတ်ဝိညာဏဓာတ်ဟု ဆိုအပ်သော ပရမတ္ထတရားနှင့် ဓမ္မာရုံဖြစ်သော ပရမတ္ထတရားနှစ်ပါး မကွဲမပြား မခြားနားနိုင်၍ ရောယှက်၍နေလျှင် မိစ္ဆာ ပညတ္တိပထဖြစ်၍ ဓမ္မာရုံ ဥပါဒါနက္ခန္ဓာသာဖြစ်တတ်သည်၊ ထိုဝိညာဏ ဓာတ်ဟုဆိုအပ်သော စိတ်ဝိညာဏ်သည်သာလျှင် အမှုကိစ္စဟူသမျှကိုပြီးစေ နိုင်၏၊ မြတ်လည်းမြတ်၏၊ထို့ကြောင့်"ဓမ္မပဒပါဠိတော်"၌ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊မနောသေဋ္ဌာ မနောမယာ"ဟု ဟောတော်မူ၏၊"ဓမ္မာ" ဟူသောပုဒ် အရကား ဓမ္မာရုံဖြစ်သော စိတ်,စေတသိက်, ရုပ်တရားတို့သည် ဗျာပါရမရှိ၊ အဗျာပါရတရားတို့သာတည်း၊"ဓမ္မောစဝိနယောစ"ဟူသောမြတ်စွာဘုရား ၏သုတ်,အဘိဓမ္မာ၌လည်း ဗျာပါရမရှိသောနိဿတ္တ,နိဇ္ဇီဝဖြစ်သောစိတ်,စေ တသိက်,ရုပ်ကိုသာ ဟောတော်မူ၏၊ ဝိညာဏဓာတ်ဟု ဆိုအပ်သော ဥပါဒ်, ဌီ, ဘင်ရှိသော ပရမတ္ထတရားကိုကား ဟောတော်မမူ။

အဘယ့်ကြောင့်ဟောတော်မမူသနည်း၊ဤသံသရာလောကဟုဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်နယ်ကြီးသည် ဓမ္မာရုံနယ်ကြီးပေတည်း၊ ထိုလောကဟူသော သံသရာ၌ ကျင်လည်သောသတ္တဝါတို့သည်လည်း အသက်, ဝိညာဏ်,ဥပါဒ်, ဌီ,ဘင်ရှိသောဝိညာဏဓာတ်ဟုဆိုအပ်သောနိရောဓမည်သော စိတ်ဝိညာဏ် ကိုပဋိစ္စသမုပ္ပါဒဟူသော ခြောက်ပါးသော အာယတနတို့သည် မြင်ခြင်းငှါ မစွမ်းနိုင်၊ သိမြင်အပ်သော တရားလည်းမဟုတ်သောကြောင့် စိတ်ဝိညာဏ ဓာတ်ကိုမဟော၊ပရမတ္ထဖြစ်သောနာမ်ရုပ်နှစ်ပါး,ဓမ္မာရုံခန္ဓာငါးပါးကိုသာ လျှင် သုတ်,အဘိဓမ္မာပြု၍ဟောတော်မူ၏၊ထိုဓမ္မာရုံဖြစ်သောစိတ်,စေတသိက်, ရုပ်တို့သည် အဗျာပါရဖြစ်၍ ကြောင့်ကြခြင်း ဗျာပါရမရှိဘဲလျက် ဘူတရုပ် နှင့်တကွ စိတ်ဝိညာဏဓာတ် ရှစ်ဆယ့်ကိုးပါးပြားသကဲ့သို့ပြားခြင်း, သွားသ ကဲ့သို့သွားခြင်း, စားသကဲ့သို့စားခြင်း အမူအရာတို့ကို ပုထုဇဉ်တို့မြင်လျှင် ကြားလျှင် ဤကား ဗျာပါရရှိသော ဝိညာဏဓာတ်ဖြစ်သော စိတ်ဝိညာဏ် ဟူ၍၎င်း, ဤကား ဓမ္မာရုံပရမတ္ထဖြစ်သော စိတ်ဝိညာဏ် ဟူ၍၎င်း ကွဲပြားစွာ ပိုင်းခြားဝေဘန်၍ မသိနိုင်၊ အဘယ့်ကြောင့် မသိနိုင်သနည်း၊ ဤမြတ်စွာဘုရား၏ သာသနာတော်တွင်း၌ ပရိညေယျဟူသော နိရောဓသစ္စာ ဉာဏ်ကို၎င်း, အဘိညာပရိညေယျဟူသော ဒုက္ခသစ္စာ ဉာဏ်ကို၎င်း,

အဘိညာပဟာတဗ္ဗ ဟူသော သမုဒယသစ္စာဉာဏ်ကိုရင်း,ဘာဝေတဗ္ဗဟူသော မဂ္ဂသစ္စာဉာဏ်ကိုရင်း မသိမမြင်ကြသေးသည်၏ အဖြစ်ကြောင့် ပုထုဇဉ်တို့ မသိနိုင်။

ထိုပရမတ္ထဖြစ်သော ဓမ္မာရုံ၌ သပ္ပစ္စယဓမ္မာရုံ, အပ္ပစ္စယဓမ္မာရုံဟူ၍ နှစ်ပါးအပြားရှိ၏၊ပရမတ္ထဓမ္မာရုံဟူသော နိဗ္ဗာန်နာမ်တရားသည် အပ္ပစ္စယ မည်၏၊ပဋိစ္စသမုပ္ပါဒ ဟူသော အကျိုးဖလရှစ်ပါးနှင့် တကွ ဥပါဒါနက္ခန္ဓာ ငါးပါးသည် သပ္ပစ္စယမည်၏၊ ထိုပဋိစ္စသမုပ္ပါဒ တရားတို့တွင်—

၁။ အဝိဇ္ဇာနှင့်တဏှာသည် အဘိညာပဟာတဗ္ဗဉာဏ်ဖြင့် ပယ်အပ်သော သမုဒယသစ္စာမည်၏။

၂။ ပဋိစ္စသမုပ္ပါဒမည်သော အကျိုးဖလရှစ်ပါးနှင့်တကွ ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် အဘိညာပရိညေယျ ဉာဏ်ဖြင့်သိ၍ ဒဿနေန ပဟာတဗ္ဗဉာဏ်ဖြင့် ပယ်အပ်သော ဒုက္ခသစ္စာမည်၏။

၃။ လောကုတ္တရာစိတ်ရှစ်ပါးနှင့် ယှဉ်သော မဂ္ဂင်ရှစ်ပါးသည် ဘာဝေတဗ္ဗမည်သော မဂ္ဂသစ္စာမည်၏။

[ ဤလောကုတ္တရာစိတ် ရှစ်ပါးနှင့်ယှဉ်သော ဘာဝေတဗ္ဗ မည်သော စေတသိက်သုံးဆယ့်ခြောက်ပါးတို့တွင် မဂ္ဂင်ရှစ်ပါးသာ မဂ္ဂသစ္စာမည်၏၊ ကြွင်းသော နှစ်ဆယ့်ရှစ်ပါးသော စေတသိက်နှင့် သတိပဋ္ဌာန်လေးပါးစသောနှစ်ဆယ့်ကိုးပါးသောဗောဓိပက္ခိယတရားကိုယ်တို့သည် ဘာဝေတဗ္ဗသာမည်၏၊မဂ္ဂသစ္စာ မမည်၊ သစ္စာလေးပါးမှလွတ်သော ပရမတ္ထ ဓမ္မာရုံတို့သာတည်း၊ ထို့ကြောင့် ''မဂ္ဂယုတ္တာဖလာစေဝ၊ စတုသစ္စဝိနိဿဋာ''ဟု အဋ္ဌကထာဆို၏၊ ဝိညာဏဓာတ်ဟုဆိုအပ်သော စိတ်ဝိညာဏ်ကို သစ္စာဖွဲ့၍ ဟောတော်မမူ။]

၄။ ဓမ္မာရုံဖြစ်သောစိတ်ကို ဟောသည်ရှိသော် ပရမတ္ထဖြစ်သော ဝိညာဏဓာတ်ဖြစ်သော စိတ်ကို ဓမ္မာရုံစိတ်မှတ်တတ်သည်၊ ထိုသစ္စာလေးပါး တရားတို့တွင် ပရမတ္ထဓမ္မာရုံဖြစ်သော နိဗ္ဗာန်နာမ်တရားသည် နိရောဓသစ္စာ မည်၏။

ထိုနိရောဓသစ္စာဟူသော နိဗ္ဗာန်နာမ်သည် သဉပါဒိသေသနိရောဓသစ္စာ နိဗ္ဗာန်နာမ်တပါး, အနုပါဒိသေသနိရောဓသစ္စာ နိဗ္ဗာန်နာမ်တပါး၊ ဤသို့ နိရောဓသစ္စာသည် နှစ်ပါးပြား၏၊ပဋိစ္စသမုပ္ပါဒ နိဿရဏဓမ္မာရုံ ဖြစ်သော နိရောဓသစ္စာတပါး, ပဋိစ္စသမုပ္ပါဒသံသရာမှ လွန်မြောက်သော ပရမတ္ထ ဓမ္မာရုံဖြစ်သော နိရောဓသစ္စာတပါး၊ဤသို့လည်း နိရောဓသစ္စာနှစ်ပါးဖြစ်၏၊ ဝိညာဏဓာတ်ဟု ဆိုအပ်သော စိတ်ဝိညာဏ်၌လည်း ဘူတရုပ်လေးပါးနှင့်

တဏှာသော စိတ်ဝိညာဏ်ကို ပရိညေယျဉာဏ်ဖြင့် သိရှိသာသိရာ၏၊ထိုတရားကို မပယ်အပ်၊ ထိုရှစ်ဆယ့်ကိုးပါးသော ပရိညေယျတရားတို့တွင် လောကီစိတ် ရှစ်ဆယ့်တပါးသည် ဥပါဒ်,ဌီ,ဘင် ဟူသော နိရောဓ ရှိသောကြောင့် နိရောဓ အနိစ္စ, နိရောဓဒုက္ခ, နိရောဓအနတ္တမည်၏၊ လောကုတ္တရာစိတ်ရှစ်ပါးသည် နိရောဓသစ္စာ နိစ္စနိဗ္ဗာန်, နိရောဓသစ္စာ သုခနိဗ္ဗာန် ,နိရောဓသစ္စာပရမတ္ထ နိဗ္ဗာန်ဟူသော အမည်ကိုလည်းရ၏၊ ဝိညာဏဓာတ်ဟု ဆိုအပ်သော လော ကုတ္တရာစိတ် ဝိညာဏ်သည် နိဗ္ဗာန်မဟုတ်၊ ပရမတ္ထဓမ္မာရုံသည်သာ နိဗ္ဗာန် နာမ်မည်သည် မဟုတ်လောဟု ဆိုသော်“မူလပဏ္ဏာသပြဟ္မနိမန္တနသုတ်”၌ ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံဟု ဟောတော်မူသောကြောင့် ဝိညာဏ်ကို နိဗ္ဗာန်ဟု ဟောတော်မူ၏။

နိရောဓသစ္စာနိဗ္ဗာန်ဟူသည်ကား ဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပန္န နိရောဓ ဓမ္မ၏ အကြွင်းမဲ့ချုပ်ငြိမ်းသည်ကို ပရမတ္ထဖြစ်သော နာမ်ဓမ္မာရုံ နိဗ္ဗာန် သည် နိရောဓသစ္စာမည်၏၊ ဒုက္ခသစ္စာဟူသည် အဘယ်ကိုဆိုသနည်း၊ဓမ္မာရုံ ဖြစ်သော ပဋိစ္စသမုပ္ပန္န ဟူသော အနိစ္စဓမ္မသည် ဖြစ်စေအပ်သော ဇာတ- ဘူတ,ထိုပဋိစ္စသမုပ္ပန္နဟူသော အနိစ္စဓမ္မသည် ပြုအပ်သော ကတ-သင်္ခတ- ဟူသော လေးပါးသော ပဋိစ္စသမုပ္ပန္နသည် ဖြစ်စေအပ်, ပြုစေအပ်သော တရားအပေါင်းသည် ပရမတ္ထဒုက္ခမည်၏၊ထိုပရမတ္ထဒုက္ခပင်လျှင် အရိယာ၏ ဒုက္ခသစ္စာမည်၏၊ ထိုပဋိစ္စသမုပ္ပန္နမည်သော ဓမ္မာရုံသည်ပင် အနိစ္စဓမ္မ, ဒုက္ခဓမ္မ,အနတ္တဓမ္မ,အသုဘဓမ္မမည်၏၊ ဤပဋိစ္စသမုပ္ပန္နမည်သော အနိစ္စဓမ္မ, ဒုက္ခဓမ္မ,အနတ္တဓမ္မ,အသုဘဓမ္မကို စီးဖြန်းပွါးများမှသာလျှင် သစ္စာလေးပါး ကို သိမြင်သော ဝိပဿနာမည်၏၊ ထိုသို့စီးဖြန်းမှသာလျှင် အဘိညာပဟာ တပ္ပဉာဏ်,ဒဿနေန ပဟာတဗ္ဗဉာဏ်ကိုရ၍အဝိဇ္ဇာ,တဏှာအမြစ်ရှိသောဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်ဖြတ်နိုင်ရာ၏၊ ထိုဒုက္ခသည် အဝိဇ္ဇာ,တဏှာဟူသော အကြောင်းပစ္စယမရှိ၊ အကြောင်းသမုဒယလည်း မရှိ၊ဒုက္ခဖြစ်ခြင်း၌ ပဋိစ္စ သမုပ္ပန္နကိုသာအကြောင်းပြု၍ ဇာတ,ဘူတ,ကတ,သင်္ခတဟုဟောတော်မူ၏။

အဝိဇ္ဇာနှင့်တဏှာဟူသော ပဋိစ္စသမုပ္ပါဒ ပစ္စယသမုဒယ အကြောင်း ကြောင့် အကျိုးဖလရှစ်ပါးနှင့် ဥပါဒါနက္ခန္ဓာငါးပါးကိုသာ ဖြစ်စေနိုင်၏၊ ဒုက္ခ၏အကြောင်းသမုဒယမဟုတ်၊ဒုက္ခဟူသည် ပဋိစ္စသမုပ္ပန္နပြင် အကြောင်း မရှိ၊ ပဋိစ္စသမုပ္ပန္နသည်လည်း အကြောင်းမဟုတ်သောကြောင့် ဒုက္ခဓမ္မသာ မည်၏၊ ထိုဒုက္ခသည် လောကီစိတ် ရှစ်ဆယ့်တပါးဟူသော ဒုက္ခသည်လည်း

ပရိညေယျဒုက္ခသာမည်၏၊ ထိုပရိညေယျ ဒုက္ခသည် ဒုက္ခသစ္စာမည်သော ဒုက္ခဓမ္မမဟုတ်၊ ဘာဝေတဗ္ဗမည်သော မဂ္ဂသစ္စာသည်လည်း ပဋိစ္စသမုပ္ပန္န မည်သော နိရောဓဓမ္မချုပ်ငြိမ်းခြင်း၏ အကြောင်းသည်သာလျှင် မဂ္ဂသစ္စာ မည်၏၊ထိုမဂ္ဂသစ္စာသည် အကြောင်းပစ္စယဖြစ်ခြင်းကြောင့် ပစ္စယဟူ၍ ဟော တော်မူ၏၊ နိရောဓသစ္စာနိဗ္ဗာန်၏ အကြောင်းကား မဟုတ်သောကြောင့် နိရောဓသစ္စာနိဗ္ဗာန်သည် အပ္ပစ္စယမည်၏၊ ထိုနိရောဓ သစ္စာနိဗ္ဗာန်သည် ဝိညာဏံပရိညေယျံဟု ဟောတော်မူသကဲ့သို့ ဝိညာဏံအနိဒဿနံ အနန္တံ ဟူသော နိဗ္ဗာန်သည် ပရိညေယျမည်သော နိဗ္ဗာန်တည်း။

ထိုပရိညေယျဉာဏ်ဖြင့် သိအပ်သော ဝိညာဏဓာတ်-ဥပါဒ်,ဌီ,ဘင်ရှိသော သတ္တ,ဇီဝဟူသော ပရမတ္ထဖြစ်သော စိတ်ဝိညာဏ်သည်ကား ပရိညေယျ အနိစ္စ,ဒုက္ခ,အနတ္တသာ ဖြစ်၏၊ ထိုဝိညာဏဓာတ်၏ ဥပါဒ်, ဌီ, ဘင်ဟူသော အနိစ္စ,ဒုက္ခ,အနတ္တဖြစ်၍ ထိုအနိစ္စ,ဒုက္ခ,အနတ္တ၏ ချုပ်ရာငြိမ်းရာ ကိုလည်း နိရောဓသစ္စာနိဗ္ဗာန်ဟု ဟောတော်မမူ၊ ဘူတရုပ်လေးပါးနှင့်တကွ စိတ် ဝိညာဏ်ရှိသော ပရမတ္ထဖြစ်သော ခန္ဓာငါးပါး၏မရဏအနိစ္စ၏ ချုပ်ငြိမ်း ခြင်းကိုလည်း အမတနိဗ္ဗာန်ဟု ဟောတော်မမူ၊ ဤသို့သခ်တဉာဏ်ဟု ဆိုအပ် သော ပဋိသန်္ခါဉာဏ်နှင့်ပြည့်စုံတော်မူကြကုန်သော သေက္ခ, အသေက္ခမည် သော ဘုရားရဟန္တာအရိယာအရှင်မြတ်တို့သည် အဘယ်မည်သော လောက ၌ တည်နေတော်မူကြပါကုန်သနည်း၊ သုံးလူ့ထွင်ရထား မြတ်စွာဘုရားသည် "လောကံ ဝိဒတိ ဇာနာတီတိ လောကဝိဒူ" ဟူသော ဂုဏ်တော်နှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရားသည်သာလျှင် လောကကိုသိတော်မူ၏၊အဘယ်သို့ လောကကို သိတော်မူသနည်း၊ သတ္တလောက ဟူ၍၎င်း, သခ်ါရလောက ဟူ၍၎င်း, ဩကာသလောကဟူ၍၎င်း၊ ဤသို့လျှင် လောကသည် သုံးပါး အပြားရှိ၏၊ ထိုသုံးပါးသောလောကတို့တွင် ဝိညာဏဋ္ဌိတိခုနစ်ပါးနှင့်တကွ ဘုံကိုးဝ၌ တည်နေသောသတ္တဝါတို့ကို မြင်တော်မူသောကြောင့် ထိုဘုံကိုးဝကို သတ္တလောကဟုဟောတော်မူ၏။

မြတ်စွာဘုရားသည် ရှိသောတရားကို ရှိသည်ဟု ဟောတော်မူ၏၊ ထို့ ကြောင့်"အတ္ထိနိရောဓော"ဟုသတ္တ,ဇီဝနှင့်တကွ စိတ်ဝိညာဏ်ရှိသောပရမတ္ထ တရားကိုလည်း သတ္တလောကဟူသောအမည်ဖြင့် ဟောတော်မူ၏၊ ထိုသတ္တ လောကကိုပရိညေယျဉာဏ်ဖြင့် ဥပါဒ်,ဌီ,ဘင်ကိုကြည့်၍အနိစ္စ,ဒုက္ခ,အနတ္တ, အသုဘဟူသော ဝိပဿနာကိုရှုအပ်၏၊ ထိုစိတ်ဝိညာဏ်ဟူသော ပရမတ္ထ

တရားသည် ရှိသောတရားဖြစ်၍ မရှိအောင် ပျောက်ကွယ်၍ သွားအောင် ဝိပဿနာကိုမရှုအပ်၊ပရမတ္ထအားဖြင့်ရှိသောတရားကို မရှိအောင် ပျောက်ကွယ်၍သွားအောင် ရှုသည်ရှိသော် ထိုသို့ ပျောက်ကွယ်၍ သွားအောင် ဝိပဿနာကိုရှုလျှင် သဿတဒိဋ္ဌိဝါဒအယူဖြစ်၏၊ ဥပါဒ်,ဋ္ဌီ,ဘင် သတ္တ,ဇီဝ မရှိသော သင်္ခါရလောကနှင့် ဩကာသလောကဟူသော ဓမ္မာရုံပရမတ္ထ တရားကို မရှိအောင် ပျောက်ကွယ်၍သွားအောင် ဝိပဿနာကိုရှုလျှင် ဥစ္ဆေဒ ဒိဋ္ဌိဝါဒဖြစ်၏၊ အဘယ်ကြောင့် ဒိဋ္ဌိဖြစ်သနည်း၊ ထိုပရမတ္ထတရားနှစ်ပါး၌ ရှိပရမတ်,မရှိပရမတ်ကို ပရိညေယျဉာဏ်ဖြင့် မသိခြင်းကြောင့်တည်း။

သင်္ခါရလောကဟူသည်ကား နှစ်ပါးအပြားရှိ၏၊ နှစ်ပါးဟူသော်ကား အသုဒ္ဓဓမ္မသင်္ခါရလောကတပါး, သုဒ္ဓဓမ္မသင်္ခါရလောကတပါး၊ ထိုနှစ်ပါး တို့တွင် ဩယလေးပါးနှင့်တကွသော ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာ လောကသည် ထောက်တည်ရာ,မှီခိုရာ,ကိုးကွယ်ရ ဩကာသမရှိသောကြောင့် အသုဒ္ဓဓမ္မသင်္ခါရလောကမည်၏၊ ထို့ကြောင့် "သဂါထာဝဂ္ဂသံယုတ်ပါဠိ တော်"၌ အသုဒ္ဓဓမ္မသင်္ခါရလောကကိုရည်၍ နတ်သားမေးလျှောက်လာလေ ၏၊ "အပတိဋ္ဌံ အနာလမ္ဗံ၊ ဩဃံ တရတိ ဒုတ္တရံ" ဟူ၍မေးလျှောက်လေ၏၊ ထိုပဋိစ္စသမုပ္ပါဒဟူသောဥပါဒါနက္ခန္ဓာလောကသည်ဒိဋ္ဌိ,ဝိစိကိစ္ဆာဟူသော အဝိဇ္ဇာ,တဏှာ အမြစ်ရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ တည်နေရာဖြစ်သော ကြောင့် အသုဒ္ဓဓမ္မသင်္ခါရလောကမည်၏၊ ထိုအသုဒ္ဓဓမ္မမည်သော ဥပါဒါ နက္ခန္ဓာလောကကို ထောက်တည်ရာ,မှီခိုရာ,ကိုးကွယ်ရာ,တည်ရာဩကာသမရှိ သောကြောင့် ဩကာသလောကဟု ဟောတော်မမူ၊ ထို့ကြောင့် ထိုဥပါဒါ နက္ခန္ဓာဟူသော လောကသည် အသုဒ္ဓဓမ္မသင်္ခါရလောကသာမည်၏၊ သုဒ္ဓ ဓမ္မသင်္ခါရလောကဟူသည်ကား သုဒ္ဓဓမ္မ-ပဋိစ္စသမုပ္ပါဒ နိဿရဏဟူသော လောကသည် သုဒ္ဓဓမ္မသင်္ခါရလောကမည်၏၊ ထိုသုဒ္ဓဓမ္မသင်္ခါရလောက ရှိကြောင်းကို "သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်"၌—

သုဒ္ဓဓမ္မသမုပ္ပါဒံ၊ သုဒ္ဓသင်္ခါရသန္တတိံ။
ပဿန္တဿ ယထာဘူတံ၊ နဘယံ ဟောတိ ဂါမဏိ။

ဟုဟောတော်မူ၏။

"သဂါထာဝဂ္ဂသံယုတ်ပါဠိတော်"၌ အာဋ္ဌဝီမည်သော ဘိက္ခုနီမသည် ဝိပဿနာဟူသော ပဋိသင်္ခါပညာဖြင့် သုဒ္ဓဓမ္မသင်္ခါရလောက၌ နိဿရဏ ဟူသော ပုဗ္ဗနိဗ္ဗာန်ရှိကြောင်းကို ဟောတော်မူ၏။

အတ္ထိ နိဿရဏံ လောကေ၊ ပညာယ မေ သုဖုသိတံ။
ပမတ္တဗန္ဓု ပါပိမ၊ နတ္တိ ဇာနာသိ တံပဒံ။

ထိုသုဒ္ဓမ္မ သင်္ခါရလောကဟူသော နိဿရဏသံသရာ၌ သပ္ပုရိသမည်သော သူတော်ကောင်းနှင့်တကွ သေက္ခအရိယာခုနစ်ပါးတို့သည် တည်နေတော်မူကြကုန်၏။

ဩကာသလောကဟူသည်ကား ကာမောဃ,ဘဝေါဃ, ဒိဋ္ဌောဃ,အဝိဇ္ဇောဃ တည်းဟူသောလေးပါးသောဩဃမှလွန်မြောက်၍ထောက်တည်ရာ,မှီခိုရာ, ကိုးကွယ်ရာ, ပုန်းအောင်းရာဖြစ်၍ တည်ရာဖြစ်သောကြောင့် ဩကာသလောကမည်၏၊ ထိုဩကာသ မည်သော နိဗ္ဗာန်အရပ်၌ ဘုရားရဟန္တာဟူသော ပရိနိဗ္ဗုတပုဂ္ဂိုလ်အရှင်မြတ်တို့သည် နိစ္စသုခဖြစ်၍ အဇာတ,အဘူတ,အကတ,အသင်္ခတ ဟူသော နိဗ္ဗာန်၌ အမြဲတည်နေတော်မူကြကုန်၏။

ဤသို့ဩကာသလောကဟူသောနိဗ္ဗာန်သည် သပ္ပုရိသမှစ၍ဘုရားရဟန္တာအရိယာအရှင်သူမြတ်တို့၏ထောက်တည်ရာ,မှီခိုရာ,ကိုးကွယ်ရာ,ပုန်းအောင်းရာကျွန်းကြီးသဘွယ်ဖြစ်သော နိဗ္ဗာန်ဟူသော ဩကာသလောကကို ဝေဿဝဏ် နတ်မင်းကြီးကို အဦးမူ၍ များစွာသောနတ်ပရိသတ်တို့အား ဟောတော်မူ၏။

ဒီပါ နာထာ ပတိဋ္ဌာစ၊ တာဏာ လေဏာစ ပါဏိနံ။
ဂတီ ဗန္ဓူ မဟေဿာသာ၊ သရဏာစ ဟိတေသိနော။

ဟုဤဩကာသလောကကြီး၏ အထူးသဖြင့် မြတ်ကြောင်းကိုဟောတော်မူ၏၊ထိုဩကာသလောကသည် သဉပါဒိသေသဩကာသလောက,အနုပါဒိသေသဩကာသလောကဟူ၍ နှစ်ပါးအပြားရှိ၏၊ ဤလောကသုံးပါးတို့တွင် သတ္တလောကဟူသည် သတ္တ,ဇီဝနှင့်တကွဉပါဒ်, ဌီ,ဘင်ရှိသော ပရမတ္ထဖြစ်သော ဝိညာဏဒ္ဓိတ်မည်သော သတ္တလောကပေတည်း၊ သင်္ခါရလောကနှင့် ဩကာသလောကသည်ကား ဉပါဒ်,ဌီ,ဘင်ကင်းသော နိဿတ္တ,နိဇ္ဇီဝဖြစ်သော ပရမတ္ထဓမ္မာရုံဟူသော လောကနှစ်ပါးပေတည်း၊ လောကုတ္တရာဟူသော စကားတော်သည် "လောကတောဉတ္တရံ" ဟူသည်နှင့် အညီ ပဋိစ္စသမုပ္ပါဒ ဟူသော ဉပါဒါနက္ခန္ဓာလောကမှ လွန်မြောက်သည်ကို လောကုတ္တရာဟု ဟောတော်မူ၏။

ထိုလောကသုံးပါးတို့တွင် သတ္တလောကဟူသော ဝိညာဏဋ္ဌိတိခုနစ်ပါးနှင့်တကွ ဘုံကိုးပါး၌တည်နေသောသတ္တဝါတို့သည်ကား“နိရောဓောအတ္ထိ” ဟူ၍ဟောတော်မူသောကြောင့် ဥပါဒ်, ဋ္ဌီ,ဘင်နှင့် တကွ သတ္တ,ဇီဝရှိသော ပရမတ္ထဖြစ်သော ထိုခန္ဓာငါးပါး၌ ဥစ္ဆေဒအားဖြင့် အယူကိုယူသည်ရှိသော် ထိုအယူသည်သမ္မာဥစ္ဆေဒဝါဒအယူဟု ဟောတော်မူ၏၊ သင်္ခါရလောကနှင့် ဩကာသလောကဟူသော ဤလောကနှစ်ပါးသည် ပရမတ္ထဓမ္မာရုံမည်သော လောကပေတည်း၊ထိုလောကနှစ်ပါးသည် ဥပါဒ်,ဋ္ဌီ,ဘင်ဟူသော ပြတ်ခြင်းမှ ကင်း၍ နိဿတ္တ,နိဇ္ဇီဝ၏ အဖြစ်ဖြင့်၎င်း,ပရမတ္ထဖြစ်သောဓမ္မာရုံ၏သဘော၏ အဖြစ်ဖြင့်၎င်း, အမြဲတည်ခြင်းကြောင့် သဿတဟူသောအယူကို ယူသည်ရှိသော် ထိုအယူသည် သမ္မာသဿတဝါဒအယူဟုဟောတော်မူ၏၊ထို့ကြောင့် “ပဋိသမ္ဘိဒါမဂ်ပါဠိတော်”၌ ဝိပရိတသညီဟု ဟောတော်မူ၏၊ ဤနှစ်ပါးသောအယူသည် အောက်အထက်ပြန်၍နေသော အယူဖြစ်၍ ထိုအယူကို ပဋိသမ္ဘိဒါဉာဏ်ဖြင့် ရအောင်အားထုတ်၍ အထက်ကိုအောက်ပြု၍ ပြန်လှန်နိုင်သောသမ္မတ္တအစွမ်းရှိသောသူသည် သမ္မာဒိဋ္ဌိပုဂ္ဂိုလ်၏အဖြစ်ဖြင့် ပဋိဝေဓသာသနာတော်တွင်းသို့ရောက်ရလေ၏။

ဤတွင်ကား ပညာနေတ္တိဝိပဿနာကျမ်း၏ အဖွင့်ဖြစ်သော
ပဋိစ္စသမုပ္ပါဒမည်သောကျမ်း နိဂုံးကမ္ပတ် ကဏ္ဍဖြတ်၍
အပြီးသတ်သောစကားတည်း။

## နိဂုံးချုပ်ပါဠိ

၁။ ဇာဒါနေတ္တ ပဝက္ခာမိ နိဂမံ၊ တတ္တ ဟိ ဇာမဿ ပညာနေတ္တိဝိပဿနာ ဂန္ထဿ သံဝဏ္ဏနံ သာဓိပ္ပါယေန မြန်မာဘာသာယ နာနပ္ပကရဏောဟိ ဥဒ္ဓရိတွာ ခါရယိတွာ သုသံလက္ခေတွာ ပကာသန္တော ဥတ္တာနိ ကရောန္တော ယွာယံ ပဋိစ္စသမုပ္ပါဒဂန္ထော နိဋ္ဌံ သမာပနံ ဇာတော ဂတော ပတ္တော သမ္ပတ္တောတိ နိဋ္ဌိတော။

၂။ အယဉ္ဟိ ပညာနေတ္တိဝိပဿနာ ဂန္ထော မုဒ္ဒါဘိသေကသုရာဇ သုမနဿ နိဝါသနဋ္ဌာနေ ရတနတ္တယ ဂုဏ ပုဥ္ဇ မဟန္တတ္တာ ရတနာပုဉ် တိဂုယ သင်္ခါတေ မန္တလာ နဂရေ ပဌမံတာဝ ဝန်စာရေးတိ ဝေါဟာရေဟိ ဦးမြဲ ဈာဒိသပ္ပုရိ သေဟိ သုမုဒ္ဒါပိတော။

၃။ တတောပရံ ဒုတိယဝါရမှိ ရာမညရဋ္ဌေ ဝေရိက္ခယ နာမကေ ဟံသာဝတီ ဝှယ နဂရေ "ဗြိတိသျှဘားမားရှစ်ရှင်ကုမ္ပဏီ" တိဝေါဟာရော ဦးညွန့် တိနာမကော ယောသော သပ္ပုရိသော အတ္ထိ၊ ဗုဒ္ဓါဒိရတနတ္တယဂုဏောသု သုပသန္နသဒ္ဓံ ယံ တံ သပ္ပုရိသံ ဥပနိဿာယ ယွာယံပိ ဂန္ထော သုမုဒ္ဒါပိတော။

၄။ အသ္မိံ ဒုတိယဝါရမှိ သုမုဒ္ဒါပိတေ အသ္မိံပိ ဂန္ထေ ပဋိစ္စသမုပ္ပါဒေါ သခေ်ပေန အာဂတတ္တာ သောပိဂန္ထော အတိသုဂမ္ဘီရော၊ အတိသုဂမ္ဘီရတ္တာ အတိသုဒုဒ္ဒသော အတိသုဒုဝိညေယျော၊ ဘဂဝတာ ဟိ ဒေသိတေ သုဒ္ဓ ဓမ္မ သမုပ္ပါဒေ ဓမ္မတ္ထပဋိသမ္ဘိဒါဉာဏံ ဇာနိတုဉ္စေဝ ပဿိတုံစ နေဝ သက္ကောန္တိ သုဇနာ၊နစ ဟောန္တိ သုလဒ္ဓာ၊အတိသုဒုက္ကရာယေဝ ဟောန္တိ၊ တသ္မာ တတောပရံ ဋ္ဌမသ္မိံ ရာမညရဋ္ဌေ ဝေရိက္ခယနာမကေ ဟံသာဝတီ ဝှယ နဂရေယေဝ ဝသန္တော သမ္မာဇီဝေန ဇီဝိတံ ကပ္ပေတွာ ရတနတ္တယ မာမက-ဋ္ဌာနေ သုဝဏ္ဏတိဂုမ္ဘစေတိယေ ပုရတ္ထိမဒိသာဘာဂေ မဟာသောပါဏ-ပါသာဒံ သုဋ္ဌုံကတွာ သုဒိန္နတ္တာ ပါသာဒ ဒါယကော ဦးနိုင် တိဝေါဟာရော သမညာအတ္ထိ၊တဿ မဟာသေဋ္ဌိနော ဥရဇာတောသေဋ္ဌိပုတ္တော လောကိယ ဓမ္မသတ္တဝိနိစ္ဆယေသု အတိကုသလတ္တာ အတိဆေကတ္တာ ဝတ်လုံ တိဂုဏ ဝိသေသလဒ္ဓေါ ဦးဘထွန်း တိနာမ ဝေါဟာရောအတ္ထိ၊ တဿ သေဋ္ဌိ ပုတ္တဿ ဇာယာ သဒ္ဓါသမ္ပန္န ဘရိယာ ဒေါ်ညွန့် တိနာမ ဝေါဟာရော အတ္ထိ၊တေပိဒွေ ဇာရတ္တဇာယာ သုဒုလ္လဘသဒ္ဓံ လဒ္ဓါယ တေသံပိ သဒ္ဓံ ဥပနိဿာယ ပုနာပိ တတိယဝါရံ ယွာယံဂန္ထော သုဝက္ခိတော သုပကာသိတော သုမုဒ္ဒါပိတော။

၅။ ပဒံ နိဗ္ဗာနံ အတ္ထိကာနံ သပ္ပုရိသာနံ နိဝါသောတိ ပဒတ္တိကော၊ အထဝါ ပဒံ နိဗ္ဗာနံ အတ္ထိ အတ္ထိကာ သုဒ္ဓ ဒလိဒ္ဒ သေဋ္ဌိ ဂဟပတိကာ သပ္ပုရိသာ ကသိဝါဏိဇ္ဇာဒိကမ္မံ ကတွာ သမ္မာဇီဝေန ဇီဝိတံ ကပ္ပေတွာ နိဝါသော အဘိရမ္မဏီယ ဒေသောတိ ပဒတ္တိကော၊ ပဒတ္တိကော ယေဝ ပဒတ္ထိုင်းတိဝေါဟာရော ယောသော မဟာဂါမောအတ္ထိ၊ တသ္မိံမဟာဂါမေ ဇာတိယာ ဇာတော သုဝိဇာတော သွာဟ မာစေရကိုံ့ရ နာမကော ယွာယံ ဂန္ထော သုလိခိတော၊ သွာယံ ဂန္ထော သုနိဋ္ဌိတော။

၆။ သက္ကရာဇေ ကျေန တိသတာဓိကေ သဟဿဝဿေ သမ္ပတ္တေ ပဉ္စမအာသဠိမာသပုဏ္ဏမေ အင်္ဂါရဝါရေ သုပကာသိတော ပဋိစ္စသမုပ္ပါဒေါ နာမ ပညာနေတ္တိဝိပဿနာ ဂန္ထော ယွာယံ သုနိဋ္ဌိ သုသမာပနံ ဋ္ဌတော ဂတော ပတ္တော သမ္ပတ္တောတိ သုနိဋ္ဌိတော။

# နိဂုံးချုပ်အနက်

၁။ ဣဒါနိ၊ယခု၊ ဧတ္တ၊ ဤပညာနေတ္တိဝိပဿနာ ကျမ်း၏ အဖွင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒကျမ်း၌၊ နိဂမံ၊နိဂုံးကို။ ပဝက္ခာမိ၊ ဆိုပေအံ့။ ဟိ၊ချဲ့၍ ဆိုဦးအံ့။ တတ္ထ၊ ထိုပညာနေတ္တိ ဝိပဿနာ ကျမ်း၌။ ဣမဿ ပညာနေတ္တိ ဝိပဿနာ ဂန္ထဿ၊ ဤပညာနေတ္တိ ဝိပဿနာ မည်သော ကျမ်း၏။ သံဝဏ္ဏနံ၊ အဖွင့်ဖြစ်သော ကျမ်းကို။ သာမိပ္ပါယေန၊ အဓိပ္ပါယ်နှင့်တကွ။ မြန်မာဘာသာယ၊ မြန်မာဘာသာဖြင့်။ နာနပ္ပကရဏေဟိ၊ အထူးထူးသော ကျမ်းဂန်တို့မှ။ ဥဒ္ဓရိတွာ၊ ထုတ်နုတ်၍။ ဓာရယိတွာ၊ဆောင်၍။သုသံလက္ခေတွာ၊ ကောင်းစွာ မှတ်၍၊ ပကာသန္တော၊ ပြလျက်။ ဥတ္တာနိံ၊ သိသာ ပေါ်လွယ်သည်ကို။ ကရောန္တော၊ ပြုလျက်။ ယွာယံ ပဋိစ္စသမုပ္ပါဒ ဂန္ထော၊အကြင်ပဋိစ္စသမုပ္ပါဒ မည်သောကျမ်းသည်။နိဋ္ဌံသမာပနံ၊ပြီးဆုံးခြင်းသို့၊ ဂတော-ဂတော-ပတ္တော-သမ္ပတ္တော၊ ရောက်ပြီ။ ဣတိတသ္မာ၊ ထိုကြောင့်၊နိဋ္ဌိတော၊ နိဋ္ဌိတမည်၏။

၂။ ဟိ၊ချဲ့၍ဆိုဦးအံ့။ အယံ ပညာနေတ္တိဝိပဿနာ ဂန္ထော၊ဤပညာနေတ္တိ ဝိပဿနာ မည်သောကျမ်းကို။မုဒ္ဒါဘိသေက သုရာဇ သုမနဿ နိဝါသန ဌာနေ၊ ဘိသိက်သွန်းလောင်းအပ်သော ကောင်းသောမင်း,ကောင်းသောလူတို့၏ နေရာဖြစ်သော။ရတနတ္တယဂုဏပုဥ္ဇမဟန္တတ္တာ၊ရတနာသုံးပါးတည်းဟူသော ဂုဏ်အစုတို့ဖြင့် ကြီးမြတ်သည်၏အဖြစ်ကြောင့်၊ရတနာပုဉ်တိဝှယသဒ်ါတော၊ ရတနာပုံဟူ၍ခေါ်ဆိုအပ်သော။ မန္တလာနဂရေ၊မန္တလေးမြို့၌။ ပဌမံတာဝ၊ ရှေးဦးစွာ။ ဝန်စာရေးတိ ဝေါဟာရေဟိ၊ ဝန်စာရေး ဟူ၍ ခေါ်ဆိုအပ်ကုန်သော။ဦးမြဲ တျာဒိ သပ္ပုရိသေဟိ၊ ဦးမြဲ အစရှိသော သပ္ပုရိသ သူတော်ကောင်းတို့သည်။ သုမုဒ္ဒါပိတော၊ ကောင်းစွာပုံနှိပ် လုပ်ဆောင်အပ်ပြီ။

၃။ တတောပရံ၊ ထိုမှနောက်၌။ ဒုတိယ ဝါရမ္ပိ၊နှစ်ကြိမ်မြောက်လည်း။ ရာမညရဋ္ဌေ၊ ရာမည်တိုင်း၌။ ဝေရိကွယ နဂရေ နာမကေ၊ ရန်ကုန်မြို့ ဟူ၍ အမည်ရှိသော။ဟံသာဝတီဝှယနဂရေ၊ဟံသာဝတီ မည်သော မြို့ကြီး၌၊ဗြိတိသျှ ဘားမား ရှပ်ရှင်ကုမ္ပဏီ တိဝေါဟာရော၊''ဗြိတိသျှဘားမားရှပ်ရှင်ကုမ္ပဏီ''ဟု ခေါ်ဆိုအပ်သော။ဦးညွန့်တိနာမကော၊ ဦးညွန့် အမည်ရှိသော။ ယောသော သပ္ပုရိသော၊ အကြင်သပ္ပုရိသပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိ၏။ ဗုဒ္ဓါဒိရတနတ္တယ ဂုဏေသု၊ ဘုရားအစရှိသော ရတနာသုံးပါးတို့၌။ သုပသန္နသဒ္ဓံ၊ ကောင်းစွာ ကြည်ညိုသော သဒ္ဓါတရားရှိသော။ယံတံသပ္ပုရိသံ၊အကြင်သပ္ပုရိသ သူတော်

ကောင်းကို။ ဥပနိဿာယ၊ အမှီပြု၍။ ယွာယံပိဂန္ထော၊ အကြင်ပညာနေတ္တိဝိပဿနာကျမ်းကိုလည်း။သုမုဒ္ဒါပိတော၊ကောင်းစွာပုံနှိပ်လုပ်ဆောင်အပ်ပြီ။

၄။ အသို့ံ၊ဤကျမ်းသည်။ ဒုတိယဝါရံ၊နှစ်ကြိမ်မြောက်လည်း။ သုမုဒ္ဒါပိတေပိ၊ကောင်းစွာပုံနှိပ်လုပ်ဆောင်ပါသော်လည်း။ အသို့ံပိဂန္ထေ၊ဤကျမ်း၌လည်း။ပဋိစ္စသမုပ္ပါဒေ၊ ပဋိစ္စသမုပ္ပါဒတရားသည်။ သခ်ေပေန၊ အကျဉ်းအားဖြင့်။ အာဂတတ္တာ၊လာသည်၏အဖြစ်ကြောင့်။သောပိဂန္ထော၊ ထိုကျမ်းသည်လည်း။ အတိသုဂမ္ဘီရော၊အလွန်နက်နဲ၏။အတိသုဂမ္ဘီရတ္တတ္တာ၊ အလွန်နက်နဲသော အနက်ရှိသည်၏အဖြစ်ကြောင့်။အတိသုဒုဒ္ဒသော၊ အလွန်မြင်နိုင်ခဲ၏။ အတိသုဒုဝိညေယျော၊ အလွန် သိနိုင်ခဲ၏။ ဟိသစ္စံ၊ မှန်၏။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဒေသိတော၊ဟောတော်မူအပ်သော။သုဒ္ဓဓမ္မသမုပ္ပါဒေ၊သက်သက်သော ပရမတ္ထဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒ တရားအပေါင်း၌။ ဓမ္မတ္ထပ္ပဋိသမ္ဘိဒါဉာဏံ၊ဓမ္မပ္ပဋိသမ္ဘိဒါဉာဏ်,အတ္ထပ္ပဋိသမ္ဘိဒါဉာဏ်ကို။ ဇာနိတုဠေ္ဓဝ၊သိမြင်း၄ါရင်း။ ပဿိတုံစ၊မြင်ခြင်း၄ါရင်း။ သုဇနာ၊သပ္ပုရိသအပေါင်းသူတော်ကောင်းတို့သည်။ နေဝသက္ကောန္တိ၊မစွမ်းနိုင်ကုန်။ သုလဘ္ဘာ၊ရလွယ်ကုန်သည်။ နစဟောန္တိ၊ဖြစ်လည်းမဖြစ်ကုန်။ အတိသုဒုက္ကရာယေဝ၊ အလွန်ပြုနိုင်ခဲကုန်သည်သာလျှင်။ ဟောန္တိ၊ဖြစ်ကုန်၏။ တသ္မာ၊ထိုကြောင့်။ တတော ပရံ၊ ထိုမှနောက်၌။ရာမညရဋ္ဌေ၊ရာမညတိုင်း၌။ဝေရိက္ခယနာမကေ၊ ရန်ကုန်မြို့ဟု အမည်ရှိသော။ ဇူမသို့ံဟံသာဝတီ ၄ယနဂရေယေဝ၊ ဤဟံသာဝတီမည်သောမြို့၌သာလျှင်။ ဝသန္တော၊ နေသော။ သမ္မာဇီဝေန၊ ကောင်းသောအသက်မွေးခြင်းဖြင့်။ ဇီဝိတံ၊ အသက်ကို၊ကပ္ပေတွာ၊ မွေး၍။ရဘနတ္တယမာမကဠ္ဌာနေ၊ ရတနာသုံးပါးကို ကြည်ညိုသောအရာ၌။ သုဝဏ္ဏတိဂုမ္ဘစေတိယေ၊ ရွှေတိဂုံ စေတီတော်မြတ်၏။ ပုရတ္ထိမဒိသာဘာဂေ၊အရှေ့မျက်နှာအရပ်၌။ မဟာသောပါဏပါသာဒံ၊ အဦးထိပ်ဖြစ်သော စောင်းတန်းပြာသာဒ်ကြီးကို။သုဌ္ဌု၊ ကောင်းစွာ။ကတွာ၊ဆောက်လုပ်၍။သုဒိန္နတ္တာ၊ ကောင်းစွာလှူအပ်သည်၏အဖြစ်ကြောင့်။ ပါသာဒဒါယကော၊ ပြာသာဒ်ဒါယကာဟု အမည်ရသော။ ဦးဘိုးခိုင်တိဝေါဟာရော၊ဦးဘိုးခိုင် ဟူ၍ခေါ်ဝေါ်အပ်သော။သမညာ၊အမည်သည်။ အတ္ထိ၊ ရှိ၏။ တဿမဟာသေဋ္ဌိနော၊ ထိုပြာသာဒ်ဒါယကာ-သူဌေးဦးဘိုးခိုင်၏။ဉရဇာတော၊ရင်သွေးဖြစ်သော၊သေဋ္ဌိပုတ္တော၊သူဌေးသားသည်။ လောကိယဓမ္မသတ္တဝိနိစ္ဆယေသု၊လောကီဓမ္မသတ် ကျမ်းဂန်အရပ်ရပ်သောဆုံးဖြတ်ခြင်းအမှုတို့၌။အတိကုသလတ္တာ အတိဆေကတ္တာ၊အလွန်ကျွမ်း

ကျင်လိမ်မာသည်၏အဖြစ်ကြောင့်။ ဝတ်လုံတိဂုဏာဝိသေသလဒ္ဓေါ၊ ဝတ်လုံ ဟူသော ဂုဏ်ထူးတံဆိပ်အမည်ရသော။ ဦးဘထွန်း တိနာမဝေါဟာရော၊ ဦးဘထွန်း ဟူသောအမည်ဖြင့် ခေါ်ဝေါ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တဿ သေဋ္ဌိပုတ္တဿ၊ ထိုသူဌေးသား-ဦးဘထွန်း၏။ ဇာယာ-သဒ္ဓါသမ္ပန္နဘရိယာ၊ သဒ္ဓါတရားနှင့်ပြည့်စုံသော မိတ်ခင်ပွန်းဖြစ်သော။ ဒေါ်ညွန့်တိနာမဝေါရော၊ ဒေါ်ညွန့်ဟူသော အမည်သည်။ အတ္ထိ၊ ရှိ၏။ တေပိဒွေဇာရတ္တဇာယာ၊ ထို မောင်နှံနှစ်ပါးစုံတို့သည်။ သုဒုလ္လဘသဒ္ဓံ၊ အလွန်ရခဲသော သဒ္ဓါတရားကို။ လဒ္ဓါယ၊ရ၍။တေသံ၊ ထိုလေးကျွန်းမာရ်အောင် ပြည်လုံးချမ်းသာ စေတီ တော်ကြီး၏ ဒါယကာ ဝတ်လုံတော်ရ ဦးဘထွန်း, ဘုရားအမကြီး ဝတ်လုံ ကတော် ဒေါ်ညွန့်တို့၏။ သဒ္ဓံပိ၊ သဒ္ဓါတရားကိုလည်း ဥပနိဿာယ၊ မှီ၍။ ပုနာပိ၊ တဘန်လည်း။ တတိယဝါရံ၊ သုံးကြိမ်မြောက်၊ ယွာယံဂန္ထော၊ အကြင်ပညာနေတ္တိဝိပဿနာ မည်သောကျမ်းကို။ သုဝက္ခိတော၊ကောင်းစွာ ဆိုအပ်ပြီ။ သုပကာသိတော၊ ကောင်းစွာပြအပ်ပြီ။သုမုဒ္ဒါပိတော၊ကောင်းစွာ ပုံနှိပ် လုပ်ဆောင်အပ်ပြီ။

၅။ ပဒံနိဗ္ဗာနံ၊နိဗ္ဗာန်ကို။အတ္ထိနံ-အတ္ထိကာနံ၊ အလိုရှိကုန်သော။သပ္ပုရိသာနံ၊ သပ္ပုရိသမည်သော သူတော်ကောင်းတို့၏။ နိဝါသော။ နေထိုင်ရာ အရပ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ပဒတ္ထိကော၊ ပဒတ္ထိကမည်၏။ အထဝါ၊တနည်းကား။ ပဒံနိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အတ္ထိ-အတ္ထိကာ၊ အလိုရှိကြ ကုန်သော။ သုဒ္ဒ ဒလိဒ္ဒ-သေဋ္ဌိ ဂဟပတိကာ၊ သူဆင်းရဲ- သူဌေးသူကြွယ် ဖြစ်ကုန်သော။ သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ ကသိဝါဏိဇ္ဇာဒိကမ္မံ၊ တောင်သူလယ်လုပ်-ကုန်သွယ်ခြင်းအစရှိသောအမှုကို။ ကတွာ၊ပြု၍။ သမ္မာ ဇီဝေန၊ ကောင်းသောအသက်မွေးခြင်းဖြင့်။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေတွာ၊ မွေး၍။ နိဝါသော ဣတိရမ္မဏိယာဝါသော၊မွေ့လျော် ပျော်ပါးသောသူတို့၏ နေထိုင်ရာအရပ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ပဒတ္ထိကော၊ ပဒတ္ထိက မည်၏။ ပဒတ္ထိကောယေဝ၊ ပဒတ္ထိကဟူသော ပုဒ်သည်ပင်လျှင်။ ပဒတ္ထိုင်း တိဝေါဟာရော၊ ပဒတ္ထိုင်း ဟု ခေါ်ဝေါ် အပ်သော။ ယောသောမဟာ ဂါမော၊ အကြင်ရွာကြီးသည်။ အတ္ထိ၊ ရှိ၏။ တသ္မိံမဟာဂါမေ၊ ထိုပဒတ္ထိုင်း ရွာကြီး၌။ဇာတိယာ၊ ပဋိသန္ဓေအားဖြင့်။ သုဇာတော၊ ကောင်းစွာ ဘွားမြင် သော။ အာစေရကုံရနာမကော၊ ဆရာညွန့် အမည်ရှိသော၊ သွာဟံ- သော အဟံ၊ ထိုအကျွန်ုပ်သည်။ ယွာယံဂန္ထော၊ အကြင်ပညာနေတ္တိဝိပဿနာ ကျမ်း၏ အဖွင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒမည်သော ကျမ်းကို။ သုလိခိတော၊

ကောင်းစွာရေးအပ်ပြီ။ သွာယံဂန္ထော၊ ထိုပဋိစ္စသမုပ္ပါဒမည်သော ကျမ်းသည်။ သုနိဋ္ဌိတော၊ ကောင်းစွာပြီးပြီ။

၆။ သက္ကရာဇေ၊ သက္ကရာဇ်သည်။ ကျေနတိသတာဓိကေ၊ တခုယုတ်သုံးရာအလွန်ရှိသော။ သဖာဃဝဿေ၊ အနှစ်တထောင်သို့။ သမ္ပတ္တေ၊ ရောက်သည်ရှိသော်။ ပဌမအာသဠှီမာသပုဏ္ဏမေ၊ ပဌမဝါဆိုလပြည့်နေ့၌။ အင်္ဂါရဝါရေ၊ အင်္ဂါနေ့၌။ သုပကာသိတော၊ ကောင်းစွာပြအပ်သော။ ပဋိစ္စသမုပ္ပါဒေါနာမ၊ ပဋိစ္စသမုပ္ပါဒမည်သော။ ယွာယံ ပညာနေတ္တိဝိပဿနာဂန္ထော၊အကြင်ပညာနေတ္တိဝိပဿနာ၏ အဖွင့်ဖြစ်သော ကျမ်းသည်။သုနိဋ္ဌံ-သုသမာပနံ၊ ကောင်းစွာပြီးဆုံးခြင်းသို့။ ဣတော- ဂတော- ပတ္တော-သမ္ပတ္တော။ ကောင်းစွာရောက်သည်တည်း။ ဣတိတသ္မာ၊ထိုကြောင့်။ သုနိဋ္ဌိတော၊ ကောင်းစွာပြီးဆုံးခြင်းသို့ရောက်သည်မည်၏။

ဤသည်လျှင် ပညာနေတ္တိဝိပဿနာ၏အဖွင့်ဖြစ်သော ကျမ်းသည်
ပြီးဆုံးခြင်းသို့ရောက်ပါသတည်း။

---

**ဒုတိယ အကြိမ် ရိုက်နှိပ်ခြင်း**

ရန်ကုန်မြို့-ဘဒိလမ်း၊ ခြံနံပါတ် ၉၅-နေ ဦးကြောင်၏ နှီးဆော်ချက်အရ- မြန်မာနိုင်ငံတော် ကောင်းတိုတရုပ် ကပြားများ အသင်းမှ ဒုတိယ အကြိမ် ထပ်မံ ရိုက်နှိပ် လှူဒါန်းပါသည်။

(၁၃၂၀-ပြည့် သီတင်းကျွတ်လ)

မြန်မာနိုင်ငံတော်
ကောင်းတုံ တရုပ်ကပြားများ
အသင်း ကောင်းမှု
(စာအုပ်ရေ-၁၀၀၀)

THE HANTHAWADDY PRESS